http://www.dhammadownload.com

# ပညာရှိ အမတ်ကြီး



# ဦးပေါ်ဦး ရှောက်ထုံး

ခင်ချိုထွန်းစာပေ

http://www.dhammadownload.com



http://www.dhammadownload.com


# ပညာရှိအမတ်ကြီး



# ဦးပေါ်ဦးလျှောက်ထုံး

http://www.dhammadownload.com

# ပညာရှိအမတ်ကြီး



# ဦးပေါ်ဦးလျှောက်ထုံး

ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ၊

အုပ်ရေ - ၃၀၀၀ ဒုတိယအကြိမ်၊

တန်ဖိုး - ၊ကျပ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ဦးဝင်းနိုင်(မှတ်ပုံတင်အမှတ်-၀၃၈၄၃/ ၀၂၄၅)က ထုတ်ဝေ၍

ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်း(အော့ဖ်ဆက်)

အမှတ် ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မှပုံနှိပ်သည်။

ဖုန်း-၅၄၂၀၅၆

**ဖြန့်ချိရေး**

(၁) ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၅၄၂၀၅၆

(၂) သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်
အမှတ်-၃၇၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁(လိုင်းခွဲ-၁၇၅)

http://www.dhammadownload.com

# ဦးပေါ်ဦးနှင့် လျှောက်ထုံး

ဦးပေါ်ဦးလျှောက်ထုံးအကြောင်းဖတ်လျှင် ဦးပေါ်ဦးအကြောင်းရော လျှောက်ထုံးအကြောင်းပါ သိရပေလိမ့်မည်။ ဦးပေါ်ဦးကတော့ မြန်မာ့သမိုင်း၌ တစ်ဦးတည်းသာရှိသော ပညာရှိ အမတ်ကြီးဖြစ်သည်။ အခြားသော အမည်တူ ဦးပေါ်ဦးတွေ ရှိချင် ရှိမည်။ ရှိလည်း ရှိနိုင်သည်။ သို့သော် ထိုထိုဦးပေါ်ဦးတို့သည် ဤလျှောက်ထုံးများကို လျှောက်လဲခဲ့သည့် ဦးပေါ်ဦး မဖြစ်နိုင်ပါ။

## မင်းသုံးဆက်အမှုထမ်းခဲ့သူ

အကြောင်းမှာ အမတ်ကြီး ဦးပေါ်ဦးသည် ပညာရှိသည်။ တခ်ဏာပွတ္တိခေါ် လောလောလတ်လတ် တစ်ခဏချင်း ဖြစ်ပေါ်လာသော ပြဿနာကို ဖြေရှင်းတတ်သည့်အသိပညာနှင့် ပြည့်စုံသည်။ မင်းသုံးဆက်တိုင် အမှုတော်ထမ်းခဲ့ကာ မင်းရေး၊ နန်းအရေးမှအစ ပြဿနာအများအပြားကို ဖြေရှင်းလျှောက်လဲပေးခဲ့သူဖြစ်သည်။

## အဆောင်အယောင်ပါ အသိမ်းခံခဲ့ရ

သူ၏ လျှောက်လဲချက်များထဲတွင် သူ့ကိုဂုဏ်တတ်စေသည့် လျှောက်လဲချက်များ ပါဝင်သကဲ့သို့ သူ့ကိုပေးထားသော အရာမှ ကျစေသည့် ရာထူးလက်လွတ်ဖြစ်ကာ အဆောင်အယောင်ပါ အသိမ်းခံရစေသည့် လျှောက်လဲချက်များလည်း ပါဝင်သည်။

အချို့သော လျှောက်လဲချက် (လျှောက်ထုံး)များမှာ ပျော်စေပြက်စေ၊ ရယ်ရစေဟူသော သဘောဖြင့် လျှောက်လဲခဲ့သည်။ အချို့ကိုမူ တိုင်းရေး၊ ပြည်ရေး၊ မင်းရေး၊ စိုးရေးမှအစ ပြည်တွင်းအရေး

http://www.dhammadownload.com

## ဦးပေါ်ဦးနှင့်လျှောက်ထုံး

နန်းတွင်းအရေးများကို ကျော်လွှန်ကာ ပြည်ပရေးရာ အခြားနိုင်ငံများနှင့် ပတ်သက်သပေါ်ဆိုင်သည့် အရေးများ၌ ပြေလည်စေရန် လျှောက်လဲရသည့် လျှောက်လဲချက် (လျှောက်ထုံး)များ ဖြစ်သည်။

## လောကီ၊ လောကုတ္တရာ အရေးစုံ

ဤအရေးအရာကိစ္စများထဲတွင် ဘာသာသာသနာရေးကိစ္စများလည်း ပါဝင်သည်။ ဘာသာ သာသနာရေးကိစ္စသည် လောကီအရေးများ ဖြစ်သည့် အရေးအရာကိစ္စများနှင့် မတူပေ။ နူးညံ့သည်၊ သိမ်မွေ့သည်၊ လေးနက်သည်၊ ခက်ခဲနက်နဲသည်။

လောကီအရေးကိစ္စများကို လျှောက်ထားရာတွင် ဘုရင်၏ ကိုယ်ရေးကိုယ်တာ ကိစ္စများ၊ မင်းညီမင်းသားများ အရေးမှသည် ကျေးလက်လယ်သမား၊ ယာသမားတို့၏ အရေးကိစ္စများအထိ ပါဝင်သည်ကို တွေ့ရသည်။

## အမေး နွားကျောင်း၊ အဖြေ ဘုရားလောင်း

အမေး နွားကျောင်း၊ အဖြေ ဘုရားလောင်းဟု မြန်မာစကားပုံရှိသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ မေးသူအတွက် မေးချင်ရာ စိတ်ကူးပေါက်ရာ၊ တွေးမိတွေးရာ၊ ငေးမိငေးရာများကို တွေးကာ ငေးကာ မေးချင်ရာကို မေးချင်သလို မေးနိုင်သည်။

သို့သော် ဖြေရသူအတွက် မလွယ်ပေ၊ အရာကိစ္စအားလုံး နှံ့သိဖို့လိုသည်။ ကျမ်းဂန်ပိဋကတ်တတ်ဖို့၊ ကျွမ်းကျင်ဖို့ လိုသကဲ့သို့ နန်းတွင်းအရေးမှသည် လူမှုရေးကိစ္စများပါ သိရှိဖို့လိုသည်။

## စွယ်စုံပညာရှင်

ဦးပေါ်ဦးကား သူခေတ်သူ့အခါက ရှိခဲ့သော လေးနက်သည့် ခက်ခဲနက်နဲသည့် ပြဿနာစုံကို ဖြေရှင်းလျှောက်လဲနိုင်သကဲ့သို့ ရယ်စရာ၊ မောစရာအဖြစ်လည်း ကြားရသူတို့ ပျော်ရွှင်စေရန်

http://www.dhammadownload.com

## ဦးပေါ်ဦးနှင့်လျှောက်ထုံး

လျှောက်လဲနိုင်သည့် အသိပညာ၊ အတတ်ပညာစုံသော သူ့ခေတ်၏ စွယ်စုံပညာရှင်ကြီးတစ်ဦးဖြစ်သည်။

ဦးပေါ်ဦးသည် မင်း၏လက်ရုံးတစ်ဆူအဖြစ် အားကိုးအားထား ပြုရသည့် အမတ်ပညာရှိကြီး ဖြစ်သကဲ့သို့ ပြည်သူပြည်သားတို့ကပါ အားထားရသည့် အလေးအမြတ်ပြုရသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန်ကြီး တစ်ဦးလည်းဖြစ်သည်။ မြန်မာသမိုင်း လေ့လာသူအချို့က ဤကဲ့သို့ စွယ်စုံတော်သော စွယ်စုံပညာနှင့်ပြည့်စုံသော အမတ်ကြီး ဦးပေါ်ဦး ဆိုတာ လူပုဂ္ဂိုလ်အနေဖြင့် တကယ်ရှိခဲ့သူမဟုတ်ဟု ယူဆရေးသားသူ အချို့ကိုလည်း တွေ့ဖူးသည်။ ထိုအယူအဆဖြင့် ရေးသော စာအမျိုးမျိုးကိုလည်း ဖတ်ရ၊ သိရ၊ တွေ့ရဖူးပေသည်။

### ဦးပေါ်ဦး တကယ်ရှိသည့် အထောက်အထား

သို့သော် ဤဦးပေါ်ဦး လျှောက်ထုံးပြုစုထားသည့် စာအုပ်၌မူ ဦးပေါ်ဦးမွေးသည့် ခုနှစ်၊ ရက်လတို့ကို ဖော်ပြထားသကဲ့သို့ ကွယ်လွန် သည့်အရွယ်၊ ကွယ်လွန်သည့် နေ့ရက်အချိန်နှင့် ဇနီး၊ သား၊ နှမတို့ အကြောင်းများကိုပါ တိတိကျကျ ဖော်ပြထားသည်ကို တွေ့နိုင်ပေ သည်။

အထူးခြားဆုံးအချက်မှာ သူကွယ်လွန်လျှင် သူ၏နာရေးကိစ္စ အဝဝကို ဆောင်ရွက်သောအခါ လက်တစ်ဖက်ကို ခေါင်းတလား၏ အပြင်ဘက်သို့ ထုတ်ထားရန် မှာကြားခဲ့၍ သူမှာကြားချက်အတိုင်း ပြုလုပ်ရသည့် အကြောင်းအရာဖြစ်သည်။ ဤအကြောင်းအရာ အဓိပ္ပါယ် ကိုလည်း အများပြည်သူတို့ အလွယ်တကူမသိနိုင်၍ ကျမ်းတတ် အကျော်အမော် ဆရာတော်ကို ပင့်ဆောင်လျက် အဓိပ္ပါယ် ဖွင့်ဆို စေခဲ့ရသည်အထိ ထူးခြားလေးနက်ခဲ့ရသည်ကို ဤကျမ်းစာ၌ တွေ့သိရပေသည်။

http://www.dhammadownload.com

## ဦးပေါ်ဦးနှင့်လျှောက်ထုံး

## ခွင့်တောင်းပြီးမှ ထုတ်ဝေ

ဤဦးပေါ်ဦး လျှောက်ထုံးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထုတ်ဝေခဲ့ကြ၊ ဖြန့်ချိခဲ့ကြ ဖူးပါပြီ။ ဤခင်ချိုထွန်းစာပေကမူ ဤကျမ်းစာနှင့် သက်ဆိုင်သူ ဒေါ်ဖွားခင်၊ မောင်ဖြစ်သူ ဦးလှမောင်၊ ဒေါ်မိမိ၊ မဆွေဆွေဝင်းတို့ထံ ခွင့်တောင်းပြီးမှ ထုတ်ဝေဖြန့်ချိခြင်း ဖြစ်ပါသည်။

## ခင်ချိုထွန်း၏ ရည်ရွယ်ချက်

ဤခင်ချိုထွန်းစာပေ၏ ရည်ရွယ်ချက်မှာ တန်ဖိုးကြီးမားလှသော စာပေတစ်ခု မပျောက်မကွယ်စေရန်နှင့် နောင်လာနောင်သားတို့အတွက် အကျိုးရှိစေရန်၊

ဉာဏလုပ်သားတို့၏ ပိုင်ဆိုင်ခွင့်ကို အလေးအနက် တန်ဖိုးထားနေသော အချိန်ဖြစ်၍ သက်ဆိုင်သူတို့၏ ခွင့်ပြုချက်ရယူကာ ဆက်လက် ပြန့်ပွားနေစေရန်အတွက် ရိုက်နှိပ်ဖြန့်ချိခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ တန်ဖိုးရှိသော စာပေများကို ထိန်းသိမ်းဖို့လိုပါသည်။ စာပေအမွေသည် အများပြည်သူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အမွေတကာ့ အမွေတို့ထက် တန်ဖိုးကြီးသည့်အမွေကောင်း တစ်ခု ဖြစ်ပါသည်။

စာဖတ်သူတို့အနေဖြင့် ဤစာအုပ်ကို ဖတ်ရှုရလျှင် အသိပညာဆိုင်ရာ တန်ဖိုးကြီးလှသော အမွေအမျိုးမျိုးကို ရရှိခံစားရပါလိမ့်မည်။

ခင်ချိုထွန်းစာပေ

http://www.dhammadownload.com

# နိဒါန်း

မဟာသမ္မိန် အာဟိန်ဥက္ကင့် လောကဓာတ်စက္ကဝါ ကျွန်းလေးဖြာကို အာဏာလွှဲ့ပတ် တန်ခိုးလွှတ်သော သုဒဿန ပဝရမန္ဓာတ် စက္ကဝတ်စောဖျား မင်းတရားတို့ကဲ့သို့ ကျင့်ခြင်းတစ်ဆယ့်နှစ်ပါးတရားဟူသမျှ ရာဇဓမ္မတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူစွာ ရာဇဌာနီ ရွှေပြည်ဌာန မဟာအမရပူရ ဝေါဟာရဖြင့် အနွတ္ထသုတိ ဩဘာရှိသော ဘူမိဇေယျာ ပဝရာသိဒ္ဓိ သီရိနက်သန်မြေ ကြန်မင်္ဂလာ ကောင်းမြတ်စွာလျက် အောင်ထာဝရ အောင်ဘုံဒေသ အောင်ကိန်းရတော်မူသော အမရပူရ ပထမမြို့တည် နန်းတည်အောင်စည်ဆော်ခတ် မိုးနတ်မလွန် ဧရာဝဏ်သို့ စွယ်ချွန်မင်္ဂလာယဉ်စကြာကို ဘယ်ညာလက်ချိန် ဝင်းဝင်းထိန်မျှ ဝဇီရိန်စစ် ရွှေချွန်းလှစ်တော်မူသော 'ဆဒ္ဒန်ဆင်မင်းသခင်' ဘုရင် ဘိုးတော်မင်းတရားကြီးသည် (၁၁၄၃)ခု၊ တစ်ထောင့်တစ်ရာ့လေးဆယ်သုံးခုနှစ် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူရာ (၁၁၄၄-ခု) တစ်ထောင့်တစ်ရာ့လေးဆယ်လေးခုနှစ်တွင် 'မဟာဇေယျသူရသင်္ခယာ'ဘွဲ့ခံ နားတော်ကြီးအဖြစ်နှင့် ဌာနထူးခြား သနားချီးမြှင့်တော်မူခြင်းကို ခံရသည်။

ဒုတိယ(၁၁၄၅-ခု) တစ်ထောင့်တစ်ရာ့လေးဆယ်ငါးခုနှစ်၌ 'အတွင်းဝန်ကြီး'အဖြစ်သို့ တိုင်ရောက်အောင် မြှောက်စားချီးမြှင့်တော်မူခြင်းကို ခံရသည်။

တတိယ ဖလ်နန်းရှင် မင်းတရားကြီးလက်ထက် **'သတိုးမင်းကြီး မဟာမင်းလှနော်ရထာ'** ဘွဲ့နှင့်ပင် **'အဂ္ဂမဟာသေနာပတိ ဗိုလ်မှူး ဝန်ကြီး'** အဖြစ်ဖြင့် ချီးမြှင့်ခြင်းကို ခံရသည်။

စတုတ္ထကုန်းဘောင်မင်းတရား လက်ထက်၌လည်း 'ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှနော်ရထာ'ဟူသော ဘွဲ့နှင့်ပင် ဝန်ကြီးချုပ်ခန့်အပ်တော်မူခြင်း ခံရသော ပညာရှိအမတ်ကြီး 'ဦးပေါ်ဦး'သည် ဘိုးတော်မင်းတရားကြီးလက်ထက်တော်အစ ကုန်းဘောင်မင်းတရား လက်ထက်တော်အဆုံးရှိသော မင်းသုံးဆက်တိုင်တိုင် မေးတော်မူသမျှ အရာတို့ကို ပါဠိအဋ္ဌကထာ ဋီကာ လက်ဆုပ်, သုတ္တန်ဝိနည်း, အသီးသီးဖွေရှာ ဘိမ္ဗာဆုံးဖြတ် ဇာတ်နိပါတ် ရာဇဝင်မှစသော ဥဒါန်းစကားပုံ စကားစဉ်တို့ဖြင့် တင်လျှောက်သော အချက်

http://www.dhammadownload.com



မင်းလျောဝင်သဖြင့် ယော်ရှင်တော်မူရန် အပျော်တော်ဆက်သသော အချက်တို့ကို ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးသန်းယှက်သော နေလသဖွယ်ကဲ့သို့ ပျောက်ကွယ်တိမ်မြုပ်လျက်ရှိရကား အကြောင်းဟုတ်ဘိထုပ္ပတ္တိကို ကုန်စိကုန်ငှ မသိကြသူသာ များချေသဖြင့် စကားဖွယ်ရာ ပမာပမျှည်း ကျမ်းကြီးကျမ်းခိုင်တို့နှင့် သက်ဆိုင်သောအရာ ဇဝနဉာဏ် အမြင်သန်သောကြောင့် လျှင်မြန်သောအရာဖြင့် တင်ခြင်းတို့ကို တစ်ပါဒမျှချွတ်ယွင်းတိမ်းစောင်းခြင်း မရှိရအောင် တင်လျှောက်ဖြေဆိုတိုင်းသော အချက်ဟူသမျှတို့ကိုပင် သံတော်ဆင့်, သံတော်ခံ, ရွှေနားခံ, နေ့စဉ်မှတ်စသော အတွင်းတော်မြဲအမတ်တို့သည် ပုရပိုက်ဖြူတော်ဖြင့် နန်းစဉ်လက်သုံး တင်စဉ်စာတမ်းပြုလုပ်ရေးကူးရသော ထုံးစံရှိရကား ဘိုးတော်မင်းတရားကြီး လက်ထက်လျှောက်တင်ချက်တို့ကို သံတော်ဆင့်ကြီး 'မင်းလှသီရိသင်္ခယာ' ရေးကူးမှတ်သားရသည်။

ဖလ်နန်းရှင် မင်းတရားကြီး လက်ထက် ၎င်းအတွင်းဝန်ကြီး 'ဦးပေါ်ဦး'သည် အဂ္ဂမဟာသေနာပတိ ဗိုလ်မှူးဝန်ကြီးအဖြစ်နှင့် တင်ချက်တို့ကိုလည်း အထက်သံတော်ဆင့်ကြီး 'မင်းလှသီရိသင်္ခယာ'ပင် မှတ်သား၍ ထားသည်။ (၁၁၉၉-ခု) တစ်ထောင့်တစ်ရာ့ ကိုးဆယ်ကိုးခုနှစ် ကုန်းဘောင်မင်းတရားကြီး ရွှေနန်းတက်တော်မူသောအခါ အမတ်ကြီး 'ဦးပေါ်ဦး'သည် ဝက်မစွတ် မြို့စား'မင်းနဝဒေး' စာဆိုတော် 'ဦးမင်း' ဘိုးသူတော် 'ဦးမင်း'တို့နှင့်ပြိုင်ဆိုင်၍ လျှောက်တင်ချက်တို့ကို အထက်နည်းအတိုင်း အတွင်းတော်ဆိုင်ရာ သံတော်ဆင့်ကြီးများ ရေးမှတ်၍ထားရသည်။

၁၂၀၀-ပြည့် (တစ်ထောင့်နှစ်ရာပြည့်)နှစ် တပို့တွဲလဆန်း (၈)ရက်နေ့၌ အသက်(၇၉)နှစ် (ခုနစ်ဆယ့်ကိုးခုနှစ်)တွင် ၎င်းအမတ်ကြီးဦးပေါ်ဦးဘဝ လွှန်သည်။

ဤသို့ ပထမတင်လျှောက်ချက်ကစ၍ မှတ်သားလောက်သည်ကို မယွင်းယိုဘဲ ဘဝလွှန်သည့်တိုင်အောင် တင်ဆိုချက်တို့ကို ဝန်ကြီးချုပ် 'သတိုးမင်းကြီးမင်းရဲရာဇာ' သား, ထီးလှိုင်မြို့စား, မင်းသားအုပ်, အကြီးချုပ်ဝန်ကြီး 'မင်းကြီး မင်းလှမဟာဥစ္စနာ' ဘွဲ့ခံဦးပေါ်ဦးသည် သိုမှီးသိမ်းဆည်း၍ထားရာ ၎င်းသား ဦးအောင်သည် နောင်လာနောက်သား မျိုးလေးပါးတို့ မှတ်သားစဖွယ် လွယ်ကူစေရန် မကြားစဖူး အထူးထူးသော အခမ်းအနားနှင့်တကွ

http://www.dhammadownload.com



ကြည့်ရှုဖတ်နေစဉ်ပင်လျှင် လိုချင်ဖွယ် အခန်းခန်း ဝမ်းသာဖွယ်အမျိုးမျိုးတို့ဖြင့် တန်ဆာ ဆင်အပ်သည်ဖြစ်၍ သုတေသန, သုတိစ္စိတ, သုတကာမ, သုတဗျာသယ, သုတဝုမိကရဏ, သုတဗုဒ္ဓိ ဖြစ်ကြစေခြင်း အကျိုးငှာ သေချာစွာစိစစ်၍ ပုရပိုက်ဖြူမူတော်ထွက် မှတ်ချက်အတိုင်း ပြုစုတည်းဖြတ် စီရင်ရေးသားထားအပ်သတည်း။

## အမှာ

ဂုဏ်းကျမ်းကို ကြည့်ရှုခြင်း၌ အဘယ်အကျိုးရှိအံ့နည်း ဟူပြားအံ့-

၁။ ရဟန်းတော် အရှင်မြတ်တို့မှာ အဘိဓမ္မာတ္ထဆေက, သဒ္ဒဝိဒူ ဖြစ်တော်မူနိုင်ခြင်း၊

၂။ အစိုးရဘက်ဆိုင်ရာ ရာဇသေဝက, ရာဇဝလ္လဘတော်ဖြစ်တော်မူကြကုန်သော ရာထူးရှင် မင်းမြတ်တို့မှာ အဋ္ဌဝိနိစ္ဆယ, ဓမ္မကောလ္လ ဖြစ်စေနိုင်ခြင်း၊

၃။ ဝတ်လုံတော်ရ, အမိန့်တော်ရ အစရှိသောမင်းတို့မှာ စကားအရာ အဖြာဖြာတွင် အလင်္ကာပြေပြစ် ဆင်ခြေထူးမြတ် တတ်မြောက် လိမ္မာနိုင်ခြား၊

၄။ လေခအမတ် ပညာထင်လင်း စာရေးတော်ကြီးမင်းတို့မှာ စာစီစာကုံး အနှုန်းအဖွဲ့အရာ လွန်စွာကျေပွန်လိမ္မာ၍ စပ်ခြင်း, သတ်ခြင်း, ပင့်ရစ်ခြင်း၌ ဝမ်းတွင်းပညာပြည့်စုံစွာနှင့် ဝစနာလင်္ကာရ, ဝါကျ ကောသလ္လ, ပဏ္ဍိတလက္ခဏာများစွာ ဖြစ်ထွန်းနိုင်ခြင်း၊

၅။ ပွဲစားရာပြတ်ခေါ် ပညတ်သောသူတို့မှာ ဝါစကောပဒေသ, ဝါကျဆေက အခင်းဖြင့် မိမိတို့အခြွေအရံပရိသတ်တို့ နိစ္စပတ် ထင်လင်း ပျင်းရိခြင်းမှဖျောက်ဖြေ၍ အထွေထွေသော ဌာနာဌာနအရာ လိမ္မာတတ်မြောက်စေနိုင်ခြင်း၊

၆။ ဇီဝကဆရာ ဆက်နွယ်လာသော မဟာတိကိစ္ဆက အတတ်ဖြင့် မပြတ်အသက်မွေးလေ့ရှိကုန်သော ဓာတ်ဗိန္ဒောဆရာတို့မှာ

http://www.dhammadownload.com



ဓာတုရသ, ဓာတုဘေးဒ, ဥတုဘောဇနအရာ လွန်စွာသိကျွမ်း တတ်မြောက်စေနိုင်ခြင်း၊

၇။ စူဠကန္တာရ အတတ်ဖြင့် လုပ်ရပ်ကို လေ့လာကုန်သောဆရာ တို့မှာ ကျမ်းရိုးလေးဆယ်အသွယ်သွယ်တို့မှ ဖော်ထုတ်၍ ချက် လုပ်နည်းအဖုံဖုံကို အလုံးစုံတတ်မြောက်စေနိုင်ခြင်း၊

၈။ မြက်မြတ်ပတ္တမြား ကုန်သွယ်ပြား၍ စီးပွားဥစ္စာရှာကုန်သော သူတို့၌ မူလဖြစ်ဟန် အတန်တန်ကို ဝေဖန်ပိုင်းခြား၍ နားလည် စေနိုင်ခြင်း၊

၉။ ရတနာသုံးပါးကို နေ့ညဥ့်မပြတ် ဆည်းကပ်လျက်နေလေ့ရှိတော် မူကြကုန်သော ဘုရားဒါယကာ ကျောင်းဒါယကာ အစရှိကုန် သော ဥပါသကသဒ္ဓနတို့မှာ ဘာဝနာမယဉာဏ် ထက်သန် ပွင့် မြူးနိုင်စေခြင်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အင်္ဂါကိုးပါးတို့နှင့် ပြည့်စုံ၍ ဂုဏ်အပေါင်း တို့ဖြင့် ပျံ့လျှောင်းဖြိုးကြွယ်သော ကျမ်းဖြစ်ရကား ကပ္ပရုက္ခပဒေသာမည်တွင် နတ်သစ်ပင်ကဲ့သို့ မှတ်ထင်တော်မူကြကုန်ရာသည်။

❖ ❖ ❖

## ရင်းကျမ်းကို ကြည့်ရှုသူတို့ အထူးသတိပြုရန်အချက်

ရင်းအမတ်ကြီး 'ဦးပေါ်ဦး'၏ လျှောက်ထုံးဖြစ်သော 'ကဝိသေတ္တု မဥ္ဇူသာ'ကျမ်းကို ကြည့်ရှုကြကုန်သော အမျိုးလေးပါးတို့ အထူးသတိပြုရန် ကား . . . အချို့အရာဝယ် ရင်းအမတ်ကြီး'ဦးပေါ်ဦး'သည် မင်းရောဝင် သဖြင့် ပျော်ရွှင်တော်မူရန် အပျော်တော် ဆက်သသော အချက်များ ပါရှိ သည်။

အချို့အရာမှုကား ဘုရင်ဇကေရာဇ်မင်းမြတ်ပင် ဖြစ်လင့်ကစား လေးပါးသောဂတိသို့ မလိုက်မူ၍ ရှေးရှေးသော အမတ်စစ်သူကြီးတို့ကဲ့သို့ ဖြောင့်သားသောစေတနာဖြင့် တိမ်းယိမ်းခြင်းမရှိ။ မိတိမဂုဏ် ပြည့်စုံသည်နှင့်

http://www.dhammadownload.com



လျော်ညီစွာ ထောက်ထားမညှာ အကျိုးတော်ဖြစ်ကိုသာ အလိုရှိသောကြောင့် တိဟိတ်သန္ဓေ စွဲနေသောသူတို့ကဲ့သို့ သတ္တိဗလ, ဇျတ္တိဉာပက, သူရဗိသိဋ္ဌ အင်္ဂါဖြင့် တင်းကြပ်စွာ တင်လျှောက်သောအချက်များလည်း ပါရှိသည်။

ဤသို့ပါရှိသည့်အရာဝယ် ပညာသိမ်သေး ဉာဏ်မေးမျက်စိ မသိစိုးဝါး တရားကျမ်းဂန် မကျေပွန်သောသူတို့က အတ္တုက္ကံသနအမှု အရေးပြုပြီးလျှင် မိမိ၌ ဗဟုသုတနည်းပါးသည်ကိုကား မသိ။ ပညာရှိအမတ်ကြီး 'ဦးပေါ်ဦး' တင်လျှောက်ထားသောစကားများသည် အလားနတ်တူ ဘုရင်တစ်ဆူပြုလုပ်သူကို ပမာမမှုဘဲ အဘယ်သူတင်လျှောက်ခြင်းကို ပြုဝံ့ပါအံ့နည်းဟု ဉာဏ်ခရီးမရောက်တိုင်း ရော်ရမ်းပြီးလျှင် နှစ်ဖက်ကန်းမျက်စိကို စုံမှိတ်၍ပြောလေ့ ရှိတတ်သည်။

သို့ဖြစ်သည်ကြောင့် ဤသို့သောစကားကို ကြားသူတို့ဘဝင်မှာ ကင်္ခါ ပျောက်ကင်းစိတ်သန့်ရှင်းစေခြင်း အကျိုးငှာ ကျမ်းကြီးကျမ်းခိုင်အရပ်ရပ်တို့၌ မှူးကြီးမတ်ချုပ်ပြုလုပ်သူတို့က တင်းကြပ်စွာ တင်လျှောက်ဝံ့ခြင်း၏ အခင်းကို ထင်းလင်းစွာပြဦးအံ့။

ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် လူသားကိုစားကြူး၍ ကာလဟတ်အမတ် အစရှိသော မှူးမတ်အပေါင်းတို့က နန်းပေါ်မှဆွဲငင်၍ နှင်ထုတ်ခြင်းတစ်ရပ်။

အဇာတသတ္တုမင်းအစ အဖသတ်မင်းငါးဆက်ကို နန်းထက်မှချပြီးလျှင် သုသုနာဂအမတ်ကြီးကို ထီးနန်းသို့တင်ခြင်း၊

ဓွောရကျေးမင်းကို တရား၌ယွင်းယို၍ မိန်းမအိုတရားစွဲခြင်း၊

ဂင်းမင်းရထားအတွက် ဘုရား၌ပျက်ပြို၍ မှူးမတ်တို့တရားဆိုသည် တစ်ဝ၊

နွားမက ထိုမင်းအား သားသေ၍ တရားပြိုင် နယ်ခရိုင်ပျက်ပြား၍ ဝိဇယမင်းသားကို တခြားသို့ နှင်အောင်တင်၊

ဝိဒေဟတိုင်းကြီးရှင်ကို ရန်ဘေးမှလွတ်စေချင်သဖြင့် သမင်နှင့်ပုံထား၍ တို့ဘုရားရှင်အလောင်းတော် မင်းမဟော် မြတ်ဖျားသည် လျှောက်ထားတော်မူဖူးသည်။

http://www.dhammadownload.com



စန္ဒကုမ္မာသူရိယကုမ္မာ ထိုနှစ်ဖြာမင်းသားကြောင့် မင်းတရားပြည့်ရှင်ကို ကြိုးကြာဝင်၍ တရားစွဲဖူးသည်။

စေတုတ္တရာသေဌ်နန်း သိဋ္ဌည်းမင်းအား ပြည်တွင်းရှိလူအများက သားတော်ရင်း ဝေဿန္တာရာကို နှင်ပါဟုလျှောက်ထားဖူးသည်။

စန္ဒကုမာရဇာတ်တော်လာ ခဏ္ဍာဟလပုဏ္ဏားက ကေရာဇ်မင်းမြတ်အား ဘုရားအလောင်း သားမြတ်ကို ယဇ်နတ်စာကျွေးပါဟု အခါခါတင်ဖူးသည်။

ဤသို့ဆိုအပ်ခဲ့ပြီးသည်တို့မှတစ်ပါး များပြားလှသော ဇာတ်နိပါတ်ရာဇဝင်တို့၌ အတင်တင် အသွယ်သွယ်လာရှိ၏။ (ကျယ်အံ့စိုး၍ မရေးလိုက်ပြီ) ထိုသို့လာဟန် အတန်တန်ကို ထောက်ထားဉာဏ်ကျက်စား၍ တရားသိသောမင်းတို့သည် သောဝစ္စသတာဂုဏ်နှင့်ပြည့်စုံကုန်သည်ဖြစ်၍ မိမိအကျိုး, တိုင်းပြည်၏အကျိုး, သာသနာတော်၏အကျိုး မြင့်ဖြိုးကြီးပွားမည် အရာဟူက သည်းခံခြင်း ခန္တီရှိစမြဲဖြစ်သည်။

ထိုထိုမင်းတို့လက်ထက်၌ ခ,ယမ်းကုန်သော မှူးမတ်တို့သည်လည်း ပဏ္ဍိတလက္ခဏာပြည့်စုံစွာသော ပုရိသာဇာနည်ချည်း ဖြစ်ကြရကား အရှင်စိုးမင်း၏အကျိုး တိုင်းပြည်၏ အကျိုး သာသနာတော်၏ အကျိုး ဖွံ့ဖြိုးမည်ဟူက မိမိ၏အသက်ကို ငဲ့ကွက်ခြင်းမရှိ။ မိတ်မဂုဏ် ပြည့်စုံသည်နှင့် လျော်ညီစွာ ရဲဝံ့စွန့်စား တင်လျှောက်ထားခြင်းကို ပြုကြသည်သာတည်း။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော မှူးကောင်း မတ်ဖျားတို့သည် ယခုကာလမင်းတို့လက်ထက် မှူးမတ်မျိုးမဟုတ်ဟူ၍ မှတ်ကုန်ရာသည်။

❖ ❖ ❖

## ယင်းသည့် 'ကဝိသေဋ္ဌမဉ္ဇူသာ' အမည်ရှိသော ကျမ်းကိုကြည့်ရှုခြင်း၏ အကျိုးကျေးဇူးဂုဏ်အထူးကား

နောင်လာလတ္တံ့သော ဘုရားရှင်တော်တို့နှင့် ဆိုက်ဆိုက်တွေ့ရှု ကြုံကြိုက်မှုကား နိရုတ္တိသမ္ဘိဒါကို လျင်စွာရ၍ သဗ်ဘူရောမဟာသုဒဿန စကြာ

http://www.dhammadownload.com



မင်း၏ စကြာပုန်းတောင်းသဖွယ်ကဲ့သို့ဖြစ်၍ ထိုးထွင်းပေါက်ရောက် လိုရာသို့ ပြီးမြောက်နိုင်သော ဝါကျကောသလ္လဉာဏ်, ဇဝနကောသလ္လဉာဏ်, ပေါရာဏ ရဇာဝံသ ကောသလ္လဉာဏ် ရင့်သန်ဖွံ့ဖြိုး ပွားတိုးလောက်လုံ ကန္တိဂုဏ်နှင့် ပြည့်စုံနိုင်ခြင်း၊ အထူးထူးသော ဘုရားဟောကျမ်းဂန် သုတ္တန်ရွှေဗျာ နည်းနာ ဥပဒေသေလက္ခရော ပေါရာဏသမိုင်း သမ္ပိုင်းမော်ကွန်းတည်ထွန်းစဉ်လာ ရာဇဝင်သာချင်း ဧချင်းမချို့ ပျို့နှင့်လင်္ကာအဖြာဖြာကို ဖွေရှာသိပ်သည်း ကမ္ပည်းတော်ထုတ် ဗဟုသုတအရာ ပွားကြောင်း တောင့်တရှာမှီးသော အမျိုးလေးပါး လူအများတို့ မှတ်သားလေ့လာကြပါလျှင် ရာဇဝင်ထုံးပုံ ဝတ္ထုစုံနှင့် မြင့်ဂုဏ်ကျေးဇူး ကွန့်မြူးတိုးပွားနိုင်သည်လည်း တစ်ကြောင်း။

ဤကဲ့သို့ မနောပုဗ္ဗင်္ဂမ အာသီသရှေ့ရှု လေ့လာခဲ့ပြန်မူကား နာနာနယ ဝေပုလ္လ, ဝါကျဆေက, ဝါစကတ္တ, ကောဝိဒဉာဏ် သန်မြန်စည်ကား သုံးစားမကုန် ရဂုံဂနိုင် ပန်းတောမြိုင်သို့ လှိုင်လှိုင်ရွှန်းတင့်ပွင့်စေနိုင်သည့်ပြင် သံသရာ ရေး လောကီရေးတွင် မြော်တွေးသိတတ် ပညာတတ်ကဝိ သုဂတိ လော်ဉာဏကဲလွန် ပညာချွန်၍ တံခွန်စိုက်ထူနိုင်၏တည်း။

ဇင်းအမတ်ကြီး ဦးပေါ်ဦး၏ လျှောက်ထုံးဖြစ်သော ကဝိသေတ္တု မဥ္ဇူသာကျမ်းတွင် အနာဂတံ ကာလံခါင့် လာလတ္တံ့သောသူတို့၏ အကျိုးငှာ လိုရာသတ်မှတ် အတတ်လွယ်ကူ ရယူပြည့်စုံကြစေသောဟု သဘောမနာပ သမ္မာဆန္ဒ ရှိလတ်ရကား- ကပ္ပရုက္ခာပဒေသာမည်တွင် နတ်သစ်ပင်ကဲ့သို့ လိုအင်ခပ်သိမ်းကိုပေးနိုင်သော ရသုတ္တမ-ရသာဓိပတိမည်ရှိထင်စွာ သီးမျိုးစုံ အဖြာဖြာတို့ကို ဂဏန်းစဉ်လာ မာတိကာဖြင့် ထင်စွာပြဦးအံ့။

❖ ❖ ❖

http://www.dhammadownload.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | (က) |
| ၂ | အမှာ | (ဂ) |
| ၃ | ရတနတ္တယ ပဏာမ | ၁ |
| ၄ | အဝိဇ္ဇာနှင့်သင်္ခါရပစ္စည်းပြုပြန်မေးတော်မူခြင်း | ၉ |
| ၅ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၁၁ |
| ၆ | နိဗ္ဗာနပစ္စယပရမတ္ထဒါနဖြစ်ရန်မေးတော်မူခြင်း | ၂၄ |
| ၇ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၂၅ |
| ၈ | ရူပဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့တွင် ဂန္ဓ,ရသ, ဩဇာရုပ်တို့ ရှိမရှိမေးတော်မူခြင်း | ၃၃ |
| ၉ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၃၄ |
| ၁၀ | စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါဖြစ်ဟန်ကို မေးတော်မူခြင်း | ၃၉ |
| ၁၁ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၄၀ |
| ၁၂ | ရေသဘင်ပွဲတော်နှင့်စပ်လျဉ်း၍ မေးတော်မူခြင်း | ၄၆ |
| ၁၃ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၄၇ |
| ၁၄ | ရွှေနန်းတော်၌ ငွေမိုးကျ၍ နေခြည်တော်ခခြင်းနှင့် စပ်လျဉ်း၍ ဦးပေါ်ဦးလျှောက်ထုံး | ၅၇ |
| ၁၅ | မြေးတော်ကြီးနှစ်ပါးကို အိမ်ရှေ့ပေးတော်မူရန် မေးတော်မူခြင်း | ၆၂ |
| ၁၆ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၆၅ |
| ၁၇ | ဓမ္မသင်္ဂဏီ ပါဠိတော်၏အကြောင်း မေးတော်မူခြင်း | ၆၉ |
| ၁၈ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၇၀ |
| ၁၉ | အမတ်ကြီးဦးပေါ်ဦးအား ဘဝရှင်မင်းတရားကြီး အထင်မှားတော်မူရာ ပရိယာယ်ဖြင့်လွတ်ဖူးခြင်း | ၇၉ |
| ၂၀ | ဘဝရှင်မင်းတရားကြီးသည် သဗ္ဗညုတဆုကြီးကို ပန်တော်မူခြင်းနှင့်စပ်လျဉ်း၍ မေးတော်မူခြင်း | ၉၄ |
| ၂၁ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၉၆ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | အမတ်ကြီးဦးပေါ်ဦးကို ရာဇဝတ်တော်နှင့် သိန္နီသို့ ပို့တော်မူခြင်း | ၁၀၂ |
| ၂၃ | အမတ်ကြီးဦးပေါ်ဦးသည် သိန္နီမြို့နယ်မှ ဘဝရှင်မင်းတရားကြီးသို့ ရေးသားဆက်သွင်းလိုက်သောရတုပိုဒ်စုံ | ၁၀၇ |
| ၂၄ | အမတ်ကြီးဦးပေါ်ဦးကို သိန္နီမှပြန်ခေါ်တော်မူခြင်း | ၁၁၀ |
| ၂၅ | အောင်မြေလောကကျောက်စေတီ စသောစေတီတော်များကိုတည်ခြင်းနှင့်စပ်လျဉ်း၍ မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး လျှောက်ထားခြင်း | ၁၁၃ |
| ၂၆ | အောင်မြေလောကစေတီတော်၌ သိကြားမင်းချသော ရွှေပေလွှာနှင့်စပ်လျဉ်း၍ တင်လျှောက်ခြင်း | ၁၁၅ |
| ၂၇ | ဘဝရှင်မင်းတရားကြီးသည် နိဗ္ဗာန်၏ ဝိမုတ္တိရသကို မေးတော်မူခြင်း | ၁၁၈ |
| ၂၈ | အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး | ၁၂၀ |
| ၂၉ | ဣန္ဒိဝိဓ အစိန္တေယျကို တင်လျှောက်ဖြေဆိုခြင်း | ၁၂၃ |
| ၃၀ | ထီးတော်မိုးရာဝယ် ပရိယာယ်ဖြင့်တင်လျှောက်ခြင်း | ၁၂၆ |
| ၃၁ | ညီလာခံတွင် အပျော်တော်ဆက်လျှောက်တင်ခြင်း | ၁၂၈ |
| ၃၂ | ရွှေကြက်ယက်တောင်တွင် အပျော်တော်ဆက်လျှောက်တင်ခြင်း | ၁၂၉ |
| ၃၃ | ထီးဖြူတော်လဲရာ၌ ဝန်ရှင်တော်မင်းကြီးများအတင်ခက်သည်ကို အမတ်ကြီးဦးပေါ်ဦးလျှောက်တင်ခြင်း | ၁၃၁ |
| ၃၄ | တရုတ်ပြည်မှဆက်သလာသော လက်ဖက်ဆီသေတ္တာထိပ်၌ ခတ်နှိပ်ပါလာသော အက္ခရာငါးလုံးကို လျှောက်တင်ခြင်း | ၁၄၆ |
| ၃၅ | ဆွေတော် မျိုးတော်များက ဘဝရှင်မင်းတရားကြီးသို့ တရားစွဲဆိုလာသည်ကို အမတ်ကြီးဦးပေါ်ဦး စီရင်ဆုံးဖြတ်ခြင်း | ၁၅၇ |
| ၃၆ | ရခိုင်ဒင်္ဂါးနှင့် အာသံဒင်္ဂါးကို မြန်မာငွေနှင့်ယှဉ်တွဲ၍ မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး လျှောက်တင်ခြင်း | ၁၆၆ |

http://www.dhammadownload.com



မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇ | တရုတ်သံတို့ ဖူးမြော်တော်မူရန် ရေသဘင်နန်း စံမြန်းတော်မူရာ ယောကျ်ားမြတ်တို့၏ နိမိတ်ပေါ် သည်ကိုလျှောက်တင်ခြင်း | ၁၆၈ |
| ၃၈ | ဘဝရှင်မင်းတရားကြီး၌ စွဲကပ်သောလေရောဂါကို ပျောက်ကင်းရန် ဆေးတော်တင်လျှောက်ခြင်း | ၁၇၇ |
| ၃၉ | မင်းကွန်းဘုရားကြီး၌ ပြုလုပ်ထားသော ခြသေ့်ကြီး နှစ်စီးနှင့်စပ်လျဉ်း၍ လျှောက်တင်ခြင်း | ၁၈၀ |
| ၄၀ | အမတ်ကြီးဦးပေါ်ဦးသည် တရုတ်သံတို့နှင့် စကား စစ်ထိုးခြင်း | ၁၈၂ |
| ၄၁ | ဂိဇ္ဈကုဋ်တောင်အကြောင်းကို မေးတော်မူရာ ဦးပေါ်ဦး တင်လျှောက်ခြင်း | ၁၉၅ |
| ၄၂ | ဘဝရှင်မင်းတရားကြီး ဥပုသ်တော်ယူရာမှအပြန်တွင် အချိန်မဲ့ဖြစ်၍ မြို့တံခါးပိတ်ထားခြင်း | ၁၉၇ |
| ၄၃ | ခရမ်းသီး၏ ဓာတုရသကို လျှောက်တင်ခြင်း | ၂၀၀ |
| ၄၄ | ဉာဏ်ဇမ္ဗူဒီပါတောင်ကျွန်း၏ အလယ်တည့်တည့်ကို မေးတော်မူရာ တင်လျှောက်ခြင်း | ၂၀၈ |
| ၄၅ | ပတ္တမြားအကြောင်းကို ကျမ်းအမျိုးမျိုး ကိုးကား၍ လျှောက်တင်ခြင်း | ၂၀၉ |
| ၄၆ | ပေါမခဏ္ဍတိုင်း ပူရံမြို့မှဆက်သသည့်ကတိုးရုံးကောင် အကြောင်းကို တင်လျှောက်ခြင်း | ၂၂၈ |
| ၄၇ | အမတ်ကြီးဦးပေါ်ဦးသည် မိမိကိုယ်ကို နှိမ့်ချခြင်း | ၂၃၀ |
| ၄၈ | ဘဝရှင်မင်းတရားကြီးက ဝန်စင်းမင်းရာဇာကို ချီး မွမ်းရာ ဦးပေါ်ဦးတင်လျှောက်ခြင်း | ၂၃၄ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉ | ဘိက္ခုနီပါတိမောက်နှင့်စပ်လျဉ်း၍ မေးတော်မူခြင်းကို တင်လျှောက်ခြင်း | ၂၃၅ |
| ၅၀ | ပိဋကတ်တော်များကို မီးတိုက်လိုဟန် မိန့်တော်မူခြင်းကိုလျှောက်တင်ခြင်း | ၂၃၇ |
| ၅၁ | မြေးတော်ကြီးအိမ်ရှေ့မင်းနှင့် သာယာဝတီမင်းတို့ကို မှာတော်မူခြင်း | ၂၃၈ |

ပထမတွဲ မာတိကာ ပြီး၏။

❖ ❖ ❖

| | | |
|---|---|---|
| ၅၂ | ဖလ်နန်းရှင် မင်းတရားကြီးသည် ဘိုးတော်ဘုရားရိုက်ရာကို ခံစံတော်မူရာ အမတ်ကြီးဦးပေါ်ဦးဆက်သွင်းသော မင်္ဂလာရတုပိုဒ်စုံ | ၂၄၀ |
| ၅၃ | မိုးတားစားအမတ်ကြီးနှင့်စပ်လျဉ်း၍ တင်လျှောက်ခြင်း | ၂၄၂ |
| ၅၄ | ကျောက်ကုန်သည် မြေတ်ကြီးအား ရာဇဝတ်ဘေးမှကယ်ဆယ်ခြင်း | ၂၄၇ |
| ၅၅ | တရုတ်ပြည်မှဆက်သလာသော မြင်းပျံနှင့်စပ်လျဉ်း၍ လျှောက်တင်ခြင်း | ၂၄၆ |
| ၅၆ | ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဇန္ဒုလ ခနေဖြူတွင်ကျဆုံးရာ အမတ်ကြီးဦးပေါ်ဦးလျှောက်တင်ခြင်း | ၂၄၉ |
| ၅၇ | အမတ်ကြီးဦးပေါ်ဦးကို ဗိုလ်မှူးဝန်ကြီးချုပ်ခန့်အပ်ခြင်း | ၂၅၃ |
| ၅၈ | မဟာသကျသီဟ ရုပ်ပွားတော်သွန်းလုပ်ကိုးကွယ်ခြင်းနှင့်စပ်လျဉ်း၍ ရစာဆက်သွင်းခြင်း | ၂၅၄ |
| ၅၉ | ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်နှင့်စပ်လျဉ်း၍ ရတုဆက်သွင်းခြင်းနှင့် ဝန်ကြီးချုပ်ခန့်အပ်ခြင်း | ၂၅၈ |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

| ၆၀ | အမတ်ကြီးဦးပေါ်ဦးဆိုသည့် အဖြည့်ခံရတုနှစ်ပိုဒ် | ၂၅၉ |
| ၆၁ | သွားတော်လေးဆယ် စွယ်တော်လေးချောင်းနှင့် စပ်လျဉ်း၍ လျှောက်တင်ခြင်း | ၂၆၁ |
| ၆၂ | ဆရာတော်ဦးဗုဓ်ကို သာသနာပြုလွှဲအပ်ရန် လျှောက်တင်ခြင်း | ၂၆၃ |


**ဒုတိယတွဲမာတိကာပြီး၏။**

❖ ❖ ❖


| | | |
|---|---|---|
| ၆၃ | ညီတော်ကုန်းဘောင်မင်းတရား ထီးနန်းဆက်ခံ စိုးစံတော်မူခြင်း | ၂၆၇ |
| ၆၄ | ထီးပြောင်းနန်းလွှဲနှင့်စပ်လျဉ်း၍ လျှောက်တင်ခြင်း | ၂၇၀ |
| ၆၅ | ကုန်းဘောင်မင်းတရားကြီး မြို့နန်းကိုသိမ်းမြန်းတော်မူခြင်း | ၂၇၁ |
| ၆၆ | သတိုးမင်းကြီး မဟာမင်းလှနော်ရထာဘွဲ့ခံအမတ်ကြီး ဦးပေါ်ဦးဆို ဘုန်းတော်ဘွဲ့ရတု | ၂၇၂ |
| ၆၇ | ဝက်မစွတ်မြို့စား စာဆိုတော်နဝဒေးဆို ရဲတင်းမော်ကွန်း | ၂၇၃ |
| ၆၈ | ဘိုးတော်ဦးမင်း ဆက်သွင်းသော ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း ရတုသုံးပိုဒ် | ၂၇၃ |
| ၆၉ | စိန္တကျော်ထင်ဘွဲ့ခံ ကန်မြင်ရွာစား စာဆိုတော်ဦးမင်း ဆက်သွင်းသောဘုန်းတော်ဘွဲ့ရတု | ၂၇၄ |
| ၇၀ | ရှေးမင်းတို့ ကျင့်ရိုးကျင့်စဉ်အတိုင်း ကျင့်သင့်ကြောင်း လျှောက်တင်ခြင်း | ၂၇၅ |
| ၇၁ | အမတ်ကြီးဦးပေါ်ဦးနှင့်တကွ စာဆိုပညာရှိတို့ တစ်ဆယ့်နှစ်ရာသီဘွဲ့များ သီကုံးဆက်သခြင်း | ၂၇၇ |
| ၇၂ | ပညာရှိအမတ်ကြီး ဦးပေါ်ဦးဆက်သွင်းသော တန်ခူးလဘွဲ့တေးထပ် | ၂၇၈ |

http://www.dhammadownload.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၃ | စာဆိုတော်ဦးမင်း ဆက်သွင်းသည့် တန်ခူးလဘွဲ့သဖြန် | ၂၇၈ |
| ၇၄ | ဘိုးသူတော်ဦးမင်းဆက်သွင်းသော တန်ခူးလဘွဲ့လွမ်းချင်း | ၂၇၈ |
| ၇၅ | အမတ်ကြီးဦးပေါ်ဦးဆို ကဆုန်လဘွဲ့တေးထပ် | ၂၇၉ |
| ၇၆ | စာဆိုတော်ဦးမင်းဆို ကဆုန်လဘွဲ့တေးထပ် | ၂၇၉ |
| ၇၇ | ဘိုးသူတော်ဦးမင်းဆို ကဆုန်လဘွဲ့ လွမ်းချင်း | ၂၇၉ |
| ၇၈ | အမတ်ကြီးဦးပေါ်ဦးဆို နယုန်လဘွဲ့တေးထပ် | ၂၈၀ |
| ၇၉ | စာဆိုတော်ဦးမင်းဆို နယုန်လဘွဲ့သဖြန် | ၂၈၀ |
| ၈၀ | ဘိုးသူတော်ဦးမင်းဆို နယုန်လဘွဲ့လွမ်းချင်း | ၂၈၀ |
| ၈၁ | အမတ်ကြီးဦးပေါ်ဦးဆို ဝါဆိုလဘွဲ့တေးထပ် | ၂၈၁ |
| ၈၂ | စာဆိုတော်ဦးမင်းဆို ဝါဆိုလဘွဲ့သဖြန် | ၂၈၁ |
| ၈၃ | ဘိုးသူတော်ဦးမင်းဆို ဝါဆိုလဘွဲ့လွမ်းချင်း | ၂၈၁ |
| ၈၄ | အမတ်ကြီးဦးပေါ်ဦးဆို ဝါခေါင်လဘွဲ့တေးထပ် | ၂၈၁ |
| ၈၅ | စာဆိုတော်ဦးမင်းဆို ဝါခေါင်လဘွဲ့သဖြန် | ၂၈၂ |
| ၈၆ | ဘိုးသူတော်ဦးမင်းဆို ဝါခေါင်လဘွဲ့လွမ်းချင်း | ၂၈၂ |
| ၈၇ | အမတ်ကြီးဦးပေါ်ဦးဆို တော်သလင်းလဘွဲ့တေးထပ် | ၂၈၂ |
| ၈၈ | စာဆိုတော်ဦးမင်းဆို တော်သလင်းလဘွဲ့သဖြန် | ၂၈၃ |
| ၈၉ | ဘိုးသူတော်ဦးမင်းဆို တော်သလင်းလဘွဲ့လွမ်းချင်း | ၂၈၃ |
| ၉၀ | အမတ်ကြီးဦးပေါ်ဦးဆို သီတင်းကျွတ်လဘွဲ့တေးထပ် | ၂၈၃ |
| ၉၁ | စာဆိုတော်ဦးမင်းဆို သီတင်းကျွတ်လဘွဲ့သဖြန် | ၂၈၄ |
| ၉၂ | ဘိုးသူတော်ဦးမင်းဆို သီတင်းကျွတ်လဘွဲ့လွမ်းချင်း | ၂၈၄ |
| ၉၃ | အမတ်ကြီးဦးပေါ်ဦးဆို တန်ဆောင်မုန်းလဘွဲ့တေးထပ် | ၂၈၄ |
| ၉၄ | စာဆိုတော်ဦးမင်းဆို တန်ဆောင်မုန်းလဘွဲ့သဖြန် | ၂၈၅ |
| ၉၅ | ဘိုးသူတော်ဦးမင်းဆို တန်ဆောင်မုန်းလဘွဲ့လွမ်းချင်း | ၂၈၅ |

http://www.dhammadownload.com



## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၆ | အမတ်ကြီးဦးပေါ်ဦးဆို နတ်တော်လဘွဲ့တေးထပ် | ၂၈၅ |
| ၉၇ | စာဆိုတော်ဦးမင်းဆို နတ်တော်လဘွဲ့သဖြန် | ၂၈၅ |
| ၉၈ | ဘိုးသူတော်ဦးမင်းဆို နတ်တော်လဘွဲ့လွမ်းချင်း | ၂၈၆ |
| ၉၉ | အမတ်ကြီးဦးပေါ်ဦးဆို ပြာသိုလဘွဲ့တေးထပ် | ၂၈၆ |
| ၁၀၀ | စာဆိုတော်ဦးမင်းဆို ပြာသိုလမုန်းလဘွဲ့သဖြန် | ၂၈၆ |
| ၁၀၁ | ဘိုးသူတော်ဦးမင်းဆို ပြာသိုလဘွဲ့လွမ်းချင်း | ၂၈၇ |
| ၁၀၂ | အမတ်ကြီးဦးပေါ်ဦးဆို တပို့တွဲလဘွဲ့တေးထပ် | ၂၈၇ |
| ၁၀၃ | စာဆိုတော်ဦးမင်းဆို တပို့တွဲလလဘွဲ့သဖြန် | ၂၈၇ |
| ၁၀၄ | ဘိုးသူတော်ဦးမင်းဆို တပို့တွဲလဘွဲ့လွမ်းချင်း | ၂၈၇ |
| ၁၀၅ | အမတ်ကြီးဦးပေါ်ဦးဆို တပေါင်းလဘွဲ့တေးထပ် | ၂၈၈ |
| ၁၀၆ | စာဆိုတော်ဦးမင်းဆို တပေါင်းလလဘွဲ့သဖြန် | ၂၈၈ |
| ၁၀၇ | ဘိုးသူတော်ဦးမင်းဆို တပေါင်းလဘွဲ့လွမ်းချင်း | ၂၈၈ |
| ၁၀၈ | အမတ်ကြီးဦးပေါ်ဦးမှာထားသော စကားများနှင့် ဘဝလွန်ခြင်းအကြောင်း | ၂၈၉ |
| ၁၀၉ | နိဂုံး | ၂၉၃ |


**တတိယတွဲ မာတိကာပြီး၏။**

❖ ❖ ❖

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

## စိရံ တိဋ္ဌတု သဒ္ဓမ္မော

၁။ သံမုယှန္တ သုဆောဒကံဝရံ နာနာဝါဒ သုမဒ္ဒနံ ဇိနံ။
ဓမ္မံ ဗုဒ္ဓသုသောဝိတံ နမေ၊ ပုညခေတ္တ သုဝါပိတံ ဂဏံ။

၂။ ဝိရိယမဗ္ဗ သုပေတံ၊ သာခုံဇနမ္ပိ သုပိယံ။
သွာဒရကာတုန ဂူရုံ၊ တဿ ဂုဏဿ ကထေန္တံ။

၃။ ပညာဝဓန သံယုတ္တံ၊ နာနာနယေသု ကောဝိဒံ။
ဝိရိယုဿာဟ ဝါစေန္တံ၊ အာစေရံပိ နမာမဟံ။

၄။ ကုလပုတ္တေဟိ ယာစိတော၊ ဟိတကာမာန မတ္ထာယ။
ကဝိသေတ္တုံ မဥျသံ တုံ၊ ဥဇုဘူတေန လိက္ခိဿန္တိ။

ဤလေးဂါထာတို့တွင် ရတနတ္တယ ပဏာမဖြစ်သော ပထမဂါထာ သည် မ-ဂိုဏ်း၊ သ-ဂိုဏ်း၊ ဇ-ဂိုဏ်း၊ ဂရုတစ်ခု၊ ၎င်းလက္ခဏာတို့ဖြင့် မှတ်၍ ဘွဲ့အပ်သော သုဒ္ဓဝိရာဇိတ ဂါထာဖြစ်သည်။ ဆန်းကား ပန္တိဆန်းပင်တည်း။

ဒုတိယဂါထာမူကား ဘ-ဂိုဏ်းနှစ်ခု၊ ဂရုနှစ်ခု၊ ၎င်းလက္ခဏာဖြင့် မှတ်၍ ဘွဲ့အပ်သော စိတြပဒါ ဂါထာဖြစ်သည်။ ဆန်းကား-အနုဋ္ဌုဘ ဆန်းပင် တည်း။ ဤဂါထာ၌ ဂုရုံကား ဆန်းကိုစောင့်လိုသောကြောင့် ဂူရုံဟုဒီဃနှင့် ထားသည်။ သွာဒရ၌ နိဂ္ဂဟိတ်ကျေစေ၊ "ဆန်းကြောင့် ပျက်ကျေ၊ ယွင်းကွက် သွေ၊ ဆောင်လေနက်ပေးခါ"ဟူသည်ကို ငဲ့တော်မူကြကုန်။

တတိယ ဂါထာမူကား ယ-ဂိုဏ်း၊ ဇ-ဂိုဏ်းတို့ဖြင့်မှတ်၍ ဘွဲ့အပ် သော ပထျာဝတ္တဂါထာပင်တည်း။

စတုတ္ထဂါထာမူကား ဝတ္တသာမညဂါထာဟူ၍ မှတ်တော်မူကြပါ ကုန်။ ဤဂါထာ၌ "တု"ကား ပဒပူရဏမျှသာတည်း။

၁။ အဟံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသကို အတ္တသမုတ် အကျွန်ုပ် သည်။ ဝါ၊ မိဘနှစ်လီ ရွှေခွန်းချီသား လူမည် "မောင်အောင်" ရဟန်းဘောင်

http://www.dhammadownload.com



၌ တန်ဆောင်သညာ ဘွဲ့ထူးစွာဖြင့် "ဣန္ဒာစရိယ" အမည်သ၍ သာမဏေ ခေါ်ဆို ရဟန်းပျိုသည်။ သံမုယုန္တသုဆေဒကံ၊ သတ္တဝါတို့၏ သန္တာန်အစဉ်၌ အသင်တမွေ့မဟုတ်သေးသမျှ ကာလမပြတ် တွဲဘက်စပ်၍ ချဉ်းကပ်မသွေ့ တွေဝေစေတတ်သော မောဟတည်းဟူသော အဝိဇ္ဇာကို ရိတ်ကာလှီးဖြတ် ခရီးပြတ်အောင် အရဟတ္တမဂ်ဉာဏ်ဖြင့် ကောင်းစွာ ပယ်လှန်တော်မူပြီးထ သော။ ဝရံ လူနတ် ပြဟ္မာ သတ္တဝါတို့ထက် အထူးသဖြင့် မြတ်တော်မူပြီးထ သော။ နာနာဝါဒ သုမဒ္ဒနံ၊ အထူးထူးအံပြားပြား များလှစွာသော သတ္တဝါ တို့၏ မှားယွင်းသောမိစ္ဆာအယူကို ရှေကိုယ်တော်မြတ်ဘုရားကြီး၏ အားကိုး ထက်မြက် လက်နက်အာဝုဓိန် ဒေသဉာဏ်တော်ရှိန်တည်းဟူသော ဝဇိရိန် မိုးကြိုးစက်ဖြင့် ခွင်းဖျက်နှိမ်နင်းတော်မူပြီးထသော။ ဇိနဥ္စ၊ ငါးမာရ်ပယ်ဖြတ် နှုန်းတုမအပ်သော သုံးလူ့နတ်သခင် ထွတ်အရှင်ကိုလည်းကောင်း။ ဗုဒ္ဓသုသေ ဝိတံ၊ သုံးလူ့မြတ်စွာ သမ္ဗုဒ္ဓါသည် ဂေါစရာသေဝန ဘာဝနာသေဝန အစ ရှိသည်တို့၏အစွမ်းဖြင့် ကောင်းစွာမှီဝဲတော် မူပြီးထသော။ ဓမ္မဥ္စ၊ မဂ်လေး တန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိတည်းဟူသော ဆယ်ပါးသောတရားတော် မြတ်ကို လည်းကောင်း။ ပုညခေတ္တသုဝါပိတံ၊ ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုး ရာ လယ်မြေကောင်းသဖွယ် ဖြစ်တော်မူပြီးထသော။ ဂဏဥ္စ၊ မဂ္ဂဋ္ဌာန် လေး ယောက် ဖလဋ္ဌာန်းလေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ သံဃာတော်အပေါင်းကိုလည်းကောင်း။ သ္မာဒရံ- သုံအာဒရံ၊ ကောင်းသော ရိုသေခြင်းကို။ ဝါ၊ အလွန်ရိုသေခြင်းကို။ ကာတုန၊ ပြုဦး၍။ နမေ-နမောမိ၊ ပဥ္စပတိဋ္ဌိတည်တုံဘိ၍ သတိညွှတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏။ နမေတွာ၊ ရိုသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုး ပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပြီး၍။

၂။ ဝိရိယ ဓမ္မသုပေတံ၊ မပေါ့မလျော့သော ဝိရိယတည်းဟူ သော တရားကောင်းနှင့်လည်း ပြည့်စုံတော်မူထသော။ သာဓုဇနမှိ၊ ဘုရားအစ ရှိသော သူတော်ကောင်း၌။ သုပိယံ၊ ကောင်းစွာချစ်ခင်မှုရှိထသော။ (တစ် နည်းကား) သာဓုဇနမှိ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏တရား လွန် လိုလားသည့် ဘုရားသားကြီး ကမ္ပည်းထင်ထင် မူတင်အရာ လိမ္မာထက်မြက် ဧတဒဂ်ကဿပမည်စွာ ထေရ်မဟာကဲ့သို့ ကောင်းစွာမယွင်း ကျင့်ကြံခြင်း၌။

http://www.dhammadownload.com



သုပိယံ၊ သဘောနက်နဲ ဝက်ဝက်ခွဲ၍ ခက်ခဲဉာဏ်မြင် သမ္မဇ္ဈိနှင့် အရညကင် ဓလေ့ တော၌မွေ့လျက် ကြပတေ့မယုတ် ကြိုးအားထုတ်သည် အဟုတ် အဟတ် ကုတ်ပတ်ဘောညီ ဇောဝသီဖြင့် ယောဂီမှန်စွာ တောမှီရာကို ကောင်းစွာ ချစ်ခင်လေ့ရှိထသော။ တဿဂုဏာဿ၊ ထိုဘုရားအစရှိသော သူတော်ကောင်းတို့၏ ဂုဏ်ကို။ ကထေန္တိ၊ ဘာသာတိမ်းပါး အယူမှားသော ဆိုးရွားလှသူ မိစ္ဆာလူကို ကြည်ဖြူစေကြောင်း ခဿတ်ပျောင်းအောင် ကောင်းစွာ ဟောမိန့်လေ့လည်း ရှိထသော။ (တစ်နည်းကား) တဿဂုဿ၊ ထိုဘုရားအစ ရှိသော သူတော်ကောင်းတို့၏ တရားတော်မြတ် ဂုဏ်ကို။ ကထေန္တိ၊ ကြည် ယုံသက်ဝင် ခင်မင်ညွတ်နူးပွင့်မြူးသဒ္ဓါစေရှိငှာကို ကောင်းစွာဟောချတ်တော် မူလေ့ရှိထသော။ ဂုရုံ၊ အကျွန်ုပ်မိခင်၏ ဦးရီး ရင်းနှီးတင့်တိုး အဘိုးအေစစ် ထွန်းသစ်တေဇာ ဝေဆာဆာနှင့် ကျေညာတုန်ညောင်း ဝသုန်စောင်းမျှ ဂုဏ် လျှောင်းကျော်သည်း တော်ရိုက်ဟည်းသား ကျောက်ထီးပမာ ကြီးစွာလေးမြတ် ပြုထိုက်အပ်သော အရဟတ္တဖလတံခွန် သီလဝန်အမော် ဂုဏ်တော်ရောင် ဖိတ် သံဃိဿရ သံဃသာမိ သံဃာဓိပတိ ကဝိကုဥ္စရ သံဃဓဇ္ဇ သံဃနာထ သံဃဗေရာဂီ သံဃမေဓာဝီ အညီမှန်စွာ (ဝိစိတ္တရာဘိလင်္ကာရကဝိဓဇ အတုလာဓိပတိ တိပိဋကဓရ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု)ဟူသော မင်းတံဆိပ် ခတ်နှိပ်လှူဒါန်းအပ်သော "ဉပဇ္ဈာယ်သံဘိုတောရ" ဆရာတော် မြတ်ကြီးကို။ ဝါ၊ ရှေးပေါ်ရာဇာ ဝေါဟာရ၌ "ကြည်ပဒုံလျှင်" ခေါ်ဝေါ်တွင် သား ခုပင်တပုံ "မြို့ရွှေလုံ" ဟု တဂုဏ်ဖြိုးလှိုက် နန်းရုံးစိုက်လျက် သမိုက်ပေစွာ နဂရာဝယ် ဒိသာမှတ်ပိုက် ရှေ့ဘက်တိုက်တွင် တဝိုက်မင်းတာ နှစ်ယူဇနာမှ သချာမင့် လိုသည်မရှိ တည့်တည့်ပြည့်ရာ အကဲဖြာသား "မလဲသာ" မည် ရွာရွှန်းစည်ကို ဦးတည်ဂေါစရာ ပြုပြီးခါလျှင် အရညာဝါသီ တောရပ်မှီသဖြင့် မထေရ်ပေါက်ကြီး ပါမောက်ထီးဟု မြေဟည်းခမား တန်းခိုးကြွားသည့် ကျွန်ုပ် ၏ ဉပဇ္ဈာယ် သံဘိုတောရ ဆရာတော်ဘုရားကြီးကို။ ဝါ၊ ဂန္ထဓုရဝိပဿနာဓုရ ဟုသမျှ၌ ယူဆကျင့်သုံးလေ့ရှိတော်မူသော အဘိုးအေတစ်သွယ် ဉပဇ္ဈာယ် တဝမှန်ပါလှသည့် "သံဘိုတောရ" ဆရာတော်ဘုရားကြီးကို။ * သွာဒရံ- သုအာဒရံ၊ ကောင်းစွာရိုသေခြင်းကို။ ကာတုန၊ ပြုဦး၍။ နမေ-နမာမိ၊ ပဥ္စပတိဋ္ဌိ တည်တုံဘိ၍သတိညွတ်ကျိုး လက်စုံမိုးလျက် ရှိခိုးပူဇော် ဖူးမြော်

http://www.dhammadownload.com



မာန်လျှော့ကန်တော့ပါ၏။ နမေတွာ၊ ရိုးသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပြီး၍။

၃။ ပညာဝဇနသံယုတ္တံ၊ ပညာပွားခြင်းနှင့် ယှဉ်တော်မူတတ်ထသော။ နာနာနယေသု၊ အထူးထူးသောနည်းတို့၌။ ကောဝိဒံ၊ လိမ္မာတော်မူထသော။ ဝီရိယုဿာဟဝါစေန္တံ၊ ဝီရိယဟုအားထုတ်မှုဖြင့် ဂရုမချို့ ပညာနို့ကို သောက်စို့စေ၌ ရှစ်မျက်နှာမှလာလာသမျှသော သောတုဇနတို့ကို တိုက်ကျွေးပို့ချတော်မူတတ်ထသော၊ အာစေရံပိ၊ ဒုတိယာစရိယ နယဂ္ဂါဟ ကရဏာအဌကထာနှင့် ဋီကာတိုးလည်ဖြစ်စေရည်လျက် တည် တည်ကျကျ စာဝါးဝအောင် သင်ပြပို့ချတော်မူပေသော ပုဇွန်တောင် ရေကျော် ဘုရားဖြူ တိုက်အုပ် ဆရာတော် ဘုရားကြီးကိုလည်း။ (တစ်နည်းကား) အာစေရံပိ၊ လောကီလောကုတ် နှစ်ပါးမယုတ်အောင် အားထုတ်ပြီးကာ အရာရာကို လိမ္မာစေဟု မြော်ချင့်ရှုလျက် ဂရုကတယုယပိုက်သိမ်း ထိန်းကျောင်း၍သာ စေတနာနှင့် ဩဝါဒအနုသာသနအမှု ပြုတော်မူပေထသော မော်လမြိုင်မြို့ ဒိုင်ဝန်းကွင်း ထင်လင်းစွာလှဂုဏ်ဖြိုးကြွယ် အံ့ဖွယ်အဖြာဖြာ ဂဏာစရိယ သီလဝန္တ အကျော် "ကမာကြည်"ဆရာတော်ဘုရားကြီးကိုလည်း။ ။(တစ်နည်းကား) အာစေရံပိ၊ သဒ္ဒက္ကမ အတ္ထက္ကမဝင်္ကဉဇု နယပဒေထွေထွေဖြင့် မသွေနှေးညသင်ပို့ချတော်မူပေသော ပရိယတ္တိဝိသာရဒ ဂဏဝါစကနာမထင်စွာ "သူနန္ဒာဘိလင်္ကာရ"ဘွဲ့ထူးသသည် စာချပုဂ္ဂိုလ်ကျော် စလေသုံးဂိုဏ်းချုပ် ကိုးတောင်ဆရာတော်ဘုရားကြီးကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏၊ နမဿိတွာ၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပြီး၍။

---

* ဤသွာဒရပုဒ်၌ ကောင်းစွာရှိသေခြင်းကို စသည်ဖြင့် အနက်ယောဇနာပြီးဖြစ်လျက် "နမာမိ" ဟူသော ကြိယာပုဒ်သို့ ဆောင်၍ပေးသည်ကား နမုဓာတ်သည် ကမ္မာပေက္ခ-ကံငဲ့သော ဓာတ်ဖြစ်၍ ကံအနက်သို့ ငဲ့သည်အဖြစ်ကို ထင်ရှားအောင် အနက်ယောဇနာသည်ဟူ၍ မှတ်တော်မူကြပါကုန်။

http://www.dhammadownload.com



၄။ ကုလပုတ္တောဟိ၊ လောကီ လောကုတ်နှစ်ပါးမယုတ်အောင် အားထုတ်နေထိုင်လေ့ရှိကုန်သော သူတို့သည်။ ဝါ၊ ဂုဏမဟာဒိဏ ဘုရားရှေ့တောင် ပုဇွန်တောင်ဟု ခေါ်ဆောင်ပညတ်အိုဘိုးရပ်၌ မပြတ်စဉ်လာနေထိုင်ပါသော ကျိုက္ကစ်ကျောင်းကြီး ဒါယကာ စေတနာမြူးပျော် အထူးကျော်သည့် 'ဦးနော်'တွင်မည် သီတင်းသည်နှင့် ပုရိဟ်သာ မဏ္ဍလာကို အာဏာပြန့်လှိုင် အုပ်စိုးနိုင်သော အရေးပိုင်ရုံး နှလုံးတင့်တိုး စာရေးတော်ကြီး ဦးရွှေမိုးတို့သည်။ ဝါ၊ ဥက္ကလာပ နဂရ၌ စူးရှအာဏာနှိပ်ကွပ်ပါသော ရာဇဝင်မင်းကြီး ထံနီးချဉ်းကပ်သတင်းလျှပ်သဖြင့် ရှေ့ဖတ်ခေါ်တွင် စာရေးတော်ကြီး 'ဦးကျင်'တို့သည်။ ဝါ၊ ခနောင်တိုဘက် ပုသိမ်စက်၌ ထက်မြက်ဩဇာ သောသောညာလျက် ရတနာမလင့် သချ်ာဖွင့်သော် တင်းချင့်တောင်းနေ သောင်းသိန်းဝေမျှ မှန်ချေမယိမ်း ကုဋေကိန်းအောင် ထိန်းသိမ်းမသွေ အုပ်စိုးပေသည့် ငွေချေစာရေးကြီး 'ဦးစင်'တို့သည်။ အဟံ၊ မိဘနှစ်လီ ရွှေခွန်းချီသား လူမည်မောင်အောင် ရဟန်းဘောင်၌ တန်ဆောင်သညာ ဘွဲ့ထူးစွာဖြင့် "ဣန္ဒာစရိယ"အမည်သ၍ သမဏခေါ်မှန်း ငါရဟန်းကို၊ ယာစိတော၊ ထပ်ကာထပ်ကာ မနေသာအောင် လွန်စွာညွတ်ပျောင်း တောင်းပန်အပ်သည်ဖြစ်၍၊ (အဟံကိုယာစိတောစတွင်စပ်)။ ဝါ၊ တစ်နည်းကား။ ယာစိတော၊ အမရပူရပထမထီးစိုက်မကိုဋ်ညွှန့်လူ တစ်ဆူနေမျိုး ဘိုးတော်လက်ထက် သိခက်ခြင်းရာ ကျွမ်းလိမ္မာသော မဟာနရချွန် ဉာဏ်တံခွန်နှင့် စံလွန်တန္တိ မတ်ပဏ္ဍိဟု ကဝိရဲဇာ တကဲသာသော မင်းကြီးမဟာမင်းလှနော်ရထာမည်သာ ဘွဲ့လျှံရွှေခွန်းခံလျက် နာမံကျော်ကျူးဦးပေါ်ဦး၏ ထူးမြတ်ပုဇ္ဇာ သဇ္ဇနာကို စဉ်လာမပျက် ခင်စွာမက်သဖြင့် ဆက်လက်ဖွေရှာရေးပေးပါဟု ခါခါမပြတ်တောင်းပန်အပ်သော။ အဟံ၊ မောင်အောင်မည်ရ ပဗ္ဗဇ္ဇ ဂမနာ ဘိသေကာတွင် နာမာထင်လင်း ပဋ္ဌင်းသုခမိန် "ဣန္ဒာစရိယာ" ဘွဲ့ထူး သာ၍ ခေါ်ရာမှတ်ခန်း ငါရဟန်းသည် (ယာစိတော ကို အဟံ ၌ ဝိသေသန စပ်။ အဟံ ကိုလိက္ခိဿံ၌ ဝုတ္တကတ္တားစပ်)။ ဟိတကာမာနံ၊ လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို လိုလားတောင့်တလေ့ရှိကုန်သော အမျိုးသားတို့၏။ ဝါ၊ တစ်နည်းကား။ ဟိတကာမာနံ၊ လောကီလောကုတ် မယုတ်စေမှု မြော်မြင်ရှု

http://www.dhammadownload.com



သော သုတေသန သုတိစ္ဆိတ သုတဝုမိ ကာရဏဇ္ဈာ သယဖြစ်သော ပုဂ္ဂိုလ်တို့၏။ အတ္ထာယ၊ အလွယ်တကူ ကောက်ယူကြည့်ရှု လူမှုလိမ္မာ ဖြာဖြာစုံစိ အမုန်ရှိ၍ အဘိမေမွတ္တသဘာဝ သဒ္ဒတ္ထဉာပက အတ္ထပဋိ ဘာဏလောကဟိတ ဝါစကော ပဒေသ ဝါကျဆေကဖြစ်ကြစေခြင်း အကျိုးငှာ။ ဝါ၊ တစ်နည်းကား။ အတ္ထာယ၊ ဘိုးတော်မင်းဘုရားအစ ဥက္ကလာပမင်း ဘုရားအဆုံး ရှုံးပေါင်းမပျက် မင်းသုံးဆက်တိုင် မြိုင်မြိုင်ရွှန်းဝေ မေး-ဖြေ လျှောက်တင် မျှော်ရှင်စေ ဖွယ်စကားကြွယ်သဖြင့် ကြီးငယ်လူပေါင်းမှတ်ရန် ကောင်းသောအကြောင်း ထုပ္ပတ်အရပ်ရပ်ကို တတ်ကြစေခြင်းအကျိုးငှာ။ ဥဇုဘူတေန၊ ယောမြို့စား အတွင်းဝန်မင်းကြီး မဟာမင်းလှနော်ရထာမည်သာ အစ ဒုတိယဒ္ဓ အမစ္စမွန် နေရာ လွန်သဖြင့် တံခွန်သဖွယ် မြင့်ကျယ်သဘော ယောဆောမည်ကြား နှစ်မြို့စားဟု တရားကျေပွန်တေဇာချွန်သည့် ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှနော်ရထာ အရှိန်ဖြာလျက် ဝတိန်သာက ဣန္ဒာ မင်းစစ် မဟာရာဇ်ကဲ့သို့ ချစ်မြတ်အားထား ဘွဲ့ချီထားလျက် ကိုးကားပေစ္စ တတိယလျှင် ကမ္ဘာထင် အောင့်စာတင်၍ကျင်း ရာဇဝင်လင်းလှသော အမတ်ကြီးဦးပေါ်ဦး၏လျှောက်ထုံးဖြစ်သောစကားတို့ကို ဖြောင့်သားဆိုရာ အလင်္ကာဖြင့်။ ဝါ၊ တစ်နည်းကား။ ဥဇုဘူတေန၊ ရွှေနားတော်သွင်း ဖြေဖျော်ခြင်းကို စာရင်းပေါင်းကျုံး စာတမ်းကုံးလျက် နန်းလုံးမှတ်ချက် မူတော်ထွက်သည် ပျောက်ပျက်လေရာ ကောက်ယူရှာသော် ရရာစုံစီကုန်မရှိသဖြင့် သိဖူးသမျှ ကိုယ့်သုတကို တစ်စ မကျန် မှန်ကန်စုတွဲ လုံးအခဲပင် သုံးစွဲစေရာ ရှေးနန်စာကဲ့သို့ စဉ်လာပိုင်းခြား စေဖန်ထားလျက် ဖြောင့်သားလှစွာ အလင်္ကာဖြင့်။ ဝါ၊ တစ်နည်းကား။ ဥဇုဘူတေန၊ ပညာရှိမြတ် အမတ်လိမ္မာ ကဝိန္ဒာမှူး ဦးပေါ်ဦး၏ အထူးလျှောက်ထုံး စဆုံးရင်းဖျား စကားဖြောင့်စွာ အလင်္ကာဖြင့်။ ကဝိသေတ္တု မဉ္ဇူသံ၊ ပညာရှိတို့၏ အဆီထည့်ရာ သေတ္တာသဖွယ်ဖြစ်သော။ ဝါ၊ တစ်နည်းကား။ ကဝိသေတ္တုမဉ္ဇူသံ၊ ဖွင့်၍ကြည့်ခါအလိမ္မာဟု ရသာသေတ္တုအဆီအစုကို ရှုတိုင်းယူတိုင်း မဆိုင်းလိုခါ ရနိုင်ရာသည့် သေတ္တာ သဖွယ်ဖြစ်သော ကဝိသေတ္တုမဉ္ဇူသာ အမည်ရှိသောကျမ်းကို။ လိက္ခိသံ၊ ရေးသားစီရင်ပေအံ့။ ဣတိ၊ ဤသည်ကား ပဏာမ, ပဋိညာဉ်, ဥယျောဇဉ် မလပ် စကားတစ်ရပ်အပြီးသတ်တည်း။

http://www.dhammadownload.com



## ငှင်းလေးဂါထာတို့၏ အဓိပ္ပာယ်ကား

ထိုရတနတ္တယ ပဏ္ဏာမ, အဘိယာစက, ဥယျောဇန, ပဋိညာတဗ္ဗ စကားစုကို ပြရာဖြစ်သော လေးဂါထာတို့တွင် "သံမုယှန္တသုဆေဒကံသရံ" စသော မဂိုဏ်း, သဂိုဏ်း, ဇဂိုဏ်း, ဂရုတစ်ခု။ ငှင်းလက္ခဏာတို့ဖြင့် မှတ်၍ ဖွဲ့အပ်သော ပန္တိဆန်းသုဒ္ဓဝိရာဇိတဂါထာဖြင့် ဤပညာရှိအမတ်ကြီး ဦးပေါ်ဦး ၏ လျှောက်ထုံးဖြစ်သော ကဝိသေတ္တု မဉ္ဇူသာကျမ်းကို အားထုတ်လတ္တံ့သော မိဘနှစ်လီ ရွှေခွန်းချို၍ လူမည်မောင်အောင် ရဟန်းဘောင်၌ တန်ဆောင် သညာ ဘွဲ့ထူးစွာဖြင့် ဣန္ဒာစရိယ အမည်သလျက် နာမသမုတ်အကျွန်ုပ်အား အန္တရာယ ဝိသောဓနပကရဏာဘိ နိပ္ပါဒနအကျိုး ၂-ပါးကို ခေတ္တဗ္ဗ ရှာသယ ဟူသော အင်္ဂါ ၂-ပါးနှင့်ပြည့်စုံ၍ ပြီးစီးအောင်မြင်ခြင်း အကျိုးငှာ ပဏ္ဏာမ ပုဗ္ဗက ဂန္ထာရမ္ဘ, ထောမနာ ပုဗ္ဗက ဂန္ထာဂမ္ဘ, အာသီသပုဗ္ဗက ဂန္ထာရမ္ဘ သုံးပါး တို့တွင် အာသီသပုဗ္ဗက ဂန္ထာရမ္ဘကို မဆွလက်မွန် ရည်ညွှန်ပြသဆိုရပါ သတည်း။

ယင်းသို့ပြဆိုရာဝယ်လည်း ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ ဖွယ်ရာဓမ္မတာသဘောသည် မိမိပြုစီရင်လတ္တံ့သော ကျမ်းကိုမပြုမီရှေ့အဖို့ ၌ အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးစီးခြင်းအကျိုးရှိသော ရတနတ္တယပဏ္ဏာမ ကို ပြုကြဦးမြဲဖြစ်၍ အကျွန်ုပ်သည်လည်း ရှေးကျမ်းပြုဆရာ အဆူဆူတို့၏ နယူပဒေကိုမှီ၍ ယခုရေးသားတီထွင် စီရင်လတ္တံ့သော မိဘနှစ်လီ ရွှေခွန်း ချို၍ လူမည်'မောင်အောင်' ရဟန်းဘောင်၌ တန်ဆောင်သညာ ဘွဲ့ထူးစွာဖြင့် 'ဣန္ဒာစရိယ' အမည်သလျက် နာမသမုတ် အကျွန်ုပ်အား အန္တရာယ ဝိသော ဓန, ပကရဏာဘိ နိပ္ပါဒနအကျိုးနှစ်ပါးကို ခေတ္တ ဗ္ဗာသယဟူသော အင်္ဂါ နှစ်ပါးတို့နှင့်ပြည့်စုံ၍ ပြီးစီးအောင်မြင်ခြင်းအကျိုးငှာ ပဏ္ဏာမပုဗ္ဗက ဂန္ထာရမ္ဘ, ထောမနာပုဗ္ဗက ဂန္ထရမ္ဘ, အာသီသပုဗ္ဗကဂန္ထာရမ္ဘ သုံးပါးတို့တွင် အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘကို မဆွလက်မွန် ရည်ညွှန်ပြသ ဆိုရပါသတည်း။

ယင်းသို့ပြဆိုရာဝယ်လည်း ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ ဖွယ် ရာ ဓမ္မတာသဘောသည် မိမိပြုစီရင်လတ္တံ့သော ကျမ်းကိုမပြုမီရှေ့အဖို့၌ အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးစီးခြင်းအကျိုးရှိသော ရတနတ္တယပဏ္ဏာမ

http://www.dhammadownload.com



ကို ပြုကြဦးမြဲဖြစ်၍ အကျွန်ုပ်သည်လည်း ရှေးကျမ်းပြုဆရာ အဆူဆူတို့၏ နယူပဒေသ, နယဂ္ဂါယ, နိဿယာစရိယ, လဒ္ဓေါပဒေသ, လဒ္ဓမုဋ္ဌိ,ရှိသည်နှင့် လျော်ညီစွာ ဤဦးပေါ်ဦး၏ လျှောက်ထုံးဖြစ်သော ပညာရှိတို့၏ အဆီထည့်ရာ သေတ္တာနှင့်တူသော ကဝိသေတ္တုမဥ္ဇူသာ အမည်ရှိသောကျမ်းကိုမပြုမီ ရှေ့အဖို့၌ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းကို အလိုရှိသောကြောင့် အန္တရာယ်ဝိသောဓနေ ပကရဏာဘိနိပ္ဖါဒန ဖြစ်ပါရခြင်းအကျိုးငှာ။ ဝါ၊ ခေတ္တဗ္ဗာသယ ဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံ၍ ပြီးစီးအောင်မြင်ခြင်း အကျိုးရှိသော ပဏာမ ပုဗ္ဗကဂန္ထာရမ္ဘကိုပြုလိုသည်ဖြစ်၍ ဆိုခဲ့ရင်းအမည်ရှိသော အကျွန်ုပ်သည် "သံမုယှန္တသုဆေဒကံဝရံ"အစရှိသော ပထမဂါထာကို အဦးတည်၍ ချီးကျူးမြွက်ဆိုရပါသတည်း။

ထိုသို့ ချီးကျူးမြဲဖြစ်သော ကျမ်းပြုဆရာတို့၏ ထုံးတမ်းမေ့တာ အစဉ်အလာတို့တွင်-

ခပ်သိမ်းဝါကျ၊ ဟူသမျှဝယ်၊ ပဓာနကြိယာ၊ ရှိမြဲသာတည်း ဟု ပရိဘာသာ လာသောကြောင့် လိုရင်းဝါကျ ပဓာနကား "အဟံ နမေ-နမေတွာ လိက္ခိသံ " အစရှိသည် တည်း. . . ဟူ၍ တက်သည်ဖြစ်ဘိသော်။

❖ ❖ ❖

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### ကဝိသေဋ္ဌ မဉ္ဇူသာကျမ်း

# ဦးပေါ်ဦး လျှောက်ထုံး

## အဝိဇ္ဇာနှင့် သင်္ခါရပစ္စည်းပြုဟန် မေးတော်မူခြင်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အမရပူရ ပထမမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် လက်နက်စကြာအရှင် ဘဝရှင်မင်းတရားကြီးသည် ၁၁၄၉-ခု၊ နယုန်လဆန်း ၈-ရက်နေ့ ရွှေဥကင်ကြီး ဖွင့်တော်မူရာ စာတော်ကြည့်ရာမှ အကြံတော် ဖြစ်ပွားလာသည်က အဓိမောက္ခဖြစ်တော်မူလိုသော သမ္မာဆန္ဒတော်ဖြင့် ဝန်ကြီး အတွင်းဝန် အစုံအညီတို့နှင့် စံပယ်တော်မူသော ညီလာခံတွင် (အတွင်းဝန်ကြီး) ဘွဲ့ခံသော ဦးပေါ်ဦးကိုမေးတော်မူသည်မှာ. . .

"ပေါ်ဦး၊ ကိုယ်တော်မြတ်သည် ကိလေသာတည်းဟူသော ကုဋ္ဌ ဂဏ္ဍ စသည့်အမျိုး အနာဆိုးတို့ကို ပယ်ချိုးပျောက်ပျက်စေခြင်းငှာ ကုသတော်မူနိုင်သော သတ္တိကြီးစွာသော မဟာဝီရိယတော်ဖြင့် မပျင်းမရိ အားထုတ်၍

http://www.dhammadownload.com



ကုစားတော်မူလေ့ရှိသော ဝသီဘော်တော် ဝေနေယျသတ္တဝါ အပေါင်းတို့အား ရင်နှစ်တော်ဖွား သားတော် ရှင်ရာဟုလာနှင့်မခြား သနားတော်မူသဖြင့် ကုစားချင်သောစိတ်ကိုဖြစ်စေတတ်သော မဟာကရုဏာ သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် ပြည့်စုံတော်မူသောကြောင့် ဘုံသုံးပါး၌ မဟာတိကိစ္ဆက အမည်တော်ရှိသော ငါတို့၏မှန်ကူသယမ္ဘူမြတ်ဖျား ဆေးသမားတော်ကြီး ဘုရားသည် ဟောကြားမိန့်မြွက်တော်မူခဲ့သော ဒေသနက်အာဏာ ဓမ္မကန္ဒာတို့ကို သမ္မာဝါယာမအဟုန် ထုံတော်မူသည့်အတိုင်း ကိလေသာသမုဒ္ဒေ တဒင်္ဂပဟာနဖြစ်စေခြင်းငှာ မဟာကုသလဉာဏသမ္ပယုတ်ဇောစိတ္တုပ်ဖြင့် မဟုဿာဟအမွန် အလွန်အမင်းအားထုတ်၍ စာကြည့်တော်မူသည်။

ထိုသို့စာတော်ကြည့်ရာ ဝိစိကိစ္ဆာအမှု ယခုတွေ့ကြုံရသည်မှာ သမန္တစက္ခု သဗ္ဗညုဘုရား ဟောကြားတော်မူအပ်သော အနမတဂ္ဂသံသရာ၌ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ရာဟောဟန်ကား- "အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ" ဟူ၍ ဟောတော်မူသည်။ ဤသို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ဟောတော်မူခြင်းသည် အဘယ့်ကြောင့် အဘယ်အလို့ငှာ အဝိဇ္ဇာနှင့် သင်္ခါရကို ဖက်စပ်၍ ဟောတော်မူသနည်း၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသော ပါဠ်၌ စင်စစ်တရားကိုယ်အားဖြင့်သော်ကား အဝိဇ္ဇာသည် အကုသိုလ်၏ အစုအခဲကြီးဖြစ်၏။ ပုညာဘိသင်္ခါရမှာမူကား မုချအားဖြင့် ကိုသိုလ်တရားကိုယ်ကြီးဖြစ်၏။ အကုသိုလ်နှင့် ကုသိုလ်ဓမ္မသဘာဝတို့သည်ကား ဇာတိခေတ်အဆုံးဖြစ်သော စကြဝဠာနှင့် ယခုငါတို့ဖြစ်သော စကြဝဠာကို ဣဒ္ဓိဝိဓအဘိညာဉ် အရှင်မြတ်တို့သည် မိမိတို့ရအပ်သော ဣဒ္ဓိတန်ခိုးတော်ဖြင့် တစ်မုဟုတ်ချင်းပင်လျှင် ယူငင်၍ ခွက်ဖလားနှစ်ခုကို တစ်ထပ်တည်းဖြစ်အောင် ဖက်စပ်နှိပ်ထားသကဲ့သို့ ဖက်စပ်နှိပ်ထားခြင်းကို စွမ်းနိုင်သော် လည်းစွမ်းနိုင်ရာ၏။

အကုသိုလ်နှင့် ကုသိုလ်ဓမ္မ နှစ်ဌာနတို့၏ သဘာဝသည်ကား အလွန်ဝေးလန်သော ဓမ္မအန္တရာယ်ကြီးဖြစ်ကြောင်းကား ထင်ရှား၏။ ဖက်စက်ရန်လည်း ခဲယဉ်း၏။ ဤသို့ထူးခြား တရားသဘာဝနှစ်ဌာနကို မဟာအတုလဓမ္မသာမိရှင်တော်ဘုရားသည် အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူ၍ ဟောတော်မူရာ၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဆိုသော် အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည်

http://www.dhammadownload.com



ဟု ဟောတော်မူရာ ရောက်တော့သည်။ ဤသို့အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည် ဆိုပြန်မူကား ဂင်္ဂါဝါဠု သဲစုမကပွင့်တော်မူပြီးဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓသခင် ရှင်တော်ဘုရားတို့သည် သခ်ျေများစွာ ကမ္ဘာကုန်ခန်းအောင် လှူဒါန်းခြင်းပါရမီ အစချီသော ပါရမီဆယ်ပါး အပြားသုံးဆယ်ဟုဆိုအပ်သော သမ္ဘာရအဆောက်အအုံကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ခြင်းကား အကြောင်းမဟုတ်။ မဖြည့်ကျင့်သော်လည်း အဝိဇ္ဇာတည်းဟူသော ဩယာသဝဋ္ဋတွင်းကပင်လျှင် အလိုအလျောက်ထမြောက်၍ ဘုရားဖြစ်တော်မူနိုင်ရာမရောက်ပြီလော။

အဝိဇ္ဇာတည်းဟူသော ဩယာသဝဋ္ဋတွင်းမှ ဖြစ်သောဘုရား သန္တာန်တော်သည်လည်း ကုဋ္ဌဂဏ္ဍစသည်အမျိုး အနာဆိုးဟုဆိုအပ်သော ကိလေသာနုနာသည် စွဲကပ်လျက်ရှိဖွယ်ရာသာတည်း။ ဤသို့စွဲကပ် နံညှီသော ကိလေသာနုနာရှိပြန်ကလည်း ဝေနေယျသတ္တဝါတို့အား ကိလေသာတည်းဟူသောအနာဆိုးကို ပယ်ချိုးနှိမ်နင်းခြင်း ကုစားခြင်းကိုပြုတော်မူတတ်သော၊ ကုစားခြင်းကို ပြုတော်မူချင်လေ့ ရှိတော်မူသော မဟာကရုဏာ သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံတော်မူသော မဟာတိကိစ္ဆက သမားတော်ကြီးဟူသော အမည်တော်မြတ်ကို အဘယ်သို့ခံယူခြင်းငှာ စွမ်းတော်မူနိုင်တော့အံ့နည်း။

သို့ဖြစ်သည်ကြောင့် ဤအရာဝယ် အတည်တည်အဝဝသော ဓမ္မုပဒေသ နယူပဒေသ နယဂ္ဂါဟ လဒ္ဓေါပဒေသနှင့်ပင် ကိုယ်တော်မြတ်သည်ဆင်ခြင်ယူဆတော်မူသော်လည်း အတိဂမ္ဘီရအတိဝတ္ထာရ အရာဖြစ်၍ဝေဖန်တော်မူ၍မရရှိသည်ကို ခွဲခြမ်းစိတ်ဖြာ၍ သိတော်မူလိုသည်"ဟူ၍ ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူသည်။

ဤကား အမတ်ကြီးဦးပေါ်ဦးသို့ ရှေးဦးစွာ မေးတော်မူခြင်းတည်း။

## အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

"နရာဓိပ၊ ဂဇာဓိပ၊ ပဿာမိပ၊ မဟာကဏ္ဍပိန္ဒ၊ ရာဇာဓိမိုင်း၊ တိုင်းကြီးကမ္ဘူ၊ သမ္ဘူတိဇာတ်၊ မြတ်ဘဝိဿရ၊ လောကဿရဘူ၊ ဇမ္ဗူလုံးသေဌ်နင်း၊ ဘုန်းရောင်လင်းသည်၊ မင်းမင်းရာဇိန်၊ သမ္ဘိန်ဥက္ကဌ်၊ စောနေနတ်။ မြဲမှတ်

http://www.dhammadownload.com



စေရာ၊ ကျမ်းဂန်လာကို၊ သေချာထုတ်ဖော်၊ မတ်ကျွန်တော်လျှင်၊ ကော်ရော်ညွတ်ကျိုး၊ လက်စုံမိုးလျက်၊ ရှိခိုး၍သာ၊ လျှောက်ဆိုပါအံ့။ မန္တာတုန္ဓယ်ပွား၊ ပန်ဆင်တော်မူဘုရား။ ။ (အာသာဝတီဝတ်ဆံချနည်း)။

(စာဆိုတတ်သော အမတ်, စကားတောင်စား အမတ်တို့၏ သံတော်ဦးတင်ရိုးကား ဤသို့စကားပလ္လင်ခံသော ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း လင်္ကာရတုကိုဆိုပြီးမှ အလိုရှိရာဆန္ဒကို တင်ရိုးထုံးစံပင်တည်း။ ဤကား အထူးမှတ်ရန်စကားချပ်တည်း။)

အနန္တဂုဏ အတုလပရမံ အရဟံဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မာရဇိန် တိဘဝိဿရ လောကနာထ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော အနမတဂ္ဂ သံသာရစက္က ပဋိစ္စသမုပ္ပါဒ်တရားတွင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟူသောပါဠ်၌ အဝိဇ္ဇာနှင့် သင်္ခါရတရားတို့၏ သမ္ပယုတ္တဓမ္မမိဿက သဟဇာတပစ္စည်းဖြစ်ဟန်ကား. . . ဤသို့ပင် မှတ်တော်မူရာသည်။

အဝိဇ္ဇာသည် စင်စစ်အကုသိုလ်၏ အစုအခဲကြီးမှန်၏။ ပုညာဘိသင်္ခါရသည် မုချအားဖြင့် ကုသိုလ်တရားကိုယ်ကြီး မှန်၏။ အကုသိုလ်နှင့် ကုသိုလ်တို့သည်ကား ဓမ္မသဘာဝအားဖြင့် ဖြဟ္မာနှစ်ဆယ်အထက် ဘဝဂ်ဟူသောဒေသ၌ နရက်ဟူသော အဝီစိငရဲသည်တက်၍ တည်သော်လည်း တည်ဖွယ်ရာရှိ၏။ အကုသိုလ်နှင့်ကုသိုလ် ဓမ္မနှစ်ဌာနသည် ပစ္စယမိဿက ဖြစ်နိုင်ဖွယ်ရာမရှိ၊ ခဲယဉ်းသည်မှန်၏။ ထိုသို့ ခဲယဉ်းပင် ခဲယဉ်းငြားသော်လည်း ဤအရာ၌ သက သမယတည်းဟူသော တောအုပ်, သမယန္တရတည်းဟူသော တောအုပ်သို့ သက်ဝင်ကျက်စားတော်မူမှုလည်း သင့်တော်မူပါမည်။ ဂင်္ဂါဝါဠု သဲစုမကပွင့်တော်မူကုန်သော ဘုရားရှင်တို့သည်လည်း "ဒသပါရမိယော ဒသဥပပါရမိယော ဒသပရမတ္ထ ပါရမိယောတိ သမတိံသပါရမိယော" ဟူသော ပါဠ်နှင့်အညီ ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို သချေ်များစွာ ကမ္ဘာကုန်ခန်းအောင် ဖြည့်ကျင့်တော်မူသည်ကား မှန်၏။

သင်္ခါရယမိုက်၌ လာသည်မှာလည်း "ကရေန ဇာတံ ကရဇံ"ဟူ၍ လာပေသည်။ ဓိဏာသဝ သခင်ဖြစ်တော်မူသော ကစ္စည်းမည်တွင် ထေရ်

http://www.dhammadownload.com



အရှင်၏ တီထွင်ပြုစုတော်မူခဲ့သော သဒ္ဒါကျမ်း၌လည်း ဥရသ္မာ ဇာတော ပုတ္တော-ဟူ၍လည်းကောင်း, ဥဘတော သုဇာတော ပုတ္တော မာတိတောစ ပိတိတောစ ဟူ၍လည်းကောင်း လာသည်လည်း ထင်ရှား၏။ ဤသို့ထင်ရှား စွာလာသော သဒ္ဒါအစဉ်အနက်အစဉ်ဖြင့် ထင်မြင်တော်မူလိုသော် ကရေန၊ မိဘနှစ်ပါးတို့၏ သုက်သွေးကြောင့်။ ဇာတ၊ ဖြစ်သည်တည်း။ ကရဏ် မိဘ နှစ်ပါးတို့၏ သုက်သွေးကြောင့်ဖြစ်သည်ဟူသော ယမိုက်စကား တစ်ရပ်။ ဥရသ္မာ၊ ရင်မှ။ ဇာတော၊ ဖြစ်သော။ ပုတ္တော၊ သားတည်းဟူသော စကား တစ်ရပ်။ မာတိတောစ၊ အမိမှလည်းကောင်း။ ပိတိတောစ၊ အဖမှလည်း ကောင်း။ ဥဘတော၊ နှစ်ပါးစုံသောသူတို့မှ။ သုဇာတော၊ ကောင်းစွာဖြစ်သော။ ပုတ္တော၊ သားတည်းဟူသော သဒ္ဒါကြီးစကားတစ်ရပ်။

ထိုစကားတို့၏ အတ္တာပတ္တိကား မိဘနှစ်ပါးသုက်သွေးကြောင့် သား ဖြစ်သည်။ ရင်မှဖြစ်သောသားတည်း။ အမိမှလည်းကောင်း၊ အဖမှ လည်း ကောင်း ကောင်းစွာဖြစ်သော သားတည်းဆိုသည့်အတိုင်းပင်လျှင် ပါရမီ မဖြည့်ဘဲ အဝိဇ္ဇာ သက်သက်ကသော်လည်း ဘုရားဖြစ်နိုင်ရာ ရောက်၏။ အကုသိုလ် သက်သက်ကသော်လည်း ကုသိုလ်ဖြစ်နိုင်ရာ ရောက်၏။ ညွန် သက်သက်ကပင်လျှင် ကြာပေါက်နိုင်ရာ ရောက်၏။ မိဘနှစ်ပါးတို့၏ ရင်မှ အလိုအလျောက် သားဖြစ်ရာ ရောက်ပေ၏။ ထိုသို့ပင် ရောက်သော်လည်း မြတ်စွာဘုရား သခင်သည် ဟောတော်မူအပ်သော ဒေသနာတော်ဟူသမျှ ကား ယေဘုယျအားဖြင့် သင်္ခေပနယသည်သာလျှင် များပါသည်။ ဤသို့ သင်္ခေပနယဖြင့် ဟောတော်မူခဲ့သမျှကိုပင် ပညာသိမ်သေးဉာဏ်မှေးမျက်စိ ရှိသည့်သူတို့သည် ဓမ္မပူဇာ ဝိစ္ဆာအနက်အထွက်နိမိတ် အမြိတ်ကုန်ခန်းအောင် သိကျွမ်းနိုင်ရန် ခဲခက်မည် စိုးသောကြောင့် မြတ်စွာဘုရားဟောတော်မူသော ဂါထာဗန္ဓတို့ကို အနက်သွား စကားမြိတ်အရိပ်ထွက်ကုန်အောင် မဟာအဋ္ဌ ကထာ, ကုရုန္ဒီအဋ္ဌကထာ, မဟာပစ္စရိတ် အဋ္ဌကထာ, သင်္ခေပအဋ္ဌကထာ, အန္ဓကအဋ္ဌကထာ အစရှိ သော အဋ္ဌကထာအရှင် ဉာဏ်ပင်ပဒေသာတို့၏ သေတ္တုကို ပေါင်းစုညှိနှိုင်း၍ လင်္ကာဒီပသီဟဠမှ ပိဋကတ်ရွှေစာသေချာတည်း ပြန်၍ ဖွင့်ဆို ရေးကူးတော်မူအပ်ခဲ့သော သုတ် အဘိဓမ္မာဝိနည်း အဋ္ဌကထာ ဆရာ ရှင်ဗုဒ္ဓဃောသသည် သရူပါယဗောဖြစ်စေခြင်းငှာ ဖွင့်ပြလမ်းညွှန်

တော်မူသည်ကိုလည်း ထောက်ချင့်တော် မူစေချင်ပါသည်။ လောကီ ဓမ္မသတ်ကျမ်းတို့၌လည်း အုန်းပင်, ထန်းပင်, ပေပင်တက်သောသူ၏ လက်မှလွတ်၍ ကျသော ဓားလက်နက်သည် ထိုသစ်ပင်အောက်၌တည်ရှိသော သူကိုပင် ထိခိုက်စူးရှသည်ရှိသော် အကြွင်းသူသည် တရားကိုလိုသဖြင့် စွဲဆိုလာမူ ထိုသစ်ပင်၏အရင်းမှာ ထန်းတက် ယောက်ျား၏ တစ်လံကွာအပြင်မှာသာ တရားထိုက်သက်ရာ ရောက်သည်ဟုဆိုသော ရုက္ခူပစာကိုလည်း ဆင်ခြင်တော်မူသင့်လှပါသည်။ အပ်လျှိုယောက်ျားနှင့် နီးနားရှိသူ အပ်ဖြင့် ထိုးကျင် မိခဲ့၍ နီးနားရှိသူသည် တရားကို လိုသဖြင့် စွဲဆိုလာသည်ရှိသော် အပ်ချည်နိမိတ် တစ်တောင့်ထွာမှာ ဝေးကွာပြင်ထွက်ရှိမှသာ တရားထိုက်သက်သည်ဟူသော သုစိသုတ္တူပစာကို ဆင်ခြင်တော်မူသင့်ပါသည်လည်း တစ်ရပ်။ ဝိနည်းတော်လာ ပါစိတျာဒိ အဋ္ဌကထာတွင် မုသာဝါဒဝဂ်၌ "ကာယ စိတ္တတော၊ ဝါစာ စိတ္တတော၊ ကာယဝါစာစိတ္တတော" ဟူ၍ ဖွင့်ပြတော်မူရာ ၎င်းသမုဋ္ဌာန်သုံးပါး ပြုပြင်က ရဟန်းတော်မြတ်တို့မှာ အကျိုးပျက်အောင် ပြောဆိုမိက ကမ္မပထ မုသာဝါဒ ချော်ချွတ်လို၍ ပြောဆိုမိသော် သိက္ခာပဒမုသာဝါဒသင့်၍ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ဟု ဆိုအပ်သော အာပတ္တိအာပဇ္ဇန ဖြစ်သည်ဟု မိန့်၏။

ဤအရာ၌ ရဟန်းတော်တို့ကိုသာ အာပတ္တိအာပဇ္ဇနဖြစ်သည်ဆိုသော် အာဂါရိုပါသကာတို့မှာ လွတ်ကင်းရာမကျပါပြီလော။ ထိုသို့လွတ်ကင်းရာပင် ကျသော်လည်း စင်စစ်တရားကိုယ်အားဖြင့်သော်ကား အနုပသမ္ပန္နတို့မှာလည်း လောကဝဇ္ဇဟု ပြောသောစကားရပ်ကို ထောက်သဖြင့် သင့်သည်ဟု သိတော်မူရာသည်။

ဤ၌ရာဇာ အာဂစ္ဆတိဟူသည်ကို ထောက်တော်မူပါ။ သမန္တပါသာဒိက အဋ္ဌကထာကိုလည်း ပါရာဇိကဏ် အဋ္ဌကထာဟုခေါ် ဝေါ်သည်ကိုလည်း နှလုံးသွင်းတော် မူသင့်ပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ၌ မေတ္တာစိတ်ဟူ၍ မရှိသော်လည်း အဒေါသ စေတနာကိုပင်လျှင် မေတ္တာစိတ်ဟူ၍ သိရာသကဲ့သို့ ဘူမိ ဗေဒတွင် အဝတ္တာဘုံဟု မရှိသော်လည်း မဂ်၏အခိုက်အတန့်သည် အဝတ္တာဘုံဟု သိရသကဲ့သို့လည်းကောင်း၊ ဆင်ခြင်တော်မူသင့်လှပါသည်။ အဝိဇ္ဇာ သက်သက်မှ ဘုရားမဖြစ်နိုင်ကြောင်း၊ မိဘနှစ်ပါး သက်သက်မှ သား

http://www.dhammadownload.com



မဖြစ်နိုင်ကြောင်း၊ ညွှန်သက်သက်မှ ကြာမပေါက်နိုင်ကြောင်းကား ဤသို့ အထူးကို မှတ်တော်မူ။

မာတာပိတရောစ သန္နိပတိတာ ဟောန္တိ၊ မာတာစ ဥတုနီဟောတိ။ ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော ဟောတိ၊ ဧဝံ တိဏ္ဏံသန္နိပါတာ ဂဗ္ဘဿ ဝက္ကန္တိ ဟောတိ-

ဟူ၍ ဘုရားဟောတော်မူသည်။

အတ္ထကား. . . မာတာပိရောစ၊ အမိအဖတို့သည်လည်း။ သန္နိပတိတာ၊ မေထုန်ဟုဆိုအပ်သော အဇ္ဈာစာရ၏ အစွမ်းဖြင့်တကွ စည်းဝေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မာတာစ၊ အမိသည် လည်း။ ဥတုနီ၊ သွေးဟုဆိုအပ်သော ဥတုလာသည်။ ဟောတိ၊ဖြစ်၏။ ဂန္ဓဗ္ဗောစ၊ ကပ်အပ်သောဘဝရှိသော သတ္တဝါသည်လည်း။ ပစ္စုပဋ္ဌိတော၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ တိဏ္ဏံ၊ သုံးပါးသောအကြောင်းတို့၏။ သန္နိပတိတာ၊ အညီအညွတ်စည်းဝေး ခြင်းကြောင့်။ ဂဗ္ဘဿ၊ သူငယ်၏။ အဝက္ကန္တိ၊ အမိဝမ်းသို့ သက်ဝင် ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိတော်၌ "မာတာပိတရောစ သန္နိပတိတာ" ဟူသောပါဌ်ဖြင့် အမိအဖနှစ်ပါးတို့၏ မေထုန်အမှုကိုပြသည်။ "မာတာစ ဥတုနီ"ဟူသော ပါဌ်ဖြင့် အမိ၏ဥတုလာခြင်း အခါအခွင့်ကိုပြသည်။ "ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော" ဟူသောပါဌ်ဖြင့် အမိဝမ်းသို့ကပ်အပ်သော ဘဝရှိသော သတ္တဝါ၏ ရှေးရှု ထင်ခြင်းကိုပြသည်။ "ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿ ဝက္ကန္တိ"ဟူသော ပါဌ် ဖြင့် ဤသုံးပါးသောအကြောင်းဖြင့် အညီအညွတ်စည်းဝေးခြင်းကြောင့် အမိ ဝမ်းတွင် သူငယ်သက်ဝင် ကိန်းအောင်းတည်နေသည်ကိုပြသည်။

ဤသည်လျှင် မိဘနှစ်ပါးတို့၏ သုက်သွေးကြောင့်လည်းကောင်း၊ ရင်မှလည်းကောင်း အလိုအလျောက်သား မဖြစ်ကြောင်း။ အဝိဇ္ဇာသက်သက် က ဘုရားမဖြစ်ကြောင်း။ ညွှန်သက်သက်မှ ကြာမဖြစ်ကြောင်း သိသာတော် မူရာသည်။

အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း နိယာမငါးပါးကို ပြတော်မူရာဝယ်

http://www.dhammadownload.com



"ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဥတုနိယာမ၊ ဗီဇနိယာမ၊ ဓမ္မနိယာမ"ဟူ၍ ဆိုသည်ကိုထောက်သော် မျိုးစေ့၏ အစဦးကင်းသဖြင့် သတ္တဝါအများ ဘုရား, ကြာပင်မဖြစ်ကြောင်း သိတော်မူရာသည်။

ထိုမှတစ်ပါးလည်း ဗုဒ္ဓဝင် အဋ္ဌကထာမာတိကာနိဒါန်းစသည်တို့၌ မိန့်သည်မှာကား ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေထက်၌ သုမေဓာရသေ့ဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်အထီးတည်း နိဗ္ဗာန်ကိုယူတော်မူသည်ရှိသော် ရအပ်လျက်အားအစွမ်းကို မြင်တော်မူသောယောက်ျားမြတ် ဖြစ်တော်မူသောကြောင့် တစ်ယောက်ထီးတည်းကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဝေနေယျသတ္တဝါအပေါင်းတို့ကို သံသရာတည်းဟူသော ရေအယဉ်မှထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်အံ့ဟုကြံတော်မူသဖြင့် လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကိုစွန့်လွှတ်တော်မူ၍ သုမေဓာရသေ့အဖြစ်မှသည် ဝေဿန္တရာမင်းအဖြစ်တိုင်အောင် မရေမတွက်နိုင်သော ဘဝတို့၌ ဒသပါရမီငါးလီစာဂ စရိယတို့ကိုဖြည့်ကျင့်ဆည်းပူးတော်မူပြီး၍ တုသိတာနတ်ပြည်ဝယ် သေတကေဟုအမည်ရှိသော နတ်သားအဖြစ်နှင့် လူတို့အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း။ တုသိတာနတ်တို့၏အရေအတွက်အားဖြင့် အနှစ်လေးထောင် ကာလပတ်လုံးနတ်တို့၏ စည်းစိမ်ကိုခံစားတော်မူပြီးသော အဆုံး၌-

> အလောင်းတော်နတ်သား. . . ဘုရားဖြစ်တော်မူအံ့သောအခါတိုင်ပါပြီ။ လောကသုံးပါး၌ လူ, နတ်, ဗြဟ္မာသတ္တဝါတို့၏ အကျိုးငှာလူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါ. . . .

ဟု တစ်သောင်းသော စကြဝဠာတိုက်မှလာကုန်သော နတ်, ဗြဟ္မာ, အပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ကြည့်ခြင်းငါးပါးကိုစွပြည့်စုံလတ်သည်ရှိသော် ဝါဆိုလပြည့်နေ့အခါ အာသဠ္ဌီနက္ခတ်နှင့်ယှဉ်လျက် အသမ္ဘိန္န ခတ္တိယသေဌ်နင်း သုဒ္ဓေါဒနမင်းကြီး၏ လက်ယာတော်ထား သိရိမင်္ဂလာ မဟာမာယာဒေဝီဝမ်း၌ ပဋိသန္ဓေစံနေကိန်းဝပ်တော်မူပြီး၍ ဆယ်လစေ့သဖြင့် ကဆုန်လပြည့်နေ့တွင် ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် အလောင်းမင်းသားကို

http://www.dhammadownload.com



ဖွားတော်မူ၏ဟု ဆိုသော ကျမ်းဂန်စကားကို ထောက်သဖြင့် သုဒ္ဓေါဒနမင်းနှင့် မယ်တော်မာယာတို့၏ ကာမဆန္ဒတည်းဟူသော အဝိဇ္ဇာနီဝရဏမှ အလောင်းမင်းသားတည်းဟူသော ပုညာဘိသင်္ခါရတို့သည် ကျေးဇူးပြု၍ မိဿကပစ္စည်းဖြစ်သည်ကို ယုံကြည်သဖြင့် ယူတော်မူသင့်သည်။

ဤအရာ၀ယ် ထောက်ဆဖွယ်ကို ရွှေဘုန်းတော်ကျွန် ဝန်'ငပေါ်ဦး' သည် အထူးကို လျှောက်ဆိုပါအံ့။

ဧဝံ ပူရိတ ပါရမိနံပိစ သတ္တာနံ ဝေဠုဝေ ဌာနေ မဟန္တံ ဒုက္ခံ ဥပ္ပဇ္ဇတီတိ အလမေဝ ဂဗ္ဘဝါသေ နိဗ္ဗိန္ဒိတုံ အလမေဝ ဝိရဇ္ဇိတုံ-

ဟူ၍ သမ္မောဟဝိနောဒနီယသုတ် အဋ္ဌကထာမှာရှိပါသည်။

ဧဝံ၊ ဤသို့။ ပူရိတပါရမီနံ၊ ဖြည့်အပ်ပြီးသော ပါရမီရှိကုန်သော။ သတ္တာနံပိစ၊ အဂ္ဂသာဝက ပစ္စေကအချုပ်သမ္ဗုဒ္ဓ အလောင်းဖြစ်တော်မူကုန်သော သတ္တဝါတို့အားလည်း။ ဝေဠုပေ၊ ဤသို့သဘောရှိသော။ ဌာနေ၊ ပဋိသန္ဓေနေရသောအရာ၌။ မဟန္တံ၊ ကြီးစွာသော။ ဒုက္ခံ၊ ဆင်းရဲသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တုံသေး၏။ ဣတိ-မနသိကတွာ၊ ဤသို့နှလုံးပိုက်၍။ ဂဗ္ဘဝါသေ၊ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေရခြင်း၌။ နိဗ္ဗိန္ဒိတုံ၊ ငြီးငွေ့ခြင်းငှာ။ အလမေဝ-အလံဧဝ၊ သင့်သည်သာလျှင်တည်း။ ဝိရဇ္ဇိတုံ၊ တပ်ခြင်းကင်းခြင်းငှာ။ အလမေဝ၊ သင့်သည်သာလျှင်တည်း။ ပုနစပရံ၊ တစ်ပါးတုံ။ အာဝုသော၊ ငါ့ရှင်တို့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ သမ္ပဇာနော၊ မတွေဝေဘဲ ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိမှိ၊ အမိဝမ်း၌။ ဌာတိ၊ တည်နေရ၏။ သမ္ပဇာနော၊ မတွေဝေဘဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိမှာ၊ အမိဝမ်းမှ။ နိက္ခမတု၊ ဖွားရလေ၏။ အယံ၊ ဤမတွေဝေဘဲ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းမှဖွားရခြင်းသည်။ စတုတ္ထော၊ လေးခုမြောက်သော။ ဂဗ္ဘဝက္ကန္တိ၊ အမိဝမ်းတွင်းသို့ဝင်၍ ပဋိသန္ဓေနေရခြင်းမည်၏။

ဤသို့ အဋ္ဌကထာလာသော စတုတ္ထဂဗ္ဘဝက္ကန္တိသည် ဘုရားအစရှိသော အလောင်းတော်တို့ကိုရည်၍ ဟောတော်မူခြင်းဖြစ်သည်။

http://www.dhammadownload.com



ထိုကိုထောက်သော် သူငါကအစရှိသမျှ သတ္တဝါအပေါင်းတို့သည်လည်း မိမိတို့ပုညာဘိသင်္ခါရအလျောက် ပဋိသန္ဓေနေကြရသည်ပင်တည်းဟု သိတော်မူသင့်ရာသည်။

ဤအရာ၌ ညွှန်တွင်ကြာစေ့ကျမှ ကြာပင်ပေါက်သကဲ့သို့ ဘုရားအစရှိသော သတ္တလောက၌လည်း အဝိဇ္ဇာမှ အလိုအလျောက်မဖြစ်မူ၍ ပုညာဘိသင်္ခါရ၏တည်ရာ ဝိညာဏက္ခန္ဓာတည်းဟူသော မျိုးစေ့နှင့် မိဿကပစ္စည်းပြ၍ ဖြစ်နိုင်ကြောင်း ဆင်ခြင်တော်မူရန်ကား- မရဏာသန္နဇော ဝီထိအကျကိုလည်း ထောက်တော်မူ။ ဂတိနိမိတ် ငါးပါးတွင်တစ်ပါးပါးသောနိမိတ်ကို ထင်မြင်သဖြင့် ထင်မြင်ရာသို့လားရ၏ဟူသော ကျမ်းဂန်ကိုလည်းထောက်တော်မူ။ ၎င်းဂတိနိမိတ် ထင်မြင်သူတို့၏ လားရာလားကြောင်း လားဆဲလားလတ္တံ့ဖြစ်သော အပါယ်လေးဘုံအစရှိသော သုံးဆယ့်တစ်ပုံထင်ရှားရှိသည်ကိုလည်း ထောက်ဆတော်မူ။ ရဟန်း၊ ရှင်၊ လူ အစရှိသည်တို့ကိုလည်း ကောင်းရာလမ်းသို့ရောက်စေခြင်းငှာ မဟာကရုဏာသဗ္ဗညုတ ဉာဏ်တော်ဖြင့် ကျင့်ရာကျင့်ကြောင်းလမ်းကောင်း သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့သည်ကိုလည်း ထောက်ဆတော်မူ။ ဘဝများစွာကို ပညတ်တော်မူခဲ့သည်ကိုလည်း ထောက်ဆတော်မူ။ ဘဝများစွာ သန္ဓေသချာလည်ခဲ့ကြရကြောင်းကို အနမတဂ္ဂသုတ္တန်၌ ဟောတော်မူသည်ကိုလည်း ထောက်တော်မူ။ မူဂပက္ခဇာတ်တော်ကြီး အဋ္ဌကထာတွင် ဗာရာဏသီပြည်၌ အနှစ် နှစ်ဆယ်မင်းပြုခဲ့ဖူးသဖြင့် ဉဿဒရက်ငရဲမှာပင် အနှစ်ရှစ်သောင်း ခံရသည်ကိုသိ၍ တုဏှီဘာဝနေသည်ဆိုသော ဇာတိဿရဉာဏ်ရစကားကိုလည်း ထောက်တော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထာ၌လည်းကောင်း၊ ဝိနည်းမဟာဝါအဋ္ဌကထာ၌ လည်းကောင်း "အနေကဇာတိသံသာရံ" ဟူသော ပဋိစ္စသမုပ္ပါဒ် ဥဒါန်းကိုကျူးရင့်တော်မူမှ သဗ္ဗညုတဉာဏ်ကို ရသည်ဟုဆိုသော အနေကဇာအဖွင့်စကားကို ထောက်ဆတော်မူသဖြင့် ဘဝမျိုးစေ့ရှိကြောင်းကို သိတော်မူသင့်ပါသည်။ သည်ကိုရည်၍ ကိုးခဏ်းပျို့၌ ရှင်ရဋ္ဌသာရအကျော်စပ်ဆိုတော်မူသည်မှာ-

တစ်ဖက်မြစ်ကြီး၊ ကူးခတ်ပြီးသော်၊ လှေစီးတက်ပစ်၊ ပြစ်ပြစ်ကုန်မြောက်၊ တစ်ယောက်မကျန်၊ သက်လေဟန်ကား၊ ဆုံးစွန်ခန္ဓာ၊

http://www.dhammadownload.com



သေမင်းရွာသို့ မျက်နှာရင်းတည်၊ စူးစူးရှည်လျက်၊ ကျင်လည်ရှေ့ဖျား၊ ရုပ်ကိုထား၍၊ သွားသက်နာမ်၏ ခြင်းရာတည်း-

ဟု စပ်ဆိုတော်မူသည်။

ရှင်သုမင်္ဂလသာမိ အကျော်ဆရာတော်သည်လည်း အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာ၌ပြဆိုတော်မူသည်မှာ. . .

ဘဝန္တရပဋိသန္ဓိ ဝသေနာတိ ပုရိမဘဝန္တရဿ ပစ္ဆိမ ဘဝန္တရဿ အညမညံ ကေဗဒ္ဓံဝိယ ပဋိသန္ဓာနဝသေန ဥပ္ပဇ္ဇမာနဝသေန ပတိဋ္ဌာတိ။

ဟု မိန့်တော်မူသည်။

ဘဝန္တရ ပဋိသန္ဓိ ဝသေနာတိ၊ ဘဝန္တရ ပဋိသန္ဓိဝသေနဟူသည်ကား။ ပုရိမဘဝန္တရဿစ၊ ရှေ့ဘဝအထူးကိုလည်းကောင်း၊ ပစ္ဆိမဘဝန္တရဿစ၊ နောက်ဘဝအထူးကိုလည်းကောင်း။ ဣတိ၊ ဤသို့။ အညမညံ၊ အချင်းချင်း။ ကေဗဒ္ဓံဝိယ၊ တစ်စပ်တည်း စပ်သကဲ့သို့။ ပဋိသန္ဓာနဝသေန၊ စပ်သည်၏အစွမ်းဖြင့်။ ပဋိသန္ဓိဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ဥပ္ပဇ္ဇမာနမေဝ၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ ဘဝန္တရေ၊ ဘဝတစ်ပါး၌။ ဝါ၊ ဘဝသစ်၌။ ပတိဋ္ဌာတိ၊ တည်၏။

ဤသို့မိန့်လာ ကျမ်းဂန်၌ပါသည်ကိုလည်း ထောက်ဆတော်မူသင့်ပါသည်။

ရှင်အဂ္ဂသမာဓိအကျော် စပ်ဆိုတော်မူသော ဘုံခဏ်း၌. . . 'လောက်လမ်းသဖွယ် ဝိညာဉ်တွယ်သည်' ဟူသောစကားကိုလည်း ထောက်တော်မူရာသည်။

အဝိဇ္ဇာသဝ တည်းဟူသောနွံတွင်းမှဖြစ်သော ဘုရားသည်လည်း ကိလေသာတည်းဟူသော ကုဋ္ဌဂဏ္ဍအနာကင်းနိုင်ဖွယ်ရာ ရှိပါမည်လောဟူရာ၌ "ပင်္ကေ ဇာတံ ပင်္ကဇံ"ဟူသကဲ့သို့ မှတ်တော်မူ။ 'ပင်္ကေ၊ ညွန်၌။ ဇာတံ၊ ဖြစ်သည်တည်း။ ပင်္ကဇံ၊ ညွန်၌ဖြစ်သောကြာ'ဟု ဆိုသဖြင့် ညွန်သည်အပုပ်နံ့လှိုင်၏။ ညွန်မှဖြစ်သော ကြာပန်းသည် သင်းကြိုင်လှိုင်မွှေး အေးချမ်းကြည်၏။ ညွန်သည်ထွတ်အိုင်းအနာ, ပွေး ဝဲစသောရောဂါတို့ကို စွဲကပ်ဖြစ်ပွား

http://www.dhammadownload.com



စေတတ်၏။ သတပတ်မုံအာ, ပဒုမ္မာကြာ၀တ်ဆန်စသည်တို့သည် ထိုရောဂါကို ပျောက်ပျက်စေသည်သာမက ထူးစွာသော ဩဇာရသရှိသည်၏အဖြစ်ကြောင့် ခပ်သိမ်းသောရောဂါအပေါင်းတို့ကို ကုသသောဆေးအပေါင်းနှင့်ဆက်ဆံ၏။ ဤသို့ညွှန်ဖြစ်သော ကြာပန်းဥပမာကို အဘယ်ကိုထောက်၍ သိတော်မူရာသနည်းဟူမူကား အရှင်သုမင်္ဂလသာမိ မည်တွင်သာသနဟိတေသနာစရိယ ပရံပရသိဿာနုသိဿ သောတုဇနတို့သခင် ဉာဏရက္ခဟူသော ဘွဲ့တော်ရှင် ဉာဏ်ပဒေသာပင်ကြီးသည် စီရင်တော်မူအပ်သော အဘိဓမ္မတ္ထဝိဘာ၀နီဋီကာကျမ်း၌-

သမ္မာသာမဋ္ဌ ပင္ဍိုဗုဒ္ဓေါ အနညပင္ဍိဗောဓိတော ဟုတွာ သယမေဝ သဝါသနသမ္မောဟနိဒ္ဓါယ အစ္စန္တံ ဝိဂတော ဒိနကရကိရဏသမာဂမေန ပရမရုစိရ သိရိသောဘဂ္ဂပတ္တိယာ ဝိကသိတမိဝ ပဒုမံ၊ အဂ္ဂမဂ္ဂ ဉာဏသမာဂမေနအပရိမိတ ဂုဏဂဏာလင်္ကတ သဗ္ဗညုတဉာဏပ္ပတ္တိယာ သမ္မာ သယမေဝ ဝိကသိတော ဝိကာသမနုပ္ပတ္တော-

ဟု လာသည်။

ဤဋီကာ၌ မြန်မာဘာသာပြန်သော်-

သမ္မာ၊ မဖောက်မပြန်။ သာမဋ္ဌ၊ ကိုယ်တော်တိုင်သာလျှင်။ ပင္ဍိုဗုဒ္ဓေါ၊ နိုးတော်မူ၏။ အနညပင္ဍိဗောဓိတော၊ သူတစ်ပါးတို့ မနိုးစေအပ်သည်။ ဟုတွာ၊ ဖြစ်၍။ သယမေဝ၊ ကိုယ်တော်တိုင်သာလျှင်၊ သဝါသနသမ္မောဟနိဒ္ဓါယ၊ မပျင်းမရှိဖြည့်ဆည်းပူးတော်မူခဲ့အပ်သော။ ဝါ၊ သာသနာတော်နှင့်တကွ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ။ အစ္စန္တံ၊ စင်စစ်။ ဝိဂတော၊ ကင်းခြင်းသို့ရောက်တော်မူ၏။ ဒိနကရ ကိရဏသမာဂမေန၊ နေမင်း၏အရောင်နှင့် ပေါင်းဖော်မိခြင်းကြောင့်။ ပရမရုစိရ သိရိသောဘဂ္ဂပတ္တိယာ၊ မြတ်သောအရောင် အသရေကိုတင့်တယ်ခြင်းအစုသို့ရောက်ခြင်းဖြင့်။ ဝိကသိတံ၊ ပွင့်ခြင်းသို့ရောက်သော။ ပဒုမံက္က၀၊ ပဒုမ္မာကြာကဲ့သို့။ အဂ္ဂမဂ္ဂဉာဏသမာဂမေန၊ မြတ်သောအရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဖော်မိခြင်းကြောင့်။ အပရိမိတဂုဏ ဂဏာလင်္ကတ သဗ္ဗညုတဉာဏ

http://www.dhammadownload.com



ပတ္တိယာ၊ မန္တိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းဖြင့် တန်ဆာဆင်
အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့်။ သယမေဝ၊ ကိုယ်
တော်တိုင်သာလျှင်၊ ဝိကသိတော၊ ပွင့်ခြင်းသို့ရောက်တော်မူ၏။
ဝိကာသံ၊ ပွင့်ခြင်းသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်တော်မူ၏။

ဤသို့လ၂ပေ၊၂ ဋီကာစကားကိုလည်း ထောက်တော်မူ။ ထိုမှတစ်ပါး လည်း ရတနာပူရ ရွှေပြည်ဝ၌ ရှဋ္ဌသာရအနွတ္ထသညာပိုဋကဗျာ၌ လိမ္မာ ကျွမ်းကျင် ဉာဏ်အရှင်သည် စီရင်တော်မူအပ်သော စတုဓမ္မသာရကိုးခဏ်း၌-

ထိုခါနိုင်းလျော်၊ ပမာသော်ကား၊ ကော်ကနုဒ၊ ကျော်စောလှသား၊
ပုပ္ပပဒုံ၊ ကြာဖူးငုံလျှင်၊ တိမ်ခြုံပယ်တွန်း၊ ရဝိထွန်းမူ၊ ပျံ့မွှန်းနံ့ကြွယ်၊
ဆင်းတင့်တယ်လျက်၊ သွယ်သွယ်ရံသည်၊ ဝတ်ဆံရွှေသား၊ ဖားရ
ရားလျှင်၊ ကားကားပွပွ၊ လန်းလန်းထသို့၊ ထပ်မျှနည်းဆောင်၊ ထိုကဲ့
ယောင်လျှင်၊ ညီနောင်တို့အား၊ သူတော်ကြားသား၊ တရားဟူသည်၊
နေခြည်လည်းသင့်၊ သဒ္ဓါပွင့်မူ၊ မမြင့်နေ့ရက်၊ ငယ်ရွယ်သက်က-

ဟူ၍ စပ်ဆိုတော်မူသည်ကို ထောက်သဖြင့် ကြာတို့သည် ညွန်နှင့်သဟဇာတ မိသကပစ္စည်းပြုသည်မှန်၏။ ပေါင်းဖော်သောအခါ ၎င်းညွန်၌ပင် နေသော် လည်း နေ, မင်းနှင့်သာပေါင်းဖော်၍ ပွင့်ခြင်းကိုပြုသဖြင့် ၎င်းကြာပန်းသည် ညွန်နံ့ကင်း၍ သင်းပျံ့အေးချိုသော ဂန္ဓရသဩဇာသေတ္တု ရှိသကဲ့သို့ အဝိဇ္ဇာ တည်းဟူသော ဩယာသဝညွန်တွင်းကို ပစ္စည်းပြု၍ဖြစ်တော်မူသော ဘုရား ရှင်တော်တို့သည်လည်း အရဟတ္တမဂ်ဉာဏ်တည်းဟူသော နေမင်းနှင့် ပေါင်း ဖော်၍ပွင့်ခြင်းသို့ရောက်တော်မူသဖြင့် ဇေယျုတ္တမာမိပတိအမည်ရှိသော ကြာ မင်းအဖြစ်သို့ ရောက်တော်မူရကား ကိလေသာတည်းဟူသော ညွန်နံ့ကင်း၏။

ကုဋ္ဌ ဂဏ္ဍ အစရှိသော ကိလေသာနူနာမှ ထမြောက်ကင်းစင်သည် မှန်၏။ ကိလေသာတည်းဟူသော ကုဋ္ဌ ဂဏ္ဍစသည် အမျိုး အနာဆိုးတို့ကို ပျောက်ကင်းအောင် ကုသတော်မူနိုင်သော မဟာတိကိစ္ဆကဟူသော ဆေး သမားတော်ကြီး အမည်တော်မြတ်ကို ခံယူနိုင်ကြောင်းကို ဤစကား အရပ် ရပ်တို့ကို ထောက်ထား၍ ဝိစိကိစ္ဆာပယ်ရှားပြီးလျှင် အဓိမောက္ခဉာဏ်သို့ ကျက်စား သိသာတော်မူပါဘုရား။”

http://www.dhammadownload.com



ဤသို့ သံတော်ဦးတင်သောအခါ ဘဝရှင်မင်းတရားကြီးသည် အလွန်ဝမ်းမြောက်တော်မူသဖြင့် ချီးမွမ်းတော်မူသည်မှာ

"အတွင်းဝန် 'ငပေါ်ဦး'တင်သောစကားသည် အရှေ့သမုဒ္ဒရာမှ နတ်ယူဆောင်လာသော မနောမယ ပတ္တမြားဖြင့်ပြည့်သော သာမန်လူတို့ ဖွင့်ခြင်းငှာ ခဲယဉ်းနိုင်သမျှသော သော့ချက်တစ်ရာသည် သံသေတ္တာကို တစ်ခါတည်းဖွင့်၍ ပြသကဲ့သို့လည်းကောင်း၊ သဒ္ဒဝိဒူဆရာတို့သည် သောတုဇနတို့အား နားလည်စေခြင်းငှာ ဥဒါဟရုဏ်အတန်တန်နှင့် သမ္ဗန်လှည့်၍ ပြသကဲ့သို့လည်းကောင်း၊ သာရသေတ္တုနှင့်တကွ ပြည့်ဝစဉ်လာဓမ္မာရမ္မဏာဝိမောက္ခဖြစ်လောက်ပါပေသည်"ဟု မိန့်တော်မူ၏။

ထိုအခါ အတွင်းဝန် 'ဦးပေါ်ဦး'က တင်လျှောက်ပြန်သည်ကား. . . တရားဆိုသည်မှာ သုံးလူ့ထွတ်ထား ဘုရားရှင်တော် ဟောတော်မူတိုင်း မယူရာ၊ ဟောတော်မူသော ဒေသနာ၏အာဘော်ကို ကုန်အောင်စဉ်းစားတော်မူ၍ ဓမ္မူပစာသွားသမျှ ထောက်ဆဝေဖန်ပြီးလျှင် ရွှေဉာဏ်တော်ဖြင့် ကျက်စားတော်မူသင့်ပါသည်။ ဉာဏ်ခရီးမသွား ဉာဏ်အတုံးလိုက်သုံးစားသော နွားကျောင်းသားသူငယ်ကဲ့သို့ မဖြစ်စေခြင်းငှာ ဝေဖန်တော်မူပါဘုရားဟု သံတော်ဦးတင်ပြန်လျှင် ဘဝရှင်မင်းတရားကြီးက 'ပေါ်ဦး' နွားကျောင်းသား သူငယ်သည် ဘယ်ကဲ့သို့ဉာဏ်ကို အတုံးလိုက် သုံးစားသနည်းဟု မေးတော်မူ၏။

ထိုအခါ 'ဦးပေါ်ဦး'က တင်ပြန်သည်မှာ နည်းလေးဆယ်အရ "မိဂပဒဝလဥ္ဇန"နည်းကိုမျှ မသိသောနွားကျောင်းသားသူငယ်သည် မိမိ၏နွားစားချက်အနီးတွင် ကြီးစွာသောကျောက်ဖျာသို့သွားရာ မိုးကာလအခါဖြစ်၍ တစ်ခုသော သားသမင်၏ ခြေရာအစဉ်သည် ကျောက်ဖျာပြင်ကိုကျော်နင်း၍ သွားရကား နွားကျောင်းသားသူငယ်သည် ဆင်းခြေရာ တက်ခြေရာကိုမြင်သဖြင့် ဤသို့စဉ်စားမိ၏။ တောသမင်တို့သည် နှစ်စဉ်အားဖြင့် ယခုကဲ့သို့သော မိုးကာလသို့ရောက်လျှင် တိရစ္ဆာန်တို့ဘာဝအလျောက် အထိမ်းအမှတ်ပြု၍ မြေဒြိအောင်းရိုးထုံးစံရှိသော လက္ခဏာပင်တည်း။ ယခုငါသည် ထိုကျောက်ဖျာထက်မှရပ်၍ တောင်မြောက်စသည်တို့ကိုကြည့်ရာ အရှေ့အရပ်ကလာသော သမင်သည် ကျောက်ဖျာရှိရာသို့ မျက်နှာတူရူလာ၏။ အနောက်အရပ်က

http://www.dhammadownload.com



သမင်သည်ကား ကျောက်ဖျာရှိရာသို့ နောက်ဆုတ်ပြေး၍လာ၏။ ဤကျောက်ဖျာတွင် ဆုံမိကြသည်ရှိသော် ကျောက်ဖျာအောက်သို့ဝင်၍ တွင်းအောင်းကြပုန်းရှိ၏။ ဤသို့တွေးထင်စဉ်းစားပြီးလျှင် သမင်နှစ်ကောင်ကို အရဆောင်အံ့ဟုကြံ၍ ကျောက်ဖျာကိုလှန်ခြင်းငှာ အားထုတ်၍ တူရွင်းစသည်တို့ဖြင့် တူးဖြို၍နေလေ၏။

ထိုအခါ သာမဏေငယ်တစ်ပါးသည် လမ်းလျှောက်၍လာရာ ထိုသူငယ်၏ အသွင်အပြင်ကိုမြင်သဖြင့် အကြောင်းကိုမေးသော် သူငယ်သည် မိမိ၏အမှုကို သာမဏေငယ်အား ပြန်ကြား၏။ "ကိုရင်သာမဏေ. . . အကျွန်ုပ်မှုကား အခြားသောကိစ္စမဟုတ် မြေအောင်းသောသမင်ကို တူး၏" ဟုဆိုသော် သာမဏေငယ်သည် အကြောင်းကုန်ထင်ရှားအောင် မေးမြန်းပြီးလျှင် ဆင်းခြေရာ တက်ခြေရာကိုမြင်သဖြင့် ကျောက်ဖျာအပြင်၌ သမင်ခြေရာရှိကြောင်းကို သိရာ၏ဟူသော "မိဂဒပဝလဥ္ဆန"နည်းကို ကျွမ်းကျေရကား ဤသို့ ဆို၏။ "ဉာဏ်တုံးသမား နွားထိန်းလူကျော် နောက်မှပေါ်သည် မဟော်ကိုယ်ပွား မင်းယောက်ျား. . . ဉာဏ်သွားကြီးကျယ် တူးဖြိုနှယ်သည် ခုဝယ်မုချ မောင့်လုံ့လဖြင့် ရချိမ့်ဆိုက်ဆိုက် မြေ၌မယွင်း တွင်းအောင်းသမင် ကျောက် ဖျာပြင်ကို သင်ပင်တကဲ့တူးလှန်ချဲ့သည် အိုဘယ့်ယောက်ျား ဘယ့်ယောက်ျား" ဤသို့ဆို၍ ရယ်မောခြင်းပြုလေ၏။

ထိုရောအခါ နွားကျောင်းသားသူငယ်သည် သာမဏေအား မေးမြန်းသည်မှာ ကိုရင်သာမဏေ. . . အကျွန်ုပ်၏ လုံ့လကိုအဘယ့်ကြောင့် ရယ်မောဖွယ်ပြုရပါသနည်းဟုဆို၏။ ဤသို့ဆိုလျှင် သာမဏေငယ်က ပြန်ကြားသည်မှာ အသင်သူငယ် အဘယ်မှာသမင်တို့မည်သည် မြေအောင်းရိုးထုံးစံရှိပါအံ့နည်း။ အရှေ့အရပ်မှလာသော သမင်သည်အနောက်အရပ်သို့ ဤကျောက်ဖျာကိုကျော်နင်း၍ သွားသည်ကိုမျှသင်မသိ "မိဂပဒဝလဥ္ဆန" နည်းကိုမျှ သင်မကြားဖူးယောင်တကား။ သားသမင်တို့၏ ဆင်းခြေရာ၊ တက်ခြေရာကိုမြင်သဖြင့် ကျောက်ဖျာအလယ်တွင် ခြေရာမရှိကြောင်းကိုသိရာသည်။ ဤသို့မျှ မဆင်ခြင်ခြင်းသည် 'သင်လျှင် ဉာဏ်တုံး လူချုံးကိုယ်နွမ်း ပင်ပန်းရုံရဖြစ်တော့သည်'ဟု သာမဏေငယ်ပြောဆိုမှ နွားကျောင်းသားသူငယ်သည် အလွန်ရှက်ရကား ကိုရင်အရှင်သာမဏေသည် အကျွန်ုပ်၏ဆရာဖြစ်

http://www.dhammadownload.com



ပါလော့။ အကျွန်ုပ်သည် ကိုရင်သာမဏေကဲ့သို့တတ်မြောက်လိုပါ၏ ဆို၍ သာမဏေငယ်နောက်သို့လိုက်၍ စာပေကိုကြိုးစားအားထုတ်ဖူးချေသည်ဟု ဥဒါန်းစကားရှိကြောင်းကို သံတော်ဦးတင်လေ၏။

## နွားကျောင်းသားညောင်းပြီ

ထိုအခါ ဘိုးတော်မင်းတရားကြီးသည် ပြုံးတော်မူလျက် စံပယ်တော်မူရာမှ ထတော်မူ၍ နွားကျောင်းသား ညောင်းတော်မူပြီ မောင်မင်းများ ဆို၍ အတွင်းဆောင်တော်သို့ ဝင်တော်မူသည်။

ဤသို့ အနည်းနည်းအဖုံဖုံ ခွဲခြား၍လျှောက်တင်ခြင်းသည် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်နိုင်ကြောင်း၊ အဝိဇ္ဇာသည် အကုသိုလ်တရား စင်စစ်ဖြစ်လျက် ပုညာဘိသင်္ခါရသည် မုချကုသိုလ် အစုအခဲကြီးဖြစ်လျက် မိဿက သဟဇာတ ပစ္စယဖြစ်နိုင်လောက်အောင် "ဓမ္မပစာ"၏ ကျယ်ဝန်းပုံ ယူပုံဆပုံကို သဒ္ဒဝိဒူ ဆရာတို့သည်သမွန်လှည့်၍ အထွက်အတက်နှင့်တကွ ပို့ချဘိသကဲ့သို့ ပြသလျှောက်တင်ခြင်းတည်း။

ဤကား 'မင်းကြီးမင်းလှမဟာနော်ရထာ' ဘွဲ့ခံသော အတွင်းဝန်ကြီး 'ဦးပေါ်ဦး'သည် ဘိုးတော်မင်းတရားကြီးဘုရားသို့ ရှေးဦးစွာဖြေဆို လျှောက်တင်ခြင်းတည်း။

ဤသည်လျှင် ပထမတင်ချက်ပြီး၏။

❖ ❖ ❖

## နိဗ္ဗာနပစ္စယ ပရမတ္ထဒါနဖြစ်ရန် မေးတော်မူခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့လေးဆယ်ကိုးခု၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့ သုဓမ္မာဇရပ်တော်တွင် ပထမပြန်ဆိုရာ သုဓမ္မာဆရာတော်နှင့် တကွ စာထောက်ပုဂ္ဂိုလ် တံဆိပ်ရ မရ ဂဏဝါစက ရဟန်းသံဃာတော် စသော ပထမကျော်ပြန်ဆိုနိုင်သူတို့ကို မဟာကုသလပုညအထူး ဆည်းပူး လျှုဒါန်းကိုယ်တိုင်တော် ရေစက်ပန်းသွန်းချ အမျှဝေတော်မူ၍ နေ့သုံးချက် တီးကျော်နှစ်မောင်းပေါ်ချိန် ရွှေနန်းတော်ကြီးသို့ ဝင်တော်မူ၍ ညဉ့်ညီလာခံ

http://www.dhammadownload.com



တော်မူရာ အတွင်းဝန်ကြီး 'ဦးပေါ်ဦး'သို့ မေးတော်မူပြန်သည်မှာ. . . 'ပေါ်ဦး၊ ကိုယ်တော်မြတ်သည် ဝဋ်သုံးပါးမှလွတ်မြောက်စေရန် ရည်သန်တော်မူပြီးလျှင် ယထာရဟာ၊ နိဗ္ဗာနပစ္စယ၊ ပရမတ္ထဒါန၊ မဟာကုသလ၊ ဉာဏသမ္ပယုတ် ဟုတ်၏ဟူ၍ ဝန်ခံတော်မူနိုင်အောင် မနောပုဗ္ဗင်္ဂမ အာရမ္မဏရှေ့ရှု၍ လှူဒါန်းတော်မူခဲ့သည်။ ဤသို့လှူဒါန်းတော်မူခြင်းတည်းဟူသော ဝသီဘော်တော်သည် နိဗ္ဗာန်သို့အကြွင်းရွေ့လောက် မရောက်သေး။ ထိုရွေ့လောက် နိဗ္ဗာန်ကိုမျှော်ငံ့သော ဘဝအစဉ်တို့၌ ရခဲခြင်းတည်းဟူသော သဒ္ဓါသမ္ပတ္တိဒုလ္လဘကို လွန်မြောက်နိုင်ပါမည်လော။ ဤသို့ လှူဒါန်းခြင်းကိုပြုတတ်သောစိတ်ဝိညာဉ်သည် လားလတ္တံ့သော တမလွန်ဘဝသို့ ပါနိုင်ပါမည်လော။ ထိုပါနိုင်သည်မှန်ပါမူကား ငါသည်ယခုပစ္စက္ခဘဝ၌ သဒ္ဓိဝိတ္တဥစ္စာရှင် ဖြစ်တော်မူသည့်အတိုင်း ကိုင်းရှိုင်းသော သမ္မာဝါယာမအဟုန် ပရလောကအခါမှာ ထုံဖွယ်ရာသာတည်းဟု မိမိ၏ပုညာဘိသင်္ခါရကို လွန်စွာအားကိုးတော်မူသည်။ ဤသို့အားကိုးယုံကြည်ခြင်းသည် ယုံကြည်အားကိုးတော်မူသော အကျိုးနပ်ပါမည်လား. . . ခြားနား သိသာတော်မူလိုသည်။ ဤသို့ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူသည်။

ဤကား အမတ်ကြီးဦးပေါ်ဦးသို့ ဒုတိယမေးတော်မူသော အမေးတော်တည်း။

## အမတ်ကြီး ဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

စာဆိုတတ်သော အမတ် စကားတောင်းစား အမတ်တို့၏ သံတော်ဦး တင်ရိုး ထုံးစံစကားပလ္လင်ခံ ရွှေနားတောင်းသွင်း လက်ာပိုဒ်ရတုကို ဆို၍ တင်ဟန်ကား-

တန်ခိုးထက်ဘိ၊ လက်လက်ညိသား၊ ဓိပတိမွန်၊ တေဇာလွန်သည့်၊ ရောဝဏ်သွင်၊ နတ်ဖန်ယာဉ်သို့၊ ဆဒ္ဒန်ဆင်မျိုး၊ ပိုင်းအုပ်စိုးသည့်၊ သတိုးမဟဂ္ဂ၊ တိကြန္တယ်လာ၊ နာဂိန္ဒာသေဌ်နင်း၊ တရားမင်း။ ။ မယွင်းကုန်စင်၊ ကျွန်းသခင်ဟု၊ မြေပြင်လွှမ်းမိုး၊ နေညွှန့်မျိုးကို၊ ရှိခိုးပြီးခါ၊ တင်လျှောက်ပါအံ့၊ သောတဝိညာဏ်၊ ပန်တော်ရန်ကို။ ။ ဝေဖန်၍ မှတ်သားဆက်မည်ဘုရား။

(ဤကား မဏိဆံကျင်ချနည်း)

http://www.dhammadownload.com



အသမ္ဘိန္န ခတ္တိယဝံသ ဘူပါလအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား။

အမေးတော်မြတ်ကို နိဗ္ဗာန်ကိုပဋ္ဌာန၍ လျှောက်မူသော အလျှောက်တော် သည် သဝါသနသမ္မောဟနိဒ္ဒါယမှ ထမြောက်၍ နိဗ္ဗာန်ရွှေပြည်သို့ မရောက် သေးသောကာလဘဝတို့မှာ ရခဲနိုင်သော သဒ္ဓါသမ္ပတ္တိဒုလ္လဘကို လွန်မြောက် နိုင်ပြီလောဟူရာ၌ တာဝတိံသာနက်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အကြီးအမှူးပြု၍ တစ်သောင်းသောစကြဝဠာတိုက်မှ လာကုန် သော နတ်ဗြဟ္မာအပေါင်းတို့အား လူ, နတ်, နိဗ္ဗာန်သုံးတန်ချမ်းသာပေးတတ် စွာသော အဘိဓမ္မာဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး အလွန် ကျယ်လွန်းသော ဝိတ္ထာရနယအားဖြင့် ဟောတော်မူသည်။ ဤသို့ ဟောတော် မူအပ်သော အဘိဓမ္မာခုနစ်ကျမ်းဝယ် "မာတရံ ပမုခံကတွာ" နိဒါန်းချီသော ဓမ္မသင်္ဂဏီကျမ်း၌ စိတ္တုပ္ပါဒကဏ္ဍကို ပြဆိုရာ တိကမာတိကာ ကုသလတိက် ပထမပဒ၌ "ကုသလာဓမ္မာ"ဟူ၍ ဟောတော်မူသည်။ "ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ၊ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။ ဓမ္မာနိသတ္တ နိဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝ လည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏"ဟု ဟောတော်မူသည်လည်းတစ်ရပ်။

ၯင်းနောက် ဝိဘင်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ရှေးဦးစွာ ဟောတော်မူသော ဥဒ္ဒေသမာတိကာတွင် နယမာတိကာ၏ အရ- တစ်ဆယ့်လေးပါး အပြားရှိသော ဓာတုကထာကျမ်း၌ ရှေးဦးစွာသော ပထမ နယကို ဟောတော်မူရာ ဟောဟန်ကား- "သင်္ဂဟော အသင်္ဂဟော"အစ ရှိသည်တည်း။ "သင်္ဂဟော၊ အဘယ်မျှသောခန္ဓာ, အဘယ်မျှသော အာယတန, အဘယ်မျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း။ ဤမျှသော ခန္ဓာ, ဤမျှသောအာယတန, ဤမျှသောဓာတ်တို့ဖြင့် ရေတွက်အပ်၏။ အသင်္ဂဟော၊ အဘယမျှသော ခန္ဓာ၊ အဘယ်မျှသော အာယတန, အဘယ် မျှသောဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း။ ဤမျှသောခန္ဓာ, ဤမျှသော အာယတန, ဤမျှသောဓာတ်တို့ဖြင့် မရေတွက်အပ်"ဟူ၍ ဟောတော်မူရာ ဝယ် အဓိပ္ပာယ်နှစ်ရပ်ကို သတ်မှတ်ပိုင်းခြား၍ သံတော်ဦးတင်ပါအံ့။

http://www.dhammadownload.com



ကုသလာဟူသောပုဒ်၌ အပြစ်မရှိ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော သတ္တဝါ၏ ကိုယ်သန္တာန်လည်းမဟုတ်၊ သက်ဇီဝိန်လည်းမဟုတ်ဟူသော ကုသိုလ်တရားကိုယ်သည် အဘယ်မျှသော ခန္ဓာဖွဲ့နိုင် ရေနိုင်သနည်းဟူသော စကားနှင့်စပ်သော် ပရမတ္ထဓမ္မအဗျာကတဖြစ်သောကြောင့် စင်စစ်မုချအားဖြင့် ခန္ဓာဟူသောအရေအတွက်မှ လွတ်၏။ 'ဤ၌ မာတိကာတွင် ယူဆပုံတစ်နည်းအထူးဟူ၍ မှတ်တော်မူ။' အဘယ်မျှသော အာယတန, အဘယ်မျှသောဓာတ်ဖြင့် ရေတွက်အပ်သနည်းဟူရာ၌ ဓမ္မာယတနဓမ္မဓာတ်ဖြင့် ရေတွက်အပ်၏။ 'ဤ၌လည်း အထူးတစ်နည်း မှတ်တော်မူ၊' အဘယ်မျှသောခန္ဓာ, အဘယ်မျှသော အာယတန, အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်းဟူရာ၌ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတည်းဟူသော ခန္ဓာလေးပါးတို့ဖြင့် မရေတွက်အပ်။

အဘယ့်ကြောင့်နည်း ဟူမူကား ကုသိုလ်သည် စင်စစ်မုချအားဖြင့် ပရမတ္ထတရားကိုယ်ဖြစ်သောကြောင့်တည်း။ အာယတနမှာ ကုသိုလ်စိတ် စေဝီသဟုဆိုအပ်သော မနာယတနကိုပယ်။ အဘယ့်ကြောင့်နည်း ဟူမူကား မပြုသေးသော ကုသိုလ်မဟုတ်။ ပြုပြီးဖြစ်သော ကုသိုလ်ဖြစ်၍ ပရမတ္ထမုချမှန်သဖြင့် ဓမ္မာယတနကိုသာ ကောက်ရသည်။ ဓာတ်ဖွဲ့ရာ၌လည်း ထိုနည်းအတူ ဓမ္မဓာတ်ကို ကောက်ရသည်။

ဤသို့ ကောက်ပုံယူပုံသည် ဆိုရိုးမကျ 'စတုရင်္ဂဗလ'အမတ်ကြီးနှင့် ဆူးတွင်းပစ်ဆရာတော်တို့၏ ကောက်ပုံတစ်နည်းတည်းဟု အထူးသတိထားတော်မူရာသည်။

ဤကောက်ပုံဖြင့် ဆင်ခြင်သော် ယခုဘဝပြုသော ကုသိုလ်သည် သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် ခန္ဓာမှလည်း လွတ်၏။ ဓမ္မာယတန, ဓမ္မဓာတ် ပရမတ္ထတရားကိုယ်ဖြစ်ရကား တမလွန်ဘဝသို့ မလိုက်ပါနိုင်၊ အာရုံမျှသာစပ်ရာသည်။

ဥပမာကား ပွဲတင်သံ ဆီမီးလျှံတို့ကဲ့သို့ မကင်းကောင်းသော ပစ္စည်းမျှသာဖြစ်ချေ၍ စိတ် ဝိညာဉ်နှင့်တကွ ဘဝသစ်သို့ပြောင်းသွားသည်မဟုတ်

http://www.dhammadownload.com



သဖြင့် သန္ဓိသမ္ဘုတ္တိ ပဗ္ဗဇ္ဇိတဒုလ္လဘကို လွန်မြောက်တန်သမျှကိုသာ လွန်မြောက်နိုင်ပါမည်။ ဝိမုတ္တစင်စစ်မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် စိတ်ဝိညာဉ်နှင့်တကွ ဘဝသစ်သို့ပြောင်းသွားသည်မဟုတ်က ယခုလက်ရှိ ဝသီဘော်တော်မပါသောကြောင့်တည်း။

ဝိမုတ္တစင်စစ်ဖြစ်သည်ဟု ကေန်ယူသော် သက္ကာယဒိဋ္ဌိသို့ ရောက်ရာသည်ဟု မှတ်တော်မူ။ မိမိပြုသော ပုညာဘိသင်္ခါရကို လွန်စွာအားကိုး၍ မြတ်နိုးယုံကြည်တော်မူသည် ဆိုသည်မှာလည်း မပြုသေးသော ကုသိုလ်သစ်ကိုသာ ဆည်းပူးအားထုတ်တော်မူရာသည်။ ပြုပြီးသောကုသိုလ်ကို အားထားမာန်တက် နှစ်သက်တော်မူခြင်းသည် တဏှာ၏အစွန်း ဥပါဒါန်၏အစွန်း မာန်၏အစွန်းသည် ရစ်သန်းပတ်ခွေရာအဖြစ်သို့ ရောက်ချေသည်။ ဤသို့ဆိုအပ်ခဲ့ပြီးသော စကားအရပ်ရပ်တို့ကား ရှင်အနုရုဒ္ဓါဆရာ၏အလို အရှင်သုမင်္ဂလသာမိ ဋီကာဆရာ၏ အလိုတော်နှင့် မျဉ်းတစ်ပြေးတည်းပင်တည်း။

နက္ကတောဂန္တာတိ အဓိပ္ပာယော၊ နဟိ ပုရိမ ဘဝပရိယာ ပန္နော ကောစိဓမ္မော ဘဝန္တရံ နသင်္ကမတိ၊ နာပိပုရိမဘဝရိယာပန္နဟေတူဟိ ဝိနာ ဥပ္ပဇ္ဇတိ ပဋိယောသ ပဒီပမုဒ္ဒါဝိယ။

မြန်မာပြန်သော်. . . က္ကတော၊ ဤဘဝဟောင်းမှ။ ဝါ၊ ယခုဘဝမှ။ ဂန္တာ၊ ဘဝသစ်သို့သွား၍။ နပတိဋ္ဌာတိ၊ မတည်။ ဝါ၊ မဖြစ်။ က္ကတိအယံ၊ ဤသည်လျှင်။ အဓိပ္ပာယော၊ ရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်တည်း။ ဟိသစ္စံ၊ မှန်၏။ ပုရိမဘဝ ပရိယာပန္နော၊ ရှေးဘဝ၌ အကျုံးဝင်သော။ ကောစိ၊ တစ်စုံတစ်ခုသော။ ဓမ္မော၊ တရားသည်။ ဘဝန္တရံ၊ ဘဝသစ်သို့။ နသင်္ကမတိ၊ မပြောင်း။ ပုရိမဘဝ ပရိယာပန္နဟေတူဟိ၊ ရှေးဘဝ၌ အကျုံးဝင်ကုန်သော အကြောင်းတို့နှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ပဋိသန္ဓိဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ဘဝန္တရေ၊ ဘဝသစ်၌။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ ပဋိယောသ ပဒီပမုဒ္ဒါဝိယ၊ ပဲ့တင်သံ၊ ဆီမီးလျှံ၊ တံဆိပ်ရေးကဲ့သို့တည်း။ ဤကားဋီကာဆရာ အလိုတည်း။

http://www.dhammadownload.com



ယခုဘဝ၌ ပြုကြသော ကုသိုလ်ကံစသည်တို့သည် ပဲ့တင်သံ၊ ဆီမီးလျှံ၊ တံဆိပ်ရေးကဲ့သို့ တစ်ဘဝသို့ အာရမ္မဏပစ္စည်းမျှသာ ဖြစ်နိုင်ရာသည်။ ပေးလှူခြင်းတည်းဟူသော ဝသီဘော်တော်ဟုဆိုအပ်သော စေတနာသည် ဘဝအစဉ်မလိုက်နိုင်ရာ။ အဘယ့်ကြောင့်နည်း ဟူမူကား စေတနာတို့၏ သဘာဝသည် စင်စစ်အကျိုးမဟုတ် စေ့ဆော်တတ်သော အကြောင်းမျှသာတည်း။ ဘဝသစ်သို့ ရောက်ရာ၌လည်း ပြုအပ်ပြီးသော ကုသိုလ် အကုသိုလ်တို့နှင့် ကင်းကောင်းသည် မဟုတ်သောကြောင့် မကင်းရုံမျှ ပစ္စည်းပြုသည်ဟူ၍လည်း မှတ်တော်မူ။

ဘုရားရှေ့ဘုန်းတော်ကျွန်ဝန် 'ငပေါ်ဦး'သည် အထူးကို လျှောက်ပါဦးအံ့။ မရဏာသန္န ပဋ္ဌာန်ရီထိ၌ ပဋ္ဌာန်ရာဝဇ္ဇန်းအစ စုတိအဆုံးရှိသော ဘဝဟောင်းဝိညာဉ်တို့သည်လည်းကောင်း၊ ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေစိတ်သည်လည်းကောင်း၊ အတီတဘဝင်တစ်ချက်နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန် ရူပါရုံစသော ကမ္မနိမိတ်ကိုပင် အာရုံပြုကုန်၏။ ဤသို့ဘဝဟောင်း ဘဝသစ်နှစ်ရပ်သည် အာရုံအားဖြင့်စပ်၏။ အာရမ္မဏိကဖြစ်သော ဝိညာဉ်အားဖြင့် မစပ်ဟုသိတော်မူ။ ထို့ကြောင့် သတ္တဝါတို့ ပဋိသန္ဓေနေသောအခါ ဘဝဟောင်းက တစ်စုံတစ်ခုသောတရားသည် ဘဝသစ်သို့ မသွားမပြောင်း။ ထိုဘဝဟောင်း၌ပင် ဆီမီးငြိမ်းသကဲ့သို့ ချုပ်၏။ ဘဝဟောင်း၌ ပြုအပ်သော ကုသိုလ် အကုသိုလ်ကံနှင့် ကင်း၍လည်းမဖြစ်။ ပဋိသန္ဓေဖြစ်စေတတ်သော ကံဟုဆိုအပ်သော အကြောင်းနှင့် ပဋိသန္ဓေနာမက္ခန္ဓာကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်တည်းဟူသော အကျိုးသည်စပ်၏ဟု သိတော်မူရာသည်။

ဘဝသစ်၌ ဝိညာဉ်နှင့်တကွသော နာမ်သည် ကူးပြောင်း၍မလိုက်နိုင်။ ရုပ်ကိုထား၍ နာမ်သွားဟန်ကား အဘိမဟန္တာရုံဝီထိ၌ အတီတ ဘဝင်အစ ပထမတဒါရုံအဆုံးရှိသော စိတ်တစ်ဆယ့်ခြောက်ချက်တို့သည် အသီးသီးချုပ်ကုန် သေကုန်သော်လည်း အတီတဘဝင်ဥပါဒ်နှင့်ပြိုင်၍ ပသာဒစက္ခုဟဒယဝတ္ထု ရူပါရုံစသော ရုပ်တို့သည် မချုပ်ကုန်၊ ကျန်ရစ်ကုန်၏။ ဒုတိယတဒါရုံဘဝ၌ ပြန်၍ချုပ်ကုန်၏။

ဤသို့ နာမ် ၁၇ ခါချုပ်မှ ရုပ်တစ်ခါသေသည် ချုပ်သည်ကိုလည်း မှတ်တော်မူ။ ဝိညာဉ်သည်သွား၏ဟု မဆိုလို။ ပရမတ္ထတရားကား နိဗ္ဗာပါရ

http://www.dhammadownload.com



အားထုတ်ခြင်းကင်းသောကြောင့် မသွားတတ်။ ဖြစ်ရာ၌ပင် ချုပ်၏။ အဝေး၌ရှိသော အာရုံကိုလည်း စွဲလမ်းယူတတ်၏။ ဤအာရုံခြောက်ပါးကို ပြုခြင်းသည် တွယ်သကဲ့သို့ဖြစ်၍ လောက်လမ်းပိုးတွယ်ခြင်းနှင့် တစိတ်တူရကား ရှေးဆရာမြတ်တို့သည် 'လောက်လမ်းသဖွယ် ဝိညာဉ်တွယ်သည်'ဟု သဒိသူပစာရအားဖြင့် စပ်ဆိုလေသည်။ အတွယ်ရမှုလွတ်သည်ဟု ယူတော်မမူရာ။ ဤအရာ၌ ပဥ္စဒွါရိက, မနောဒွါရိကဇောတို့တွင် အဘယ်ဇောတို့သည် ပဋိသန္ဓေကို ဖြစ်စေနိုင်သနည်းဆိုလျှင်. . .

ပဉ္စဒွါရိကကမ္မဉ္စ ပဋိသန္ဓိနိပ္ဖတ္တကံနဟောတိ၊ ပရိဒုဗ္ဗလ ဘာဝတော ဟောတိ၊ အဋ္ဌကထာယံ ဝုတ္တံ။

ဟူ၍ အဋ္ဌကထာနှင့်တကွသော ကျမ်းအများတို့သည် မိန့်ကုန်၏။

ပဥ္စဒွါရိက ကမ္မဉ္စ၊ ပဥ္စဒွါရ၌ဖြစ်သော ကံသည်ကား။ ပရိဒုဗ္ဗလဘာဝတော၊ အားနည်းသည်၏အဖြစ်ကြောင့်။ ပဋိသန္ဓိနိပ္ဖတ္တကံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည်။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ဝါ၊ မိန့်အပ်၏။

ထိုအဋ္ဌကထာစကားသည် ပဥ္စဒွါရဖြစ်သော ဇောသည် အားနည်းသောကြောင့် ပဋိသန္ဓေကို မဖြစ်စေနိုင်။ မရဏာ သန္နဇောမှတစ်ပါးသော မနောဒွါရိကဇောတို့သည် ပဋိသန္ဓေကို ဖြစ်စေနိုင်ကုန်၏ဟု ဆိုသည်ကိုလည်း မှတ်တော်မူ၍ ဇောအာရုံမျှဖြင့်သာ စပ်၏ဟူသည်ကိုထောက်သဖြင့် ဝိညာဉ်တည်းဟူသော အာရမ္မဏိကလည်း အလျှင်းကင်းသောကြောင့် လျှုချင်ခြင်းတည်းဟူသော ဝသီဘော်တော်သည် ဘဝအစဉ်မလိုက်နိုင်ရာဟု သိတော်မူ။

ဓမ္မပဒပါဠိတော်၌ ရှေးဦးစွာဟောတော်မူသော စက္ခုပါလ ကဏ္ဍာတွင်-

မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောမယာ မနောသေဋ္ဌာ။
မနသာစေ ပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ။
တတော တံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ဟု ဟောတော်မူရာ၌ လည်းကောင်း။

http://www.dhammadownload.com



မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာစေပသန္နေန၊ (လ)တတော နံ သုခမန္ဝေတိ၊
ဆာယာဝ အနုပါယိနီ။

ဟူ၍ ဓမ္မပဒပါဠိတော် ဒုတိယမြောက်ဖြစ်သော မဋ္ဌကုဏ္ဍလီကဏ္ဍ၌ လည်း ကောင်း ဟောတော်မူရာဝယ် အရိပ်အာရုံလိုက်သည်ကိုသာ ဆိုသည်ဟု ယူ တော်မူ။ ကုသိုလ်-အကုသိုလ် အကောင်အထည်အစဉ်လိုက်သည်ဟု ယူတော် မမူလင့်။

ဉာဏသမ္ပယုတ် ယှဉ်တော်မူရန်ကား. . . ဘုရားအလောင်းတော် ငှဲ့၏ ပါရမီတော်သည် သချေ်များစွာ ကမ္ဘာကုန်ခန်းအောင် ဆည်းပူးတော် မူခဲ့သည် မှန်ပါလျက်နှင့် ဇောအာရုံအစွမ်းအားဖြင့် လျှုချင်ခြင်းတည်းဟူသော သမ္မာဆန္ဒဝသီဘော်တော်သည် အစဉ်အတိုင်း မလိုက်မူ၍ ရင့်မာကားကား ပွင့်လှုပြားသော ကမ္ဘာသို့ နီးသည့်တိုင်အောင် ဥဿဒရက်ငရဲ၌ အနှစ် ရှစ် သောင်းခံရသည်ဆိုသော မူဂပက္ခပဏ္ဍိတ အဋ္ဌကထာကိုထောက်သဖြင့် နုသေးသော ပါရမီရှင်တို့မူကား အဘယ်မှာဆိုဖွယ်ရာ ရှိအံ့နည်းဟု နိဿရည်း ယူတော်မူ၍ ခဲယဉ်းနိုင်သမျှသော ပဗ္ဗဇိတဒုလ္လဘမှ လွန်မြောက်တန်သမျှ သော ဘဝတို့မှာသာ လွန်မြောက်နိုင်ရာသည်။ ဘဝအစဉ် လက်ဆုပ်လက်ကိုင် မှတ်တော်မမူသင့်ပါကြောင်း ရှိခိုးသံတော်ဦး တင်ပါသည်ဘုရားဟူ၍ သံတော် ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူပြန်သည်မှာ "ပေါ်ဦး၊ ယခင်အဝိဇ္ဇာနှင့် သင်္ခါရကို ကိုယ်တော်မြတ်မေးတော်မူစဉ်အခါက မောင် မင်းတင်လျှောက်သည့်စကားမှာ အဝိဇ္ဇာမှ သင်္ခါရဖြစ်နိုင်ရန်ကို ဝိညာဉ်နှင့် တကွ ဤဘဝမှ ထိုဘဝကူးပြောင်းသကဲ့သို့ ကျမ်းပေါင်းများစွာ အဋ္ဌကထာ ဋီကာတို့းလည် လောကီလောကုတ် ပုံထုတ်သက်သေ အထွေထွေသော ဥပမာနှင့် တုဿီတာမှ အလောင်းနတ်မင်းသည် ကြည့်ခြင်းကိစ္စ ငါးဌာန အဆုံး၌ မယ်တော်မာယာ၏ ဝမ်းကြာတိုက်အလယ်တွင် ကိုယ်တော်တိုင်ဝင်၍ ကိန်းအောင်စံပယ်သကဲ့သို့ ထင်လောက်အောင် ပစ္စည်းဆက်လက်၍ တင် လျှောက်သည်။

http://www.dhammadownload.com



ယခုတင်လျှောက်သောအရာမှာ ဤဘဝမှသည် ထိုဘဝသို့ အာရုံမျှသာစပ်နိုင်သည်ဟု ဆီမီးလျှံပုံတင်သံ စသည်တို့ဖြင့် ဥပမာပြ၍ ကုသိုလ်သည်လည်းကောင်း၊ အကုသိုလ်သည်လည်းကောင်း ဤဘဝမှာပင် ငြိမ်းရာသည်သာတည်းဟု လျှောက်ဆိုခြင်းသည် မောင်မင်းစကား ရှေ့နောက်မညီနှစ်လီကွဲပြား မဖြစ်ပြီလော"ဟူ၍ မေးတော်မူ၏။

ထိုအခါ အတွင်းဝန်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်ပြန်သည်မှာ ဘုရားရှေ့ဘုန်းတော်ကျွန် ဝန် ငပေါ်ဦးတင်ဆိုသောစကားသည်ကား ဘုရားဟော ဒေသနာက္ကမဖြင့် တင်ဆိုခြင်းတို့သည်သာတည်း။ ဤသို့ဆိုင်ရာကို တင်ဆိုခြင်းသည် ဘုံသုံးပါး၌ သမားတော်ကြီးဟူသော မဟာတိကိစ္ဆကာစရိယ နာမံကို ခံတော်မူသော မြတ်စွာဘုရားသည်လည်း သတ္တဝါစရိုက်ကိုလိုက်၍ ဟောတော်မူသည်ကား များ၏။ ဤကိုထောက်၍ ရှေ့ဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည်လည်း အရာဌာနသို့လိုက်၍ တင်ဆိုလျှောက်ထားရပါသည်။ ပညာရှိတို့၏သဘောသည် ယခုလောကီ၌ ဆေးကျမ်းဓာတ်ကျမ်းကို နားလည်သော ဗိန္ဓောဆရာတို့ကဲ့သို့ ကျင့်ရာသည်ဟူသော စကားလည်းရှိပါသည်ဟု တင်ဆိုပြန်၏။

ထိုသို့တင်ဆိုသော် မင်းတရားကြီးက မိန့်တော်မူပြန်သည်မှာ "ပေါ်ဦး၊ ဗိန္ဓော ဆရာတို့ကဲ့သို့ ကျင့်ရာသည်ကို ဆိုသောစကားသည် အဘယ်သို့နည်း"ဟု မိန့်တော်မူပြန်၏။

ထိုအခါ ဦးပေါ်ဦးက တင်ပြန်သည်မှာ ဗိန္ဓောဆရာတို့၏သဘောဆိုသည်မှာ ဗိန္ဓောဆရာတို့သည် ဆေးကျမ်း ဓာတ်ကျမ်း နက္ခတ်ကျမ်းတို့၌လည်း နားလည်ကုန်၏။ နှုတ်ရအာဂုံလည်းများကုန်၏။ သိလိုသည်ရှိမူလည်း များစွာ ရွတ်ဖတ်၍ ပြောဆိုတတ်ကုန်၏။ ဆေးပေးကုသသောအခါ၌လည်း မီးယပ်သွေးတက်သောသူကို တွေ့မူကား မိဿလင်နနွင်းပေါင်းစသည်ကို စားစေ-လျက်စေ၍ စမုန်နက်စေ့ကိုနှမ်းထုပ်လုပ်၍ နမ်းစေ ရှူစေ၏။ ဒူလာ, ပါဒရက်ထသောသူကို တွေ့သောအခါသတ္တက္ခတ္တုံစသော ဓာတ်ခဲသတ္တုကို သွေး၍ အဆစ်အဖုစသော ကိုက်ခဲရာကို စုတ်ဖြင့်ထိုး၍ ကုသရပါသည်ဟု သံတော်ဦးတင်လေ၏။

http://www.dhammadownload.com



ဤသို့ လျှောက်တင်သောအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'အိမ်း' ပေါ်ဦးနှင့်တွေ့မှ ဒူလာသည်ဖြစ်ရတော့သည် မောင်မင်းများဆို၍ ပြုံးတော်မူပြီးလျှင် အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

ဤကား အတွင်းဝန်ကြီး ဦးပေါ်ဦးသည် အမရပူရ ပထမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသို့ ဒုတိယတင်လျှောက်ခြင်း ဤတွင်ရွေ့ပြီး၏။

❖ ❖ ❖

## ရူပဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့တွင် ဂန္ဓ, ရသ, ဩဇာရုပ်တို့ ရှိ-မရှိ မေးတော်မူခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ ခုနစ်ဆယ့်တစ်ခု ဝါဆိုလဆန်း တစ်ဆယ့်ငါးရက် ဥပုသ်တော်ယူသောနေ့တွင် ပေါင်းတော်ဆောင်သရက်သားဖြင့် ထုလုပ်စီရင်အပ်သော ဘုရင်ကေရာဇ်မင်းမြတ်တို့ ဓမ္မသဝန ဓမ္မသာကစ္ဆာ မင်္ဂလာကိုယူတော်မူ၍ အခါမပြတ် တိုင်ပင်ဆွေးနွေးမေးမြန်းတော်မူရာဖြစ်သော သဒ္ဓါသနပလ္လင်တော်၌ စံပယ်တော်မူကြိုက်တွင် အတွင်းဝန် ဦးပေါ်ဦးသို့ မေးတော်မူသည်မှာ "ပေါ်ဦး၊ သတ္တဝါတို့၏ ကျင်လည်ရာ သတ္တလောကဟုဆိုအပ်သော ရူပတစ်ဆယ့်ခြောက်ဘုံ၌ဖြစ်ကုန်သော သတ္တနိကာယတို့သည် နာမ်မှကင်းကုန်သော ဘုံဖြစ်ရကား ထိုဘုံ၌ဖြစ်သောသူတို့၏ ရုပ်ကလာပ်၌ ဂန္ဓ, ရသ, ဩဇာရှိကောင်းအံ့လော။ အကယ်၍ မရှိဟူငြားအံ့။ ထိုဘုံသားတို့သည် ရုပ်ကလာပ်အစဉ်ဖြင့် တည်စေခြင်းငှာ ဘုတ်လေးပါးတို့ဖြင့် အဘယ်သို့ပြုပြင်ပါအံ့နည်း။ မပြုပြင်ကောင်းသော ဘုံဖြစ်ခဲ့ကုန်သော် ကျောက်စာတိုင်သစ်ရောင်းတုံးကဲ့သို့ ရှိဖွယ်ရာသာတည်း။ ဤသို့ရှိပြန်ပါမူကား ဗြဟ္မာဘုံသို့ ရောက်သည်ဟူသောစကားသည် ကြီးကျယ်လွန်း၏။ အဖြစ်မှာမူ အပါယ်လေးဘုံသားနှင့် မခြားနားရာ မရောက်ပါပြီလော၊ ဤအရာဝယ် အဘယ်သို့ ရေတွက်ပိုင်းခြား၍ စကားအထူးကို သိရကုန်အံ့နည်း"ဟု မိန့်တော်မူ၏။

ဤကား အမတ်ကြီး ဦးပေါ်ဦးသို့ တတိယမြောက်ဖြစ်သော အမေးတော်တည်း။

http://www.dhammadownload.com



## အမတ်ကြီး ဦးပေါ်ဦး၏အဖြေလျှောက်ထုံး

တောက်ထွန်းဝေဆာ၊ ရွှေသမ္ဘာနှင့်၊ ကေရာသေဠ်နင်း၊ တေဇာလင်းသည်၊ မင်းမင့်သရဘူ၊ ရာဇူဥက္ကဠ်၊ သောင်းလုံးနတ်။ မှတ်တော်မူရှင်၊ ရွှေနားဆင်လော့၊ သခင်ဘုန်းဟော့၊ ရဲခြသေ့်ကို၊ စေ့စေ့စုံစွာ၊ လျှောက်ဆိုပါအံ့။ သေချာတည့်မှတ်သား နာတော်မူဘုရား။ ။(ဤကား စာမရီသားလိုက်ချနည်းတည်း)။

ဝလာဟက စန္ဒရနှင့် ရဇတအတူ ကိုယ်လုံးဖြူသော ဘူကနက်ရပ် သဗ္ဗသေတ နိဗ္ဗာနပစ္စယ နာဂရာဇာ နာဂိန္ဒာဓိပတိ သီရိမြှုတေ ကျက်သရေ အပေါင်းတို့ဖြင့် ခြံရံအပ်သော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား၊ အမေးတော်မြတ်၌ သတ္တဝါတို့၏ ကျင်လည်ရာ သတ္တလောကဟု ဆိုအပ်သော ရူပဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့၏ နိကာယ်သည် နာမ်မှ ကင်းကောင်းသောဘုံဖြစ်ရကား ထိုဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့၏ ရုပ်ကလာပ်၌ ဂန္ဓ, ရသ, ဩဇာ, ရှိကောင်းအံ့လော အစချီ၍ မေးတော်မူရာဝယ် ဘုရားရွှေဘုန်းတော်ကျွန် ဝန်ပေါ်ဦးသည် အထူးမှတ်နာတော်မူရန် သံတော်ဦးတင်ဦးအံ့။

ရူပဗြဟ္မာအား ဂန္ဓ, ရသ, ဩဇာ, ဖောဋ္ဌဗ္ဗတို့သည် မရအပ်ကုန်ဟု အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်းလက်သန်းအဋ္ဌကထာကျမ်း ရုပ်ပိုင်းများ၌ ရူပပဝတ္တိက္ကမကို ပြတော်မူရာမှာ-

> ရူပလောကေ ဃာန ဇိဝှါ ကာယ ဘာဝ ဒသကာနိစ အာဟာရဇ ကလာပါနိစ နလဗ္ဘန္တိ။

ဟု အရှင်အနုရုဒ္ဓါဆရာမြတ်သည် မိန့်တော်မူအပ်ပါသည်။

> ရူပလောကေ၊ ရူပဘုံ၌။ ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိစ၊ ဃာန, ဇိဝှါ, ကာယ, ဘာဝ ဒသကတို့ကို လည်းကောင်း။ အာဟာရဇ ကလာပါနိစ၊ အာဟာရဇ ကလာပ်တို့ကိုလည်းကောင်း၊ နလဗ္ဘန္တိ၊ မရအပ်ကုန်။

ဤသို့ပြဆိုတော် မူသည်လည်းတစ်ရပ်, အဘိဓမ္မတ္ထဝိဘာဝိနီ သညီထင်စွာ ရှင်သုမင်္ဂလသာမိ မည်သော ဋီကာကျော်ဆရာအရှင် ကျေးဇူးရှင်သခင်မြတ် မိန့်အပ်တော်မူသည်မှာလည်း-

http://www.dhammadownload.com



ရူပလောကေ ယာန ဇိဝှါ ကာယာနံ အဘာဝေ ကာရဏံ ဝုတ္တမေဝ၊ ဘာဝဒွယံပန ဗဟလကာမရာဂူပနိဿယတ္တာ ဗြဟ္မနဉ္စ တဒဘာ ဝတော တတ္ထ န ပဝတ္တတိ။

ဟူ၍ မိန့်တော်မူသည်။

ရူပလောကေ၊ ရူပါဝစရပြဟ္မာဘုံ၌။ ယာနဇိဝှါကာယာနံ၊ ယာနဇိဝှါ ကာယတို့၏။ အဘာဝေ၊ မဖြစ်ခြင်း၏အကြောင်းကို ဆိုရာဖြစ်သော ပကိဏ္ဏကသင်္ဂဟ၌။ ကာရဏံ၊ အကြောင်းကို။ ဝုတ္တမေဝ၊ ဆိုအပ် ပြီးသည်သာလျှင်တည်း။ ဘာဝဒွယံပန၊ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ် နှစ်ခုတို့၏ အပေါင်းကိုကား။ ဗဟလ ကာမရာဂူပနိဿယတ္တာ၊ အားကြီးသော ကာမရာဂ မှီရာရှိသည်၏ အဖြစ်ကြောင့်လည်း ကောင်း။ ဗြဟ္မာနံ၊ ဗြဟ္မာတို့အား။ တဒဘာဝတော၊ ထိုအားကြီး သော ကာမရာဂ၏ မရှိခြင်းကြောင့်လည်းကောင်း။ တတ္ထ၊ ထိုရူပါ ဝစရပြဟ္မာဘုံ၌။ နပဝတ္တတိ၊ ဘာဝရုပ်နှစ်ခုမဖြစ်။ ဝါ၊ မဖြစ်ထိုက် မဖြစ်အပ် မဖြစ်ကောင်း။

ရင်းငြီကာ ဆရာသည် ရူပဘုံ၌ ရူပပြဟ္မာတို့အား ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ မရှိကြောင်းကို ပြဆိုတော်မူသည်လည်းတစ်ရပ်။

ရင်းရူပပြဟ္မာတို့အား ကလာပ်စုကိုရေတွက်ရာ စက္ခုဒသက ကလာပ်, သောတဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ် ဟု ရေတွက်လို၏ဟု အဋ္ဌကထာဆရာ ပြဆိုတော်မူသည်။ ရင်းပြဆိုရာဝယ် ရူပ ဘုံ၌ ရူပပြဟ္မာတို့အား ဂန္ဓ, ရသ, ဩဇာမရှိခြင်းကြောင့် လည်းကောင်း ရုပ် နှစ်ခုကို နုတ်၍စက္ခုသတ္တကကလာပ်ဟု ရေတွက်သင့်ကြောင်းကို မူလငြီကာ ဆရာပြဆိုတော်မူ၏။ ရင်းပြဆိုရာ၌. . .

ရူပဓာတုယာ ဥပ္ပတ္တိက္ခဏေ ဌပေတွာ အသညသတ္တာနံ ဒေဝါနံ ပဥ္စာယတနာနိ ပဥ္စဓာတုယော ပါတုဘဝန္တိ. . .

ဟူ၍ ပြဆိုတော်မူ၏။

ရူပဓာတုယာ၊ ရူပဘုံ၏။ ဥပ္ပတ္တိက္ခဏေ၊ ဖြစ်သောခဏ၌။ အသည သတ္တာနံ၊ အသညသတ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့ကို။

http://www.dhammadownload.com



> ဌပေတွာ၊ ထား၍။ ပဉ္စာယတနာနိ၊ ငါးပါးသော အာယတနတို့သည်။ ပဉ္စဓာတုယော၊ ငါးပါးသောဓာတ်တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှား ဖြစ်ကုန်၏။

ဟူ၍ ပဋိသန္ဓေခဏ၌ စက္ခာယတန၊ သောတာယတန၊ ရူပါယတန၊ မနာယတန၊ ဓမ္မာယတနအားဖြင့် အာယတန ငါးပါး, စက္ခုဓာတ်၊ သောတဓာတ်၊ ရူပဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်အားဖြင့် ဓာတ်ငါးပါးတို့သာ ထင်ရှားကြောင်း။

ရူပဓာတုယာ ဆအာယတနာနိ၊ နဝဓာတုယော ပါတုဘဝန္တိဟု ဓမ္မဟဒယဝိဘင်း၌ မိန့်တော်မူ၏။

> ရူပဓာတုယာ၊ ရူပဘုံ၌။ ဆအာယတနာနိ၊ ခြောက်ပါးသော အာယတနတို့သည်။ နဝဓာတုယော၊ ကိုးပါးသော ဓာတ်တို့သည်။ ပါတုဘဝန္တိ၊ ထင် ရှားဖြစ်ကုန်၏။

ဟူ၍ ရူပဘုံ၌ ရသင့်သမျှသော အာယတန, ဓာတ်တို့ကို အကြွင်းမဲ့ဟူသော အားဖြင့် ယခင်ငါးပါးနှင့် သဒ္ဒါယတနဟူသော အာယတနခြောက်ပါး, စက္ခုဓာတ်၊ သောတဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်ဟူသော ဓာတ်ကိုးပါးတို့သာထင်ရှားဖြစ်ကြောင်းကို ဟောတော်မူ၍ ဂန္ဓာယတန ရသာယတနတို့ကို ဟောတော်မမူဟု ဓမ္မဟဒယဝိဘင်း ၌ မိန့်တော်မူ၏။

ဤ၌သာ ဟောတော်မူသည် မဟုတ်သေး. . .

> အတ္ထိတတ္ထ ဃာနာယတနန္တိ အာမန္တာ၊ အတ္ထိတတ္ထ ဂန္ဓာ ယတနန္တိ၊ နဟေဝံ ဝတ္တဗ္ဗေ။ အတ္ထိတတ္ထ ဇိဝှါယတနန္တိ အာမန္တာ၊ အတ္ထိတတ္ထ ရသာတတနန္တိ၊ နဟေဝံ ဝတ္တဗ္ဗေ-

ဟူ၍ ဟောတော်မူသည်။

ဤသို့ ကထာဝတ္ထု ပါဠိတော်၌ တိုက်ရိုက်ပင် ပယ်မြစ်တော်မူသည်။ တွေ့ထိခြင်းဌာ ကင်းသောဖောဋ္ဌဗ္ဗသဘောမှ ကင်းကြောင်းကိုလည်း ‘နစ ဖောဋ္ဌဗ္ဗာယတနာနံ ပထဝီဓာတု အာဒီနံဝိယ’ဟူသော ပိုဒ်ကိုအစချီ၍ ဟောတော်မူရာ၌လည်း ပထဝီ, တေဇော, ဝါယော သဘောသီးခြား တစ်ပါး ရှိသကဲ့သို့ ဂန္ဓသဘောရသသဘောမှ ကင်းသော ဂန္ဓရသသဘောမရခြင်း

http://www.dhammadownload.com



ကြောင့် အာယတနဖြစ်သော ဂန္ဓရသတို့ကိုသာ ဓမ္မဟဒယဝိဘင်း၌ မဟော လေသည်။ အာယတနဖြစ်သော ဂန္ဓရသတို့ကို ကထာဝတ္ထု၌ ပယ်မြစ်တော် မူသည်။

ဤ၌ ဂန္ဓရသဩဇစသည်တို့သည် ရူပဘုံ၌ကင်း၏ဟု ကထာဝတ္ထု၌လည်းကောင်း၊ အာယတနယမိုက်ပါဠိတော်၌လည်းကောင်း၊ 'ယဒိစ ဖောဋ္ဌဗ္ဗ ဘာဝတော အညော ပထဝီအာဒိ'ဟူသောပုဒ် အစချီ၍ မိန့်အပ်သော ပဋိစ္စ သမုပ္ပါဒဝိဘင်း မူလဋီကာ၌လည်းကောင်း မိန့်တော်မူသောကြောင့် ဂန္ဓ, ရသ, ဩဇာတို့သည် ကင်းကောင်းသောဘုံသားတို့ပင်ဟူ၍ မှတ်တော်မူ။ အကျယ် ကိုလိုတော်မူသော် ဘုရားကျွန်ဝန် တင်ဆိုသော အဋ္ဌကထာဋီကာတို့တွင် ယူတော်မူရာသည်။ ဤအရာ၌ ရူပဘုံ၌ဖြစ်သော ကလာပ်ရုပ်တို့ကို စက္ခု သတ္တက, သောတသတ္တက, ဝတ္ထုသတ္တက, ဇီဝိတဆက္ကဟု ရေတွက်မှုသာလျှင် ရင်းပါဠိတော်နှင့် မဆန့်ကျင်ရာသည်။

အနုဋီကာဆရာကလည်း စက္ခု, သောတ, ဝတ္ထုဒသက, ဇီဝိတနဝက ဟု အဋ္ဌကထာဆရာ ရေတွက်ခြင်းသည် ပါဠိတော်နှင့် မဆန့်ကျင် သင့်လျော် သည်ဟုဆိုတော်မူ၏။

ဆိုတော်မူဟန်ကား 'ရူပပုဂ္ဂိုလ်အား' ဃာနာယတန, ဇိဝှါယတန မရှိ ခြင်းကြောင့် ထိုပုဂ္ဂိုလ်အား ဂန္ဓရသတို့သည် အာယတနကိစ္စမပြုနိုင်ကုန်သော ကြောင့် ထိုဂန္ဓရသတို့ကို မယူမသုံးသပ်ဘဲ-

ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ဆ အာယတနာနိ ပါတုဘဝန္တိ-

ဟူ၍ ဓမ္မဟဒယဝိဘင်း၌ ဟောတော်မူသည်။

ပဉ္စာယတနာနိ၊ ငါးပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ ဆအာယတနာနိ၊ ခြောက်ပါးသော အာယတနတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏-

ဟူသည်နှင့်အညီ အလုပ်အလွေးကိုပြု၍ မျိုအပ် သုံးဆောင်အပ်သော အာဟာရ၏ မရှိခြင်းကြောင့် ရူပပုဂ္ဂိုလ်တို့၌ရှိကုန်သော ဩဇာသည် ဩဇာ ဋ္ဌမကရုပ်ကို ဖြစ်စေခြင်းဟူသော အာဟာရကိစ္စကို မပြုနိုင်သောကြောင့် ထိုဩဇာကိုမယူဘဲ 'တယောအာဟာရာ' ဟူ၍ ဟောတော်မူသည်ကို ဆင်ခြင်

http://www.dhammadownload.com



တော်မူသင့်လှပါသည်။ ဂန္ဓ ရသ ဩဇာရှိ၏ဟူ၍ ပါဠိတော်ထင်ရှားရှိသည်ကိုလည်း သိတော်မူသင့်ပါသည်။

ထိုဘုံသားတို့၏ ရုပ်ကလာပ်၌ ဂန္ဓ ရသဩဇ အကယ်၍ မရှိဟူချေသော် ရုပ်ကလာပ်တည်စေခြင်းငှာ ဘုတ်လေးပါးတို့ဖြင့် အဘယ်သို့ ပြုပြင်ပါအံ့နည်းဟူရာ၌ ကမ္မဝိပါကောအစိန္တိယောဟူ၍ ဟောတော်မူသည်ကို ဆင်ခြင်တော်မူ။ ဤသို့ ကံဝေဖန်သည့်အတိုင်း ကျောက်တိုင်သစ်ရောင်တိုးကဲ့သို့ တည်ပါမူကား ဗြဟ္မာဘုံသို့ရောက်သည်ဟူသော စကားသည် ကြီးကျယ်ရုံသာမကျပြီလော။ အဖြစ်မှာမူ အပါယ်လေးဘုံသားတို့နှင့် မခြားနားသကဲ့သို့ ရှိရာသည်ဟု မိန့်တော်မူရာ၌ ဂရိဝါလု သဲစုမကပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့နှင့်တကွသော ရှေးသူမြတ်ဟောင်း အလောင်းတော်တကာတို့သည် ရူပဘုံ၌ဖြစ်ရပါစေသားဟူ၍ ဆုတောင်းပတ္ထနာ မပြုကြဖူးသည်ကိုသာ နှလုံးပိုက်တော်မူပါဘုရားဟူ၍ သံတော်ဦးတင်လေသည်။

ဤသို့ သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားက မိန့်တော်မူသည်မှာ မင်းကြီးများ၊ အတွင်းဝန် ပေါ်ဦးသည် မေးတော်မူသော အရာဌာနဟူသမျှမှာပင် ရှင်းရှင်းလင်းလင်း ပြောတတ်ဆိုတတ်ရှိပေသည်။ ကျမ်းဂန်အရာ၌လည်း များစွာတတ်မြောက်ပေသည်။ သို့သော် ဟင်းစားကြွက်မှ အတက်ကောင်းပေါက် ဆိုဘိသကဲ့သို့ ဝမ်းတွင်းရှူးဖြစ်နေခြင်းကြောင်းသာ၊ ကျပ်ပြည့်လျှင် အဖိုးတန်မည့်သူ တစ်ယောက်ဖြစ်ချေသည်ဟု မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်ပြန်သည်မှာ သုတ်မဟာဝါ အဋ္ဌကထာ မဟာသုဒဿနသုတ်တော်တွင် မန္ဓာတု စက္ကဝတ္တိမင်းကို မှီ၍ စကြာသွားရာ ဗိုလ်ခြေပါဟူသောစကားဖြစ်သည်ကို ထောက်တော်မူပါဘုရား။

မဟာသုဒဿန စကြာမင်း၏ပရိသတ်များသည် အရုပ်ဆိုးသည်၊ ဆွဲ့သည်၊ အ သည်ဟူ၍မရှိပါ။ စကြာမင်း၏ ဘုန်းကံသမ္ဘာပါရမီတော်ကြောင့်လည်းကောင်း၊ ဗိုလ်ခြေတကာ လူများစွာတို့၏ ပါခဲ့ရင်းဥပထမ္ဘကကြောင့်လည်းကောင်း၊ ပုန်းတောင်းစကြာ သွားလေတိုင်းကိုလည်း နောက်တော်ပါလျက် လိုက်နိုင်ကြပါသည်။ ငါးပါးပဥ္စသီ ကိုယ်၌တည်လျက် ရုပ်ရည်လှပ

http://www.dhammadownload.com



ရှိကြပါသည်။ ဤကား မင်းနှင့်ပရိသတ် ပတ္ထနာခဲ့ရင်းဆုတောင်းအထူးဟု ရွှေနှလုံးတော်၌ ပိုက်ကျုံးစွဲသုံးတော်မူသင့်လှပါသည်။

ဘုရားအလောင်းတော် တောပျော်သေဉ်း 'ဝါနရိန္ဒ' မျောက်မင်းဖြစ်တော်မူသော အခါ၌လည်း မိုက်ရူးရဲစွာ ငါးရာခပင်း မျောက်အသင်းနှင့်ပင် လျှင် ပျော်ရွှင်နေထိုင်ရပါကြောင်း ရွှေဘဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။

ဤသို့ သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားက မိန့်တော်မူပြန်သည်မှာ ခွေးမသားငပေါ်ဦး၊ ငါကိုယ်တော်အရှင်မြတ်ကို မျောက်မဖြစ်ဖြစ်အောင် လုပ်ပြန်တော့သည်ဆို၍ လက်သုံးတော် ရွှေလှံကို ကိုင်ပြီးလျှင် ပြုံးတော်မူလျက်ပင် ရွှေရေးဆောင်တော်သို့ ကူးတော်မူ၏။

ဤကား အမရပူရ ပထမမြို့တည် နန်းတည် ဘဝရှင်မင်းတရားကြီးသို့ ပညာရှိအမတ်ကြီး အတွင်းဝန် ဦးပေါ်ဦးသည် တတိယမြောက် တင် လျှောက်ဖြေဆိုခြင်းတည်း။

❖ ❖ ❖

## စိတ္တဇသဒ္ဒါ၊ ဥတုဇသဒ္ဒါ ဖြစ်ဟန်ကို မေးတော်မူခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ လေးဆယ်ကိုးခု ဝါခေါင်လဆန်း တစ်ဆယ့်ငါးရက်နေ့ သလာကဘတ် စာရေးတံပွဲတော်ပြုလုပ် လှူဒါန်း၍ ရေစက်သွန်းချပြီးလျှင် အမျှပေးဝေတော်မူသည်နှင့် တစ်ပြိုင်နက် ပြိုအက် ဘနမ်း ဘမ်းဘမ်းကွဲမျှ လွန်ကဲထစ်ချုံးလျက် မိုးလုံးပိတ်ကာ သည်းထန်စွာဖြင့် ဝလာရိုက်ဟည်း၍ မိုးကြီးရွာလတ် ပဇ္ဇုန်နတ်တို့သည် ပတ္တာနုမောဒနာ ပြုကြသည်။

ဤသို့မိုးကြီး ရွာသွန်းပြီးသည်၏ အဆုံးဝယ် နန်းလုံးဥက္ကဌ် နာထ နတ်သည် တောင်စမုတ်တော်ဆောင် ဘုရင်ဧကရာဇ်မင်းမြတ်တို့ အရပ်ရပ် သော ကမ္မကိစ္စတို့ကို ဆွေးနွေးတိုင်ပင်ရာ ရေသဖန်းသားဖြင့် ထုလုပ်အပ် သော မိဂါသနပလ္လင်တော်၌ စံပယ်တော်မူကြိုက်တွင် နိဗ္ဗာနပစ္စယ ပရမတ္ထ ဒါနတော်ကြီးကို တော်လည်းပွဲတင် မြေပြင်အပြန့် အနှံ့အပြား အများသာဓု

http://www.dhammadownload.com



ခေါ်သည်သာမက ရွှေကရားဖြင့် ဆုထူးပန်နက် ရေစက်တော်ပန်း ချသွန်းဖျန်းတော်မူသည့် အဆုံးဝယ် မိုးလုံးမိုက်မှောက် တိမ်တောက်ဝန်းရစ်၍ ပဋ္ဌနှံနတ်များပင် ထင်ရှားကောင်းကြီး ရိုက်မည်ဟည်းပြီးလျှင် မြေကြီးစောင်းမျှ ကြွေးကြော်ရသတည်းဟု မှူးကြီးမတ်ငယ်တို့သည် အံ့ဖွယ်မဆုံးရှိကြရာ ဘဝရှင်မင်းတရားကြီးက အမတ်ဦးပေါ်ဦးသို့ အမေးတော်ရှိသည်မှာ ပေါ်ဦး၊ မေဃသဒ္ဒဟုဆိုအပ်သောအသံ, လူတို့၏ မုခဒွါရမှဖြစ်သော စကားပြောသံတို့သည် အဘယ်သို့ဖြစ်သနည်း။ ဖြစ်ဟန်နှင့်တကွ သိတော်မူလိုသည်ဟု မိန့်တော်မူ၏။

## ဤကား စတုတ္ထမြောက်မေးတော်မူခြင်းတည်း။

## အမတ်ကြီး ဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည်မှာ-

မဟာနရိန်၊ ဘာရဝိန်တို့၊ အာဟိန္ဒမျိုး၊ တုလွတ်စိုးသား၊ မြေမိုးဖောက်ထွင်း၊ ပဲ့တင်ကြည်းမျှ၊ လျှပ်ဝင်းဥပါ၊ လျှောင်ခါသို့၊ အာဏာစက်ဘုန်း၊ ဘဝဂ်ချန်းအောင်၊ ပြိုင်နှုန်းမရ၊ နတ်လူခသည်၊ သမ္မတမည်ဘိ၊ သီရိဖြိုးကယ်၊ အာဒိန္တယ်၊ သွယ်သွယ်ဖန်ဖန်၊ သဒ္ဒါဉာဏ်ဖြင့်၊ ဘာသန်သိပ်သည်း၊ မလိပ်လည်းပဲ၊ ကမ္ဘည်းကျောက်စာ၊ ကဲ့ပမာသို့၊ သေချာစွာပင်၊ မှတ်ရန်အင်ကို လျှောက်တင်မည်မမှား နားတော်မူဘုရား။ ။ (စာမရိသားလိုက်ချနည်း)။

အာဒိစ္စကုလ ခတ္တိယရာဇ အဿမ္ဘိန္န သကျသာကီယ ကုန်းဘောင်ဝံသ ဥရသေတ္တု ဇမ္ဗူဒီပ နရသေဌ်နင်း အမရပူရ ပြည်မသမိုက် နန်းစိုက်မကုဋ္ဌ ဘဝိဿရရာဇ မဟာဓမ္မရာဇ်မင်းမြတ်သည် မေးတော်မူအပ်သော သဒ္ဒဘေဒ သဒ္ဒဝိသေသ သဒ္ဒုပ္ပဋ္ဌနတို့ကို ဘုရားရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် အထူးဝေဖန် ရွှေဉာဏ်တော် ကျက်စားနိုင်ရန် သံတော်ဦးတင်ဦးအံ့။

သဒ္ဒဟူသည်ကား "သဒ္ဒိယတိ ဥစ္စာရိယတီတိသဒ္ဒေါ"။ ယောအဘိလာပေါ၊ အကြင်သဒ္ဒါသည်။ သဒ္ဒိယတိဥစ္စာရိယတိ၊ ရွတ်အပ်၏။ ဣတိတသ္မာ၊ ထိုသို့ရွတ်အပ်သည်၏ အဖြစ်ကြောင့်။ သောအဘိလာပေါ၊ ထိုသဒ္ဒါသည်။ သဒ္ဒေါ၊ သဒ္ဒမည်၏။ ထိုသဒ္ဒါသည် စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါဟူ၍

http://www.dhammadownload.com



နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် 'အ'အက္ခရာအစရှိသော သဒ္ဒါသည်ကား စိတ္တဇသဒ္ဒ မည်၏။ ဝမ်းသံ, မိုးသံ, သစ်ခက် အစရှိသည်တို့ အချင်းချင်း ထိခိုက်ခြင်းကြောင့်ဖြစ်သော အသံသည်ကား ဥတုဇသဒ္ဒမည်၏။ အဘယ် ပါဠိကိုထောက်၍ သိရမည်နည်းဟူမူကား-

သဒ္ဒေါဟိ ဒုဝိဓော စိတ္တ ဇော ကာရာဒေါတုဇော ဥဒရ သဒ္ဒါဒိ. . .

ဟူသော "သဒ္ဒတ္တဘေဒစိန္တာ" ပါဠိကိုထောက်၍ သိအပ်၏။

သဒ္ဒေါ၊ သဒ္ဒါသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ အကာရာဒိ၊ 'အ' အက္ခရာ အစရှိသည်ကား။ စိတ္တဇော၊ စိတ္တဇသဒ္ဒါမည်၏။ ဥဒရ သဒ္ဒါဒိ၊ ဝမ်းသံ အစရှိသည်ကား။ ဥတုဇော၊ ဥတုဇသဒ္ဒါမည်၏။

ယခုအခါ သိသာတော်မူစေခြင်းငှာ ပုစ္ဆာအစဉ်ဖြင့် ပြဆိုတင်လျှောက် ဦးအံ့။

၁။ ထိုစိတ္တဇသဒ္ဒါသည် အဘယ်မျှသော စိတ္တုပ္ပါဒ်ကြောင့် ဖြစ် သနည်း။

၂။ စိတ္တဇသဒ္ဒါကား အဘယ်ဇောသို့ ဖြစ်သနည်း။

၃။ အဘယ်မျှသော ဌာနသို့ဖြစ်သနည်း။

၄။ စိတ္တဇသဒ္ဒါ၏ ဖြစ်ဘက်ရုပ်ကား အဘယ်မျှနည်း။

၅။ ဖြစ်သောအခြင်းအရာကား အဘယ်သို့နည်း။

၆။ စိတ္တဇသဒ္ဒါကား အဘယ်ဘာသာတို့ဖြင့် ပြီးသနည်း-

ဟူတုံပြားအံ့။

စိတ္တဇသဒ္ဒါ၏ ဖြစ်သော စိတ္တုပ္ပါဒ်ကား- ဝုဋ္ဌော၊ ကာမဇော တစ်ခု ယုတ် သုံးဆယ်၊ အဘိညာဉ်ဒွေး။ ဤသုံးဆယ့်နှစ်ခုကြောင့်ဖြစ်၏။ အဘယ် ပါဠိကိုထောက်၍ သိအပ်သနည်း ဟူမူကား-

ဝေါဋ္ဌဗ္ဗန ကာမာစဝရ ဇဝနာဘိညာပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။

ဟူသော အဘိဓမ္မာ လက်သန်းအဋ္ဌကထာပါဠိကို ထောက်၍ သိအပ်၏။

ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာပန၊ ဝုဋ္ဌော, ကာမဇောတစ်ခု

http://www.dhammadownload.com



ယုတ်သုံးဆယ်, အဘိညာဉ်ခွေးတို့သည်။ ဝိညတ္တိမှို၊ ဝိညတ်ကိုလည်း။
သမုဋ္ဌာ ပေန္တိ၊ ဖြစ်စေကုန်၏။

ဤသို့ အခိုင်အမာ အကိုးအကားပြုအပ်သော အဘိဓမ္မတ္ထ လက်သန်း အဋ္ဌကထာပါဌ်သည် ဝိညတ်ကိုသာဖြစ်စေကြောင်းကို ဆိုသည်။ စိတ္တဇသဒ္ဒါဖြစ်ကြောင်းကို မဆို။ ထိုသို့သော်လည်း ဝိညတ်နှင့်စိတ္တဇသဒ္ဒါသည် တစ်ရံတစ်ဆစ်မျှ မကွေမကွင်းရသောကြောင့် ပန်း၏အနံ့ကို ယူလိုသော ယောကျ်ားသည် အနံ့၏တည်ရာဖြစ်သော ပန်းနှင့်တကွသာ ယူအပ်သကဲ့သို့ ဝိညတ်ကိုဖြစ်စေ၏ဟုဆိုလျှင် စိတ္တဇသဒ္ဒါကိုဖြစ်စေ၏ ဟူသောစကားသည် ပြီးပါသတည်း။ ပန်း၏အနံ့နှင့် ဝိညတ်နှင့်တူသည်။ ပန်းနှင့်ကား စိတ္တဇသဒ္ဒါနှင့်တူသည်။

ဤကား ပထမအချက် အဖြေပြီး၏။

စိတ္တဇသဒ္ဒါသည် အဘယ်ဇော၌ ဖြစ်သနည်းဟူရာ၌ အဋ္ဌသာလိနီ အဋ္ဌကထာဝယ် ကာယဝိညတ်ကို ဆိုရာ၌ ခုနစ်ယှဉ်းသော နွားတို့ဖြင့် ကအပ်သော လှည်းဥပမာကိုထုတ်၍ ပထမနွားယှဉ်းလှည်းဦးကို ခိုင်စေကာသာ လှည်းဘီးစက်ကို လည်စေခြင်းငှာ မစွမ်းနိုင်။ ဒုတိယနွားယှဉ်းတို့၌လည်း ဤနည်းလျှင် နည်းရှိ၏။ သတ္တမနွားယှဉ်း၌သာလျှင် လှည်းဘီးလည်ခြင်း ဖြစ်စေသကဲ့သို့ ပထမဇောဝယ် ရူပကာယကို ခိုင်စေကာသာ ကာယဝိညတ်ကိုမဖြစ်စေနိုင်။ ဒုတိယဇော စသည်တို့၌လည်း ဤနည်းလျှင် နည်းရှိ၏။ သတ္တမနွားယှဉ်း၌သာလျှင် လှည်းဘီးလည်ခြင်း ဖြစ်စေသကဲ့သို့ ပထမဇောဝယ် ရူပကာယကို ခိုင်စေကာသာ ကာယဝိညတ်ကိုမဖြစ်စေနိုင်။ ဒုတိယဇော စသည်တို့၌လည်း ဤနည်းလျှင် နည်းရှိ၏။ သတ္တမဇောဝယ်သာ ကာယဝိညတ်ကို ဖြစ်စေ၏ဟူ၍ ဆိုသကဲ့သို့ ဝစီဝိညတ်၌ မဆိုမူ၍-

ပုရိမစိတ္တသမုဋ္ဌာနာယ၊ ဥပတ္ထမ္ဘနကိစ္စံနတ္ထိ။

ပုရိမစိတ္တသမုဋ္ဌာနာယ၊ ရှေ့စိတ်ကြောင့်ဖြစ်သောရုပ်အား။

ဥပတ္ထမ္ဘ နကိစ္စံ၊ ထောက်ပံ့ဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။

ဟူ၍ ပထမဇောစသည်၌ ဖြစ်ခြင်းကို ပယ်သောကြောင့်လည်းကောင်း၊ ဋီကာဆရာ, အနုဋီကာဆရာတို့သည် သတ္တမဇော၌သာဖြစ်သည်ကို နှစ်သက်သောကြောင့်လည်းကောင်း၊ မဏိသာရမဥ္ဇူသာ ဆရာမြတ်တို့သည်လည်း-

http://www.dhammadownload.com



အမေ့ဟိပိ သတ္တမဇဝနေဧဝ အက္ခရုပ္ပတ္တိ ရူစ္စတိ၊ ဝဒန္တေဟိကေ
သောဝ ဥစ္စာရိတတ္တာ သုဏန္တေဟိပိ ကေသောဝ သုတတ္တာ-

ဟူ၍ သတ္တမဇောဒ္ဒ ဖြစ်ခြင်းကိုသာ အလိုရှိတော်မူသောကြောင့် လည်း ကောင်း၊ ဇောခုနစ်ချက်တွင် သတ္တမဇောဒ္ဒသာ ဖြစ်၏ဟုမှတ်အပ်၏။

အမေ့ဟိပိ၊ ငါတို့သည်လည်း။ သတ္တမဇဝနေဧဝ၊ သတ္တမ ဇောဒ္ဒသာလျှင်။ အက္ခရုပ္ပတ္တိ၊ အက္ခရာ၏ဖြစ်ခြင်းကို။ ရူစ္စတိ၊ နှစ် သက်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ကေသောဝ၊ တစ်လုံးသောအက္ခရာကိုသာလျှင်။ ဥစ္စာရိတတ္တာ၊ ရွတ်အပ်သည်၏ အဖြစ်ကြောင့်။ သုဏန္တေဟိပိ၊ ကြားသော သူတို့သည်လည်း။ ကေသောဝ၊ တစ်လုံးသော အက္ခရာကိုသာလျှင်။ သုတတ္တာ၊ ကြား သည်၏ အဖြစ်ကြောင့်တည်း။

ဤကား ဒုတိယဖြေချက်ပြီး၏။

အဘယ်မျှသော ဌာနဒ္ဒဖြစ်သနည်းဟူသော်. . .

အ၊ အာ၊ က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ-ဤရှစ်လုံးသော စိတ္တဇသဒ္ဒါတို့သည် လည်ချောင်းဟုဆိုအပ်သော ကဏ္ဍဌာန်ဒ္ဒဖြစ်ကုန်၏။

ဣ၊ ဤ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ယ-ဤရှစ်လုံးသော စိတ္တဇသဒ္ဒါတို့သည် အာစောက်ဟု ဆိုအပ်သော ကဏ္ဍဌာန်ဒ္ဒဖြစ်ကုန်၏။

ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ-ဤခုနစ်လုံးသော စိတ္တဇ သဒ္ဒါတို့သည် လျှာထိပ်ဟု ဆိုအပ်သော မုဒ္ဓဌာန်ဒ္ဒဖြစ်ကုန်၏။

ဥ၊ ဦ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ-ဤခုနစ်လုံးသော စိတ္တဇသဒ္ဒါတို့သည် နှုတ် ခမ်းဟုဆိုအပ်သော ဩဋ္ဌဌာန်ဒ္ဒ ဖြစ်ကုန်၏။

ဩ-အက္ခရာဟု ဆိုအပ်သော စိတ္တဇသဒ္ဒါသည် လည်ချောင်း, နှုတ် ခမ်းဟုဆိုအပ်သော နှစ်ဌာနဒ္ဒဖြစ်၏။

ဝ-အက္ခရာဟုဆိုအပ်သော စိတ္တဇသဒ္ဒါသည်ကား သွား, နှုတ်ခမ်း ဟုဆိုအပ်သော နှစ်ဌာနဒ္ဒဖြစ်၏။

ဤကား တတိယအချက် အဖြေပြီး၏။

http://www.dhammadownload.com



စိတ္တဇသဒ္ဒါ၏ ဖြစ်ဘက်ရုပ်ကား အဘယ်နည်းဟူသော်. . . ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရှစ်ပါးတို့တည်း။ မိမိနှင့်သော် ကိုးပါးဖြစ်၏။ ဝိညတ်နှင့်တကွကား တစ်ဆယ်ဖြစ်၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာ၌-

ဝစီဝိညတ္တိသဒ္ဒေဟိ သဟ ဝစီညတ္တိဒသကံ-

ဟူ၍ ဆိုသတည်း။

ဝစီဝိညတ္တိသဒ္ဒေဟိ၊ ဝစီဝိညတ်ရုပ်၊ သဒ္ဒါရုပ်တို့နှင့်၊ သဟ၊ တကွ။ ဝစီဝိညတ္တိ ဒသကံ၊ ဝစီဝိညတ္တိ ဒသကမည်၏။

## ဤကား စတုတ္ထအချက် အဖြေပြီး၏။

ဖြစ်သော အခြင်းအရာကား အဘယ်နည်းဟူသော် ဤစကားကို ဆိုအံ့၊ ထိုစကားကိုဆိုအံ့ဟူ၍ ကြံသောပုဂ္ဂိုလ်အား အတီတဘဝင် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ချက်၊ တဒါရုံနှစ်ချက်၊ ထိုနောက် ဘဝင်၊ ဤမနောဒွါရဝီထိသည် ကျရာ၏။

ထိုဝီထိ၌ ဇောခုနစ်ချက်တွင် သတ္တမဇောသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရုပ်ရှစ်ပါးကိုဖြစ်စေ၏။ ထိုရုပ်ရှစ်ပါးသော စိတ္တဇပထဝီဓာတ်သည် လည်ချောင်းအာစောက်, လျှာထိပ်, သွား, နှုတ်ခမ်းရှိသော ဥပါဒိန္နက ပထဝီဓာတ်နှင့် ထိခိုက်လတ်သည်ရှိသော် ခွက်ခွင်းနှစ်ခုကို တီးသကဲ့သို့ ဓာတ်နှစ်ပါးတို့၏ ထိခြင်းကြောင့် 'က၊ ခ'အစရှိသော အသံသည်ဖြစ်၏။ အဘယ်ပါဠိကို ထောက်၍သိအပ်သနည်း။

> ဣဒံဝက္ခာမိ ဧတံဝက္ခာမီတိ ဥပ္ပဇ္ဇမာနံ ပန စိတ္တံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ၊ တေသံ အဗ္ဘန္တရေ စိတ္တသမုဋ္ဌာနာ ပထဝီ ဓာတု ဥပါဒိန္နံ ကံ သံဃဋ္ဋိယမာနာဝ ဥပ္ပဇ္ဇတိ၊ တေန ဓာတု သံဃဋ္ဋ နေနစ သဒ္ဒေါဥပ္ပဇ္ဇတိ-

ဟူသော အဋ္ဌသာလိနီ ပါဠ်ကိုထောက်၍ သိအပ်၏။

ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ ဧတံ၊ ထိုစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ ဣတိ၊ ဤသို့။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ပထဝီဓာတု၊

http://www.dhammadownload.com



ပထဝီဓာတ်လည်းကောင်း။ အာပေါဓာတု၊ အာပေါဓာတ်လည်းကောင်း။ တေဇောဓာတု၊ တေဇောဓာတ်လည်းကောင်း။ ဝါယောဓာတု၊ ဝါယောဓာတ်လည်းကောင်း။ ဝဏ္ဏော၊ ဝဏ္ဏလည်းကောင်း။ ဂန္ဓော၊ ဂန္ဓောလည်းကောင်း။ ရသော၊ ရသလည်းကောင်း။ ဩဇာ၊ ဩဇာလည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ရူပါနိ၊ ရုပ်တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တေသံ၊ ထိုရုပ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ စိတ္တသမုဋ္ဌာနာ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဥပါဒိဏ္ဏကံ၊ လည်ချောင်း, အာစောက်, လျှာထိပ်, သွား, နှုတ်ခမ်း၌ရှိသော ဥပါဒိဏ္ဏက ပထဝီကို။ သံဃဋ္ဋိယမာနာဝ၊ ထိလျက်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေမဓာတု သံဃဋ္ဋနေန၊ ထိုဓာတ်နှစ်ပါးတို့၏ ထိခြင်းကြောင့်။ သဒ္ဒေါ၊ 'က-ခ'အစရှိသော အသံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကား ပဥ္စမအချက် အဖြေပြီး၏။

စိတ္တဇသဒ္ဒါကား အဘယ်ဘာသာဖြင့် ပြီးသနည်းဟူသော်- စိတ္တဇသဒ္ဒါသည် မဂဓဘာသာ, သက္ကဋဘာသာ, သီဟိုဠ်ဘာသာ, ဟိန္ဒူဘာသာ, ရှမ်းဘာသာ, တလိုင်းဘာသာအားဖြင့် ပြီး၏။ ထို့ကြောင့် ဆရာမြတ်တို့သည်-

ဒေသဘာသာဒိဝသေန သဒ္ဒေါ အနေကဝိဓော ဘဝေဟူ၍ မိန့်အပ်၏။

သဒ္ဒေါ၊ သဒ္ဒါသည်။ ဒေသဘာသာဒိဝသေန၊ ဒေသဘာသာ အစရှိသည်တို့၏ အစွမ်းဖြင့်။ အနေကဝိဓော၊ များသောအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

ဤကား ဆဋ္ဌမအချက် အဖြေပင်ဖြစ်ပါသည်။

ထိုသို့ဆိုခဲ့ပြီးသော သဒ္ဒါအစဉ်အနက်အစဉ်ဖြင့် သိတော်မူလိုသော မေယျသဒ္ဒါ မုခဒွါရမှဖြစ်သော ဝစီဝိညတ်ဟုဆိုအပ်သော အရပ်ရပ်သဒ္ဒဘေဒ, သဒ္ဒဝိသေသ, သဒ္ဒုပ္ပဇ္ဇနတို့ကို သိတော်မူဘုရားဟူ၍ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်လေ၏။

ထိုရောအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူပြန်သည်မှာ ပေါ်ဦး၊ ကိုယ်တော်မြတ် မေးတော်မူသောအရာဟူသမျှဝယ် အသွယ်သွယ်

http://www.dhammadownload.com



အဝဝဖြင့် မောင်မင်းတင်လျှောက်ဖြေဆိုခြင်းကို စွမ်းနိုင်သည်ချည်းပင်တည်း။ မောင်မင်းသည် မေးတော်မူမည့်စကားရပ်တို့ကို ပရစိတ္တဝိဇာနန ဉာဏ်ကို ရသောသူတို့ကဲ့သို့ သိနှင့်သဖြင့် အလျင်တင်ကူး၍ ကြံဆောင်ထားနှင့် သလောဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက လျှောက်ပြန်သည်မှာ. . . ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် အထူးကို သံတော်ဦးတင်ပါအံ့။ ရွှေဘုန်းတော် နေဝန်း ထွန်းလင်းတောက်ပတော်မူသော ဘဝရှင်မင်းတရားကြီးဘုရားသည် အဆောင်တော်ကို ကူးတော်မူသောအခါ အဆောင်တော်မရောက်မီ အပြင် ကပင်လျှင် ဝတ်လဲတော်မြတ်ကို မတော်မူ၍ အဆောင်တော်သို့ ကူးတော်မူ ပါသလော။ သို့မဟုတ် အဆောင်တော်တွင်း စက်တော်ခန်းသို့ ဆိုက်ရောက် တော်မူမှပင် ဝတ်လဲတော်ကို သိမ်းမတော်မူပါသလောဟု တင်လျှောက်လေ သော် ဘဝရှင်မင်းတရားကြီးနှင့် တကွသောအပါးတော်မြဲ မှူးမတ်တို့သည် လွန်စွာနှစ်သိမ့်ရယ်မောဖွယ် ဖြစ်ကြရလေသည်။

ငင်းနောက် မင်းတရားကြီးဘုရား မိန့်တော်မူပြန်သည်မှာ ကလေး သူငယ်, သဘင်သည်, အရှူး ဤသုံးဦးတို့သည် ပြည်ဆည်းလည်း အိမ်ဆည်း လည်းဟူ၍ ရှေးလူတို့သည် သမုတ်ရာ၌ ပေါ်ဦးလည်း ဆည်းလည်းတစ်လုံး ဖြစ်တော့သည် မောင်မင်းများဆို၍ ပြုံးတော်မူလျက် အတွင်းဆောင်သို့ ဝင် တော်မူလေ၏။

**အမတ်ကြီး ဦးပေါ်ဦး၏ စတုတ္ထမြောက် တင်လျှောက်ခြင်းကား ဤတွင် ရွှေ့ပြီး၏။**

❖ ❖ ❖

## ရေသဘင်ပွဲတော်နှင့် စပ်လျဉ်း၍ မေးတော်မူခြင်း

သက္ကရာဇ် ၁၁၇၂ခု တော်သလင်းလဆန်း ၁၃ရက်နေ့ကစ၍ ငင်း လပြည့်နေ့တိုင် နှစ်စဉ်ရေသဘင်ပွဲ ပြုလုပ်မြဲဖြစ်ရကား ဘဝရှင်မင်းတရားကြီး သည် ရေနန်းစံပယ်တော်မူရန် ယင်းသည့်လဆန်း ၁၂ရက်နေ့တွင် ဝန်ကြီး အတွင်းဝန် အစုံအညီတို့နှင့် မင်းခမ်းတော်ကြီး ကျင်းပပြီးလျှင် ထွက်စံတော်

http://www.dhammadownload.com



မူရာတွင် ရေနန်းစကြာ အမည်ရှိသော ဝေဇယန္တာသဏ္ဌာန် ပြာသာဒ်ပျံသုံးဆောင်တို့ဖြင့် တန်ဆာဆင်အပ်သော ရတနာဖောင်တော်ထက်သို့ တက်တော်မူ၍ မြတ်သောမင်း၏အသရေကို ဆောင်တော်မူလျက် ညီလာခံတော်မူစဉ် မိန့်တော်မူသည်မှာ. . . 'ပေါ်ဦး၊ ကိုယ်တော်မြတ်သည် ဘေးလောင်းတော် အလောင်းစည်သူမင်းကြီးသည် သက်န်းနက်ဖောင်တော်နှင့် မဟာသမုဒ္ဒရာ အလယ် ကြည့်ချင်ဖွယ်တို့ကို သွတ်လှယ်တည်တည် ကြည့်ရှုလှည့်လည်တော်မူ၍ ဇမ္ဗူသပြေပင်သို့ ကြွရောက်သည်နှင့်မခြားမနား များပြားသော ဗိုလ်ထုတပ်ထုနှင့် ပြည့်စုံစွာ မန္တာတုသေဌ်နှင်း စကြာမင်းအသရေကို ဆောင်တော်မူလျက် ငါထွက်တော်မူသည်ကို စာဆိုတော် နဝဒေးတို့ကဲ့သို့ ကောင်းအောင်မောင်မင်းစာဆိုနိုင်မူကား ကြားနာတော်မူလိုသည်'ဟု မိန့်တော်မူ၏။

ဤကား ပဉ္စမမြောက် မေးတော်မူခြင်းတည်း။

## အမတ်ကြီး ဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

နန်းလုံးဥသျှောင်၊ နတ်မင်းနောင်သို့၊ အခေါင်စိုးပိုင်၊ တန်ခိုးပြိုင်၍၊ မဏ္ဍိုင်မေရု၊ ကြွေစလုပင်၊ ရေထုမလွတ်၊ ဘုန်းရောင်လွှတ်က၊ အာဝဋ္ဋဂင်္ဂါ၊ ခန်းခြောက်ရာသည်၊ အချာပဝရ၊ ရာမျှားသေဌ်နင်း၊ တရားမင်း။

ချိုသင်းကြည်စွာ၊ မိန့်ရွှေဗျာကို၊ မကွာစုရုံး၊ ပုလဲလုံးသို့၊ စွဲကုံးသီကာ၊ ဝှန်မဟာလျှင်၊ ကဗျာဘွဲ့ငင်၊ လျှောက်ဆိုတင်မည်၊ နတ်ရှင်တည့်ရွှေနား၊ ဆင်တော်မူဘုရား။ (အာသာဝတီဝတ်ဆံချနည်း။) ဤကား ရတု။

တောင်ကျွန်းဒီပါ၊ မဟီချာဝယ်၊ သီတာအမှုန်၊ မြစ်ယမုန်နှင့်၊ ဝသုန်သေလာ၊ အဖြာဖြာကို၊ သမ္ဘာတော်မိုး၊ ရွှာသွန်းဖြိုးလျက်၊ တန်ခိုးပွက်၍၊ ကျိုးအက်တောင်ထွတ်၊ မြေလုံးညွတ်သား၊ ဝိဝဋ္ဋဌော၊ ကပ်လုံးကြာဖြင့်၊ မဟာရာဇဝင်၊ ကမ္ဘည်းတွင်အောင်၊ အရှင်ဣန္ဒာ၊ ဆက်နှင်းလာသည့်၊ ရိန္ဒမာပျံ၊ စကြာလှံနှင့်၊ ခရားလန်မြေး၊ ဘုန်းပျံ့မွေး၍၊ ချမ်းအေးပြည်ရွာ၊ စည်ပင်စွာလျှင်၊ ဂေါဇာသဏ္ဍာ၊ ခေါ်ဝေါ်ကြသည်၊ လေးရာ့ငါးဆယ်၊ လေးခုကယ်သော်၊ ဘိုးတော်အောင်ခန်း၊ ရွှေတောင်နန်းထက်၊ ကနက်ပစ္စူ ဖြန့်မိုးထူလျက်၊ ရွှေဂူဒါယကာ၊ မဟာနရပတိ၊ သီရိဇေယသူ၊ ရွှေဘွဲ့ယူသား၊ ဇမ္ဗူသခင်၊ ကျွန်းထိပ်

http://www.dhammadownload.com



တင်သည်။ ဝန်းကျင်ရံပေါင်း၊မတ်ခြောက်သောင်းနှင့်၊ ဖြူတောင်ဆင်းမွန်၊ တေဇာချွန်သည်၊ ရောဝဏ်မျှ၊ ပမာဏသို့၊ ဂဇသျှတ္တရာ၊ ကျမ်းညီစွာနှင့်၊ ရတနာယာဉ်ကြီး၊ နှစ်စီးသုံးဆယ်၊ ဆင်မည်းဝယ်လည်း၊ မှတ်ဖွယ်ရှစ်သိန်း၊ သချာထိန်းက၊ အသဃာနည်၊ တရထည်လည်း၊ လှည့်လည်ကွန့်မြန်း၊ လျှပ်စစ်ပန်းသို့၊ နတ်နန်းဘုံမှ၊ တဂုဏ်ကြွလျက်၊ ပုဏ္ဍကရာဇာ၊ ယာဉ်ဝလာနှင့်၊ မက္ကာစတန်း၊ မြင်းရှစ်သန်းပြင်၊ ရေနန်းယာဉ်လည်း၊ မှန်းအင်သချာ၊ ထို့တူသာတည့်၊ ဗိုလ်ပါလုံးရင်း၊ တပ်တော်ကျင်းသော်၊ စစ်ခင်းလိမ္မာ၊ ဝတီသာက၊ ဣန္ဒာမင်းကျွန်၊ ဝေဿဝဏ်နှင့်၊ နေရာလွန်မတ်၊ နတ်တို့အမျှ၊ စစ်ဦးအာဒိ၊ ပဇာပတိဟု၊ မည်ရှိတစ်ဝ၊ ဝရုဏရာဇာ၊ ဤသာဏာမွန်၊ စစ်တံခွန်ကို၊ ချွန်ချွန်ရွှပ်ရွှပ်၊ ထက်ကြပ်ယှဉ်ငှာ၊ အသူရာကို၊ ဗျူဟာခင်းချီ၊ မိုးလုံးစီသို့၊ မဟီပြိုအက်၊ တစ်ခဲနက်ဖြင့်၊ ရဲမက်စုဝေ၊ ဗိုလ်ထုခြေလည်း၊ ကုဋေဆယ့်ခြောက်၊ အံ့သြလောက်၏၊ ထွင်းဖောက်အာဏာ၊ ရွှေတေဇာနှင့်၊ အောင်ချာရဋ္ဌ၊ ပြည်မခရိုင်၊ နိုင်ငံတော်လုံး၊ ကုန်သိမ်းကြုံး၍၊ အသုံးအဆောင်၊ ယခေါင်ပညတ်၊ မရအပ်လည်း၊ ချိန်ကျပ်မှူးပဲ၊ တင်းခွဲစိတ်မှတ်၊ စရွတ်ပြင့်ရှုလျက်၊ ပြည်ခွက်စလယ်၊ အသွယ်သွယ်ကို၊ နောင်ဝယ်ရှည်ထွေ၊ တည်ရစ်စေဟု၊ လှစ်ခြွေဗျာကျူ မိန့်တော်မူ၏။ ဇမ္ဗူသပြေ၊ ပင်ရိပ်ဝေသို့၊ ဖြန့်ရွှေစကြာ၊ လှည့်သောခါလည်း၊ နောက်ပါရံရွှေ၊ ရှစ်သိန်းလေ့နှင့်၊ တစ်ဧကရာ၊ ဆွေမဟာ၏၊ နေရာယာဉ်မင်း၊ ဆယ့်နှစ်စင်းကို၊ ထင်လင်းစေနောင်၊ အမည်ဆောင်သော်၊ အောင်သာတန်ခိုး၊ မိုးအောက်ရွှေကြယ်၊ စွယ်လက်ယာသစ်၊ ခေါ်ကြောင်းဖြစ်သည်၊ စင်စစ်ညီမျှ၊ ဝဇိရသခီ၊ တင်ရာပြည့်စုံ၊ ရောင်ခြုံနဝရတ်၊ မှတ်လော့လင်းဇင်း၊ လေ့မင်းပေါင်းစု၊ သုံးလူ့ကြင့်နန်း၊ ပြည်ကြီးဝမ်းတည့်၊ ဥဒါန်းတစ်ခု၊ အနှုန်းပြုသည်၊ သုံးလူ့ပူဇော်၊ တဘော်ပြည်ကြီးနောင်၊ ဘုန်းခေါင်မင်းတရား၊ အရင်းထားသည့်၊ နဂါးကြေးယာဉ်၊ စက်တော်တင်တို့၊ တွင်ဆယ့်နှစ်စင်း၊ သမုဒ်တွင်းဝယ်၊ ခုတ်ထွင်းဗိုလ်ခြေ၊ ဖြန့်မြန်းလေသော်၊ ပင်သပြေရိပ်၊ ဇမ္ဗူမြိတ်၌၊ ဒေဝိဿရာ၊ သိကြားလာ၍၊ နာမာမည်ဘိ၊ အညီညှိသည်၊ သီရိတြိဘဝနာ၊ ဒိတျာပဝရ၊ ပဏ္ဍိတဟု၊ သုဓမ္မရာဇာ၊ မဟာဓိပတိ၊ နရပတိစည်သူ၊ ရွှေဘွဲ့ထူလျက်၊ တဆူသမု၊ ရေမြေထုထွင်၊ ဇေယတုဝေ၊ ဘုန်းမိုးစွေလော့၊ မိန့်ရွှေတံဆိပ်၊ ဆုကြီးနှိပ်၍၊ ဦးထိပ်သွန်းခါ၊ ဝတီသာသို့၊ ဣန္ဒာသိကြား၊ ပျံတတ်သွား၏။

http://www.dhammadownload.com



မခြားထို့တူ၊ ဤဇမ္ဗူမှာ၊ လူတွင်အထွတ်၊ ကျွန်းလုံးညွတ်ရ၊ ဝိဝင်္ဂအာဟိန်၊ နရာသိဟ်လည်း၊ ကွာပိန္နစစ်၊ တေဇာလှစ်သည်၊ ကေရာဇ်နောင်၊ ရိုက်ချွန်းလောင်သား၊ ကုန်းဘောင်အာဒိ၊ တစ်လောကီတွင်၊ မောဠိဥဿျှောင်၊ နရခေါင်လည်း၊ တန်ဆောင်ညီးဝါ၊ ကြီးအာဏာနှင့်၊ ဗိုလ်ပါအပေါင်း၊ ခဝပ်ညောင်း၍၊ အလောင်းမင်းဖျား၊ ကမ္ဘည်းသားအောင်၊ ဘုရားခမည်း၊ နတ်မင်းနည်းသို့၊ နိသရည်းရှိ၊ နည်းယူဘိလျက်၊ ထက်မြက်စွာပ၊ အာဏာရှသည်။ အမရပူရပြည်မမကိုင်၍ နန်းစိုက်လေ။ ရွှေကိုယ်တည့်မြတ်ဖျား တူတော်မူသည်ဘုရား။

ဤသို့ ၁၂-လုံးတစ်ပိုဒ် ၁၁-လုံးတစ်ပိုဒ် နှစ်ထပ်ကျော့ချခြင်းသည် စက်ဝန်းမိုးစွေ ချနည်းတည်း။

ဤသို့ အမတ်ကြီး ဦးပေါ်ဦးသည် ရွှေနားတော်သွင်း လူးတားကို တစ်မုဟုတ်ချင်းဆို၍ သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးသည် ဘေးလောင်းတော် နရပတိစည်သူမင်းကြီးကို မမြင်မတွေ့ဖူးသော်လည်း မြင်တွေ့ဖူးမြော်ရဖူးသကဲ့သို့လည်းကောင်း၊ နတ်နန်းစံတော်မူသော ရတနာသိခ ပထမ ပြည်ထောင် ကုန်းဘောင်သေဋ္ဌနင်း မင်းထီးအာဒိကမ္မိက ဖြစ်သော ခမည်းတော် အလောင်းမင်းတရားကြီးဘုရားကိုလည်းကောင်း လွန်မင်းစွာပင် အောက်မေ့လွမ်းဆွတ်တော်မူသဖြင့် ရွှေမျက်ရည်စ ဆင်းကြည်ခသည်ကို ရေမြေစသည်တို့၌ မကျစေခြင်းငှာ လက်ယာဝင်းမှူးတော်ကြီးက ရွှေကလာပ် ပေါ်တွင် ခါသာအုပ်တင်၍ ခါသာအုပ်ဖြင့် ခံရသည်။

ဤသို့ ရွှေမျက်နှာတော်မလှ၍ မျက်ရေသွယ်ကျဖြစ်တော်မူသည်ကို မြင်သဖြင့် တရားပြသ လွမ်းစပြေဖွယ်ရာ ရွှေစိတ်တော်ရွှင်စေခြင်းငှာ အမတ်ကြီးဦးပေါ်ဦးသည် ကွန့်မြူးသောဉာဏ်ဖြင့် ထပ်မံတင်လျှောက် စာဆိုဆက်သ ပြန်သည်မှာ-

အဓိပတိ၊ ထွတ်ဘုန်းရှိ၍၊ သီရိတက်ဝေ၊ ကြက်သရေဖြင့်၊ စက်နေလရောင်၊ တင့်ထွန်းဆောင်သား၊ ကုန်းဘောင်သေတ္တူ၊ အနှစ်စုသည့်၊ အမြုတေပိုင်၊ ကျွန်းမဏ္ဍိုင်။ ။ ဦးကိုင်ရောင်စို၊ ရွှေမြင့်မိုရ်ထက်၊ ဗဟိုမဏ္ဍလင်၊ စံမမြင်အောင်၊ ကြန်အင်လက္ခဏာ၊ ပြည့်စုံစွာသည့်၊ ကလျာမယ်၊ ရုပ်ဆေးခြယ်သို့၊ လေးသွယ်မိဖုရား၊ ဝဲယာထားလျက်၊ စံစားပမာ၊ တုလျှတ္တာဖြင့်၊ မကွာ

http://www.dhammadownload.com



ယခု၊ ထွက်ဗိုလ်ရှုနှင့်၊ သမုထိပ်တင်၊ လောင်းကျိပ်ဝင်ကို၊ ရေသဘင်တင့်၊ ဥကင်ဖွင့်လျက်၊ မလင့်အခါ၊ စံတော်ရာတွင်။ ။ ဩဘာတည့်တွန် ကြွေး လျှောက်ဆိုရေး။ (ဇမ္ဗူ့တန့်ဆောင်ချနည်း)။ ဤကား ရတု။

နရစိုးဟု၊ တန်ခိုးတေဇော်၊ လေးကျွန်းကျော်အောင်၊ ထင်ပေါ်ဘုန်းဂုဏ်၊ မြေဝသုန်နှင့်၊ ရေယမုန်ပိုင်၊ အံ့ချီးလှိုင်သား၊ ဘက်ပြိုင်ကင်းစင်၊ ကျွန်းသခင်သည်၊ သမ္ဗုဇ်ချုပ်၊ သမ္ဗယုတ်ဖြင့်၊ အုပ်ကွပ်ခါပင်၊ ဉာဏ်တော်ယှဉ်လော့၊ ဖြစ်အင်ရှုဘိ၊ သုဂတိဟု၊ ဘုမ္ဘိတမည်၊ ဘဝလည်လျက်၊ အတည်မကျ၊ ဤကာလတွင်၊ လောကမွေခန်၊ နယ်ဝှန်းမှန်၍၊ အနိစ္စန္တ၊ သဒ္ဓါရကြောင့်၊ ခယဝယာ၊ ဘိဇ္ဇနာသည်၊ စိတ်မသာကြောင်း၊ ဖန်တီးလောင်း၏။ ဧင်းဗိုလ်ပါ၊ သူရောင်ါကို၊ ဆိုရာတစိ၊ ချန်လှပ်ဘိလော့၊ မုနိငါးဦး၊ အများဖူးရ ဘုရားမှူးခေါင်၊ တုဖွဲ့နောင်လျှင်၊ ရှောင်ကြဉ်မလွတ်၊ သေမင်းညွတ်သို့၊ နတ်မြေပဂေ၊ ပါရချေ၏။ သဗ္ဗေသတ္တာ၊ သတ္တဝါနှင့်၊ နာနာလောက၊ ဟူသမျှမှာ၊ မူလအဝိဇ္ဇာ၊ ဖန်တီးရာကြောင့်၊ ဘယ်ရွာနယ်ခွင်၊ လွတ်ကြောင်းမြင်းအံ့။ သို့ပင်တစိ၊ သို့ဖြစ်ဘိ၍၊ ဘူမိပါလ၊ နရိန္ဒလည်း၊ ချိန်ဆညှိဝေ၊ ပရိဒေကို၊ တိချွေပိုင်းဖြတ်၊ တိုက်ဖျက်တတ်သည့်၊ မြတ်အာဝုဓိန်၊ ဉာဏ်ဝရဇိန်ဖြင့်၊ အသန္တိန်စစ်၊ နှိုင်းချိန်ပစ်လော့၊ ရုပ်ညစ်စွန့်ခွာ၊ ရုပ်သစ်ရှာသည့်၊ ကြမ္မာသပေါက်၊ ဆယ့်နှစ်ယောက်ကို၊ နောက်တော်လိုက်သော်၊ ဘုန်းမခေါ်နှင့်၊ ကျွန်စော်နံစွာ၊ ကျွန်တတ်ရာဟု၊ ကျွန့်ရွာကျွန့်ပြေ၊ ကျွန့်အောင်မြေသို့၊ ဆောင်လေလှည့်လည်၊ ပင့်တတ်သည်တည့်၊ ရာပြည်ပိုင်သ၊ လူများသေဌ်နင်း၊ တရားမင်းမှာ၊ အားတင်းဖို့ရာ၊ ပညာဝါတွင်၊ သင်စာကမ်းမြင်၊ ရောက်ပြီးပင်ရှင့်၊ သခင်သုံးလူ့၊ သဗ္ဗညု လည်း၊ အနုအရင့်၊ ရှုမြင်ချင့်၍၊ လွယ်လင့်တကူ၊ ကျင့်ကြောင်းမူကို၊ အဆူဆူ မြွက်၊ ဒေသနက်ဖြင့်၊ ရွှေစက်အာဏာ၊ ကုမုဒ်ကြာမှ၊ ထုတ်ကာဖွင့်ပြီး၊ သုတ် ဝိနည်းနှင့်၊ ရင်းနှီးစေရာ၊ ဘိဓမ္မာလျှင်၊ ဗြဟ္မာလူနတ်၊ ခပ်သိမ်းသူတို့၊ အပူကင်းရန်၊ ကျူးရင့်ဟန်၍၊ ပြန်လှန်ပိုင်းခြား၊ ဉာဏ်ကျက်စား၍၊ တရားရှုစေချင်လှသော်၊ ဘုန်းတော်ရှင်ထွတ်ဖျား ဝေဖန်တော်မူဘုရား။ (ဤသို့ ၇-လုံးတစ်ပိုဒ် ၁၁-လုံးတစ်ပိုဒ်နှစ်ထပ်ကျော့ခြင်းကား ပုလဲရောင်ရှိန်ချနည်း။) ဤကား လူးတား။

ဤသို့ အမတ်ကြီးဦးပေါ်ဦးသည် တစ်မုဟုတ်ချင်းပင် လျင်မြန်သော

http://www.dhammadownload.com



ဇဝနဉာဏ်ဖြင့် ဘဝရှင်မင်းတရားကြီးဘုရား အားတင်းဖြေဆည်တော်မူရန်ကို လူးတားဖြင့် တင်ဆက်ဖြေဖျော် ရွှေနားတော်သွင်းလိုက်လျှင်ပင် ကြည်ရွှင်တော်မူ၍ ရွှေမျက်ရည်တော်ကို ဆည်တော်မူပြီးလျှင် အမတ်ကြီးဦးပေါ်ဦးသို့ များစွာနှစ်သက်အားရတော်မူသောကြောင့် မိန့်တော်မူသည်မှာ. . . 'ပေါ်ဦးသည် စာဆိုတော် နဝဒေးတို့ထက် လျင်မြန်သောဉာဏ်လည်း ရှိ၏။ အနှစ်သာရလည်းရှိပေသည်။ ကဗျာကုံးစီ သီရုံးဖွဲ့ခြင်းအရာ၌လည်း လင်္ကာကျစ်လျစ် ပြေပြစ်ချောမောစွာ သာယာနာပျော်ဖွယ်ရှိပေသည်'ဟု ချီးမွမ်းတော်မူပြီးလျှင် ငွေကောင်းငါးပိဿာ, ရွှေကောင်းကျပ်ငါးဆယ်, အရပ်ခုနစ်တောင့်နှစ်မိုက်ရှိ ပန်းဘူးသင္တာန်အစွယ်ရှိသော အသက်လေးခါယ့်သုံးနှစ်ရွယ် ပုပ္ဖန္တခေါ် ဆင်ပေါက်လှတစ်စီး သနားတော်မူ၏။

ထိုခဏ၌လျှင် ကြာဖက်ဆောင်း လျှော်ကားတော်, ပြည်လုံးအုံ့လျှော်ကားတော်, ရွှေတုံးလှေတော်, မင်းစံလှေတော်တို့သည် တူရိယာငါးပါးအစုံတို့ဖြင့် ကျင်းပတီးမှုတ်လျက် အောင်မောင်းအောင်လံတို့နှင့်တကွလက်သစ်လျှော်ကားသုံး ရွှေခဲတိန်ညင်း, လင်းဇင်း, ဟင်္သာ, တဘက်ဆွဲ, အစေခံ, ပြိတရော် စိန်ပန်းစသော အတွင်းသင်းမှူးဆိုင်ရာ ရဲလှေတော်အပေါင်း ဝန်းရံလျက် ထိုထက်ကုသိနာဝ ဆင်ကြီးရွှေဂူဘုရားအနီးအနားရေကင်းထား၍ စုန်မျောလာရာ ဘဝရှင်မင်းတရားကြီးဘုရား စံတော်မူသောရေနန်းစကြာရတနာဖောင်တော်အပါး ရွှေဖဝါးတော်အောက်သို့ ဆိုက်ရောက်ဖူးမြော်မိသည်ကို မြင်တော်မူသောကြောင့် သတိတော်ရသဖြင့် မိန့်တော်မူသည်မှာ. . 'ပေါ်ဦး၊ ကိုယ်တော်မြတ်သည် နှစ်စဉ်မပြတ် ရေသဘင်ပွဲတော်သို့ ထွက်တော်မူ၍ ငါ့လှေတော်နှင့် ရှင်မိဖုရားကြီး လှေတော်များကို ပြိုင်စေတော်မူရာ ငါ၏လှေတော်များသည် တစ်နှစ်တစ်ခါမျှ နိုင်ဖူးသည်မရှိ။ ရှုံးခဲ့သည်သာများတော့သည်။ ဤသို့ဘုရင်ဧကရာဇ်မင်းမြတ် လှေတော်နှင့်မိဖုရားလှေပြိုင်ကြသည်ကို မိဖုရားလှေက နိုင်သည်သာများချေ၏ဟု ပြည်သူအများ ပြောကြားကြမှုကား ဧါဠ်များစွာရှက်ဖွယ်ပင်ဖြစ်တော့မည်။ သို့ဖြစ်သောကြောင့် ဤမိဖုရားလှေတော်ကိုနိုင်ရန် ကြံရာမရရှိသည်ကို အဘယ်သို့ပြုရမည်နည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည်မှာ. . .

http://www.dhammadownload.com



'ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် အထူးကိုလျှောက်ပါဦးအံ့။ လှေပြိုင်၊ မြင်းပြိုင်၊ လှည်းပြိုင်၊ ဆင်ပြိုင် လွန်နိုင် စစ်အောင်ဆိုသည်မှာ တာရာနက္ခတ် ကမ္ဘာတ်ဝင်ထွက် အင်းချက်ယတြာဂါထာနိသျှည်း နည်းအစီရင် မကျွမ်းကျင်က အခါပင်မလှသည်ဖြစ်၍ ရှုံးရမည်ဧကန် အမုန်မှုချ ဖြစ်ပါသည်။ လောကီ သိပ္ပါ နားလည်ပါမူ ပြိုင်ရာကိုအား မဆိုထားနှင့် သိကြားလာလို့တားရ၏' ဟူ၍ သံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူပြန်သည်မှာ. . . 'ပေါ်ဦး၊ လောကီသိပ္ပါနည်းဝိဇ္ဇာကို တတ်ပါမူကား ငါ့အားသံတော်ဦးတင်လော့'ဟု ဆို၏။

အမတ်ကြီးဦးပေါ်ဦးက ဘဝရှင်မင်းတရားကြီးဘုရားသို့ သံတော်ဦးတင်သည်မှာ 'ရတနာပူရ ရွှေအင်းဝနှင့် ကေတုမတီ တောင်ငူပြည်တို့ စစ်အခင်းဖြစ်ပွားကြရာ ၎င်းကေတုမတီ တောင်ငူပြည်သည် ဗိုလ်ပါဆင်မြင်းလုံးရင်းစည်းကြပ် ကြီးကျယ်လတ်ရကား ရတနာပူရ အင်းဝရွှေပြည်တော်မှ ချီတက်သော တပ်တော်တို့သည် ကပ်ချဉ်း၊ ထွင်းဖောက်ခြင်းငှာ မကြံနိုင်သဖြင့် ရွှေဖဝါးတော်အောက်သို့ အမိန့်တော်ခံရန် ခြေမြန်ခရီး မြင်းစီးသူရဲ ရှစ်ယောက်တို့ကို စေလွှတ်လျှောက်တင်ရာ ရွှေဝပြည်ရှင် ဘုရင်မင်းမြတ်သည် တောင်ဘီလူးဆရာတော်ကို အကြောင်းမျိုးဖြင့် ပြန်ကြားလျှောက်ဆို၏။

ထိုအခါ ဆရာတော်က မိန့်တော်မူသည်မှာ 'တကာတော် ရေမြေ့ရှင်၊ ဤမျှလောက်ပင် အပင်ပန်းခံ၍ တိုက်ရသလော၊ နှစ်ဖက်သော စစ်သည်ဗိုလ်ပါတို့ကို သည်လောက် အသေအကြေခံ၍ တိုက်နေရန်မဟုတ်ချေ။ ကုန်ခဲ့သမျှသော နေ့ရက်တို့သည် ကာလအချည်းအနှီး ဖြစ်လေစွတကား' ဟု ဆိုပြီးလျှင် 'တကာတော် ရေမြေ့ရှင်သည် တောင်ငူဘုရင်ကို နိုင်လိုပါမူကား တောင်ငူကို ငူတောင်ဖြစ်အောင် မြို့နံကို နောက်ပြန်ယူ၊ ငူတောင်ကို နံတူ ဒုကောက်သော်ခံတက်ဖြစ်၏။ ၎င်းခံတက်ပင်ဟူသမျှမှာပင် စစ်ချုပ်ပြုလုပ်သူတို့ကို တပ်စွဲတည်းခိုစေ၍ တိုက်ဖြိုသည်ရှိသော် မကြာမြင့်မီ တောင်ငူမြို့ကို အောင်တော်မူလိမ့်မည်'ဟု မိန့် တော်မူလိုက်လေ၏။

http://www.dhammadownload.com



ထို့နောက် ဆရာတော်မှာတိုင်း ပြုလုပ်ရာ မကြာမီပင် နိုင်ဖူးသည် ဟူသောအကြောင်းကို လောကီကျမ်းရိုး လေးဆယ်တွင် တောင်ဘီလူးကျမ်း မှာ ပါရှိပါသည်။ ဤသို့လျှင် တောင်ဘီလူးအကျော် ဆရာတော်မိန့်ချက်ကို ထောက်ဆသော် မုချအားဖြင့် လောကီယတြာကျမ်းများသည် နည်းကောင်း မှုမှန် ရခဲ့ပါမူကား ယတြာကောင်းက အင်းစောင်း၍ မှောက်သည့်အပြင် မင်းလောင်းတောင် ပျောက်ရသည်ဆိုသော စကားကို အခိုင်အမာယူတော် မူရာသည်။

ယခုအရှင်မိဖုရားခေါင်ကြီးဘုရား၏ လှေတော်ကို နိုင်သိုတော်မူ သည့်အရာမှာလည်း ဘုန်းတော်ကျွန် ပေါ်ဦးတင်ဆက်သော အချိန်နှင့် တင်လျှောက်သော လှေတော်ကိုပြိုင်စေတော်မူသော် မုချအမှန် ဧကန်စင်စစ် နိုင်ရာသည်ဟု သံတော်ဦးတင်လေ၏။

ထိုရောအခါ ဘဝရှင်မင်းတရားကြီးက 'ပေါ်ဦး၊ အဘယ်လှေနှင့် ပြိုင်ရမည်နည်း'ဟု မေးတော်မူ၏။ ဤသို့မေးတော်မူသော် 'စံတော်မူသော ဖောင်တော်ဆိပ်တံတား၌ ရေဖောင်တော်ပြုလုပ်၍ထားသော ပိန်းကောကြီး နှင့် ပြိုင်တော်မူပါ'ဟု လျှောက်ပြန်၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ဟဲ့ပေါ်ဦး၊ ရွှေလောင်းတော်အချင်းချင်းပြိုင်လို့မှပင် မနိုင်အောင်ရှိသည်ကို ဟောင်းနွမ်း ယိုယွင်းသော ပိန်းကောပျက်နှင့်ပြိုင်ရမည်ဆိုသည်မှာ မောင်မင်းစကားကို နားထောင်သော် မောင်းမင်းကဲ့သို့ အရူးဖြစ်တော်မူမည်လော'ဟု မိန့်တော် မူ၏။

ထိုအခါ ဦးပေါ်ဦးက ဘုန်းတော်ကြောင့် ဘုရားကျွန် ပေါ်ဦး တင်ဦးအံ့ဘုရား။ ပိန်းကောဆိုသည်မှာ "ပိန်း"သည် ကြာသပတေးနံ ဖြစ်ပါ သည်။ "ကော"သည် တနင်္လာနံ ဖြစ်ပါသည်။ ထိုနံနှစ်နံတို့သည် ဂဠုန်ဓာတ် ရိုက်ပါသည်ဘုရား။ ဘဝရှင် မင်းတရားကြီးဘုရား နံတော်သည်လည်း တနင်္လာ၊ မင်းထက်မင်းဖြစ်တော်မူသော "မင်း"ဟူသော နံသည်လည်း ကြာသ ပတေးပင်ဖြစ်ရကား ဂဠုန်ဓာတ်ဖက်ပင်ဖြစ်ပါသည်။ ရှေးဆရာတို့စပ်ဆို သည်မှာလည်း 'ဓာတ်ဖက်ရန်ဆောင် တန်ခိုးပြောင်သည် ကုန်းဘောင်ဖူး

http://www.dhammadownload.com



ညွှန့်ဝေဖြိုးတည်း’ဟု ဘုရားခမည်းတော်မင်းတရားကြီး ပဲခူးနိုင် မော်ကွန်းတွင် တောင်တွင်းဆရာတော် ရေးသားစပ်ဆို ဆက်သွင်းသည်ကိုလည်း ထောက်တော်မူ။ ဤအရာ၌ ဘုရားခမည်းတော် အလောင်းမင်းဘုရားမှာ နံတော်သောကြာ, သူ့ရဲကောင်းတို့တွင်လည်း ‘ငတွဲ’ဟူသောနံသည် ‘စနေ’ ဖြစ်ရကား သောကြာနှင့် စနေသည် ‘သုတာ’ဟူသော ရန်ဖက်ဖြစ်ပါသည်။ ၎င်းသောကြာနံ မင်းတရားကြီးသည် ရန်ကျသော စနေနံစစ်သူကြီး ‘ငတွဲ’ ကို လက်သုံးလက်ရင်းထား၍ တိုက်သိမ်းသဖြင့် လက်နက်နိုင်ငံ အလုံးကို ပိုက်ကြုံးတော်မူမိသည်ကို ဆင်ခြင်တော်မူပါဘုရား။

ဤသို့တင်လျှောက်သော် ‘ပေါ်ဦး. . . ဟုတ်လျှင်တော်၏။ မဟုတ်လျှင် ပုစွန်ကြီးနှစ်ခါလျှောက်ဆိုသော စကားကဲ့သို့ ဖြစ်ရာသည်’ဟု မိန့်တော်မူရာ “စိုးရိမ်တော်မမူပါနှင့်ဘုရား။ ယခုအချိန်သည်လည်း အချိန်အခါကောင်းလှသည်ပင်တည်း။ အဘယ့်ကြောင့်ဆိုသော် အောင်ချမ်းသာရှာလျှင် ဖွားရာဇာတိရှိသော ဣန္ဒာစရိယဆရာပြုစီရင်အပ်သော လောကတ္ထာစရကျမ်းအဆိုမှာ-

> မဇ္ဈဂတ်ကော၊ မွန်းတည့်ချိန်၌။ ကတော၊ ပြုစီရင်အပ်သည်။ သတိ၊ ရှိသော်။ သဗ္ဗကိစ္စာနိ၊ ခပ်သိမ်းကုန်သော အမှုကိစ္စတို့ကို။ ဇယန္တိ၊ အောင်နိုင်ကုန်၏။

ဟူ၍ ဆိုသည်ကိုလည်း ထောက်တော်မူ။

> ရဝိ ဒသ ဂရုဋ္ဌော နာဂေါ ဇေယျော၊ စန္ဒရံ ပဉ္စ ဗျဂ္ဃံ ဇေ၊ ဘောမိ အဋ္ဌ သီဟော ဂဇော၊ ဗုဒ္ဓါ စတု စူဠနီယော မဟော သဓော၊ ဂုရု တယော ဗိလာရော ဥန္ဒူရော၊ သောကြ ဒွါဒသေ သုနခေါမေဏ္ဍော သုည် နဝေ သပ္ပေါ မဏ္ဍူကော ဘဝိဿတိ။

ဟူ၍ လာပါသည်။

> ရဝိ၊ တနင်္ဂနွေနေ့၌။ ဒသ၊ ဆယ်ဖဝါးရှိမူကား။ ဂရုဋ္ဌော၊ ဂဠုန်ကို။ နာဂေါ၊ နဂါးသည်။ ဇေယျော၊ အောင်သောအခါတည်း။ စန္ဒရံ၊ တနင်္လာ နေ့၌။ ပဉ္စ၊ ငါးဖဝါးရှိမူကား။ ဗျဂ္ဃံ၊ ကျားကို။ ဇေ၊ သားသမင်သည်။ ဇေယျော၊ အောင်သောအခါတည်း။ ဘောမိ၊

http://www.dhammadownload.com



> အဂ္ဂိနေ့၌။ အဋ္ဌ၊ ရှစ်ဖဝါးရှိမူကား။ သီဟော၊ ခြသေ့်ကို။ ဂဏော၊ ဆင်သည်။ ဇေယျော၊ အောင်သောအခါတည်း။ ဗုဒ္ဓါ၊ ဗုဒ္ဓဟူးနေ့၌။ စတု၊ လေးဖဝါးရှိမူကား။ စူဠနီယော၊ စူဠနီပြဟ္မဒတ်ကို။ မဟော သဓော၊ မဟောသဓာသည်။ ဇေယျော၊ အောင်သောအခါ တည်း။ ဂုရု၊ ကြာသပတေးနေ့၌။ တယော၊ သုံးဖဝါးရှိမူကား။ ဗိလာရော၊ ကြောင်ကို။ ဥန္ဒူရော၊ ကြွက်သည်။ ဇေယျော၊ အောင်သောအခါ တည်း။ သောကြာ၊ သောကြာနေ့၌။ ဒွါဒသေ၊ တစ်ဆယ့်နှစ်ဖဝါးရှိ မူကား။ သုနခေါ၊ ခွေးကို။ မေဏ္ဍော၊ ဆိတ်သည်။ ဇေယျော၊ အောင် တော်မူသောအခါတည်း။ သုညံ၊ စနေနေ့၌။ နဝေ၊ ကိုးဖဝါးရှိမူကား။ သပ္ပေါ၊ မြွေကို။ ပဏ္ဍုကော၊ ဖားသည်။ ဇေယျော၊ အောင်သော အခါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့သတည်း။

ဆိုသဖြင့် ယခုကြုံသောနေ့၌ ဖဝါးကိုထောက်တော်မူပါဘုရား။ 'မွန်းတည့် ချိန်ခါ ဆောင်ရွက်ပါမူ သဗ္ဗာကိစ္စပြီးစီးရ၏'ဆိုသော စကားကိုလည်း ထောက် တော်မူ။ 'အချိန်ကောင်းစွာ။ အခါရမူ။ သီဟဗျဂ္ဃာ၊ ကေသရာကို၊ ရေမှာ ပျော်မြူး၊ ဖားနိုင်ဖူး၏'ဆိုသည်ကိုလည်း ဆင်ခြင်တော်မူသင့်ပါသည်"ဟု သံတော်ဦး တင်လျှောက်လျှင် ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဦးပေါ် ဦးစကားအတိုင်းပင် ပိန်းကောမကြီးကို ယူစေ၍ လှေတော်နှစ်စင်းကိုပြိုင်ရန် ဖောင်တော်ဆိပ်မှာပင် ဦးချင်းယှဉ်၍ထားရာ ရတနာငွေမောင်းတော်ဖြင့် အချက်ပေးလိုက်သော် မိဖုရားခေါင်ကြီး၏ ရွှေလောင်းတော်သည် ဟည်း တိုက်ကာ ထွက်ပြီးလျှင် ပန်းလက်ရောက်ဆွတ်၍ ပြီးသည့်တိုင်အောင် ဘုရင် ကေရာဇ်မင်းမြတ်၏ ပိန်းကောကြီးသည် နေရာမှမရွေ့ရှိလေ၏။

ဤသို့ရှိနေချေက ဘဝရှင်မင်းတရားကြီးသည် ရွှေမျက်နှာတော် ပျက် တော်မူ၍ မိန့်တော်မူသည်မှာ 'ဟဲ့ငပေါ်ဦး၊ ကျုံးကျုံးကျော်ကျော် မတော် မတရား မောင်မင်းတင်သောစကားကို နားထောင်မိသဖြင့် ငါ့အားအရှက်ရ တော်မူပြန်ပြီ။ လက်ဦးတင်စ ပထမကပင်လျှင် မောင်မင်းတင်၍သာ ငါပြိုင် တော်မူစေသည်။ ယခုမှာမူ မောင်မင်းပိန်းကောကြီးသည် ထားရင်းနေရာမှ ထသေး ရွေ့သေး၏လော'ဟု မေးတော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဦးပေါ်ဦးက သံတော်ဦးတင်ပြန်သည်မှာ 'ဘုန်းတော်ကြောင့် အားငယ်တော်မမူပါနှင့်ဘုရား။ ဤသို့အရှင် မိဖုရားခေါင်ကြီး လှေတော်သည် ပန်းဆွတ်၍သွားသည့်တိုင်အောင် ဘ၀ရှင်မင်းတရားကြီးဘုရား ပိန်းကော ကြီးသည် ထားရင်းနေရာမှ မထဘဲနောက်ကျ၍ နေသော်လည်း အရှုံးဟူ၍ မခေါ်ထိုက်။ ဤသို့လည်း နိုင်ခြင်းတစ်ပါး အပါအဝင်ဖြစ်ပါသည်'ဟု တင်လျှောက်ပြန်၏။

ထိုရောအခါ ဘုရင်ဇေရာဇ်မင်းမြတ်က မေးတော်မူပြန်သည်မှာ 'ပေါ်ဦး၊ မောင်းမင်း ပိန်းကောကြီးသည် နေရာမှမထနိုင်ရှိသည်ကိုပင် နိုင် ခြင်းတစ်ပါး အပါအဝင်ဖြစ်သည်ဟု ဆိုပြန်တုံသေး၏။ ဗိုလ်ထုဝန်းကျင်နှင့် တကွ နောက်ကျ၍ရှုံးသည်ကို မြင်သဖြင့် အုံးအုံးကျက်ကျက်ပြောဆို ရယ် မောကြသည်ကို မောင်မင်းမကြားလော့။ မောင်မင်းသည် ရှုးတော့သလော' ဟု မိန့်တော်မူလျှင် ဦးပေါ်ဦးက ဤသို့တင်၏။ 'ဗိုလ်ထုဝန်းကျင်တို့သည် အသိအမြင် အဆင်အခြင်တရား နည်းပါးသည်ဟူ၍ မှတ်တော်မူပါဘုရား။ ယခုဘဝရှင်မင်းတရားကြီးဘုရား ပိန်းကောကြီးသည် နောက်ကျ၍ နေရစ် သည်မှာ ကျွဲ၊ နွား၊ မြင်း၊ ဆင်စသည်တို့တွင် နိုင်သော ကျွဲ၊ နွားတို့သည်သာ လျှင် နောက်ကနေ၍ လိုက်ရိုးထုံးစံရှိရကား ဘုရားရွှေဘုန်းတော်ကြောင့် ယခု ပိန်းကောတော်ကြီးသည်လည်း နောက်ကနေ၍ လိုက်ရခြင်းသည် နွား နိုင်၊ ကျွဲနိုင်ပင် နိုင်သည်ဟု မှတ်တော်မူသင့်ပါကြောင်း'ဟု သံတော်ဦးတင်လေ သော် မင်းတရားကြီးဘုရားနှင့်တကွသော မှူးမတ်ဗိုလ်ပါတို့သည် များစွာ ရယ်မောခြင်းကို ပြုကြလေ၏။

အမှာ. . . ဒုင်းရေသဘင်နန်းတွင် တင်ဆက်သော လှူးတားတို့၌ တောင် ကျွန်းဒီပ အစချီသည့်ပုဒ် အလောင်းစည်သူမင်းကြီး၏ လှေ ယာဉ်တော် တစ်ဆယ့်နှစ်စင်းတို့ အမည်ကား-

| | |
|---|---|
| ၁။ သုံးလူ့ပူဇော်။ | ၇။ စွယ်လက်ယာသစ်။ |
| ၂။ သုံးလူ့ကြငှန်း။ | ၈။ နဝရတ်။ |
| ၃။ ပြည်ကြီးနောင် | ၉။ ပြည်ကြီးဝမ်း။ |
| ၄။ ဝဇီရသခ်။ | ၁၀။ တင်ရာပြည့်စုံ။ |

http://www.dhammadownload.com



၅။ အောင်သာတန်ခိုး။ ၁၁။ လင်းဇင်း။

၆။ မိုးအောက်ကြယ်။ ၁၂။ နဂါးကြေး။

ဤ တစ်ဆယ့်နှစ်စင်းတို့တည်း။

အလိုရှိသူတို့ လွယ်လင့်တကူ ရစေခြင်းငှာ လည်းကောင်း, လူးတားလက်ာ အဓိပ္ပာယ်ကို သိလွယ်စေခြင်းငှာလည်းကောင်း ထည့်သွင်းဖော်ပြလိုက်သည်။ (ဤကား အမှာစကားချပ်တည်း။)

ဤသည်လျှင် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် ရေသဘင်ပွဲတော်လှေလှော်ပြိုင်ခြင်း အခမ်းအနားတွင် အခါတော်ဆက်သလျှောက်တင်ခြင်း အကြောင်းပြီး၏။

❖ ❖ ❖

## ရွှေနန်းတော်၌ ငွေမှိုကျွတ်၍ နေခြည်တော်ခခြင်းနှင့် စပ်လျဉ်း၍ ဦးပေါ်ဦးလျှောက်ထုံး

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် နာဋကိတ္တိ ရှိသည့်များစွာ ရံဝန်းကာဖြင့် မင်းမိဖုရားတို့၏ ပျော်စံရာဖြစ်သော အနောက်ပွဲဘက်ဆောင် မောင်းမလည်အနီး မင်းမိန်းမတို့၏ အပူဇော်ကိုခံတော်မူသည့် တောင်ပိန္နဲသားဖြင့် ပြုလုပ်အပ်သော ကြာပန်းအခံရှိသော ပဒုမာသနပလ္လင်တော်သို့ ထွက်စံတော်မူ၏။ ဤသို့ထွက်တော်မူရာ ဘုရင်ကေရာဇ်မင်းမြတ် စံတော်မူသော အခိုက်~~အခါနှင့်~~ အချင်းယူဇနာ ငါးဆယ်, လုံးဝန်းယူဇနာ တစ်ရာ့ငါးဆယ်ရှိသော နေမင်းသည် မြေးရင်းအနွယ်တော်တူဖြစ်ရကား ငွေပိတာန်ဖြင့်ဖြန့်ကြက်၍ မိုးကာအပ်သော အမိုးအကာတော်တွင် စွဲရိုက်သည့် ငွေမှိုသည်ကျွတ်လတ်သည်ဖြစ်၍ ထိုငွေမှိုကျွတ်၍ထွက်သောနေရာမှ ရောင်ခြည်ဖြန့်လင်းပြီးလျှင် မင်းတရားကြီးဘုရားသို့ ခစားခြင်းပြုလေ၏။

ဤသို့ ဘာဏုရာဇာအမည်ရှိသော နေမင်းသည် ထံတော်ရင်းအပါးရောင်ခြည်ပြု၍ ခစားသည်ကို မင်းတရားကြီးဘုရား မြင်တော်မူသော် "ဂဏ္ဍာ" အမည်ရှိသော မိန်းမစိုး, တင်းထိမ်ရံ အဘိုးကြီးစသော မိန်းမပိုင်းဆိုင်ရာလူတို့ကိုခေါ်တော်မူ၍ မိန့်တော်မူသည်မှာ 'မောင်မင်းများတို နန်းကဲကျွေး

http://www.dhammadownload.com



ဝန်စသောသူတို့သည် ရွှေနန်းတော်ကို အကြည့်အရှုနည်းစွတကား။ ဝဿန္တ ဥတုရတုသမယသို့ ကျရောက်သည်ရှိသော် မခက်ပြီလော၊ ကိုယ်တော်မြတ် စံတော်မူသောအထက်တွင် နေချက်ပြ၍ခစားလေတော့သည်။ သို့ဖြစ်သည် ကြောင့် နေ့ရှည်ရက်များမထားရာ၊ 'ပေါ်ဦး' ကို လျင်မြန်စွာရှေ့တော်ရောက် ဝင်စေ အမိန့်တော်ပြန်ချေရမည်'ဟု မိန့်တော်မူ၏။

ထိုအခါ "ဂဏ္ဍာ"အမည်ရှိသော မိန်းမစိုးသည် ပြတိုက်တော်ကိုသွား၍ ဆင့်ဆိုသဖြင့် ပြတိုက်ဆိုင်ရာ သံဆင့်တို့သည် အတွင်းဝန်ကြီး ဦးပေါ်ဦးထံ သို့ အမိန့်တော်ပြန်လျှင် အမတ်ကြီး ဦးပေါ်ဦးသည် ဤသို့တွေးတောဆင်ခြင် လေ၏။ 'ငါသည် နံနက်ညီလာခံတွင်လည်း ဝင်၍ခစားသည်သာတည်း။ ဤသို့ နံနက်ညီလာခံတွင် ခစားစဉ်လည်း တစ်စုံတစ်ခုသောအမိန့်တော်ကိုမျှ မကြားမသိရ။ ညဉ့်ညီလာခံဝင်ချိန်သို့လည်း မရောက်သေး၊ ငါ့အား တစ်စုံ တစ်ခုသောစစ်ဆေးတော်မူရန် ရှိတော်မူပြန်သော်ကား ရဲဘက်ကောင်ဟန် ရွှေလှံ-ဓါးငယ်စသော အမှုထမ်းတို့လာဖွယ်ရာသာတည်း။ ယခုမှာမူ ပြတိုက် တော်မှ သံတော်ခံ သံတော်ဆင့်ငယ်တို့သည် လာ၍အမိန့်တော်ပြန်ခြင်းကား ငါ့အားဘေးမဲ့သာတည်း'ဟု ဆင်ခြင်တွေးတောပြီးလျှင် သံတော်ခံ သံတော် ဆင့်ငယ်တို့ကို ဤသို့မေးမြန်းစုံစမ်းလေ၏။

ငါ့သားများ. . . ယခုဘဝရှင်မင်းတရားကြီးဘုရားသည် အဘယ်မှာ စံတော်မူသနည်းဟု မေးလေ၏။

မင်းတရား ယခုဘဝရှင်မင်းတရားကြီးသည် အနောက်ပွဲတက် ဆောင်တော်တွင် စံတော်မူပါသည်ဟု လျှောက်ဆိုကြသော် အမတ်ကြီး ဦးပေါ်ဦးသည် တွေးတောဆင်ခြင်ပြန်သည်မှာ 'အနောက်ပွဲတက်ဆောင် မောင်းမလည်ဆိုသောနေရာတို့သည်ကား "ဂဏ္ဍာ"အမည်ရှိသော မိန်းမစိုး တင်းထိမ်ရံအဘိုးကြီးစသောသူတို့မှတစ်ပါး အခြားသောယောကျ်ားတစ်ပါးတို့ ဝင်ထွက်သွားလာရသော နေရာမဟုတ်စွတကား။ ဤသို့ယောကျ်ားတစ်ပါး နှင့် မဆက်ဆံသောနေရာအရပ်ကပင်လျှင် ငါ့အားခေါ်တော်မူခြင်းသည် ဘဝရှင်မင်းတရားကြီးဘုရားသည် အဆောင်တော်ကူးတော်မူ၍ မင်းမိဖုရား စသည်တို့နှင့်ကာမစည်းစိမ်ကို ခံတော်မူခြင်းကြောင့် ကိုယ်လက်ယိမ်းနွမ်း မင်

http://www.dhammadownload.com



ပန်းမောဟိုက်ရှိတော်မူရကား သဥ္စာလီနေရာတော်၌ စက်လျောင်းတော်မူ သဖြင့် ရွှေရင်တော်မှာသော်လည်းကောင်း၊ ရွှေမျက်နှာတော်မှာသော်လည်း ကောင်း ငွေမှိုကျွတ်ထွက် နေစက်ရောင်ခြည် ခစားတော်မူဟန် ရှိ၍'ဟု ဆင်ခြင်တွေးတော သဘောပိုက်ထင်တော်မူပြီးလျှင် မိမိ၏အဆောင်ကိုင် သားတို့ကို 'ပွက်လျက် တစ်လုံးနှင့်လှေကားတစ်စင်းယူခဲ့ကြ မောင်မင်းများ' ဆိုပြီးလျှင် ရွှေနန်းတော်ကြီး ပွဲတက်ဆောင်သို့ဝင်၍ ခစားလေ၏။

ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်က မေးတော်မူသည်မှာ 'ပေါ်ဦး၊ ကိုယ်တော်မြတ်စံတော်မူသော အထက်ဗိတာန်မျက်နှာကြက် ငွေမှိုပေါက်မှာ ကိုယ်တော်မြတ် ရင်တော်သို့နေရောင်ခြည် ဖြာဝင်လာခစားသည်။ နန်းကံ ကျွေးဝန်တို့သည် ရွှေနန်းတော်ကို အကြည့်အရှု နည်းစွတကား။ ဤသို့ ဖြစ်ချေသော် မိုးဥတုအခါရောက်ခဲ့ပါမူ များစွာခက်တော့မည်'ဟု မိန့်တော် မူ၏။

ထိုသို့ မိန့်တော်မူလျှင်ပင် အမတ်ကြီးဦးပေါ်ဦးသည် မိမိနောက်မှ ပါလာသော အဆောင်ကိုင်ငယ်ကိုခေါ်၍ မှိုကျွတ်၍ထွက်လာသော အပေါက် နေရာသို့တက်၍ ထေးဖာပိတ်ဆို့လောဟု စေခိုင်း၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . မောင်မင်းကို ဤနေရာ၌ ဖာထေးရန် ကိစ္စရှိ၍ ခေါ်တော်မူကြောင်းကို မောင်မင်းအား အဘယ်သူပြော၍ ပွတ်လျက်လုံးနှင့်တကွသော လှေကား ကိုယူ၍ လာသနည်း'ဟု မေးတော်မူသော် အမတ်ကြီးဦးပေါ်ဦးက သံတော် ဦးတင်သည်မှာ မှန်လှပါ ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် နံနက်ညီလာခံ တွင် ခစားလာရာ တစ်စုံတစ်ခုသော အကြောင်းထူးကိုမျှ အမိန့်တော်မှတ် တော်မမူ။ ညဥ့်ညီလာခံဝင်ချိန်သို့လည်း မရောက်သေး၊ နေ့လယ်အချိန် ဆိုသည်ကား အခါကာလမဟုတ်။ ကိစ္စတော်ထူးရှိတန်ရာ၏ဟု သိလိုသဖြင့် ရွှေဘုန်းတော်ရှင် ဘုရင်မင်းတရားကြီးသည် အဘယ်အဆောင်မှာ စံတော် မူသနည်းဟု သံတော်ခံ သံဆင့်ငယ်တို့ကိုမေးရာ အနောက်ပိုင်း ပွဲတက်ဆောင် မှာ စံတော်မူပါသည်ဟု ပြန်ကြားသဖြင့် ကျွန်တော်မျိုးပေါ်ဦး စဉ်းစားမိ သည်မှာ အသမ္ဘိန္န ခတ္တိယနွယ်ဝင် ဘုရင်မင်းတရားကြီးသည် လောကီစည်း

http://www.dhammadownload.com



စိမ်ကို တင်းတိမ်တော်မူကြိုက်၍ ဟိုက်နွမ်းပင်ပန်းတော်မူသောကြောင့် သဇင်ကြက်ရုံး မှီအုံးကတ္တိ သဋ္ဌာလီဘုံထက်တွင် လျောင်းစက်တော်မူဟန် ရှိ၏။ ဤသို့စက်သော် ရွှေရင်တော်တွင် နွယ်တော်ဘေးနတ် စံပြာသာဒ်ဟူ ဖလ်ရဟတ်ရောင်ခြည်သည် အကြည်တော်ဆက်သောကြောင့် ဖာထေးပိတ်ဆို့တော်မူလိုသည့် ဆန္ဒရှိတော်မူသဖြင့်သာ ယောကျ်ားတစ်ပါးတို့နှင့် မထိုက်တန်မဆက်ဆံသော နေရာမှလျှင်မြန်စွာဝင်စေ အမိန့်တော်မြွတ်မှတ်တော်မူဟန်ရှိ၏ဟု တွေးထင်မိသဖြင့် ပွက်လျက်လုံးနှင့်တကွသော လှေကားကို တစ်ခါတည်း ယူခဲ့ကြောင်းနှင့် သံတော်ဦးတင်လျှောက်လျှင် အဇ္ဈောကာသ ကောင်းကင်ဝ၌ ဥဒည်းတောင်စွန်းမှ တောက်ထွန်းပဝင်းသော လမင်း၏ အသရေကို ဆောင်တော်မူသော မင်းခေါင်မင်းဖျား မင်းတရားကြီးသည် ဤသို့ မိန့်တော်မူပြန်၏။

'ပေါ်ဦး၊ မောင်မင်းသည် ပရစိတ္တဝိဇာနနဉာဏ်ကို ရဘိသကဲ့သို့ သူတစ်ထူးတို့စိတ်ကို သိနိုင်တတ်သော သဘောသည် အလွန်အံ့ဩလောက်ပါပေသည်'ဟု ချီးမွမ်းတော်မူ၏။

ထိုအခါ ဦးပေါ်ဦးက ဤသို့လျှောက်ပြန်လေ၏။ 'အနုမာန မျက်ရမ်းဆ'ဟူသော စကားတစ်ရပ်၊ "သပညဝါ ဝိဇာနေယျ"ဟူသော စကားတစ်ရပ်၊ ပညာရှိမှ ခွင့်သိသည်။ လိမ္မာမှ စကားတတ်သည်ဟူသော စကားတစ်ရပ်။ ထိုသို့သော အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံက မှူးလိမ္မာ၊ မတ်လိမ္မာဟူ၍ ခေါ်ဝေါ်သမုတ်ရပါသည်ဘုရား။ ဤမျှသောအင်္ဂါတို့ထက်ပင် ပိုလွန်ထူးကဲသော ဉာဏ်ပညာနှင့်ပြည့်စုံသော ဘုရားရွှေဘုန်းတော်ကျွန် ဝန် 'ငပေါ်ဦး'မှာ အဘယ်အတွက်ကြောင့် သက်တော်ရှည်ဝန်ကြီး မဖြစ်နိုင်ဘဲရှိရသနည်းဟု တွေးတောစဉ်းစား၍မရနိုင်သဖြင့် ကိုယ့်ကုသိုလ်ကိုသာလျှင် ကိုယ်ခွ၍ ထောင်းချင်ပါကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်လေ၏။

ထိုသို့ လျှောက်လျှင် ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ ဟဲ့-အရှူး၊ အရှူးပြိုပြိုမနေဘဲနှင့် တောင်ပြောမြောက်ပြော အဘယ့်ကြောင့် ပြောချင်ရသနည်းဟု မိန့်တော်မူ၏။

ဤသို့ ဧကရာဇ်မင်းမြတ်က မိန့်တော်မူသော် အမတ်ကြီးဦးပေါ်ဦး

http://www.dhammadownload.com



က လျှောက်တင်ပြန်သည်မှာ 'ဘုန်းတော်ကြောင့် 'ပေါ်ဦး'တို့ ရှေ့တော်များမှာ တစ်ခါတစ်ခါ ရှူးလိုက်ရလျှင် မြို့ထဲပြထဲ အရပ်ထဲသို့ကျရောက်သော အခါ အင်မတန့် အင်မတန် ဘုန်းကြီးပါသည်ဘုရား'ဟု တင်ပြန်လျှင် ဘဝရှင်မင်းတရားသည် ဤသို့မိန့်တော်မူပြန်၏။

ဟဲ့ ငပေါ်ဦး. . . ငါ၏ရှေ့တော်၌ ရှူးရရုံမျှနှင့် အရပ်ထဲမှာ အဘယ့်ကြောင့် မောင်မင်းဘုန်းကြီးရသနည်းဟု မေးတော်မူသော် ဘုရားကျွန် 'ဝန်ငပေါ်ဦး'၌ ဂုဏ်ထူးဝိသေသဖြစ်ပွားရသည်မှာ အတွင်းဝန်ကြီးဦးပေါ်ဦး သည် ဝန့်ရှင်တော်ဖြစ်သော အဂ္ဂမဟာသေနာပတိကြီးတို့ပင် မတင်၊၊လျှောက်ဝံ့သော အရာဌာနဖြစ်သော်လည်း ငါတို့အတွင်းဝန်ကြီးဦးပေါ်ဦး၊သည် လျှောက်နိုင် တင်နိုင်သည်သာတည်း။ ဘဝရှင်မင်းတရားကြီးဘုရားကလည်း မြတ်နိုးတော်မူ၏။ အရှင်မိဖုရားခေါင်ကြီးတို့မှသော်လည်း မစားရသော ရွှေဘုန်းတော်ရှင်မင်းတရားကြီးဘုရား၏ စားတော် ကွမ်းဝါးဖက်တော်ကို တို့အမတ်ကြီး ဦးပေါ်ဦးကိုသာ ပေးသနားတော်မူ၍ စားစေ၏။ ပျင်းတော်မူသော အခါလည်း ပျော်တော်ကျွန်မှန်သည့်အတိုင်း အပျော်တော်ဆက်သ ဖျော်ဖြေရ၏ဟု အုတ်ကျက်သောင်းလဲ ဖရဲဖရို ထိုထိုသောပြည်သူ လူအပေါင်းတို့၌ များစွာစကားဖြစ်၍ ရွှေဖဝါးတော်ကျွန်ဖြစ်သော ငပေါ်ဦးကို လွန်စွာကြောက်ရွံ့ခညောင်းသဖြင့် ဘုန်းအင်မတန့် အင်မတန်ကြီးပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရားဟု လျှောက်လေ၏။

ထိုအခါ မင်းတရားကြီးဘုရားက မိန့်တော်မူတော်မူသည်မှာ၊ 'ပေါ်ဦး ပညာ သိမ်သေး ဉာဏ်မှေးမျက်စိ ရှိသောသူတို့ကသာလျှင် မောင်မင်းကို ချီးမွမ်းထောမနာ ပြုကြမည်။ လိမ္မာသောသူဟူသမျှကမူ မောင်မင်း၏ အပြောအဆို ကိုယ်အမူအရာ နှုတ်အမူအရာကိုမြင်သဖြင့် အရူးကြီးတစ်ယောက်ပင်တည်းဟု သိကြပြီးသားဖြစ်တော့သည်။ ဤသို့ လိမ္မာသူတို့က မောင်မင်း ချီးမွမ်းချီးပ မပြုသည်ကိုပင်လျှင် မောင်မင်းသည် မိမိကိုယ်ကို မိမိပညာရှိကြီးတစ်ယောက်ပင်ဟု ထင်မှတ်နေသလော၊ ဤဇမ္ဗူဒိပ်နယ်ပယ်အဝန်းမှာ မောင်မင်းကဲ့သို့ မိုက်သောသူ ရှိသေးသလော'ဟု မေးတော်မူ၏။

ထိုအခါ ဦးပေါ်ဦးက လျှောက်တင်ပြန်သည်မှာ 'ဘုန်းတော်ကြောင့် ဘုရားကျွန် ဝန် ငပေါ်ဦးထက်သာလွန်ပိုမို၍ ဤဇမ္ဗူဒိပ်နှင့်တကွ အနှံ့အပြား

http://www.dhammadownload.com



သိအောင် ကပ္ပဋ္ဌိတစ်ပါး တွင်လောက်အောင်ပင် မိုက်သောသူ ရှိပါသေးကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်သော် ဘဝရှင်မင်းတရားကြီးက ဤသို့မေးတော်မူပြန်၏။

'ငပေါ်ဦး၊ မောင်မင်းထက် ပိုမို၍ ကပ္ပဋ္ဌိတစ်ပါးပါဝင်လောက်အောင် မိုက်သူကို အဘယ်မှာ တွေ့ဖူးသနည်း'ဟု မိန့်တော်မူလျှင် 'ရွှေဘုန်းတော်ကျွန်ဝန် ငပေါ်ဦးသည် အသက်အရွယ်ငယ်စဉ် ရှစ်နှစ်သားအခါက ဘူရိဒတ်ဇာတ်တော်ကြီး အဋ္ဌကထာကိုသင်ရာမှာ တွေ့ကြုံရသော အမတ်အပေါင်းတို့တွင် စူဠလိပ်ကို ရေသို့ လွှတ်သင့်ကြောင်းကို တင်သောအမတ်သည် ဘုရားကျွန်တော်ထက် မိုက်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု တင်လျှောက်လျှင်အပါးတော်၌ ခစားလျက်ရှိသော မင်းမိဖုရား မောင်းမိမိသံစသော ပရိသတ်တို့သည် လွန်စွာရယ်မောခြင်းဖြစ်ကြရလေ၏။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ပြုံးတော်မူလျက် ရွှေရေးဆောင်သို့ ဝင်တော်မူလေ၏။

ဤသည်လည်း ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏ လျှောက်တင်ခြင်းတစ်ချက်ပင်တည်း။

❖ ❖ ❖

## မြေးတော်ကြီးနှစ်ပါးကို အိမ်ရှေ့ပေးတော်မူရန် မေးတော်မူခြင်း

တစ်ရံရောအခါ ဘဝရှင်းတရားကြီးသည် "သီရိမဟာဓမ္မာဘိဇယသီဟသူရဓမ္မရာဇာ" တံဆိပ်နာမံ ခံတော်မူသော သားတော် မဟာဥပရာဇာနတ်ရွာစံတော်မူရကား ရှိတော်မူသော မြေးတော်အကြီး စစ်ကိုင်းမင်းနှင့် မြေးတော်အငယ်ဖြစ်သော 'သာယာဝတီမင်း'ခေါ် သရက်မင်းတို့၏ အကြောင်းကို ဘုရင်ဇကေရာဇ်မင်းမြတ်သည် အခြားတစ်ပါးသော မှူးမတ်တို့ကို ဤသို့မေးတော်မူ၏။

'မောင်မင်းများ. . . ငါ၏မြေးတော်နှစ်ပါးတို့တွင် မြေးတော်အကြီးဖြစ်သော စစ်ကိုင်းမင်းနှင့် မြေးတော်အငယ်ဖြစ်သော သရက်မင်းကို ဘယ်သူ့အား ငါ၏အရိပ်အရာတော်ကို အမွှန်ရှည်စွာ ဆက်ဆံတော်မူနိုင်မည်ထင်ကြ

http://www.dhammadownload.com



သနည်း။ အဓွန့်ရှည်စွာ ဆက်ခံနိုင်မည့် မြေးကိုပင် ဥပရာဇာဘိသိက်ကို သွန်းတော်မူမည်’ဟု မေးတော်မူ၏။

မှူးမတ်တို့နှင့်တကွ ပြည်သူအပေါင်းတို့သည်ကား မြေးတော်အငယ်ဖြစ်သော သရက်မင်းကိုချစ်ကြည်လိုလား နှစ်သက်ကြရကား မြေးတော်အငယ်သရက်မင်းကိုသာလျှင် တိုင်းပြည်အကျိုးကို သည်ပိုးရွက်ဆောင်နိုင်မည် ထင်ကြပါသောကြောင့် မြေးတော်အငယ် သရက်မင်းကိုပင် သဘောမျှကြပါသည်ဘုရား’ဟု သံတော်ဦး တင်ကြလေ၏။

ဤသို့သံတော်ဦးတင်သမျှသော မှူးမတ်စသောပြည်သူတို့ကို ငါ့အားသဘောမတူကြသောသူတို့ပင်တည်းဟု မြေးတော်အကြီး စစ်ကိုင်းမင်းသည် များစွာ နှိပ်စက်ညှဉ်းပန်းပြုလေ၏။

ထို့နောက် တစ်ဖန်ဘဝရှင်မင်းတရားကြီးက မေးတော်မူပြန်သော် မှူးမတ်စသော ပရိသတ်တို့သည် ဤသို့ ကြံတွေးကြကုန်၏။ မြေးတော်အကြီးဖြစ်သော စစ်ကိုင်းမင်းသည် လွန်စွာလည်း ဓားထက်တော်မူသည်။ ဘိုးတော်မင်းတရားကြီးကလည်း လိုလားနှစ်သက်တော်မူသည်။ ငါတို့သည် ဘုရင်မင်းမြတ်၏ အလိုတော်ကိုလည်း ကျလေအောင်၊ အရှင်စစ်ကိုင်းမြို့စားမင်းသားကြီး၏ စားရိပ်တော်ကိုလည်း ခိုမိအောင်တင်မှ သင့်တော်မည်ဟု ကြံတွေးဆင်ခြင်မိသဖြင့် မိမိတို့သဘောအတိုင်း တင်လျှောက်ကြလေ၏။

ဤသို့တင်လျှောက်သည်ကို မြေးတော်အငယ် သရက်မင်းကြားတော်မူပြန်လျှင် ‘ဤမှူးမတ်, ဤပရိသတ်တို့သည်ကား ငါ၏အကျိုးကိုမလိုသူတို့ပင်တည်း’ဟု စိတ်တော်မျက်သဖြင့် နှိပ်စက်ကလူ များစွာညှဉ်းပန်းခြင်းကို ပြုတော်မူပြန်၏။

ထိုသို့ ပြည်သူမှူးမတ် ပရိသတ်တို့အား မျက်မာန်ပိုပွား ညှဉ်းပန်းဗြားသည်ကို မင်းတရားကြီးဘုရား သိတော်မူသော်လည်း ငါ၏မြေးတော်နှစ်ပါးတို့သည် ဗိုလ်ထုအင်အားနှင့်ပြည့်စုံစွာ ထားထိုက်သော မြေးတော်တို့ပင်တည်းဟု သိတော်မူ၍ ပြည်သူနှင့်တကွသော ‘သာသနာတော်ရေး တိုင်း, နိုင်ငံတော်ရေးကို ထကြွလှုပ်ရှားမရှိရအောင် ငဲ့ညှာတော်မူပြီးလျှင် မည်သည့်မြေးတော်ကိုမျှ နှိပ်ကွပ်တော်မမူ။ အရေးပေးတော်မူ၍ ကြည်ဖြူစွာ အလိုတလိုက် စံတော်မူစေသည်သာတည်း။

http://www.dhammadownload.com



ထို့နောက် ဘဝရှင်မင်းတရားကြီးဘုရား အကြံတော် ဖြစ်ပွားလာသည်မှာ ငါ၏မှူးမတ် ပရိသတ်တို့တွင် ရှေ့ရေးနောင်ရေး မြော်တွေး သိတတ်သော အမတ်ကို ရွေးချယ်ကြည့်ရှုလိုက်သော် အတွင်းဝန်ပေါ်ဦးမှတစ်ပါး မမြင်။ ပေါ်ဦးသည်သာလျှင် အရာရာမျိုးကို အားကိုးစေလောက် တိုင်ပင်တိုင်း ပေါက်မြောက်ချေတော့သည်။ ငါသည်လည်း အသက်အရွယ်ကြီးရင့်ခြင်းသို့ ရောက်လာခဲ့ပြီ။ သို့ဖြစ်သည်ကြောင့် တိုင်း နိုင်ငံတော်ကို အစွန့်ရှည်စွာ သာသနာဖြင့် ပမာနေလရှိစေရအောင် လုံ့လမပျက် ရွေနန်းကို ဆက်နိုင်မည့် မြေးတော်များဝယ် မည်သူအား သင့်တော်မည်ထင်သနည်းဟု တိုင်ပင်ဆွေးနွေး မေးတော်မူသင့်မည်ဟု ကြံစည်တော်မူပြီးလျှင် ညီလာခံသို့ ထွက်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးနှင့် တကွသော ဝန်ကြီး, အတွင်းဝန်တို့သည် အစုံအညီ ညီလာခံသို့ဝင်ကုန်ကြကုန်၏။ ဤသို့ညီလာခံဗိုလ်ရှု အစုအဝန်းစုံအသောအခါ ဘဝရှင်မင်းတရားကြီးက မေးတော်မူသည်မှာ 'ပေါ်ဦး၊ ငါလည်း အသက်အရွယ်ကြီးပြီ၊ အကယ်၍ သခ်ီရဘုံသားဖြစ်သည့်အတိုင်း အနိစ္စနိုင်ငံမှ မလွန်မြောက်သေးသည့်အလျောက် ယွင်းဖောက်ဘူတြုပ် ကမ္ဘဇရုပ် ချုပ်ကွယ်တော်မူခဲ့သော် သာသနာတော်ရေးနှင့် တကွသော နိုင်ငံဝန်းကျင်ရှင်လူအပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ်ကျက်ကျက် အစည်းပြေသော ဝါးကဲ့သို့ သူတစ်ကိုယ် ငါတခြား ဖြစ်ကြမည်ကို စိုးရိမ်တော်မူလှသည်။ သို့အတွက် ကိုယ်တော်မြတ်ရှိတော်မူစဉ်ကပင်လျှင် ကြည်ရွှင်ဝမ်းသာသေချာစွာ စည်းဘွဲ့အပ်နှံတော်မူ၍ ထားတော်မူခဲ့ချင်သည်။ ဤသို့စီစဉ်ထားခဲ့ချင်သော်လည်း ရင်နှစ်တော်သွေး မြေးတော်ကြီးနှစ်ပါးတို့တွင် အဘယ်သူအား မြှောက်စားချီးပင့်၍ သင့်တင့်လျှောက်ပတ် အိမ်ရှေ့ဥပရာဇာဘိသိက်ကို နှင်းအပ်သွန်းလောင်းခြင်းပြုရမည်နည်းဟု ပိုင်းခြားငှဝေသော်လည်း ရွှေစိတ်တော်မှာ ဝိစိကိစ္ဆာတရား လွန်ဖြစ်ပွား၍ ဝိစာရဓမ္မမောက္ခအခြေခံဖြင့် ဝေဖန်ပိုင်းခြားခြင်းကို မပြုနိုင်ရှိတော့သည်။

သို့ဖြစ်သည်ကြောင့် ဤအရာဝယ် ဘယ်မြေးတော်နှင့် သင့်လျော်မည်ကို ငါ့အားသံတော်ဦးတင်စေလိုသည်ဟု မင်းတရားကြီးဘုရား အမိန့်ရှိတော်မူ၏။

http://www.dhammadownload.com



## အမတ်ကြီးဦးပေါ်ဦး အဖြေလျှောက်ထုံး

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ဆင်ခြင်ခြင်းတရားနှင့် စဉ်းစားတော်မူသည်မှာ 'မြေးတော်ကြီးနှစ်ပါး၏ အကြောင်းကိုငါ့အား မေးမြန်းတော်မူပြန်ပြီ။ ယခင်မေးတော်မူရာ မည်သည့်မြေးတော်မှ သင့်လျော်ပါမည်ဟု မြေးတော်အငယ် သရက်မြို့စား မင်းသားကို တွယ်တာသောသူတို့ တင်လျှောက်ကြကုန်၏။ တင်လျှောက်သောသူတို့ကိုပင် မြေးတော်အကြီး စစ်ကိုင်းမြို့စားမင်းသားက နှိပ်ကွပ်ညှင်းပန်းပြုလေ၏။ မြေးတော်အကြီး စစ်ကိုင်းမြို့စား မင်းသားကြီးကို သဘောမျှကြောင်းနှင့် တင်လျှောက်ပြန်ကလည်း မြေးတော်အငယ်ဖြစ်သော သရက်မြို့စားမင်းသားက နှိပ်စက်ကလူပြုသည်သာသည်း။ ဤသို့တင်ချက် သစ်နှစ်ဖက်ကြား ချပ်သောဝါးကဲ့သို့ ရှောင်ရှားဖွယ်ရာမရ ဒုက္ခထင်ထင် တွေ့ကြအင်ကို မျက်မြင်ကိုယ်တွေ့ ငါဖြစ်သည်။ ထိုသို့ မျက်မြင်သိလျက်ပင်ကိုလည်း မဆင်ခြင်ဘြား မထောက်ထားဘဲ ငါသည် သံတော်ဦးတင်လိုက်ချေလျှင် ငါပင်မှချဒုက္ခအထူးတွေ့ရဦးမည်။ သို့ဖြစ်သောကြောင့် ဤအရာဝယ်မည်သည့်မင်းကိုမှ မတာတွယ်မူ၍ ရှောင်ဖယ်တိမ်းခွာပြု၍ သံတော်ဦးတင်မှ သင့်လျော်မည်ဟု ကြံစည်တွေးဆပြီးလျှင် ဤသို့ သံတော်ဦး တင်လေ၏။

## စကားတောင်စားအမတ်, စာဆိုတတ်သောအမတ်တို့ ထုံးစံ ရွှေနား တော်သွင်းရတုကား

နရာသမ္မိန်၊ နရာသိန်ဟု၊ နာဂိန္ဒရာ၏ နေမျိုးစစ်သား၊ နန်းကသစ်ပွေ၊ နတ်တို့ပြည်ဝယ်၊ နတ်ဆွေသေဠ်နင်း၊ သိကြားမင်းသည်၊ သောင်းတွင်းဒီပါ၊ မသက္ကာဠ်၊ သုမေ္ဘာကွန်း၊ သဟာဝန်း၍၊ တင်ရှုန်းကဲ့သူ၊ တင့်အပ်မူသည်၊ တစ်ဆူဥက္ကဋ်၊ မန္ဓာတ်ဘေးချစ်၊ စက္ကရာ၏ ။ မြွက်လှစ်လုံးစုံ၊ အကြောင်းကုန်အောင်၊ ပေါင်းဆုံသေချာ၊ ဧကရာကို၊ မဟာခံသ၊ မင်းစံပြုလျက်၊ မင်းလှနော်ရထာ၊ မည်သာဝေလျှံ၊ ဘွဲ့ကြီးခံ၍၊ နက်တံကဝိ၊ မတ်ပဏ္ဍိဟု၊ သမုတိမော်၊ သမုတ်ခေါ်ရ ဝန်ပေါ်ဦး၊ ကျွန်တော်ထူးသည်၊ ဖူးလက်ထိပ်ပြင်၊ လျှောက်ဆိုတင်အံ့။ ဘုရင်တို့ထွတ်ဖျား နားတော်မူဘုရား။

http://www.dhammadownload.com



ရာဇုတ္တမ နရထွတ်တင် နွယ်စဉ်သာကိယ ကဝိဿရ ဘဝသခင် ဘုရင်ဧကရာဇ် မင်းစစ်အကျော် နရော်သဘ အာဟိန္ဒမျိုးရိုး ထီးရိုးနန်းစိုက် စာဘန်းရိုက်သဖြင့် ပန်းမကိုဋ်အလား ကဲ့မခြားသော မင်းတရားကြီးဘုရား အမေးတော်မြွက်၍ သကတ္ထပရတ္ထသာသနတ္ထ နဂရတ္ထ သမ္မာဆန္ဒ ဝီရိယာ ရမ္ဘ ပရက္ကမရှေ့သွား အရင်းထားတော်မူသည်နှင့်အညီ အလီလီသော အကျိုးကို မြော်ကိုးတော်မူသည်ကား မှန်ပါ၏။ ဤသို့ မှန်တော်မူသော်လည်း ဘုရားကျွန် ဝန် ငပေါ် ဦးသည် အထူးကိုလျှောက်ဆိုပါဦးအံ့။ နှစ်ဖော်နေမြစ် မြေးချစ်တော်တို့ကို ရွေးစစ်ပြီးခါ ဥပရာဇ်အရာသို့ ဘိသေကာပန်း ဆင်မြန်းတော်မူစေခြင်းအကျိုးငှာ ဝေဖန်၍ တင်ရမည်ဟု မိန့်တော်မူသောအရာမှာ ရွှေနားနာတော်မူဘုရား။

ရှေးသရောအခါ ဟိမဝန္တာတွင် အာဏာကဲမိုး သုံးထောင်စိုးလျက် တန်ခိုးထက်လှစွာသော ကေသရာဇာခြင်္သေ့မင်းသည် ဆေးဒန်းမြင်းသီလာ ကျောက်ဖျာဖြင့် ခင်းထားအပ်သော ပတ္တမြားရွှေဂူဝယ် စံပယ်တော်မူလျက် ညဥ့်နံ့နက်မခြားအောင် အလှည့်ကျသော ညီလာခံတော်သူသတတ်။

တစ်ရံရောအခါ ထိုကေသရာဇာ ခြင်္သေ့မင်းသည် လွန်မင်းစွာ အိပ်ချင်ခြင်းဖြစ်ရကား လက်ဝဲနံပါးမှ ဝက်ပိုတစ်ကောင်၊ လက်ယာနံပါးမှ သမင်တစ်ကောင်၊ ရှေ့တူရူမှ ယုန်တစ်ကောင် ထိုသုံးဦးတို့ကို သက်တော်စောင့်အရာသို့ ခန့်အပ်ပြီးလျှင် ထိနမိဒ္ဓစေတသိက် အားကြီးလှသဖြင့် အိပ်ပျော်လေ၏။ ယင်းသို့ ခြင်္သေ့မင်း အိပ်ပျော်သော်လည်း အမှုထမ်းသားဖြစ်သည်အတိုင်း ရာဇသေဝကဝတ်ကို မချွတ်မယွင်းစေဘဲ စောင့်ရှောက်နေထိုင်ရသောကြောင့် အစားအစာစသည်တို့ကို အခြားသတ္တဝါတို့ရှာ၍ ပို့လာမှပင်စားရချေ၏။ နောက် ခုနစ်ရက်လည်လျှင် ခြင်္သေ့မင်းသည် အိပ်ရာမှနိုးလတ်သဖြင့် ကိုယ်လက်တို့ကို ဆန့်တန်းပြီးလျှင် လက်ယာဘက်သို့လှည့်၍ သမ်းလေသော် လက်ယာဘက်မှ ခစားသောသမင်သည် ခြင်္သေ့မင်း၏ခံတွင်းမှ မကောင်းသောအနံ့တို့ဖြင့် လှိုင်ရကား နောက်သို့ကိုယ်ကိုလွန့်လျက် တွန့်ပြီးခစားလေ၏။

ထိုအခါ ခြင်္သေ့မင်းကမေးသည်မှာ ဟဲ့သမင်ငယ် ငါ၏ခံတွင်း ရန့်သည် နံသလော၊ မွှေးသလောဟု မေးလေ၏။

http://www.dhammadownload.com



ထိုသို့မေးလတ်သော် သမင်သည်ကြောက်ရွံ့လှရကား ဤသို့တင်လေ၏။ တောသုံးထောင်ဘုရင် သားများ၏သခင်ဖြစ်တော်မူသော အရှင်ကေသရာဇာခြင်္သေ့မင်း၏ အာခံတွင်းတော်သည် အင်မတန်မှ ကြိုင်ရွှင်သင်းပြန့်၍ ကြာညိုပန်းရနံ့ကဲ့သို့ မွှေးလှပါသည်ဘုရားဟု သံတော်ဦးတင်လေသော် ကေသရာဇာခြင်္သေ့မင်းသည် မျက်မာန်ပိုပွား၍ ဤသမင်ကား ငါ့အားအမှန်ကိုမတင် ခုနစ်ရက်အိပ်ပျော်သဖြင့် အညှီအဟောက်တို့ကိုစားချင်တိုင်းစားပြီး ပုပ်ချင်တိုင်းပုပ်ဟောင်နေသော ခံတွင်းကို သင်းသင်းကြိုင်ကြိုင် မွှေးလှပါသည်ဘုရားဟူ၍ မမှန်သောစကားဖြင့် တင်ရမည်လောဟု ဒေါသတရားမာန်ဆောင်ကြွားဖြင့် မျက်ပွားပိုကဲ လည်ကုပ်ကိုဆွဲပြီးလျှင် ကျဲတ်ခဲမလွတ်ကျွတ်ကျွတ်ဝါး၍ စားလေ၏။

ထို့နောက် လက်ဝဲဘက်လှည့်၍ သမ်းလေသော် လက်ဝဲဘက်မှရှိသော် ဝက်သည်လည်း ခြင်္သေ့ခံတွင်းမှ မကောင်းသောရနံ့ နံရကား နောက်သို့လွန့်၍ ခစားလေ၏။

ထိုအခါ ခြင်္သေ့မင်းသည် ရှေးနည်းအတူ မေးပြန်သော် ဝက်ပျိုငယ်သည် ဤသို့ကြံ၏။ လက်ယာဘက်မှ ခစားသော သမင်မိုက်သည် သားများသခင် အရှင်ခြင်္သေ့မင်းသည် မုသားကိုမကြိုက်၊ ဖြောင့်မတ်သော စရိုက်ရှိတော်မူသဖြင့် မှန်ကန်သည်ကိုမှ နှစ်ခြိုက်တော်မူကြောင်းကို မင်းခစားလုပ်ပြီးနေ၍မှ သင်း မသိလေစွတကား၊ ထိုသို့မသိခြင်းကြောင့်ပင်လျှင် မိုက်လှစွာသော သမင်သည် အရှင်လတ်လတ် ကျွတ်ကျွတ်ဝါး၍ စားခြင်းကိုခံရချေသည်။ ငါမူကား မှန်သောအားဖြင့်သာ သားများရာဇာကို တင်လျှောက်အံ့ဟု ကြံပြီးလျှင် ဤသို့တင်၏။

မှန်လှပါသည်ဘုရား. . . အရှင်ကေသရာဇာ ခြင်္သေ့မင်း၏ ခံတွင်းတော်သည်ကား များစွာသောအဆီအသားတို့ကိုစား၍ နေ့များရက်ကြာစက်တော်ခေါ်ရာကို မဆိုထားဘိဦး၊ နေ့စဉ်ရေဖြင့် ပလုတ်ကျင်းကြရသော ကျွန်တော်မျိုးတို့၏ ခံတွင်းသည်ပင်လျှင် အလွန်ပင်နံသေးစွတကား။ အရှင်ခြင်္သေ့မင်းမှာမူကား အဘယ်ဆိုဖွယ်ရ ရှိပါအံ့နည်း။ အပါးတော်ရှိ ကျွန်တော်

http://www.dhammadownload.com



မျိုးတို့၏နှာခေါင်းဝယ် သည်းမခံနိုင်လောက်အောင်ပင် နံပါသည်ဘုရားဟု လျှောက်ထားလေသော ကေသရာဇာခြင်္သေ့မင်းသည် မျက်မာန်တော်ပိုပွား၍ ငါကဲ့သို့သော သားများရာဇာကို ယမာမခန့် မကြောက်မရွံ့ဘဲ တန်တန်စားစား သင်း စော်ကား၍ စကားကြမ်းကြုတ် ပုပ်သည်၊ နံသည် ဘာမထိ ဝသီဆိုးဝါး တင်ချေသည်ဟု မာန်ဖီသော ဒေါသနှင့်စက်ရာတော်မှထပြီးလျှင် ထိုဝက်ပျို၏ လည်ကုပ်ကို တစ်မုဟုတ်ချင်းခဲပြီးသော် ကျွတ်ကျွတ်ဝါး၍ စားလေ၏။

ထို့နောက် ခြင်္သေ့မင်းသည် ရှေ့တူရူမှ ခစားသော ယုန်သားငယ် ရှိရာသို့ မျက်နှာလှည့်၍ သမ်းပြန်လေ၏။

(ဤနေရာ၌ တိရစ္ဆာန်ဖြစ်၍ သားမျိုးအပေါင်းတွင် အပါအဝင်ဖြစ်ရကား ယုန်သားငယ်ဟု အားကာရန်နှင့် ရေးထုံးပြုရမည်။ လူဇာတ်ဖြစ်မူကား လူသူငယ် ရှင်သူငယ်ဟု သ-အက္ခရာကို ဦသရနှင့်ယှဉ်၍ သူဟူသောဦကာရန်သံဖြစ်ဟန် ရေးထုံးကို မှတ်ကြကုန်ရာသည်။ ဤကား အထူးအရေးရ များသောနေရာဖြစ်၍ သတိထားကြရန် အက္ခရာခွဲထား စကားချပ်ပင်တည်း။)

ဤသို့ သမ်းလေသော် ယုန်သားငယ်လည်း ရှေးနည်းအတူ အမူပျက်ပြား နံသည့်အားကြောင့် နောက်ပါးသို့လွန့်လျက် တွန့်ပြီးခစားပြန်လေ၏။ ထိုသို့ခစားသည်ကို မြင်လေသော် ခြင်္သေ့မင်းလည်း ရှေးနည်းအတူ မေးပြန်သဖြင့် ယုန်သားငယ်သည် ဤသို့ကြံစည်စဉ်းစား၏။ လက်ယာဘက်နံပါးမှခစားသော သမင်သည် သားများအရှင် ရွှေခံတွင်းကား ကြာညိုပန်းရနံ့ကဲ့သို့ ပြန့်သင်း၏ဟုတင်မိသောကြောင့် အစွယ်ငွားငွားဖြင့် ကျွတ်ကျွတ်ဝါး၍ စားချေသည်။ လက်ဝဲနံပါးမှ ခစားသောဝက်ပျိုငယ်မှာလည်း အရှင့်ခံတွင်းတော်သည် ညှီစော်စုပ်စုပ် ပုပ်ပုပ်နံနံ ပျို့အန်ဘနန်းရှိကြောင်းကို တင်သဖြင့် အရှင်လတ်လတ်မှ ကိုက်ဖြတ်ဝါး၍ စားခြင်းကိုခံရချေပြီ။ ငါသည် တစ်မူကား ဘယ်သို့အားဖြင့် လျှောက်ထားသံတော်ဦးတင်ရမည်နည်းဟု ကြံစည်တွေးတောပြီးလျှင် ဆင်ခြင်တုံတရား ဉာဏ်စဉ်းစား၍ ဤသို့အားဖြင့် သံတော်ဦးတင်လေ၏။

"ရွှေဂူစံရှင် သားများသခင် ဘုရင်သေဌ်နင်း ခြင်္သေ့မင်းသည် ခံပွင်း

http://www.dhammadownload.com



တော်ရေး မေးတော်မူလျှင် တစ်မဟုတ်ချင်းတင်ရအောင် အင်မတန်အား ထုတ်၍ နမ်းရှုပ် ရှိုက်ရှူပါသော်လည်း မြူခန့်မျှအနံ့မရ၊ ဂေလညရောဂါ ဝေဒနာ ဖိစီးသဖြင့် ဘုရားကျွန် 'ငရွှေယုန်'သည် နှာစေး၊ ခေါင်းခဲဖြစ်နေပါကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်ဘုရားဟု လျှောက်ထားလျှင် သုံးတောင်ပိုင်စိုး တန်ခိုးကြီးစွာ ကေသရာသည် ချမ်းသာစေခွင့်ပေး၍ ယုန်လိမ္မာပညာရှိကလေးမှာ သေဘေးက လွတ်ဖူးပါသည်ဘုရား။

ဤပုံကိုထောက်ထား၍ ဘဝရှင်မင်းတရားကြီးသည် မြေးတော်ကြီးနှစ်ပါး၏ အခင်းသွားအခြေခံကို ဝေဖန်၍ သံတော်ဦးတင်ရမည်ဟု မိန့်တော်မူရာဝယ် ရွှေအာလုပ်တော် လှစ်ဖော်ကျူးရင့်တော်မမူမီကပင် တင်ချင်သောဆန္ဒ မနောပုဗ္ဗင်္ဂမ အာသီသရှိလှသဖြင့် ဝီရိယစိုက်ထုတ်၍ အပတ်တကုတ်စဉ်းစားသော်လည်း ကျွန်တော်မျိုးကြီး ပေါ်ဦးသည် ထွေထူးသောရောဂါကြောင့် နှာစေးနေပါ၍ မတင်တတ်ရှိပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား"ဟု လျှောက်ထားခြင်းပြုလေ၏။

ဤသို့ သံတော်ဦးတင်လိုက်သော် ဘုရင်ဧကရာဇ်မင်းမြတ်နှင့် တကွသော မှူးကြီးမတ်ငယ် အသွယ်သွယ်တို့သည် ရယ်မောခြင်းကို များစွာပြုကြလေ၏။ ဘုရင်ဧကရာဇ်မင်းမြတ်လည်း ပြာသာဒ်တော်ဆောင်မှ ပြုံးတော်မူလျက် မှန်နန်းတော်ဆောင်သို့ ဝင်တော်မူလေ၏။

ဤသည်လည်း ပညာရှိအမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံးတစ်ပုံ ပင်တည်း။

❖ ❖ ❖

## ဓမ္မသင်္ဂဏီ ပါဠိတော်၏အကြောင်းကို မေးတော်မူခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ငါးဆယ်သုံးခု ကဆုန်လပြည့်ကျော် တစ်ဆယ့်ငါးရက်နေ့တွင် သုဓမ္မာပထမပြန်ပွဲကြီး ပြုလုပ်တော်မူရန်ကိစ္စကို တိုင်ပင်စည်းကြပ်တော်မူရာဝယ် စာပြန်ဆိုတော်မူကြသော ရဟန်းတော်တို့သည် မာတိကာနှင့် ဓာတုကထာကို ပါဠိတော်ဖြင့် အာဂုံဆောင်နိုင်ခဲ့မှုကား လျှူဖွယ်ဆုထူး တိုးတက်ချီးမြှင့်စေဟူသော အမိန့်တော်ကိုပြဋ္ဌာန်းတော်မူ၏။

http://www.dhammadownload.com



ထိုအခါ သံဃရာဇ်ဖြစ်တော်မူသော သယ်ရာဇ သာသနာပိုင် ဆရာတော်ဘုရားကြီးက ဤသို့မိန့်တော်မူ၏။

'တကာတော်ရေမြွေရှင်. . . ဤစာပွဲသဘင်တော်တွင် မာတိကာ, ဓာတုကထာကို အာဂုံဆောင်နိုင်ပါမူကားဆိုသော အမိန့်တော်မြတ်ဝယ် ဤရက် ဤလမျှလောက်ဖြင့် ပြုလုပ်သောအရာကို မဆိုထားဘိ ဤနှစ်ပတ်လုံး ဓမ္မသဘင်ပွဲကြီးယင်သော်လည်း မာတိကာ, ဓာတုကထာပါဠိတော်တို့သည် ပြန်ဆိုသူတို့ အာဂုံရသော်လည်း ကုန်နိုင်ဖွယ်ရာမရှိ။ ကုန်လောက်၏ ဆိုသော်လည်း ရနိုင်မည့်သူမမြင်။ အဘယ်ကြောင့်ဆိုသော် ထိုမာတိကာ, ဓာတုကထာတို့သည်ကား တစ်စောင်တစ်ဘွဲ့မျှမဟုတ်၊ ကျယ်ဝန်းများပြားလှသည်သာတည်း'ဟု မိန့်တော်မူ၏။

ထိုအခါ ဘဝရှင်မင်းဘုရားကြီးသည် သာသနာပိုင်ဆရာတော်အား ဤသို့ လျှောက်ပြန်၏။ 'ဆရာတော်ဘုရား မာတိကာ, ဓာတုကထာတို့သည် စာစောင်အားဖြင့်သော်လည်းကောင်း, နယအားဖြင့်သော်လည်းကောင်း၊ ပဒအားဖြင့်သော်လည်းကောင်း မည်မျှထား၍ မည်မျှကျယ်ဝန်းပါသနည်း'ဟု ဘုရင်ဧကရာဇ်မင်းမြတ်က လျှောက်ထားသည်ရှိသော် သံဃိဿရ သံဃသာမိ သံဃာဓိပတိဖြစ်တော်မူသော သံဃရာဇ်ဆရာတော်ဘုရားကြီးသည် ပမာဒလေခတော်မူသဖြင့် ရုတ်တရက် မိန့်တော်မမူဘဲ ရှိချေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် အပါးတော်မှာ ခစားလျက် ရှိချေသဖြင့် ဤသို့သံတော်ဦးတင်လေ၏။

## အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

ရွှေဘုန်းတော်ရှင် ရာဇာများသေဌ်နင်း တရားမင်း၊ သုံးလူ့သဗ္ဗညုသည် မာတိကာနယ ဓာတုကထာဝ်ဘင်းစသည်တို့ကို ဟောတော်မူရာ ပါဠိတော်၏ ကျယ်ဝန်းဟန်ကိုပင် သိတော်မူလိုပါမူကား ဆရာတော်ဘုရားကြီးသည် အားနည်းတော်မူလှသဖြင့် ပင်ပန်းတော်မူခြိမ့်မည်၊ လျှောက်ထားတော်မူခြင်းငှာ မသင့်သည်သာထင်သည်ဘုရား'ဟု သံတော်ဦးတင်လေ၏။

ထိုသို့ တင်လျှောက်ချေသော် ဆရာတော်ဘုရားကြီးက မိန့်တော်မူ

http://www.dhammadownload.com



သည်မှာ. . . 'တကာတော်မင်းမြတ်၊ အတွင်းဝန်မောင်ပေါ်ဦးသည်လည်း တစ်ဆယ့်ရှစ်နှစ် တစ်ဆယ့်ကိုးနှစ်သားအရွယ် သာမဏေကြီး အဖြစ်နှင့် ပင်လျှင် ဆရာတော်ထံသို့ နည်းနာခံလာ၍ ရှစ်ဝါကျော်ကျော်ခန့် ကြာဖူးသည် ပင်တည်း။ ဤသို့ ဆရာတော်ထံမှာ နေ့ဝါ, ညဝါတက်လာဆည်းကပ်စဉ်၌ လည်း တိုက်တော်အတွင်း ပဋ္ဌင်းရဟန်းပျို့တို့ကို မောင်ပေါ်ဦးသည် အထူး အားထုတ်၍ ပို့ချပေးသောကြောင့် ဆရာတော် သက်သာခွင့်ရခဲ့ဖူးပေသည်။ ယခုအခါလည်း ဆရာတော်၌ သက်သာခွင့်ရကြောင်းကို အတွင်းဝန်မောင် ပေါ်ဦးကိုပင် ဆရာတော်ကိုယ်စားပြု၍ အလိုတော်ရှိသမျှကို ဆရာတော်နှင့် တကွ နာတော်မူကြရအောင် မေးတော်မူလော'ဟု လွှဲအပ်တော်မူသဖြင့် ဘဝရှင်မင်းတရားကြီးသည် သံဃရာဇ်ဖြစ်တော်မူသော ဆရာတော်ဘုရား ကြီး မိန့်တော်မူတိုင်း အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူ၏။

ထိုသို့မေးတော်မူရာဝယ် အမတ်ကြီးဦးပေါ်ဦးသည် မင်းတရားကြီး နှင့်တကွသော သယ်ုက္ကဌ သယ်ရာဇာ အရှင်ဆရာတော်ဘုရားတို့ကို လျှောက် တင်အံ့သောငှာ-

တိလောကေန၊ တေဇိန္ဒဖြင့်၊ တစ်ရာ့တစ်ပြည်၊ တောက်ထွန်းတည် သား၊ မဟီဥက္ကဋ္ဌ၊ မဟာနတ်မို့၊ မဟတ္တဂုဏ်၊ မိုးလုံးတုန်လျှက်၊ မေရုံတောင် ထွတ်၊ မတင်းညွတ်ရ၊ တမွတ်သရဘူ၊ တရာဇူနှင့်၊ ပါရဂူရင်၊ ပယ်မျိုးစင်သား၊ ပဘက်ဆွေ၊ ပရမေ၏။ ရွှေရင်တော်နှစ်၊ သားတော်စစ်ဟု၊ သယ်ရာဇ်အရှင်၊ သာကီစင်ကို၊ သချော်ပေါင်းမှ၊ သချော်ပြု၍၊ သိဿမှန်စွာ၊ လျှောက်ဆိုပါမည်။ သေချာတည့်မှတ်သားနာတော်မူဘုရား။

(စာမရှိသားလိုက်ချနည်း) ဤကား ရတု။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အာဋ္ဌာဝက ဂဇေယျဟု ဝံသမျိုးပြား ဆင်ဆယ်ပါးမှ ပွားများပတ်ရစ် နွယ်မျိုးဖြစ်၍ ရှစ်ရပ်ဒိသာ ခန်းဝါ ပိတ်ဆို့ သံမြို့ဆယ်ထပ် ခံနှင့်ရပ်လည်း ရွပ်ရွပ်ပျက်ကျေ ရေမကြည်ရ မုဟုတ္တ ဖြင့် ခဏပိုင်ပိုင် တိုက်လှည်းနိုင်သော အသိန်းမကသော ဆင်ရတနာမျိုးတို့၏ အရှင်သခင်ဖြစ်တော်မူသော အမရပူရ ပထမမြို့တည်နန်းတည် အောင်မြေ လောက ကျောက်စေတီ 'သသံပုက' သိကြားတံဆိပ် ခတ်နှိပ်ခဲ့သော စေတ်

http://www.dhammadownload.com



တော်ကြီး၏ ဒါယကာမင်းခေါင်မင်းဖျား မင်းတရားကြီးဘုရားနှင့် တိပိဋကရေ သီလဝိသုဒ္ဓိ ဒက္ခိဏေယျနွယ်စင် ဓမ္မဥ္ဇရဓမ္မရုစိ ရွှန်းရွှန်းအိသည့် သံဃာဓိပတိ ကဝိကုဥ္ဇရ သံဃနာထစင်စစ်ဖြစ်ကြီးဖြစ်တော်မူသော သံဃရာဇ်ဆရာတော် ဘုရားကြီးနှင့် ဘဝရှင်မင်းတရားကြီးများ အမေးတော်မြတ်၌ ဘုရားရွှေဘုန်းတော် ကျွန်ဝန် ငပေါ်ဦးသည် အထူးကိုသံတော်ဦးတင်လျှောက်ပါအံ့။

တိလောကဂ္ဂ ဘက်မမျှသည့် အနန္တဂုဏ်တော်ရှင် သခင်သဗ္ဗညု အတုလမှန်ငြား စောဘုရားသည် ဟောကြားတော်မူခဲ့သည့် ပရမတ္ထ ဓမ္မဖြစ်သော အဘိဓမ္မာခုနစ်ကျမ်းတို့ကို ဝိတ္ထာရနယမဟုတ်မူ၍ သခေ်ပနယအား ဖြင့်သာ ဟောတော်မူငြားသော်လည်း မာတိကာ, ဓာတုကထာ, ဝိဘင်း စသည် တို့၌ ဤမျှများပြားကြောင်းကို ဤသို့မှတ်တော်မူ။

ဒုမှိ ရတ္တိနဋ္ဌာ တမှိ၊ စမှိဓူတာ သမာရာပေ။

ဒေဝရာ ဆ နိမက္ခာဝါ၊ သဂ္ဂါ သမှိ ဝိရာဂါဌ။

နဝါရိယာ ဒသာဒီသု၊ ကမာဆစနဝေသွိဝ။

ဘေနဂ္ဂိယာဘက္ခိလာဿ၊ သမူဟာပနကောသလာ။

**အနက်ကား.** . ဒုမှိ၊ ဒုတိယနယ၌။ ရတ္တိ၊ လေးဆယ့်နှစ်ပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တမှိ၊ တတိယနယ၌။ နဋ္ဌာ၊ ကိုးဆယ်သော ပုဒ်တို့ကို၏။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ စမှိ၊ စတုတ္ထနယ၌။ ဓူတာ၊ ခြောက်ဆယ့်ကိုးပုဒ်တို့ကို။ ဝုတ္တာ၊ ဟောတော် မူအပ်ကုန်၏။ ပေ၊ ပဉ္စမနယ၌။ သမာရာ၊ နှစ်ရာငါးဆယ်ခုနစ်ပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဆ၊ ဆဋ္ဌနယ၌။ ဝါ၊ အဋ္ဌ ကထာလာနည်း ဖြင့်။ ဒေဝရာ၊ နှစ်ရာလေးဆယ်ရှစ်ပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ် ကုန်၏။ ဝါ၊ ဋီကာ၌လာသောနည်းဖြင့်၊ နိမက္ခာ၊ နှစ်ရာငါးဆယ် သောပုဒ်တို့ကို၊ ဝုတ္တာ၊ ဟောအပ်ကုန်၏။ သမှိ၊ သတ္တမနယ်၌၊ သဂါ၊ သုံးဆယ့်ခုနစ်ပုဒ်တို့ကို၊ ဝုတ္တာ၊ ဟောအပ်ကုန်၏။ အဋ္ဌ၊ အဋ္ဌမ နယ၌။ ဝိရာဂါ၊ သုံးရာလေးပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ် ကုန်၏။ နဝ၊ နဝမနယ၌။ အရိယာ၊ ရှစ်ရာ့နှစ်ဆယ် သောပုဒ် တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဒသာဒီသု၊ ဒသမ နယစသည်

http://www.dhammadownload.com



တို့၌။ ဝါ၊ ဒသမ နယ, ကော ဒသမနယ, ဒွါဒသမ နယတို့၌။ ကမာ၊ အစဉ်အတိုင်း။ ဆစနဝေသို့ဝ၊ ဆဠနယ, စတုတ္ထ, နဝမနယတို့၌ကဲ့သို့။ ဝုတ္တာ၊ ဟော အပ်ကုန်၏။ တေ၊ တေရသမနယ၌။ နဂ္ဂိယာ၊ တစ်ရာ့သုံးဆယ်သော ပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဩ၊ ဩသာန နယ၌။ ဝါ၊ အဆုံးဖြစ်သော စုဒ္ဒသမနယ၌။ ဘက္ခိလာ၊ သုံးရာနှစ်ဆယ့်လေးပုဒ်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ သမ္ဗူဟာပန၊ ပဋ္ဌမနယ၌ ဟောတော်မူအပ်သော ပုဒ်အပေါင်းတို့သည်ကား။ ကောသလာ၊ သုံးရာ ခုနစ်ဆယ့်တစ်ပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

'ဤသို့နယအားဖြင့် တစ်ဆယ့်လေး။ ထိုတစ်ဆယ့်လေးတို့၏ သချေ်ာကို စုပေါင်းရာ သမ္ဗူဟအရ ပဒတို့သည်ကား နှစ်ထောင်ခုနစ်ရာငါးဆယ့်ခြောက်ပုဒ်ရှိ၏'ဟူ၍ အဋ္ဌကထာ ဆရာမြတ်ပြဆိုတော်မူသည်။ တစ်နည်းကား ဋီကာဆရာ အလိုတော်အားဖြင့် နှစ်ထောင်ခုနစ်ရာ့ငါးဆယ့်ရှစ်ပုဒ်ရှိ၏ဟု မိန့်တော်မူသည်ကို ထောက်ဆ၍ သိတော်မူဘုရား။

ဤသို့သံတော်ဦးတင်လျှောက်လေသော် ဆရာတော်ဘုရားကြီးက မိန့်တော်မူပြန်သည်မှာ 'မောင်ပေါ်ဦး. . . "ပဉ္စာသာဓိကေန ပဒသတေန" ဟူ၍လည်းကောင်း၊ "ဆသဋ္ဌိတိကပဒါဒ္ဒေစတုက ပဒသတာနိ" ဟူ၍လည်းကောင်း လာသောအဋ္ဌကထာပါဠိနှင့် "သမ္ဗူဟာပနကောသလာ"ဟု ဆိုအပ်သော စကားသည် မညီညွတ်ဘဲကွဲလွဲဆန့်ကျင်ရာ မကျပြီလော'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက လျှောက်တင်သည်မှာ 'ဤအရာဝယ် ဆန့်ကျင်ဖွယ်သာတကားဟု ထင်မှတ်တော်မူငြားအံ့။ ကိုးပါးသော ဥပပတ္တိဘဝကို ကမ္မဘဝ၌သွင်း၍ ဇရာမရဏကိုလည်း တစ်ပုဒ်တည်းပြု၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဤငါးပုဒ်ကိုလည်း ဇရာမရဏ၌သွင်း၍ ပုဒ်အပေါင်းကိုရေတွက်အပ်ရကား ၎င်းနှစ်ရပ်တို့သည် ညီညွတ်လှသည်သာဘုရား'ဟူ၍ လျှောက်လေသော် ဆရာတော်ဘုရားသည် ဤသို့ ထောက်၍မေးတော်မူပြန်၏။

http://www.dhammadownload.com



'မောင်ပေါ်ဦး. . ထိုသို့ပြဆိုအပ်ခဲ့ပြီးသော ပဒတို့ဖြင့် ထားအပ်သော မာတိကာသည်ကား အဘယ်နည်းဖြင့် အဘယ်ကျမ်း၌ အဘယ်ကို ပြခြင်းငှာ, အဘယ်လို့ငှာ, အဘယ် မာတိကာ မည်သနည်း'ဟု မေးတော်မူ၏။

ထိုသို့မေးတော်မူရာဝယ် အမတ်ကြီးဦးပေါ်ဦးက လျှောက်ပြန်သည်မှာ 'ဤအရာ၌ ဤသို့မှတ်တော်မူဦးဘုရား။ ဆိုအပ်ပြီးသော တစ်ဆယ့်လေးပဒတို့ဖြင့် ထားအပ်သော မာတိကာသည် သင်္ဂဟအစရှိသောနည်းဖြင့် ဓာတုကထာကျမ်း၌ ဝေဖန်အပ်ကုန်သော ဓမ္မတို့ကိုပြခြင်းငှာ ထားအပ်သောကြောင့် နယမာတိကာဟူ၍လည်း ဆိုအပ်၏။ မူလပဒ ဖြစ်သောကြောင့် မူလမာတိကာဟူ၍လည်း ဆိုအပ်၏'ဟု လျှောက်၏။

ထိုအခါ သာသနာပိုင်ဆရာတော်ဘုရားကြီးက မိန့်တော်မူပြန်သည်မှာ 'မောင်ပေါ်ဦး. . . ထိုနယတို့ကိုဟောတော်မူရာ အာဘော်တော်သည် အဘယ်သို့ ရှိသနည်း'ဟု မေးတော်မူ၏။

ဤသို့မေးတော်မူသောအခါ ဦးပေါ်ဦးကလျှောက်သည်မှာ 'ရွှေနားနားတော်မူဘုရား။ ပဌမနယ, ဆဋ္ဌနယတို့ကား ရှိသောပုဒ်ဖြင့်မေးလည်း မေးတော်မူ၏။ ဖြေလည်းဖြေတော်မူ၏။ ဒုတိယနယ, တတိယနယတို့ကား ရှိသောပုဒ်ဖြင့် ပုစ္ဆိတဗ္ဗဝိသဇ္ဇိတဗ္ဗဓမ္မကို ထုတ်တော်မူ၏။ ကျေလေသော တတိယာလောပဖြင့်ကား ပုစ္ဆာဝိသဇ္ဇနာကို ပြတော်မူ၏။ တတိယာ နာဝိဘတ်သည်ကား ဝိသေသနအနက်၌ သက်ပါသည်။

စတုတ္ထနယ, ပဉ္စမနယသည်ကား ရှိသောပုဒ်ဖြင့် ပုစ္ဆိတဗ္ဗဓမ္မ, ဝိသဇ္ဇိတဗ္ဗဓမ္မကို ထုတ်တော်မူ၏။ ကျေလေသော တတိယာလောပဖြင့် ပုစ္ဆာဝိသဇ္ဇနာကိုပြတော်မူ၏။ နာဝိဘတ်ကား ကတ္တားအနက်၌ သက်ပါသည်။ သတ္တမ, အဋ္ဌမ, နဝမနယသို့သည်လည်း ရှိသောပုဒ်ဖြင့် ပုစ္ဆိတဗ္ဗဓမ္မ ဝိသဇ္ဇိတဗ္ဗဓမ္မကို ထုတ်တော်မူ၏။ ကျေလေသော တတိယာလောပဖြင့်ကား ပုစ္ဆာဝိသဇ္ဇနာကို ပြတော်မူ၏။ နာဝိဘတ်ကား ကတ္တားအနက်၌ သက်ပါသည်။

ဧကာဒသမ, ဒွါဒသမ, တေရသမ, စုဒ္ဒသမနယတို့သည်ကား ပဌမပုဒ်ဖြင့် ပုစ္ဆိတဗ္ဗဓမ္မ, ဝိသဇ္ဇိတဗ္ဗဓမ္မကို ထုတ်တော်မူ၏။ အဆုံးနှစ်ပုဒ်ဖြင့်ကား

http://www.dhammadownload.com



ပဋ္ဌာဝိသဇ္ဇနာကိုပြတော်မူ၏။ ဤအရာ၌ နာဝိဘတ်သည် ဝိသေသန အနက်၌ သက်ပါသည်။

ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမဟူသော လေးနယတို့သည်ကား ပဌမနယကိုစွဲ၍ ထွက်၏။ သတ္တမ, အဋ္ဌမ, နဝမ, ဒသမဟူသော လေးနယတို့သည်ကား ဆဋ္ဌနယကိုစွဲ၍ထွက်၏။ ဧကာဒသမ, ဒွါဒသမ, တေရသမ, စုဒ္ဒသမဟူသောလေးနယသည်ကား ပဌမနယကိုစွဲ၍ ထွက်၏၊ ဤသည်ပင်လျှင် တစ်ဆယ့်လေးနယတို့ဖြင့် ဟောတော်မူရာ နယမာတိကာ၌ အာဘော်တော်ထား ဝိဘတ်သွားသည် တရားဥပစာ အကုန်ပင်ဘုရား'။

ဤသို့တင်လျှောက်ချေသော် ဆရာတော်ဘုရားကြီးက ထပ်မံ၍ မေးတော်မူသည်မှာ 'မောင်ပေါ်ဦး. . . မာတိကာတို့၏ အစဉ်, ၎င်းမာတိကာတို့၏ သဘောကို အဘယ်မာတိကာသည် အဘယ်သို့ သဘောရှိသနည်းဟု လျှောက်ဆိုပါဦးလော'ဟု မိန့်တော်မူပြန်ရကား ထိုအခါ ဦးပေါ်ဦးသည် ဤသို့ နားတော်လျှောက်ပြန်၏။

'သုပ္ပဋိပန္န သာဝကအစစ် သံဃရာဇ်ဝေဒဂူ သီဟတစ်ဆူဖြစ်တော်မူသော ဆရာတော်ဘုရား။

ရွှေနားပန်ဆင်တော် မူလော့။ တစ်ရာ့နှစ်ဆယ့်ငါးပဒတို့ဖြင့် ထားအပ်သော မာတိကာသည်ကား "သင်္ဂဟာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ"ဟု မဆိုမူ၍ သင်္ဂဟအစရှိသောနည်းဖြင့် ဝေဖန်အပ်ကုန်သော ခန္ဓာအစရှိကုန်သောတရားတို့ကို သရုပ်အားဖြင့်ပြ၍ ဓာတုကထာ မာတိကာ၏ အတွင်း၌သာလျှင် ထားဘိသောကြောင့် "အဗ္ဘန္တရ မာတိကာ"ဟု ဆိုအပ်၏။ ခန္ဓာအစရှိကုန်သော ပုဒ်တို့ကိုဓမ္မသင်္ဂဏီဒေသနာ၏ မာတိကာဖြင့် မရေတွက်အပ်သည်ဖြစ်၍ ပြိုးပြွမ်းထားအပ်သောကြောင့် ပကိဏ္ဏကမာတိကာဟု ဆိုအပ်၏။ ဤကား အဗ္ဘန္တရမာတိကာဘုရား။

ထိုသို့ဆိုအပ်ခဲ့ပြီးသော လေးပဒတို့ဖြင့် ထားအပ်သော မာတိကာသည်ကား သင်္ဂဟ, အသင်္ဂဟအစရှိသောနည်းတို့၏ အကြောင်းတည်းဟုဖြစ်ခြင်းငှာ ထားအပ်သောကြောင့် နယမုခမာတိကာမည်၏။ ဤကား နယမုခမာတိကာ ဘုရား။

http://www.dhammadownload.com



ဤနည်း၌ အဓိပ္ပာယ်ကား သင်္ဂဟနည်း, သမ္ပယောဂနည်းရသည်ကို သဘာဂဟုဆိုသည်။ အသင်္ဂဟနည်း ဝိပ္ပယောဂနည်းရသည်ကို ဝိသဘာဂဟုဆိုသည်။

ဆိုအပ်ပြီးသော နှစ်ပုဒ်တို့ဖြင့် ထားအပ်သော ဤမာတိကာသည်ကား သဘာဂ လက္ခဏာရှိကုန်သော ဓမ္မတို့ကြောင့် သင်္ဂဟနည်း, သမ္ပယောဂနည်းမည်၏။ ဝိသဘာဂလက္ခဏာရှိကုန်သော ဓမ္မတို့ကြောင့် အသင်္ဂဟနည်း, ဝိပ္ပယောဂနည်းမည်၏။ ဤသို့သော သဘာဂ ဝိသဘာဂ လက္ခဏာအားဖြင့် သင်္ဂဟအစရှိသော လက္ခဏာကိုပြခြင်းငှာ ထားအပ်သောကြောင့် လက္ခဏ မာတိကာမည်၏။ ဤကား လက္ခဏ မာတိကာဘုရား။

ဤသို့ဆိုအပ်ခဲ့ပြီးသော ခြောက်ဆယ်ခြောက်ပဒကုန်သော တိကပုဒ်တို့ကိုလည်းကောင်း၊ နှစ်ရာသော ဒုကပုဒ်တို့ကိုလည်းကောင်း၊ ဤသို့ နှစ်ရာခြောက်ဆယ်ခြောက်ပဒတို့ ချဉ်း၍ထားအပ်သော ဓာတုကထာဒေသနာတော်မှ အပဖြစ်သောဓမ္မသင်္ဂဏီမာတိကာ၏ ဒေသနာကိုချဉ်း၍ "ပဥ္စက္ခန္ဓာ (ပ) မနသိကာရော"ဟူသော ဓာတုကထာဒေသနာဖြစ်သော မာတိကာ၏ အတွင်း၌ မဆိုမူ၍ "သဗ္ဗာပိဓမ္မသင်္ဂဏီ"ဟူ၍ ဓာတုကထာဒေသနာဖြစ်သော မာတိကာမှအပ၌ ထားအပ်သောကြောင့် ဗာဟိရမာတိကာဟူသော အမည်ရ၏။ ဤကား ဗာဟိရ မာတိကာဘုရား။

ထိုသို့ဆိုအပ်ခဲ့ပြီးသော မာတိကာတို့၏ သဘောသည် အကျဉ်းရုံး၍ဆုံးလွယ်နိုင်သည်ကိုမျှ လျှောက်ဆိုခြင်းသာဖြစ်ပါသည်။ အကျယ်ကိုတင်လျှောက်ချေသော် အဋ္ဌကထာနည်း, ဋီကာနည်းတို့ဖြင့် ဤရွေ့ဤမျှပါရှိသည်ဟု နှုတ်ရအာဂုံရှိတိုင်းကို တင်လျှောက်သော် ကုန်နိုင်ဖွယ်မရှိပါကြောင်းကို အမတ်ကြီးဦးပေါ်ဦးကတင်သော် ဘုရင်ဧကရာဇ်မင်းတရားကြီးသည် ဖရဏာပီတိဝမ်းဆီထိသကဲ့သို့ ပျောင်းအိသောစိတ်တော်ရှိရကား အမတ်ကြီးဦးပေါ်ဦးသို့ 'ပွင့်မြူးထူးမြတ်သော သင်၏ပညာပါရမီကိုငါသည် ပူဇော်၏'ဟုဆို၍ သာသနာပိုင်ဆရာတော်ကြီး ရှေ့တော်တွင် ယောလေးမြို့အပါအဝင်ဖြစ်သော 'မင်းရွာ'ကိုထပ်မံ၍ အစားသနဒတော်မူ၏။ လွန်းသုံးရာကျ ဧကနံ့ဝတ်လံတော်တစ်ထည်နှင့် ခါသာအုပ်ငါးအုပ်ကိုလည်း ဆုသနားတော်မူ၏။

http://www.dhammadownload.com



သာသနာပိုင် ဆရာတော်ဘုရားကြီးကလည်း ဤသို့မိန့်တော်မူ၏။ 'တကာတော်မင်းမြတ်၊ အတွင်းဝန် မောင်ပေါ်ဦး၏ ပါရမီမျိုးသည် အလွန်ပင် ရခြင်းငှာ ခဲယဉ်းသည်။ ဆရာတော်တို့လည်း ငယ်စဉ်ကစ၍ ကြိုးစားအားထုတ် ကုတ်ကုတ်ပတ်ပတ် သင်ကြားခဲ့သည်သာတည်း။ ဤသို့ကြိုးစားသော်လည်း ပမာဒလေခဖြစ်သဖြင့် ရဖူးသည်ကိုလျှင် စိတ်တွင်မမြဲ လွဲလွဲမှားမှားရှိချေ သည်သာ များတော့သည်။ "စာတတ်လက္ခဏာ၊ မှတ်စရာ၊ သုံးဖြာ ဒုလ္လဘာ" "ကျော်နင်းနိုင်ဘိ၊ ပညာရှိ၊ ကဝိမှန်ကုန်ကြ" ဟူ၍ ရှေးဆရာ တို့ ဆိုရိုးစကားရှိချေသည်။ ဒုလ္လဘာတရား သုံးပါးဆိုသည်မှာ မရသေး သောစာကို နှုတ်တက်ရအောင် ခဲယဉ်း၏။ နှုတ်တက် ရပြီးသောစာကို မပျောက်မမေ့ရအောင် ခဲယဉ်း၏။ မပျောက်မမေ့ဆောင်၍ထားသော စာကို သဘောပေါက်ရောက်စွာ အဓိပ္ပါယတ္ထဖြင့် လွန်စွာ သိနိုင်ရန် ခဲယဉ်း၏။ ဤသို့ ခဲယဉ်းခြင်းကို လွန်မြောက်နိုင်မှုကား စင့်စစ်ပညာရှိဟု မှတ်ကုန်ရာ၏ ဆိုသောစကားတွင် အတွင်းဝန်မောင်ပေါ်ဦးသည် ယခုခေတ် အခါတွင် ဒုလ္လဘာတရားသုံးပါးကို ကျော်နင်းနိုင်သူတစ်ယောက်ပင်တည်းဟု မှတ်ယူသင့်တော့သည်'ဟု မိန့်တော်မူ၍ သာဓုခေါ်တော်မူ၏။

ဤသို့ ဆရာတော်ကြီးက သာဓုခေါ်ပြီးသောအဆုံး၌ ဘုရင်ဧကရာဇ် မင်းမြတ်က အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူပြန်သည်မှာ 'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် ငယ်ရွယ်စဉ် တစ်ဆယ့်ငါးနှစ်ရွယ်အခါက စာတော် သင်လို၍ ရတနာသီခမြို့ အရှေ့မြောက်ထောင့်တွင် ခမည်းတော် ဘုရား ကုသိုလ်တော် ဇေတဝန်တိုက်တော်၌နေရာ တိုက်တော်အနောက် တံခါး အဝင် ကင်းတဲတောင်ဘက် နှစ်ဆောင်ပြိုင်လည်ပေါ်ဇရပ်တွင် နေသော သာမဏေကြီးတစ်ပါးသည် အသက်အရွယ်လည်း ထိုစဉ်အခါလေးဆယ် ကျော် ငါးဆယ်ခန့်ရှိပြီ။ ယခုမှာမူကား ရှိတော့မည်မထင်။ ဤသာမဏေကြီး ၏ အကြောင်းကား တိုက်တော်သို့ လာသမျှသော လူတို့ကိုလည်းကောင်း၊ ကျောင်းသားသူငယ်တို့ကိုလည်းကောင်း၊ တကာမတို့ကို လည်းကောင်း၊ မယ်သီလတို့ကိုလည်းကောင်း မြင်လေသော်အခါခပ်သိမ်း မြင်တိုင်းပင်လျှင် ထိုသာမဏေကြီးက ရှိခိုး၍လွှတ်လိုက်သည်ပင်တည်း။ အခြားသောသူတို့က

http://www.dhammadownload.com



ထိုသာမဏေကြီးသို့ ရှိခိုးခြင်းပြုချေသော် လွန်စွာပင် အော်ဟစ်၍ ငိုသည် သာတည်း။ ထိုသို့ သူတစ်ထူး၏ ရှိခိုးခြင်းကို မခံနိုင်ခြင်း, လာသမျှသော ဒါယကာ ဒါယိကာမတို့ကို ရှိခိုးခြင်းသည် အဘယ်သို့သော ဝဋ်ကြွေးဖြစ်ခြိမ့် မည်နည်းဟု သိလိုလှသဖြင့် ဆရာတော်ကြီးများကို လည်းကောင်း၊ အခြား တစ်ပါးသော ဆရာတော်တို့ကိုလည်းကောင်း လျှောက်ထားရာ အဘယ် ဆရာတော်မှ သေချာစွာဟောပြောတော်မမူ၍ ဤအကြောင်းကို ကိုယ်တော် မြတ် သိချင်လျက်နှင့်ပင် နေရချေတော့သည်။ ဤအရာဝယ် မောင်မင်းသည် အဘယ်သို့ထင်သနည်း’ဟု မေးတော်မူပြန်၏။

ထိုသို့ မေးတော်မူသောအခါ ဦးပေါ်ဦးက လျှောက်တင်သည်မှာ ‘ရွှေဘုန်းတော်ကျွန် ဝန်ပေါ်ဦးသည် အထူးကိုလျှောက်တင်ပါအံ့။ ရွှေနား နာတော်မူဘုရား၊ ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူသော သာမဏေ ကြီးသည် လွန်ခဲ့သောအတိတ်ကာလဘဝတို့မှာ ဘုရင်ဧကရာဇ်သော် လည်း ကောင်း၊ သာသနာပိုင်ဆရာတော်ကြီးသော်လည်းကောင်း ဖြစ်ခဲ့တန်ရာ၏ဟု ထင်ပါသည်ဘုရား။

ဤသို့ သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးက မိန့်တော် မူပြန်သည်မှာ ‘ပေါ်ဦး. . . ဘုရင်ဧကရာဇ်အဖြစ်နှင့် သာသနာပိုင် ဆရာ တော်ကြီးဖြစ်ခဲ့မှုကား အဘယ့်ကြောင့် လာသမျှသူကို ရှိခိုးအံ့နည်း’ဟု ဆိုလျှင် ဦးပေါ်ဦးက ပြန်လျှောက်သည်မှာ ‘ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူဘုရား။ ထိုသာမဏေကြီး၏ ရှိခိုးခြင်းအကြောင်းကား လွန်ခဲ့သောအတိတ်ဘဝမှာ ဘုရင်ဧကရာဇ်သော်လည်းကောင်း၊ သာသနာပိုင်ဆရာတော်ကြီးသော် လည်း ကောင်းဖြစ်စဉ်အခါက တစ်ရာ့တစ်ပါးသော လူမျိုးတို့၏ မသဒ္ဒါရှေ သဒ္ဒါ ရေရှိခိုးခြင်းကို ခံခဲ့ရသောကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ လာသမျှလူကိုပင် ရှိခိုး ရခြင်းသည် ပါခဲ့သောဝဋ်တရားဟု ဆိုအပ်သောရှိခိုးကြွေးကို မပြေမခြင်း ဆပ်၍နေရသည် ထင်ပါသည်ဘုရား’ဟု သံတော်ဦးတင်လေ၏။

ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်နှင့်တကွသော မင်းပရိသတ်တို့သည် များစွာရယ်မောခြင်းကိုပြုလျက် ‘ပေါ်ဦး အရှုးကိုမေးရလျှင် ဤကဲ့သို့သာ များချေသည်’ဟု မိန့်တော်မူ၏။

သာသနာပိုင်ဆရာတော်ဘုရားကြီးကလည်း ‘မောင်ပေါ်ဦး၊ မောင်

http://www.dhammadownload.com



မင်းအရှင် ဘုရင်ဧကရာဇ်ကို မောင်မင်းဘယ်လိုပြောပြော ငါ့ဆီကိုဖြင့် မစောင်းပါနှင့် မချိတ်ပါနှင့်'ဆို၍ ပြုံးတော်မူလျက် ကြွသွားတော်မူ၏။

ဤသည်လည်း ပညာရှိအမတ်ကြီး ဦးပေါ်ဦးလျှောက်ထုံး တစ်ချက်ပင်တည်း။

❖ ❖ ❖

## အမတ်ကြီး ဦးပေါ်ဦးအား ဘဝရှင်မင်းတရားကြီး အထင်မှားတော်မူရာ ပရိယာယ်ဖြင့် လွတ်ဖူးကြောင်း

တစ်ရံရောအခါ အမတ်ကြီး ဦးပေါ်ဦးအိမ်သို့ မှူးကြီးမတ်ငယ်တို့နှင့် တကွသော ပြည်သူ ပြည်သားအများတို့သည် အသွားအလာ အဝင်အထွက် နှစ်သက်ဆည်းကပ်ရှိကြရကား ဤသို့စကားဖြစ်ကြ၏။

အမတ်ကြီး ဦးပေါ်ဦးသည် ရာထူးအရမှာ အတွင်းဝန်မျှသာတည်း။ ထိုသို့ အတွင်းဝန်မျှသာဖြစ်သော်လည်း အခြားတစ်ပါးသော ဝန်ကြီးမင်းကြီး စသော သူတို့ မတင်မလျှောက်နိုင်သော ကြပ်တည်းလှစွာသော အမှုတစ်စုံ တစ်ရာ ရှိခဲ့သော် ဦးပေါ်ဦးသည်သာ တင်ဝံ့လျှောက်ဝံ့ရှိချေသည်။ ပညာရှိ အမတ်လည်း ပီသပါပေသည်။ မင်းရိပ်မင်းခြေလည်း သိတော်မူပေသည်။ မင်းရော ဝင်သဖြင့် ဘဝရှင်မင်းတရားကြီးဘုရားကလည်း အလိုတလိုက် နှစ်ခြိုက် မြတ်နိုးတော်မူပေသည်။ အကြောင်းကိစ္စရှိလျှင်လည်း အမတ်ကြီး ဦးပေါ်ဦးထံသို့ ကပ်မိသူတို့သည် နစ်နာသည်မရှိ။ သက်သာခွင့်ကို ရခဲ့သည် သာတည်းဟု အုတ်အုတ်ကျက်ကျက် ပြောဆိုကြ၍ 'ဤသို့သော ပညာရှိ အမတ် တစ်ယောက်ရှိခြင်းသည် တိုင်းပြည်၏ချမ်းသာခြင်းပင် ဖြစ်ချေသည်။ ဘုန်းတန်းကြီး၍ သက်တမ်းရှည်ပါစေ'ဟု ဆုတောင်းပတ္ထနာပြုကြ၏။ သာဓု ခေါ်သူကလည်း ခေါ်ကြ၏။

ထိုသို့စကားသံကိုကြားလျှင် ၄၅-ခု ၄၆-ခု စစ်တမ်း စာရင်းသိမ်းဆက် သွင်းသော ဒီပဲယင်းမြို့ စီရင်စုကိုးသန်းအဝင် ကြခပ်ရွာလျှင် ဖွားရာဇာတိ ရှိသော အသည်ဝန်ကြီး မင်းကြီးမဟာကျော်ထင်သည် ငြိုငြင်သောစိတ်ထား နှင့် ဣဿာတရားရှိချေရကား အများသော မှူးမတ်တို့နှင့် စည်းကြပ်တိုင်ပင်

http://www.dhammadownload.com



၍ သံတော်ဦးတင်ကြသည်မှာ 'ဘ၀သခင် အရှင်ဧကရာဇ်မင်းတရားကြီးသို့ အတွင်းဝန် ငပေါ်ဦးသည် လွန်ကျူးသောဉာဏ်ဖြင့် ပုန်ကန်မည်ကြံစည်၍ နေ့ရက်ရှည်များ လူသွားလူလာများပြားစွာနှင့် ဗျူဟာခင်း၍ တပ်ကျင်းတော့ မည်ဟု ပြုလုပ်နေထိုင်ပါသည်။ ငင်းမောင်ပေါ်ဦး၏ ပူးပေါင်းရင်းမင်းသားမှာ မထင်ရှားသေးပါ။ ဘုရားကျွန် ဝန်တို့သည် လှည့်လည်စုံစမ်းခြင်း ပြုဆဲဖြစ် ပါသည်'ဟု သံတော်ဦးတင်လျှောက်ကြ၏။

ဤသို့တင်သော်လည်း ဘုရင်ဧကရာဇ်မင်းမြတ်သည် ယုံတော်မမူ။ ထိုနောက်တစ်ဖန် ညီလာခံသို့ဝင်ကြပြန်လျှင် ဦးပေါ်ဦးမပါသည့်အခါ ရှေး နည်းအတူပင် တင်လျှောက်ကြပြန်၏။

ဤသို့တင်လျှောက်ပြန်သော်လည်း ဘ၀ရှင်မင်းတရားကြီးက အရေး ယူတော်မမူသည်ဖြစ်၍ နန်းတွင်းရှိ နီးကပ်သူတို့နှင့် ဆည်းကပ်ပူးပေါင်း၍ အကြောင်းယုတ္တိဟုတ်ဘိစနိုး အမျိုးမျိုးတင်လျှောက်ကြလေသော် ဘ၀ရှင် မင်းတရားကြီးသည် ဤသို့စဉ်းစားတော်မူ၏။ ယခုအတွင်းဝန်ပေါ်ဦး၏ အကြောင်းကို မကောင်းသတင်းနန်းတွင်းနန်းပြင် လူရှင်ရဟန်းတို့သည် တင်း ကြမ်းပြည့်မျှ ပြောဆိုလျှောက်လာကြသည်။ ယင်းသို့လျှောက်ထားရာ အဖြာ ဖြာတို့ကိုငါသည် ဟုတ်၏မဟုတ်၏ ရုပ်လက္ခဏာကို သေချာစွာ ထောက်လှမ်း တော်မူဦးဟု ကြံစည်တော်မူပြီးလျှင် ညီလာခံကွဲသောအခါ မင်းတရားကြီး သည် ဦးပေါ်ဦးကို မပြန်စေဘဲ ခေါ်၍ထားပြီးလျှင် ဤသို့မိန့်တော်မူ၏။။

'ပေါ်ဦး၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်၍နေကြကုန်သော သတ္တဝါ များအပေါင်းသည် သေခြင်းသာလျှင်အဆုံးရှိ၏။ ယနေ့နံနက် ထွန်းတက်၍ ပေါ်လာသော နေမင်းသည် ဝင်ခြင်းသည်သာလျှင် အဆုံးရှိသကဲ့သို့တည်း။ ဤသို့ဖြစ်ချည် ပျက်ချည်တလည်လည် တပတ်ပတ် စက်ရဟတ်ပမာ သံသရာ တွင် အဖန်ဖန်အခါခါ ကန္တာရလေးပါးကို မလွန်မြောက်နိုင်ဘဲ လူးလဲသော ကာမာသဝကြောင့် ကာမောဃရေအယဉ်၌ ခိုဝင်နားနေရာမရ၊ လောဘ, ဒေါသ, မောဟတရား ဤသုံးပါးတို့၏ သေတ္တုအဆီဖြစ်သော အဝိဇ္ဇာသည် ဖြာဖြာရစ်ပတ် ဖုံးအုတ်လတ်၍အနွယ်မပြတ် ဖိစီးပြီးလျှင် ညီးညီးပြောင်ပြောင် ခန္ဓာအိမ်ကိုလောင်သော ကိလေသဂ္ဂိမီးသည် ကြီးစွာကျွမ်းခြစ်လျက်ချည်း ဖြစ်တော့သည်။

http://www.dhammadownload.com



ထိုမှတစ်ပါးလည်း ငါတို့၏ သက်တမ်းသည်ကုန်ခန်းလွယ်သော ဆုတ် ကပ်လည်းဖြစ်ချေသည်။ "အဋ္ဌဝကိစ္စကာတဖွဲ့"ဟူသော ပါဠိလာရှိသည်ကို ထောက်သော်ယနေ့ပင်လျှင် ပြုအပ်သောကိစ္စဟူသမျှကို တစ်စ မကျန် ပြုကြကုန်ရာသည်။ ယနေ့နက်ဖန် သေရမည်ဟူ၍ အချိန်းအချက် သေမင်းနှင့် နှုတ်ဆက်ခြင်းမရှိကြ။ ဤသို့မရှိကြသဖြင့် မြက်ဖျားသီးရောက်နေရောင်ကို ကြောက်သောနှင်းပေါက်အသွင်ကဲ့သို့ အလွန်ပင် ခန်းခြောက်လွယ်တော့သည်။ သို့ဖြစ်၍ ယခုစံတော်မူသော ရွှေထီးရွှေနန်း၏ စည်းစိမ်ကို ပင်လျှင် ရေအိမ်ကဲ့သို့ ထင်မှတ်တော်မူပြီ။ ငါတို့ဘုရင် ဧကရာဇ်မင်းမြတ် ဆိုသော သူတို့သည်လည်း မိမိ၏အကျိုးစီးပွားကို ဆုတ်ယုတ်စေ၍ တိုင်းပြည်ရှိလူအပေါင်းတို့ကို အုပ်ချုပ်၍ သူတစ်ပါးနှင့်ပတ်သက်သော ပရူပက္ကမ မူလက ဒုက္ခနှင့်သာ နေထိုင်ရခြင်းများတော့သည်။ စင်စစ်မူကား အကယ်၍ သက်တမ်းစေ့ နေရလိမ့်မည်ဆိုသည့်တိုင်အောင် ရှေ့အဖို့ကို ကြာလှတော့မည် မဟုတ်။ ကိုယ်တော်မြတ်သည် ဟာနိဒသက ဇရာပိဋ္ဌအရွယ်တော်သို့ ရောက်တော်မူပြီ။

သို့ဖြစ်သည်ကြောင့် ဤထီးဤနန်းကို စွန့်ပြီးလျှင် ကာမဆန္ဒနီဝရဏ တို့ကို တွန်းလှန်၍ ခယဝယထင်မြင်တတ်သော ဉာဏ်ပေါ်လာသည့်အခါ ဝိမုတ္တစာဂီဖြစ်အောင် နိက္ခမပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူလျှင် ကောင်းလိမ့်မည်ဟု ထင်တော်မူသဖြင့် တောထွက်ရန်ကြံစည်တော်မူသည်။ အခါ အခွင့်သင့်ပါမည်လော'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက သဘောရိုးဖြင့် မေးတော်မူသည် ဟု ထင်မှတ်၍ တင်လျှောက်သည်မှာ-

နန်းထွင့်ပွဲဆောင်၊ ရွှေနန်းတောင်ဇောက်၊ ဉာဏ်ရောင် ကွန့်မြူး၊ လျှံပွားလူးသား၊ နတ်မျှူးက္ကနှ၊ ဝါသဝ၏။ မျှအကြည်တော်၊ ကျွန့်ဘုန်းမော်သို့၊ သင့်လျော်ထောက်စွာ၊ တင်လျှောက်ပါအံ့၊ မဟာနိက္ခမ၊ သက်ပွကို၊ ရသံဝေယျ၊ ကြံတော်မူ၍၊ ဘူပတိမြတ်၊ သောင်းလုံးနတ်သည်၊ မတ်အတွင်းဝန်၊ ဖဝါးကျွန်အား၊ အမွန်ရွှေဗျာ၊ မိန့်တော်ရာ၌၊ တင်လွှာတည့်ချိုနား ဆက်မည် ဘုရား။ (ဤကား ရတု)

http://www.dhammadownload.com



အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာတွင်းအပေါင်းတို့၏ အရှင် ဘဝရှင်မင်းတရားကြီးဘုရား။ အမေးတော်မြတ်၌ ဤသို့မဟာဘိနိက္ခမန သမ္မာသက်ပွသည် အလောင်းတော်တကာတို့၏ ဖွယ်ရာဓမ္မတာပင်ဖြစ်ပါသည်။ စွန့်ခြင်းကြီး ငါးပါးတို့တွင်လည်း အင်္ဂပရိစာဂဟု ဆိုအပ်သော ခြေ, လက်, နား, နှာခေါင်းကိုပင် စွန့်လွှတ်တော်မမူနိုင်ငြားသော်လည်း တောထွက်တော်မူမည်ဟု ကြံတော်မူခြင်း စိတ္တုပ္ပါဒ်တော်မှာပင်လျှင် လေးပါးသော စွန့်ခြင်းကြီးတို့သည် ပြီးစီးပြီးဖြစ်တော်မူတော့သည်။ ဤထီးဤနန်းဖြင့် စံမြန်းစိုးအုပ်တော်မူရသည် ဆိုသည်မှာလည်း စင်စစ်တရားကိုယ်အားဖြင့်သော်ကား ရှေးရှေးသောဘေးလောင်းတော်တကာတို့ ကြောက်ရွံ့စက်ဆုပ်တော်မူမြဲ အဖြစ်တော်ပင်တည်း။ ထိုသို့ စက်ဆုပ်ကြောက်ရွံ့ဖွယ်ဖြစ်ရကားဘုရားအလောင်းတော် တေမိမင်းသည် ဆွံ့ခြင်း၊ အခြင်း၊ နားပင်းခြင်းစသောအဖြစ်ဟန်နှင့်ပင် စံတော်မူသည်ကိုလည်း ထောက်တော်မူဘုရား။

အဘယ်ကြောင့်နည်းဟူမူကား ဩယလေးပါးတည်းဟူသော သံသရာသမုဒ် ဝဲဇလုတ်ရေပြင်ကျယ်သည် နိဗ္ဗာန်သို့မရောက်သေးသမျှ ကာလပတ်လုံး အစအဆုံးမရှိ တလည်လည်တပတ်ပတ် စက်ရဟတ်ပမာ တေဘုမ္မက သင်္ခါရတို့၌ ရုပ်, နာမ်, ခန္ဓာ, အာယတနအစရှိသောနည်းကို အာရုံပြု၍ ဘုတ်လေးပါးတို့၏ အပေါင်းအစည်း အစွမ်းအားဖြင့် ဖြစ်ကြရာဝယ်တဏှာဥပါဒါန်၏ အဟုန်ကြောင့် ဆုံလည်သော နွားကဲ့သို့ အသွားမပျက်ဝီထိစိတ်တက်သက်လျက် ရှိကြပါသည်။

ယင်းသို့ အသွားမပျက် ဝီထိမဂ္ဂကျတိုင်းလျှင် အနိစ္စတရားကိုပင်ထင်ဖွယ်ရာအကြောင်းကို 'အရှင်သုမင်္ဂလသာမိအကျော်' ပြဆိုတော်မူလိုရကား-

> ယံ အတီတေ ဇာတံ ရူပံ၊ တံ အတီတေယေဝ နိရုဒ္ဓံ၊ ယံ အနာဂတေ ဘာဝီ ရူပံ၊ တမ္ပိ တတ္ထေ၀ နိရုဇ္ဈိဿတိ၊ ယံပစ္စုပ္ပန္နံ ရူပံ တံ အနာဂတံ အပတ္တာ ဧတ္ထေဝ နိရုဇ္ဈတိ။

ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ယံရူပံ၊ အကြင်ရုပ်သည်။ အတီတေ၊ အတိတ်ကာလ၌။ ဇာတံ၊ ဖြစ်၏။ တံရူပံ၊ ထိုအတိတ်ကာလ၌ ဖြစ်သောရုပ်သည်။ အတီတေ ယေဝ၊ အတိတ်ကာလ၌သာလျှင်။ နိရုဒ္ဓံ၊ ချုပ်ပြီ။ ယံရူပံ၊ အကြင် ရုပ်သည်။ အနာဂတေ၊ အနာဂတ်ကာလ၌။ ဘာဝီ၊ ဖြစ်လေ့ရှိ၏။ တံပိရူပံ၊ ထိုအနာဂတ်ကာလ၌ ဖြစ်လေ့ရှိသောရုပ်သည်လည်း။ တတ္ထေဝ၊ ထိုအနာဂတ်ကာလ၌သာလျှင်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ယံရူပံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံရူပံ၊ ထိုပစ္စုပ္ပန်ဖြစ်သောရုပ်သည်။ အနာဂတံ၊ အနာဂတ်ကာလ သို့။ အပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤပစ္စုပ္ပန်ကာလ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။

ဤသို့ ဋီကာလာရှိသည်နှင့် လျော်ညီစွာ ဥပါဒ်, ဌီ, ဘင်အားဖြင့် ကုန်ခြင်း, ပျက်ခြင်းသဘောသို့ ရောက်တတ်သောကြောင့် အနိစ္စမည်၏။ ထိုအနိစ္စမည်သော ရုပ်သည်ကြောက်ခြင်း, ထိတ်လန့်ခြင်းကို ဖြစ်စေခြင်း အကြောင်း ဖြစ်သောကြောင့် ဒုက္ခမည်၏။ ထိုဒုက္ခမည်သောရုပ်သည် ကိုယ် ဟူ၍ သမုတ်အပ်သော အနှစ်သာရမရှိခြင်းကြောင့် အနတ္တမည်၏။ ထို လက္ခဏာရေးသုံးပါးကို ထင်စွာခွဲ၍ ပြတော်မူလိုသော ဋီကာဆရာသည်. . .

> အနိစ္စံ အတ္တာဒိဝသေန နက္ကစ္စံ အနုပဂန္တဗ္ဗံ ခယဋ္ဌေန ခယဂမ နတော။ ဒုက္ခံ ဘယဋ္ဌေန ဘယကာရဏတ္တာ။ အနတ္တာ အသာရ ကဋ္ဌေန အတ္တသာရာဒိ အဘာဝေနာတိ စက္ခု အနိစ္စံ။

ခတေယဋ္ဌေန ခယ ဂမနတော၊ ပျက်ခြင်းသို့ ရောက်ခြင်း ကြောင့်။ အတ္တာဒိဝသေန၊ ကိုယ်အစရှိသည်တို့ဖြင့်။ အနိစ္စံ နက္ကစ္စံ အနုပဂန္တဗ္ဗံ၊ မသိအပ်။ ဘယဋ္ဌေန ဘယကာရဏတ္တာ၊ ဘေးဟူသော အကြောင်းကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန အတ္တ သာရာဒိ အဘာ ဝေန၊ အတ္တသာရ အစရှိသည်တို့၏ မရှိခြင်းကြောင့်။ အနတ္တာ၊ အနတ္တမည်၏။ ဣတိစ၊ ဤသို့လည်းကောင်း။ စက္ခု၊ စက္ခုသည်။ အနိစ္စံ၊ အနိစ္စတည်း။

http://www.dhammadownload.com



ဤသို့ လက္ခဏာရေးတင်၍ ဆင်ခြင်တော်မူသော် ဥပါဒ် ဌီ ဘင်ရှိလျှင် အနိစ္စဟု မှတ်တော်မူ။ ဖြစ်ဆဲဥပါဒ်၊ တည်ဆဲဌီ၊ ပျက်ဆဲဘင်သာတည်း။ နာမ်ရုပ်ဟူသော ခန္ဓာငါးပါး၌ ဥပါဒ်ဌီဘင်နှင့် ပြည့်စုံသောကြောင့် ဥပါဒ်မှသည် ဌီ၊ ဌီမှသည် ဘင်သို့ရောက်၍ပျက်သဖြင့် မမြဲသောကြောင့် ခန္ဓာ ငါးပါးသည် အနိစ္စမည်၏။

ထို့ကြောင့် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသောအခါ၌ သိကြားမင်း ရွတ်ဖတ်စီးဖြန်းသည်မှာ. . .

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပာဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူသော ဤဂါထာကို သိကြားမင်းရွတ်ပါသည်။ ဘုရားဟောတော်မူသော ဂါထာလည်းမှန်ပါ၏။

ဘောဒ္ဓေါ၊ အို-ကလျာဏအပေါင်း သူတော်ကောင်းတို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရား ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် သာလျှင်။ သုခေါ၊ ချမ်းသာ၏။

ထိုသို့ ရုပ်နာမ်ဟူသော ခန္ဓာငါးပါးတို့သည် အမြဲမရှိ ဖြစ်ခြင်း, ပျက်ခြင်းသဘောတရားရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်တတ်ကုန်၏။ ဤသို့ဖြစ်ခြင်း, ချုပ်ခြင်းတို့၏ ငြိမ်းရာသည် နိဗ္ဗာန်သာလျှင်ရှိချေ၏။ ၎င်းနိဗ္ဗာန်သည်သာ ချမ်းသာစင်စစ်ဟု မှတ်တော်မူ။ ဤပါဠိတော်၌ ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိဟူသော ပုဗ္ဗကာလကိရိယာဖြင့် မဖြစ်မီ မချုပ်မီ ထင်ရှားအမြဲမရှိ ဖြစ်ရန်ဖို့ အသင့်ထားလျက် ချုပ်ရန်ဖို့ အသင့်စုပုံ၍ထားလျက် မရှိကြသည်လည်း။ ဤအရာဝယ် ဥပ္ပဇ္ဇိတွာဟူသော ပုဒ်သည်ရှေ့အဖို့ နောက်အဖို့မရှိ။ အလယ်ဖြစ်သော ခဏကို ပြသည်ဘုရား။ ထို့ကြောင့်-

အနိဓာနဂတာ ဘင်္ဂါ၊ ပုဉ္ဇောနတ္ထိ အနာဂတေ။

နိဗ္ဗတ္တာယေဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

http://www.dhammadownload.com



ဘဂ္ဂါ၊ ပျက်ပြီးသော နာမ်ရုပ်တို့သည်။ အနိစာနဂတာ၊ မြုပ်ထား ခြင်းသို့မရောက်ကုန်။ အနာဂတေ၊ အနာဂတ်၌လည်း။ ပုဉ္ဇော၊ ဖြစ်ရန်ဖို့ အစုအပုံသည်။ နတ္ထိ၊ မရှိ။ နိဗ္ဗတ္တာယေဝ၊ ဖြစ်ကုန်၍ သာလျှင်။ တိဋ္ဌန္တိ၊ တည် ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ တင်ထားသော မုန် ညင်းစေ့ကဲ့သို့တည်း။

ဤ၌လည်း အတိတ်၊ အနာဂတ် ကင်းပ၍ဖြစ်ဆဲ ပစ္စုပ္ပန် ဋီခဏ၌ ဖြစ်ကုန်၍သာလျှင် တည်ကုန်၏ဟူ၍ သာသပူပမာကို ဆောင်၍ပြသည် ဘုရား။ ထိုမှတစ်ပါးလည်း ဓမ္မပဒပါဠိတော်၌-

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် အခါ၌။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့မြင်သော အခါ၌။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ- ဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ စင်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ။

စသည်တို့၌လည်း ဤနည်းလျှင် နည်းရှိ၏ဟူ၍ မှတ်တော်မူ။

အတုလပဝရ မကုဋရဇဖြစ်တော်မူသော မြတ်စွာဘုရားသည် မိဂဒါ ဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာဟောတော်မူသော ဓမ္မစကြာ တရား တော်၌-

ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံနလဘတိ၊ တံပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

http://www.dhammadownload.com



**အနက်ကား. . .** ဘိက္ခဝေ၊ လေးပါးအာသဝလေးဩဃနှင့် ယောဂလေးချက် သံသာစက်မှ ထွက်မြောက်စေရန် စိတ်အားသန်၍ မဂ်ဉာဏ်ရရာ ကြိုးကုတ်စွာသည့် ငါ၏ချစ်သား ရဟန်းများတို့။ ဇာတိပိ၊ ပဋိသန္ဓေနေခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ နာခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ မရဏံပိ၊ သေခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပိယေဟိ၊ မချစ်မနှစ်သက်သော သူတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဖက်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်ကြည်သောသူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင်တောင့်တသော အလိုကို။ န လဘတိ၊ မရ။ တံပိ၊ ထိုသို့မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ဥဒါဒါန်တို့၏ အာရုံဖြစ်သော တေဘူမက ခန္ဓာငါးပါးတရားတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣဒံခေါပန၊ ဤအလုံးစုံသော တရားတော်သည်လျှင် ဒုက္ခဟုဟောအပ်သော။ အရိယသစ္စံ၊ အရိယသစ္စာတည်း။

ဤဒေသနာတော်၏ အဆုံးတွင်ပင်လျှင် ပဥ္စဝဂ္ဂီ ငါးပါးတို့သည် အကျွတ်တရားကို ရကြပါသည်ဘုရား။

ထိုမှတစ်ပါးလည်း ဝိသုဒ္ဓိမဂ်သမ္မောဟဝိနောဒနီ, အဋ္ဌကထာ ဋီကာစသည်တို့၌. . .

အနတ္တာ အသာရကဋ္ဌေနာတိ အတ္တာနိဝါသီ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။

ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

**အနက်ကား. . .** အနတ္တာ အသာရကဋ္ဌေနာတိ၊ အသာရကဋ္ဌေနဟူသည်ကား။ အတ္တာ၊ အတ္တသည်။ နိဝါသီ၊ အိမ်ရှင်မဟုတ်။ ကာရကော၊ ပြီးစေတတ်၏။ ဝေဒကော၊ ခံစားတတ်၏။ သယံဝသီ၊ မိမိအလိုသို့လိုက်ရ၏။ ဣတိဧဝံ၊ ဤသို့။ ပရိကပ္ပိတဿ၊ ကြံဆအပ်သော။ အတ္တသာရဿ၊ ဤအတ္တ ဟူသော အနှစ်၏။ အဘာဝေန၊ မရှိသည်ဖြစ်၍။

http://www.dhammadownload.com



ဟု ဖွင့်ဆိုတော်မူသည်ကိုလည်း ထောက်တော်မူ။ ပရိဝါပါဠိတော်၌လည်း. . .

အနိစ္စာ သဗ္ဗသင်္ခါရာ၊ ဒုက္ခာ နတ္တာစလက္ခိတာ။

နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆတာ။

ဟု ဟောတော်မူသည်။

သဗ္ဗေသင်္ခါရာ၊ ခပ်သိမ်းကုန်သော သင်္ခါရဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာစ၊ အတ္တလည်းမဟုတ်ကုန်ဟူ၍။ လက္ခိတာ၊ မှတ်အပ်ကုန်၏။ နိဗ္ဗာနဉ္စေဝ၊ နိဗ္ဗာန်ကိုလည်းကောင်း။ ပညတ္တိစ၊ ပညတ်ကိုလည်းကောင်း။ အနတ္တာဣတိ၊ အတ္တမဟုတ်ဟူ၍။ နိစ္ဆိတာ၊ ဆုံးဖြတ်အပ်ကုန်၏။

ဤသို့ နှလုံးသွင်းတော်မူပြီး၍ သတိသမ္ပဇဉ် ဉာဏ်ဖြင့်ယှဉ်တော်မူရန်ကား. . .

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
မရီစိဓမ္မံ အဘိသမ္ဗုဓာနော။

ဆေတွာန မာရဿ သပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

အနက်ကား. . . ဣမံကာယံ၊ ဤကိုယ်ခန္ဓာကို။ ဖေဏူပမံ၊ ရေမြှုပ်အမျိုးမျိုး အကျိုးမဖြစ် အနှစ်မရ ကာလမရှည် ပျက်တတ်သည်ဟူ။ ဝိဒိတွာ၊ သိ၍။ မရီစိဓမ္မံ၊ တံလျှပ်အတူ ယူ၍မရ အထင်မျှသာဖြစ်၏ဟု။ အဘိသမ္ဗုဓာနော၊ ကောင်းစွာသိသည်ဖြစ်၍။ မာရဿ၊ မာရ်မင်း၏။ သပုပ္ဖကာနိ၊ ပန်းမာလ်နှင့်တကွ ဖြစ်သည်ဟုဆိုအပ်ကုန်သော တေဘူမကဝဋ်တို့ကို။ ဆေတွာ၊ ဖြတ်၍။ မစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မျက်ကွယ်ရာ ခေမာနိဗ္ဗာန်သို့။ ဂစ္ဆေဂစ္ဆေယျ၊ သွားရာရောက်ရာ၏။

ဤသို့ ကာလမရှည် အတည်မကျ တစ်မုဟုတ္တခဏချင်းပင် ပျက်

http://www.dhammadownload.com



တတ်သော ရေမြှုပ်တံလျှပ်နှင့် တူလှသော ခန္ဓာကိုယ်ကို မာရ်မင်းနိုင်ငံဟု ဆိုအပ်သော တေဘူမကဝင်္ဂတို့ကိုဖြတ်၍ သေမင်း၏ မျက်ကွယ်ရာ နိဗ္ဗာန်သို့ ရောက်အောင် ကြံဆောင်တော်မူသင့်လှပါသည်။

စတုဓမ္မသာရ ကိုးခန်းတွင် ရှင်မဟာရဋ္ဌသာရအကျော် စပ်ဆိုတော်မူသည်မှာလည်း. . .

ထိုမြို့ရက်ရော၊ အိုသဘောနှင့်၊ သေသောဟူသည်၊ သုံးမည်ခန္ဓာ၊ အနိစ္စာကား၊ မကွာဘိုးဘွား၊ မြေးသားမကွေ၊ နေပေစေဟု၊ ရှောင်ထွေကြိုးကြား၊ ဘယ်သူအားလျှင် ဆွေဝါးမှတ်ပေ ကုံအံ့နည်း။

ဟူ၍ ဆိုသည်ကိုလည်း ထောက်တော်မူ။

ဤရပ်ဤရွာ၊ ဤခန်းဝါဒ်၊ ဣရိယာပထ၊ ဤကိစ္စဖြင့်၊ နှစ်၊လ၊ ရက်၊ နေ့ ဤရွေ့ဝယ်သာ၊ သေကိန်းလာ၏။ ဤခါမရောက်၊ သေမပျောက်ဟု၊ မဖောက်မလွဲ၊ မြဲသားအယူ ပိုင်းခြားမူ၍၊ ဘယ်သူသိချေတုံ အံ့နည်း။

ဟူ၍ ဆိုသည်ကိုလည်း ထောက်တော်မူ။

ရွယ်ပျက်အိုခြင်း၊ သေမင်းသက်သဲ့၊ သနားမဲ့ကို၊ မိတ်ဖွဲ့မရ၊ ကာလမသိ၊ ထိုသို့ရှိလျက်၊ မသိနာဖျား၊ တရားနှလုံး။ သက်ဆုံးထပ်တူ၊ အဘယ်သူကို၊ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်အတတ်ဖြင့်၊ မချွတ်မြင်ချေ တုံအံ့နည်း။

ဟူ၍ ဆိုသည်ကိုလည်း ထောက်တော်မူ။

ရှင်အဂ္ဂသမာဓိ အကျော်စပ်ဆိုတော်မူသော ဘုံခန်း၌လည်း. . .

တစ်ရာ့တစ်စင်း၊ လက်နက်သွင်းသား၊ မင်းလျှင်လည်းဖြစ်၊ သေမင်းစစ်ကို၊ မလှစ်နိုင်ချေ၊ ကိုယ်သက်သေကာ၊ လေပြည်ခတ်သွင်၊ အင်ကြင်းပင်သို့၊ ကလင်တက. . .

ဟူ၍ စပ်ဆိုတော်မူသည်လည်း တစ်ရပ်။

အရှင်သီလဝံသအကျော် စပ်ဆိုတော်မူသော ပါရမီ ခန်း၌လည်း. .

http://www.dhammadownload.com



ဟူးဟူးထိန်ပြောင်း၊ အိမ်မီးလောင်ဝယ်၊ ဥစ္စာသယ်တို့၊ လွတ်လွယ်ခင်းလျှင်၊ သေမင်းလူညစ်၊ မီးထုပ်ပစ်၍၊ ဆုံးနစ်ခန္ဓာ၊ လောင်သောခါ၌-

ဟု စပ်ဆိုတော်မူသည်လည်းတစ်ရပ်။

ဆုတောင်းခဏ်း၌လည်း-

မဆွေးမလစ်၊ ဖြစ်တန့်သံသာ၊ နောက်နောင်ခါတွင်၊ ခန္ဓာနောင်ချုပ်၊ စိုးကုပ်ဤကိုယ်၊ ရှည်စေလိုလည်း၊ ကုသိုလ်ထုပ်ကြီး၊ သုံးဆောင်နှီးရှင့်၊ ပွားစီးသံတိုင်၊ တကယ်ခိုင်က-

ဟူ၍ စပ်ဆိုသည်ကိုလည်း ထောက်တော်မူ။ ဟတ္ထိပါလမျိုး၌ ထိုမှတလည်မင်းဟူသည်တုံ, အစချီသောပုဒ်တွင်-

ပြင်ပရာဇာ၊ သမိုက်လာသည်၊ တဏှာသခင်၊ အရှင်တင်းလင်း၊ ကျွန်ရာသွင်း၍၊ သေမင်းတမန်၊ အတန်တန်လျှင်၊ တသန္ဓေဓေ၊ တပေလျှဉ်းလျှဉ်း၊ တညှဉ်းဆိုးဆိုး၊ တညှိုးလျှလျှ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝမ်းလျှားလျှား၊ ရဟတ်ချားတို့၊ လည်များဘဝ၊ သံသရတွင်၊ ဇကစတု၊ ငါးခုခန္ဓာ၊ ယိလျှားစွာကဲ့-

ဟူ၍ စပ်ဆိုသည်ကိုလည်း ထောက်တော်မူပါဘုရား။

ဤသို့ သက်သေသာဓကေ အဝဝတို့တွင် မဃဒေဝအစ နိမိရာဇာအဆုံးရှိသော ရှစ်သောင်းလေးထောင်ကုန်သော ဘေးလောင်းတော်မင်းကြီးတို့၏ အတ္တုပ္ပတ္တိကိုပင် စံပုံတင်၍များစွာပင် ယှဉ်နည်းမှီရန် သင့်လှပါသည်။

နည်းမှီစံတင် ရှုဆင်ခြင်တော်မူရန်ကား နေမိဇာတ်တော်ကြီး အဋ္ဌကထာ၌-

ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယော ဟရာ။

ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာ သမယော မမာတိ။

အနက်ကား. . . မယှံ၊ ငါ၏။ ဥတ္တမင်္ဂရုဟာ၊ မြတ်သော အင်္ဂါဟုဆိုအပ်သော ဦးခေါင်း၌ ရောက်ကုန်သော။ ဝယောဟရာ၊ အရွယ်

http://www.dhammadownload.com



ကို ဆောင်တတ်ကုန်သော။ ဣမေ၊ ဤဆံဖြူတို့သည်။ ဇာတာ၊ ရောက်လတ်ကုန်ပြီ။ ဒေဝဒူတာ၊ သေမင်း၏တမန်တို့သည်။ ပါတုဘူတာ၊ ထင်ရှားဖြစ်ကုန်ပြီ။ မမ၊ ငါ့အား။ ပဗ္ဗဇ္ဇာသမယော၊ ရဟန်းပြုအပ်သော အခါတန်ပြီ။ ဣတိဣမံဂါထံ၊ ဤဂါထာကို။ ဝတွာ၊ ဆို၍။ ပုရိမရာဇာနောဝိယ၊ ရှေး၌ဖြစ်သော မင်းတို့ကဲ့သို့။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍-

ဆိုသည်ကို ထောက်သော် ရှေးရှေးသော ဘုရားအလောင်း မင်းကောင်း မင်းမြတ်တို့သည် ဦးခေါင်း၌ သေမင်းတမန်ဟု ဆိုအပ်သော ဆံဖြူပေါက်ခါမျှဖြင့် တောထွက်တော်မူကြကြောင်းကား ထင်ရှားသိတော်မူရာသည်။

သည်ကိုရည်၍ ရှင်အဂ္ဂသမာဓိအကျော် စပ်ဆိုတော်မူသော ဘုံခဏ်းပျို့၌ မဟာဘိနိက္ခမ ပဗ္ဗဇ္ဇခဏ်းတွင်-

> ပြည်သူမျက်ပွင့်၊ စောရန်လွှင့်ကား၊ မြင့်မြင့်ကြာကြာ၊ ခန္ဓာသက်ကြွယ်၊ ခေါင်းတော်ဝယ်လျှင်၊ သွယ်သွယ်မြိတ်ဖွံ့၊ မွှေးပျံ့ပျံ့သား၊ ရနံ့ထည့်ချည်း၊ သျှောင်ရွက်စည်းကား၊ နက်မည်းရောင်ချက်၊ ဖြစ်တုံလျက်တည့်၊ တံစက်ဆီရည်၊ မစိုသည်တို့၊ ထူးလည်တချို့၊ အဖြူတို့ကို၊ နှစ်လို့ရှင်မင်း၊ နှလုံးသွင်းသား၊ ကျွန်ရင်းကျွန်ချာ၊ ဆေတ္တာသမား၊ မှတ်သားထင်ပေါ်၊ မြင်လေသော်လျှင်၊ ဩော်-တို့ဘုရား၊ ဖဝါးတော်အောက်၊ ကျလာသျှောက်က၊ ခကောက်ညွတ်ညွတ်၊ မျက်ခတ်ညီးညီး၊ နှုတ်သီးသပ်သပ်၊ ရွှေမွေးညှပ်နှင့်၊ ချဉ်းကပ်နေထ၊ ယုယုရလျှင်၊ မွမွပါရုံ၊ နုတ်စေတုံ၍၊ အမုံထွားထွား၊ ရွှေလက်ဝါးထက်၊ ထားတတ်သရော်၊ မြွော်တော်မူပြီး၊ သက်ကြီးရှိုက်ငင်၊ မရွှင်ညှိုးထ၊ သံဝေဂဖြင့်၊ ထဲပယုံကြည်၊ ဆေတ္တာသည်အား၊ မင်းဖျားဆုကြေး၊ ချက်ချင်းပေးလျက်၊ ရည်လေးတောက်ထွန်း၊ ဤဘုံနန်းမှ၊ ရဟန်းလျှင်ဆော၊ ပြုတော့မောဟု၊ ရဲစောနက်တူ၊ ကြံတော်မူထ-

ဟူ၍ စပ်ဆိုတော်မူသည်ကိုလည်း ထောက်တော်မူဘုရား။

ဤမှတစ်ပါးလည်း လူသုံးပါးတို့၏ ပတ္တမြားဉသျှောင် တန်ဆောင်မှန်

http://www.dhammadownload.com



ကင်းတရားမင်းသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးမွေ့လျော်စံပျော်တော်မူသောအခါ ကမ္ဘဋ္ဌာန်းစီးဖြန်းသော ရဟန်းငါးရာတို့သည် မိုးရွာဆဲကာလ ရေပွက်ကိုမြင်၍ ဤရေပွက်ကဲ့သို့ အတ္တဘောသည်ဖြစ်၍ပျက်သည်ဟု နှလုံးသွင်းကြရာတွင် မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော် မှနေလျက် ရောင်ခြည်တော်လွှတ်၍ ဆုံးမတော်မူသည်မှာ-

ယထာ ပုပ္ဖုဠုကံ ပဿေ၊ တထာ ပဿေ မရီစိကံ။

ဧဝံ လောကမာပေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ဟူ၍ ဟောတော်မူရာ ထိုရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြကုန်၏။

ပုပ္ဖုဠုကံ၊ ရေပွက်ကို။ ပဿေယထာ၊ ဖြစ်ပျက်သည်ဟု ရှုရာသကဲ့သို့။ လောကံ၊ ခန္ဓာငါးပါးဟုဆိုအပ်သော လောကကို။ ပဿေ၊ ထင် သည်အတိုင်း မဟုတ်ဟုရှုရာ၏။ ဧဝံ၊ ဤသို့။ လောကံ၊ ခန္ဓာငါးပါးဟုဆိုအပ်သော လောကကို။ အပေက္ခန္တံ၊ ရှုသောရဟန်းကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်။

ဤသို့ ဟောတော်မူသည်ကို ထောက်သော် ယခုစံနေတော်မူသော ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းကိုမဆိုထားဘိဦး ဘဝရှင်မင်းတရားကြီးဘုရား ရွှေကိုယ်တော်ကိုပင်လျှင် ပိုင်နိုင်တော်မူမည် မဟုတ်ရကား ရေမြှုပ်ရေပွက် တံလျှပ်စက်ကဲ့သို့ မကြာခင်ပင်လျှင် ပျက်တော်မူရဦးမည်စင်စစ် ဖြစ်ပြီးချေ၍ ကြွတော်မူရင်းဖြစ်တော်မူသော နိက္ခမပါရမီတော်မြတ်ကို အထမြောက် အောင် ဂိမှတ္တစာဂီဖြင့် ဝသီဘော်တော်ရှိသည့်အတိုင်း အထူးအားထုတ် ဖြည့်ကျင့်ဆည်းပူးတော် မူသင့်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရားဟု လျှောက်လေလျှင်ပင် ဘဝရှင်မင်းတရားကြီးသည် ရွှေမျက်နှာတော်ပျက်ပြီးလျှင် သံလျက်တော်ကိုကောက်၍ စံတော်မူသော နေရာတော်မှ ရှောင်တခင်ထ၍ အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

ဤသို့ ရုတ်တရက် ဝင်တော်မူခြင်း၏အကြောင်းရင်း နှလုံးထားသော်ကား ပေါ်ဦးသည် ငါ့အားပုန်ကန်မည်ကြံစည်သည်ဟု အများတင်လျှောက်ကြခြင်းသည် အမှန်ပင်ဟုတ်တော့သည်ဟု သဘောရတော်မူ၍ စိတ်တော်အလိုမကျ၍ ရှောင်တခင် ဝင်တော်မူသည်။ အကယ်၍ငါ့အားသဘောရိုး

http://www.dhammadownload.com



ထားမူကား တောထွက်တော်မူလိုသည်ဟု မိန့်တော်မူသော် ခမည်းတော် သုဒ္ဓေါဒနမင်းတရား, သန္တတိအမတ်ကြီး, ပဏ္ဍုသာတိမင်းစသည်တို့သည် တောထွက်တော်မမူသော်လည်း ဝတ်ကြောင်နှင့်ပင် ထီးဖြူရိပ်တွင် ပရိနိဗ္ဗာန် ပြုတော်မူပါသည်ဟု တင်ဖွယ်ရာသာတည်း။

ယခုမူ ငါသည်တောထွက်တော်မူလိုသည်ဟု မိန့်တော်မူခါမျှဖြင့် နိက္ခမ ပါရမီတော်ကို ဝသီဘော်တော်အတိုင်း အထမြောက်အောင် ကြံ ဆောင်တော်မူပါဘုရားဟု တင်လျှောက်ခြင်းသည် ငါစံတော်မူသော ရွှေထီး၊ ရွှေနန်းကိုပင် ငြိုငြင်၍ကြံစည်သည်ဆိုသော စကားသည် မုချကေန်မှန်ချေ တော့သည်ဟု အယူတော်ရှိ၏။

ထိုသို့ ဘဝရှင်မင်းတရားကြီးဘုရားသည် အတွင်းတော်သို့ ဝင်တော် မူသော် အမတ်ကြီးဦးပေါ်ဦးသည် မိမိခစားရင်းနေရာတွင် တစ်ယောက် ထီးထည်း ကျန်ရစ်ရကား စိတ်အားမချမ်း ကိုယ်ဝမ်းနှလုံး နွမ်းချုံးကျုံလှိုဖြစ် သဖြင့် မိမိအိမ်သို့ အလျင်အမြန်ပြန်လည်ခဲ့ရလေ၏။

ဤသို့ပြန်လည်ခဲ့ရ၍ အိမ်သို့ရောက်သောအခါ မိမိ၏ သား၊ မယား နှင့်တကွသော အဆောင်ကိုင်စသည် အခြွေအရံပရိသတ်တို့သည် အမတ် ကြီးဦးပေါ်ဦး၏ မျက်နှာညှိုးနွမ်းသည်ကို မြင်သဖြင့် မရွှင်မပျ မထမသွား အပါး၌ပင် ဝပ်သွား၍နေကြလေ၏။

ထိုညဉ့်၌ တစ်ညဉ့်ပတ်လုံး ဘောဇဉ်ခဲဖွယ်စသည်တို့ကို မစားဘဲ ကြံမှိုင်တွေးဆ၍နေလေ၏။ နံနက်မိုးသောက်ယံသို့ ရောက်မှပင်လျှင် ဘုရား ပုထိုးကိုရှိခိုးပြီး၍ ဘောဇဉ်ခဲဖွယ်ကို စားသောက်ပြီးသော် မိမိမယားကိုခေါ် ၍ ပိတ်ဖြူအုပ်အလိုရှိသည်ဟု ပြောလေ၏။

ထိုအခါ ဝန်ကတော်သည် အဆောင်ကိုင် တစ်ယောက်ကို ပိတ်ဖြူ အုပ်ယူချေဟုစေလိုက်၏။ အဆောင်ကိုင်လည်း ပိတ်ဖြူအုပ်ကိုယူ၍ လျင်မြန် စွာ ပြန်လာပြီးလျှင် မိမိ၏သခင်ဖြစ်သော အမတ်ကြီးဦးပေါ်ဦးထံသို့ပို့၍ ပိတ်ဖြူအုပ်ရောက်လျှင် ဆံမုတ်ဆိတ်စသည်ကို ရိတ်ပယ်လှီးဖြတ်၍ ပိတ်ဖြူ ဝတ်ဆီးပြီးမှ သတိပဋ္ဌာန်ပေစာငယ် တစ်စောင်နှင့်တောင်ဝှေး၊ ပုတီးစသည်

http://www.dhammadownload.com



ကိုကိုင်၍ နံနက် လေးချက်မတီးမီ အမတ်ကြီးဦးပေါ်ဦးသည် နန်းတော်သို့ ဝင်လေ၏။

နန်းတော်သို့ ဝင်ရောက်သောအခါ ဘဝရှင်မင်းတရားကြီးဘုရား စက်တော်ခေါ်တော်မူသော အဆောင်တော်ဝတွင် မျက်နှာသစ်တော်ရေ အကျစောင့်၍ ခစားနေလေ၏။ ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်တို့သည် ညဉ့်သုံးယာမ်တွင် တစ်ယာမ်မျှဖြင့် စက်တော်မူရိုး ရှိရကား စက်တော်ရာမှ နိုးတော်မူလတ်သဖြင့် မျက်နှာသစ်တော်ရေ ကျပြီးသည်နောက် စကြ်ံလူးလာ စကြာဖြန့်မြန်းတော်မူရာ အမတ်ကြီးဦးပေါ်ဦး ခစား၍နေသည်ဂို မြင်သဖြင့် ဤသို့မိန့်တော်မူသည်။

'နံနက်စောစွာ ခစားလာသည်ကား အဘယ်သူနည်း'ဟု မိန့်တော်မူလတ်သော် ဦးပေါ်ဦးက 'ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးဖြစ်ပါကြောင်း' ဟု တင်လျှောက်လေလျှင် ဘဝရှင်မင်းတရားကြီးက မေးတော်မူပြန်သည်မှာ 'မောင်မင်းသည် နံနက်စောစွာ ခါသာတို ဝတ်ဆီးလျက် ဘယ်အတွက်ကြောင့် အခါမဲ့ခစားလာသနည်း'ဟု မေးတော်မူသော် ဦးပေါ်ဦးတင်လျှောက်သည်မှာ 'ဘုရား့ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် ယမန်နေ့ကညီလာခံတွင် ဘဝရှင်မင်းတရားကြီးဘုရား တောထွက်တော်မူလိုသည်ဟု မိန့်တော်မူသောကြောင့် ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရမင်း တောထွက်တော်မူသောအခါ ဖွားဘက်တော်ဆန်သည် နောက်တော်ကပါဘိသကဲ့သို့ ဘဝရှင်မင်းတရားကြီးဘုရား ပါရမီတော်မြတ်ကို ကူညီရမည့်ကျေးကျွန်ဖြစ်သောကြောင့် အခါမလင့်ထွက်တော်မူရာ ဖဝါးနောက်ထပ် နိဗ္ဗာန်မရမီစပ်ကြား အတူတကွ ပါလိုလှသဖြင့် ဆံမုတ်ဆိတ် ကျင်စွယ်ကို ပယ်ပြီးလျှင် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆီးလျက် ပုတီး၊ တောင်ဝှေး၊ ကျင့်ရေးဓမ္မကွန် သတိပဋ္ဌာန်စာစောင် ကိုယူခဲ့၍ သားမယားကို စွန့်ခွာပြီးလျှင် နောက်တော်ကပါရန်ဟု မိုးသောက်ယာမ်သုံးချက်တီးကျော်ကပင် စက်တော်ဆောင်အပါးမှ ခစားစောင့်နေပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု တင်လျှောက်လေ၏။

ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်သည် ဤသို့စဉ်းစားတော် မူမိပြန်၏။

http://www.dhammadownload.com



ပေါ်ဦးသည် ငါ့အားအမှန်ပင်ချစ်ခင်ရှိသေသည်ကား မှန်၏။ အခြားသော မှူးမတ်တို့ တင်လျှောက်ကြခြင်းသည် ချောပစ်သောစကားသာ ဖြစ်တန်ရာ၏။ အဘယ်ကြောင့်ဆိုသော် ပေါ်ဦးသည် ငါအကယ်၍တောထွက်တော်မူသော် မုချအားဖြင့် ပါရမီတော်မြတ်ကို ကူညီ၍ဖြည့်ရန် နောက်တော်ကပါမည်စင်စစ်ပင်တည်း။ ယခုပင်လျှင် ဆံ၊ မုတ်ဆိတ်၊ ကျင်စွယ်တို့ကိုရိတ်ပယ်လိုးဖြတ်ပြီးလျှင် အဝတ်ဖြူကိုဆီး၍ ပုတီးနှင့်တကွ အပြီးလာချေသည်ဟု အားရနှစ်သက်တော်မူရကား ပြုံးတော်မူပြီးလျှင် ဤသို့မိန့်တော်မူပြန်၏။

'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် အကယ်တောထွက်မည် မဟုတ်သေး။ ကြံစည်ရုံမျှပင် ဖြစ်ချေသည်။ ငါတောထွက်တော်မူသောအခါမှ ခေါ်တော်မူမည်။ မောင်မင်းအိမ်သို့ ပြန်ဦးတော့'ဟု မိန့်တော်မူလိုက်၏။

ဤကား အမတ်ကြီးဦးပေါ်ဦးသည် အသက်၏အန္တရာယ်ဖြစ်သော ရာဇပ္ပဒ္ဓဝ, ရာဇဓတောဝါ စသည်တို့မှ လွတ်ရာလွတ်ကြောင်းဖြစ်သော စကားကျိုးကိုဆက်တတ်ခြင်း, မင်းရိပ်မင်းခြေကိုသိသဖြင့် အလိမ္မာဉာဏ်ရှိ၍ အသက်ဘေးမှ ချမ်းသာရဖူးသော အလွန်အံ့ဩဖွယ်ကောင်းလှသော စိန္တာကဝိ ပရိယာယ်အခဏ်းသည် ဤတွင် ရွှေ့ကား ပြီး၏။

❖ ❖ ❖

## ဘဝရှင်မင်းတရားကြီးသည် သဗ္ဗညုတဆုကြီးကို ပန်တော်မူခြင်းနှင့် စပ်လျဉ်း၍ မေးတော်မူခြင်း

တစ်ရံရောအခါ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် အရှင်ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူသည်မှာ 'ပေါ်ဦး. . . ငါသည် လူသုံးပါးတို့၏ မကုဋအတုလ ဓမ္မရာဇ်မင်းဆုံးဖြစ်တော်မူသော ခေတ်သုံးပါးလုံး ပွဲတင်ချုန်းမျှ ရွှေဘုန်းဂုဏ်တော် နှံ့ကျော်ပျံ့ဘိ သီရိရှိန်ဝါ သီရိန္ဒာဓိပတိဇိနသမ္ဗုဒ် ဇေယျုတ္တမထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားကဲ့သို့ အများသတ္တဝါဝေနေယျကို သံသရာစက်ဝဲဂရက်မှသိဝအောင်ချက် ကမ်းတစ်ဖက်သို့ မဂ္ဂင်တည်းဟူသော ယာဉ်ဖောင်နှင့် တင်ဆောင်ကယ်ပို့လိုသောစိတ်ထားဖြင့် ဘုရားဆုကို ပန်တော်မူသည်။

http://www.dhammadownload.com



ဤသို့ဘုရားဆုကိုပန်တော်မူခြင်းသည်လည်း နောက်နောက်သော ဘ၀ကပါရမီပုည သမ္ဘာရအခင်းဖြည့်ဆည်းပူးတော်မူခဲ့ခြင်းဟု ဆိုအပ်သော အရင်းလက်ဆုပ်လက်ကိုင်မရှိက ယခုဘ၀တွင် ကိုယ်နှုတ်နှလုံး သုံးပါးကျုံး၍ ဖြည့်ဆည်းပူးတော်မူနိုင်ဖွယ်မရှိ။ အဘယ်ကြောင့်နည်း ဟူမူကား. . . ရှေး ရှေးသော ဘုရားသခင်တို့၏ ဖြည့်ဆည်းပူးတော်မူသော ပါရမီတော်အစဉ် တွင်-

စိန္တိတံ သတ္တသင်္ချေယ်၊ နဝသင်္ချေယ် ဝါစကံ။

ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

ဆိုသည်ကို ထောက်သော် စိတ်ဖြင့်သာ ပါရမီတော်မြတ်ကို ဖြည့်ကျင့် ဆည်း ပူးတော်မူသည်ကား ခုနစ်သင်္ချေ၊ နှုတ်တော်မြွက်၍ ပါရမီတော်ကို ဖြည့် ကျင့်တော်မူခြင်းကား ကိုးသင်္ချေ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ဖြည့်ကျင့် ဆည်းပူး အထူးအားထုတ်တော်မူခြင်းကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟု ဆိုသည်။

ဤသို့လာသည်ကို ထောက်သော် ငါသည်စိတ်ဖြင့် ခုနစ်သင်္ချေကို သော်လည်းကောင်း၊ နှုတ်ဖြင့် ကိုးသင်္ချေကိုသော်လည်းကောင်း၊ လွန်မြောက် ခဲ့ပြီးဖြစ်၍ ယခုအခါ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ဖြည့်ကျင့်ဆည်းပူးတော် မူသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းသို့ ငါဆိုက်ရောက်ဆဲမှန်ပါ မူကား-

ဥတ္တမော မိတေယျော ရာမော၊ ပသေနဒီကောသလော၊ အဘိဘူ ဒီယသောနိစ

ဟူ၍ အနာဂတဝင် ကျမ်းလာသည်နှင့်အညီ ယခုငါတို့ဖြစ်ရာ ဘဒ္ဒကပ်ကမ္ဘာ ၌ အရိမေတ္တေယျအမည်ရှိသော ငါ၏ညီတော်ပွင့်ပြီးသော်လျှင် ထွန်းပေါ် ကမ္ဘာ နောက်နောင်အခါ၀ယ် စဉ်လာမပျက်အောင်ချက်ဗောဓိ ရမိသဗ္ဗဉ် ပွင့် ကြောင်းမြင်သည့် ဘုရားရှင်တို့၏ အလောင်းတော်တို့ကား အရိမေတ္တယျ အစ ပလလေယျအဆုံး ပေါင်းရုံးရင့်မာ တစ်ကျိပ်သာတည်းဟု သုံးလူ့ထွတ် ထား သဗ္ဗညုမြတ်စွာဘုရားသည် ဗျာဒိတ်ကြားတော်မူခဲ့သည်။

ဤသည်ကိုထောက်လျှင် ထိုတစ်ကျိပ်သော ဘုရားလောင်းတော်

http://www.dhammadownload.com



တို့တွင် ဒုတိယဖြစ်သော ရာမမင်းသည် နိယတဗျာဒိတ်ပန်းကို ခံတော်မူပြီး ဖြစ်ဖွယ်ရာသာတည်း။

ဤသို့နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးဖြစ်ပါကလည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းသို့ မုချရောက်ပြီဟူ၍ သိအပ်၏။ ဘုရားအဖြစ်သို့ ရောက်ခြင်းငှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းမျှသာ ခြားကွာသောဘုရားလောင်းတို့သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ပါရမီတော်မြတ်ကို ဖြည့်ကျင့်ဆည်းပူးတော်မူသော အပိုင်းအခြားပင်တည်းဟု သိရာသဖြင့် ငါကိုယ်တော်အရှင်မြတ်သည် ဒုတိယမြောက် ပွင့်တော်မူမည့်ဘုရားရှင် အလောင်းရာမမင်းပင်တည်းဟု ကေန်စွဲလမ်း စိတ်မှန်းအယူရှိတော်မူသည်။

ဤသို့ ငါထင်တော်မူသည်ကား သင့်လျော်တော်ထောက် လျှောက်ပတ်သင့်တင့် ရှိပါမည်လော တွေးတောနှိုင်းချင်၍ သံတော်ဦးတင်ရမည်'ဟု မိန့်တော်မူ၏။

## အမတ်ကြီး ဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက လျှောက်သည်မှာ. . .

တေဇာဖြိုးမောက်၊ တန်ခိုးတောက်သည်၊ မိုးအောက်သိကြား၊ နရဖျားဟု၊ တရားရွှင်ပျော်၊ တင့်ကြောင်းမြော်သည်၊ နရော်သဘာ၊ နရထွဋ်ဘူး၊ နရိန်မှူး။ မိန့်ကျူးရွှေဗျာ၊ ထွဋ်ရာဇာကို၊ သေချာစေမွန်၊ အခြေညွန်၍၊ ဘုရားကျွန်ခွဲခြား၊ ပန်လျှောက်ကြားမည်။ တရားဝေဖန်ဖွယ်သာဘုရား။

ဤကား စာဆိုတော်အမတ်၊ စကားထောင်စား အမတ်တို့၊ တင်ရိုးစကားပလ္လင်ခံသာတည်း။ ဤသည်လျှင် စကားချုပ်အထူးကို မှတ်ရန်ပင်။

ဘူမိပါဘ နရထွတ်ဖူး နတ်မှူးဒေဝိန် သမ္မိန်ဥက္ကဋ္ဌ၊ သင်းကျပ်သရဖူရာဇူမျှော့မောင်ဋ္ဌီ ဒ္ဓိပဒုတ္တမ သကျသာကီယ နွယ်တော်စင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်မြတ်၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီး ဖြစ်တန်ရာ၏ဟု ထင်တော်မူသည်ဆိုသည်မှာ ဤဂှာဲသို့မိမိကိုယ်ကို ငါဘုရားလောင်းပင်တည်း။ မည်သည့်ကမ္ဘာမှာ ငါဘုရားဖြစ်တော့မည်ဟု ရှေးရှေးသော ဘုရားအလောင်း မင်းကောင်း မင်းမြတ်တို့သည် သိကျွမ်းတော်မူ

http://www.dhammadownload.com



မြဲလည်း မရှိ။ သုမေဓာအဖြစ် ဘဝ၌သာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား၍ သိတော်မူရဖူးသည်။

ထိုမှစ၍ နောက်နောက်သော ဘဝတို့မှာ ငါဘုရားလောင်းပင်တည်းဟုသိတော်မူသည်ဆိုသော် စကားကိုပါဠိအဋ္ဌကထာ ဋီကာ အစောင်စောင်တို့ မှာပင် မတွေ့ မမြင်မိဖူးချေ။ ဘုရားအဖြစ်ကိုအလိုရှိ၍ သတ္တဝါအများကိုကယ်တင်ဟောချွတ်တော်မူနိုင်ရန်ကိုသာ သမ္မာဆန္ဒသမ္မာသင်္ကပ္ပအလျောက်ဖြည့်ကျင့်တော်မူ၍ အားဆည်းကြိုးပမ်းတော်မူသည်ဟုသာ တွေ့မြင်ရဖူးပါသည်။ ဤသို့ဖြစ်လျက် ငါဘုရားလောင်းဟု အယူစွဲ၍နေခြင်းကား အာဠာရ, ဥဒက, သိဥ္စည်း, အစေလက, ပုရာဏကဿပ, မက္ခလိဂေါသာလ အစရှိကုန်သောသူတို့သည် ရှင်ဂေါတမ, ဘုရားလောင်းသိဒ္ဓတ္ထကုမာရမင်းတောထွက်တော်မမူမီ ငါတို့က ဘုရားအလောင်းပင်တည်း။ ငါတို့ကား ဘုရားမဖြစ်သမျှ ဤနေရာမှမထ။ ငါကား ဘုရာစင်စစ်ဟု ထင်မှတ်စွဲလမ်း၍ နေသောသူတို့ကဲ့သို့ ဓမ္မန္တရာယ်ဟုဆိုအပ်သော လောကုတ္တရာ ဆန့်ကျင်ဘက်နိဗ္ဗာန်ဖီလာ ဖြစ်ဖွယ်ရာသာတည်း။

ဤသို့အယူစွဲလမ်း၍ ငါသည်မည်သည့်ကမ္ဘာပွင့်မည်၊ နိယတပန်းကိုဆင်မြန်းပြီးသော ဒုတိယလောင်းလျာ ရာမ, မင်းပင်ဟုတ်တော့သည်ဟု ယူချေသော် ဒိဋ္ဌိဂတသမ္ပယုတ်, ဉာဏဝိပ္ပယုတ်ဟု ဆိုအပ်သော ဒိဋ္ဌုပ္ပါဒ်နှိ အမှန်ဖြစ်တော်မူရာသည်။ သို့ဖြစ်သည်ကြောင့် ဤအရာဝယ် မဇ္ဈိမပဋိပဒါ ဓမ္မာရမ္မဏဖြင့်သာ စဉ်လာမပျက် နှစ်သက်တော်မူရင်း ဆုတော်ကို ပန်ပနက်၍ တစ်ရက်ထက်တစ်ရက်, တစ်ဆင့်ထက်တစ်ဆင့် မြင့်တော်မူရန် ကြံစည်တော်မူ၍ ပါရမီတော်ကို ဖြည့်ဆည်းပူးတော်မူရာသည်။ ဘုရားဆုပန်ဆိုသည်မှာမူကား "သိန္ဓေပဗ္ဗတမာရူဟန္တော"ဟူသော အနောက်တိုင်းမှဆက်သည့် နီတိကျမ်းထွက် စကားကဲ့သို့ဖြည်းဖြည်းသက်သာ ဖြည့်တော်မူရာသည်။ အပင်ပန်းခံသော်လည်း မရင့်သမျှ ပွင့်မည်မဟုတ်ဟု မှတ်တော်မူ။

ဤသို့မှတ်တော်မူသင့်ကြောင်းကို ဘုရာ့ရွှေဘုန်းတော်ကျွန် ဝန်ပေါ်ဦးသည် အထူးဆင်ခြင်တော်မူရန် ဥဒါန်းစကား ကြားဖူးသည်ကို ပုံဆိုဦးအံ့။

ရှေးလွန်လေပြီးသောအခါ ခင်ကြီးပေါက်ဆိုသော ရဟန်းကြီးတစ်ပါး

http://www.dhammadownload.com



သည် အရညကင် ဓူတင်ဆောက်တည်လျက် အားတက်မာန်ကြိုး နွေမိုး ဆောင်းမှ မလပ်ရအောင် ငါသည်ဤဘဝ၌ပင် ဤနှစ်ဤလ ဤသမယတွင်း လောကီစျာန်ခရီးဖြင့် ကွန့်မြူးပျံသန်းခြင်းကို မပြုနိုင်ကဤနေရာမှ ငါမထပြီဟု သဘောပိုက်သည်လည်းတစ်ကြောင်း။

ဝင်းပြင် ဤဘဝမှ စုတေမနေ သေလွန်ခဲ့သည်ရှိသော် လားလတ္တံ့ သောဘဝ၌ ဘုရားစင်စစ် ဖြစ်စေမႈဌ လေးဝသစ္စာပန်းမာလာကို လွယ်ကူစွာ ဆွတ်လှမ်း၍ ဆင်မြန်းတော်မူပြီးလျှင် အောင်သူတကာတို့၏ ဦးညွှတ်ရာ စက္ကာမိစက္ကိန် ဒေဝါမိဒေဝိန် ဗြဟ္မာမိဗြဟ္မိန် ဇေယျသိန်သမ္ဗုဒ် အနုတ္တရအတု လောကိုးပါးသော ဂုဏ်ထူးတို့၏ တည်ရာမဟာဝိသုဒ္ဓိနတ်မင်းမြတ် အဖြစ်ဖြင့် အရဟတ္တဖိုလ်တည်းဟူသော ရွှေတောင်နန်းထက် မြန်းတက်စံ ပယ်တော်မူ မည်ဟု ကြံစည်သည်လည်းတစ်ကြောင်း။

ဤသို့စုပေါင်း နှစ်ကြောင်းနှစ်ဌာနအာသီသကြောင့် ဒုက္ကရစရိယာ လွန်မင်းစွာဖြင့် နေရမှမထ မဟုဿာဟ အထူးဆည်းပူးဖြည့်ကျင့်၍ နေပါ သတတ်။

ယင်းသို့ လွန်မင်းကြီးစွာပင် အပြင်းအထန်ကျင့်ကြံ၍နေသော ရဟန်းကြီး ခင်ကြီးပေါက်၏ သတင်းသည် ဝေးနီးမြို့ရွာ ကျော်ကြားကျော်စော ရှိရကား အများကြည်ညို လူပိုလ်မစဲ ခဲဖွယ်ဘောဇဉ်ချိုချဉ်ဆိမ့်အီ အလီလီ တို့နှင့် ဆီကြည်ထောပတ်စသည်တို့ကို ယူငင်၍ ဖြူစင်သောသဒ္ဓါဖြင့် လာ ရောက်လှူဒါန်းကြပါသော်လည်း ရဟန်းကြီးခင်ကြီးပေါက်သည် ကာမရာဂ ကို ဖြစ်ပွားစေတတ်သော အစာတို့ကိုကား ငါမစားပြီ။ အကယ်၍ စားချေ သော် အင်အားပြည့်တိုး ဆူဖြိုးခြင်းဖြစ်တော့မည်။ ကိုယ်ခန္ဓာတို့ ဆူဖြိုးခဲ့သည် ရှိသော် ကာမရာဂလည်း ပွားများရာ၏။ ထိနမိဒ္ဓလည်း လားကြီးရာ၏။ ထိန မိဒ္ဓအားကြီးခဲ့သော် ဘာဝနာမှုလစ်လပ်ရာ၏ဟု ကြံပြီးလျှင် ဒါယကာတို့ လှူသော အလှူကိုသာခံယူ၍ မိမိမသုံးဆောင်ဘဲ သန္တိဋ္ဌိတရားဖြင့် တခြား သို့ စွန့်လိုက်သည်သာတည်း။

ဤသို့ ဆွမ်းဘောဇဉ်တို့ကို မစားဘဲပြင်ပတစ်ပါးသို့ ပစ်စွန့်ပြီးလျှင် ကမ္ဗည်းရွက်၊ ကြက်တက်ရွက်စသည်ကိုသာ ပြုတ်ဖြော၍စားသောက်၍ နေသ

http://www.dhammadownload.com



ဖြင့် ရက်လကြာရှည်သော် ကျုံလှီအားနည်း၍ လဲလုမတတ်ရှိရာတွင် တစ်နေ့သောအခါ ရင်းခင်ကြီးပေါက်၏ ကျောင်းနှင့်မလှမ်းလွန်းစွာသော တကောသက္ကာရွာမှ ကာလသားလူလျှောင်တို့သည် တောရွာသားတို့၏ ဓလေ့အားဖြင့် သေရည်၊ သေရက်စသည်တို့ကို သောက်စား၍မြူးတူးပျော်ပါးလျက် ကခုန်ရွှင်ပျော်ဟစ်အော်သီဆိုပြီးလျှင် ခင်ကြီးပေါက်၏ ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်ကြကုန်၏။

ထိုသို့ ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်မိသောအခါ တိုင်ပင်ကြသည်မှာ "ဟေ့ သူဟာယ်ချင်း ငါတို့သည် ခါးဝတ်ပုဆိုးကိုအောက်ပိုးကြိုက် ကြိုက်ကြရာ အမြိတ်အမြီးရှည်ချ၍ ကခုန်သီဆိုပြီးလျှင် ခင်ကြီးပေါက်၏ရှေ့ဝယ် ဖြတ်သန်း၍သွားကြစို့ဟု" တိုင်တပင်ပြုလေသော် တစ်ယောက်သောသူက ပြောပြန်သည်မှာ 'ကောင်းပြီ သူဟာယ်ချင်း၊ သို့သော် ဤအရာဝယ် ဤသို့ကခုန်စွာလျှင် ငါတို့နှစ်ယောက်သည် 'သံချပ်'အတိုင်အဖောက် သီဆိုပြုလုပ်၍ သွားမှသင့်မည်။ ငါသည် 'သံချပ်'ကို ဤသို့တိုင်မည်။ သူဟာယ်ချင်းကား ဤသို့လိုက်လော'ဟု မှာထားပြီးလျှင် ခင်ကြီးပေါက်၏ ရှေ့သို့ကခုန်သီဆို၍ သွားကြသည်မှာ-

ရင့်မာတစ်ကျိပ် . . . နုငါးရာလဟဲ့။

နောင်လာရှစ်သောင်း . . . ဘုရားပေါင်းဗျာ့။

ဘုရားပေါင်းနောက် . . . တို့နှစ်ယောက်လဟဲ့။

တို့နှစ်ယောက်နောက် . . . ခင်ကြီးပေါက်လဗျာ့။

ဤသို့ သီဆိုကခုန်လျက် သွားကြလေ၏။

(အမှာ . . . ဤအရာ၌ သူဟာယ်ချင်းဟုဆိုသော စကားသည် သဟာယသဒ္ဒါသည် အဖော်ကိုလည်း ဟော၏။ သဟာယ်ကိုလည်း ဟော၏။ သို့ဖြစ်၍ ရှေးသူဟောင်းတို့သည် သူဟာယ်ချင်းဟု ခေါ်ဝေါ်သုံးစွဲထုံးပြုကြဟန်ရှိ၏။ ယခုကာလ ပြောဆိုသုံးစွဲကြသော သူငယ်ချင်း ဟူသော စကားမှာ သူဟာယ်ချင်းမှ ရွေ့လျှောလာသော သဒ္ဒါပျက်ဟု မှတ်ရမည်။ သင့်လည်း အလွန်ပင် သင့်လျော်ပေ၏။ ယုတ္တိလည်း တန်၏။

http://www.dhammadownload.com



ယခုကာလ၌ ခေါ်ဝေါ်သုံးစွဲကြသော ခါးတောင်းကြိုက်သည် ဆိုသောစကားကိုလည်း ရှေးကာလလူတို့သည် အောက်ပိုးကြိုက်သည်ဟု ခေါ်ဝေါ်ဟန်ရှိ၏။ ဤစကားလည်း အလွန်ပင် သင့်လျော်လှ၏။ ယုတ္တိနှင့် တန်ပေ၏။ ဤကား ပေါရာဏကထာစာကိုယ်ကျမ်း ဂုဏ်ဋီကာကျမ်းတို့မှာ မပါသော ဝေါဟာရအထူးဖြစ်၍ မှတ်သားကြရန် အမှာစကားချပ်ထည့်လိုက်သတည်း။)

ထိုသို့ကခုန် သီဆို၍သွားကြသော သူနှစ်ယောက်တို့၏ အသံကို 'ခင်ကြီးပေါက်'ကြားသော် ဤသို့စဉ်းစားမိ၏။ 'ဩော်. . . ငါသည် ယခုပစ္စုပ္ပန်ဘဝတွင် လောကီချမ်းသာကိုရစေခြင်း, နောင်တမလွန်ဘဝဝယ် ဘုရားဖြစ်စေခြင်း အစရှိသောအကျိုးနှစ်ပါးကို ပြည့်စေခြင်းအလို့ငှာ လွန်စွာအားထုတ်၍ မဟုဿာဟအမှုကိုပြု၍နေသည်။ ဤသို့ဖြည့်ကျင့်ဆည်းပူး အထူးအားထုတ်၍ နေကြိုက်တွင် သူရာယစ်သော တကာနှစ်ယောက်တို့သည် ငါ၏ရှေ့ဝယ် ဖြတ်သန်းပျော်မြူး ကခုန်သီဆိုပြီး သွားကြသော ဂီတသံသည် အဟောအစ္စရိယ ဩော်. . . အံ့ဖွယ်သရဲ ရှိစွတကား။ ဤသူနှစ်ဦးတို့ကား လူစင်စစ်တို့ မဟုတ် သမာဒေဝ နတ်သားများသာ ဖြစ်ကြရာ၏။ အဘယ်ကြောင့်နည်းဟူမူကား မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော် ကို ပါရမီဒုက္ကရစရိယ ကျင့်တော်မူသောအခါ သိကြားလာ၍ စောင်းသံကို ပမာထားပြီးလျှင် လျှောက်ကြားသည့်ကာလမှာ သမ္ဗုဒ္ဓသေဋ္ဌနင်းတရားမင်း သည် မလျော့မတင်းစောင်းကြိုးညှင်းသကဲ့သို့ ကျင့်တော်မူသည်။ ယခုငါ့အား လည်း အကျင့်တင်းလွန်း၊ အကျင့်ပြင်းလွန်း၍ သမာဒေဝနတ်တို့ သတိပေး လာသည်နှင့် သန္တာန်လက္ခဏာတူသည်သာတည်း။

သို့သော် ဤသူနှစ်ယောက်တို့ သီချင်း၌ 'ရင့်မာတစ်ကျိပ် နုငါးရာလဟဲ့'ဆိုသောဝစနက္ကမ စကားစဉ်အရမှာ ရင့်မာတစ်ကျိပ်သော အလောင်းတော်တို့ ပွင့်ပြီးမှ အနုငါးရာတို့ပွင့်ကြမည်ဆိုပါတကား။ ဤအရာဝယ် ဘုရားတစ်ဆူနှင့် ဘုရားတစ်ဆူစပ်ကြား မဟာပထဝီမြေကြီးသည် မြေတစ်ယူဇနာတစ်ယူဇနာအထက်သို့တက်မှ ပွင့်မြဲဟုဆိုသော စကားနှင့်ဆင်ခြင်သော် မြေတက်ယူဇနာပေါင်း ငါးရာနှင့်ဆယ်ယူဇနာ ကွာခြားသည်။

http://www.dhammadownload.com



ဒုတိယအပိုဒ်၏ စကားမှာ 'နောင်လာရှစ်သောင်း ဘုရားပေါင်း လဖျာ့'ဆိုသည်။ ဤ၌လည်းမြေတက်ယူဇနာပေါင်း ရှစ်သောင်းပင်တည်း။

တတိယအပိုဒ်အဆိုမှာ 'ဘုရားပေါင်းနောက် တို့နှစ်ယောက်လဟဲ့' ဆိုသည်။ ထိုသူရာမူးယစ်၍လာသောသူနှစ်ယောက်တို့သည် လူသာမည မဟုတ်ပေ။ ဘုရားလောင်းတော်နှင်နှင်ပေတကား။ ဤအရာဝယ် နောင်လာ ရှစ်သောင်း၏ နောက်ကိုမှ သူတို့နှစ်ယောက်ဆိုပါတကား။ ထိုသူနှစ်ယောက် တို့ကပင် မြေတက်နှင့်ယူဇနာခြားကွာကြဦးတော့မည်။

စတုတ္ထအပိုဒ်အဆိုမှာ 'တို့နှစ်ယောက်နောက် ခင်ကြီးပေါက်လဖျာ့' ဆိုချေသည်။ သူတို့နှစ်ယောက်နောက်ကိုမှ ငါပွင့်ရမည်ဆိုပါတကား။ ဤသူရာ ရူးနှစ်ယောက်တို့၏ စကားသည် ကြောက်ဖွယ်မခန်းရှိတော့သည်။ အဘယ် ကြောင့်ဆိုသော် ဘုရားရှင်တော်တို့ ပွင့်သည်ဆိုသည်မှာ တစ်ကမ္ဘာတည်း အရာအထောင် ပွင့်ရိုးထုံးစံလည်းမရှိ။ ကမ္ဘာအချင်းချင်း ဆက်ကာဆက်ကာ ပွင့်ခြင်းလည်းမရှိ။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှ ငါတို့ဘဒ္ဒကပ် ကမ္ဘာတိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့အတွင်းမှာပင် နှစ်ကျိပ်ရှစ်ဆူမျှ သာ ပွင့်သည်ဟု ဆိုသည်။

ဤကိုထောက်သော် ဘုရားပွင့်သော ဤကမ္ဘာနှင့် ထိုကမ္ဘာစပ်ကြား ဘုရားမပွင့်ဘဲလျက် ခြားကွာ၍နေသော သုညကမ္ဘာတို့သည်လည်း ရှိ၏။ အထောင်လည်းရှိ၏။ အသောင်း အသိန်းလည်းရှိ၏။ ဤသို့ရှိသည်ကို ချန်လှပ်၍ထားဘိဦး။ တစ်ကမ္ဘာတည်းပင်လျှင် စု၍ပွင့်ကြမည်ဆိုသော်လည်း 'ရင့်မာတစ်ကျိပ် အနုငါးရာ၊ နောင်လာရှစ်သောင်း ဘုရားပေါင်း။ ဘုရား ပေါင်းနောက် တို့နှစ်ယောက်၊ တို့နှစ်ယောက်နောက် ခင်ကြီးပေါက်'ဆိုသော စကားကို ထောက်သော်ငါ၏ အလျှင်ပွင့်လိုက်ကြဦးမည့် ဘုရားတွေဟာ သောက်သောက်လဲ ရှိသေးသကိုး။ သည်ဘုရားတွေ၌ နည်းတဲ့မြေယူဇနာ သင်္ချာတွေမဟုတ်ပါတကား။ ၎င်းအဆိုပါ မြေတက်ယူဇနာကို သင်္ချာတွက် ဘွဲ့လိုက်သည်ရှိသော် ရှစ်သောင်းငါးရာ့တစ်ဆယ့်သုံး ယူဇနာတောင်ရှိပါ တကား။ သူရာရူးနှစ်ယောက်ကလည်း တို့နှစ်ယောက်နောက် ခင်ကြီးပေါက် လဟဲ့'လို့ ဆိုချေသည်။ တန်တော့ ငါဘယ်လိုပင် အင်အားတစ်စိုက်ကျင့် သော်လည်း အခွင့်မဟုတ်ချေသေး။

http://www.dhammadownload.com



အဘယ့်ကြောင့်ဆိုသော် ငါ၏အလျင်ပွင့်မည့် ငါ၏နောင်တော် များပင်လျှင် ယခုတောင်မူးတုန်း ယစ်တုန်းရှိကြသေးတာကပဲ ဆိုပြီးလျှင် တစ်ခါတည်း စိတ်ပျက်၍ ရဟန်းဘောင်မှ ထွက်ပြီးလျှင် နှီးပုခက်ရက်လုပ်ရောင်းချစားသောက်နေသည်ဟူ၍ ကြားသိဖူးပါသည်'ဟု ဦးပေါ်ဦးက သံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးမတ်ဗိုလ်ပါ တို့သည် အားရဝမ်းသာ လွန်စွာရယ်မောခြင်းပြုကြရလေ၏။ ဤသို့ ရယ်မောကြစဉ်ပင်လျှင် ဘဝရှင်မင်းတရားကြီးလည်း လက်သုံးတော် ရွှေလှံကို ကိုင်တော်မူ၍ 'အင်း၊ ခင်ကြီးပေါက် လူထွက်ဦးတော့မည် မောင်မင်းများ'ဆို၍ ပြုံးတော်မူလျက် အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံးတစ်ပုဒ်ပြီး၏။

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးကို ရာဇဝတ်တော်နှင့် သိန္ဒီသို့ ပို့တော်မူခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် သားတော် ပြည်မင်း 'သီရိမဟာဓမ္မရာဇာ'၏ သမီးတော် 'သီရိသုမာယာ စန္ဒာဒေဝီ' ကို လွန်စွာချစ်ခင်တော်မူသဖြင့် တောင်ဥယျာဉ်တော်သို့ ထွက်တော်မူရာ ရွှေလက်တော်ဆွဲ၍ ပုဏ္ဏာရိက ကန်တော်သာ၌ ဆန္ဒနိဆင်မင်းအား ရေချသည်ကို ရှုစားတော်မူရာဝယ် ဆင်မင်းသည် သတပတ်မုံအာ ပဒုမ္မာကြာပန်းကို ချိုးယူပြီးလျှင် ဘဝရှင်မင်းတရားကြီးနှင့် သားတော်၊ ပြည်မင်းသမီး မြေးတော်ဖြစ်သူ 'သီရိသုမာယာ စန္ဒာဒေဝီ'ကို ရွှေလက်ဆွဲလျက် ရှုစားတော်မူရာသို့ လျင်စွာလာ၍ ဘဝရှင်မင်းတရားကြီးကို မဆက်သဘဲမြေးတော် 'သီရိသုမာယာ စန္ဒာဒေဝီ'သို့ နှာမောင်းတော်လှမ်းလင့်ပြီးလျှင် ကြာပန်းကိုဆက်သလာ၏။

ထိုအခါ ဘိုးတော်မင်းတရားကြီးသည် ဝမ်းမြောက်ဝမ်းသာ လွန်စွာအားရတော်မူ၍ ပြုံးတော်မူပြီးလျှင် မှူးမတ်များကို ဤသို့မိန့်တော်မူ၏။ 'မောင်မင်းများ၊ ကြည့်ကြ ကြည့်ကြ ကြာပန်းကိုချိုးပြီးလျှင် သူ့မြေးတော်ကိုသာ

http://www.dhammadownload.com



ဆက်နှင်းတော်မူသည်။ သူတစ်ထူးကို မည်သူ့အားကိုမျှ ပေးတော်မမူဘူး။ မျက်နှာကြီးငယ် လွန်စွာလိုက်တော်မူသည်' ဟု မိန့်တော်မူမှ ဘိုးတော် မင်းတရားကြီးသို့ ကြာပန်းသုံးလက် ထပ်မံချီး၍ ဆက်သပြန်သည်။ ယင်းသည့် ဆင်မင်းကား ထောင့်တစ်ရာ့ခြောက်ဆယ်ခုနှစ် ဟံသာဝတီမြို့တောင်နိဗ္ဗာန်ကျေးမှရ၍ ဆက်သသော 'နိဗ္ဗာန ပစ္စယနာဂရာဇာ' ဘွဲ့ခံသော ဆင်မင်းပင်တည်း။ ဤသို့ ဆဒ္ဒန်ဆင်မင်းပင်လျှင် ကြာပန်းဖြင့် အလိုလျောက်ဆက်သလာရသောကြောင့် ထိုမင်းသမီးကို ဆင်ဖြူမယ်ဟု ပြည်လုံးနှံ့မျှ ခေါ်ဝေါ်ကြ၏။ တစ်နည်းကား ထိုမင်းသမီးကို သက္ကရာဇ် တစ်ထောင့်တစ်ရာ့ငါးဆယ်ပြည့်နှစ် ပြာသိုလဆန်းတစ်ဆယ့်တစ်ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားတော်မူရာ ယင်းသည့်နေ့၌ပင် ကလေးမြို့က ဆင်ဖြူတော်ဆက်သလာ၍ ဘိုးတော်မင်းတရားကြီးသည် ထိုမြေးတော်ချစ်ကို 'ဆင်ဖြူမယ်'ဟု အမည်ပေးတော်မူသည်လည်းဟူ၏။

ထိုမြေးတော် ဆင်ဖြူမယ်ကား သားတော်အကြီး အိမ်ရှေ့မင်း၏ ရင်နှစ်, စစ်ကိုင်းမင်းနှင့် မြေးတော်အချင်းချင်း ထိမ်းမြားလက်ထပ် ရွှေချင်းစပ်သို့ ဝိပါဟ ဘိသိက်ပန်းကို ဆင်မြန်းနှင်းအပ်တော်မူရာတွင် ထိုဆင်ဖြူမယ်သည် သားတော်တစ်ပါး ဖွားသန့်တော်မူပြီး၍ မီးရှူးတော်ခန်းမှထွက်တော်မမူမီ ရက်လည်ခါမျှဖြင့် ဘဝဖောက်ပြန် စံလွန်တော်မူသတည်း။

ဖွားသန့်တော်မူသော သားတော်၏ အကြောင်းကား. . .

ပဋိသန္ဓေ တည်နေကိန်းဝပ်တော်မူသည့်နေ့မှစ၍ ဖွားတော်မူသည့်နေ့တိုင်အောင် နေ့စဉ်ရက်ဆက် မြေကြီးငလျင် အကြိမ်များစွာ လှုပ်၏။

ဖွားတော်မမူမီ တစ်လခန့်ကလည်း ဖွားတော်မူသည့်နေ့တိုင်အောင် နန္ဒဝံဥယျာဉ်ဝယ် ကသစ်ဖြူပင်စည် အကိုင်း အခက်အရွက်များက ရေထွက်ခြင်း နိမိတ်များကို ထင်ရှားစွာ ပြသည်။

မယ်တော်ဖြစ်သော ဆင်ဖြူမယ်၏ ကြာတိုက်ခန်းမှ ကမ္ဗလ လေလှုပ်ရှား၍ ဖွားသန့်တော်မူမည်ပြုရာ မီးရှူးတော်စံခန်းသို့ ဝင်တော်မူ၍ နှစ်ရက်ခန့်ကြာသည်တိုင်အောင် ဖွားသန့်တော်မမူဘဲ ဆိုင်းလင့်၍နေတော်မူသဖြင့် ဘိုးတော်ဖြစ်သော ဘဝရှင်မင်းတရားကြီးက ရွှေထီးရှစ်လက်၊ ထီးဖြူတော်နှစ်

http://www.dhammadownload.com



လက် လက်ဖွဲ့တော်မူလိုက်၍ စံတော်မူသော မီးရှူးသဥ္စာလီထက်တွင် ဖြန့်ကြက်မိုးကာစေရာလည်း ရှေးနည်းအတူသာလျှင် ကြန့်ကြာငံ့ဆိုင်း၍ နေတော်မူ၏။

ထိုသို့သောအကြောင်းကို ရှုံးပေါင်း၍ ဘိုးတော်ထံသို့ တင်လျှာတော်ဆက်ပြီးလျှင် အမိန့်တော်မြတ်ခံရာ ရာဇပုရောဟိတ် ပြဟ္မဏပုရောဟိတ်တို့က ဇာတာတော်မြတ်ကို စစ်ဆေးကြည့်ရှုပြီးလျှင် ဇာတာတော်အထွက်ကို တင်လျှာတော်ဆက်ကြသည်မှာ ထီးဖြူတော်လေးချက်နှင့် နဝရတ်ကိုးပါး ခြယ်မုနောလင်ပန်း တစ်ချပ်ကို လက်ဖွဲ့တော်မူမှ ဖွားသန့်စင်တော် မူပါမည်ဟု တင်လျှောက်ကြပြန်သဖြင့် ဘိုးတော်မင်းတရားကြီးဘုရားက ပုရောဟိတ်တို့ တင်သည့်အတိုင်း လက်ဖွဲ့တော်မူပြန်၍ ထီးဖြူလေးချက် ရွှေထီးရှစ်လက်တို့ကို မိုးကာဖြန့်ကြက်၍ နဝရတ်ကိုးပါး ခြယ်မုနောလင်ပန်းကို မီးရှူးခန်းသဥ္စာလီ အောက်ကခံမိမှ သားတော်ကို ဖွားမြင်တော်မူသည်။

ဖွားတော်မူသော် အချင်းစလွယ် နှစ်ဖက်သိုင်း၏။ လက်ယာဘက်ဖဝါးတော်ဝယ် လက်ယာရစ် ခရုသင်းသည် လက်ဝါးပြည့်မျှ ခုနစ်ပတ်လည်လျက် အလယ်လက်သို့ အဖျားတိုင်တက်၏။

လက်ဝဲဘက် လက်ဖဝါးတော်ဝယ် အလယ်တည့်တည့်၌ ပိုးမည်းတောင်စာ လည်ကုပ်ညှာကဲ့သို့ စိမ်းပြာတစ်ချက် မည်းနက်တခြားအရောင်သွားသော ပမာဏအားဖြင့် ရတီချိန်သုံးဆယ့်နှစ်ရတီခန့်ရှိ မြခဲတမျှ မှည့်ရှင်တစ်လုံးပါလာ၏။

ဖွားတော်မူသောအခါ သစ်တပ်တွင်း ဗဟိုရ်စည်နှင့် နာရီတော် ခေါင်းလောင်းတို့ အလိုလိုမြည်၏။ နဗဒဏ္ဍာမနောဟာရ ထီးဖြူတော်လည်း အလိုလိုလန့်၍ပွင့်၏။

ဆဒ္ဒန်ဆင်မင်းလည်း အရှေ့အရပ်သို့ တူရူလှည့်၍ လက်တော်နှစ်ဖက်ကို အထက်သို့ မြှောက်လျက် ဦးကင်းတော်ထက်သို့ နှာမောင်းတော်ကို ထားပြီးလျှင် ကြိုးကြာသံနှင့်တူသော အသံဖြင့် သည်းထန်းစွာဟစ်အော်၍ သုံးကြိမ်တိုင်အောင် ကြွေးကြော်၏။

တစ်နာရီတည်း ဖွားသော ဖွားဘက်တော်များမှာ ငမှတ်၊ ငရေး၊

http://www.dhammadownload.com



ငမြတ်ရာ၊ ငရွှေ၊ ငယေန်း၊ ဘေးဆိုသူနှင့် ရွှေလဝန်း မြင်းတော်တို့ကား တစ်နာရီတည်းဖွားသော ဖွားဘက်တော်တို့ပင်တည်း။

ယင်းသည့်ဖွားဘက်တော်တို့တွင် 'ငမှတ်'ဆိုသူကား ညောင်ရမ်းမင်းနှင့် အမှတ်လက္ခဏာ ကြန်အင်္ဂါတို့သာခြားကွာသည်။ ထိုမှတစ်ပါး အဆင်းသဏ္ဌာန်အလွန်တူချေ၏။ ဤသို့ထူးဆန်း အံ့ဩဘနန်းရှိရကား ဘိုးတော်မင်းတရားကြီးဘုရားသည် မြစ်တော်မြတ်ကို လွန်စွာမြတ်နိုးတော်မူသဖြင့် ဖွားတော်မူပြီး၍ ခုနစ်ရက်အတွင်းမှာပင် ညောင်ရမ်းမြို့ကို ကံကျွေး ပေးတော်မူ၍ 'မဟာသီဟသူရ ဓမ္မရာဇာ'ဟု ဘွဲ့နှင်းတော်မူ၏။

ထိုမင်းကို မင်းကလေးဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။ စကြာမင်းဟူ၍လည်း အချို့သူတို့ခေါ်စမှတ်ပြုကြကုန်၏။

ဤသို့မြေးတော်ဖြစ်သော 'ဆင်ဖြူမယ်'နတ်ရွာလားတော်မူသော် ဘိုးတော်မင်းတရားကြီးသည် လွန်စွာကြေကွဲတော်မူ၍ ထိုနေ့ပင်လျှင် အမိန့်တော်မြတ် မှတ်တော်မူသည်မှာ 'ငါ၏မြေးတော် ဆင်ဖြူမယ် နတ်ရွာစံလွန်တော်မူသည်ကို တောင်နန်းတော်မိဖုရားခေါင်ကြီးတို့ သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်စေ'ဟု အမိန့်တော်မြတ် မှတ်တော်မူသည်။ သင်္ဂြိုဟ်သည့်နေ့တွင် ဘိုးတော်မင်းတရားကြီးဘုရားသည် ကိုယ်တိုင်တော် မင်းမိဖုရား၊ မင်းဆွေမျိုး၊ မှူးတော်၊ မတ်တော်ခြံရံချက် ရွှေဝေါနှင့်ထွက်စံတော်မူပြီးလျှင် ခမ်းနားကြီးကျယ်စွာ တပ်ဝင်းခင်းကျင်း၍ ဂူသွင်းသင်္ဂြိုဟ်တော်မူသတည်း။

ဤသို့ သင်္ဂြိုဟ်တော်မူပြီးသည့်နောက် ဘိုးတော်မင်းတရားကြီးသည် မြေးတော် ဆင်ဖြူမယ်ကိုလွမ်းဆွတ်ကြေကွဲတော်မူလှသဖြင့် မြေးတော်ချစ် ဆင်ဖြူမယ်၏ ရင်တော်နှစ်မြစ်တော်ချစ် ညောင်ရမ်းမင်းသားကို မြတ်နိုးသမှု ရှုမနမ်းပန်းတမျှနှယ် ဆောင်လယ်နန်းတိုက်၌ ကိုယ်တော်တိုင်ရွှေလက်တော်ဖြင့် ချီပိုက်ယုယတော်မူ၏။

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် မြစ်တော်ချစ် 'ညောင်ရမ်းမင်း'ကို မြပုခက်တင် ဗယင်တော်ကျူးရန် မြဗယဉ်ပြုလုပ်၍ ခမဲပေးဖွဲ့တော်မူလိုရကား ဝန်ကြီးအတွင်းဝန်တို့ အစုံအညီခစားဖူးမြော်ဆဲအခါတွင် ရွှေတိုက်ဝန်ကြီး ဘဏ္ဍာတော်ဆိုင်ရာ သဿမေခွေန်သီးတော်ထိန်း အဂ္ဂမဟာ

http://www.dhammadownload.com



သေနာပတိဖြစ်သော ဝန်ရှင်တော်ကြီးတို့ကို အမိန့်တော်မြွက်မှတ်တော်မူသည်မှာ 'ကိုယ်တော်မြတ်သည် ယခုမြစ်တော်ညောင်ရမ်းမင်းကို မြပုခက်တင်၍ မြဧယင်ဖြင့်ခမဲယေး ဖွဲ့တော်မူလိုသည်။ သဿမေဓဆိုင်ရာခွန်သီးတော်ထိန်းဖြစ်သော ဘဏ္ဍာတော်ဝန်ကြီး၊ ရွှေတိုက်တော်ဆိုင်ရာ ဝန်ကြီး၊ အတွင်းဝန်တို့က ငွေတော်ရှစ်သိန်းလောက် တိုက်တော်မှထုတ်၍ ရာပြတ်အဝယ်တော်အစရှိသောသူတို့နှင့် အတွင်းဝန်ပေါ်ဦးကို ကြီးကဲခန့်အပ်ပြီးလျှင် အယုဒ္ဓယတိုင်း ဒွါရဝတီမည်သော ယိုးဒယားပြည်သို့ လုံးဝန်းပတ်လည်ကြည်အေးဆွတ်လွတ် နူးနူးညွတ်လျက် နုထွတ်အခိုး ပိုးမည်းတောင်စာ လည်ကုပ်ညှာကဲ့သို့ခြင်းရာဒြပ် တလျှပ်လျှပ်နှင့် တိတ္တပတ်ရောင် စိမ်းမှောင်ထွန်းပဆင်တိုင်းလှသော မြကောင်း, မြမြတ်ကိုရွေးချယ်၍ ဝယ်ရန်အဝယ်တော်အဖြစ်နှင့် စေလွှတ်ရမည်'ဟု အမိန့်တော်မြွက် မှတ်တော်မူသည်။

ဤသို့အမိန့်တော်မြွက် မှတ်တော်မူသည်ကို ညီလာခံမှ ထွက်ခဲ့ကြ၍ ရွှေလွှတ်တော်ကြီးတွင် ဝန်ကြီး, ဝန်ထောက်တို့စုရုံးတိုင်ပင်၍ သဿမေဓအခွန်တော်စာရင်း ရှင်းလင်းစေ့စပ်ကြရာ အမတ်ကြီးဦးပေါ်ဦးသည် ဗြဲတိုက်တော်နေ့အလှည့်ကျ၍ "အဋ္ဌကရဏာနိသီဒန"အမည်ရှိသော လွှတ်ကွန်းတော်အနီးသို့ရောက်သဖြင့် ယခုနံနက်ညီလာခံတွင် ဤသို့အမိန့်တော်ကြီး ပြန်တမ်းတော်မူသည်ဟု အဂ္ဂမဟာသေနာပတိစသော ဝန်ရှင်တော်ကြီးတို့က ပြန်ကြားလျှင် အမတ်ကြီးဦးပေါ်ဦးက ယခုကျေးဇူးရှင် အရှင်မင်းကြီးများ ဘုရားသည် သဿမေဓခွန်သီးတော်စာရင်းကို ရှင်းလင်းတော်မူကြခြင်းကား အကြောင်းဘယ်သို့ရှိပါသနည်းဟု မေးလျှောက်ပြန်၏။

ထိုအခါ ဝန်ကြီးတို့က ပြန်ကြားသည်မှာ ယခုသဿမေဓအခွန်သီးတော်စာရင်း ရှင်းလင်းကြခြင်းကား အခြားကိစ္စမဟုတ်၊ ယိုးဒယားပြည်သို့ မြဝယ်ရန်အဝယ်လွှတ်သောအခါ သဿမေဓအခွန်တော်ငွေကိုပင် ထည့်စိုက်၍ ဝယ်ရမည်ဟု အမိန့်တော်ရှိသောကြောင့် ငွေတော်မည်မျှရှိသည်ကို သိလို၍ ခွန်သီးတော်စာရင်း ရှင်းလင်းစေ့စပ်၍ ကြည့်ရှုနေကြသည်ဟု ဝန်ရှင်တော်မင်းကြီးများက မိန့်ဆို၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ဤသို့ဆိုလေသည်။ 'အင်း-မင်းကြီးဘုရားများ ရှင်ဘုရင်သည် ရှင်ဘုရင်ဝါး မဝသေးပါဘူး'ဆိုလေ၏။

http://www.dhammadownload.com



ထိုခဏချင်းပင်လျှင် ရွှေနန်းတော်ကြီးက ကြားတော်မူသော် ပေါ်ဦးသည် လွန်စွာရိုင်းပြစော်ကားသည်။ ငါကဲ့သို့သော ဘုရင်ဇာကရာဇ်မင်းမြတ်ကိုပင် ရှင်ဘုရင်ဝါး မဝသေးဘူးဆိုခြင်းသည် ပမာမမူအဆူဆူသော ထီးဆောင်းမင်း အပေါင်းတို့မှကြား၍ မလျော်အောင် ကျော်နင်းလွန်ကျူး၍ ကိုယ်တော်မြတ် ဘုန်းဂုဏ်တော်ကိုလည်း မငဲ့ကွက်၊ မြှောက်စားတော်မူသော ကျေးဇူးသစ္စာ တော်ကိုလည်း မထောက်ထား။ တရားထိမ်ကျွန်သူတစ်ယောက် ဖြစ်သည်။ သူကောင်းပြုတော်မူသော ဌာနန္တရနှင့်တကွ အဆောင်အယောင် စားကျေး မြို့ရွာတို့ကိုသိမ်းနုတ်ပြီးလျှင် ရွှေပြည်၏အဆွယ် သိန္နီမြို့နယ်သို့ အကျဉ်းနှင့် ပို့စေဟု အမိန့်တော်မြတ် ချမှတ်တော်မူသဖြင့် အမတ်ကြီးဦးပေါ်ဦးကို သိန္နီ မြို့နယ်သို့ ပို့နှင်ရလေ၏။

**ဤသည်သျှင် အမတ်ကြီးဦးပေါ်ဦးအား ရာထူးမှနုတ်သိမ်း၍ သိန္နီမြို့သို့ ပို့တော်မူခန်းတည်း။**

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးသည် သိန္နီမြို့နယ်မှ ဘဝရှင်မင်းတရားကြီးသို့ ရေးသားဆက်သွင်းလိုက်သော ရတုပိုဒ်စုံတို့ကား

**တင့်တိုးကျက်သရေ. . .** မြင့်ဖြိုးဝေသား၊ စက်နေပမာ၊ ချက်မြေ ချာဝယ်၊ တေဇာကွန့်မြူး၊ ကြယ်သောက်ရှူးနှင့်၊ ပျံ့လူးဥက္ကာ၊ ကဲ့ပမာသို့၊ ရောင် ဝါမှည့်ရွှန်း၊ လှည့်လည်ထွန်းသည်၊ ကျွန်းကြီးသခင်၊ ဘုရာင်သရဖူ၊ တစ်ဆူ ဥက္ကင်၊ နေ့နတ်မောဠိ၊ သီရိပဝရ အာဒိစ၍၊ ဝိဇယာနန္တ၊ ယသပဏ္ဍိ၊ မဏ္ဍိမက္ခ ရာ၊ ပရိယောသာမှာ၊ မိရာဇာကြီး၊ အဆုံးမှီးလျက်၊ ဘုန်းမီးတောက်ထိန်၊ အသမ္ဘိန်ကို၊ မာန်ရှိန်ညွတ်ပျော့၊ ကျွန်းဦးလျှော့၍၊ ကန်တော့ပန်ထွာ၊ လျှောက် တင်ပါမည်. . . နားတော်ခုမမှား-ဆင်တော့ဘုရား။ ။(မဏိဆံကျင် ချနည်း)။

**ပွင့်ညီးရွက်ကြွေ. . .** မြူခိုးဝေသား၊ ဂိမှေအခါ၊ တိမ်ခြေဖြာ၍၊ ခေမာဝရ တိုင်းမ,မည်ရှိ၊ သီဝိရဋ္ဌ၊ ကမ္ဘောဇနှင့်၊ ယုဒ္ဓယဋ္ဌိရာ၊ မြိတ်စွန်းသာက၊

http://www.dhammadownload.com



ညွှန်းကာမျှော်တ၊ နန်းအမရသို့၊ မှန်းဆမမြင်၊ ဆဒ္ဒန်ရှင်ကို၊ စိတ်တွင်ရည်စူး၊ ဘုရားကျွန်ဖူးသော်၊ ညွတ်နူးလွမ်းငွေ့၊ မချမ်းမြေ့အောင်၊ ကမ်းကွေ့တောင်မြိတ်၊ ရှစ်ရပ်ပိတ်လျက်၊ ကိလိဌမျိုး၊ ဘေးရန်ဆိုးဟု၊ မီးခိုးသူရိန်၊ မြူတိမ်ဆီးနှင်း၊ မလင်းခိုက်ပင်၊ မိုက်မှောင်ထွင်၍၊ ရောင်စင်ဝေပွင့်၊ အခြေတင့်အောင်၊ နေမင့်ပမာ၊ ရှင်ရုပ်ဝါသည့် . . . လာသော်ရွှမခြား-ထင်ပါ့ဘုရား။ ။ (မဏိဆံကျင်ချနည်း)။

လင့်စိုးရက်ရွှေ . . . ဆည်းခက်လေသား၊ မျက်ရေဝန်းလည်၊ စိတ်မကြည်၍၊ ရွှေပြည်ကိုသာ၊ 'တ'မျှော်ခါနှင့်၊ သစ္စာလေးနက်၊ ကျေးဇူးတက်သည့်၊ မဟာဂ္ဂနောင်၊ ကျွန်းဥဿျောင်ကို၊ ညဥ့်ရောင်ဆည်းဆာ၊ နေညိုလာ၍၊ ရွှေဗျာလှစ်ကြူ မိန့်တော်မူလျက်၊ ယူလျှင်ယူသင့်၊ ရှင်ပင့်မေးတော်၊ အရေးပေါ်လျှင်၊ တွေးမြော်မဆိုင်း၊ ဉာဏ်ချင့်နှိုင်း၍၊ ဟုတ်တိုင်းထင်ထင်၊ တင်လျှောက်အင်ကို၊ နေ့စဉ်မသွေ၊ မှတ်ရချေ၍၊ ထွေထွေရာရာ၊ အောက်မေ့ပါသဖြင့်၊ အောင်ချရပ္ပ နရိန္ဒနှင့်၊ အမရသညီ၊ ပြည်ပူရိကို၊ မအီမသာ၊ လွမ်းမိုးရွာသည် . . . ခါနော်ခုဘုရား-မြင်တော့သား။ ။(ဇမ္ဗူ့တန်ဆောင်ချနည်း)။

ခွင့်မျိုးပျက်ချေ . . . စက်တော်ရွှေတွင်၊ တက်နေမယွင်း၊ နားတော်သွင်းဖြင့်၊ လစ်ဟင်းခဲ့ပြီ၊ ဘွဲ့အသီဟု၊ သွဲ့ညီချိုမြူ၊ နန်းချင်းကြူကို၊ ညွတ်နူးဘုန်းရှိန်၊ တင်လျှောက်ချိန်၌၊ မနိမ္မြေ၊ ရွှေစိတ်ပြေဖို့၊ ဖြေဖျော်ဖွယ်မြတ်၊ နေနွယ်နတ်ကို၊ ဘယ်မတ်မတ်တိုင်၊ လျှောက်ဆိုနိုင်လိမ့်၊ ခရိုင်ဝေးစွာ၊ မြို့ကျေးရွာမှ၊ ပြေးခါစိုက်စိုက်၊ လိုတော်လိုက်ကို၊ တိုက်ကရိုက်ပင်၊ လျှောက်စမ်းချင်၏၊ ဝမ်းရွှင်ကြည်နူး၊ စံတော်ဦးက၊ သံကြူးသံသာ၊ သံချိုဝါနှင့်၊ သာယာသမ္မာ၊ နန်းရတုကို၊ နန်းမှုကုန်အောင်၊ နန်းဘုံဆောင်၌၊ နန်းယောင်မတ်များ၊ သိနိုးနားနှင့်၊ စကားပြေစွာ၊ မရေရာပင် . . . စားတော်မှုတစ်ပါး တင်ပေါ့လား။ (ဇမ္ဗူ့တန်ဆောင်ချနည်း)။

ဆိုအပ်ခဲ့ပြီးသော ဤလေးပုဒ်တို့ကား ရတုပိုဒ်စုံ လေးပုဒ်တို့ပင်တည်း။

http://www.dhammadownload.com



**ရှင့်မိုးစက်ရွှေ. . .** ကနက်မြေမှ၊ ထွက်စေရွှေခွန်း၊ ရွာစေသွန်း၍၊ ရှမ်းယွန်းတို့ပြည်၊ ရောက်ရသည်တွင်၊ နေ့ရှည်ရက်များ၊ ဘာသာခြားမို့၊ နာပါးမျိုးအီ၊ မြို့သိန္နီ၌၊ မပြီမပြင်၊ ထီမထင်ဘဲ၊ စီစဉ်ဟန်မှာ၊ သံဝဲစွာနှင့်၊ မည်းပြာဆင်လောင်း၊ ဝတ်ညစ်ဟောင်းကို၊ ဦးခေါင်းရစ်ခါ၊ ပြောဆိုရာလည်း၊ ပမာမှီးဘဲ၊ ကြီးအကဲသို့၊ အီးအဲဟေးဝူး၊ ယင်မျိုးမူးလျှက်၊ ကျော်ကြူးဌာန၊ ဤဒေသဖြင့်၊ နေရမူလျှင်၊ ဘယ်သူရှင်လိမ့်၊ ဂူမှင်ချောင်မြိတ်၊ ဆံမုတ်ဆိတ်ကို၊ ပယ်ရိတ်လှီးခါ၊ ဘာဝနာနှင့်၊ နေပါချင်တော့၊ အားအင်ပျော့၍၊ မာန်လျှော့ဆကြံ၊ မနောကံမှာ၊ သသံပုက၊ သိကြာ့တံဆိပ်၊ ခတ်ခဲ့နှိပ်သည့်၊ ဓမ္မိသရော်၊ စေတီတော်တွင်၊ ပူဇော်မပျက်၊ ညဉ့်နံနက်ဝယ်၊ တံမြက်လှည်းလျှက်၊ ပုတီးချက်နှင့်၊ နောက်ဘက်ကိုပင်၊ ချောင်ကိုးခွင်သို့. . ဆင်ချင်တော့ဘုရားရှင်ကိုယ်စား။ ။ (ဇမ္ဗူ့တန်ဆောင်ချနည်း)။

**ကျွင့်မျိုးခက်ဝေ. . .** မြင့်တိုးစေသား၊ မိုးမြေတုတ်ခွန်၊ ယုတ်မလွန်အောင်၊ အမွန်ရှည်ကြာ၊ တည်စိမ့်ငှာဟု၊ ကမ္ဘာဦးနတ်၊ လူ့ဥက္ကဋ္ဌတို့၊ ပညတ်တော်မှန်၊ ဝေဖန်ဟန်ကား၊ လေးတန်ဓမ္မ၊ သင်္ဂဟတွင်၊ သဿမေဓေါ်၊ ခွန်သီးတော်မူ၊ စစ်သူရိက္ခာ၊ ဖြစ်စေရာ၏၊ ပဏ္ဏာတော်ပန်း၊ မြို့တနန်းက၊ ပို့မြန်းဆက်လှာ၊ ကာရိကာနှင့်၊ လယ်ယာမြေထု၊ အခြေပြုလျှက်၊ ပြေသူ့ခြားပိုင်း၊ တရားတိုင်းဖြင့်၊ လမိုင်းဆိုင်ရာ၊ ထိုသည့်တာကို၊ ဘဏ္ဍာတော်မြတ်၊ မင်းသုံးမှတ်လော့၊ သိတတ်တော်ရန်၊ ရာဇဓမ်၌၊ လာဟန်ကျွင့်နှုန်း၊ အခွင့်ထုံးမှာ၊ နှလုံးမြဲစေ၊ သုံးစွဲဝေအံ့၊ မြေသုသာန်မှ၊ စဏ္ဍာလတွင်၊ ရသည့်ခိုင်ခွန်၊ အရွတ်ဝန်က၊ ဂကျပွန်အောင်သာ၊ သံတို့လာသော်၊ စားရာမှုရေး၊ ပြုစုကျွေးလော့၊ အိမ်ဈေးကုန်သွယ်၊ ထိုသူဝယ်နှင့်၊ သူကြွယ်သူဌေး၊ တုတ်ခွန်ကြေးမှာ၊ လမ်းရေးသာယာ၊ မြို့တန်ဆာဖြင့်၊ ပြင်ရာတစ်ဖန်၊ အသည်ဝန်သို့၊ ရည်ညွှန်မလပ်၊ သုံးရန်အပ်လော့၊ စည်းကြပ်စုပုံ၊ မှုတော်စုံကို၊ ကွန်ယုံမတ်ဖျား၊ တင်လျှောက်ထားအံ့၊ ဘုရား, ဂူဟောင်း၊ တန်ဆောင်း, ပြာသာဒ်၊ စရပ်ကျောင်းဘုံ၊ ထူပါရုံကို၊ ကုန်လုံမကျန်၊ ပြင်ဆင်ရန်မှာ၊ ဝတ္ထုကံထွက်၊ ခွန်ဆီနှက်ဖြင့်၊ မပျက်စဉ်လာ၊ ထားရှိုးသာဟု၊ ရာဇက္ကမ၊ ကျမ်းပြဖွင့်ခါ၊ အသင့်ဖြာသည်. . . ကြာပျော်နတ်တစ်ပါး ဆင်ခြင်ဘုရား။ ။ (မဏိဆံကျင်ချနည်း)။

http://www.dhammadownload.com



ဌင်းရတုနှစ်ပိုဒ်တို့ကား ရတုပိုဒ်စုံမဟုတ် လိုအပ်သောအကြောင်းကိစ္စကုန်စေခြင်းအလို့ငှာသာ စပ်ဆိုဟန်ရှိ၏။

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးကို သိန္နီမှပြန်၍ခေါ်တော်မူခြင်း

ဤသို့ အမတ်ကြီးဦးပေါ်ဦးသည် သိန္နီမြို့နယ်မှနေ၍ အမရပူရနေပြည်တော်ကြီးရှင် ဘုရင်မင်းတရားကြီးနှင့် တကွသော မင်းဆွေစိုးမျိုးစသည်တို့ကို လွမ်းဆွတ်ကြောင်း ဘုရင်မင်းမြတ်တို့ ကျင့်ရိုးဓမ္မတာတို့ကို ဆုံးမရာဖြစ်သော ရာဇဓမ္မအနုသာသနီ ကျမ်းထွက်အတိုင်း ရွှေနားတော်သွင်း ရတုခြောက်ပိုဒ် ရေးသားဆက်သွင်းလိုက်လေ၏။

ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်၏ ထုံးဓမ္မတာသည် သဿမေဓ အခွန်တော်ငွေကို မသုံးထိုက် မသုံးအပ်၊ တိုင်းရေး၊ ပြည်ရေး စစ်ခင်း၊ စစ်မှုပေါ်ပေါက်သည်ရှိသော် စစ်ရိက္ခာအလို့ငှာ လက်ဝဲစစ်သူကြီး လက်ယာစစ်သူကြီးများသို့ စာရင်းအင်းချုပ် စာရင်းကျယ်နှင့်တကွ လွှဲအပ်ထားသင့်ကြောင်း။

စဏ္ဍာလလေးစုံမှထွက်သော အခွန်တော်ငွေကို တစ်နိုင်ငံမှ စေလွှတ်လိုက်သောသံတို့ကို ကျွေးမွေးပေးကမ်းရန် အရွတ်ဝန်က ခွဲခန့်၍ ကသောင်းမြောင်မှာထား၍ ထိန်းသိမ်းစေအပ်ကြောင်း။

အသည်းကပွါးဟု ဆိုအပ်သော သူဌေးသူကြွယ် ကုန်သွယ်တို့မှ ထွက်သော ခွန်သီးတော်များမှာ ရွှေမြို့တော်ကို လမ်းပြင်ခြင်း, ပစ္စင်ရင်းတား, တံတား၊ ကျုံးမြောင်းကောင်းမွန်သာယာအောင် အသည်ဝန်ကြီးသို့ တာဝန်လွှဲအပ်ထားသင့်ကြောင်း။

ဘုရားမြေ, ကျောင်းမြေဖြစ်သော ဝတ္တုကံမိုးမြေတို့မှထွက်သော ခွန်သီးတော်များကိုလည်း ဘုရင်ဧကရာဇ်မင်းမြတ်တို့ မသုံးထိုက်မသုံးအပ်၊ ဘုရား, ဂူ, ကျောင်း, တန်ဆောင်း, ဇရပ်စသည်တို့ကို ယိုယွင်းပျက်စီးသော် ပြင်ဆင်ရန်၊ ဝတ်မြေဝန်, အခွန်ဝန်, မဟာဒဏ်ဝန်တို့သို့ တာဝန်လွှဲအပ်၍ စာရင်းချုပ်စာရင်းကျယ်နှင့်တကွ ကသောင်းမြောင်တိုက်တွင် ထိန်းသိမ်းထားစေသင့်ကြောင်း။

http://www.dhammadownload.com



ရွှေနန်းရိုး လမိုင်းဆိုင်ရာ လယ်တော်ပယ်တော်မှ ထွက်သော ခွန်သီးတော်နှင့် တစ်နိုင်ငံမှဆက်သသော ထီးဆောင်းနန်းနေ ပဒေသရာဇ်ဖြစ်သော စော်ဘွား, စော်ခံတို့ထံမှ ရအပ်သော ပဏ္ဏာရွှေပန်း, ငွေပန်းစသည်တို့ကိုသာ ဘုရင်ဧကရာဇ်မင်းမြတ် သုံးထိုက်ကြောင်းကို အဓိပ္ပာယ်ပါလာသည်ဖြစ်၍ ဘဝရှင်မင်းတရားကြီးသည် ဤသို့ကြံတွေးအောက်မေ့တော်မူ၍ မိဖုရားကြီးနှင့်တိုင်ပင်တော်မူသည်။

ထို့နောက် ငါ၏အပါးတော်၌ရှိသော မှူးကြီး မတ်ငယ်တို့သည် ငါ မိန့်တော်မူသမျှကိုပင် ပြီးစီးကြသည်။ ဤသို့ပြီးစီးကြခြင်းသည် ငါ၏အကျိုးကျေးဇူးတော် ပျက်ဖွယ်ရာသာတည်း။ ပေါ်ဦးသည်သာလျှင် ငါ၏အကျိုးတော်ကို လိုလားချေသည်။ ငါလည်း ဆင်ခြင်တော်မမူမိ၍ သဿမေဓ အခွန်တော်ငွေကို မြပုခက်တော်ပြုလုပ်ရန် မြဝယ်စေလွှတ်ရမည်ဟု မိန့်တော်မူမိခြင်းကြောင့်သာ ပေါ်ဦးသည်ငါ့အား ရှင်ဘုရင်ဝါး မဝဘူးဟုဆိုချေသည်။ ဤသို့ဆိုခြင်းသည်ကား ဆိုသင့်, ဆိုအပ်, ဆိုထိုက်လှသော အရာပင်တည်းဟု မိန့်တော်မူပြီးလျှင် ရှင်မိဖုရားကြီးနှင့်တကွ ရွှေနန်းဥကင်သို့ ညီလာခံထွက်တော်မူရာတွင် အမတ်ကြီးဦးပေါ်ဦးသို့ အောက်မေ့လွမ်းဆွတ်တော် မူလှသောကြောင့် မှူးမတ်ဗိုလ်ပုံအစုံအညီ၌ မိန့်တော်မူသည်မှာ. . . 'မောင်မင်းများ၊ ပေါ်ဦးသည် ကိုယ်တော်မြတ်ကို ပမာမထားအံ့ထင်၍ သိန္နီသို့ပို့နှင်တော်မူထားသည်မှာ ယခုနှံ့နာသဖြင့် ရှောင်ကြည်ဖွယ် ရှိလောက်ပြီဟုထင်တော်မူသည်။ တိုင်းပြည်ဆိုသည်မှာ သဘင်သည်နှင့် အရှုးရှိမှ ပြည်၏ကျက်သရေ စည်ကားချေသည်။ အိမ်ရှင်တို့မည်သည်ကား ကလေးသူငယ်ရှိမှ စည်ပင်ချေသည်။ နန်းတော် အိမ်တော်ဆိုသည်မှာလည်း လူရွှင်လူပျော် အရှုးတော်ရှိမှ အပျင်းပြေရာသည်။ သို့ဖြစ်၍ ပေါ်ဦးလည်း တစ်မြို့တစ်နိုင်ငံသို့ ပို့နှင်တော်မူထားသည်မှာ သင်း ပျင်းလှရှာတော့မည်။ မောင်မင်းများ အရှုးကိုပြန်ခေါ်၍ သနားတော်မူရင်း စားကျေးမြို့ရွာ အဆောင်အယာင်နှင့်တကွ ထားမြဲထားလိုက်ကြရမည်။

ဤသို့ အမိန့်တော်မြတ် မှတ်တော်မူသောကြောင့် အမတ်ကြီး ဦးပေါ်ဦးသည် နေပြည်တော်သို့ ပြန်ရ၍ ရှေးဌာနန္တရအတိုင်းပင် သူကောင်းပြုတော်မူပြန်သဖြင့် ခစားမြဲအတိုင်းပင် ခစားရပြန်၏။

http://www.dhammadownload.com



(အမှာ. . . အမတ်ကြီး ဦးပေါ်ဦးသည် သိန္နီနယ်ခြားမှ ဆက်လိုက်သော ရတုခြောက်ပိုဒ်တို့တွင် 'ရှင်မိုးစက်ရွေ' ချီသော ပဉ္စမပိုဒ်၌ပါသည့် (သ, သံ, ပု, က)ဟူသော အက္ခရာဖြင့် သိကြားခတ်နှိပ်သည့် ဘွဲ့တံဆိပ်ရှိတော်မူသော စေတီတော်ဟူသည်ကား မင်းကွန်းပုထိုးတော်ကြီးပင်တည်း။

ထိုအက္ခရာလေးလုံးကို ဆရာတော်ကြီးတို့ အနက်သမ္ဘွန်ကြသည်ကား. . .'သ'အက္ခရာမှာ သဗ္ဗောဒေဝါန မိန္တွေဟံ၊

'သံ'အက္ခရာကား. . . သမ္ဗုဒ္ဓဿ ဟိတေသိနော။ 'ပု'အက္ခရာမှာ. . . ပူဇံလောဟက္ကုဒ္ဒကာယ။ 'က'အက္ခရာမှာ. . . ကရောမိ ရာဇတုဋ္ဌိယာ'ဟု တစ်လုံးတစ်ပါဒစီထား၍ လေးပါဒဂါထာ ဖွဲ့စီပြီးလျှင်။ ဒေဝါန မိန္တွေ၊ နတ်အပေါင်းတို့ကို အစိုးရသော။ အဟံသဗ္ဗော၊ ငါသိကြားမင်းသည်။ ဟိတေသိနော၊ သတ္တဝါတို့၏ အစီးအပွားကို ရှာတော်မူသော။ သမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ရာဇတုဋ္ဌိယာ၊ မင်းတရားကြီး ကြည်ညိုနှစ်သက်စေခြင်းငှာ။ လောဟက္ကုဒ္ဒကာယ၊ ကြေးအုဌ်တို့ဖြင့်။ ပူဇံ ပူဇော်ခြင်းကို။ ကရောမိ၊ ပြု၏'ဟု အနက်သမ္ဘွန်တော်မူကြသတည်း။

ယင်းသည့် အက္ခရာ လေးလုံးကို သိကြားမင်း ခတ်နှိပ်ခြင်း၏ အကြောင်းအကျယ်ကို အလိုရှိမူ မင်းကွန်းပုထိုးတော်ကြီးသမိုင်း ကျောက်စာတွင် ကြည့်ရှုတော်မူကြကုန်။

ဤကား အလိုရှိသူတို့ အလွယ်တကူ ရတော်မူကြစေခြင်းငှာ အလျဉ်းသင့်၍ ထိုအက္ခရာလေးလုံးဂါထာကို ထည့်သွင်းရေးသားလိုက်သတည်း။)

ဤသည်လျှင် ဘဝရှင်မင်းတရားကြီး ရွှေစိတ်တော် ကျေအေး၍ အမတ်ကြီးဦးပေါ်ဦး သိန္နီမြို့နယ်မှ ပြန်ခဲ့ရသော အခန်းပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## အောင်မြေလောက ကျောက်စေတီစသော စေတီတော်များကို တည်ခြင်းနှင့် စပ်လျဉ်း၍ မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး လျှောက်ထားခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် ဇေတဝန်ဆောင်တော်၌ သက်နှုံးသားဖြင့် ထုလုပ်စီရင်အပ်သော ဟံသာသန ပလ္လင်တော်တွင် ရတနာသုံးပါးကို ပူဇော်တော်မူမြဲနေရာဖြစ်သည်နှင့် လျော်ညီစွာ ပူဇော်တော်မူပြီးလျှင် မယ်တော်, ခမည်းတော်, ဘိုးတော်, ဘေးတော်စသည်တို့အား ကုသိုလ်တော်ပြုသမျှတို့ကို အဖို့ဝေ၍ အမျှပေးတော်မူပြီးလျှင် ဤသို့မိန့်တော်မူ၏။

'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် ယခုအကြံတော် ဖြစ်ပွား၍ မိမိကိုယ်ကို မိမိစဉ်းစားတိုင်း ရှက်အားပိုတော်မူတော့သည်။ အဘယ့်ကို ရှက်သနည်းဟူမူကား ရှေးရှေးသော ဘေးလောင်းတော်, ဘိုးလောင်းတော် မင်းမြတ်တို့သည် ပါရမီဒါန ပုညမင်္ဂလာ ဆည်းပူးတော်မူရာဝယ် သိကြားလာ၍ မှိုင်းမ၏။ နတ်သားလာ၍ မှိုင်းမ၏ဆိုသောစကားသည် ထင်ရှားရှိချေ၏။ ထိုသို့ စကားရှိသည့်အတိုင်း သမိုင်းကျောက်စာ ရာဇဝင်နိပါတ် ဇာတ်ဝတ္ထုအစုံတို့ကို အကုန်အစင် သိမြင်စေခြင်းငှာ စာတော်ကိုကြည့်ရှုသောကာလတွေ့ကြုံရသည်မှာ သုဓမ္မပူရ သုဝဏ္ဏဘုံ သထုံပြည်ကြီးရှင် ဘုရင်သီဟရာဇာမင်းသည် နဂါးပျော်တောင်ထိပ်၌ နေထိုင်သော တိဿအမည်ရှိသော ရသေ့ထံမှ ရအပ်သောမြတ်စွာဘုရား ဆံတော်ဓာတ်ကို တည်ထားကိုးကွယ်ရာ ဤရသေ့၏ဦးခေါင်းနှင့်တူသော ကျောက်လုံးဟစ်ခုကို တောင်သမုဒ္ဒရာအလယ်မှ သိကြားမင်းသည် ယူဆောင်ဆက်သသောအခါ ထိုကျောက်လုံးကြီးကို သီဟရာဇာမင်းသည် ရွှေလက်သုံးတော်စွဲ သံလျက်တော်ဖြင့် လှစ်ဖွင့်ဖောက်ထွင်း၍ ဆံတော်ဓာတ်ကို သွင်းနှံဌာပနာရ၏ဟူသော စကားလည်းတစ်ရပ်။

ယင်းသည် ကေသဓာတု သွင်းထားပြုသော ကျောက်လုံးကြီးကိုလည်း နောက်သားနောင်လာတို့ အဓွန့်ရှည်စွာ သာသနာတော်မြတ်ကို ကြည်ညိုလေးစားရှိစေခြင်းငှာ မြတ်စွာဘုရားသခင်၏ ဣဒ္ဓိပာဒ်ရိယတော်ကို ထင်ရှားစွာ ချီးမြှောက်ထောက်ပံ့သောအားဖြင့် အံ့ဖွယ်ဘနန်း ရှိလောက်အောင်

http://www.dhammadownload.com



ထိုတောင်၏ အထွတ်ဦးစွန်း၌ တင်ထားကိုးကွယ်သည်တွင် သိကြားမင်းသည် ထိုကျောက်လုံးကြီးကို တောင်စွန်းမှ မလိမ့်မကျစေခြင်းငှာ ရွှေကြိုး၊ ငွေကြိုး၊ မိုးကြိုး၊ ပတ္တမြားစသော ကြိုးလေးစင်းတို့ဖြင့် ယခုထက်တိုင် ကူညီဆိုင်းထားရသည်ဟုဆိုသောစကားတစ်ရပ်။

အရိမဒ္ဒနာအောင်ချာ ရွှေပြည်ကြီးရှင် ဘေးလောင်းတော် ဘုရင်နော်ရထာမင်းကြီးသည်လည်း သက္ကရာဇ်လေးရာ့နှစ်ဆယ့်တစ်ခုတွင် ရွှေစည်းခုံဘုရားကို တည်ထားကိုးကွယ်တော်မူရာ သိကြားကူညီ၍ တည်သည်ဟူသော စကားတစ်ရပ်။

ထိုမှတစ်ပါးလည်း ယင်းသည့် ရွှေစည်းခုံဘုရားကို ထီးလှိုင်ရှင်မင်းကြီး ထပ်မံတည်ထောင်တော်မူသောအခါ သိကြားမင်းသည် ပန်းရံကြီးအယောင်ဆောင်၍ ကူညီသဖြင့် နေ့အခါလူတို့ပြုစီမံ၍ ဖောင်းရစ်တစ်ခုပြီးသော် ညဥ့်အခါ နတ်တို့တည်လုပ်၍ ဖောင်းရစ်နှစ်ရစ်ပြီးသည်ဟူသော စကားတစ်ရပ်။

ထို့ပြင်လည်း နတ်၊ သိကြား၊ မသည်ဟူသောစကားသည်လည်း ရှိ၏။ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့ တည်ထားသော ဘုရားစေတီတော်တို့မှာမူကား နတ်၊ သိကြားတို့ ကူညီသဖြင့် လူတစ်ရစ် နတ်တစ်ရစ်တည်ရသည်။ ကိုယ်တော်မြတ်တို့ ယခုတည်ထားတော်မူသော ဇေယျာပူရမြို့ရှိ 'အောင်မြေလောက' ကျောက်စေတီ၊ 'သသံပုက' သိကြားတံဆိပ် ခတ်နှိပ်ခဲ့သော မင်းကွန်းပုထိုးတော်ကြီးများကို တည်တော်မူရာမှာ ဘယ်နတ်၊ ဘယ်သိကြားမှ ကူညီစောင်မခြင်းအမှုကို မပြုသည့်အတွက် ဒါ၏ဘုန်းတော်သည် မထက်မြက်ရာ ကျချေသောကြောင့် အလွန်ပင် ရှက်တော်မူသည်'ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသောအခါ အမတ်ကြီး ဦးပေါ်ဦးက လျှောက်ထားပြန်သည်မှာ 'ဤအရာဝယ် ရွှေဘုန်းတော်ရှင် ဘုရင်ဧကရာဇ်မင်းမြတ်သည် ရှက်တော်မူဖွယ် မရှိပါ။ ရှေးမင်းရှေးမင်းတို့လက်ထက် တည်ထားသော ကုသိုလ်တော်တို့မှာ လူတစ်ရစ် နတ်တစ်ရစ်ထည်သည်ဆိုသည်ကား မှန်ပါ၏။ သိကြား'မ'သည်ဆိုသော စကားလည်း အမှန်ပင်ဘုရား။ ထိုသို့သိကြား၊ နတ်၊

http://www.dhammadownload.com



မရသည်ဆိုသောအကြောင်းမှာ ထိုမင်း ထိုမင်းတို့သည် ဆဒ္ဒန်ဆင်မင်းသခင် အရှင်ဘဝရှင်မင်းတရားကြီးကဲ့သို့ ဘုန်းတော်မကြီး၍ ဘုန်းမီးညံ့သောကြောင့် နတ်, သိကြားတို့ ကူညီရပါသည်။ ရွှေဘုန်းတော် နေဝင်း ထွန်းလင်းတောက် ပတော်မူသော ဘူပါလသခင် ဘဝရှင်မင်းတရားကြီး ဘုရားမှာမူကား မိမိ၏ ဘုန်းတန်းတေဇော် အာနုဘော်တော်သည် လောက်လုံပြည့်ဝရှိသောကြောင့် နတ်, သိကြားတို့ မကူညီသော်လည်း ပြုတော်မူသော ကုသိုလ်တော်တို့သည် ပြီးစီးနိုင်သည်သာဖြစ်၍ ကူညီညာဝိုင်း မှိုင်းမခြင်းအမှုကို ပြုစရာမရှိသဖြင့် မကူညီလာသည်ဟု မှတ်တော်မူ။

အဘယ်ကိုထောက်၍ သိရသနည်းဟူမူ ရှေးလူတို့ပြောသောစကား မှာ 'လူမစွမ်းနတ်မ'ဟူ၍ ဆိုပါသည်။ ဤစကားကို ထောက်သော် ရှေးမင်း တို့သည် လူချည်းပင်လျှင် စွမ်းရည်သတ္တိမရှိသောကြောင့် အရပ်ကူပါ, နတ် ဝိုင်းပါဟု ဆိုဘိသကဲ့သို့ နတ်, သိကြားတို့ ကူညီလာရသည်ဟု အမြဲနှလုံး ပိုက်ကျုံးတော်မူ၍ အရှက်တော်မယူသင့်ပါကြောင်းကို ရွှေဖဝါးတော်မြတ် အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟူ၍ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် လွန်စွာဝမ်းမြောက် တော်မူ၍ ပြုံးတော်မူပြီးလျှင် ဇေတဝန်ဆောင်သို့ပင် ပြန်၍ကူးတော်မူလေ၏။

ဤသည်လျှင် ဘဝရှင်မင်းတရားကြီးသို့ အမတ်ကြီးဦးပေါ်ဦး တင် သော ဘုရားတည်ခန်း စကားတစ်ရပ်ပြီး၏။

❖ ❖ ❖

## အောင်မြေလောကစေတီတော်၌ သိကြားမင်းချသော ရွှေပေလွှာနှင့် စပ်လျဉ်း၍ တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် 'အောင်မြေ လောက' ကျောက်စေတီတော်သို့ ရှေ့သုံးတပ်, နောက်သုံးတပ်နမန္တာဘက် အခင်းအကျင်းနှင့် တက်တော်မူ၍ ဖူးမြော်တော်မူသည်တွင် ဘုရားရင်ပြင် တော်ပေါ်၌ ရွှေဗိန္ဒုထိုး ပုရပိုက်လွှာနှင့် ရွှေပေလွှာရသည်ဖြစ်၍ နာခံတော် ကြီးများသို့ ဖတ်လျှောက်တင်စေရာ ယင်းသည့်ရွှေပေလွှာ၌ပါသော အဓိပ္ပာယ်

http://www.dhammadownload.com



တို့ကိုကြားနာတော်မူရသဖြင့် လွန်စွာနှစ်သက် ဝမ်းမြောက်တော်မူသော ကြောင့် အမတ်ကြီးဦးပေါ်ဦးကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။

'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် ဘုရားရင်ပြင်တော်မှ သိကြား ချထားသော ရွှေပေလွှာကိုရသည်။ ထိုသို့ရွှေပေလွှာရခြင်းသည်ကား လူမင်း ဘုန်းကြီး၍ နတ်မင်းမနေပိုင် ဆိုဘိသကဲ့သို့ ကိုယ်တော်မြတ် စံတော်မူသော တိုင်းနိုင်ငံတော်ကို ဘုရားသာသနာတော်သည် နေဝန်း, လဝန်းကဲ့သို့ ထွန်း လင်းစေခြင်းငှာ သာသနာဒါယကာ ဖြစ်တော်မူသည့်အတိုင်း သိကြားက ကူညီ ဆက်သသည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် ရွှေပေလွှာ၏ အဓိပ္ပာယ် အရမှာ ရတနာသုံးပါးကို မှီဝဲဆည်းကပ်၍ ဒါန, သီလ, ဘာဝနာကို ကြိုးစား အားထုတ်ကြကုန်။ ဤသို့ အားမထုတ်မူ၍ မေဃကာလတူဠဓဏ ဖြစ်လျက် နေသော သူတို့ကို ငါသိကြားမင်းသည် ဝေဿဝဏ္ဏနတ်ဆိုင်ရာ ကုမ္ဘဏ် တစ်ထောင်စေလွှတ်၍ မကောင်းသောရောဂါဆိုးတို့ဖြင့် တိုက်ဖျက်တော်မူ မည်'ဟု ပါသည်။ ထိုသို့ပါခြင်းကား ငါ၏အကျိုးတော်ဆောင်သာ ဖြစ်တော့ သည်။ ဤစာကို မောင်မင်းကြည့်စမ်းလော'ဟု အမတ်ကြီးဦးပေါ်ဦးလက်သို့ ပေးတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးသည် ရွှေပေလွှာ၌ ပါသည့်စာကို ဖတ်ပြီးလျှင် ဤသို့ဆို၏။ 'ဘဝရှင်ကေရာဇ်မင်းတရားကြီးဘုရား သနားတော် မူသော ရွှေပေလွှာသည်ကား အလွန်ပင်ကောင်းလှပါသည်။ ပင့်ရစ် သတ်ပုံ လုံးစုံခွဲထားတို့ မှန်မှန်ကန်ကန်လည်း ရှိပါသည်။ လက်ရေးလက်သားလည်း သေသေသပ်သပ်ရှိလှပါသည်။ စာစီစာကုံး အနွှန်းအဖွဲ့၌လည်း လိမ္မာလှစွာ စကားပြောလက်ာချောရှိပါသည်။ ပညာရှိတို့သည် စိတ်ကူးလွန်စွာ သွားပါပေ သည်။ ထို့ကြောင့် ပညာရှိဟု ခေါ်ပါပေသည်ဘုရား'ဟူ၍ ချီးမွမ်းလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ဟဲ့ ပေါ်ဦး. . သိကြားမင်း ဆက်သသော သိကြားချသည့် ရွှေပေလွှာကို ငါရတော်မူသည် ဟု မိန့်တော်မူနေသည်ကို အဘယ်ကြောင့် မောင်မင်းသည် ပညာရှိတို့တော် ပါပေသည်ဟု ပညာရှိများကိုသာ ချီးမွမ်း၍ နေဘိသနည်း'ဟု မိန့်တော်မူ ပြန်၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသောအခါ အမတ်ကြီးဦးပေါ်ဦးက ထပ်မံ၍ သံတော်ဦးတင်သည်မှာ 'ဘုရားရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် ထူးမြတ်စွာသော ရွှေပေလွှာကိုချီးမွမ်းဖွယ်ရာ မကုန်သေးသောကြောင့် ချီးမွမ်းရန် ကြွင်းကျန်ပါသေးသည်ဘုရား'ဟု တင်လျှောက်လေ၏။

ထိုသို့တင်လျှောက်သောအခါ ဘဝရှင်မင်းတရားကြီးက မေးတော်မူသည်မှာ 'ပေါ်ဦး၊ မောင်မင်း ငါ၏ရွှေပေလွှာကို ဘာများဖျက်ဆီးလို၍ အချီးမွမ်းမကုန်နိုင်အောင် ချီးမွမ်းဖွယ်ကျန်နေပြန်ရသနည်း'ဟု မိန့်တော်မူသောအခါ အမတ်ကြီးဦးပေါ်ဦးက ဤသို့တင်လျှောက်ပြန်၏။

'ဤရွှေပေလွှာကို ဘုန်းတော်ကြီးမြတ်တော်မူသော ဘဝရှင် မင်းတရားကြီးဘုရား ရတော်မူခြင်း၌လည်း ရွှေပေလွှာဟု အခေါ်မျှသာ ရှိရချေသည်။ စင်စစ်မူကား ရွှေဗိန္ဓုထိုးဝါးပုရပိုက်ဖြူလွှာပင်တည်း။ ဤသို့ သိကြားဖြစ်လျက်နှင့် ဝါးပုရပိုက်ကို သုံးစွဲရသည်ဆိုရာ၌ သုဇာတာ, သုနန္ဒာစသော နတ်မိဖုရားတို့သြဇာကို သိကြားမင်းသည် ပယ်လှန်ဝံ့ဟန်မရှိ။ မယားကို ကြောက်ရသော သိကြားမင်းပင် ဖြစ်ဟန်ရှိ၏။ ယင်းသို့ မယားကိုကြောက်ရ၍ ပစ္စည်းဥစ္စာကို မပိုင်နိုင်ပါမူကား ရွှေဘုန်းတော်ကျွန်ဝန် ငပေါ်ဦးတို့အိမ်တောင်ဘက် တစ်အိမ်ခြားနေသူ 'ငကြူး'နှင့်သူငယ်ချင်းမယား 'မိစာအု' တို့လို ဖြစ်တန်ရာ၏ဟု သဘောပေါက်ရပါသည်။ 'ငကြူး'နှင့် မယား စာအုတို့အကြောင်းမှာမူ ဆင်းရဲသားတို့ဘာဝအလျောက် လုပ်ကိုင်ရှာကြံ၍ ရသမျှသောဥစ္စာပစ္စည်းများကို လုံးဝကုန်စင် မယားမိစာအုလက်သို့ အပ်နှံရပါသည်။ မအပ်နှံမူ၍ 'ငကြူး'သည် မိမိရသည့်ပစ္စည်းကို သိုဝှက်လက်ဝယ် သိမ်းဆည်း၍ ထားသည်ဟုထင်အံ့။ မယား 'မိစာအု'သည် အမြောင်တစ်ယောက်နှင့်ထွက်၍ သွား၏။ ထိုအခါ 'ငကြူး'သည် မိမိ၌မရှိသော်လည်း မိဘ, ဆွေမျိုးများအိမ် သို့သွား၍ ဥစ္စာကြေးငွေကိုချေးငှားပြီးလျှင် မယား 'စာအု'ရှိရာသို့ လိုက်ပြီး၍ 'စာအု'၏ သလုံးကိုဖက်ပြီးလျှင် ချေးငှား၍ ရခဲ့သမျှသောပစ္စည်းတို့ကို မိမိဝှက် ထားသောပစ္စည်းဟန်ပြပြီး၍ မျက်ရေသွယ်ကျနှင့် ရှိခိုးလျက်တောင်းပန်ပြီး ပေးရ၏။ ဤသို့ ကြိမ်ဖန်များစွာ ပြုရသဖြင့် 'စာအု'မှာမူ အလိုရှိသမျှသော ဝတ်စားတန်ဆာ အစုံအလင် ဆင်ယင်လျက် 'ငကြူး' မှာကား ခါးဝတ်စုတ်ပြဲဆင်းရဲ ဟောင်းနွမ်းပင်ပန်းမလှ နေရှာပါသည်။

http://www.dhammadownload.com



ဤယခု ရွှေပေလွှာချသော သိကြားမင်းသည် ပစ္စည်းဥစ္စာနှင့် ပတ်သက်သောအရာဝယ် ရွှေပေလွှာပြုလုပ်ရန် သုဒဿနအယုဇ္ဈပူရိန် တာဝတိန်ကို အာလိန်ငါးဆင့်နှင့်တကွ အစိုးရတော်မူသည်မှန်သော်လည်း တစ်မူး, တစ်ပဲခန့်မျှ လက်ဝယ်ကိုင်၍စွဲသုံးရသည့်ဟန်မရှိ။ သုဇိတာ, သုနန္ဒာ အစရှိသော် မယား'စာအု'တို့ကိုသာ လုံးဝစုပုံအကုန်အပ်နှင်းရသည့်ဟန် ရှိယောင်တကား။ မင်းတရားကြီးဘုရား ဘုန်းတော်ဒဏ်ကို မခံဝံ့ခြင်းကြောင့်သာ မရှိမဲ့ ရှိမဲ့နှင့် ဝါးပုရပိုက်လွှာဖြင့် ရွှေပေလွှာလုပ်၍ ရေးသားချထားဟန်ရှိ၏။ သို့အတွက် သိကြားမင်းဖြစ်လျက် မယားကြောက်ရခြင်းကို လွန်စွာအံ့ဩပါသည်။

ထို့နောက်အထူးအံ့ဩရန်မှာ ဤဝါးပုရပိုက်ကိုလုပ်၍ရောင်းသော ရှမ်းလူမျိုးများလည်း တာဝတိံသာသိကြားမင်းထံသို့ ရောက်အောင်သွား၍ ရောင်းချနိုင်သောကြောင့် ရှမ်းတို့အား အထူးသာလွန်၍ ချီးမွမ်းဖွယ် ကောင်းပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား' ဟူ၍ တင်လျှောက်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက ပြုံးတော်မူလျက် မိန့်တော်မူသည်မှာ 'အင်း' ပေါ်ဦးပြောလည်း ပြောစရာပေပဲ မောင်မင်းများ၊ ကိုယ်တော်မြတ်တို့ကပင် မဆင်မခြင်လုပ်ပြီး ရွှေကလေးငါးကျပ်, တစ်ဆယ်ကိုမြင်မိခြင်းကြောင့် ပေါ်ဦးဖျက်သမျှကို ခံကြရသည်ဆို၍ ပြုံးတော်မူလျက် စံတော်မူ၏။

**ဤလည်း အမတ်ကြီး 'ဦးပေါ်ဦး'၏လျှောက်ထုံးတစ်ချက်ပင်တည်း။**

❖ ❖ ❖

## မင်းတရားကြီးသည် နိဗ္ဗာန်၏ ဝိမုတ္တိရသကို မေးတော်မူခြင်း

အခါတစ်ပါးသော် ဘုရင်ဧကရာဇ်မင်းတရားကြီးသည် ဗောင်းတော်ဆောင်တော်တွင် သရက်သားဖြင့် ပြုလုပ်စီရင်အပ်သော ခရုသင်းခံသည့် သဒ္ဒါသနပလ္လင်တော်သို့ ထွက်စံတော်မူ၍ ဘုရင်မင်းမြတ်တို့တရားစကားဖြင့် ဆွေးနွေးသည့်နေရာတော်ဖြစ်သည်နှင့်လျော်ညီစွာ ဝန်ကြီး၊ အတွင်းဝန် စသည်

http://www.dhammadownload.com



တို့နှင့်တရားရေးဆွေးနွေး မေးမြန်းတော်မူ၏။ ထိုသို့ဆွေးနွေးတော် မူသည့် အခါဝယ် ဘဝရှင်မင်းတရားကြီးက ဦးပေါ်ဦးကို ဤသို့ မေးတော်မူ၏။

မေးဟန်ကား. . . 'ပေါ်ဦး ငါသည် "နိဗ္ဗာန သစ္ဆိကိရိယာစ"ဟူသော မင်္ဂလာတရားတော်ကို ဘုရားသခင်ဟောတော်မူသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဓမ္မာရမ္မဏအာရုံ ထုံတော်မူသည်။ "ကာလေနဓမ္မသဝနံ" ဟူသော မင်္ဂလာတရားလည်းတစ်ပါး။ "ကာလေနဓမ္မသာကစ္ဆာ"ဟူသော ဒေသနာတော်လည်းတစ်ရပ်။ ဤနှစ်ရပ်သော မင်္ဂလာတို့ကို ဖြစ်ပွားစေခြင်း အကျိုးငှာ တရားတော်ကိုလည်း နာ၏။ တရားတော်မြတ်ကိုလည်း ဆွေးနွေး မေးမြန်းတော်မူရာ သာသနာပိုင် အစရှိသော တိပိဋကဓရ ပရိယတ္တိဝိသာရဒ ပိဋကတ္တယကောဝိဒဉာဏ် သန်မြန်စည်ကား ဉာဏ်သွားဝဇီရိန် နှိုင်းချိန် ဖောက်ခွဲအံ့အဲ မကုန်နိုင်အောင် အာဂုံဆောင်ရ ဓမ္မကောသလ္လ တံဆိပ် ရ ဆရာတော်များကိုပင် အကြိမ်ကြိမ်လျှောက်ထား တောင်းပန်ငြားသော် လည်း နိဗ္ဗာန်၏အရသာကို ဘယ်အခါမှလျှင် ချို၊ချဉ်၊စပ်၊ငန်၊အဖန်၊အခါး ခြားနားမိန့်မြွက်၍ အချက်ကျနဟောကြားနိုင်ကြသည်မရှိ။

ဤသို့သေချာစွာ ဟောတော်မမူနိုင်ကြသဖြင့် ငါကိုယ်တော်အရှင် မြတ်သည်လည်း နိဗ္ဗာန်ရသမုချဧကန် သိတော်မူလိုသော သမ္မာဆန္ဒအာသီ သကြောင့် အဓိမောက္ခတရား မဖြစ်ပွားနိုင်ခြင်းသည် များစွာပင် စိတ်ဆင်းရဲ တော်မူ၏။ "ပဝရာဘိပဝရက္ကစ္ဆိတာဘိက္ကစ္ဆိတ" နိဋ္ဌိတာဘိနိဋ္ဌိတ သဗ္ဗဒေါ လောကတ္တဟိတာဝဟော သုံးလောကမှန်ကူ သယမ္ဘူမြတ် ဝိသုဒ်နတ်သည် ဟောတော်မူအပ်သော ဒေသနာတော်မှာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ဂါထာ၌ "သဗ္ဗရသံ ဓမ္မရသံဇိနာတိ"ဟူသော အဆုံးဝါကျကို ဟောတော်မူရာ ဝယ် အဓိပ္ပာယ်ကား တရားတည်းဟူသော အရသာသည် အဘယ်အရသာ နှင့်မျှမတူ။ ရသာဟူသမျှတို့ထက် မြိန်ရှက်ကောင်းမြတ်လှသည်သာ ဖြစ်ရကား ရသာဓိပတိရသာဇေယျရသုတ္တမပင်ဟု ဟောတော်မူသည်။

ဤသို့ဟောတော်မူခြင်း၌လည်း ဓမ္မရသဟူသည် လောကုတ္တရာ တရားကိုးပါးကိုပင် ဆိုသည်မဟုတ်လော။ လောကုတ္တရဓမ္မကို ဆိုသည်ဖြစ် ဘိသော် နိဗ္ဗာန်သည် ထိုကိုးပါး၌ အပါအဝင်ဖြစ်ချေသည်။ ဤသို့ဖြစ်ပြန်

http://www.dhammadownload.com



ကလည်း "သဗ္ဗရသံ နိဗ္ဗာနရသံ ဇိနာတိ"ဟူ၍ဆိုရာရောက်ထိုက်သည် ဖြစ်ဘိ မူကား နိဗ္ဗာန်၏အရသာကို ချို၊ ချဉ်၊ စပ်၊ ဖန်၊ အငန်၊ အခါးဟူ၍ ခြားနားစွာ သိသာအောင်ပင် ပါဠိ အဋ္ဌကထာ ဋီကာစသည်တို့၌ ပါရှိလိမ့်မည်ဟု ထင် တော်မူသောကြောင့် ကိုယ်တော်မြတ်သည် အားပါးတစိုက် စာကြည့်တော် မူသည်။ ဤသို့စာကြည့်တော်မူသော်လည်း အဘယ်မည်သောကျမ်းဂန်မှာမှ မရှိ၍ နိဗ္ဗာန်၏ရသကို လွန်စွာပင်သိတော်မူလိုသည်။ မောင်မင်းသည် ထင် လင်းခြားနားအောင် ငါ့အားသံတော်ဦးတင်နိုင်လျှင် တင်လျှောက်စေချင် သည်'ဟု မိန့်တော်မူလေ၏။

## အမတ်ကြီးဦးပေါ်ဦး၏ အဖြေလျှောက်ထုံး

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ-

မိုးကြိုးစက်ရှိန်၊ ဝဇီရိန်သို့၊ တေဇိန်လက်ရှိ၊ ဘဝဂ်ထိမျှ၊ တက်ဘိ ဘုန်းဂုဏ်၊ ရိုက်ချုန်းတုန်အောင်၊ ဝသုန်စိုးထ၊ တန်ခိုးကြွလျက်၊ မျိုးမာ့မဟိန်၊ ကုအာပိန်ဟု၊ သမ္ဘိန်နာထ၊ ပြဟ္မာခသည်၊ ပရမဥက္ကဌ်၊ သတိုးနတ်။

မှတ်တော်မူအင်၊ ရွှေနားဆင်လော့၊ လျှောက်တင်တုံလတ်၊ ပရမတ်၌၊ မြတ်နိဗ္ဗာန်၊ ဓမ္မကန်တွင်၊ ရသံထူးခြား၊ ပမာအားဖြင့်၊ ဖဝါးတော်ကျွန်၊ မှန် အကန်ကို၊ မကျန်စေရ၊ ဉာဏ်ဝေဆလျက်၊ ခဏမကြာ၊ ဖြေဆိုပါမည်။ သေချာတည့်မှတ်သား နာတော်မူဘုရား။ (မဏိဆံကျောင်ချနည်း)

ဤကား စာဆိုတတ်သော အမတ်တို့ အလိုရှိအပ်သော စကားတို့ကို မတင်လျှောက်မီ စကားဖွယ်ရာ ဓမ္မတာဖြစ်သော ဆိုမြဲပလ္လင်ခံရတုပင်တည်း။

ဇေယျုတ္တမ ဇေယျမင်္ဂလာ ဇေယျာဘိသက်တန်ခိုးဘိတ်သော ဇေယိ ဋ္ဌိမသခင် ဘုရင်ကေရာဇ်မင်းတရားကြီးဘုရား၏ အမေးတော်မြတ်၌ နိဗ္ဗာန် ၏ရသ ဝိဝါဒါရမ္မဏဖြစ်ပွားတော်မူသည်ကို အတပ်မုချသိသာရသဖြင့် အဓိမောက္ခစိတ် ဖြစ်ပွားတော်မူလိုသည်ဟု မိန့်တော်မူရာဝယ် နိဗ္ဗာန်၏ အရသာကို ဘုရာ့ကျွန် ဝန်ပေါ်ဦးသည် အထူးမှတ်တော်မူရန် သံတော်ဦး တင်ဦးအံ့။ နိဗ္ဗာန်၏အရသာကို များစွာသော ကျမ်းဂန်တို့၌ ဘုရားကျွန်တော် ပင်လျှင် ငယ်စဉ်အခါကစ၍ အဋ္ဌထကာ ဋီကာထိုးလည်ရှာကြံကြည့်ရှုခဲ့ရာ

http://www.dhammadownload.com



အဘယ်မည်သော ကျမ်းဂန်မှာမှ မတွေ့မရှိပါ။ ထို့နောက် ရဟန်းသုံးဝါအရ တွင် သာသနာတော်၌ ငြီးငွေ့ခြင်းဖြစ်သဖြင့် သိက္ခာတော်မှ လျှော့သက်၍ လူထွက်ပြီးလာရာ ကျွန်တော်မျိုးများ ရပ်ရွာတွင် 'မိသာလှော်က်'ဆိုသူနှင့် ညီမ 'ဂျာရောက်'ဆိုသူတို့ကိုတွေ့မှ နိဗ္ဗာန်၏အရသာကို သေချာစွာကွဲပြား၍ ကြုံဆခြင်းတည်းဟူသော ဝိတက်တရားများ ငြိမ်းရပါတော့သည်။ ဤသို့ ဝိတက်ငြိမ်းသည့်နေ့မှစ၍လည်း ယင်းသည့်မိသာလှော့က်နှင့် မိဂျာရောက် တို့ ညီအစ်မကိုပင် ငါ၏ကျေးဇူးရှင် ဆရာများ ဖြစ်ချေသည် တကားဟု သဘောထားပြီးလျှင် မခြားနေ့စဉ် ကျေးဇူးတင်လျက် နေရပါတော့သည်' ဟူ၍ လျှောက်၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားက မေးတော်မူသည်မှာ 'ပေါ်ဦး. . . မိသာလှော့က်နှင့်မိဂျာရောက်တို့ ညီအစ်မနှစ်ယောက်ကြောင့် နိဗ္ဗာန်၏အရသာကို ကောင်းစွာမောင်မင်း သိရသည်ဆိုသည်ကို ငါ့အား လျှောက်ကြားဦးလော့'ဟု မိန့်တော်မူသဖြင့် ဦးပေါ်ဦးသံတော်ဦးတင်သည်မှာ 'သာလှော့က်နှင့်ဂျာရောက်တို့အကြောင်းမှာ အစ်မဖြစ်သူ သာလှော့က်ကား အပျိုဘုရား, ညီမဖြစ်သူဂျာရောက်ကား လင်ကွာဖြစ်ပါသည်။

တစ်နေ့သ၌ ဘုရားကျွန်တော်လည်း သူငယ်တို့ဘာဝအလျောက် ညဉ့်အခါ ရပ်ရွာတွင်လည်ပတ်ရာ သာလှော့က်နှင့် ဂျာရောက်တို့အိမ်အနီး သို့ရောက်လျှင် ဝါဖန်ခြင်း၊ ဗိုင်းလိပ်ခြင်း၊ ချည်ဝင့်ခြင်းစသောအလုပ်ကို နေ့စဉ် လုပ်ပါလျက်နှင့် ယနေ့အဖို့ရာမှာ အဘယ်အတွက်ကြောင့် မိသာလှော့က် နှင့် မိဂျာရောက်တို့ အလုပ်မလုပ်ဘဲ စောလျှစွာကပင် အိပ်ခန်းသို့ဝင်၍ အိပ် ကြသနည်းဟုသိလို၍ သူတို့အိပ်သော အခန်းနံရံဘေး ပဲထည့်သောပုတ်ကြီး နှစ်လုံးစပ်ကြားတွင်ထိုင်၍ သူတို့၏စကားကို တိတ်တဆိတ်နားထောင်ရာ အစ်မဖြစ်သူ မိသာလှော့က်က ဤသို့မေးပါသည်။ 'ညီမ ညည်းတို့လင်ယူကြ ခြင်း၏အရသာသည် ဘယ်လောက်ပင် ကောင်းသနည်း'ဟု မေးပါသည်။

ထိုအခါ ညီမဖြစ်သူ ဂျာရောက်က ပြောသည်မှာ အစ်မကြီး လင်ယူ ခြင်း၏ အရသာသည် အရသာတကာတို့ထက် ထူးကဲလွန်မြတ်လှပါသည်။ ရှိုး တွင်းခြင်ဆီကပင် စိမ့်ပြီးသွားအောင် ကောင်းပါသည်ဟု ပြောပြန်၏။

http://www.dhammadownload.com



အစ်မဖြစ်သူက တစ်ဖန်မေးပြန်သည်မှာ ညီမ အရသာတကာတို့ ထက်ထူးကဲလွန်မြတ်သည်ဆိုသော် ညီးတို့အရသာသည် အချို၊ အချဉ်၊ အစပ်၊ အဖန်၊ အငန်၊ အခါး၊ အဆိမ့် ဤခုနစ်ပါးတို့တွင် အဘယ်အရသာမျိုး ပေနည်းဟု မေးပြန်၏။

ညီမဖြစ်သူ ဂျာရောက်က ဤသို့ပြန်ပြောပါသည်။ အစ်မကြီး အစ်မကြီးမေးသောအရသာတို့တွင် အချို၊ အချဉ်စသည်ကို ကျွန်မဖြင့်ခွဲခြား၍ မပြောတတ်အောင် ရှိတော့သည်။ အကောင်းမှာမူကား ရိုးတွင်းခြင်ဆီသို့ ဆိမ့်၍ကိုယ်ပစ်လက်ပစ် ချစ်လှစွာသောလင်ကိုမှ စကားမပြောချင်လောက်အောင်ပင် နှုန်းခွေ နွမ်းယိမခိုမောဟိုက်လျက် မျက်ဖြူဆိုက်သွားမတတ် ကောင်းပါသည်။ ထိုသို့ ကောင်းခြင်းကို အဘယ်သို့ကောင်းသည်ဟု အချို အချဉ်ဟူ၍ အမည်မမည့်တတ်သော အရသာထူးကို နောင်အခါ အစ်မကြီး လင်ရလျှင် သိရပါလိမ့်မည်ဟုပြောပါသည်။

ဤစကားကို ကြားခဲ့ရာမှ ဘုရားကျွန် ဝန် ပေါ်ဦးသည် နိဗ္ဗာန်၏ အကြောင်းကို ကောင်းကောင်းကြီး သဘောကျခဲ့ပါသည်။ သို့ဖြစ်သည် ကြောင့် ဤနည်းကိုအမှီတံကဲပြု၍ ဘဝရှင်မင်းတရားကြီးဘုရား သိတော်မူလိုသော နိဗ္ဗာန်၏အရသာသည် ကောင်းသည်ကား မှန်ပါ၏။ သို့သော်လည်း အဘယ်အရသာမျိုးကောင်းသည်ကို ဘုရားကျွန်တော် အချိုအချဉ်ဟူ၍ အမည်မှည့်ပြီးလျှင် မတင်လျှောက်တတ်ပါ၊ သိတော်မူလိုပါလျှင် အစ်မကြီး လင်ရတော့ သေချာစွာသိတော်မူရလိမ့်မည် အကြောင်းကို ရွှေဖဝါးတော် မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်ထားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးတော် မတ်တော် တို့သည် များစွာပင် ရယ်မောကြလေသည်။ မင်းတရားကြီးကလည်း ပေါ်ဦး ကိုမေးလိုက်ရမှ ရှင်းရှင်းလင်းလင်း ရှိပေသည်ဟု မိန့်တော်မူလျက် အတွင်း တော်သို့ ဝင်တော်မူ၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံးတစ်ပုံပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## ကွဏ္ဍိပိဓ အစိန္တေယျကို မေးတော်မူရာတင်လျှောက်ဖြေဆိုခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီး ဦးပေါ်ဦးသို့ မေးတော်မူသည်မှာ 'ပေါ်ဦး၊ အောင်သူတကာတို့၏ ထွတ်ဖူး အောင်ညွှန့်ကို ခူးတော်မူသည့် အောင်တပ်မှူးဘုရင် သဗ္ဗညုရှင်တော်ဘုရား ကြီးသည် သာဝတ္ထိပြည် ပသေနဒီကောသလမင်း၏ ဥယျာဉ်တော်အနီး ကဏ္ဍမ္ဗ သရက်ပင်၌ တိတ္ထိတို့ကို ပြာဋိဟာတော်ဖြင့် နှိမ်နင်းတော်မူသောအခါ စတုတ္ထ ဈာန်ကိုဝင်စားတော်မူ၍ ထက်ဝန်းကျင်သော ကိုယ်တော်မှ မီးလျှံစိမ့်သောငှာ တေဇောကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာ ဇောသုံးကြိမ် ရေအလျဉ် ဖြစ်စိမ့်သောငှာ အာပေါကသိုဏ်းကို အာရုံပြုလျက်ပစ္စဝေက္ခဏာဇော သုံး ကြိမ်လေးကြိမ်၊ အရှိန်အလျှံနှင့်တကွသော ရောင်ခြည်တော်ဖြစ်စိမ့်သောငှာ နီလာဒိကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာဇောသုံးကြိမ် လေးကြိမ် အားဖြင့် များစွာသော ဝီထိစိတ်တို့ကို ဖြစ်စေတော်မူလျှင် ယခင်ပစ္စဝေက္ခဏာ သမာပတ်တို့၏ အာနုဘော်တော်ကြောင့် အထက်ဖို့ဖြစ်သော ကိုယ်တော်မှ မီးဟုန်သည် တောက်လတ်၍ လောကဓာတ်တစ်သိန်း၊ ထစ်ခြိမ်းပဲ့တင် သံရှည် ကြည်းဟည်း မြေကြီးခုန်လှိုက် ခတ်တုန်ရိုက်သော ယမိုက်သံကို ဖြစ်စေလျက် ဘဝဂ်တိုင်အောင် တပြောင်ပြောင်တက်လေ၏။

အောက်အဖို့ဖြစ်သော ကိုယ်တော်မှလည်း ရေအလျဉ်သည် တသွင် သွင်မိုးမိုးယိုစီးထွက်ဖြာလျက် စကြဝဠာနရန်းရစ်သန်းဖြိုးနက် မိုးကြိုးစက် ကဲ့သို့ အောက်ထက်အုပ်လွှမ်း တင်းကြမ်းနစ်မြုပ်သဲသဲရုပ်မျှသော ရေအလျဉ် သည်ဖြစ်၏။

ရှေ့အဖို့ ဖြစ်သော ကိုယ်တော်၊ နောက်အဖို့ဖြစ်သော ကိုယ်တော် မြတ်မှာ ထိုနည်းအတူသာလျှင်တည်း။ ဤသို့ မကြုံစဖူး အလွန်ထူးသော ဖြူးဖြူး ဖြိုင်ဖြိုင်အဆိုင်ဆိုင် အမွှာမွှာ ကမ္ဘာ၏ ကျက်သရေဖြစ်တော်မူ၍ အဟောအစ္ဆရိယ အဗ္ဘူတဓမ္မကို ဖြစ်စေတော်မူဘိသကဲ့သို့ ရေမီး အစုံစုံဖြင့် ပရိက္ခရာရှစ်ပါးကို လွယ်လျက်သာ သပမတ္တအမည်ရှိသော မုန်ညင်းဆန်ငယ် အတွင်း၌ ပကတိသော ကိုယ်တော်ဖြင့်ပင်လျှင် စကြံကြွသွားတော်မူနိုင်သည်

http://www.dhammadownload.com



ဟု ဆိုသောစကားသည် ဘုရား၏ သဏ္ဌာန်တော်သည် ပကတိလူတို့ကို မဆို နှင့်ဦး မဇ္ဈိမပုရိသတို့ထက်ပင် ကြီးမြင့်တော်မူသေးသည်ဟူသော စကားနှင့် ထောက်လိုက်လျှင် ငါ၏အထင်သည် ပေါတ္ထကာရုဋ္ဌ တင်ရာဝယ်ကျောင်းစာ ရေးတို့ အရေးချော်ချွတ်သောကြောင့်သာ မုန်ညင်းဆန်ဟု ဆိုလျက်ရှိရာ သည်။ စင်စစ်မူကား မုန်ညင်းဆန်မဟုတ်၊ မုညင်းခြံ၏အတွင်းမှာပင် စကြံကြွ တော်မူသည်ဟု အထင်ရတော့သည်ဟု မိန့်တော်မူ၏။

ဤအရာဝယ် ဘဝရှင်တော်မင်းတရားကြီးသည် အမတ်ကြီး ဦးပေါ်ဦးတင်ဟန်ကို ရယ်ရွှင်တော်မူလို၍ မေးတော်မူသော စကား မျှသာဖြစ်သည်။ စင်စစ်အားဖြင့် အထင်တော်ရောက်၍ မိန့်တော် မူသည်မဟုတ်ချေ။ ဤကား အမှာစကားချပ်တည်း။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ လော ကိဿရဘဝိဿရ ဓမ္မိဿရ ဓမ္မသာမိ မုနိပုင်္ဂဝ အနန္တဂုဏသမ္ဘာသဒမ္ဗုဒ္ဓ အနုတ္တ ရမာရဇိ မည်ရှိထင်းရှား ရှင်တော်ဘုရားတို့မည်သည်ကား အစိန္တေယျ အပ္ပမေယျ ဂုဏ်တော်ရှင် ဖြစ်တော်မူကြသောကြောင့် အဆူဆူသော ဘုရား ရှင်တို့မှာပင်လျှင် တစ်ဆူသော ဘုရားသခင်သည် တစ်ကမ္ဘာပတ်လုံးတည်စေ လျက် အထွေထွေအံ့ဩ၍ အခြားသောကိစ္စကို ဟောချက်ခြင်းမရှိဘဲ ဤသို့ ချီးမွမ်းခြင်းဖြင့်သာလျှင် ချီးမွမ်းထုတ်ပြတော်မူ၍ နေပြားသော်လည်း ကောင်း ကင်ပြင်ပမာဏ ကျယ်ဝန်းလှသောကြောင့် ပြောပ၍မကုန်နိုင်ရာ ကမ္ဘာကပ် လုံးသာလျှင် ကုန်ကျွမ်းဖွယ်ရာ၏ဟု မိန့်တော်မူလိုသော အဋ္ဌကထာဆရာ အရှင်မြတ်သည်-

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပံပိစေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။

ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြတော်မူသည်။

**အနက်ကား. . .** ဗုဒ္ဓေါပိ၊ တစ်ဆူသော ဘုရားသခင်သည်လည်း။ ကပ္ပံ၊

http://www.dhammadownload.com



အစွန့်ရှည်စွာ တစ်ကမ္ဘာပတ်လုံး။ တိဋ္ဌန္တာ၊ တည်နေတော်မူလျက်။ အည၊ ဘုရားဂုဏ်ကျေးဇူးတော်မှ တစ်ပါးသော ဒါန, သီလစသည် များစွာ ဒေသနာကို။ အဘာသမာနေ၊ ဟောကြားတော်မမူဘဲ။ ဗုဒ္ဓဿ၊ တစ်ဆူသောဘုရားသခင်၏။ ဝဏ္ဏံ၊ သတင်းကျေးဇူး ဂုဏ်အထူးကို။ စေဘဏေယျ၊ အကယ်၍ ချီးမွမ်းပြောအံ့။ ဝါ၊ ပြောဟောပြောအံ့။ စိရဒီဃမန္တရေန၊ ရှည်မြင့်လှစွာ ကာလကြာသဖြင့်။ ကပ္ပေါပိ၊ ကမ္ဘာသည်လည်း။ ခီယေထ၊ ကုန်ကျွမ်းလေရာ၏။ ထထာဂတဿ၊ တစ်ဆူသောဘုရားရှင်၏။ ဝဏ္ဏော၊ သတင်းအထူးဂုဏ်ကျေးဇူးသည်။ နခီယေထ၊ မကုန်နိုင်ရာ။

ဤသို့ အဋ္ဌကထာပါဠိ လာရှိသည်ကို ထောက်ဆ ဆင်ခြင်သော် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တော်တို့သည် ချီးမွမ်းပြောပ၍ မကုန်မခန်းနိုင်သော ဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော် မူကြောင်းကား ထင်ရှား၏။

ထိုသို့ ဘုန်းတော်ဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူလှသော မြတ်စွာဘုရားတို့ကိုပင် မုန်ညင်းဆန်အတွင်း၌ မီးအလျှံ, ရေအလျှံ အစုံအလင်ဖြင့် ပရိက္ခရာ ရှစ်ပါးကို လွယ်လျက် ပကတိသော ကိုယ်တော် အတိုင်းပင် စကြႍကြွသွားတော်မူသည်ဆိုသောစကားကို သက်ာမကင်းယုံမှား ခြင်းရှိသဖြင့် အတိ ဝိတက္ကဖြစ်ပွားတော်မူလျက် မုန်ညင်းခြံ၏အတွင်းမှာပင် ဟုတ်တန်ရာ၏ဟု ယူဆတော်မူခြင်းသည် လူသာမန်တို့ မကြုံစဖူး လူအပေါင်း ကပင်လျှင် ငါတို့ ဘဝရှင်မင်းတရားကြီးဘုရားသည် သူတစ်ထူးတို့ထက် သာလွန်၍ ရွှေဉာဏ်တော် စူးရောက်ပေသည်ဟု ချီးမွမ်းဖွယ်ကြီး ဖြစ်ပါ ကြောင်းကို ရွှေဖဝါးတော် မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား' ဟု လျှောက်ထားလေ၏။

ယင်းသို့ ရွှေဉာဏ်တော် စူးရောက်ပေသည်ဟု အမတ်ကြီးဦးပေါ်ဦး က တင်လျှောက်လိုက်သော် ဘဝရှင်မင်းတရားကြီးဘုရားက မိန့်တော်မူ သည်မှာ 'ဟာ ပေါ်ဦး. . . မောင်မင်းသည် ငါ့အား အရူးဆိုတော့သည်' ဟု မိန့်တော်မူပြီးလျှင် ပြုံးတော်မူလျက် အတွင်းဆောင်သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



ညီလာခံ သို့ ဝင်ရောက်ခစားလျက် ရှိနေကြသော မှူးမတ်ကြီးငယ်တို့လည်း များစွာ ရယ်မောလျက် ညီလာခံပြီး၍ အတွင်းတော်မှ ထွက်ခဲ့ကြလေ၏။

**ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး၏ လျှောက်တင်ခြင်းတစ်ပုံပြီး၏။**

❖ ❖ ❖

## ထီးတော်မိုးရာဝယ် ပရိယာယ်ဖြင့် တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ရွှေနန်းတော်ကြီး ပတ်လည်သို့ လှည့်လည်ကြည့်ရှုတော်မူရာ နောက်တော်မှလိုက်၍ ထီးမိုးရသော ထီးဖြူတော်မိုးသည် ဘဝရှင်မင်းတရားကြီး အပါးတော်သို့ ချဉ်းကပ်၍ မိုးချေသော် ဝတ်လဲတော်ရွှေပုဆိုးမြိတ်အစွန်းသည် လွန်စွာရှည်သဖြင့် နင်းမိမည်ကို စိုးခန့်ကြောက်ရွံ့ရကား အနည်းငယ်ကွာလှမ်းသော အရပ်မှ ထီးဖြူတော်ကို မိုးလေ၏။

ဤသို့ကွာလှမ်းသောအရပ်မှလိုက်၍ မိုးသောအခါလည်း ဧကရာဇ်မင်းမြတ်သို့ ထီးရိပ်မလုံရှိချေ၍ နေခြည်စက်ရှိန် ခချေ၏။ ထိုသို့ရှိ၍ ထီးဖြူတော်မိုးသည် ထီးမိုးရန်အကြံခက်သဖြင့် တောင်ဥယျာဉ်တော်အတွင်း လေသာစံနန်းတော်တွင် မင်းတရားကြီးဘုရား ခေတ္တမျှစံပယ်တော်မူစဉ် အမတ်ကြီးဦးပေါ်ဦးသို့ ချဉ်းကပ်၍ ဤသို့ပြောကြားလေ၏။ "မင်းဘုရား. . . ကျွန်တော်မျိုးသည် ဘဝရှင်မင်းဧကရာဇ်မင်းမြတ်၏ အမှုတော်ထမ်းရခြင်းသည် အသက်ကိုစွန့်စား၍ နောက်တော်ကလိုက်ပြီးလျှင် ခစားနေရပါသည်။ သို့ဖြစ်သည်ကြောင့် ဤကိုယ်နှင့် ဤအသက်ကို မပျက်မကြွေနေရထိုင်ရခြင်းငှာလည်း မင်းဘုရားသာ ကယ်ဆယ်တော်မူနိုင်စရာ ရှိပါသည်'ဟု အမတ်ကြီးဦးပေါ်ဦးသို့ လျှောက်ထားလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက မေးသည်မှာ အဘယ်အတွက်ကြောင့် အသက်ကို ကယ်ဆယ်ရမည်နည်းဟုဆိုသော် ထီးဖြူတော်မိုးသည် မိမိထီးမိုးခက်ကြောင်းကို ပြန်ပြောင်း၍လျှောက်ထားသောအခါ အမတ်ကြီးဦးပေါ်ဦးက ပြောသည်မှာ 'မစိုးရိမ်နှင့်၊ မောင်မင်းအသက်ကို ငါကယ်မည်၊ ငါ့အား ကယ်စားဘယ်မျှ ပေးမည်နည်း'ဟုဆိုသော် ထီးဖြူတော်မိုးက လျှောက်

http://www.dhammadownload.com



သည်မှာ. . . 'မင်းဘုရား. . . ကယ်ဆယ်တော်မူလျှင် ရွှက်နီနှစ်ပိဿာ တန်ဘောင်းဝတ်ဖြူ မြင်းတစ်စီးပေးပါမည်'ဟု လျှောက်ထားလေ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးသည် ကောင်းပြီဟု ဝန်ခံ၍ ဘဝရှင် မင်းတရားကြီးဘုရား လေသာစံနန်းတော်မှ သက်တော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူရာဝယ် ထီးဖြူတော်မိုးလက်မှ ထီးဖြူတော်ကို ယူပြီးလျှင် ဘဝရှင် မင်းတရားကြီးအားမိုး၍ လိုက်ပါလေ၏။

ဤသို့အမတ်ကြီး ဦးပေါ်ဦးသည် ထီးဖြူတော်ကိုမိုး၍ နောက်တော် က လိုက်ပါသောအခါ တံခါးနီတော်အတွင်းသို့ရောက်လျှင် မင်းတက်လှေကား တော်မရောက်မီ ထီးဖြူတော်ကို ဘုရင်မင်းမြတ်ရှိရာသို့မဆောင်းမူ၍ အရပ် တစ်ပါးသို့ လမ်းလွှဲပြီးလျှင်မိုး၍လိုက်လေသော် ဘဝရှင်မင်းတရားကြီးသည် ဤသို့မိန့်တော်မူ၏။

'ဟဲ့ပေါ်ဦး. . . ထီးဖြူတော်ငါ့အား အဘယ့်ကြောင့် မမိုးမကာဘဲ လမ်းလွှဲ၍သွားဘိသနည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'လောက ဇေယ္ယနရာသဘ မဟာသမ္မတရာဇမိမိုင်း တိုင်းတိုင်းတကာတို့၏ ဦးစွန်း, ကျွန်း ကျွန်းတကာတို့၏ ဦးညွှတ်ရာရာဇာထက်ရာဇာဖြစ်တော်မူသော ဘဝသခင် အရှင်မင်းကြီးဘုရားအား ဘုရာ့ဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် အထူး သတိမူလျက်နောက်တော်မှ ထီးဖြူတော်ကိုမိုးကာ၍ လိုက်ရာ ရွှေစက်နင်းကြွ သောအသံကိုမျှသာကြား၍ ဘဝရှင်မင်းတရားကြီး ကိုယ်တော်သည် မပေါ် ရုပ်ဖျောက် အံ့လောက်စွာ သိဒ္ဓိပေါက်အမှန် ပဌမံတန်ခိုးတတ်ဝိဇ္ဇာအကျိုးဖြင့် မြေကို လျှိုး မိုးကိုပျံသဏ္ဌာန်တော်နိကာယ် မမြင်ကွယ်ပျောက်ခြင်းကြောင့် နောက်တော်လိုက်မိုးရာ အသွားခက်ရှိပါသည်။ သို့ဖြစ်သည် အရာတွင် ရွှေ ဘုန်းတော် ရှင်ဘုရင်မင်းတရားကြီးမှာ ပဝရာသိဒ္ဓိပြည့်စုံဘိ၍ ကြည့်ရှုမြင် ရှိစေဦး၊ ဝတ်လဲတော်ရောင် ပြောင်ပြောင်ဝင်းလျှံ ကေနံ့စွန်းမြိတ်သည် ဖိတ်ဖိတ်လက်လက် မြေထက်ဒရင့် တဝင့်ဝင့်ရှိသည်မှာ ရှိန်းဆာယာစွမ်းအင် နှင့်မြင်သင့်လျက် မမြင်ရှိသည်ကို လူဆိုလ်များစွာ အံ့ရာမကုန်ရှိဖွယ်ရာ ဖြစ်ပါ ကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'

http://www.dhammadownload.com



ဟု လျှောက်ကြားသောအခါ ဘဝရှင်မင်းတရားကြီးက ပြုံးတော်မူလျက် မိန့်ကြားတော်မူသည်မှာ 'တော်တော်ရှုပ်ပါတယ် ပေါ်ဦးရယ်၊ မောင်မင်း မကြိုက်လျှင် ငါတိုတို့ဝတ်ပါ မည်'ဆို၍ အတွင်းတော်သို့ ဝင်တော်မူဖူး၏။

ဤသို့လျှင် ရာဇပရိယာယ်ကိုနားလည်သိကျွမ်းတစ်ဖက်ကမ်းခတ် လိမ္မာလှ စွာသော ပညာရှိတို့တင်ထုံး တစ်ချက်ပင်တည်း။

❖ ❖ ❖

## ညီလာခံတွင် အပျော်တော်ဆက်လျှောက်တင်ခြင်း

အခါတစ်ပါးသော် ဘဝရှင်မင်းတရားကြီးသည် တောင်စမုတ်တော်ဆောင် ရေသဖန်းသားကို သားရဲရုပ်သဏ္ဌာန်စီရင်၍ မင်းတို့ဆွေးနွေးတိုင်ပင်ရန် ပြုလုပ်စီမံထားသော မိဂါသနပလ္လင်တော်သို့ ထွက်စံတော်မူရာဝယ် သားတော်, သမီးတော်စသော နန်းတွင်းရှိ မောင်းမငယ် ကိုယ်လုပ်တော်တို့ ကစား ပျော်ရွှင်စေရန် ရွှေမန်ကျည်းစေ့, ငွေမန်ကျည်းစေ့ စသည်တို့ကို ရွှေပန်းထိမ်တော် ငွေပန်းထိမ်တော်တို့အား မန်ကျည်းသီးမှဖြစ်သော မန်ကျည်းစေ့တို့ကို ပကတိကဲ့သို့ ပြုလုပ်စေ၍ ပြီးပြီးသော ရွှေမန်ကျည်းစေ့တို့ကို ရွှေတိုက်တော်ဆိုင်ရာ မှူးကြီး မတ်ကြီးတို့သို့ အပ်နှင်းလာသဖြင့် ရွှေတိုက်တော်ဝန် စသောသူတို့သည် ညီလာခံသို့ဝင်ရောက်ရာ ဘဝရှင်မင်းတရားကြီးအား အလုံးစုံပုံ၍ ဆက်သရသတည်း။

ဤသို့ဆက်သသောအခါ ရွှေမန်ကျည်းစေ့၏ ပုံသဏ္ဌာန်ကို ပကတိမန်ကျည်းစေ့နှင့်ပြိုင်ယှဉ်ကြည့်တော်မူပြီး၍ အညာအကြောတူမျှသော အဖြစ်ကို ချီးမွမ်းထောမနာတော်မူလျက် တစ်ခုသောရွှေမန်ကျည်းစေ့ကို ဘဝရှင်မင်းတရားကြီးသည် ရွှေလက်တော်နှင့်ကိုင်ပြီးလျှင် နှစ်ခုသော ရွှေမန်ကျည်းစေ့တို့ကို အရှင်မိဖုရားခေါင်ကြီးအား ကိုင်ထားတော်မူစေပြီးမှ အမတ်ကြီး ဦးပေါ်ဦးကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။

'ပေါ်ဦး. . . ငါ၏ရွှေလက်တော်၌ရှိသော ရွှေမန်ကျည်းစေ့နှင့် ရှင်မိဖုရား၏ လက်တော်ဝယ်ရှိသော ရွှေမန်ကျည်းစေ့သည် အဘယ်ကသာ၍ အရေအတွက်များသနည်း'ဟု မေးတော်မူ၏။

http://www.dhammadownload.com



ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'ဘုရား ရွှေဘုန်းတော်ကြောင့် အတူအမျှပင် ဖြစ်ပါသည်ဘုရား'ဟု လျှောက်ထားလျှင် ဘဝရှင်မင်းတရားကြီးသည် ဤသို့မိန့်တော်မူပြန်၏။ 'ပေါ်ဦး. . . မောင်မင်း ငါ၏ရွှေလက်တော်၌ရှိသော ရွှေမန်ကျည်းစေ့သည် တစ်စေ့မျှသာဖြစ်သည်။ ရှင်မိဖုရားလက်တော်၌ရှိသော ရွှေမန်ကျည်းစေ့သည်ကား နှစ်စေ့ဖြစ်၏။ ထိုသို့ တစ်စေ့နှင့်နှစ်စေ့ရှိကြသည်ကို အဘယ်ကြောင့် တူမျှသည်ဟု တင်ဘိ သနည်း'ဟု မိန့်တော်မူသော် အမတ်ကြီးဦးပေါ်ဦးက ဤသို့တင်လျှောက် လေ၏။ 'ဘုန်းတော်ကြောင့် ပါတော်မူရင်းနှင့်ရောကြသည်ရှိသော် တစ် ကိုယ်လျှင် သုံးစေ့စီ အညီအမျှ တူမျှကြပါသည်'ဟု တင်လျှောက်သည်ကို မှူးကြီး မတ်ချုပ် အစရှိသောသူတို့သည် လွန်စွာပင် ရယ်ရွှင်ခြင်း ဖြစ်ကြရ လေ၏။

ဘဝရှင်မင်းတရားကြီးနှင့်တကွသော ရှင်မိဖုရားခေါင်ကြီးတို့လည်း ပြုံးရယ်တော်မူလျက်ပင် အတွင်းဆောင်တော်သို့ ဝင်တော်မူ၏။

ဤသည်လျှင် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် ဘုရင်ဧကရာဇ်မင်း မြတ်သို့ အပျော်တော်ဆက်ခြင်း တစ်ခန်းပြီး၏။

❖ ❖ ❖

## ရွှေကြက်ယက်တောင်တွင် အပျော်တော်ဆက်လျှောက်တင်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် ရွှေကြက်ယက် ဘုရားသို့ ဘုရားဖူးထွက်တော်မူ၏။ ဘုရားအနီး ထီးဖြူတော်ရုံကြီးနှင့်တကွ သော စံနန်းတော်၌ စံပယ်တော်မူရာဝယ် ပျင်းရိတော်မူလှသဖြင့် အမတ်ကြီး ဦးပေါ်ဦးကို ခေါ်တော်မူ၍ အပျော်တော်ဆက်စေခြင်းငှာ ဤသို့ မိန့်တော် မူ၏။

'ပေါ်ဦး. . . ဤရွှေကြက်ကျကမ်းဘက်မှသည် ထိုမှာဘက်ကမ်း အစေခံဆိပ်သို့ရောက်အောင် မောင်မင်းကူးနိုင်ပါမည်လော'ဟု မေးတော် မူ၏။

http://www.dhammadownload.com



ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'ဘုရား ရွှေဘုန်းတော်ကြောင့် ဖဝါးတော်ကျွန်သည် ဤဧရာဝတီမြစ်မှုမက ဤမြစ် နှယ်ကို နှစ်သွယ်နှစ်ထပ် ရှိစေဦးတော့ မရပ်မဆိုင်းကူးနိုင်ပါကြောင်း'ဟု သံတော်ဦးတင်လေ၏။

ထိုအခါ မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . ဟုတ်မှ တင်ပါဟယ်၊ မောင်မင်းရေလယ်သို့ရောက်လျှင် သေနေမည်ကို 'စိုးရိမ်တော် မူသည်'ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ စိုးရိမ်တော်မူရန် မရှိပါကြောင်းဟု သံတော်ဦးတင်ပြီးလျှင် ခါးဝတ်ပုဆိုးကို အောက်ပိုးကျိုက်ကျိုက်ပြီးလျှင် ရွှေကြက်ကျ ဘုရားဆိပ်ကမ်းသို့ တအားပြေး၍ ရေဆိပ်သောင်ခုံသို့ရောက် သော် အထက်ဘုရားဆိပ်နှင့် အောက်ရေနန်းစံတော်မူသော ဖောင်တော်ဆိပ် သို့လူးလာစုန်ဆန် ကူးခတ်ပြေးသွားပြုလုပ်၍နေ၏။

ထိုအခါ ဘုရင်ဧကရာဇ်မင်းမြတ်သည် ဘိလပ်နိုင်ငံကို စတုတ္ထမြောက် စိုးအုပ်သောဘုရင်ဝီလျံမင်းက ဆက်သသည့်ဒိဗ္ဗစက္ခု မှန်ပြောင်းတော်ဖြင့် ရှုကြည့်တော်မူရာ အမတ်ကြီးဦးပေါ်ဦး၏ လူးလာကူးခတ်ပြု၍ နေခြင်းအမူ အရာကို မြင်တော်မူလျှင် ဤသို့မိန့်တော်မူ၏။

'မောင်မင်းများ. . . ပေါ်ဦးသည် ငါ့ထံမှာသံတော်ဦးတင်စဉ်အခါ ဤဧရာဝတီမြစ်ကို မဆိုထားနှင့်ဦး ဤမြစ်နှယ်ကို နှစ်သွယ်နှစ်ထပ်ပင် ဆီးတား လျက်ရှိသော်လည်း ပမာမပြုပါဘုရားဟု သံတော်ဦးတင်သည်။ ယခုမှာမူ သံတော်ဦးတင်သည့်အတိုင်း မဟုတ်ချေ။ ရေဆိပ်၌သာ လူးလာပြေးသွား ပြုလုပ်နေချေသည်။ သို့ဖြစ်၍ ပေါ်ဦးကိုရှေ့တော်သို့ သွင်းလိုက်ကြ မောင်း မင်းများ'ဆို၍ အခေါ်တော်လွှတ်ပြီးလျှင် ရှေ့တော်သို့ သွင်းကြရလေ၏။

အမတ်ကြီးဦးပေါ်ဦးသည် ရှေ့တော်သို့ခစားမိလျှင် မင်းတရားကြီး ဘုရားက မိန့်တော်မူသည်မှာ 'ပေါ်ဦး၊ ယခင်မောင်မင်းသည် ငါ၏ရှေ့တော် တွင် သံတော်ဦးတင်စဉ်အခါမှာ ဤမှာဘက်ကမ်းမှသည် ထိုမှာဘက်ကမ်း သို့ ကူးပါမည်ဟု တင်လျှောက်သည်။ ယခုမှာ အဘယ်ကြောင့် မောင်မင်း မကူးဘဲ နေဘိသနည်း'ဟု မိန့်တော်မူသော် ဦးပေါ်ဦးသည် ဤမှာဘက်ကမ်း

http://www.dhammadownload.com



မှ ထိုမှာဘက်ကမ်းသို့ ကူးသန်းမည်ပြုရာ လူးလာကူးခက် သဲသောင်စပ်တွင် လှေငယ်ကိုရှာဖွေနေပါသည်။ ဤသို့ရှာဖွေပါသော်လည်း လှေငယ်တစ်စင်းကိုမှ မမြင်မတွေ့၍ မကူးရဘဲရှိနေပါသည်'ဟု သံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ဟဲ့ပေါ်ဦး၊ လှေငယ်ရှာပြီးမှ ကူးမှာဖြစ်လျှင် လူတိုင်းပင်ကူးနိုင်ကြသည်သာတည်း။ ငါ ခိုင်းစေတော်မူသည်မှာ အလွတ်မဲ့ လက်ပစ်ကူးနိုင်ပါမည်လောဟု မေးတော်မူသည်။ ယခုတော့ လှေကလေးရှာနေပါသည်ဘုရားဟု သံတော်ဦးတင်ချေသည်။ ဤသို့သံတော်ဦးတင်ခြင်းသည် တော်ရော့လား'ဟု မိန့်တော်မူသော် ဦးပေါ်ဦးက တင်လျှောက်ပြန်သည်မှာ 'ဘုရားရွှေဘုန်းတော်ကြောင့် 'လူတိုင်းပင်' လှေကလေးနှင့်မှ ကူးနိုင်ကြသကဲ့သို့ ကျွန်တော်မျိုး ပေါ်ဦးသည်လည်း 'လူတိုင်းထဲကပင်'ဖြစ်ပါကြောင်း ရှိခိုးသံတော်ဦးတင်ပါသည်'ဟု လျှောက်ထားပြန်၏။

ထိုသို့လျှောက်ထားသည်ကို ဗိုလ်ရှုညီလာ အုတ်အာသောင်းလဲ ဖရဲဖရို ရယ်မောကြသည်တွင် ဘဝရှင်မင်းတရားကြီးလည်း ပြုံးတော်မူလျက် မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . မောင်မင်းမှာ ရှူးတယ်ဆိုတိုင်းပင် ရှူးတော့သည်'ဟု မိန့်တော်မူပြီးလျှင် ရွှေကြက်ယက်ဘုရား မဟာရံအတွင်းသို့ ဝင်တော်မူလေ၏။

ဤသည်လျှင် ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် ဘုရင်ဧကရာဇ်မင်းမြတ်သို့ အပျော်တော်ဆက်သခြင်း တစ်ခန်းပင်တည်း။

❖ ❖ ❖

## ထီးဖြူတော်လဲရာ၌ ဝန့်ရှင်တော်မင်းကြီးများ အတင်ခက်သည်ကို အမတ်ကြီး ဦးပေါ်ဦးလျှောက်ထားခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ပြည်ကြီးမွန် ဖောင်တော်ကို ခြေတော်တင်၍ ရေကြောင်း၊ ကြည်းကြောင်း လှေလောင်းရဲမက်ဖွဲ့ယှက်ခင်းကျင်းပြီးလျှင် မင်းဆွေစိုးမျိုး သားတော်၊ သမီးတော်၊ ဝန်ကြီး၊ အတွင်းဝန် အစုံအလင်တို့နှင့်တကွ ဗိုလ်ထုဝန်းရံလျက် မင်းဝံတောင်ဆွယ်

http://www.dhammadownload.com



သဲဖြူချောင်းအနီးတွင် မင်းကွန်းပုထိုးတော်ကြီးကို တည်ထားတော်မူရန် တောင်ကမ်းပါးယံ မြေကြွန်မဂ်လာ နေရာမဏ္ဍလင်ပြုပြင် စီမံတော်မူလို၍ နန်းတော်ကျွန်း စံနန်းတော်တစ်ဖက် ကြက်ထောင့်ဥယျာဉ်သို့ထွက်စံတော်မူ၏။

ထိုသို့ စံပယ်တော်မူစဉ် ထီးဖြူတော်ဆိုင်ရာအစုအမှုထမ်းသားတို့တွင် ထီးဖြူတော်ထိန်း၍ထားသော အစိုးသားတို့သည် ထီးဖြူတော်ကို ခုံတော်ဖြင့် စိုက်ထားပြီးလျှင် သူငယ်ချင်းတို့ ဘာဝအားဖြင့် စကားနှီးနှော ပြောဆို၍ နေကြသောကြောင့် ထီးဖြူတော်ကိုလေခတ်သဖြင့် မြေသို့လဲလေ၏။ ထိုသို့ ထီးဖြူတော်လဲသည်ရှိသော် များစွာသော အမှုထမ်းတို့သည် ကြောက်အားပိုလှိုင် မကြံနိုင်၍ လက်မှိုင်တွေချ နေကြရ၏။

အမှာ. . . ဤသို့ ကြောက်အားပိုလှိုင် မကြံနိုင်ဘဲ လက်မှိုင်တွေချ နေကြရခြင်း၏အကြောင်းရင်း ဓမ္မတာအခင်းလာကား မဟာသမ္မတမင်းမှစ၍ အသမ္ဘိန္နခတ္တိယဝံသ နရာဓိပအဆက်ဆက် လက်ထက်တော် အတန်တန် ရာဇဒဏ် ထားရိုးတွင် ထီးတော်မိုး ခြောက်ဆယ့်လေးတို့သည် မိမိတို့တာဝန်မဟုတ်ဘဲ ထီးဖြူတော်ကို ဖွင့်သော်လည်းကောင်း၊ ရုပ်သော်လည်းကောင်း ထမ်းဆောင်၍ လိုက်သော်လည်းကောင်းပြု၏။ ထိုသို့ပြုသော ခြောက်ဆယ့်လေးယောက်ကုန်သော ထီးတော်မိုးတို့၏ ရှိသမျှသော ဆွေခုနစ်ဆက်တို့အား သူတို့နှင့်တကွ အကုန်အစင်မီးလောင်တိုက်သွင်းရ၏။ အကြင် ထီးဖြူတော်ဖွင့်သူတို့နှင့်တကွ မိမိတို့တာဝန်မဟုတ်ဘဲ ထီးဖြူတော် မိုးခြင်း၊ ထမ်းဆောင်ထိန်းသိမ်းခြင်း ပြုမိ၏။ ထိုသို့ပြုခဲ့မူ သူတို့၏ ဆွေခုနစ်ဆက်တို့ကို သူတို့နှင့်တကွ မီးလောင်တိုက်သွင်းရ၏။ အကြင်ထီးဖြူတော် ရုပ်သောသူတို့သည် ထီးဖြူတော်ကို ဖွင့်သော်လည်းကောင်း၊ မိုး၍သော် လည်းကောင်း ထမ်းဆောင်ထိန်းထားခြင်းပြုသော်လည်းကောင်း၊ အထက် နည်းအတိုင်း ရာဇဒဏ်သင့်၏။

အကြင် ထီးဖြူတော် ထိန်းသူတို့သည် ထီးဖြူတော်ကို မိမိတို့၏ တာဝန်မဟုတ်ဘဲ ရုပ်သော် လည်းကောင်း၊ မိုးသော် လည်းကောင်း၊

http://www.dhammadownload.com



ဖွင့်သော်လည်း ကောင်းပြု၏။ ထိုသူတို့အား အထက်ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ရာဇဒဏ်သင့်၏။

ဤအရာ၌ ထီးဘုရားအဆက်ဆက် အထက်ပဝေဏီ ပြည်တည် နန်းစိုက်ဖြစ်ကုန်သော မင်းခေါင် မင်းဖျား မင်းတရားတို့သည် အဘယ့်ကြောင့် အဘယ့်အလို့ငှာ အဘယ်ကို နိမိတ်ကောက်၍ ထီးဖြူတော်နှင့် ပတ်သက်သည်တို့ကို ကြီးစွာသော အပြစ်ပေးသနည်း ဟူမူကား- လောက၏ အထွတ်သည် တိုင်းစိုး၊ ပြည်စိုးမင်းတည်း။

အရှင်စိုးမင်းတို့၏ အထွတ်သည် မကိုဋ်တည်း။ မကိုဋ်တော်၏ အထွက်သည် ထီးဖြူတော်ပင်တည်း။

ထိုသို့ တစ်ဆင့်ထက်တစ်ဆင့် အမြင့်အမြတ်ဟု ပြုလုပ်သမုတ်အပ်သော ထီးဖြူတော်သည် အကြင်အခါထိန်း၍ထားသူလက်မှ လဲ၏။ ထိုသူတို့ကို အထက်နည်းအတိုင်း စီရင်ရ၏။

အဘယ့်ကြောင့်ဆိုသော် ဘုရင်ဇကရာဇ်မင်းမြတ် ထင်ရှားရှိလျက်နှင့်ပင် ထီးကျိုးထီးလဲပြုသောကြောင့်တည်း။

ထိုသို့လဲသော ထီးဖြူတော်ကို မည်သည့်ရာကြီး၊ ထူးကြီး၊ မှူးကြီး၊ မတ်ကြီးမဆိုကောက်ယူထူထောင်လိုက်အံ့။ ထိုတည်ထောင်ကောက်ယူထူမိ သူကိုပင်လျှင် ဘုရင်ဇကရာဇ်မင်းမြတ်ကိုယ်တော်တိုင် ထင်ရှားရှိလျက်နှင့်ပင် ထီးသစ်-နန်းသစ်တည်ထောင်ရာ ရောက်ချေသောကြောင့် အထက်နည်းစီရင် ရ၏။

အကြင်သူသည် ထီးဖြူတော်လဲသည်ကို ထူလို၍ ဘုရင်ဇကရာဇ်မင်းမြတ်ထံ ဤသို့လဲသော ထီးဖြူတော်ကိုကောက်ယူ ထူစိုက်ရပါမည့်အကြောင်းဖြင့် အမိန့်တော်ခံအံ့။ ထိုသူကိုပင်လျှင် ဘုရင်ဇကရာဇ်မင်းမြတ်ထင်ရှားရှိလျက် မင်္ဂလာမှကင်းသော စကားကိုဆို၍ ထီးလဲသည်ဟု တင်ခြင်းသည် ဘုန်းတော်ကို အန်တု၍ ထီးသစ်ကောက်ယူ ထူစိုက်လိုသည်ဟူသော စကားကို ဆိုသူဖြစ်၍ ထိုသူ၏ ဆွေခုနစ်ဆက်ကို အထက်နည်းအတိုင်း စီရင်ရ၏။

http://www.dhammadownload.com



ဤကား ထီးဖြူတော်နှင့်စပ်ဆိုင်သော အရာဝယ် လွန်စွာခဲယဉ်းခြင်း၏ အကြောင်းကို ပြဆိုရာဖြစ်သော 'သေတဆတ္တသ ရာဇဒဏ္ဍသ ပရိယာယ်' ဟူသော ရာဇအင်္ဂါရ ကျမ်းမြတ်မိန့်အပ်သော ပါဠိလာရှိသည်နှင့်အညီ စီရင်ခြင်းပင်တည်း။

ဤကား အထူးမှတ်ရန်ကောင်းသောကြောင့် ထည့်သွင်းရေးသား၍ ပြလိုက်သော စကားချပ်ပင်တည်း။

ထိုသို့ထီးဖြူတော် လဲသောအခါ များစွာသောထီးဖြူတော်ထိန်းတို့သည် အထက်ဆိုအပ်ခဲ့ပြီးသော ရာဇဒဏ်ထိုက်သင့်ပြီဖြစ်၍ သက်ပင်ရှိုက်ရှူ အပူပိုလှိုင် လက်မှိုင်တွေချ အကြံမရရှိကြရာ မှူးကြီးချုပ်ဖြစ်ကုန်သော သက်တော်ရှည်ဝန်ရှင်တော်တို့သည် ထိုမှဤမှ မှိုင်းမကူညီရန် ဖန်တီးကြသော်လည်း ဉာဏ်ခရီးမရောက်သဖြင့် အပြီးမမြောက်နိုင်ရှိကြလေ၏။

ထိုရောအခါ လေးဖြာသောဝန်ရှင်တော်ကြီးတို့သည် အတွင်းဝန် ဦးပေါ်ဦးသို့ ချဉ်းကပ်ပြီးလျှင် ဤသို့ပြောဆိုတိုင်ပင်ကြလေ၏။

မောင်ပေါ်ဦး၊ ယခု ထီးဖြူတော်ထိန်းတို့လက်မှ လေညင်းခသဖြင့် ထီးဖြူတော်သည် မြေသို့လဲချေပြီ။ ၎င်းတို့သည် လွန်စွာအခက် အသက်အန္တရာယ်ဖြစ်ဖွယ်အကုန် ကြံသည်ကိုပင် ကူညီမှိုင်းမခြင်းကိုလည်း ကျွန်ုပ်တို့တစ်စု မပြုနိုင်ကြရာ သို့ဖြစ်လာကို မောင်ပေါ်ဦးသည်သာလျှင် ကြံနိုင်စရာရှိတော့သည်။ ဤအရာဝယ်ကူညီ၍ သူတို့အသက်ကို ကယ်ဆယ်နိုင်ပါမူကား များပြားလှစွာသော သတ္တဝါတို့အား ဇီဝိတက္ခယမရောက်ကြပါက မောင်ပေါ်ဦး၏ ဇီဝိတဒါနသာဖြစ်ချေရာသည်သာတည်းဟု ဆိုကြလေ၏။

ထိုအခါ ဦးပေါ်ဦးက လျှောက်ထားသည်မှာ ကျေးဇူးတော်ရှင် အရှင်မင်းကြီးဘုရားများမှာ သက်တော်ရှည်နှင်နှင် ဝန်ရှင်တော်ကြီးဖြစ်ပါလျက်နှင့်ပင် ဤအချက်ဤအရာကို ကြံရာမရရှိတုံသေး၏။ ကျွန်တော်မှာမူ အတွင်းဝန်မျှသာဖြစ်ပါ၍ အဘယ်မှာကြံနိုင်ရာ ရပါအံ့နည်းဟုလျှောက်ထားလေသော် လေးပါးသောဝန်ရှင်တော်ကြီးတို့သည် ဤသို့ဆိုကြပြန်၏။

'မောင်ပေါ်ဦး၊ ကျွန်ုပ်တို့သော်လည်း မကြံနိုင်သောနေရာမှာ မောင်ပေါ်ဦးသည် အဘယ်မှာ ကြံနိုင်ပါအံ့နည်းဟု ဆိုသောစကားသည် ဆိုသင့်

http://www.dhammadownload.com



ဆိုထိုက် ဆိုအပ်လှသည်သာတကား။ ထိုသို့ပင်ဖြစ်သော်လည်း မောင်ပေါ်ဦးသည် အရာဌာနဟူသမျှကို နားလည်သူလည်းဖြစ်ချေသည်။ မင်းရိပ်မင်းခြေ ဝါဒီဝါကျစကောပဒေသ ဝါကျဆေကရာဇပရိယာယ် အသွယ်သွယ်တို့ကို နားလည်သိကျွမ်း၍ မင်းခမ်း၌ တတ်ကျေပွန်လှသူဖြစ်သောကြောင့် မောင် ပေါ်ဦးမှတစ်ပါး အားထားရာမမြင်ကြ၍သာ တိုင်ပင်တိုက်တွန်းပြုကြရခြင်း ဖြစ်တော့သည်။ သို့ဖြစ်သည်တွင် ဤအရာဝယ် ကြံကြာတာရှည်ထိုစကားများ ပြားဖြိုင်ဖြိုင်တိုင်ပင်၍သာ နေကြပါသော် ဘဝသခင် အရှင်စိုးမင်း ဖြစ်ခြင်းကြောင်းရာ သိဖွယ်သာတည်း'ဟု ဆိုကြ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက လျှောက်ထားပြန်သည်မှာ. . . အရှင်မင်းကြီးဘုရားများမှ ကြံတော်မမူနိုင်သော အရာကိုကျွန်တော်ကြံစည်၍ ကူညီဖြင်းကိုပြုရမည်ဆိုသော် ကျွန်တော်အား တင်စားလျှောက်စားအဘယ်မျှပေးကြမည်နည်းဟုဆို၏။

ဤစကားကို ဝန်ရှင်တော်မင်းကြီးများကြားလျှင် လွန်စွာဝမ်းမြောက်ခြင်းဖြစ်ကြရကား ဤသို့ဆိုကြ၏။

'မောင်ပေါ်ဦး၊ တင်စားအဘယ်မျှပေးရမည်ကို မောင်ပေါ်ဦးပင်ကျွန်ုပ်တို့အား ကြားပါလော့'ဟုဆိုသော် ဦးပေါ်ဦးကလျှောက်ထားသည်မှာ 'ကျွန်တော်အား ငွေကောင်းမြန်မာချိန်နှစ်ရာပေးသော် ထိုသူတို့၏အသက်ကို ဘေးမဖြစ်စေအံ့'ဟု ဆို၏။

ထိုအခါ ဝန်ရှင်တော်မင်းကြီးလေးပါးတို့က မိန့်တော်မူကြသည်မှာ 'မောင်ပေါ်ဦး၊ ငွေကောင်းမြန်မာချိန်နှစ်ရာဆိုသည်မှာ အလွန်များပြားလှချေသည်။ ထိုက်သည့်အားလျော်စွာ တောင်းဆိုပါလော့'ဟု မိန့်ကြားတော်မူကြပြန်၍ အမတ်ကြီးဦးပေါ်ဦးက လျှောက်ဆိုသည်မှာ အရှင်မင်းကြီးဘုရားများသည် တစ်နှစ်တွင်ပင်လျှင် မြန်မာချိန်တစ်ရာစီရကြသည် မဟုတ်ပါလော့၊ ဤသို့မြန်မာချိန်တစ်ရာစီရတော်မူကြပါလျက်နှင့် ကျွန်တော်တောင်းဆိုသောအရာကို ထိုက်သည့်အားလျော်စွာ ဆိုပါလော့ဟုမိန့်တော်မူကြခြင်းသည် လွန်မင်းလှစွာ အံ့ဩဖွယ်ရာသာတည်း'ဟု ပြန်ကြားလျက် ဤသို့လျှောက်ဆိုပြန်၏။

http://www.dhammadownload.com



'အကယ်၍ပင် ကျွန်တော့်တောင်းဆိုသည့်အတိုင်း ငွေကောင်း မြန်မာချိန် ပိဿာနှစ်ရာကို ကဟာပဏအဖွဲ့၍ ရေတွက်လိုက်သည်ရှိသော် ကျပ်ချိန်အားဖြင့် နှစ်သောင်းမျှသာ ရှိပါသည်။ ယခုရာဇဒဏ် ထိုက်သင့်လျက်ရှိသော ရာဇဝတ်သားဖြစ်ကုန်သော ထီးဖြူတော်ထိန်းတို့သည် လူပေါင်းခြောက်ဆယ့်လေးယောက်ရှိကြပါသည်။ ထိုခြောက်ဆယ့်လေးယောက်သော သူတို့ကို လေးစိတ်ခွဲလိုက်သည်ရှိသော် တစ်စိတ်လျှင် တစ်ဆယ့်ခြောက်ယောက်စီ ရှိပါသည်။ ထိုသို့ရှိသော တစ်ဆယ့်ခြောက်ယောက်စီကို မင်းကြီးဘုရား တစ်ပါးလျှင် လူပေါင်းတစ်ဆယ့်ခြောက်ယောက်စီ ရပါသည်။ ထိုတစ်ဆယ့်ခြောက်ယောက်သောသူတို့ အနက်တွင်လည်း တစ်ယောက်တစ်ယောက်သောသူတို့၏ ဆွေခုနစ်ဆက်သည် လူပေါင်းအဘယ်မျှ များပါသနည်း၊ တစ်ဆယ့်ခြောက်ယောက်လုံးသော သူတို့၏ ဆွေခုနစ်ဆက်တို့မူကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ ဤသို့ တစ်ဆယ့်ခြောက်ယောက်သော ရာဇဝတ်သားတို့၏ ခုနစ်ဆက်ဝင်သူ အပေါင်းတို့ထံတွင် အလေးချိန်ငါးကျပ်စီသော်လည်းကောင်း သို့မဟုတ် တစ်ဆယ်စီသော်လည်းကောင်း ခွဲခန့်တောင်းခံတော်မူကြမည်ဆိုလျှင် ယခုမင်းကြီးဘုရားများက ထုတ်၍ပေးနှင့်ရသော အလေးချိန်ခွက်ငါးဆယ်စီကို တမ်းပိုးတက်၍ အမြတ်ထွက်နိုင်ပါသည်'ဟု ရှင်းလင်းလျှောက်ပြန်လေ၏။

ထိုအခါ ဝန့်ရှင်တော်ကြီးလေးပါးက ဤသို့ဆိုကြ၏။

'မောင်ပေါ်ဦး. . . မောင်ပေါ်ဦးဆိုတိုင်းပင် ပေးပါမည်။ ဘဝရှင်မင်းတရားကြီးသို့ တင်လျှောက်ပါချေ'ဟု မိန့်တော်မူလိုက်သော် ဦးပေါ်ဦးက ဤသို့ပြန်ကြား၏။

'ကျွန်တော်ယခု တင်ရမည်ဆိုသော် ယခုလက်ငင်းရမှပင် တင်နိုင်ပါမည်။ အကြွေးတင်လျှောက်ရမည်ဆိုသော် မင်းကြီးဘုရားများသည် နောင်မပေးနေပြန်က အတွင်းဝန်နှင့် ဝန်ကြီးလေးပါးတရားဘက်ပြိုင်ဆိုင်ရန်အရေး လွန်စွာခက်ခဲလှပါသည်။ သို့အတွက် ယခုလက်ဝယ်ရမှ တင်နိုင်ပါမည်'ဟု ဆိုလေ၏။

ထိုအခါ ဝန်ကြီးလေးပါးတို့က မိန့်တော်မူကြသည်မှာ 'မောင်ပေါ်ဦး၊

http://www.dhammadownload.com



ကျွန်ုပ်တို့နှင့်တကွသော မောင်ပေါ်ဦးသည် ထွက်တော်မူရာနောက်တော်မှ ပါခဲ့ကြသည်သာတည်း။ ဤသို့နောက်တော်က လိုက်ပါ၍လာသူချင်း အတူတူ ပင်ဖြစ်သည်အားလျော်စွာ မောင်ပေါ်ဦးသည် ဆင်ခြင်စဉ်းစားသင့်လှပါ သည်။ ရွှေပြည်တော်သို့ ဝင်တော်မူမှသာ ရနိုင်ဖွယ်ရာရှိပါမည်။ ယခုမူကား အဘယ်မှာပင် ဤမျှလောက်ငွေကို ရနိုင်ပါအံ့နည်း'ဟု ဆိုကြသော် ဦးပေါ်ဦး သည် ဤသို့ဆိုပြန်၏။

'အကယ်၍ပင် အရှင်ဝန်ကြီးဘုရားများသည် ကျွန်တော်ဆိုတိုင်း သောငွေကို မကြံနိုင်ရှိအံ့။ ကျွန်တော်လျှောက်ဆိုတိုင်းကို လိုက်နာတော်မူကြ ပါကုန်။ ယခုဘုန်းတော်ကြီး ထွက်တော်မူရာ လိုက်ပါတော်မူခဲ့ကြသည်ကား သားတော်, သမီးတော်မှစ၍ မင်းဆွေစိုးမျိုးတို့သည် များပြားစွာပင်ရှိကြသည်။ ဤသို့ များစွာရှိကြရာတွင် တန်ဆာလက်ကြပ်၊ လက်စွပ်၊ နားတောင်း၊ ဒက် ဘယက်၊ ရွှေဖလား၊ ရွှေသားတကောင်းဘုံစသော အဆောင်အယောင်တို့ သည် များစွာပါရှိကြသည်မဟုတ်လော၊ ထိုသို့ပါရှိသော မင်းညီမင်းသား မင်းဆွေစိုးမျိုးတို့ထံမှ မင်းကြီးဘုရားများ ခေတ္တငှားရမ်း၍ယူမည်ဆိုသော် အဘယ်မှာ မရဘဲရှိပါအံ့နည်း။ ထိုပစ္စည်းတို့ကို ကျွန်တော်အားပေးအပ်၍ ဘုန်းတော်ကြီးဘုရား ရွှေပြည်တော်သို့ဝင်သောအခါ ကျွန်တော့်ထံမှ ရွေး နှုတ်၍ အရှင်မင်းသားများထံ ပြန်၍ဆက်သနိုင်ပါသည်'ဟု လျှောက်ထား ပြန်လေ၏။

ထိုအခါ ဝန်ရှင်တော်ကြီးတို့သည် အတွင်းဝန်ဦးပေါ်ဦး၏ အဆို အတိုင်း မင်းဆွေစိုးမျိုး မင်းညီမင်းသားတို့ထံမှ လက်ကောက်၊ လက်ကြပ်၊ လက်စွပ်၊ နားတောင်း၊ တကောင်းဘုံ၊ ဒက်ဘယက်၊ သိကြားတက်၊ နဖူးစည်း၊ စိန်ခါးစည်း၊ ရွှေဖလား၊ ရွှေပန်းပွား၊ ရွှေစလွယ်တို့ကို ငှားရမ်းယူဆောင်၍ အမတ်ကြီးဦးပေါ်ဦး၏ လက်သို့ပေးအပ်ကြလျှင် ဦးပေါ်ဦးသည် ဤသို့ ဆို၏။

'ကျေးဇူးတော်ရှင် အရှင်မင်းကြီးဘုရားများ တင်စားပေးသနားတော် မူကြသော အထည်အလိပ်တို့သည် ငွေကောင်းမြန်မာချိန် နှစ်ရာ တန်ပါ မည်လော မတန်လောကို ကျွန်တော်သည် ရာပြတ်နှင့်ပွဲဖြတ်လိုပါသေးသည်' ဟု ဆို၏။

http://www.dhammadownload.com



ထိုအခါ ဝန့်ရှင်တော်မင်းကြီးတို့က ပြန်ကြားကြပြန်သည်မှာ 'မောင်ပေါ်ဦး. . . မောင်ပေါ်ဦး၏ ဘေးဘိုးဘဆိုင်, အမွေပစ္စည်းကို ထိုက်သင့်သည်အားလျော်စွာ ခွဲဝေ၍ယူရသောပစ္စည်းမဟုတ်ပါ။ ကျွန်ုပ်တို့သည်လည်း အရှင်မင်းသားများ လက်ဝတ်တော်တို့ကို မရွေးမနုတ် ပြန်မပေးနေဝံ့ကြမည်မဟုတ်၊ သို့ဖြစ်၍ ဤအရာဝယ် ကာလကြာဝတ္ထာပိုကဲပြစ်ချွဲသမှုပြု၍ ခုခါမနေပါနှင့်။ မြန်စွာသာလျှင် ဝင်၍တင်ပါလော'ဟု ဆိုမှဦးပေါ်ဦးသည် လက်ကောက် လက်ကြပ်စသော အထည်အလိပ်တို့ကို တစ်ခုသောပဝါဖြင့် ချည်နှောင်ပြီးလျှင် အဆောင်ကိုင် ဝန်စာရေးစသည်တို့အား လွှဲအပ်ထားခြင်းကိုမပြုမူ၍ မိမိလက်ဝယ်သာယူဆောင်လျက် ဘဝရှင်မင်းတရားကြီးဘုရား စံတော်မူရာသို့ ဝင်လေ၏။

အပါးတော်တို့ ဆိုက်ရောက်၍ ခစားမိသောအခါ မိမိအလိုရှိရာကို မတင်လျှောက်မီ စာဆိုတတ်သော အမတ်၊ စကားတောင်စားအမတ် စာဆိုတော်စသည်တို့၏ ပရိယာယ်ဖြစ်သော ဘုန်းတော်ဘွဲ့ရွှေနားတော်သွင်း ရတုဖြင့် ချီးကျူး၍သံတော်ဦးတင်ဟန်ကား. . . တေတ္တိသမည်၊ သိကြားပြည်ကို၊ နှစ် ရှည်လမြဲ၊ ဝက်လက်ခွဲ၍၊ လွှဲ့ကဲရွှေဘုန်း၊ ခွန်ဆိကြုံးသား၊ ရိုက်ချွန်းဒီပေါ်၊ လေးကျွန်းကျော်အောင်၊ တေဇော်ထက်မြက်၊ မြေဟည်းအက်ရ၊ စက္ကဝတ်နတ်၊ လောင်းမန္တတ်၏၊ နွယ်မြက်သမ္တိန်၊ ကံဉာဏ်ရှိန်လည်း၊ လျှံထိန်ဝင်းပတ်၊ မင်းသုဒသ်သို့၊ တုလွတ်ဝေယန်၊ သွင်နတ်ဖန်သည့်၊ ဆင်ဆဒ္ဒန်ပိုင်၊ တန်ခိုးလှိုင်သည်၊ ခရိုင်ဇမ္ဗူ၊ မကုဋ္ဌပဝရ၊ ဓဇထွန်းပြောင်၊ ကျွန်းဥသျှောင်။ တောင်ယုဂန်ဖျား၊ လှည့်လည်သွားသည့်၊ ရထားပုဏ္ဏမီ၊ ယုန်စန္ဒီကို၊ နှစ်ရာသီခ၊ သရဒ၌၊ ဂြဟတာရာ၊ ရံဝန်းလာသို့၊ ပမာတူစွာ၊ ဘူပါလလည်း၊ ရာဇအမစ္စ၊ ရံခြွေရွေ့နှင့်၊ ဖြန့်ရွှေစကြာ၊ ကွန့်မြူးရာတွင်၊ နောက်ပါခပင်း၊ မတ်တသင်းမှ၊ ထင်လင်းဝေဆာ၊ ဉာဏ်ရောင်ဖြာ၍၊ မဟာဘွဲ့သ၊ မင်းလှနော်ရထာ၊ သညာဘွဲ့ခံ၊ ရွှေခွန်းနံ့သာ၊ ဘုန်းလျှံလိုဘိ၊ နန်းပဏ္ဍိမို့၊ မန္တိနိထူး၊ မတ်ပေါ်ဦးဟု၊ သောက်ရှူးကြယ်မွန်၊ ဖဝါးကျွန်သည်။ ရှိညွှန်၍ဝပ်တွားရောက်ပြီဘုရား။ (ဤကားမဏိဆံကျင်ချခြင်းတည်း။)

ဤသို့ ဘုန်းတော်ဘွဲ့ရတုဖြင့် ရွှေနားတော်သွင်းလိုက်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် စံတော်မူသော သဥ္ဇာလီမှ ဦးပေါ်ဦးရှိရာသို့ လှည့်

http://www.dhammadownload.com



လည်တော်မူ၍ ကြည့်ရှုတော်မူပြီးလျှင် မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . မောင်မင်းခစားခြင်းသည် အခါမဲ့စွာတကား၊ အကြောင်းဘယ်သို့ ရှိသနည်း' ဟု မေးတော်မူ၏။

ထိုအခါ ဦးပေါ်ဦးက လျှောက်တင်သည်မှာ 'ရွှေဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် မကြုံစဖူး အထူးအံ့ရာမြင်ပါသဖြင့် လွန်မင်းစွာသော ဝမ်းမြောက်ဝမ်းသာ ရှိလှပါသောကြောင့် မင်္ဂလာနှင့်ဩဘာပြည့်ပြား ထိုစကားကိုလျှောက်ထား သံတော်ဦးတင်လိုပါ၍ အခါဆိုင်းလင့် အခွင့်ကိုမစောင့်သာသည်နှင့်အညီ စက်နှစ်လီဖျား ဦးညွတ်တွားလျက် အခစားဝင်ရပါသည်'ဟု သံတော်ဦးတင်လေ၏။

ထိုအခါ မင်းတရားကြီးသည် လွန်မင်းစွာပင် ဝမ်းသာတော်မူသောကြောင့် 'ပေါ်ဦး. . . ငါသည်ရွှေနားတော်မူလိုသည်။ အလျင်ပင် တင်လော့' ဟု မိန့်တော်မူ၏။

ထိုအခါ ဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ဘုရား ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးသည် လေးပါးသော ကဝိတို့တွင် ပဋိဘာဏကဝိကြီး စင်စစ်မဖြစ်သော်လည်း စိန္တာကဝိ, သုတကဝိ, အတ္ထကဝိအဖြစ်သို့ ရောက်နိုင်ရန် အားအင်တစ်စိုက် ပိုဒ်စုံရတုလူးတားမှုအဖြာဖြာ ပျို့ကဗျာမှမကျန်ရအောင် အဋ္ဌကထာဋီကာထိုးလည်း ပဋ္ဌိကလာပ် ပြို့ဟပ်လုံးစုံဝါသနာထုံသည်အတိုင်း ငယ်စဉ်ကပင် လုံ့လမယုတ် ကြိုးအားထုတ်လျက် မဟုဿာဟအမှုဖြင့် ကြည့်ရှုပျော်မွေ့ခဲ့ပါသည်။ ထိုသို့များစွာ စာကြည့်ရာ၌ နိမိဇာတ ကအဋ္ဌကထာတွင် ဘုရားအလောင်းတော် နေမိမင်းကြီးသည် ဘုန်းတန်ခိုး ကြီးတော်မူလှ၍ လူမင်းဘုန်းကြီး နတ်မင်းတို့ မနေသာဆိုသော စကားနှင့်ညီစွာ သိန္ဓောမြင်းတစ်ထောင်ကသော ဝေဇယန္တာရထားနှင့် နတ်သားတို့ပင့်ဆောင်၍ မေရုတောင်ထိပ်ဖျားဝယ် သုံးကျိပ်သုံးဖုံသော သိကြားတို့ပျော်ပါးစုဝေးရာ သုဓမ္မာနတ်ကွန်းသို့ ဖြန့်ရွှန်းတော်မူရဖူးပါသည်။

စန္ဒကုမာရ ဇာတ်တော်ကြီး အဋ္ဌကထာဝယ် ခန္ဓာဟလပုဏ္ဏားသည် ငြိုးထားရန်ဘက် ပြုလုပ်ချက်ကြောင့် အသက်တော်ယွင်းမှောက်အောင် အတွင်းကောင်ဉာဏ်ဆင်၍ ယဇ်စင်သို့တင်သောအခါ ဒေဝါသိကြား ဝန်း

http://www.dhammadownload.com



အုံဖြားလျက် ပုဏ္ဏားလက်မှ နန်းထက်လုဆောင် တိုင်းပြည်ဘောင်တွင် ဘုန်းရောင်သမ္ဘာ အလျှံဖြာအောင် နရာဓိပအဖြစ်သို့ စင်စစ်ရောက်စေဖူးသည်ကား လူမင်းဘုန်းကြီး၍ နတ်မင်းတို့မနေသာဟူသော စကားအရနှင့် ညီညွတ်လှတော့သည်။

အလောင်းတော် မဟော်သဓာမင်းသည်လည်း ဝိဒေဟရာဇာ မျက်ကြုတ်ဖြာ၍ ဇာတာတော်အလိုက် အခိုက်မတန် ကံကြမ္မာညှိုးသောကြောင့် အိုးထိန်းသည်အိမ်တွင် တည်းခိုစဉ်ပင် ပလ္လင်နန်းရံ ကဒဏ်ရိပ်ဖြူ ပစ္စူတော် မြတ်မြဲစောင့်ကြပ်သည့် နတ်မယ်လျှသည့် ပုစ္ဆပဉ္စာကြံစည်ကာဖြင့် မေးလာချေမှ ဝိဒေဟသည် မရကြံရာ နစ်ခဲ္တာကြောင့် ပညာပဏ္ဍိကဝိအကျော် မင်းမဟော်ကို ခေါ်စေဆောင်စေ မိန့်ခွန်းတော်ချွေလို့ နန်းမြေသို့ ပင့်ရသည်ဟူသော စကားကိုထောက်လျှင် မင်းမဟော်သမ္ဘာကြောင့် နတ်တို့ပင်မနေသာ၍ ကူညီဝိုင်းမှိုင်းမခြင်းပြုရသည်ဆိုသောစကား ဥမင်ဇာတ် အဋ္ဌကထာ လာသည်ကို တွေ့သဖြင့် ထင်ရှားလှပါသည်။

ဇနကရာဇာ လောင်းတော်မြတ်စွာလည်း မဟာဏ္ဏဝါ မဟာသမုဒ် ဝဲဇလုတ်၌ နစ်မြုပ် သဘော်ပျက်ယွင်းလျှောသော ဩဃာသဝ သမုဒ္ဒတွင် မဟုဿာဟအမွန် အလွန်အမင်းအားထုတ်ခြင်းဖြင့် ပြင်းစွာသော မဟာဝီရိယတော်ဖြင့် သောင်မော်ကမ်းယံ ရောက်စေကြံ၍ အားမာန်တစ်စိုက် ကူးတော်မူရာ မေခလာနတ်မယ်သည် ကယ်ဆယ်မှိုင်းမသဖြင့် လောကီဿရ ဘဝိဿရ နရထွတ်ဖူး အောင်ညွန့်ဦးဖြစ်တော်မူဖူးသည်ဟူသော ဇနကဇာတ်တော်ကြီး အဋ္ဌကထာစကားနှင့် လူမင်းဘုန်းကြီး နတ်မင်းမနေသာဟူသော စကား ညီညွတ်လှပါသည်။

မူဂဘက္ခ အဋ္ဌကထာဝယ် တေမိမင်းကို ပြည်တွင်းမှ ထုတ်သောအခါ အဝမင်္ဂလရထ အဝမင်္ဂလအဿယှဉ်ကယူတင်၍ အဝမင်္ဂလဒွါရမှ ထုတ်ပြီးလျှင် သုသာန်တွင်မြှုပ်နှံရမည်ဟု ကာသိကရာဇာ မိန့်ခွန်းတော်ဖြာသည်ကို ဒေဝါတို့လှည့်ပတ်၍ မြတ်သောရထား, မြတ်သောမြင်းဖြင့် ယှဉ်ခြင်းကိုပြုပြီးလျှင် သုမင်္ဂလတံခါးမှယူဆောင်၍ အောင်မြေအောင်ရပ် မြတ်သောနေရာ ဘူသီခါသို့မြန်စွာခဏ ရောက်စေရသည်ဟူသော စကားကိုထောက်သဖြင့်

http://www.dhammadownload.com



လည်း လူမင်းဘုန်းကြီးက နတ်မင်းမနေသာဟူသော စကားညီညွတ်လှပါသည်။

ဒုကူလပါရိက သားဆုသသိကြား သုဝဏ္ဏသာမဝယ် ဗဟုသုန္ဒရီနတ်မယ်, ဝေဿန္တရာစာစောင်၌ သမင်ယောင်ရထားနှင့် သားချီပွေ့နတ်နှစ်ဦး, လေးကျွန်းမှူး မန္ဓာတ်လည်း နတ်ပြည်တွင် ပျော်စံ သာဓိနဘုန်းလျှံလည်း နတ်ယာဉ်ပျံရထားနှင့် နတ်သားတို့ဆောင်ရ ဂုတ္တိလဆရာလည်း နတ်ရွာသို့ ရောက်ရသည်။ လူ့ပြည်တွင် မင်းအများကို သိကြားရော နတ်ရောသောသောညံ ကြွက်ကြွက်ဆူ'မ'ဖူးသူ အလွန်ပေါ၊ ဤသို့သော ကျမ်းဂန်အတန်တန် နိသျည်းဖြင့် နည်းမှီယူဆက်သော် ပေါရာဏစကားရင်း၌ လူမင်းဘုန်းကြီးက နတ်မင်းမနေသာဟူသော စကားနှင့်ညီညွတ်လှသည်သာတည်း။

ထိုမှတစ်ပါးလည်း ဘုရားဟော ကျမ်း လောကီကျမ်းတို့၌ နတ်'မ'သည်ဟူသော ဝတ္ထုသက်သေတို့သည် များပြားစွာပင် ရှိချေ၏။ သို့သော်လည်း ထိုထိုသော စကားတစ်တို့သည် ဒိဋ္ဌလည်း မဟုတ်၊ မုတလည်း မဟုတ် သုတမျှသာဖြစ်သော စာတွေ့စကားဖြစ်ချေသည်။

ဤအရာဝယ် ယခုမှပင်လျှင် ကဒ်ါကင်းပ၍ လူမင်းဘုန်းကြီးက နတ်မင်းမနေသာဟူသော စကားကို မုချဧကန် ကိုယ်တွေ့ဒိဋ္ဌမှန်သောကြောင့် ကျမ်းဂန်အရပ်ရပ် ဇာတ်နိပါတ်လာ နတ်'မ'ဖူးသော အလောင်းတော်တကာတို့ကို လွန်စွာကြည်နူး၍ ဖူးမြော်လောက်သော ပါရမီတော်ရှင်တွေပါတကားဟု စဉ်းစားမိတိုင်း အံ့ဩမိပါသည်ဟူ၍ သံတော်ဦးတင်လျှင် မင်းတရားကြီးသည် ဤသို့မိန့်တော်မူ၏။

'ပေါ်ဦး၊ ဘာများကိုပင် မောင်မင်းမြင်ခဲ့ပြန်သနည်း'ဟု မေးတော်မူသော် ပေါ်ဦးက တင်သည်မှာ 'ရွှေဘုန်းတော်ကျွန်ဝန် ငပေါ်ဦးသည် ဘုန်းကြီးလှသော ဘုရားသည် ယခုကြက်ထောင့်ဥယျာဉ်သို့ ထွက်တော်မူရာ ဝလာဟကပလဝယက္ခအမည်ရှိသော နတ်သည် ထက်ကြပ်မကွာ နောက်တော်လိုက်ပါကြောင်းကို သေချာစွာသိရသဖြင့် လူမင်းဘုန်းကြီးက နတ်မင်းမနေသာဟူသော စကားသည် ကိုယ်တွေ့ဒိဋ္ဌ မုတဖြစ်ချေသောကြောင့် သာ၍

http://www.dhammadownload.com



ယုံကြည်စွာ အံ့ဩဖွယ်ဖြစ်ပါကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား' ဟု လျှောက်ထားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ပေါ်ဦး နောက်တော်မှ ဝလာဟက ပလဝယက္ခအမည်ရှိသော နတ်သည်ထပ်ကြပ် မကွာပါလာကြောင်းကို အဘယ်ကိုထောက်၍ မောင်မင်းသိနိုင်သနည်း'ဟု မေးတော်မူပြန်သော် ဦးပေါ်ဦးသည် ဤသို့တင်လျှောက်ပြန်၏။

'ရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော ဘူပါလ အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်. . . မှတ်အင်ပြုဗ္ဗာ ရှေ့မျက်နှာတွင် စက္ကဝါလောကဓာတ် ဥဒည်ရပ်မှ အမ္ဗုန္နရပဗ္ဗုန္နတန်ဆောင် နတ်များမောင် သည် အရောင်လှပ နီလောပဋ္ဌဘွဲ့မဏ္ဍာကို ညာမှဘယ်ဆိုင်း ရစ်ကာသိုင်း၍ ဝိုင်းပြီးခါလျှင် လွန်စွာနီမြန်း လယ်ခေါင်ရမ်းနှင့်တူသော ဝတ်ပန်းကမ္ဗလာ ဝတ်ဆင်ကာဖြင့် မဟာမေဃဂီတံ မိုးသီချင်းကို ထင်လင်းအောင်ပြန်လျက် နဘန်အာကာ နယ်အဇ္ဈောကသွားလာပျော်မြူးခြင်းပြုအသာအခါ အာပေါ သံဝဋ္ဋ ဒုတိယစျာန်သုံးဘုံတိုင် မကျန်အောင် ပြင်းထန်လှငြားဆားခဲရေချ ပမာဏသို့ ကျေမွစေငှာ သည်းစွာရွာသွန်း နယ်အဝှန်းကို တက်လွှမ်းဖြိုး မောက် သုဘကိဏှာဘုံဝေအောင် ရေလျှံဖြင့် ရောက်ရပါသည်။ ပလဝယက္ခ နတ်များရာဇာ ဒေဝတာမှာလည်း မပြာမှောင်ခဲ ရောင်မစဲသော အောင်မဲ ညိုပွင့် အဆင်းနှင့်တူသော စုလျားကိုရစ်ရုံလျက် အမှုန်ပြင်းစွာ ပျော်မြူးခါမူ လေးဝါယောဓာတ် ဆော်တီးခတ်၍ ကျိုးပြတ်ထိုထို တောလုံးပြိုမျှ အဟိုမစဲ သဲသဲရုတ်ရုတ် အုတ်အုတ်ကျက်ကျက် ကွဲအက်တောင်ထွတ် သံဝဋ္ဋအလျောက် သုံးဘုံမြောက်အောင် တရှောက်စက္ကဝါဠ ကုဋေတစ်သိန်း မြည်ဟိန်းနုန့် နုန့် မုန့်မုန့်ညက်ညက် ကျေပျက်ယွင်းယို ဝေဟပ္ဖိုလ်တိုင် ခဲဆိုင်မတွေ့ မြူ ငွေ့အတိသာဖြစ်ရပါသည်ဟူသော လောကုပ္ပတ္တိ, လောကဒီပကသာရ, သာရတ္ထသင်္ဂဟ, သာရတ္ထဒီပနီအဘိဓမ္မတ္ထ ဝိဘာဝနိဋီကာ, ဝိသုဒ္ဓိမဂ်, အင်္ဂုည သုတ်အဋ္ဌကထာစသော ကျမ်းကြီး ကျမ်းခိုင်တို့၌ လာပါသည်။

ဤသို့လာသည်ကို ထောက်သော် လေပြည် လေညင်း လေပြင်း လေထန် လာဟန်ထင်ထင် ရှုဆင်ခြင်လျှင် နတ်ပင်စကေန်ပါသည်မှန်၏ဟု

http://www.dhammadownload.com



သိရာသည်လည်း တစ်ဌာန၊ ပစ္စေကမှန်ကူ မြတ်ဘုန်းလူတို့ စံတော်မူရာ မဟာကဋ္ဌူသက ပန်းမင်းခသည့် မြနန္ဒမူ ပတ္တမြားဂူတို့သည်လည်း သင်းကျူး အကြိုင် ပျံ့လှိုင် တင့်အပ် အိုင်နောတတ်တို့နှင့် ဖက်စပ်မကွာ ဓမ္မတာသဘော အံ့ဩဖွယ်ရာ သယံဇာတ ကဲ့တမျှသို့ ဒေဝိဒ္ဒိပ ဂုဏ်ဟိတ်ကြွလျက် အတိတ်ရ ထင်လင်း သွေမယွင်းဘဲ လေညင်းလေပြည် လာတုံသည်ကား-

> တတ္ထသမဇ္ဇနိကဝါတော ကစ၀ရံဆင္ဍေတိ၊ သမံကရဏဝါတော သဗ္ဗရတနမယံ ဝါဠိကံသမံကရောတိ၊ သိဥ္စနကဝါတော အနောတတ္တ ဒဟတော အာနေတွာ ဥဒကံ သိဥ္စတိ၊ သုဂန္ဓ ကရဏဝါတော သဗ္ဗေသံ ဂန္ဓရုက္ခာနံ ဂန္ဓံ အာနေတိ၊ ဩစိနကဝါတော ပုပ္ဖါနိ ဩစိ နိတွာ ပါပေတိ၊ သန္ထရဏက ဝါတော သဗ္ဗတ္ထ သန္ထရတိ သဒါပညတ္တာ နေ၀ စေတ္တ အာသနာနိ ဟောန္တိ။

ဟု သာရတ္ထဒီပနီဋီကာ၌လာသည်။ မြန်မာပြန်သော်ကား-

> တတ္ထ၊ ထိုနန္ဒမူလ လိုဏ်ဂူ၀၀ယ် မဥ္ဇူသကမည်တွင် နတ်ပန်းပ င်၌။ သမဇ္ဇနိကဝါတော၊ တံမြက်လှည်းတတ်သော လေသည်။ ကစ၀ရံ၊ တံမြက်ချေးကို။ ဝါ၊ တံမြက်ချေးဟု ဆိုအပ်သော ပန်း ခြောက်မှိုက်ကို။ ဆင္ဍေတိ၊ သုတ်သင်မယွင်း ရှင်းလင်း မလစ်ယူစွန့် ပစ်၏။ သမံကရဏဝါတော၊ အညီအညွတ်ပြုတတ်သောလေသည်။ သဗ္ဗရတနမယံ၊ အလုံးစုံသောရတနာဖြင့် ပြီးသော။ ဝါဠိကံ၊ သဲကို။ သမံ၊ ချောမွေ့ညီညွတ်စွာ။ ကရောတိ၊ ပြုတတ်၏။ သိဥ္စနကဝါတော၊ ရေဖြင့်သွန်းလောင်းတတ်သော လေသည်။ အနော တတ္တဒဟတော၊ အန၀တ်အိုင်မှ။ ဥဒကံ၊ ရေကို။ အာနေတွာ၊ ဆောင် ၍။ သိဥ္စတိ၊ ပမာဏုမြူ ဟူဟူသမျှ ညစ်နွမ်းခြင်းမရှိအောင် စုဒ္ဓသရက် တစ်လ ထွက်ကို နှစ်ပက္ခမှာ နှစ်ခါမှန်မှန် ထာ၀ရံဖြင့် ကာလံအခွင့် တင့်တင့် သဘောထောက်ချင့်နှော၍ ဆေးကြောသွန်းလောင်းတတ်၏။ သုဂန္ဓ ကရဏဝါတော၊ မွှေးကြိုင်သင်းပျံ့ လိုဏ်တွင်နံ့အောင် ကောင်းသော ရနံ့ကို ပြုတတ်သော လေသည်။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဂန္ဓရုက္ခာနံ၊ မွှေးကြိုင်လှစွာ ဇီဇဝါမှ ခတ္တာစပယ် ထား၀ယ်ကြက်ရုံး

http://www.dhammadownload.com



ဂမုန်းနှင်းဆီ သရဖီအင်ကြင်း သဇင်မင်းနှင့် ပျံ့သင်းမိုးဝေ့ တစ်ထွေ ကက္ကရု ယုဇနခေါ် ရှောင်း ပန်းပေါင်းအများ ငါးပါးအစဉ် နံ့သာပင် တို့၏။ ဂန္ဓိ၊ ရနံ့လှိုင်သင်းပျံ့ကြိုင်ခြင်းကို။ အာနေတိ၊ ဆောင်တတ်၏။ ဩစိနကဝါတော၊ ပန်းသီကုံးသောလေသည်။ ပုပ္ဖါနိ၊ အစုံရောရာ ပန်းမာလာတို့ကို။ ဩစိနိတွာ၊ စီရရီကျုံး သီယူကုံး၍။ ပါပေသိ၊ ပန်း ကုံး ပန်းဆိုင်း ပြိုင်းပြိုင်းကွဲရရွဲဆွဲလျက် ကြော့ကြော့ ကန်တော့ မသွေ ပို့ရောက်စေ၏။ သန္ထရဏကဝါတော၊ ပန်းမြတ်ပန်းမင်း ပန်းစုံကျင်းလျက် ခင်းထားတတ်သော လေသည်။ သဗ္ဗတ္ထ၊ အလုံးစုံ သောအရပ်၌။ သန္ထရတိ၊ ခင်းထား၏။ စ၊ ထိုစကား ကိုဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤမြနန္ဒမူ ပတ္တမြားဂူ၏ တူရှူအာဝ အပေါက်ရောက် အပ်သော မဥ္ဇူသကမည်တွင် နတ်ပန်း ပင်၌။ အာသနာနိ၊ နေရာတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ပညတ္တာနေဝ၊ ခင်းထားအပ် သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဟူ၍လာသော ဋီကာစကားကို ထောက်သော် ပစ္စေကဗုဒ္ဓါတို့ စံတော်မူရာ ဖြစ်သော ပတ္တမြားနန္ဒမူလိုဏ်ဂူနှင့် မဥ္ဇူသကနတ်ပန်းပင် အနော်တတ်အိုင် အစဉ်သည် ဓမ္မတာသဘာဝ သယံဇာတမိဿကပစ္စည်းမဟုတ်။ ပစ္စေကမုနိ စသည်တို့၏ တေဇာ ဒေဝါတို့၏ ကမ္မဇိဒ္ဓိ အခင်းကြောင့်သာအချင်းချင်းအား ဖြင့် ရင်းနှီးမကွာသဟဇာတအမှု ပြုနိုင်စေခြင်းဌာ လေညင်းလေသာ ခြောက် ပါးပင် လာသည်ကို သေချာစွာသိရပါသည်။

ဤသို့လာဟန်ခြောက်တန်သော လေတို့၏ သရုပ်မှဖော်ယူ၍ သရူပ ဝန္တကိုပြရလျှင် 'သမဋ္ဌနိက'လေပြည်, 'သမ်ကရဏ'လေပြည်, 'သိဋ္ဌနက' လေပြည်, 'သုဂန္ဓကရဏ'လေပြည်, 'ဩစိနက'လေပြည်, 'သန္ထရဏက' လေ ပြည်ဟူ၍ ခြောက်ပါးပင်ရှိရကား ထိုခြောက်ပါးတို့တွင် ယခုအခါ အာရောစန ဟု ဆိုအပ်သောလေပြည်ကို လောင်းစွတ်၍ ခုနစ်ပါးအဖြစ်ဖြင့် ရေတွက်ခြင်း ဌာ ထိုက်သင့်အောင် ဝလာဟကပလဝယက္ခ နတ်သားသည် ထင်ရှားစွာ နောက်တော်ပါး၌ ခစားလာသော အခြင်းအရာမှာ ဩဘာသေတ္တာ ကိုယ် ရောင်ဖြာလျက် ရူပကာယရုပ်ကိုပြလျှင် များစွာသောင်းသောင်း လူမိုလ်ထု

http://www.dhammadownload.com



ပေါင်းတို့သည် နတ်ကိုမမြင်ဖူး၍ ခိုပြုံသကဲ့သို့ အဟိုမစဲ ကြည့်ရှုကြ ပါလိမ့်မည်။

ဤသို့ကြည့်ရှုကြသောအခါ ဘဝရှင်မင်းတရားကြီးဘုရား ဘုန်းတော်ကို မငဲ့ကွက်ဘဲနတ်ကိုသာ ကြည့်ရှုချင်သော ဆန္ဒနှင့် ဘုန်းတော်ကြီးဘုရားကို နောက်ခိုင်း၍ ရှေ့တော်တွင် မတ်မတ်ရပ်လျက် နတ်ကို ကြည့်ရှုသူတို့လည်း ကြည့်ရှုကြပါလိမ့်မည်။

ဤသို့ ရွှေဘုန်းတော်မြတ်ကို မခန့်ပမာ ပြုရာမရောက်ရှိစေခြင်းငှာ ဘုန်းတော်မြတ်ကို ငဲ့သဖြင့် နတ်သည် ကိုယ်ထင်လည်း မပြပါဘုရား။ အကယ်၍ နတ်ကိုယ်ထင်ပြ၍ ခစားပြန်မူ ဗိုလ်လူအပေါင်းတို့သောင်းသောင်း ညာညာ ကြည့်ရှုရာကိုအမရပူရနေပြည်တော်မှ ယခုစံတော်မူသော ကြက်ထောင့်စံနန်းတော်သို့ မျှော်မှန်းလှစ်လင့်၍ ရှုကြသော ပြည်တော်သူ ပြည်တော်သားတို့သည် အလိုလိုအား ထိတ်ခမားဖြင့် ယခု တပ်မတော်ကြီးတွင် နတ် ကြည့်သော အမှုထမ်းသားတို့ကိုမြင်လျှင် စိတ်ထားမသန့် ကြောက်လန့်တကြား အတွေးမှားမည်ကိုစဉ်းစားငဲ့ကွက်သဖြင့်လည်း နတ်သည် ကိုယ်ထင်ပြ၍ မခစားပါဘုရား။

ရွှေဘုန်းတော်ရှင် ဘုရင်နေမျိုး နရစိုး၏ ထံတော်ပါးဝယ် ခစားမကွာ နောက်တော်လိုက်ပါကြောင်းကို ဘုန်းတော်ကြီးလှသော ထီးဘုရားကြီး သိသာတော်မူရန် 'အာရောစန'ဟု ဆိုအပ်သောလျှောက်ထားပန်ကြားခြင်း လေညင်းလေပြည်လေဟုန်ချီ၍ သံတော်ဦးတင်ရာ ထီးဖြူတော်ကို လေပလီသောကြောင့် မြေမှီလျက်စံနေသည်ကိုမြင်သဖြင့် ဝလာဟက ပလဝယက္ခနတ် ထက်ကြပ်မကွာ အခစားပါလာသည်ကို သိသာရပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်ထားသောအခါ ဘဝရှင်မင်းတရားကြီးသည် လွန်စွာနှစ်သက်အားရရှိတော်မူသဖြင့် 'ထီးဖြူတော်ကို ထူလိုက်ပါဘိမောင်မင်း'ဟူသော အမိန့်တော်ပန်းကို ဆင်မြန်းခံယူ ရဖူးချေသည်။

အမှာ. . . ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် အထူးထူးသော ပရိယာယ် အသွယ်သွယ်သော ဂန္ထ န္တရ ဝါစက ပဒေသ

http://www.dhammadownload.com



ဌာနာဌာန ကောသလ္လအရာ လိမ္မာပွန်းတည်းသော ဝါကျဆောက သုခမိန် ဖြစ်သည်အားလျော်စွာ ထီးဖြူတော်သားတို့ကို အဘယဒါနဖြစ်စေခြင်းငှာ ချမ်းသာရာ ချမ်းသာကြောင်းရှုံးပေါင်းရိုင်းပင်း ကူညီခြင်းကို ပြုသဖြင့် အမှုမှ ကင်းလွတ်၍ ရာဇဝတ်မီးငြိမ်းဖူးချေသည်။ ဤကားအမှာစကားချုပ်တည်း။

ဤသည်လျှင် ထီးဖြူတော်လဲ၍ ထီးဖြူတော်သားတို့ကို
အတွင်းဝန်ကြီး ဦးပေါ်ဦးကယ်ဆယ်သော အခန်းပြီး၏။

❖ ❖ ❖

## တရုတ်ပြည်မှဆက်သလာသော လက်ဖက်ဆီသေတ္တာထိပ်၌ ခတ်နှိပ်ပါလာသော အက္ခရာငါးလုံးကို လျှောက်တင်ခြင်း

တစ်ရံရောအခါ ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်ချင်းလုံ့ဥတည်မင်းက စက်တာလောရဲ, စွေ့တာလောရဲ, စောက်တာလောရဲ, စံလောစုံ, စိလောစုံ, ကျန့်လောစုံ, ကြည်လွေ့စုံတို့ကို သံဘက်ခန့်ထားပြီးလျှင် ရွှေပေရာဇသံ ပဏ္ဏာ လက်ဆောင်တော်ထည်မျိုး, အုပ်မျိုး, သီးမျိုး, ဆေးဝါးတို့နှင့် ရွှေဖဝါးတော် အောက်သို့ လာရောက်ဆက်သရာ သံတည်းတွင် သံအရာရှိတို့ စောင့်ကြပ် ကြည့်ရှု၍ ထည်မျိုးအုပ်မျိုးစသော ပဏ္ဏာလက်ဆောင်များကို ရွှေပြည်ဝန်ကြီး 'သတိုးမင်းကြီး မင်းခေါင်းနရိန်' ကြီးကြပ်ဆက်သွင်းရ၏။

ရွှေပေရာဇသံကို နားခံတော်ကြီး 'နေမျိုးသီရိကျော်ထင်' ဆက်သွင်း တင်လျှောက်ရ၏။

ရာဇသံစာကား. . . ပုညဝဓနသမ္ဘာရအလျောက် အရှေ့မျက်နှာ တိုင်းကြီး, ပြည်ကြီးနန်းစိုက်ထီးဆောင်း မင်းအပေါင်းတို့ကို အစိုးရတော်မူ သော ချင်းလုံးဥတည်မင်း ချစ်ကြည်စွာကြားရောက်ပါသည် အနောက်မျက် နှာတိုင်းကြီး, ပြည်ကြီးနန်းစိုက် ထီးဆောင်းမင်းအပါင်းတို့ကို အစိုးရတော် မူသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ကျောက်စိမ်းတွင်း, ပယင်းတွင်းများသခင် ညီတော် နေထွက်ဘုရင် ရွှေနန်းရှင်။

ဂန္ဓာလရာဇ် ပြည်ကြီးနှင့် ညီတော်စံတော်မူသော အမရပူရပြည်

http://www.dhammadownload.com



ကြီးသည် နှစ်ပြည့်တစ်ပြည် ချစ်ကြည်လေးမြတ်စွာ မဟာမိတ်ဖွဲ့တော်မူကြ၍ နှစ်တိုင်းနှစ်ပြည်သားတို့ ကြည်လင်ရွှင်လန်းစွာ ဝမ်းမြောက်ဝမ်းသာ စေပါး သွားလာဖောက်ကား ရောင်းဝယ်ကြသည် နှစ်ပေါင်းများစွာရှိပြီ။

ဤသို့ ချစ်ကြည်မြတ်နိုးကြသည်နှင့်အညီ ဆယ်နှစ်တစ်ကြိမ် သံတမန် စေပါးရောက်မြဲ ထုံးစံရှိသည့်အတိုင်း စက်တာလောရဲ့, စွေတာလောရဲ့, စောက်တာလောရဲ့, စံလောစုံ, စီလောစုံ, ကျန့်လောစုံ, ကြည်လွေ့စုံတို့ကို စေလွှတ်ပါသည်။ နောင်တော် ဂန္ဓာလရာဇ်ပြည်ကြီးရှင်မှာလည်း နောင်တော် နှင့်တကွသော မင်းမိဖုရား သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်တို့ ကျန်းခန့်သာယာကြပါသည်။

ညီတော် နေထွက်ဘုရင်တိုင်းပြည်မှာလည်း ညီတော်ရွှေနန်းရှင်မှစ၍ မင်းမိဖုရား၊ သားတော် သမီးတော်၊ ဆွေတော်မျိုးတော်၊ မှူးတော် မတ်တော်တို့ ကျန်းခန့်သာယာကြောင်းများကို သိလိုသောကြောင့် ခရီးကြမ်းခက် တောင် တက်တောင်ဆင်း ကွာဝေးခဲယဉ်းသော်လည်း နောင်တော်က ရာဇသံလက် ဆောင်တော်များနှင့် သံတမန်စေလွှတ်ဆက်သပါ သည်။ နှစ်ပြည့်တစ်ပြည် ချစ်ကြည်မပျက် ရွှေနှစ်ပြားကို တစ်ပြားတည်းယှက် သကဲ့သို့ နှစ်သက်ရင်းရှိ ကြသည်အတိုင်း ဆက်သလိုက်သည့် လက်ဆောင် တော်များကို သိမ်းယူတော် မူပါ။ နောင်တော်စေအပ် သံအမတ်တို့လည်း လထပ်ရက်ငင် မရှိစေဘဲ မရှည် မကြာပြန်လာပါစေ။ သံတို့ရောက်လျှင် ညီတော်ရွှေနန်းရှင်၏ ကျန်းမာတော် မူကြောင်းကိုသိသာ၍ ညီတော်၏ မျက်နှာတော်ကို တွေ့မြင်ရသကဲ့သို့ ရှိပါ မည်။ ဒေမရပူရပြည်ကြီးသခင် နေထွက်ဘုရင် ရွှေနန်းရှင်။

ဤသို့ရာဇသံစာကို နားခံတော်ကြီး 'နေမျိုးသီရိကျော်ထင်' ဖတ် လျှောက်သံတော်ဦးတင်ပြီးလျှင် သံတို့၌ပါလာသော လက်ဆောင်တော်တို့ ကို စာရင်းနှင့်တကွ ဆက်သရသည်ကား တရုတ်မြင်းကစုံရှစ်၊ လောထီးမက စုံလေး၊ ဖဲလိပ်ရေငါးဆယ်၊ ကတ္တီပါလိပ်ရေ နှစ်ဆယ့်ငါး၊ မိုးကြိုးရောင် ဖဲကြီးခံ သားမွေးအင်္ကျီခုနစ်ထည်၊ ဖဲဝါခံသားမွေးအင်္ကျီ တစ်ဆယ့်ငါးထည်၊ ဖလ်ဖြူ လက်ဖက်ရည်သောက်အဖုံးအောက်ခံပါ သေတ္တာငယ်နှင့်ငါး၊ ပျားဖယောင်း ချိန်ပိဿာတစ်ရာ၊ ရွှေဆကာလိပ်ရေကိုး၊ ကော်ဇောကြီး ထည်ရေငါးဆယ်၊

http://www.dhammadownload.com



လဖက်ရည်သောက် ပန်းကန်စုံရေ ငါးရာ၊ နံ့သာဖြူသေတ္တာ အလျားတစ်တောင့်ထွာ၊ အနံ့တစ်တောင့်ထွာ၊ အစောက်နှစ်မိုက်လေးသစ်၊ နရားရုပ်ခြေတပ်သောခုံခံနှင့် လေးထောင့်မိုးကြိုးလက်ရှည်၊ ပတ္တာတပ်အတွင်းပြင်ချော၊ ဂဏန်းအမှတ်ဖြင့်လှည့်၍ဖွင့်ရသော သော့လွတ်သော့အိမ်ပုန်းတပ်သေတ္တာလုံးရေတစ်၊ ယင်းသည့်သေတ္တာ၌ 'သေ-ဝ-မ-ဗိ' ဟူသောအက္ခရာလေးလုံးကို တစ်လုံးစီစဉ်လျက် လေးထောင့်မှာ ခတ်နှိပ်၍ သေတ္တာဖုံးအလယ်တည့်တည့်မှာ 'ဘု' ဟူသောအက္ခရာတစ်လုံးနှိပ်လျက်ပါသည်။

ဤအက္ခရာငါးလုံးပါသော သေတ္တာကိုဘဝရှင်မင်းတရားကြီး မြင်တော်မူ၍ မိန့်တော်မူသည်မှာ. . . 'မောင်မင်းများ. . . ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းက ငါ့အားဆက်သသော ပဏ္ဏာလက်ဆောင်တော် အရပ်ရပ်ကိုစာရင်းနှင့်တကွ လက်ဆောင်တော်ယူ တိုက်ဆိုင်ရာ ဝန်တို့က သိမ်းဆည်းကြရမည်။ ဤသေတ္တာမှာမူကား ငါးလုံးသောအက္ခရာခတ်နှိပ်လျက် ပါသောကြောင့် အနက်မြန်မာယောဇနာခြင်းကို မပြုမူ၍ ဖွင့်လှစ်ချေသော် ပညာမရှိ ဗျတ္တိမဲ့လျှင်း ဂုဏ်နံ့ကင်းသောတိုင်းပြည်ပင်တည်းဟု အမင်းမင်းတို့ ကဲ့ရဲ့သဂြိုဟ်ဆိုဖွယ်ရာသာတည်း။

ထိုသို့ဂရဟ မခံရအောင် ဂန္ထဓူရသူရသတ္တိပရိယတ္တိဝိသာရဒ နာနာနယနိပုဏ ဝက်ဥဇုလဒ္ဓပဒေသ အတ္ထဆေက သဒ္ဒတ္ထပါရဂူ သီဟတစ်ဆူဖြစ်တော်မူသော ဆရာတော်တို့နှင့် ရာဇဝလ္လဘော် ဝန့်ရှင်တော်ပညာရှိ ကဝိခံပုဏ္ဏား မြောက်မြားချိန်စာလွန်လိမ္မာသော ရာဇပရိသတ် ကျမ်းတတ်ကျေပွန် ကျွန်တော်မျိုးအမတ်တို့သည် အတ္ထမြန်မာ မှန်စွာပြန်ဆို၍ ထိုသေတ္တာကို ဖွင့်ကြရမည်'ဟု အမိန့်တော်မှတ်တော်မူ၏။

ထိုအခါ လေးပြင်းလေးရပ် ရွှေကြိုးသတ်မှတ်တော်မူသော အတွင်းရှိ တံဆိပ်တော်ရ၊ မရဆရာတော်တို့နှင့် သံယရာဇ်အမှုးရှိသော သုဓမ္မာဆရာတော်ကြီးများကို ပင့်ပြီးလျှင် ထိုသေတ္တာကို ဖွင့်အံ့သောငှာ ရာဇပရိသတ်မှုးလတ်မတ်ချုပ် ဝန်ကြီးအတွင်းဝန်အစုံအညီတို့ တိုင်ပင်ကြစည်၍ ဤအက္ခရာငါးလုံးကို မြန်မာပြန်ဆိုကြမည်လာကြရာ မည်သူတစ်ဦးတစ်ယောက်မျှ ရဲဝံ့ထွက်ပျူခြင်းငှာ မစွမ်းနိုင်ကြရကား ရဟန်းပညာရှိ၊ မှုးမတ်

http://www.dhammadownload.com



ပညာရှိ ပုဏ္ဏားပညာရှိ အပေါင်းတို့သည် ဘဝရှင်မင်းတရားကြီး ရှေ့တော်တွင် လက်မှိုင်ချေး တွေးတောမသိ တုဏှိဘာဝဖြစ်နေကြ၏။

ထိုအခါ အတွင်းဝန်ကြီး ဦးပေါ်ဦးသည် မိမိထိုက်တန်သော နေရာမှ ခစား၍ ဘဝရှင်မင်းတရားကြီးသို့ ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော် ဦးတင်သည်မှ 'ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဘဝရှင်မင်းတရားကြီးဘုရားသည် ရွှေနားနာနော်မူလိုသည်နှင့်အညီ ရာဇဒဏ်ကိုချမ်းသာပေးတော်မူသည်ဖြစ်အံ့၊ ဘုရားဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် ဤသေတ္တာထိပ် ခတ်နှိပ်လျက်ပါသော အက္ခရာငါးလုံးကို သိမ်းကျုံးဖြေဆိုဂါအံ့'ဟု သံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် အားရချိုပြုံး နှလုံးရွှင်လန်းဝမ်းမြောက်ဝမ်းသာ ရှိတော်မူလှသောကြောင့် မိန့်တော်မူသည်မှာ 'ပေါ်ဦး. . မောင်မင်း အကယ်တန္တိ အတွင်းရှိကိုသိအောင်ပင်လျှင် မုချဝင်၍ တင်နိုင်မည်လော'ဟု မေးတော်မူလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်ပြန်သည်မှာ-

ရွှေဘုန်းတက်ဝှန်၊ တန်ခိုးလွန်သည်၊ ကျွန်တော်ရင်းစစ်၊ ဖြစ်သဘောကား၊ ကောရပ်ဘုန်းလူ၊ ချမ်းငြိမ်းမူကို၊ ဝိဓူပဏ္ဍိ၊ ရှိသည်ဘုရား၊ ငါးလုံးခတ်နှိပ်၊ သေတ္တာထိပ်၌၊ တံဆိပ်အက္ခရာ၊ ပါသည့်စာလည်း၊ သဒ္ဒါထုတ်မှတ်၊ ပုဒ်နှင့်ပါဠ်ကို၊ ရုပ်ဓာတ်သိမြင်၊ တတ်ကျွမ်းကျင်သော်၊ စွမ်းအင်ဖြိုးမောက်၊ တန်ခိုးတောက်အောင်၊ ထိုးဖောက်ခွဲထွင်း၊ မခဲယဉ်းတည့်၊ ထင်လင်းခုသာ၊ သံမုခါတွင်၊ မဟာနေရာချွန်၊ ဉာဏ်တံခွန်နှင့်၊ စံလွန်တွန်ကြွေး၊ ဩဘာပြေးလျက်၊ ပျံ့မွှေးထင်ပေါ်၊ အမတ်ကျော်ဟု၊ မပော်ကိုယ်ပွား၊ မိုကြွားကြွားနှင့်၊ ဖဝါးကျွန်ထူး၊ မတ်ပေါ်ဦးသည်၊ ပွင့်မြူးထက်မြက်၊ ဉာဏ်လက်နက်ဖြင့်၊ ဝက်ဝက်ခွဲကာ၊ မိုးကြိုးရွာသို့၊ မှန်စွာကြံဆ၊ မကျန်ရအောင်၊ သေ,ဝ,မ,ဝိ၊ 'ဘု'အရှိကို၊ ထုတိမင်္ဂလာ၊ ဖြစ်စေဌာဟု၊ သံသာကျူးရင့်၊ လျှောက်တင်ဖွင့်မည်။ ဆင်မင့်သခင် ကျွန်ဘုရား။

(ဤအပိုဒ်၌ နှစ်ထပ်ကြောချီခြင်းကား ဘုန်းပွင့်သရဘူ ချီနည်းဟု မှတ်၊ အချကား ခိုင်ညွှတ်ခက်ဖြာတည်း။)

http://www.dhammadownload.com



ဤသို့ အမတ်ကြီးဦးပေါ်ဦးသည် ပွင့်မြူးသောဉာဏ်ဖြင့် ကြံဖန်ခြင်းမရှိ ပကတိသော ဇဝနနှင့်ပင် ဘုန်းတော်ဘွဲ့ရွှေနားတော်သွင်း လျှောက်ထားတင်ဆိုလျှင် ဘဝရှင်မင်းတရားကြီးသည် လွန်စွာအားရတော်မူ၍ မိန့်တော်မူသည်မှာ 'မောင်မင်းများ. . . ပေါ်ဦးသည် ရေးကြီးခွင်ကျယ် တိုင်ပင်ဖွယ်သည် အကယ်မုချရှိလာကမူ နှုတ်ရွှမြွက်ချို အလိုပြည့်ကြောင်းဉာဏ်ချင့်လောင်းနိုင်သော ဉာဏ်စောင်းထက်မြက်သူလည်း မှန်ပေ၏။

ခဲခက်ခြင်းရာ ရောက်သောအခါလည်း အုတ်ကျက်သောင်းသဲ ဖရဲဖရို မဆိုတတ်းငြား စကားအရာ လွန်လိမ္မာ၏။

ဤသို့ဖြာဖြာ ခွင့်ရေးသားခဲ့သည်ထက် ယခုမျက်မှောက် ရောက်ဆဲကိစ္စအပြီးကျမှ ပရိယတ္တိဝိသာရဒ တိပိဋကဆေကသဒ္ဒါပါရဂူ ကဝိတစ်ဆူ ဟူ၍ ခေါ်ဝေါ်သုံးစွဲအံ့အဲကြေညာ ဖြစ်ဖွယ်ရာပေတည်း'ဟု မိန့်တော်မူ၏။

ထိုအခါ အက္ခရာငါးလုံးကို တိမ်ဖုံးသော လ,မင်းအား ထင်လင်းစွာဖော်ပြသကဲ့သို့မုချကေန် အမှန်တကယ်မိပ္ပာယ်မြန်မာ ပြန်ဆိုအံ့သောငှာ ဤသို့သံတော်ဦးတင်၏။

နရခေါင်ဖျား၊ နတ်သိကြားသို့၊ အလားထပ်တူ၊ တန်ခိုးကြူသည်၊ လူတို့တမွတ်၊ စောဥက္ကဋ္ဌ၊ မှတ်တော်မူရှင်၊ ရွှေနားဆင်လော့၊ ငလျှင်တုန် ဟည်း၊ မြေခတ်ကြည်းလျက်၊ မိုးကြီးဆော်နှီး၊ ရွာသွန်းဖြိုးသို့၊ ရိုက်ကြိုးပြီးခါ၊ ဖြေကြားပါအံ့၊ ရာဇာမိရာဇ်ေးမှတ်ကုန်မင်း။ ။ (ဤကား ဇမ္ဗူ့တန်ဆောင်ချနည်းတည်း။)

မဟီတလ မဟိန္ဒဟု သမ္မုတထွတ်ဖူး အောင်ညွန့်ဦးဖြစ်တော်မူသော အမရပူရပဋ္ဌမထီးစိုက် နန်းသိုက်စာဝင် ကမ္ဘာတွင်မည့် ရာဇဉ်သရဘူသိကြောင်းမူသော ငါးဆူမပျက် ငါးလုံးမြွက်သည့် ပဥ္စက္ခရာအနက်လာကား၊ 'သေ-ဟူသော အက္ခရာအလိုမှာ မဟာဝင်၊ ရာဇဝင်၊ အနာဂတဝင် သင်္ဂါယနာတင်ဟူသမျှ၌ တိုက်ရိုက်မလာ၊ အဋ္ဌကထာ အစောင်စောင်တို့၌လည်း မပါ။ ပုဏ္ဏာဂါမတွင် ကျစွာမင်းလက်ထက် သံပျင်အမတ်ကြီး စီရင်ဆုံးဖြတ်သော ဋီကာချောသကျမ်း, ပန်းယမြို့တွင် စ,တုရင်္ဂဗလအမတ်ကြီး စီရင်သည့် အဘိဓာန်ဋီကာ အဖြာအဖြာသော ကျမ်းဂန်တို့တွင် တစ်စွန်းတစ်စ ပါဌမညွှန်း

http://www.dhammadownload.com



အစွန်းတိမ်မြုပ် ငုပ်လှသောအရာဖြစ်၍ စာဟောင်းစာတမ်း နန်းစဉ်လက်သုံးထုံးသမိုင်းစသည်တို့ကို ရှာဖွေကြည့်ရှုသော် စိနရဋ္ဌတိုင်း ဓနုပလောင်လူမျိုးတို့နေရာဌာနတွင် နတ်သားခုနစ်ယောက်တို့သည် မြောက်ဥတ္တရကုရုကျွန်းမှ တစ်လက်ဆွမ်း တစ်လက်ဖက်စီ ရသဝတီအမည်ရှိသော နတ်သစ်စေ့ကို ယူဆောင်ခဲ့၍ ဒွတ္တပေါင်မင်းကြီးသို့ ဆက်သရာစိုက်ပျိုးပြုစုသော် ဥတုပူပြင်းရာမှာ မဖြစ်၊ အေးမြသာယာ စိမ့်ဖြာနှင်းအန် နွေသန်မခြား နှစ်ပါးကြိုက်ညီသော တောင်များမှသာ ဖြစ်သည်ဟုကြားဖူးပါသည်လည်း တစ်ဌာန။

ထီးလှိုင်ရှင် ကျန်စစ်မင်း၏ မြေးတော်ရွှေဂူဒါယကာ စကြာမင်းကောင်း အလောင်းစည်သူမင်းလက်ထက် ဇမ္ဗူဒိပ်သို့လှည့်လည်ရာ မာလာယုကျွန်းဦးသို့ရောက်သည်တွင် 'သင်္ကတိဒေဝယက္ခ, ဇေယျသတြူ, ဘာဏု, ဒီပ'အမည်ရှိသော နတ်ဘီလူးလေးယောက်တို့ မြောက်ကျွန်းမှ ယူဆောင်ခဲ့၍ တစ်လက်ဆွမ်း တစ်လက်ဖက်စီ ဆက်သကြသော ရသဝတီ နတ်သစ်စေ့ကို ဓနုပလောင်တို့နေရာ တောင်သာ, တောင်ဝန်း, တောင်ချွန်း, တောင်ပူတို့၌ စိုက်ပျိုးရာ များစွာဖြစ်ထွန်း ပွားများသည်ဟု ဆိုသောစကားထုံးလည်း တစ်ဖြာ။

ရှင်ဖြူလှသမိုင်း, ရွှေရင်မျှော်သမိုင်း ယင်းသည့်စာ နှစ်စောင်တွင် အလောင်းစည်သူမင်းကြီး ညောင်ရွှေအင်းအလယ်၌ နန်းတော်ဆောက်၍ လေးနှစ်စံနေတော်မူသည်။

ထိုအခါ တောအုပ်ကြီး၌ ရှာမှီးစားသောက်၍ ရောက်လိုရာရာ နေကုန်သောသူတို့တွင် တော၌အိပ်နေသည်အခိုက် တောမီးသည် ထိုသူတို့၏ ပေါင်ကိုပတ်၍လောင်သည်နှင့် အလောင်းစည်သူမင်းကြီးထံရောက်၍ ထိုအကြောင်းကို လျှောက်ရာတွင် နင်တို့ပေါင်ကို တောမီးလောင်၍မျှ မရှောင်နိုင်အောင် အိပ်ချေသည်။ ထိုကြောင့် ပေါင်လောင်လူမျိုးပင် ခေါ်ခေါ်သမုတ်ရမည်ဟု မိန့်တော်မူသည်ကို အစပြု၍ ပေါင်လောင်တွင်သည်။

ထိုနောက် ပလောင်ဟု စကားရွေ့သည်။ ထိုသူတို့ကို မင်းကြီးသနားတော်မူသောကြောင့် ငါ့တွင်ပါသော နိလဗီဇသစ်စေ့ကို စိုက်ပျိုး၍ အသက်

http://www.dhammadownload.com



မွေးကြဟု ပေးသနားတော်မူသဖြင့် စိုက်ပျိုးပြုစု၍ စားသောက်နေကြလေသည်။

ထိုအခါ ပလောင်တို့ စိုက်ပျိုးသော 'နီလဗီဇ' အရွက်အညွှန့်ကို အလောင်းစည်သူမင်းကြီးအား ဆက်သလာ၍ စားတော်ခေါ်ရာတွင် အိပ်၍မပျော်ရှိတော်မူသောကြောင့် ထိုသစ်ရွက်ကတုံးကို လက်ရုံးတော်တင်လျက်လက်နှင့်ဖက်၍ စက်တော်ခေါ်သည့်ကို အစွဲပြု၍ ထိုနီလဗီဇရွက်ကို လက်ဖက်ဟုခေါ်သမုတ်သည်ဟု ဆိုကုန်၏။

ထိုလက်ဖက်ကို ဘုရားဟော ပိဋကတ်သုံးပုံ၌ ဝိနည်းပါဠိတော် အဋ္ဌကထာဋီကာဂဏ္ဌိများတွင်လည်း ရဟန်းသံဃာတော်တို့သည် ကာလိကအရာစားသင့်မစားသင့်ကို အဆုံးအဖြတ်မတွေ့၊ အမရကောသ, နိဃဏ္ဍုစသောကျမ်း၊ ဓာတွန္တြိ၊ ဓာတုဒီပနီ၊ ဓာတုဝိဘာဂဒီပနီ၊ ဓာတုဗေဒ၊ ဓာတုရသ၊ ဓာတုဝိနိစ္ဆယ၊ ဓာတုကွန်ချာ၊ ဇီဝကလျှောက်ထုံးစသော ဆေးကျမ်းများမှာလည်း ပုဒ်ပါဠ်မတွေ့ဖူးချေ။

ဘုရားရှေ့လက်ထက်တော်မှာပင် သက္ကရာဇ် တစ်ထောင့်သုံးရာခြောက်ဆယ့်နှစ်ခုက သီဟိုဠ်ကျွန်းမှ ရဟန်းသံဃာတော်တို့ ကြွလာစဉ်လက်ဖက်ကိုပြ၍ မေးရာ 'ဝါတဝဓုန'ဟု ခေါ်ဝေါ်ကြောင်းကို ပြန်ပြောပါသည်။

ထို 'ဝါတဝဓုန'သဒ္ဒါကား 'ဝါတသဒ္ဒါ၊ လေဟော' ဝဓုနသဒ္ဒါ၊ ပွားများခြင်းဟောဖြစ်၍ လေကိုပွားစေတတ်သည်ဟု အနက်ရပါသည်။ ရှေးမျဉ်းဓမ္မသတ်မူသစ်တွင် 'ဝဏ္ဏဓမ္မကျော်ထင်'သည် လက်ဖက်ကို 'သေလဇ'ဟူ၍ပါဠ်သွင်း၍ စီပါသည်။ ဤကိုထောက်လျှင် အဘိဓာန်အနေတ္ထဝဂ်တွင် လက်ဖက်ပရိယာယ်မပါရှိသော်လည်း 'နီလဗီဇ လက်ဖက်။ သေလဗိဇလက်ဖက်။ ဝါတဝဓုနလက်ဖက်။ ရသဝတီလက်ဖက်ဟူ၍ လက်ဖက်ပရိယာယ်လေးပါးရှိကြောင်းကို ထည့်သွင်းရေးသားထားသင့်လှပါသည်။

သို့ဖြစ်သည်တွင် ဤအရာဝယ် စိန္တာမယဉာဏ်ဖြင့် ကြံဖန်ချိန်စာသော် စိန္တာကဝိဖြစ်တုံဘိသော ကောလာဟလသမုတ်ကြသည် အတိုင်း 'သေ'ဟူသော ပဌမအက္ခရာအရမှာ "သေလေဇာယတီတိ သေလဇ" ဟူ၍

http://www.dhammadownload.com



ဝိဂ္ဂဟပြုသင့်ပါသည်။ 'ယံဂစ္ဆံ၊ အကြင်သစ်ပင်သည်။ သေလေ၊ တောင်၌။ ဇာယတိ၊ ဖြစ်ရောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဂစ္ဆံ၊ ထိုသစ်ပင်သည်။ သေလဇံ၊ သေလဇမည်၏။ ဤကားအနက်။

"သေလေဇာတံ သေလဇံ"ဟူ၍လည်း သမာသ်ပြုသော်ဖြစ်ပါ၏။ ဤအရာဝယ် သေလေ၊ ကျောက်အတိပြီးသော။ ပဗ္ဗတမုဒ္ဓနိ၊ တောင်ထိပ်၌။ ဋ္ဌိတောယထာ၊ တည်သကဲ့သို့'ဟူသော ကစ္စည်းကျမ်းအဆိုနှင့်ယှဉ်၍ ယူမှ သင့်ရာသောအကြောင်း ရှိပါသောကြောင့် အေးမြသော ကျောက်တောင်၌ ဖြစ်သကဲ့သို့ ငဲ့သဖြင့်လည်းကောင်း။ ရွှေမျဉ်းဓမ္မသတ်တွင် 'ဝဏ္ဏာ ဓမ္မကျော် ထင်' ပါဌ်သွင်း၍စီသော သေလဇပုဒ်ကို ထောက်သဖြင့် လည်းကောင်း ယခု ဂန္ထာလပဏ္ဏာတွင်ပါသော 'သေ'ဟူသော ပဉ္စမအက္ခရာသည် လက်ဖက်ဟူ၍ မုချဆိုသင့်ဆိုထိုက် ဆိုအပ်လှ၍ဆိုတော်မူဘုရား။

ဤသေတ္တာထိပ်၌ ခတ်နှိပ်လျက်ပါသော ဒုတိယမြောက် 'ဝ'အက္ခရာမှာ "ဓာတွတ္ထစိန္တာ"ကျမ်းတွင် ကြင်သေ့ကိုဓာတ်နက်ကြံ၍ ဝိဂြိုဟ်ပြုရာ "ဝသံ အဒတိ ဘက္ခတီတိ ဝသာဒေါ"ဟု ဝိဂြိုဟ်ပြုသည်ကို တွေ့ရပါသည်။

'ယောမိဂိန္ဒော၊ အကြင်သားများသေဌ်နင်း ကြင်သေမင်းသည်။ ဝသံ၊ အဆီကို။ အဒတိဘက္ခတိ၊ စားသုံးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ သောမိဂိန္ဒော၊ ထိုသားများသေဌ်နင်း ကြင်သေ့မင်းသည်။ ဝသာဒေါ၊ ဝသာဒမည်၏' ဟူ၍လည်းတစ်ဖြစ်။ 'ဝသာဒါနံ၊ ကြင်သေ့တို့၏။ ဝိသယောဒေသော၊ နေရာ အရပ်တည်း'ဟူ၍ ကစ္စည်းကျမ်းလာသည်လည်း တစ်ဌာန။ "ကာယဝိစ္ဆိန္ဒနိယ" သုတ်ပါဠိတော်၌လည်း သုံးဆယ့်နှစ်ပါးသော ဒွတ္တိံသအရာကို ဟောတော်မူရာ ဝယ် 'ဝသာ၊ ဆီကြည်'ဟူ၍ ဟောတော်မူပါသည်။ ဤသို့ဝသာသဒ္ဒါ, ဝသံ သဒ္ဒါတို့သည် အဆီ, ဆီကြည်ကိုဟောသည်ဖြစ်ရကား ယခုဂန္ထာလပဏ္ဏာတွင် ပါလာသော ဒုတိယမြောက်ဖြစ်သော 'ဝ'အက္ခရာသည် အဆီဟု ဧကန်မုချ ဆိုသင့်ဆိုထိုက် ဆိုအပ်လှ၍ ဆိုတော်မူဘုရား။

အမှာ. . . ဤ'ဝ'အက္ခရာအရပြဆိုသော 'ဝသဒ'ဝိဂြိုဟ်၌ မြန်မာပြန် ဆိုရာ ကြင်သေ့ဟူ၍ ပဉ္စမအက္ခရာ'က' တွင်ရစ်၍ ကြင်သေ့ဟု ရေးသားခြင်းသည် ပုဒ်ရင်းဖြစ်သောကြောင့် အမှန်ပင်ယူရမည်။

http://www.dhammadownload.com



အဘယ့်ကြောင့်ဆိုသော် ကေသရီပါဠိမှာ သက္ကဋဘာသာရော၍ ကြေသရီ ဖြစ်သည်။ ထို ကြေသရီပင် ကာလရှည်လျား၍ စကားရွေ့လျောသောကြောင့် မြန်မာဘာသာမှာ ကြင်သေ့ဖြစ်ပါသည်။ ထိုနောက်တစ်ဖန် ရွေ့လျောပြန် သောကြောင့် ဒုတိယအက္ခရာတွင် 'ခ'ခွေးနှင့်ခြင်္သေ့ဟူ၍ ခေါ်ဝေါ်ရေးသား ကြသည်။ ဤကား. . . အထူးကိုမှတ်ရန် ထည့်သွင်းရေးသားလိုက်သော အမှာစကားချပ်တည်း။

ဂန္ဓာလပဏ္ဏာတွင် တတိယမြောက် 'မ'အက္ခရာအဆိုမှာ. . . "မိဒတိ သိနိဟတီတိမေတ္တာ။ မိတ္တေသုဝါဘဝါတိမေတ္တာ"ဟူသည်ကိုလည်း ငဲ့ရန်ရှိ ပါ၏။ "မနံမောဒန္တိ"အစရှိသည်တို့ကိုလည်း ငဲ့နိုင်ပါသည်။

သို့သော်လည်း ဤအရာ၀ယ် ထိုသို့ဆိုအပ်ခဲ့ပြီးသည်တို့နှင့် အလျဉ်း မသင့်သောအရာဖြစ်၍ တိပိဋကဓရ နာမပြန့်ကြူ ဗမ္ဗူကျော်သည်း ကမ္ဘည်း ထူစိုက် ပွဲတင်လှိုက်မျှ တိုင်းကြိုက်သခင် အမည်ထင်ဖြစ်တော်မူသော 'ရှင် အရိယဝံသ'သည် အဘိဓမ္မတ္ထဝိဘာဝနီခေါ် 'ဋီကာကျော်' ကျမ်းမြတ်၏ အဖွင့် ဖြစ်သော 'မဏိသာရမဉ္ဇူသာ' ကျမ်းကိုစီရင်တော်မူရာ "မဏိ၊ ပတ္တမြား။ သာရ၊ အနှစ်။ မဉ္ဇူသာ၊ တံတင်း'ဟု ရည်ရွယ်တော်မူပြီးလျှင် ပတ္တမြားအနှစ် ထည့်ရာဖြစ်သော တံတင်းနှင့်တူသော "မဏိသာရမဉ္ဇူသာ" ကျမ်းဟု အမည် ပေးတော်မူသည်။

ဤသို့ငဲ့သင့်သော အက္ခရာဖြစ်၍ ယခုဂန္ဓာလပဏ္ဏာတွင်ပါသော တတိယမြောက်'မ'အက္ခရာမှာ 'မဉ္ဇူသာ'ဟု မှတ်တော်မူရာသည်။ 'မဉ္ဇူသာ' ဟူသည်ကား တံတင်းတည်း။ တံတင်းဟူသည်ကား သေတ္တာဟုမှတ်တော်မူ ဘုရား။

'ဝိ'ဟူသော စတုတ္ထမြောက်ဖြစ်သော အက္ခရာမှာ "ဝိနေယျ၊ ဝိဓေ ယျ၊ ဝိဓူ၊ ဝိဇ္ဇာ"စသည်တို့နှင့် မသက်ဆိုင်သော အရာဌာနဖြစ်၍ ဤအရာဝယ် "ဝိဝရိတွာ"ဟူသည်ကို ယူတော်မူရာသည်။

'ဝိဝရိတွာ"ဟူသည်မှာလည်း 'ပရိဗ္ဗာဇကာ၊ ပရဗိုဇ်တို့သည်။ ဥရံ၊ ရင်ကို။ ဝိဝရိတွာ၊ ဖွင့်၍။ ဒွိသု၊ နှစ်ခုကုန်သော။ အံသကူဋေသု၊ ပခုံးစွန်းတို့ ၌။ ပါဝုရဏံ၊ အာရုံကို။ ဌပေတွိယထာစ၊ ထားကုန်သကဲ့သို့လည်းကောင်း

http://www.dhammadownload.com



ဟူ၍ သေခိယအဖွင့် ကင်္ခါအဋ္ဌကထာ စူဠဝါခုဒ္ဒက, ခန္ဓကအဋ္ဌကထာ စသည်တို့၌ "ဝိဝရိတွာ"ဖွင့်၍ဟူသော အနက်အထင်အရှားလာပါသည်။

ထိုမှတစ်ပါးလည်း "ဒွါရံဝိဝရိတွာ"စသည်ဖြင့်လည်း ကျမ်းအစောင်စောင်တို့မှာ များစွာတွေ့လျက်ချည်းပင်ဖြစ်ရကား ဤဂန္ထာလပဏ္ဏာတွင်ပါလာသော စတုတ္ထမြောက်'ဝိ'ဟူသော အက္ခရာကို 'ဖွင့်၍'ဟူသော အနက်ဟု မုချမှတ်တော်မူဘုရား။

ပဉ္စမမြောက်ဖြစ်သော 'ဘု'အက္ခရာမှာ စတုတ္ထက္ခရာ'ဘ'ဖြစ်သောကြောင့် "ဘုဉ္ဇိတွာ၊ ဘုဉ္ဇန္တု၊ ဘုဉ္ဇန္တော၊ ဘုဉ္ဇထ'ဟူသည်တို့နှင့် သက်ဆိုင်သော အရာဖြစ်သောကြောင့် ဤနေရာဝယ် "ဘုဉ္ဇထ"ဟုဆိုလိုကြောင်းကို မုချစေကန် အမှန်ယူတော်မူဘုရား။

ဤ'သေ-ဝ-မ-ဝိ-ဘု'ဟူသော ငါးလုံးသောအက္ခရာတို့ကို မြန်မာလိုရောစွက်၍ အနက်ကိုယောဇနာသော် 'သေလဇာ၊ လက်ဖက်၏။ ဝသံ၊ အဆီကို။ မဉ္ဇူသာ၊ တံတင်းမှ။ ဝါ၊ သေတ္တာမှ။ ဝိဝရိတွာ၊ဖွင့်၍။ ဘုဉ္ဇထ၊ သုံးဆောင်တော်မူဘုရား'ဟူ၍ ဆိုပါသည်။

ဤသို့ပါဠ်ထွက် အနက်ကျကျကောက်ယူ၍ရသည်ကို မုချမှန်တိုင်း ဉာဏ်ရှိလှိုင်း၍ မဆိုင်းဖွင့်တော်မူဘုရား'ဟု သံတော်ဦးတင်လေသည်။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် သော့တံလွတ် သော့ပုန်းတပ်သော ဂဏန်းအမှတ်ဖြင့်ဖွင့်ရသော သေတ္တာကို သံဃရာဇ်အမှူးရှိသော ပရိယတ္တိဝိသာရဒဖြစ်တော်မူကြကုန်သော တံဆိပ်တော်ရ မရဆရာတော်မြတ်များနှင့် မင်းညီမင်းသား မင်းမိဖုရား ဝန်ကြီးအတွင်းဝန်အစုံအညီတို့ရှေ့တွင် ဖွင့်၍ကြည့်ရှုတော်မူရာ အမတ်ကြီးဦးပေါ်ဦးတင်သည့်အတိုင်း လက်ဖက်ဆီသေတ္တာအမှန်ဖြစ်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးနှင့်တကွသော ပရိသတ်အားလုံးသည် ခြိမ့်အုံးကြိုးထစ် မိုးကြိုးဟစ်သကဲ့သို့ ဖျစ်ဖျစ်ပြန်ပြော အံ့ဩမကုန်ရှိကြလေ၏။

ဤသို့ ခြိမ့်အုံးမိုးကြိုးချုန်းသကဲ့သို့ ပြောအံ့မဆုံးရှိကြရာတွင် ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူပြန်သည်ကား. . . 'မောင်မင်းများ. . ဘုရင်

http://www.dhammadownload.com



ကေရာဇ်မင်းမြတ်တို့ ဘုန်းကြီးပါမူ ဤကဲ့သို့သော ခဲရာခဲဆစ်ကို ဖြေစွမ်းနိုင်သည့် တိုင်းပြည်၏ကျက်သရေကိုဆောင်တတ်သော အမတ်သည် ပေါ်ပေါက်မြဲ ထုံးစံပင်တည်း'ဟု မိန့်တော်မူပြီးလျှင် အမတ်ကြီးဦးပေါ်ဦးသို့ ငွေကောင်းပိဿာချိန်ငါးဆယ်, ဆင်ပေါက်နှစ်စီးဆုပေးတော်မူ၏။

အမှာ. . . နောက်သားနောင်လာ မျိုးလေးဖြာတို့ အထူးသိသာတော်မူကြရန် အကြောင်းကား. . . ပါရမီဒဗ္ဗဘုန်းကျိုးပြလျက် ပဒေသရာဇာ စံရာဌာန ကမ္ဗောဇတိုင်း မှိုင်းမို့ဝေဖြာသေလာပဗ္ဗတထွန်းပဝင်းပြောင် တောင်ထပ်တောင်မြင့် ဆင့်ရရင့်တို့မှ အသင့်စည်ဖြာ ပေါက်ရောက်လာသဖြင့် ဝါတဝဓုန နီလပီဇသေလဇနှင့် ရသာဝတီ မာဂဓချီသည့်စဉ်စီမြန်မာ ပြန်ရာအနက်လက်ဖက်ဟုခေါ် ဆိုပညတ် သမုတ်အပ်သော ဝတ္ထုသည် အစိုလည်းကောင်း၊ အခြောက်လည်းကောင်း နှစ်မျိုးနှစ်စားရှိသည်။ ဤသို့လက်ဖက်စို၊ လက်ဖက်ခြောက်နှစ်မျိုးနှစ်စားတို့သည် ကမ္ဗောဇတိုင်းမှ စ၍ ဖြစ်ထွန်းပေါ် ပေါက်သည်ဟူရာ၌ အတွင်းတောင်လည်းကောင်း၊ အပြင်တောင်လည်းကောင်း၊ ဌာနမြားမြောင် တောင်အမျိုးမျိုး အခက်အရွယ် အမျိုးမျိုးအခေါ် အဝေါ် အမျိုးမျိုး ကွဲပြားခြားနားခြင်းအားဖြင့် အသွေးအရောင်အရသာတို့သည် တစ်မျိုးနှင့်တစ်မျိုး မတူကွဲလွဲချက် ခပ်သိမ်းသောလက်ဖက်တို့တွင် မိုးလွတ်ရွှေဖီခေါ် လက်ဖက်သည်သာလျှင် အထူးအလွန် အမွန်အမြတ်ဆုံးဖြစ်ချေသည်။

အဘယ့်ကြောင့်ဟူမူ ခူးယူရာ၌ အချိန်အခါ ရာသီသမယ ကာလချင်းမတူ။ ရွှေဖီဖူးလက်ဖက်ဟူသည်မှာ ဆောင်းနှောင်းနွေဦး လေမမြူး မိုးမခသမယခါညီ ကုံရာသီမှ မိန်ရာသီပြောင်း တပေါင်းမာသ ဘရဂုဏ္ဏီ နက္ခတ်တည့်သောလ ဖဂ္ဂုဏတွင်မည် ပုဏ္ဏတိထိပြည့်မှီသော ရက်အဖို့၌ ငုံစို့တစေပုရစ်ဝေလျက် လိုလွန့်ထွက်ပြူလာသော ညွန့်ဦးဖူးသစ်တို့ကို ရှမ်းပလောင်လူမျိုးတို့အစအဦး ဆွတ်ခူးယူငင်ရာမှ အနည်းငယ်ရသည်ကို ဌာခရိုင်ဆိုင်ရာစော်ဘွားကြီးတို့သို့ ပေးသွင်းသဖြင့် ထိုစော်ဘွားကြီးတို့ကမှ ကာလကို တွက်စစ်တစ်နှစ်တစ်ကြိမ် ဦးနှိမ်ဝပ်စင်း မြန်မာမင်းကေရာဇ်သို့ တင်သွင်းဆက်သရသည်။

http://www.dhammadownload.com



ထိုမိုးလွတ်ရွှေဖီ လက်ဖက်ခြောက်၏ ဟန် အနေကား. . . ဖျင်ကြမ်းချုပ် အပ်နဖားတွင်းသို့ ဝင်စွမ်းနိုင်သော ဖူးစ်ညွန့်များရှိသည်။ အထက်ပြဆိုခဲ့သော ဘရဏ္ဍိကကွတ်နှင့်ယှဉ်၍ ဖဂ္ဂုဏမာသဟု ခေါ်ဆိုသမုတ်ကြသော တပေါင်းလတိထိပုဏ္ဏမီဝယ် သရဖီပန်းပွင့်သည် အချိန်အခါနှင့် မကွာပြိုင်ယှဉ်သည်ဖြစ်သောကြောင့် ပန်းရနံ့တရထည် သင်းကြည်ကြိုင်ပျံ့ သောရနံ့ရှိသည်။ ဤသို့ အကိုက်ဖူးညွန့် အညှောက်ကွန့်၍ ထွက်ပေါ်သောလက်ဖက်ဖြစ်ရကား ရွှေဖီဖူးလက်ဖက်ဟူ၍ ခေါ်သတည်း။ အရည်မလင့်ကျိုသဖြင့်ကား ဝါကျင့်ကျင့်လျှံ ရွှေရည်ကျံသကဲ့သို့ ပယင်း၏စံ ပျားရည်စံအရောင်ရှိသတည်း။ ဤကား နောက်သားတို့သိစေရန် စကားဒေ လျဉ်းသင့်၍ထည့်သွင်းဖော်ပြလိုက်သော အမှာစကားချုပ်ပြီး၏။

ဤသည်လျှင် ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် ဂန္ဓာလရာဇ်ပြည်မှလာသော ငါးပါးအက္ခရာကို မြန်မာပြန်၍ ဖြေဆိုသော အခန်းပြီး၏။

❖ ❖ ❖

## ဆွေတော်မျိုးတော်များက ဘဝရှင်မင်းတရားကြီးသို့ တရားစွဲဆိုလာသည်ကို အမတ်ကြီးဦးပေါ်ဦးစီရင်ဆုံးဖြတ်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ရတနာသီခမြို့တော်ရှိ လယ်တော် ယာတော်များကို ဆင်းရဲသားမြေနှင့် အရာတော်မြေကို သီးသန့်သီးခြားမှတ်သားတော် မမူလိုသောကြောင့် လယ်တော်အုပ်ဆိုင်ရာ အရာရှိအရာခံတို့ကို ပယ်တော်တိုင်းစေခိုင်းတော်မူသဖြင့် လယ်တော်အုပ်တို့သည် ပယ်တော်တိုင်းရာ ဘဝရှင်မင်းတရားကြီး လယ်တော်သည် ပတ်လည်ကွေ့ဝိုင်း ရှိုင်းရရိုင်းကောက်တကွေ့ရှိရကား နယ်တိုင်းပိုင်တိုင်း မညီကြောင်းကို အမိန့်တော်ခံလာကြ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားက မိန့်တော်မူသည်မှာ ငါ၏လယ်တော်သည် မညီပယ်တိုင်း ရှိုင်းရရိုင်းရှိချေသော် ငါ၏လယ်တော်အတွင်းသို့ အမြိတ်ချင်း၍ အစွန်းနင်းလာသောလယ်တို့ကို ပယ်တော်တိုင်း

http://www.dhammadownload.com



ညီစေခြင်းငှာ ရွှေကြိုးသတ်မှတ် ပိုင်းဖြတ်မှတ်တိုင် အခိုင်အကြံ့စိုက်ခဲ့ကြစေ ဟု အမိန့်တော်မြတ် မှတ်တော်မူရကား လယ်တော်အုပ် ပယ်တော်အုပ်တို့ သည် အမိန့်တော်အတိုင်း ပြုကြလေ၏။

ယင်းသို့သောအခါ ရတနာသိခမြို့နယ်ရှိ မင်းတရားကြီးဘုရား ဆွေတော်မျိုးတော်တို့သည် ရှင်ဘုရင်မျိုး မင်းစိုးအဖြစ်ဖြင့်မနေလိုသဖြင့် မိမိတို့ အလျောက် တောင်သူကြီးအဖြစ်နှင့် လုပ်ကိုင်၍နေကြကုန်သော သူတို့ဖြစ်ရကား မိမိတို့လယ်ယာကို အရာတော်ပြုလုပ်၍ လယ်တော်အုပ်တို့ ဖြတ်နင်းဖောက်ထွင်း၍မှတ်တိုင်စိုက်သည်ကို မြင်လတ်ရကား ဟူးဟူးရားရားဒေါသအားနှင့် အများဆွေစုံ ပျားနှယ်အုံလျက် ရွှေဘုံတည်ရာမဟာအမရပူရ ပြည်ကြီးသို့ ခရီးပြင်းစွာ လာကြကုန်၏။

ထိုသို့မကြာ လာကြရာတွင် မဟာအမရ ဌာနရိပ်မြုံ နန်းရွှေဘုံသို့ ခိုလှုံမိသောအခါ အင္ဂုကရဏဓမ္မဝိနိစ် မဟိစ္ဆိတ ဓမ္မစိန္တာ ခြောက်ဖြာသော နာယကဂုဏ်တို့ဖြင့် ပြည့်စုံသော တရားသူကြီးတို့နေရာ မဟာမဏ္ဍိုင်ဉာဏ်ခိုင်လှစွာ တင်းမာမိတိရှိကြကုန်သော လွှတ်ဝန်ရှင်တော်မင်းကြီးတို့ထံသို့ ဘုရင့်ကေရာဇ်မင်းမြတ်နှင့် တရားဘက်ပြိုင်ရန် စွဲဆိုအံ့သောငှာ ဝင်ကြကုန်၏။

ထိုအခါ ရွှေလွှတ်တော်၌ ရှိကြကုန်သော ဝန်ကြီးတို့သည် ရတနာသိခမြို့မှလာကြသော မင်းဆွေစိုးမျိုးမလုပ်လို၍ တောင်သူလယ်ယာပြုလုပ်၍နေကြသော ဆွေတော်မျိုးတော်တို့သည် ရွှေလွှတ်တော်ပေါ်သို့ တောခေလေ့ဘာသာအားဖြင့် လျှော်ကြိုးတပ်သောခုံဖိနပ်ကိုစီးနင်းလျက် ယာခုတ်သော ဓားမကိုထမ်းကာ ဖက်ခြောက်ဆေးလိပ်စသည်တို့ကို နားမှာပန်ပြီး မုံသီးစိမ်သောတင်းတိမ်ကို ပခုံးထက်၌တင်ပြီး ဘွဲဖြူပုဆိုးကြမ်းကို အောက်ပိုးကျိုက်၍ တက်လာကြသည်။

ထိုသည်ကိုမြင်လျှင် ဘဝရှင် မင်းတရားကြီး၏ ဆွေတော်, မျိုးတော်, ဘကြီးတော်, ဦးရီးတော်တို့ ဖြစ်ကြောင်းကိုသိကြသဖြင့် ပျပ်ပျပ်ဝပ်လျှိုး ရှိခိုးလျှောက်ကြသည်ကား 'အရှင်တော်ကြီးဘုရားများသည် အဘယ်ကိစ္စငှာ ရွှေလွှတ်တော်သို့တက်၍ လာတော်မူကြပါသနည်း'ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com



ထိုအခါ ဆွေတော်မျိုးတော်တို့က ပြောသည်မှာ 'ငါတို့တရားစွဲဆိုရန် ရှိ၍ လာခဲ့ကြသည်'ဟု ဖြေကြလေ၏။

ဤသို့ပြောသည်ရှိသော် ဝန်ရှင်တော်တို့က လျှောက်ပြန်သည်မှာ 'အဘယ်သူအား အဘယ်တရားမျိုးဖြင့်စွဲဆိုလိုပါသနည်း'ဟု လျှောက်သော် 'ငါတို့လယ်ယာမြေကို ထိပ်တင်ဝိုင်းသည် မတရားသဖြင့် ကျော်နင်းဖြတ်ယူသောကြောင့် တရားစွဲလို၍ လာသည်'ဆို၏။

ထိုအခါ ဝန်ရှင်တော်တို့က 'အဘယ်ထိပ်တင် ဝိုင်းပါနည်း' ဟု လျှောက် သော် ဆွေတော်မျိုးတော်တို့က ပြောကြသည်မှာ 'မင်းတို့နန်းပေါ်က ရှင်ဘုရင်လုပ်နေသည့် ထိပ်တင်ဝိုင်းလကွဲ့'ဟု ပြောသော်ပဌမတွေသော ဝန်ရှင်ဂဘ်တို့က ဤသို့လျှောက်၏။

'ဤတရားကို ကျွန်တော်မျိုးတို့ တရားခွင်က လက်မခံဝံ့ပါဘုရား'ဟု လျှောက်ထားကြသော် တရားခွင်တစ်ခွင်ပြောင်း၍ စွဲဆိုမည်ဟုကြံ၍ တစ်ဦးသောဝန်ကြီးထံသို့သွား၍ စွဲဆိုကြပြန်၏။

ထိုဝန်ကြီးတို့ကလည်း ရှေးနည်းတူ ပယ်လိုက်ကြပြန်၏။ ထိုအခါ ဆွေတော်မျိုးတော်တို့သည် ကြံရာမရရှိလတ်ရကား ဖြတ်ိုက်တော်ဆိုင်ရာ အတွင်းဝန်မင်းကြီး ဦးပေါ်ဦးထံသို့ ဝင်ကြလေ၏။

အတွင်းဝန်ဦးပေါ်ဦးကလည်း ရှေးနည်းအတိုင်း အဘယ်သူကို စွဲလိုသော အဘယ်တရားမျိုးပါနည်းဟု မေးလျှောက်ရာ ဆွေတော်မျိုးတော်တို့ကလည်း 'မင်းတို့သခင် ဘုရင်တစ်ဆူပြုလုပ်၍နေသော နန်းပေါ်ကထိပ်တင်ဝိုင်းဆိုသူကို စွဲလိုသည်'ဟု မိန့်တော်မူကြသော် အတွင်းဝန်ဦးပေါ်ဦးက 'ဖြတ်ိုက်တော်သည် တရားစီရင်ခြင်းနှင့် မသက်ဆိုင်ကြောင်း တရားရုံးနှင့် လွှတ်တော်သာလျှင် တရားစွဲဆိုခြင်းနှင့် ဆိုင်ပါကြောင်း'ဟု ပြောဆို၏။

ဆွေတော်မျိုးတော်တို့ကလည်း ဖြတ်ိုက်သည်တရားနှင့် မသက်ဆိုင်ကြောင်းကို ငါတို့သိ၏။ ယင်းသို့သော်လည်း မောင်ပေါ်ဦးထံ အကြံဉာဏ်ယူရန်အတိုင်အပင်လာကြသည်ဟု ဆိုရာတွင်မှ အမတ်ကြီးဦးပေါ်ဦးက လွှတ်တော်အရာရှိဝန်ကြီး ဝန်ထောက် ဖြတ်ိုက်အရာရှိ အတွင်းဝန်နှင့် သံတော်ဆင့် တခြားစီပင် ဖြစ်သော်လည်း ဤကိစ္စ၌ ကျွန်တော်မျိုးနှင့် အလျှင်းမဆိုင်

http://www.dhammadownload.com



စေကာမူ မဆိုင်ကြောင်းသိလျက်နှင့်ပင် လက်ခံပါတော့မည်ဆို၍ ပရပိုက်ကို ဖြန့်ခင်းလျက် စွဲဆိုတော်မူပါဘုရားဟု လျှောက်ထား၍ထိုအမှုကို လက်ခံလေ၏။

ယင်းသို့လက်ခံပြီးလျှင် မည်သည့်နေ့ကို တရားဆိုင်ဆိုရန် ကြွတော်မူကြပါဟု ရက်ချိန်ပေးလိုက်ပြီးမှ ဘဝရှင်မင်းတရားကြီးထံသို့ စာဆက်သွင်းလေ၏။

ဆက်သွင်းသောစာမှာ. . . 'မြို့တိုက်တော်ဆိုင်ရာ မဟာဘွဲ့သ မင်းလှနော်ရထာ မည်သာဘွဲ့နှံ့ ရွှေခွန်းခံသော နိုင်ငံတော်ကြီး၏ ကျက်သရေဆောင် ဝင်းပြောင်ထိန်လျှပ် ကျမ်းဂန်တတ်သည့်အမတ်ကြီးမင်း ထင်လင်းသေချာ ဆင့်ဆိုရာကို နာခံမှတ်သားအပ်သည် ပတ္တမြားနဝရတ်စီခြယ်တပ်သည့် ပြာသာဒ်ကြီးဥကင်နေ လူမွေကြီးထိတ်တင်ဝိုင်း. . .၊ တိုင်းသုနာဒိပ် လျှံဖိတ်ဖိတ်နှင့် ပထဝီဿရမင်းဖျားအလောင်းဘုရားကြီး၏ တည်ရာ ရတနာသိခနဂရပိုင်စိုးတမုံထိုးရွှာစံ ထိပ်တင်ကြံထိပ်တင်စု ထိပ်တင်ပု ထိပ်တင်ဆွေတို့က လယ်မြေမှု ခမ်းအနားကို တရားဘက်ပြိုင်ရန် စွဲဆိုလာသည်ဖြစ်၍ ယခုသက္ကရာဇ် တစ်ထောင့်တစ်ရာ့ခြောက်ဆယ့်ကိုးခုနှစ် တန်ခူးလဆန်း ကိုးရက်နေ့အခါ မြို့တိုက်တော်ဆိုင်ရာ မဟာဘွဲ့သမင်းလှနော်ရထာမည်သာကျော်လျှံရွှေခွန်းခံသော နိုင်ငံတော်ချစ် အတွင်းဝန်အလွန်လိမ္မာ ဉာဏ်တံခွန်ဖြာလှသည့် မဟာအမစ္စနာမအထူး အမတ်ကြီးဦးပေါ်ဦး၏ ဆိုင်ရာသို့နေ့နှစ်ချက်တီးကျော် နှစ်မောင်းပေါ်အခါ တရားဆိုင်ဆိုရန် လာရောက်အပ်သည်။ စတုဒိပလက်ရပိုင်စား ပတ္တမြားနဝရတ် စီခြယ်တပ်သည့်ပြာသာဒ်ကြီးဥကင်နေ လူမွေကြီး ထိပ်တင်ဝိုင်း'။

ဤသို့ရေးစီ၍ နန်းတော်ကြီးသို့ စာဆက်ဆွင်းရာ ဘဝရှင်မင်းတရားကြီး လက်တော်သို့ရောက်လျှင် ကြည့်ရှုတော်မူပြီး၍ မိန့်တော်မူသည်မှာ 'မောင်မင်းများ. . . ဤစာကို အဘယ်သူစီကုံးရေးသားသနည်း'ဟု မေးတော်မူ၏။

အမတ်ကြီးဦးပေါ်ဦး စီကုံးရေးသားကြောင်းကို သံတော်ဦးတင်ကြလေသော် ရေမြေသေဌ်နင်း မင်းတရားကြီးသည် ပြုံးတော်မူ၍ အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

http://www.dhammadownload.com



ထို့နောက် အထက်သွင်းစာပါရက်သို့ ရောက်သောအခါ ဘဝရှင်မင်းတရားကြီးသည် အမှတ်မဲ့နေတော်မူ၏။ တရားလိုဖြစ်သူ ထိပ်တင်ကြံ ထိပ်တင်စု ထိပ်တင်ပု ထိပ်တင်ဆွေတို့သာလျှင် ဗြတိုက်တော်သို့ တရားဆိုင်ရန် လာရောက်ကြရကား အမတ်ကြီးဦးပေါ်ဦးသည် ဤသို့စာသွင်းပြန်၏။

'မဟာမန္တီ ဉာဏ်ကဝိမို့ ပဏ္ဍိတ်ခွန် သတင်းချွန်သော အတွင်းဝန်ကြီး ဦးပေါ်ဦးဆိုင်ရာ မင်္ဂလာဒင်္ဂိုဉာဏ်ဆိုဉာဏ်ဖူးသူတို့၏ ပွင့်မြူးကျက်စားသော ဒေသ ဝိနိစ္ဆယမဝ္ဓသဘင် ပွဲကြီးယင်သည့် အရှင်စိုးမင်းတို့ပင် ထွက်တော်မူ အပ်သော အရပ်သတ်မှတ်တနဲ တင့်ထူးကဲသည့် ဗြတိုက်တော် တရားခွင်က လျှင်မြန် အခင်းနှင့်ထပ်မံ၍ စာဆက်သွင်းလိုက်သည်။ မဟီတလ မြေမျှား ချက်ချာ ဝေယန္တာဝယ် မကွာခြွေရွေ စံပယ်နေသော လူမွေကြီး'ထိပ်တင်ဝိုင်း' တရား ရပ်ဆိုင်း မပိုင်းမခြားရှိသည်များကို တရားလိုမင်းလေးပါးတို့ စောင့်စားမြော်ငံ့လျက်ရှိနေရာ ဘဇာယွင်းကွက် ချိန်းရက်ကွေကွာ လူဆိုး လူသွမ်းတို့ ပရက္ခရာဖြင့် ပမာမမှု အရေးမယူ မသူတော်ငြမ်း လမ်းတစ်ဖက်ကျိုး ကပ်ဆိုးရှောင်လွှဲ၍ မပြတ်မစဲနိုင်သောအမှုကို နောက်ထပ်တစ်ဖန်မပြုရာ၊ ခရီးဝေးကွာ မြို့ကျေးရွာမှလာကုန်ကြသော တရားလိုများကို နေ့စားလခန်း မပင်ပန်းရအောင် တရားလမ်းရှိရာ တန်ခူးလဆန်း ဆယ်ရက်နေ့အခါ အမတ်ကြီး ဦးပေါ်ဦး တရားစီရင်ရာသို့ ဃာရောက်ဆိုင်ဆိုအပ်သည် မဟီတလမြေမျှား ချက်ချာဝေယန္တာဝယ် မကွာခြွေရွေ စံပယ်နေသော လူမွေကြီး ထိပ်တင်ဝိုင်း'။

ဤသို့သော သွင်းစာဖြင့် နန်းတော်ကြီးသို့တစ်ဖန် ဆက်သွင်းပြန်၏။ ထိုအခါ ဘဝရှင်မင်းတရားကြီးသည် ကြည့်ရှုတော်မူပြီး၍ မိန့်တော်မူသည်မှာ 'ခွေးမသား ငပေါ်ဦးသည် လွန်စွာထကြွ၍ နေပြန်ချေပြီ။ သိန္ဓိကိုလွမ်းပြန်ဟန်ရှိ၏' ဟု ယခင်ရာဇဝတ်တော်နှင့် သိန္ဓိသို့ပို့သည်ကို ရည်စူးတော်မူ၍ မိန့်တော်မူ၏။

ဤသို့မိန့်တော်မူပြီးလျှင် သံတော်ဆင့်ကြီး 'မင်းလှသီရိသင်္ခယာ'ကို ခေါ်တော်မူ၍ 'မောင်မင်း ငါ၏ကိုယ်တော်စား ဗြတိုက်တော်ဆိုင်ရာ အတွင်းဝန် ငပေါ်ဦးတရားခွင်သို့သွား၍ တရားဆိုင်ဆိုချေရမည်'ဟု မိန့်တော်မူပြီးလျှင် အတွင်းဆောင်တော်သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ ဘဝရှင်မင်းတရားကြီး၏ ကိုယ်တော်စားဖြစ်သော် သံတော်ဆင့်ကြီး 'မင်းလှသီရိသင်္ခယာ'သည် ဖြတိုက်တော်ဆိုင်ရာ အတွင်းဝန်ကြီး ဦးပေါ်ဦးရှိရာသို့ ဆိုက်ရောက်သဖြင့် ထိပ်တင်ကြဲ ထိပ်တင်စု ထိပ်တင်ပု ထိပ်တင်ဆွေတို့နှင့် ဆင်ချေလည်ယှက် စကားဘက်ဆိုကြရာ တရားထိုက်သည့်အချက် နှစ်ဦးသားတို့ထွက်ဆိုပြိုင်ဆိုင် ပိုင်မပိုင်ကို နိုင်သင့်မနိုင်သင့် ထောက်ချင့်ဝေဖန်၍ စံကိုင်ပမာ ရာဇူလျှာကဲ့သို့ မသာမပြု ကောက်ယူဆုံးဖြတ်၍ တရားပြတ်စီရင်ချက် ချသည်မှာ. . .

'ရတနာသီခမြို့ စီရင်စု တမုံဆိုးရွာစံ ထိပ်တင်ကြဲ၊ ထိပ်တင်စု၊ ထိပ်တင်ပု၊ ထိပ်တင်ဆွေတို့က လယ်မြေပယ်တွင်း နယ်နင်းပိုင်းဖြတ် နိမိတ်သတ် မှတ်တိုင်ထူ၊ အမွေလုယူသည်များကို တရားစွဲလာသည်နှင့်အညီ မူလတရား၊ သာခတရား ထိုနှစ်ပါးဖြင့် ပိုင်းခြားစစ်ဆေး၍ တရားရေးဆိုင်ဆိုစေရာ နရာဒိပ ကွာပိန္ဒသေဌ်နှင်း မင်းတကာတို့၏ အရှင် ဆဒ္ဒန်ဆင်မင်းတို့၏ ဖူးမြော်ရာ ပြဟ္မာဗိသနိုး နတ်မြတ်မျိုးစင်စစ် တန်ခိုးလှစ်သဖြင့် စက္ကရာဇ်တန်ိုင်းအုံ့ဖွယ်လှိုင်းသည်ဟု သမိုင်းတော်ထိုးရသည့် လူဆိုးကြီးတို့၏ ဦးကိုင်လေးကျွန်းတိုင် မွှေပြီးလျှင် ဗလပွေလုပ်ဦးမည့် နတ်ရုပ်ကြီး 'ထိပ်တင်ပိုင်း'နှင့် တိုင်းသုနာထိပ် အလျှံဖိတ်သည် ပထဝိသရ မင်းဖျားအလောင်းဘုရားကြီး၏ စံတော်မူရာ ရတနာသီခမြို့နိဂုံး ဘုန်းတော်ပွင့်အောင်ချက် ရွှေချက်တော်သိုရာ မဟာဘုမ္မိ ဂုဏ်ပေါင်းအိသောပဋိရူပမင်္ဂလာတမုံးဆိုးရွာစံ ထိပ်တင်ကြဲ၊ ထိပ်တင်စု၊ ထိပ်တင်ပု၊ ထိပ်တင်ဆွေတို့သည် ဆင်ခြေလည်ယှက် တရားဘက်ပြိုင်ဆိုင်ဆိုခြင်းအမှု ပြုကြရာ တရားလို တရားခံနှစ်တန်အထွက် ကောက်ချက်ယူဆမူလသာခ ထိုနှစ်ဝကို မရှိလွတ်ကင်း စဉ်းစားဆင်ခြင်သော် ဘုရင်တကာတို့၏အချုပ်, နရုတ္တဌအာဟိန် ဇနိန္ဒာဓိပတိ သမုတိနာထ အမရရွှေတောင် ဘုန်းရောင်လွှံ့ပတ် သိုက်ဓာတ်အလာ စိုးစံပါသော မဟာမောသစောနရထွက်ကျိုင်း 'ထိပ်တင်ဝိုင်း'၏ အဆိုသည် ယွင်းဆိုဖောက်ပြန် မမှန်အချက် အထွက်ကောက်ကျစ်အထစ်ထစ်နှင့် ကျိုးပြစ်နှစ်ဖြာမရေရာသဖြင့် ယုတ္တာယုတ္တိ ကင်းလွတ်ဘိသည်လည်း တစ်ကြောင်း။

ရှေးဘုရားလောင်း မင်းကောင်းမင်းမြတ်တို့၏ ကျင့်မြဲဓမ္မဘာ လမ်းစဉ်လာမှ "ခန္တီမေတ္တာဒယာယုတ္တော"ဟူသော ပါဠိဖြင့်သီလဝစသော မင်း

http://www.dhammadownload.com



ကောင်းမင်းမြတ်တို့ကဲ့သို့ သည်းခံခြင်းခန္တီ, ချစ်ခြင်းမေတ္တာ, သနားခြင်း ကရုဏာနှင့် ယှဉ်ရမည်ဟူသော ဓမ္မပဒေသရာဇဓမ္မလွတ်ကင်းသည်လည်း တစ်ချက်။

ပါထေယျဝဂ် စက္ကဝတ္တိသုတ်တော်အလာ "ဇနပဒေသုစ ဓမ္မဋ္ဌရေ" ဟူသည်ကို မထောက်မြော်သည်လည်းတစ်ဖြာ။

သုဝဏ္ဏသာမဇာတ်တော်တွင် "ဉာတိမိတ္တေသု"ဟူသော ပုဒ်ကို ငဲ့ကွက်ခြင်းမရှိ။ အပရိဟာနိယတရား ခုနစ်ပါးကို သတ္တတိနိပါဌ် အင်္ဂုတ္တိုရ် ပါဠိတော်၌ပြဆိုရာ "ပညတ္တိပဋိပစ္စနံ"ဟူသော စကားနှင့်လည်းမညီ။ အသီ တိနိပါတ် လောမဟံသဇာတ်၌ မင်းကျင့်တရားဆယ်ပါးကို ပြဆိုရာ"အဇ္ဇဝံ" ဟူသော စကားကိုလည်း မကြည့်။ ရာဇနီတိ၌ ရာဇဂုဏ်ရှစ်ပါးကို ပြဆိုရာ ဝယ် "ပထဝီဂုဏ, စန္ဒဂုဏ, သမုဒ္ဒဂုဏ, ပဇ္ဇုန္နဂုဏ"ဟူသော လေးပါးကို လည်း မထောက်ထား မဆင်ခြင်။ အဋ္ဌနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်တွင် သင်္ဂဟ လေးပါးကိုပြရာ "သဿမေဓ"ဟူသော တရားကိုလည်း မထောက်ထား။ နာယကဂုဏ်ခြောက်ပါးကိုလည်း မယူဆ။ ဝိဓူရဇာတ်တော်၌ "ယာတာ နုယာယီ" အစရှိသော သာဓုနယလေးပါးတွင်လည်း တစ်ပါးပါးကိုမျှ မမြော် ချင့်။ ဤသို့ ကျင့်ရာကျင့်ထုံး လုံးဝမသိ ဖီလာဖောက်ထွင်း ပျက်ယွင်းယိမ်း ယိုင်ရှိသည်နှင့်အညီ တပသီမုနေ့ ရသေ့စျာန်ရှင်တို့ စီရင်တော်မူခဲ့သော လောကီဓမ္မသတ်အရပ်ရပ်တို့နှင့် ဖြတ်ထုံးကြီး ဖြတ်ထုံးငယ် အသွယ်သွယ် တို့ကို ခြယ်လယ်ဖွေရှာခွင့်မရှိ၊ အနန္တဇိန အတုလထွတ်ထား မြတ်ဘုရား၏ ဟောကြားပြသ ဆုံးမတော်မူခဲ့ရင်းဖြစ်သော သာမုက္ကံသိက ရာဇာနုသာသန ဒေသနက္ကမအစဉ်နှင့် ဆန့်ကျင်သူတစ်ဦးဖြစ်သောကြောင့် ခုဖြစ်ပွားသော လယ်မြေခဏ်းအမှု၌ "သိရိပဝရ တိလောကပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" ဟု ဥဏှိသအက္ခရာခတ်နှိပ်ပါသော ကွာပိန္ဓရာဇ် မဟေဿသာ နရာဓိပ ခတ္တိဝံသ ဩက္ကာကမျိုးရိုးသမိုင်းတော် ထိုးရသည့် လူဆိုးစောရ မောင်မောသ သည် တမုံဆိုးဂါမနေ တရားလိုမြေရှင်တို့သို့ တရားကွမ်းဖိုး အကျိုးဆောင် ရှေ့နေတွက် ခုံသက်သေတင်စား တရားထိုက်သက်ရာ စရိတ်နှင့်တကွ ကျခံ ပေးလျော်စေ'ဟူ၍ သက္ကရာဇ် တစ်ထောင့်တစ်ရာ့ခြောက်ဆယ်ကိုးခု တန်ခူး လဆန်း ၁၀ရက်နေ့တွင် ပြတိုက်တော်ဆိုင်ရာ မဟာဘွဲ့သ မင်းလှနော်ရထာ

http://www.dhammadownload.com



မည်သာတင့်လျှံ ရွှေခွန်းခံသော နိုင်ငံတော်ကြီး၏ ကျက်သရေဆောင် ဝင်းပြောင်တောက်ထိန် ဉာဏ်ဝရဇိန်နှင့် ကံရှိန်တင့်ထူး လွန်ပွင့်မြူးသော အတွင်းဝန်ကြီး ဦးပေါ်ဦးစီရင်သည့် အချက်ကို တရားဆက်လက်အသက် သွင်းရန်မရှိ။ ပြကတိမူလ ဓားမဦးချအတိုင်း တည်စေ။

ဤသို့ အမတ်ကြီး ဦးပေါ်ဦး ဆုံးဖြတ်စီရင်သော စီရင်ချက်ဖြတ်ထုံး ကို ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ဆော်သို့ဆက်သသောအခါ နန်းလုံး ဉက္ကဋ္ဌနာထနတ် ဖြစ်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရား ကြီးသည် ယင်းသည့်ဖြတ်ထုံးကို အစမှအဆုံးသတ် ဖတ်တော်မူပြီးလျှင် ဤ သို့မိန့်တော်မူ၏။

> 'မောင်မင်းများ. . . ကိုယ်တော်မြတ်သည် လူသားကို ပွဲတော် တည်လိုသော ဆန္ဒဖြစ်တော်မမူ၍သာ ယခုကဲ့သို့ ပြကတိစံတော်မူ လျက် ရှိရပေသည်။ အကယ်၍ပင် လူ၏အသားကို စားလိုသော အာသာချင်ခြင်းဖြစ်အံ့ ဗာရာဏသီပြည်ရှင် ဘုရင်မင်း ဗြဟ္မဒတ္တ, ရသကတို့ကဲ့သို့ မုချ လူသားမစားသေးသော်လည်း စားချင်ခြင်း တည်းဟူသော အာသာဖြစ်တော်မူသည်ဟု ကြားရုံမျှနှင့်ပင် ငါကိုယ် တော်အရှင်မြတ်ကို ခွေးမသား ပေါ်ဦးသည် နန်းထက်မှ ဆွဲ၍ ချအံ့ထင်သည်'

ဟု မိန့်တော်မူပြီးလျှင် ပြုံးတော်မူလျက် အတွင်းဆောင်သို့ ဝင်တော်မူ၏။

> ဤအမတ်ကြီး ဦးပေါ်ဦးသွင်းသည့် စီရင်ထုံးတို့၌ပါသော တမုံဆိုး ရွာဟူသည်ကား ယခုကာလလူတို့ ခေါ်ဝေါ်ကြသော မုဆိုး ခြုံ ရွာပင်တည်း။

အမှာ. . . အဘယ့်ကြောင့် ထိုမုဆိုးခြုံရွာကို တမုံဆိုးရွာဟု ရေး သနည်းဟူငြားအံ့။ ငါတို့ ဂေါတမထွတ်ထား မြတ်ဘုရား ပွင့်တော်မမူမီ ကောသလတိုင်း, ပဉ္စာလရာဇ်တိုင်း နှစ်တိုင်းတို့ကို အစိုးရသော ကောလိယမင်းထံ အမျိုးဆက်အံ့သောငှာ အမတ်တို့ကိုစေ၍ သမီးတောင်းရာ ကောလိယမင်းသည် ဇာတိမာန်ဖြင့် မချေမငံသောစကားကို ဆိုလိုက်၍ မင်း နှစ်ပါးတို့စစ်ဖြစ်ရာ ပဉ္စာလရာဇ်မင်းကနိုင်၍ ကောလိယဒေဝဒဟ ကပိလဝတ်

http://www.dhammadownload.com



မည်သော သာကီဝင်မင်းတို့ စစ်ရှုံး၍ သုံးဖြာကွဲစဉ်အခါ အဘိရာဇာအမည်ရှိသော သကျသာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့် မဇ္ဈိမဒေသမှ ဖဲခွဲ၍ သက်သရဋ္ဌမည်သော တကောင်းပြည်ကြီးကို တည်ထောင်စံနေတော်မူ၏။ ထိုအဘိရာဇာမင်းသည် ညီတော်သမိတရာဇာအမည်ရှိသော သကျသာကီဝင်မင်းသားမူကား တရားသံဝေဖြစ်သဖြင့် မင်းဖြစ်ခြင်း, လူအဖြစ်ဖြင့်နေခြင်းတို့ကား အဘယ်အကျိုးရှိစေတော့အံ့နည်းဟု တရားနှလုံး စွဲယူသုံး၍ မိမိနှင့်သဘောတူညီကြသော သကျသာကီဝင်မင်းသား သုံးကျိပ်နှစ်ယောက်တို့နှင့် နောင်တော် အဘိရာဇာထံမှ ဖဲခွဲ၍မုံသီးစိမ်သောအဝတ်ကိုဝတ်၍ ရသေ့ပြုလုပ်ကာ နေကြသတည်း။ ဤသို့မုံသီးဖြင့်ဆိုးသောအဝတ်ကို ဝတ်ဆင်ကာ သကျသာကီဝင်ရသေ့တို့ နေရာဖြစ်သောကြောင့် တမုံဆိုးအရပ်ဟု ခေါ်ဆိုပညတ်ဖြစ်သတည်း။

ယင်းသည့် အဘိရာဇာမင်းကြီး တည်ထောင်တော်မူသော သက်သရဋ္ဌမည်သော တကောင်းပြည်ကြီး၌ မင်းသုံးကျိပ်သုံးယောက်တို့၏ အဆုံးဖြစ်သော ဘိန္နကရာဇာမင်းကြီးလက်ထက် ဂန္ဓာလရာဇ်တိုင်း စိန်ပြည်သားတရုတ်တို့နှောင့်ယှက်လာ၍ သက်သရဋ္ဌမည်သော တကောင်းပြည်ကြီးပျက်စီးလေလျှင် ဘိန္နကမင်းကြီးသည် ဗိုလ်ခြေအလုံးအရင်းနှင့် မာန်လည်ချောင်းသို့ ဝင်လေ၏။ ထိုအရပ်တွင် ဘဝလွန်တော်မူ၏။ ဗိုလ်ပါအလုံးတို့လည်း သုံးစုကွဲ၍ တစ်စုကား အရှေ့မျက်နှာ ရှမ်းတဆယ့်ကိုးခရိုင်တည်ထောင်၍ နေကြလေ၏။ ထိုရှမ်းတစ်ဆယ့်ကိုးခရိုင်တို့သည် ဘိန္နကရာဇာမင်းမျိုးဟု တွင်လေ၏။

တစ်စုကား ပြူ, ကမ်းယံ, သက်တို့အရပ်တွင် မုဒုစိတ္တသာကီဝင်မင်းတို့နေရာ သုနာပရန္တသို့ ဝင်ကြလေ၏။ တစ်စုကား မိဖုရားကြီး နာဂဆိန်နှင့် နေမြဲမာန်လည်အရပ်တွင် နေကြရာ အချို့သူတို့အကြံအစည်ဖြစ်သည်မှာ ငါတို့သည် ဤမာန်လည်အရပ်တွင်နေခြင်းကား ဘေးရန်မကင်း၊ လုပ်ခင်းပယ်တာ လယ်ယာနည်းပါးသော ကုန်းအရပ်လည်းဖြစ်သည်။ သို့အတွက်နေခြင်းငှာမသင့်။ သကျသာကီဝင်စစ် ငါတို့အမျိုးဖြစ်တော်မူသော အရှင်တို့မုံသီးဆိုးသောအဝတ်ဖြင့် ရသေ့လုပ်၍ နေတော်မူကြရာ တမုံဆိုးခေါ်အရပ်

http://www.dhammadownload.com



တွင် ရွာတည်၍နေမှ သင့်လျော်တော်ထောက်မည်သာ တကားဟု တိုင်ပင် စည်းဝေးကာ လာကြပြီးလျှင် တမုံဆိုးရွာဟု သမုတ်တည်နေကြသတည်း။

ယခုကား ကာလရှည်လျားသဖြင့် မုဆိုးခြုံရွာဟု တွင်သတည်း။ ဤကိုထောက်လျှင် အမည်ရင်းကား မုဆိုးခြုံရွာမဟုတ်။ တမုံဆိုးရွာပင်တည်းဟု အမြဲသိသာသည်ဖြစ်ဘိသော်။

ထိုမှတစ်ပါးလည်း ငါတို့ကုန်းဘောင်သမ္မတ မင်းထီးအာဒိကမ္မိက ဖြစ်သော အလောင်းမင်းတရားကြီးသည်လည်း ထိုတမုံဆိုးရွာလျှင် ရွှေချက်တော်သိုရာဖြစ်သောကြောင့် သကျသာကီဝင်မင်းစစ် ဧကန်ဖြစ်သည်ပင်ဟု မြေးမြစ်စဉ်လာ ယုံမှားသံသယကင်းစွာ မှတ်သားကြကုန်ရာသည်။

ဤကား နောင်လာနောက်သားတို့ အလို့ငှာ စကားအလျဉ်းသင့်၍ အထူးမှတ်ရန် ကောင်းသောကြောင့် ထည့်သွင်းဖော်ပြလိုက်သော အမှာစကားချုပ်ပြီး၏။

ဤသည်လျှင် အမတ်ကြီး ဦးပေါ်ဦးသည် ဘဝရှင်မင်းတရားကြီးနှင့် ဆွေတော်မျိုးတော်တို့ဖြစ်ကြသော လယ်မြေမှုတရားကို စီရင်ဆုံးဖြတ်သော အခဏ်းပြီး၏။

❖ ❖ ❖

## ရခိုင်ဒင်္ဂါးနှင့် အာသံဒင်္ဂါးကို မြန်မာငွေနှင့်ယှဉ်တွဲ၍ မေးတော်မူရာ အမတ်ကြီး ဦးပေါ်ဦးလျှောက်တင်ခြင်း

တစ်ရံရောအခါ အသမသင္ကဒေဝမည်သော အာသံတိုင်းမှ အာသံမင်း၊ အင္ဂပတ်မင်း၊ သာဂီစော်ဘွား၊ ဇယန္တာစော်ဘွား၊ တိုးလျားစော်ဘွား၊ ဝေသာလီစား စန္ဒရဂန္ဒရှိန်တို့ နှစ်စဉ်ဆက်သမြဲဖြစ်သော အခွန်တော်ငွေနှင့် လက်ဆောင်တော်များကို ရွှေဖဝါးတော်အောက်သို့ အဆက်အသရောက်ရာ ရွှေနန်းတော်ကြီး အရှေ့စနူ၌ ယွန်းထိုးခွက်ကြီးတို့ဖြင့်ထည့်၍ အစဉ်အတိုင်း ထားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် ထွက်တော်မူလာသည် နှင့် ဆက်သရန်ပြင်ဆင်၍ထားသော ပဏ္ဏာလက်ဆောင်တော်များနှင့် အာသံ

http://www.dhammadownload.com



ဒင်္ဂါး၊ ရခိုင်ဒင်္ဂါးများကို မြင်တော်မူလျှင် အမတ်ကြီးဦးပေါ်ဦးကို ဤသို့မေး တော်မူ၏။

'ပေါ်ဦး. . . ဤအာသံဒင်္ဂါး, ရခိုင်ဒင်္ဂါးတို့သည် ငါတို့မြန်မာငွေနှင့် သော် ငွေကဲခြင်းတူမျှပါမည်လော။ ငွေမှုတ်ပွဲစားတို့ကို ရွက်နီနှင့်စပ်၍ မှုတ်စေသော် ဘယ်နှစ်ဆယ်ကဲ ထွက်ပါမည်နည်း'ဟု ဒင်္ဂါးနှစ်ခုကို ကိုင်တော် မူ၍ မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်ထားသည်မှာ ဘုန်း တော်ကြောင့် ငွေမှုတ်ပွဲမင်းကြီးပင် ဆင်ခြင်တော်မူ၍ ငွေကဲခတ်တော်မူ ပါလော့ဟု လျှောက်ထားလေသော် ဘဝရှင်မင်းတရားကြီးသည် တစ်မုဟုတ် ခြင်း အတွင်းတော်သို့ဝင်တော်မူ၏။

ဤသို့ဘုရင်မင်းမြတ် ဝင်တော်မူသောခဏ၌ပင်လျှင် အရှင်မိဖုရား ခေါင်ကြီးသည် ထွက်တော်မူလာပြန်သော် ရှေးနည်းအတူ ဒင်္ဂါးနှစ်ခုကို ကိုင်ယူ ကြည့်ရှုတော်မူပြီးလျှင် ငွေ၏အကဲကိုမေးတော်မူပြန်၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက 'ဤငွေ၏အကဲကို ပွဲကတော်ကြီးပင် ခပ်တော်မူပါလော့'ဟု ဆိုပြန်သဖြင့် အရှင်မိဖုရားခေါင်ကြီးသည် လွန်စွာ ရှက်တော်မူရကား ဘဝရှင်မင်းတရားကြီးစံတော်မူရာသို့ တစ်ခဏချင်း ဝင် တော်မူပြီးလျှင် ရွှေမျက်နှာအိုတော်မူလျက် ဤသို့သံတော်ဦးတင်လေ၏။

'မဟီတလ နရာဘုန်းခေါင် ပြောင်ဖြူပစ္စယ ရဲနာဂနှင့် အမရနန်းမြင့် ဖြူဝန်းဖွင့်သည် ဆင်မင့်သခင် ဆဒ္ဒန်ရှင်. . . ကျွန်တွင်လည်း ကျွန်ပျက်၊ ငှက်တွင်လည်း လင်းဆွဲ၊ ကျွဲတွင်လည်း တည်လူး၊ ဗူးတွင်လည်း သပိတ်၊ နိမိတ်ကောင်းကျိုး မဖွံ့ဖြိုးသည်. . . ထားရှိးမရှိ စွန့် ကြောင်းတည်းဟု ဆိုရိုးစကား ရှိသည်များကို ထောက်ထားဆင်ခြင်တော် မူသင့်ပါသည်ဘုရား'ဟု လျှောက် ထားသံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက 'မိဖုရားကြီး အဘယ်ကိစ္စနည်း' ဟု မေးတော်မူ၏။

ထိုသို့မေးတော်မူသော် မိဖုရားခေါင်ကြီးက သံတော်ဦးတင်သည်မှာ 'ဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် ပမာမခန့် မကြောက်ရွံ့ဘဲ တန့်တန့်

http://www.dhammadownload.com



စားစား လွန်စော်ကား၍ ဘုရားနှမတော်ကို ပွဲကတော်ဟူ၍ ခေါ်ပါသည် ဘုရား' ဟု လျှောက်ထားသံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'ရှင်မိဖုရား ဝမ်းနည်းတော်မူရန်မရှိ ငါကိုယ်တော်အရှင်မြတ်ပင် ပွဲစားကြီးဖြစ်ခဲ့ပြီးသည် ကို ရှင်မိဖုရား ပွဲကတော်မဖြစ်ဘဲ အဘယ်မှာရှိနိုင်ပါအံ့နည်း'ဟု လွန်စွာ ပြုံးရယ်တော်မူလျက် မိန့်တော်မူချေ၏။

ဤအရာ၌ အမတ်ကြီးဦးပေါ်ဦးသည် အဘယ်ကိုထောက်မြော်၍ လျှောက်ထားသနည်း ဟူငြားအံ့။ အရှင်အဂ္ဂသမာဓိ အကျော် စီရင်တော်မူ ခဲ့သော နန်းလုံးသရဖူပျို့တွင်. . .'မဟုတ္တဋ္ဌ ပဝရစောနတ်' အစချီသော ပုဒ်၌-

မဟိန္ဒရာဇ်၊ နေမြစ်ညွန့်လူ၊ မှတ်တော်မူလော့၊ ဇမ္ဗူနာယကာ၊ သာဓွာ ချိန်ကျပ်၊ မူးမတ်တင်းတောင်း၊ စလည်ပေါင်းဟူ၊ ၎င်းတို့မှာ၊ မသိရာရှင့်။

ဟူသည်နှင့်အညီ ဘုရင်ကေရာဇ်မင်းမြတ်တို့မည်သည် 'ရွှေကဲ ငွေကဲ' စလယ် ပြည်တင်းစသည်တို့ကို သိကျွမ်းရိုးထုံးစံ မရှိရဟူသော စကားအရဖြင့် အကျိုး တော်ဖြစ်လျှောက်ထားသည်ကို သိတော်မူသောကြောင့် အပြစ်ယူတော်မမူ ဟူ၍ မှတ်ရာသည်။ (ဤကား အမှာစကားချပ်တည်း။)

ဤသည်လျှင် ဒင်္ဂါးနှစ်ခုကိုင်၍ မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သော အခန်းပြီး၏။

❖ ❖ ❖

## တရုတ်သံတို့ ဖူးမြော်တော်မူရန် ရေဝဘင်နန်း စံမြန်းတော်မူရာ ယောကျာ်း မြတ်တို့၏ နိမိတ်ပေါ်သည်ကို လျှောက်တင်ခြင်း

တစ်ရံရောအခါ ဂန္ဓာလရာဇ် တရုတ်ပြည်ကြီးရှင် ချင်းလုံးဥတည် မင်းနှင့် ကြာဆည်ဥကင်မင်းတို့က စောက်တာလောရဲ, ဇွေ့တာလောရဲ, ကြန့် တာလောရဲတို့ကို သံအကြီး၊ စံလောစုံ, စိလောစုံ, ကြည်လွေ့စုံ, လျှောင်ရင်စုံ

http://www.dhammadownload.com



တို့ကို သံလတ်ခန့်ထားပြီးလျှင် ရွှေပေရာဇသံ ပဏ္ဏာလက်ဆောင်တော် ထည်မျိုး, အုပ်မျိုး, သီးမျိုးဆေးဝါးကတိုးကောင် နှစ်ကောင်များနှင့် စေလွှတ်ဆက်သလာရောက်ရာ မိုးတားစားဝန်ကြီး ကြီးကြပ်အုပ်ချုပ်၍ အထက်မြစ်စဉ်မြို့ကျေးရွာများက တည်းကန္ဒား ဆောက်လုပ်ပြီးလျှင် အလျောက်အပတ်စားနပ်ရိက္ခာ ကျွေးမွေးပေးကမ်းရ၏။

ရွှေဖဝါးတော်အောက်က သံကြိုခန့်ထားသည့် အကြီးအကြပ် မှူးတော် မတ်တော်တို့လည်းအထက် 'ရှိမ္မကား'ဆိပ်ကမ်းဘက်မှ သရုတ်တပင်ကျွန်းဦးရောက် ရဲလှေတိုက်လှေ, သုံးရာကျော် အစုအမှုထမ်း လူတစ်သောင်းငါးထောင် လက်နက်ကိရိယာ အစုံအလင်နှင့် တပ်ဝင်း ခင်းကျင်းပြီးလျှင် ဦးဟင်္သာရုပ်ငါး, ပဲ့ဟင်္သာရုပ်လေး, ဟင်္သာတုရင်တင် အမိုးအုံနီ ရွှေပန်းပွားပတ်လည်ဆွဲသော ကလပ်နှင့်တင်၍ ရွှေနားခံတော်ကြီး ပန်းတောင်းစား ပိုက်ချီလိုက်ရသည်။

ဇင်းနောက်ဆက်သရန် လက်ဆောင်တော်များကို အမိုးဝိတ်ဖြူလွှမ်း, အနားရွှေကြာယပ်ဆွဲ, အလယ်ရွှေကြာတစ်ဆယ့်နှစ်ပွင့်တပ်သော တစ်ဆယ့်နှစ်လံသမ္ဗန်နှင့် တင်ဆောင်ပြီးလျှင် ဆွဲလှေငါးဆွဲဆောင်စေ၍ ခပ်လှေကိုးတွင် သံတို့ကိုစီးစေ၍ ရွှေလှေရွှေလောင်းငါးဆယ်ကျော် ဝန်းရံလျက် ဝန်ကြီး, အတွင်းဝန်အစုံအညီတို့ ကြိုယူကြရ၏။

ရွှေပြည်တော်သို့ ဝင်သောအခါ ရာဇသံကို ရဲကတင်ဆင်ထက်သို့ တင်၍ ရွှေနားခံတော်ကြီး ပန်းတောင်းစားပင်လျှင် ချီပိုက်မြဲ ချီပိုက်၍ လိုက်ရ၏။

လက်ဆောင်တော်များကို ရွှေတိုက်ဝန်ကြီးမင်းများ ကြီးကြပ်သိမ်းထားရ၏။ သံတို့ကိုလည်း သံတည်းရောက် ဆောင်ယူ၍ အစာင့်အစုအမှုထမ်း သေနတ်သုံးရာ, သံတည်းဝင်းပြင် လေးမျက်နှာမှာလည်း ထောင်မှူး 'နေမျိုးရဲခေါင်ကျော်ထင်' ထောင်စာချီ 'နော်ရထာရဲကွပ်ကျော်ထင်'တို့နှင့် လက်ဖွေ့တော်ခေါင်း 'သီဟဗလရဲထင်'တို့ကို ခြောက်ကြောင်းအစု အမှုထမ်း သေနတ်ကိုင်ငါးရာ, ဝင်းလေးမျက်နှာ ဒိုင်းကာ အမှုထမ်းလူ နှစ်ရာ့ငါးဆယ်များကို ပေးအပ်စောင့်စားနေစေ၏။ ကျီဝန်စာရေးတို့ကို ဆိုင်ရာဆင့်ဆိုစေ

http://www.dhammadownload.com



ပြီးလျှင် အစားအစာ လုံလောက်အောင် စောင့်နေကြပ်မတ် ကျွေးမွေးရ၏။

သံတို့ရောက်၍ ကိုးရက်ခန့်ရှိလျှင် ရာဇသံအကူးအယူအတွင်းဝန်ကြီး 'မင်းကြီးမဟာမင်းလှနော်ရထာ' မိုးတားစားဝန်ကြီး အသည်ဝန်ကြီးတို့ အစုံအညီကြီးကြပ်၍ သံတည်းအနီးဆောက်ထားသည့် စကားပြောတည်းသို့ သွားရောက်၍ သံတို့ကိုခေါ်ပြီးလျှင် ရာဇသံစာကိုအကွာရာမဖျက် တရုတ်စကား, တရုတ်စာတတ်သူ သံဇော်ခံ, ငလောဟူ, ငလောကြည်, ငလောရွှေ, ငစက်ဆင့်, ငစက်ထိုင်, ဝှမ်းရင်းချိုင့်, ဝှမ်းရင်းကျန့်, လျှောင့်တျူရဲ တို့ကို ကူးယူပြန်ဆိုစေ၏။

ရာဇသံ အဓိပ္ပာယ်မှာ. . . ပြည်ကြီးနှစ်ပြည် မဟာမိတ်အဖြစ်ချေင်သာယာစွာ သာရဏိယ သမ္မောဒနိယမင်းထိုက်စိုးတန် စကားမျှပါသည်။ ၎င်းနောက် သံတို့ရောက်၍ တစ်ဆယ့်နှစ်ရက်ရှိလျှင် မင်းခမ်းတော်ကြီးကျင်းပ၍ သံတို့ကန်တော့သည်ကို အကန်တော့ခံတော်မူရန် စီစဉ်ခင်းကျင်းသည်မှာ အမရပူရရွှေမြို့တော်, ယိုးဒယားဈေးမှသည် ကြက်မင်းတောင်ဘုရားအနီး ရတနာရွှေဖောင်တော်ဝင်းအရောက် တပ်မှူးတပ်အုပ်ဆိုင်ရာ အမှူးအကြီးတို့နှင့်လှည်းရထားတင်အမြောက် ငါးရာကျော် သေနတ်အမှုထမ်းလူငါးသောင်းကျော်နှင့် ဆင်ပေါင်းစုံကစုံတပ် စီးရေသုံးထောင်ကျော်ကို ပွဲချိတ်, ဦးစီးတို့လက်နက်စွဲကိုင်လျက် လေးတပ်လေးကြောင်းရင်ပေါင်တန်းစီစဉ်၍ သားတော်, မြေးတော်, မင်းသားကြီးတို့အစုအမှုထမ်း လူငါးထောင်ကျော်တို့မှာ သေနတ်ကိုစီလက်စွဲလျက် လှည်းရထားတင် အမြောက် တစ်ရာ့ငါးဆယ်နှင့် ကြက်မင်းတောင်မှသည် သပြေတန်းရောက်ငါးကြောင်း, ရင်ပေါင်တန်း အထက်သရက်တပင် ကျွန်းဦးမှသည် ဆင်ကြိုးရွှေဂူဘုရားရောက် နန်းဦးရဲ မြင်းအမှုထမ်းသုံးထောင်ကျော်ကို ရဲအောင်လှံကိုယ်စီ ဓားလွတ်ကိုင်စွဲလျက် မြစ်ကမ်းတစ်လျှောက် သုံးကြောင်းရင်ပေါင်တန်း စီစဉ်တော်မူပြီးလျှင် စံတော်မူရန် ရွှေဖောင်တော်ဝင်းအတွင်းမှာ သူရဲကြီးအောင်လံ, ဝင်းအမှတ်အောင်လံ များနှင့်စကြာတင်အမြောက်အမှုထမ်း ထောင့်ရှစ်ရာငါးဆယ်, သူရဲအမှုထမ်း ဝင်းလေးမျက်နှာ အမှုထမ်းထောင့်ရှစ်ရာ့ငါးဆယ်, သူရဲအမှုထမ်း ဝင်းလေး မျက်အမှုထမ်းဆင်, မြင်း, သေနတ် အမှုထမ်း

http://www.dhammadownload.com



ဝင်းတွင်းဝင်းပြင် လက်နက်ကိုင် လူပေါင်းတစ်သိန်းရှစ်သောင်းကျော် ကြီး ကြပ်စောင့်နေပြီးလျှင် ဇေယျာပူရ တိုင်း စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းနဖူး မှာလည်း အောက်မားဝန်, ဝန်စုဆိုင်ရာ ဝင်း, ရွေး, ဟိုင်းဟန်စသော ရဲပဒိုင်း လေးသင်း, စလင်းခုနစ်သင်း, ဆင်ခြေ ရာလေးသင်း, အမြင့်ငါးသင်း, အဝကိုး သင်း, ပင်းစက္ကလမ္ဘုရား ဝတ်တော် မြေရှိ ဆင်တို့နှင့် တပယင်းသင်းမှစ၍ ပတ္တမြားစေတီတော် ဆိပ်မှသည်အောက် လင်းဇင်းဆိပ်ရောက် ကြိုးလုံးနီတင် အောင်ပန်းပွား အစုံအလင် နှင့် ဦးစီးနောင်ပဲ့တင်ပြီးလျှင် ဓားလွတ်ကိုင်လှံရှည် စွဲ၍ ဦးကင်းချင်း စပ်ခါ ယှဉ်ခါ တပ်စဉ်မပျက် ဆင်ပေါင်းငါးသောင်းရှစ်ထောင် ခင်းကျင်းထားရ၏။

စံတော်မူရန် သိကြားရေစင်ခံ စံနန်းတော်ပြုလုပ်သော ရတနာဖောင် တော်ကိုလည်း ကြက်မင်းတောင်ဆိပ်ကမ်းတွင် ခင်းကျင်း၍ ထားရ၏။ ဧရာ ဝတီမြစ်တွင်း တစ်လျှောက်၌လည်း အထက်မင်းကွန်း ရှားရောင်းဆိပ်မှသည် အောက်ကို ရွာသစ်ကြီးရောက် လက်ရွေးကြီးလက်သစ်ပြည်လုံးအံ့ ရွေးကြီး စသော လှော်ကားတော်တို့နှင့် မရေမတွက်နိုင်သော ကူရှပ်သမ္ဗန်ကတ္တူ လွန်းကြင်ဇလာကပင် သားလှေငှက်လှေအစုဆိုင်ရာ ရဲလှေရွှေလှေ ရွှေ လောင်းမြစ်ကြောင်းပြည့်မျှ ထောင်ကဲပဲ့နင်း တင်စွဲလက်နက်ကိုင်အစုံနှင့် လှော်ကားတော်ပေါင်း ငါးရာကျော်, အစုရဲလှေကတ္တူလွန်ကြင် ဇလာကပင် ပေါင်း တစ်သိန်းသုံးသောင်းကျော်တို့နှင့် ခင်းကျင်းစီစဉ်၍ ထားရ၏။

သိကြားရေစင်ခံ စံနန်းတော်ပြုလုပ်ထားသော ရတနာဖောင်တော် ရှေ့ ဝဲယာများမှာလည်း ရထားတော်ကြီး ဆူရေငါး, မြင်းကရထား တစ်ဆယ့် ခြောက်, စာမရီဆင် မြင်းတော်ရှစ်, ရွှေကြိုးရွှေကစုံ စီးတော်မြင်းသုံးဆယ်, ရွှေကရွှေကြိုးဆင်တော်ကိုး, ရွှေကွန်ချာအုပ် ဆင်တော်နှစ်ဆယ့်ငါး, ထီးဖြူ တော် ဆောက်ဆင်တော်ရှစ်, နန်းပေါင်းတင် ဆင်တော်သုံး, ပေါင်းဝန်းတင် ဆင်တော်ကိုး, သဉ္ဇာလီတင် ဆင်တော်ကိုး, ရဲကတင်ဆင်တော်ကိုးဆယ့်ငါး, သတ္တဒန်တင် ဆင်တော်တစ်, ရထားဆွဲ, မြင်းစီး, ကုန်လယ်စီး, ဦးစီးနောက် ပဲ့အစုံ, ဆင်ခြေတုံး, မိုးနဲရွှေလှံပါ အမှုထမ်း လူငါးထောင်ကိုးရာ ခင်းကျင်း၍ ပွဲသဘင်စု ကပြစေရ၏။

http://www.dhammadownload.com



သိကြားရေစင်ခံ နန်းတော်အနီး မင်းစီးလှော်ကားတော် လှေတော် ဆိုက်ထားသည့် ရှေ့ကိုလည်း လွတ်တော်ရုံးတော်နေ မင်းညီမင်းသား စော်ဘွားမြို့စားမှူးတော် မတ်တော် စုရေးစုကိုင် သူဌေး သူကြွယ်တို့ နေရာတော် အစဉ်အတိုင်း တည်းကန္တား လျောက်ပတ်ဆန်းကြယ်စွာ ဆောက်လုပ်ခင်း ကျင်းနေထိုင်ကြရ၏။

အုတ်မြို့တော်အတွင်း ရွှေနန်းတော်ကြီး ပတ်လည်မှာလည်း စစ်သည် သူရဲ သေနတ်ကိုယ်မြဲ ဓားစွဲလှံကိုင် အစုအဝန်း အမှုထမ်းလူပေါင်း လေးသိန်း ကျော်ခန့် ဝန်းကျင်လှည့်၍ စောင့်နေရ၏။

ဤသို့ခင်းကျင်းစီစဉ်၍ အလုံးစုံပြီးပြေလျှင် "နိဗ္ဗာနပစ္စယနာဂရာဇာ" ဆဒ္ဒန်ရတနာစကြာဆင်မင်းသခင် ဖြစ်တော်မူသော ဘဝရှင်မင်းတရားကြီး သည် လွန်းကိုးရာကျ မဏိပူရမှဆက်သသော ဇေနံဝတ်လဲတော်ကို လဲတော် မူပြီးမှ မကိုဋ်မှတန်ဆာကို ဆင်ယင်တော်မူ၍ သိကြားမင်း၏ အသရေကို ဆောင်တော်မူလျက် ဂန္ဓာလရာဇ်ပြည်မှ လာကုန်သော တရုတ်သံတို့၏ ကန်တော့ခြင်းကိုခံတော်မူရန် ရတနာရွှေထမ်းစင်နှင့် ရတနာရွှေဖောင်တော် သို့ ထွက်တော်မူ၍ သိကြားရေစင်ခံ နန်းထက်၌ ပယင်းသဥ္ဇာလီတော်နှင့် သဇင်မှိုအုံးတော်ကိုမှီပြီးလျှင် ဝန်ကြီး အတွင်းဝန် အစုံအညီခြံရံလျက် စံတော် မူ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် ပယင်းသဥ္ဇာလီထက် စံတော် မူရာ ခြေတော်တစ်ဖက်ကို သဥ္ဇာလီတော်ထက်တင်၍ ခြေတော်တစ်ဖက်မှာ မူ ခြေနင်းတော်ထက်ချ၍ စံတော်မူသဖြင့် ဝတ်လဲတော်မှာလည်းစ၍ ဝတ် ဆည်းတော်မူသည့်နေ့ဖြစ်သည်နှင့် ဇေနံအား အသားတောင့်တင်း ဟင်း လင်းခေါက်ချိုးရှိရကား ယောကျ်ားမြတ် အင်္ဂါသည် ထင်စွာလုံးစုံအကုန်ပွင့် လစ်ရှိချေ၏။

ထိုရောအခါ ဂန္ဓာလရာဇ်တိုင်းသား၊ တရုတ်သံများလည်း ဖူးမြော် ကန်တော့အံ့သောငှာ ဝင်မည့်ဆဲဆဲအခါဖြစ်၍ ရွှေတိုက်တော်ဝန်ဆိုင်ရာ ရှေ့ တော်ပြေးမှူး အုပ်စုအမှုထမ်းသားတို့ကလည်း ကန်တော့ခံစည်တော်စုံကို တစ်ပြိုင်နက် တီးမှုတ်ဆော်ရွမ်းကြရကား ဝန်ရှင်တော်မင်းကြီးများလည်း

http://www.dhammadownload.com



ဘဝရှင်မင်းတရားကြီးဘုရား၌ မအားလစ်လပ်တော်မူနေသည်ကို မြင်ကြသည်နှင့် မတင်ဝံ့ကြား စကားတီးတိုးကပ်ကိုးနှိုးနှော ပြောကြပြီးလျှင် အတွင်းဝန်ဦးပေါ်ဦးသို့ အရိပ်အခြည်ပြ၍ တင်လျှောက်ရန် တိုက်တွန်းကြ၏။

ဤသို့ တိုက်တွန်းကြသောအခါ အတွင်းဝန်ကြီးဦးပေါ်ဦးသည် ဘဝရှင်မင်းတရားကြီး၏ အပါးတော်ဝယ် မိမိနှင့်လျှောက်ပတ်သော နေရာသို့ ချဉ်းကပ်ပြီးလျှင် ဤသို့သံတော်ဦး တင်၏။

'ညေပုညာ၊ အချုပ်ပြသော်၊ ဥက္ကဋ္ဌက္ကဋ္ဌိ၊ ရဲရဲငြိသား၊ မိပတိဘုန်းကြွယ်၊ နေနတ်နွယ်၏၊ သပ္ပါယ်စခန်း၊ သိကြားနန်းတွင်၊ ရံသန်းဗိုလ်ခြေ၊ အကုဋေနှင့်၊ ခြေရွေပတ်ဝန်း၊ ပမာညွန်းသော်၊ ကျွန်းကြီးချက်ချာ၊ ဘာဏုမာသို့၊ တေဇာလျှံကွန့်၊ သမ္ဘိန်ညွန့်ကို၊ အစွန့်ဝေးစွာ၊ တိုင်းပြည်သာဟု၊ မဟာရဋ္ဌ၊ ဂန္ဓာလမှ၊ ဆက်သပဏ္ဏာ၊ ကန်တော့လာသည်၊ နရာသဘ ပြဟ္မာ့တန်ခိုင်း စောမိမိုင်း၊ ကြံသိုင်းပတ်လည် မြင့်ဖြိုးစည်သား၊ ရွှန်းကြည်ပညဝါ၊ အလင်္ကာဖြင့်၊ ဝါစာချိုမြ၊ လိုတော်ကျကို၊ ဆိုသဆက်တတ်၊ ကဝိမတ်ဟု၊ အမြွတ်ရည်မွန်၊ ဘုရားကျွန်သည်၊ ရှိညွှန်ရွှေမှောက်၊ ရောက်ပြီရှင်၊ ဒေဝရင်စက်ဖျား ခဝပ်တွား။

(ဤသို့ ၇လုံးတစ်ပိုဒ်, ၈လုံးတစ်ပိုဒ် ချခြင်းကား နက်သတ်ရောင်လျှံချခြင်းတည်း။)

အမှာ. . . ဤကား ဝိဇယာပုရ အမည်ရှိသော ပန်းယမြို့ စတုရင်ဗလအမတ်ကြီးစီရင်သည့် "နယဝိစိတြ" ဆန်းငြိကာနှင့် အညီ ဘွဲ့သီစီကုံး သတ်ထုံးသတ်ညွှန်းမှ မတိမ်းမစောင်းရစေဘဲ ဇဝနတိက္ခဉာဏ်အမြင်သန်သဖြင့် လျင်မြန်ကွန့်မြူး ရှေ့တော်ဦးတွင် ဖူးမြော်လျက် စာဆိုတော်တို့၏ ပရိယာယ်ဖြင့် ဘုန်းတော်ဘွဲ့ရွှေနားတော်သွင်း လူးတားနှင့်မိမိအလိုရှိသော စကားကိုမတင်လျှောက်မီ ကျူးသီဆက်သရိုး ထုံးစံနှင့်အညီပင်တည်း။ ဤကား.စကားချပ်။

ဤသို့ အမတ်ကြီးဦးပေါ်ဦးသည် ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း လူးတားဖြင့် သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ပယင်းသဠာလီထက် သဇင်မှိုအုံးတော်ကို မှီလျက်စံတော်မူရာမှ အမတ်ကြီးဦးပေါ်

http://www.dhammadownload.com



ဦးသို့ မေးတော်မူသည်မှာ 'ပေါ်ဦး. . . အဘယ်သို့သော အကြောင်းဖြင့် သံတော်ဦးတင်ရန် ရှိသနည်း'ဟု မေးတော်မူလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'ရွှေဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် အထူးကိုတင်ဆိုပါအံ့။ ဝိဝဋ္ဋုဒ္ဒာ အစစ္စာ၌ ကမ္ဘာဦးသူတို့၏ ဘုန်းကံကြောင့်လည်းကောင်း၊ ဖြစ်မြဲသော ဓမ္မတာအားဖြင့်လည်းကောင်း၊ အတွင်းကားရွှေ၊ အပကား ဖလ်အတိပြီးသော အချင်းယူဇနာ ငါးဆယ်၊ လုံးဝန်းယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဘာဏုရာဇာ အမည်ရှိသော ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် တပေါင်းလပြည့်နေ့ မိန်ရာသီ၌ နှစ်ဆယ့်ခြောက်လုံးသော ဥတ္တရာဘဒြပိုဒ်နက္ခတ်ကိုစီးလျက် ပြုဗ္ဗဝိဒေဟာကျွန်း၏ ဥဒည်တောင်ထိပ်မှ ထွက်ပေါ်လာ၍ အလင်းကိုဖြစ်စေ၏။ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်းဖြစ်ကုန်သောကြောင့် 'သူရိယ'ဟု ခေါ်ဝေါ်ကုန်၏။

ထိုသို့ခေါ်သော 'နေမင်း'သည် နာရီသုံးဆယ်ခန့်လှည့်၍ ယုဂန္ဓိုရ်တောင်ကွယ်ခဲ့သော် အမိုက်အတိဖြစ်၍ ကမ္ဘာဦးသူတို့သည် တစ်ခုသော အလင်းကို ရစေသတည်းဟု တောင့်တကုန်သည်ရှိသော် အတွင်းကား ပတ္တမြား, အပကား ငွေဖြင့်ပြီးသော အချင်းလေးဆယ်ကိုးယူဇနာ, လုံးဝန်းတစ်ရာ့လေးဆယ့်ခုနစ်ယူဇနာရှိသော 'လမင်း'သည် ကန်ရာသီ၌ တစ်ဆယ့်နှစ်လုံးရှိသော ဥတ္တရာဘရဂုဏ္ဏီနက္ခတ်ကိုစီး၍ နက္ခတ်တာရာကြယ်အပေါင်းခြံရံလျက် အရှေ့မျက်နှာမှ ထွက်ပေါ်လာသည်ရှိသော် ကမ္ဘာဦးသူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာဖြစ်ကုန်၏။

ငါတို့အလိုဆန္ဒအတိုင်း ရပေသည်ဟူ၍ ဆန္ဒဟူသောအမည်ဖြင့် ခေါ်ဝေါ်ကုန်၏ဟု လောကုပ္ပတ္တိကျမ်း, လောကဒီပနီကျမ်းတို့၌ လာပါသည်။

ဤသို့ ကမ္ဘာဦးသူတို့၏ ကြောက်ခြင်းမှ ပျောက်ကင်းအောင် အလင်းကိုပေးနိုင်သော 'နေမင်း' 'လမင်း'အတူ နတ်ကောက်သလေးကို လုယူစားသောက်တရားဖောက်၍ အထောက်မတန် ကျင့်ကြံညစ်ငြမ်း ဆိုးသော့ သွမ်းသော အမိုက်တိုက်ကို ဖျောက်လျက် သီလ, သမာဓိတည်းဟူသော အရောင်ဖြင့် ထွန်းပနှိမ်နင်းတော်မူသဖြင့် နှစ်ခုမြောက်သော 'နေမင်း' ကဲ့သို့ပင်ဟု

http://www.dhammadownload.com



မှတ်ထင်အားကိုးခြင်းကိုပြု၍ သုံးလူ့ထွတ်ထား ဂေါတမရှင်တော်ဘုရား၏ အလောင်းကို မဟာသမ္မတမင်းဟု တင်မြှောက်ကြရကား သူရိယဝံသ စန္ဒရ ဝံသမင်းမျိုးဟု ခေါ်ဆိုပိုင်းခြား မင်းမျိုးနှစ်မည် ပြားပါသည်။

ဤသို့ပြားသည်ကို အဘယ်ကိုထောက်၍ သိရအံ့နည်း ဟူငြားအံ့။

အာဒိစ္စကုလသမ္ဘူတော၊ သုဝိသုဒ္ဓဂုဏာကရော။

မဟာနုဘာဝေါရာဇာသိ၊ မဟာသမ္မတနာမကော။

ယောစက္ခုဘူတောလောကဿ၊ ဂုဏရံသီသမုဇ္ဇလော။

တမောနုဒေါဝိရောစိတ္ထ၊ ဒုတိယောဝိယဘာဏုမာ။

ဤသို့လာသော ဂါထာကိုထောက်သဖြင့် သိရာသည်။

ထိုဂါထာကို မြန်မာပြန်သော်ကား. . .

အာဒိစ္စကုလ သမ္ဘူတော၊ နေမင်းအနွယ်ဖြစ်ထသော။ သုဝိ သုဒ္ဓ ဂုဏာကရော၊ စင်ကြယ်သောဂုဏ်၏ တည်ရာဖြစ်ထ သော။ မဟာသမ္မတနာမကော၊ မဟာသမ္မတဟူသော အမည် ရှိထသော။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိထသော။ ရာဇာ၊ မင်းသည်။ အသိ၊ ဖြစ်၏။

လောကဿ၊ လူ၏။ စက္ခုဘူတော၊ မျက်စိသဖွယ်ဖြစ်ထ သော။ ဂုဏရံသီသမုဇ္ဇလော၊ ဂုဏ်တည်းဟူသော အရောင်ဖြင့် တောက်ပထသော။ ယောရာဇာ၊ အကြင်မဟာသမ္မတမင်း သည်။ ဒုတိယော၊ နှစ်ခုမြောက်သော။ ဘာဏုမာဝိယ၊ နေမင်း ကဲ့သို့။ တမောနုဒေါ၊ အမိုက်တိုက်ကို ဖျောက်လျက်။ ဝိရောစိတ္ထ၊ ထွန်းပပြီ။

ဤသို့လာသည်ကို ထောက်ဆသော် ဘဝရှင်မင်းတရားကြီးဘုရား သည်လည်း စင်စစ် နေမင်းမျိုးဟူ၍ သိရပါသည်။ ထိုသို့ နေမင်းမျိုးဖြစ်ပြန် ကလည်း ဘာဏုရာဇာအမည်ရှိသော ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် နေ့အခါကိုသာ ထွက်သကဲ့သို့ ဘဝရှင်မင်းတရားကြီးသည်လည်း နေမင်းမျိုးဖြစ်သည်နှင့်အညီ နေ့ကိုသာ ထွက်တော်မူရာသည်။

http://www.dhammadownload.com



အတွင်းကား ပတ္တမြား အပကား ငွေဖြသင့်ပြီးသော ဆန္ဒဟူ၍လည်းကောင်း၊ စန္ဒဟူ၍လည်းကောင်း ခေါ်ဆိုသမုတ်ကြသော 'လမင်း' တို့မည်သည် ညဥ့်အခါ၌သာ ထွက်ပေါ်ဘိသကဲ့သို့ စန္ဒရဝံသ မင်းမျိုးတို့သည်လည်း ညဥ့်အခါ၌သာ ညီလာခံထွက်သင့်ပါသည်။

နေမင်းသည် ညဥ့်အခါ၌ထွက်၍ လမင်းသည် နေ့အခါတွင် ထွက်အံ့။ လောကအလုံးသည် ပြောင်းပြန်လန်ဖွယ်ရာ ရှိ၏။ နေမင်းနှင့်လမင်းသည် နှစ်စင်းတူ နေ့အခါ၌ယှဉ်ပူး၍ ထွက်အံ့။ ညဥ့်အခါသည် အမိုက်အတိသာ ဖြစ်ရာ၏။ ဤအရာ၌ 'ဝဏ္ဏကာလ ဗျဝဟိတေ' ဝဏ္ဏခြားရာ၊ ကာလခြားရာဟုဆိုသောကြောင့် နေမင်းမျိုး လမင်းမျိုးတို့သည် ကာလ၏ အပိုင်းအခြားကို သတိထား၍ ထွက်တော်မူသင့်လှပါသည်။

ထိုသို့ကာလဒေသ၏ အပိုင်းအခြားကို တိရစ္ဆာန်နှင့်နှင့် ဖြစ်ကြကုန်သော ကျီး, ခင်ပုတ်တို့သည်ပင်လျှင် သတိမူ၍ ဆင်ခြင်ခြင်းဂရု ပြုကြရကြောင်းကို 'ကန်တော်မင်းကျောင်း' ဆရာတော်သည် ကျောင်းတော် ဒါယိကာမ ပင်းယမြို့စား၏ တူတော်ဖြစ်သော ဘုရာမင်းခေါင်ကြီးသို့ ဆက်ဆွင်းဆုံးမသော စာတမ်းတွင်. . .

> ကာလသီးသီး၊ ကျီးကားနေ့ငှက်၊ နေ့မှထွက်၏။ ကုတ်သလုပ်သည်၊ ခင်ပုတ်ညဥ့်ငှက်၊ ညဥ့်မှထွက်၏။ လူမဟုတ်သည်၊ ငှက်ယုတ်တို့မျှ၊ ကာလမှတ်ငြား၊ နေ့အားထွက်မူ၊ ခင်ပုတ်ငှက်သည်၊ ကျီးမဲလက်တွင်၊ သေပျက်ရှုံး၏၊ ရှုံးလေတပြီး၊ ငါသည်ကျီးပင်၊ အနီးအစပ်၊ ရပ်ဝံ့မည်လော၊ တွေးတောမဲ့ဘဲ၊ ခင်ပုပ်ထဲသို့၊ ရဲပချေမူ၊ လွယ်ကူတစ်ချက်၊ ခင်ပုတ်လက်တွင်၊ ကျီးနက်ရှုံး၏။

ဟူသော စကားကို ဘဝရှင်မင်းတရားကြီးဘုရားသည် ထောက်ထားဆင်ခြင်တော်မူသဖြင့် ယခု တရုတ်သံတို့ အဖူးအမြော်ဝင်မည့်အခါတွင် ပြည်သူလုံးတံဆိပ် ကပ်ပုံအိတ်သည် အရိပ်အရောင်ပြ၍ ထွက်စံ ဟယ်တော်မူနေသည်များမှာ မသင့်သောကာလဖြစ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက်ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်ထားလေသော် မင်းတရားကြီး

http://www.dhammadownload.com



ဘုရားသည် ကေနံဝတ်လဲတော်ကို ဆွဲ၍ဖုံးတော်မူပြီးလျှင် 'တော်တော်ရှုပ်ပါဟယ် ပေါ်ဦးရယ်'ဆိုပြီး ပြုံးတော်မူလျက် မျက်နှာလွှဲ၍ စံတော်မူချေ၏။

**ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး လျှောက်ထားသော စကား တစ်ထုံးပြီး၏။**

❖ ❖ ❖

## ဘဝရှင်မင်းတရားကြီးဘုရား၌ စွဲကပ်သော လေရောဂါကို ပျောက်ကင်းရန် ဆေးတော်တို တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် မင်းဝံတောင်စွယ်၌ ရှားရောင်းဆိပ် မင်းရွာဟူသော အမည်ရင်းကိုဖျောက်၍ မင်းကွန်းဟု သမုတ်တော်မူပြီးလျှင် ပုထိုးတော်ကြီး တည်တော်မူရာသို့ ထွက်တော်မူရာ မင်းကွန်းပုထိုးတော်ကြီး၏ တောင်ဘက် သဲဖြူချောင်းအနီး ထန်းမြင့်ဥယျာဉ်တော်၌ ဗိုလ်ရှုညီလာခံလျက် စံနေတော်မူ၏။

ထိုသို့စံနေတော်မူခိုက်တွင် သည်းထန်စွာသော လေအနာသည် နှိပ်စက်ဖိစီးတော်မူရကား နန်းစဉ် သမားတော်တို့ကို ခေါ်တော်မူ၍ မည်သည့်ဆေးဝါးဖြင့် သင့်လျော်ပါမည်နည်းဟု မေးတော်မူရာ သမားတော်တို့လည်း နက္ခတ်ရာသီကြိုက်ညီ (တော်သင့်)သော အရာတို့ဖြင့် အသီးသီးတင်လျှောက်ကြကုန်၏။

ဤသို့တင်လျှောက်သော်လည်း ဘဝရှင်မင်းတရားကြီးဘုရားသည် ခါး, ငန်, စပ်, ဖန်ကုန်သော ဆေးဝါးတို့ကိုပွဲတော်မတည်လိုသဖြင့် သဘောကြိုက်ညီတော်မမူရကား အမတ်ကြီးဦးပေါ်ဦးသို့ ခေါ်တော်မူ၍ ဤသို့မေးတော်မူ၏။

'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် ထောပတ်ကို ပွဲတော်တည်တော်မူသော် သင့်လျော်ပါမည်လော'ဟု မေးတော်မူလျှင် အမတ်ကြီးဦးပေါ်ဦးသည် ထောပတ်၏ ဓာတုရသတို့ကို လွန်စွာချီးမွမ်း၍ ဘဝရှင်မင်းတရားကြီးဘုရားအလိုတော်ရှိသော ထောပတ်လည်း သင့်လျော်လှပါ၏။ ပျားရည်လည်း သင့်လျော်လှပါ၏'ဟု သံတော်ဦးတင်လေ၏။

http://www.dhammadownload.com



ထိုအခါ ဘဝရှင်မင်းတရားကြီးကမိန့်တော်မူပြန်သည်မှာ 'ပေါ်ဦး. . တင်လဲကိုဧွေးစေ၍ နှမ်းဆီခတ်၍ ပွဲတော်တည်တော်မူသော် သင့်ရှော့ ပါမည်လော'ဟု မေးတော်မူပြန်သော် ဘုန်းတော်ကြောင့် ဆီဦးတင်လဲ စသည် တို့လည်း ကောင်းပါ၏။ ပျားရည်လည်း သင့်လျော်လှပါ၏'ဟု တင်ပြန်၏။

ထိုအခါ ဘဝရှင် မင်းတရားကြီးက မေးတော်မူပြန်သည်မှာ 'ပေါ်ဦး မောင်မင်းတင်သော ပျားရည်သည်လည်းကောင်း၊ ကိုယ်တော်မြတ် မေးတော် မူသော ထောပတ် တင်လဲ ဆီဦးစသည်တို့သည်လည်းကောင်း အဘယ်အစာ သည် သာလွန်၍ သင့်ပါသနည်း'ဟု မေးတော်မူပြန်သော် 'ဘဝရှင်မင်းတရား ကြီးဘုရား မိန့်တော်မူသော ထောပတ် တင်လဲ ဆီဦးစသည်တို့ကို ပျားရည်နှင့် တကွ အလေးတူကျိုချက်၍ စတုမဓူအဖြစ်ဖြင့် ပွဲတော်တည်တော်မူသော် သာလွန်၍ သင့်လျော်လှပါသည်။ အဘယ်ကိုထောက်၍ သိရအံ့နည်းဟူ ငြားအံ့ သကျသာကီဝင်ဖြစ်သော ရဟန်းတော်တို့ မြတ်စွာဘုရား ခွင့်ပြုတော် မူရာဝယ် သာသနဟိတဖြစ်စေခြင်းငှာ ကြဇုဖန်ခါးစသည်ကို နွားကျင်ငယ် ဖြင့် စိမ်၍သုံးဆောင်အပ်၏။ ရှေးဘုန်းရှေးကံရှိ၍ အလွန်ပင်လာဘ်များခဲ့ မူကား ပျား တင်လဲ ထောပတ် ဆီဦးတို့ကို သုံးဆောင်အပ်သေး၏ဟု ပရိယတ် ပဋိပတ်ကို အားထုတ်ကုန်သော ရဟန်းသံဃာတော်တို့အား လေရောဂါမှ နိမ်နင်းကင်းပစေခြင်းငှာ ပရိယတ္တိသောဓိသာရ ဆေးအဖြစ်ဖြင့် ၎င်းလေးပါး ကို စတုမဓူပြုလုပ်၍ သုံးဆောင်အပ်ကြောင်းကို မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား' ဟု လျှောက်ထားလေ၏။

ဘဝသခင်အရှင်မင်းတရားကြီးဘုရားသည် လွန်စွာနှစ်သက်တော် မူရကား စတုမဓူပြုလုပ်စေ၍ ပွဲတော်တည်တော်မူသော် သည်းထန်စွာ နာ သော လေရောဂါသည် လျင်စွာကင်းပျောက်ချမ်းသာခြင်းသို့ ရောက်တော် မူချေသည်။

အမှာ. . . ဤအရာ၌ အမရပူရ မင်းထီးအာဒိကမ္မိက အထမမြို့ တည် နန်းတည်ဖြစ်တော်မူသော မင်းတရားကြီး လက် ထက် အတွင်းဝန်ကြီး ဦးပေါ်ဦး တင်လျှောက်သော ဤဆီပွတ် ကျည်ပွေ့

http://www.dhammadownload.com



စကားကို ပညာသိမ်သေး ဉာဏ်မှေးမျက်စိ ရှေ့နောက်အရေး မြော်တွေး၍ မသိကုန်သောသူတို့သည် စကားကြီးဆယ်မျိုးကို ပြဆိုရာ၌ ဝန်ဇင်းမင်းရာဇာသည် ဘုရင်မင်းမြတ်က စေတီတည်ရာ၌ ဘုရားပိန္နဲတိုင်ပြုလုပ်ရန် မန်ကျည်းနှစ် ကောင်းပါမည်လော ရှားနှစ်ကောင်းပါမည်လောဟု မေးတော်မူရာဝယ် မန်ကျည်းနှစ်လည်း ကောင်းပါ၏။ ကျွန်းလည်းကောင်းပါ၏။ ရှားနှစ်လည်း ကောင်းပါ၏ဟု တင်လျှောက်လေဟန် ရေးသားလေသည်။ ဤအရာဝယ် ဝန်ဇင်းမင်းရာဇာ၏ စကားဖြစ်ဘိသော် မင်းရာဇာသည် မင်းကြီးစွာစော်ကဲ မင်းခေါင်းကြီး အစရှိသော မင်းနှစ်ဆက် သုံးဆက်တို့လက်ထက်တွင် ဘုရင်မင်းမြတ်တို့ မြတ်နိုးတော်မူသဖြင့် ချီးမြှင့်ခံရခြင်းကို ခံရသူဖြစ်သည်။ ၎င်းမင်းလက်ထက်တွင် မည်သည့်မင်းလက်ထက် မည်သည့်ဘုရားကို တည်ထားစဉ် တင်လျှောက်သည်ဟူ၍လည်း စာဟောင်းစာတမ်းဟူသမျှတို့၌ မတွေ့ဖူးချေ။ ပညာရှိတို့ တင်လျှောက်ဖြေဆိုတိုင်းသော စကားတို့ကို သံတော်ဆင့် သံတော်ခံစသည်တို့သည် နေ့စဉ်မှတ်တင်စဉ်စာတမ်း ရွှေနန်းတော်ကြီး လက်သုံးပြုလုပ်ရေးသားရသော အတွင်းဝန်ကြီးဦးပေါ်ဦး လျှောက်ထုံး၌သာလျှင် စတုမဓူအဖြစ်သို့ရောက်အောင် တင်လျှောက်ကြောင်းကို ယုန်ရေးတံဆိပ်ကဲ့သို့ ထင်ရှားစွာ တွေ့ချေသည်။

သို့ဖြစ်သည်ကြောင့် စကားကြီးဆယ်မျိုး၌ ဆီပွတ်ကျည်ပွေ့အရာတွင် ဝန်ဇင်းမင်းရာဇာ ဘုရားပိန္နဲတိုင်ကို တင်လျှောက်လေဟန် ရေးသားခြင်းသည် ဦးပေါ်ဦး၏ စကားရင်းမြစ်ကို မသိသူတို့ သမံခါ လျှံခါမျှ စိုးစဉ်းကြားဖူးရုံနှင့် မင်းရာဇာလျှောက်သည်ဟု ထင်မှတ်၍ စကားရင်းမှ ပွားပြီးလျှင် ရေးသားမှားလေသည်။

အချို့သော သူတို့လည်း ဘိုးတော်ဘုရားကြီး မင်းကွန်းဘုရားကို တည်တော်မူရာ ပိန္နဲတိုင်ပြုလုပ်ရန် ဦးပေါ်ဦးကို မေးတော်မူရာတွင် လျှောက်ထားသည်ဟု ပြောဆိုစမှတ်ပြုကြသည်။ ထိုစကားသည်လည်း ယုတ္တိမတန်ရှိချေသည်။

အဘယ့်ကြောင့်နည်း ဟူငြားအံ့။ ပိန္နဲတိုင်တို့မည်သည်ကား ပစ္စယံ ဆုံး၍ သပိတ်မှောက်စသည်တို့ရောက်မှ ထည့်ရိုးထုံးစံရှိသည်။ ၎င်းမင်းကွန်း

http://www.dhammadownload.com



ဘုရားကြီးမှာမူ အပြီးသို့ရောက်ရန် ထက်ဝက်ခန့်မျှ ရှိသေးသောကြောင့် ပိန္နဲတိုင်နှင့် အလွန်ကွာလှမ်းသေးသည့်လည်း တစ်ကြောင်း၊ နေ့စဉ်မှတ်တမ်းတင်စဉ် စာတမ်းတို့၌ မပါသည်လည်းတစ်ကြောင်း၊ ဤသို့ အကြောင်းကြောင်းတို့နှင့် ထောက်ထား ဆင်ခြင်လျှင် ထိုစကားစုသည် နောက်ပွားစကား အမှားစင်စစ်။ ဤကား အမှာစကားချပ်တည်း။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံးတစ်ရပ်
အပြီးသတ်တည်း။

❖ ❖ ❖

## မင်းကွန်းဘုရားကြီး၌ ပြုလုပ်ထားသော ခြင်္သေ့ကြီးနှစ်စီးနှင့် စပ်လျဉ်း၍ လျှောက်တင်ခြင်း

အခါတစ်ပါးသော် ဘဝရှင်မင်းတရားကြီးသည် မင်းကွန်းဘုရားကြီး၏ အရှေ့ဘက်စောင်းတန်းအဆင်းတွင် ဧရာဝတီမြစ်ဆိပ်မှ အရှေ့ဘက်ကမ်းသို့လှည့်၍ အရပ်သံတောင် ခြောက်ဆယ်ပြည့် ခြင်္သေ့ကြီးနှစ်စီး ပြုလုပ်ရာ ပြီးစီးကြောင်းကို ကြားသိတော်မူသည်နှင့် ရှုစားတော်မူအံ့သောငှာ ထွက်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည်လည်း နောက်တော်မှ လိုက်ပါရကား ဘဝရှင်မင်းတရားကြီး ရှုစားတော်မူစဉ်တွင် အမတ်ကြီး ဦးပေါ်ဦးသည် ဆိတ်ဆိတ်နေချေ၏။ ဤသို့ ရှုစားတော်မူပြီးသော် အဝအချင်း တစ်ဆယ့်တစ်တောင်လေးဆစ်, လုံးပတ် သုံးဆယ့်သုံးတောင် တစ်မိုက်လေးသစ်, အစောက် တစ်ဆယ့်တစ်တောင် တစ်မိုက်လေးသစ်ရှိ ကြေးပိဿာပေါင်း ငါးသိန်းငါးသောင်း ငါးထောင်ငါးရာ ငါးဆယ်ငါးပိဿာကို မင်းကွန်းတစ်ဖက်နန်းတော်ကျွန်း၌ ပန်းတည်းဝန် 'မဟာနန္ဒကျော်သူ' ကြပ်မတ်၍ ပန်းတည်းအစုသား ပန်းပဲအစုသားတို့နှင့် ခေါင်းလောင်းတော်ကြီး သွန်းလုပ်စေရာ ပြီးသည်နှင့် ခေါင်းလောင်းတော်ကြီးကို နန်းတော်ကျွန်းဘက်မှ မင်းကွန်းဘက်သို့ ဖောင်တော်နှင့် ယူဆောင်ဆိုက်ထားရာသို့ ရွှေစကြာဖြန့်ချိတော်မူ၍ ရှုစားတော်မူလေ၏။

http://www.dhammadownload.com



ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ခြသေ့်ကြီးနှစ်စီးရှိရာသို့ လှည့်၍ သွားပြန်ရကား ဘဝရှင်မင်းတရားကြီးသည် အပါးတော်၌ရှိသော ဝန်ကြီး၊ အတွင်းဝန်တို့ကို ဤသို့မိန့်တော်မူ၏။

'မောင်မင်းများ. . . ပေါ်ဦးသည် ငါ၏ခြသေ့်ကြီးနှစ်စီးကို အဘယ်သို့ အပြစ်ဆိုမည်မသိ။ သည်အရူးပါးစပ်က ထွက်လိုက်လျှင် အကောင်းကို ပြောသည်ဖြစ်စေ, မကောင်းကို ပြောသည်ဖြစ်စေ ရွှေပြည်တော်အတွင်းမှာ ပေါ်ဦးပြောဆိုတိုင်း စကားဖြစ်တတ်သည်။ သို့ဖြစ်သောကြောင့် ပေါ်ဦးသည် ငါ၏ခြသေ့်ကို အဘယ်သို့အပြစ်ဆိုသနည်းဟု သိတော်မူရန် ငါတတ်ဆိတ် လိုက်တော်မူမည်'ဟု မိန့်တော်မူ၍ ဝင်းမှုးကြီးလေးပါးကို ဓားလွယ်ကိုင်စွဲလျက် အပါးတော်မှ ခစားစေ၍ ခြသေ့်နံပါးမှကွယ်၍ ရပ်တန့်တော်မူလျက် နားထောင်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် မိမိအဆောင်ကိုင်သား လူငယ်များနှင့် ခြသေ့်ကြီးနှစ်စီး၏စပ်ကြားတွင် ထိုင်လျက် ခြသေ့်ကြီးနှစ်စီးကို ကြည့်၍ လည်တိုင်ရှည်သည်ဟူ၍လည်းကောင်း၊ ဦးခေါင်းသေးသည်ဟူ၍ လည်းကောင်း အပြစ်ပြုအံ့သောငှာ ဤသို့ဆိုချေ၏။

'ခြသေ့်ကြီး နှစ်ကောင်ကလည်းဗျာ လုပ်ထားလိုက်တာ'ဟူ၍ ဆိုစဉ် ဘဝရှင်မင်းတရားကြီးဘုရားသည် ရုတ်တရက်ဝင်၍ 'ဟဲ့ပေါ်ဦး မောင်မင်း ငါ၏ခြသေ့်ကို အဘယ်သို့ ကဲ့ရဲ့မည်နည်း'ဟု မိန့်တော်မူသောအခါ အမတ်ကြီးဦးပေါ်ဦးက တစ်မုဟုတ်ခြင်းလှည့်ပြီးလျှင် 'ဘုန်းတော်ကြောင့် အရှေ့ဘက်ကမ်းသို့ ခုန်လိုက်တော့မည်လိုလို'ဟု ဆို၍ တင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် ခွေးမသား မောင်မင်းတယ် တတ်နိုင်သည်ဆို၍ လွန်စွာရယ်မောခြင်းကို ပြုတော်မူသည်။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသည် တစ်ခဏချင်းဖြင့် အလိုတော်ကျအောင် စကားပြောင်းရွှေ့၍ တင်လျှောက်ဖြေဆိုသော စကားတစ်ထုံးပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## အမတ်ကြီးဦးပေါ်ဦးသည် တရုတ်သံတို့နှင့် စကား စစ်ထိုးခြင်း

တစ်ရံရောအခါ အမရပူရ နေပြည်တော်ကြီးအတွင်း တရုတ်တန်းကြီးနေ တရုတ်လူမျိုး 'ငရွှေကြည်' ခေါက်ဆွဲဖိုမှ မီးထလောင်ကျွမ်းရကား နေပြည်တော်အဝန်း အုတ်မြို့တော်အတွင်းရှိ ရွှေနန်းတော်ကြီးမှစ၍ လွှတ်တော်, ရုံးတော်, ပစ္စင်ရင်တား သစ်တပ်များနှင့် အမှုထမ်းသားများတို့၏ နေအိမ်ဟူသမျှတို့ပါ လေပွေဝှေ့ယမ်း၍ မီးသင့်လောင်ကျွမ်းကုန်ရကား မီးစ၍ လောင်ရင်းဖြစ်သော ခေါက်ဆွဲဖိုရှင် တရုတ် ငရွှေကြည်သည်လည်း လက်လွတ်ထွက်ပြေး တိမ်းရှောင်လေ၏။ ပြည်တော်သူ ပြည်တော်သားတို့သည်လည်း အများခပင်း ပူဆာမကင်းရှိကြရလေ၏။

ဘဝရှင်မင်းတရားကြီးသည်လည်း ရွှေနန်းတော်ကြီးကို မီးသင့်လောင်ကျွမ်းသဖြင့် 'သ, သံ, ပု, က'သိကြားတံဆိပ် ခတ်နှိပ်သော မင်းကွန်းဘုရားကြီးတည်တော်မူသည့် မင်းဝံတောင်ဦး၏အနီး ဧရာဝတီမြစ်၏ အရှေ့ဘက် သမင်ခြိကျွန်းမြောက်ပိုင်းကို နန်းတော်ကျွန်းဟု သမုတ်၍ ယာယီဓာတ်နန်း ဆောက်လုပ်ပြီးလျှင် ဥပုသ်တော်ယူလျက် စံနေတော်မူ၏။

ထိုအခါ ဂန္ဓာလရာဇ်ပြည့်ရှင် ဘုရင်ချင်းလုံး ဥတည်မင်းက လျှောက်တူရဲ, ကွန့်တျူရဲ, စက်တျူလျှောင်းရဲတို့ကို သံကြီးခန့်ပြီးလျှင် ဆက်သရန် ပဏ္ဏာလက်ဆောင်တော်များနှင့် မြန်မာနိုင်ငံတော်ကြီး၌ရှိသော ကုန်စည် အထည်အလိပ်များကိုဝယ်ရန် ငွေတော်ရှစ်သိန်း ကုန်တင်ရန် လားကောင်ရေ ခုနစ်ထောင်ကျော်တို့နှင့် အမရပူရ နေပြည်တော်သို့ စေလွှတ်လိုက်ရာ ရန်ကင်းတောင်အနီးတွင် စခန်းချ၍နေစဉ် ညဥ့်အခါမြေးတော် စစ်ကိုင်းမင်း၏ အိမ်တော်သားများသည် လက်နက်လှံ, ဓား, အမြောက်အမြားနှင့် စီးနင်းကွပ်ကဲ၍ တိုက်ခိုက်လုယက်ကြရာ လားခုနစ်ထောင်ကျော်တို့လည်း တစ်ကွဲတစ်ပြား၊ တရုတ်သံတို့လည်း ဒဏ်ရာဒဏ်ချက်အများနှင့် ချည်နှောင်တုပ်ဆွဲ၍ ထားခဲ့သည်ကို ခံနေကြရ၏။

ထိုအဖြစ်ကို ဘဝရှင်မင်းတရားကြီးဘုရားထံတော်သို့ တရုတ်သံတို့က လျှောက်ထားသံတော်ဦးတင်လွှာ ဆက်သွင်းကြလေသော် မင်းတရားကြီး

http://www.dhammadownload.com



ဘုရားသည် တရုတ်သံအကြီးအကဲတို့ကို နန်းတော်ကျွန်း ယာယီနန်းသို့ ခေါ်ဆောင်စေ၍ အတွေ့ခံတော်မူပြီးလျှင် မေးမြန်းတော်မူ၏။

တရုတ်သံတို့က သံတော်ဦးတင်သည်မှာ 'ရွှေပြည်တော်၏ ရွှေကြိုးသတ်နယ်အတွင်း ရွှေဖဝါးတော်မြတ်အောက်သို့ ဆိုက်ရောက်မှ ဖြစ်ပွားရသော အမှုဖြစ်ပါသည်။ သို့အတွက် အရိုက်အနှက်ဒဏ်ရာ ဒဏ်ချက်များစွာခံရသည်ကို မည်သို့မျှ မပြောမဆိုလိုပါ။ နှစ်ပြည့်တစ်ပြည် မဟာမိတ်ကြီးဖြစ်ကြသည့်အတိုင်း ခံပါတော့မည်။ ချင်းလုံးဥတည်မင်းက မြန်မာပြည်ရှိ အထည်အလိပ်များကိုဝယ်ရန် ပေးအပ်စေလွှတ်လိုင်သော ငွေတော်ရှစ်သိန်းကို ပေးလျှော်သော်လည်း ပေးလျှော်တော်မူ။ သို့မဟုတ် တိုက်ခိုက်လုယက်သူ ဓါးမြတို့ကိုသော်လည်း ဖမ်းဆီး၍ အပ်တော်မူစေလိုပါသည်'ဟု သံတော်ဦးတင်လျှောက်ကြလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် တရုတ်သံတို့ကို ကောင်းစွာနေထိုင်စေရန် သံတည်းသို့ ပို့စေ၍ စားနပ်ရိက္ခာအလုံ့အလောက် ပေးကမ်းကျွေးမွေး၍ ထားစေပြီးလျှင် ဝန်ကြီး အတွင်းဝန်တို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်မှာ 'မောင်မင်းများ ယခု ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းက စေလွှတ်သည့် တရုတ်သံတို့က ငါကိုယ်တော်အရှင်မြတ်ကိုသံတော်ဦးတင်လျှောက်ကြသည်မှာ ဓါးမြတို့ကိုသော်လည်း အပ်တော်မူ၊ သို့မဟုတ် ငွေတော်ရှစ်သိန်းကိုသော်လည်း ပေးလျှော်တော်မူဟုတင်လျှောက်ကြသည်။ ဤအရာဝယ် ဓါးမြတို့ကို အပ်ရမည်ဆိုသော်လည်း လွန်စွာခက်ခဲ၏။ ငွေတော်ကိုပေးလျှော်ရမည် ဆိုသော်လည်း နန်းတော် အိမ်တော် လွှတ်တော် ရုံးတော်နှင့်တကွ ရွှေပြည်တော်အဝန်းကို မီးသင့်လောင်ကျွမ်းသောအခါ ဖြစ်သည်လည်းတစ်ကြောင်း၊ သဿမေဓအခွန်တော်ကောက်ခံရအံ့သော အခါကာလသို့ မရောက်သေးသည်လည်းတစ်ကြောင်းဖြစ်၍ ပေးလျှော်နိုင်ရန် လွန်စွာခဲယဉ်းသည်။ မပေးလျှော် နေပြန်ကလည်း ပြည်ကြီးနှစ်ပြည် မဟာမိတ်ပျက်ကြတော့မည်။ သို့ဖြစ်သည်ကြောင့် ဤအရာဝယ် ရှည်ကြာကာလ မိတ်ဖြစ်ကြပြီးသည်ကိုလည်း မဟာမိတ်မပျက်ကြစေရန် ငွေတော်ရှစ်သိန်းဆိုသည်ကိုလည်း မပေးလျှော်ဘဲ ကျေအေးပြေငြိမ်း

http://www.dhammadownload.com



စေရန် အဘယ်သို့ ကြံဖန်ပြောဆိုရသော် သင့်လျော်မည်နည်း'ဟု တိုင်ပင်တော်မူ၏။

ထိုသို့ တိုင်ပင်တော်မူသော်လည်း ခစားလျက်ရှိကြသော ဝန်ကြီးအတွင်းဝန်တို့တွင် မည်သူတစ်ဦးတစ်ယောက်မျှပင် တစ်ခွန်းတစ်ပါဒသော စကားမျှ တင်လျှောက်ဝန်ခံနိုင်သူ မရှိကြရကား သံယာရာဇာ အမှူးရှိသော သုဓမ္မာဆရာတော်မြတ်များနှင့် လေးပြင်လေးရပ် တံဆိပ်ရ မရ ဆရာတော်တို့ကို ရွှေနန်းတော်ရောက် ပင့်ပြီးလျှင် လျှောက်ထားတိုင်ပင်တော်မူပြန်၏။

ထိုသို့ တိုင်ပင်တော်မူသော်လည်း မည်သည့် ဆရာတော်ကမှ ထွက်ဆိုဝန်ခံခြင်းအမှုကို မပြုနိုင်ရှိပြန်သဖြင့် ဘဝရှင်မင်းတရားကြီးဘုရားလည်း လွန်စွာပင် ရွှေနှလုံးတော် မသက်မသာရှိရကား. . . အမတ်ကြီးဦးပေါ်ဦးကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူပြန်၏။

'ပေါ်ဦး. . . ငါတို့၏ တိုင်းတော်ပြည်တော်သည် ပြည်ထောင်တကာတို့ထက် ခက်ဆစ်သို့ ကျရောက်သောအခါ ထက်မြက်ထိုးထွင်းထင်လင်း ကိတ္တိပညာဉာဏ်ရှိဖွယ်ရာကောင်းသော တိုင်းပြည်ပင်တည်း။ ယခုမှာမူ ကိုယ်တော်မြတ်နှင့်တကွသော ပြည်တော်သူ ပြည်တော်သားတို့ ပူဆာမကင်း ရှိသည်ကို ရဟန်းရှင်လူ ဟူဟူသမျှတို့ကို တိုင်ပင်တော်မူသော်လည်း မည်သူတစ်ဦး တစ်ယောက်မျှ အေးချမ်းရန်အခွင့်ကို တစ်ပေါက်တစ်လမ်း ဉာဏ်စွမ်းထွင်းဖောက် လျှောက်ထား ဝန်ခံနိုင်သူမရှိကြသည်မှာ ပေါရိယဝါစာ ပြည်ကြီးသားတို့၏ အင်္ဂါမှကင်းပ၍ လေးဝသော ကဝိတို့တွင် တစ်ပါးပါးမျှမရှိရာ ရောက်တော့သည်။ ဤသို့ ရွှေနှလုံး ညှိုးချုံးမရွှင်ရှိသည်အရာဝယ် ကာယသုခ၊ စိတ္တသုခ ဖြစ်တော်မူရန် ကြံဖန်ခြင်းပြု၍ အမှုတော်ကိုထမ်းဆောင်နိုင်သူ ပေါ်ပေါက်ပါလျှင် ကိုယ်တော်မြတ်သည် ရာကြီးထူးကြီးဖြင့် ချီးမြှင့်၍ သူကောင်းပြုတော်မူရသော် ကောင်းမည်'ဟူ၍ မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ရေမြေသေဌ်နင်း မင်းဇကရာဇ်၏ ရွှေနှလုံးတော်သည် ညှိုးချုံးမရွှင် ရှိတော်မူသည်ကို ရေတွေ့သော ကြာပဒုမ္မာကဲ့သို့ ရှိတော်မူစေခြင်းငှာ ဤသို့သံတော်ဦး တင်လေ၏။

'နွယ်တော်စက္ကရိန်၊ နတ်ရဝိန်သည်. . . သမ္ဘိန်နေညွန့် စစ်ပါကို။

http://www.dhammadownload.com



မင်းမြတ်မဟော်၊ ကိုယ်ပွားတော်သည်. . . မတ်ကျော် ကျွန်ရင်းရှိသကို။ ဘုန်းမိုးအာဟိန်၊ ရာဇနိန်လည်း၊ ကွာပိန်ဒီပရာဇ်၊ ဖြစ်ကြီးဖြစ်လျက်၊ ထွန်းသစ်တေဇာ၊ ရွှေသမ္ဘာဖြင့်၊ ခံရာခက်တုံ၊ ဤသို့ကြုံသော်၊ ဗိုလ်ပုံပေါရယ်၊ အများအလယ်၌ အဘယ်မှာပင် ပညာရှင်သည်မှူတွင် ရေးသိမပေါ် ရှိအံ့၊ ကဝိလိမ္မာ၊ မတ်ရဲဇာဟု၊ မဟာနေရာချွန်၊ ဘုရားကျွန်လည်း၊ ဉာဏ်တံခွန်စိုက်၊ ဘုန်းသမိုက်၍၊ သုံးထိုက်သည်ထင်၊ နန်းသဘင်ဝယ်၊ တွင်ကြယ်စေခွင့်၊ ရာထူးတင့်အောင်၊ ချီးမြှင့်မြှောက်စား၊ ဘွဲ့ကြီးသားလျက်၊ သနားတော်မူ၊ ခံသည့်သူတည့်၊ မင်းစူဠနီ၊ ပြည်မိတ္ထီ၌၊ ခေါ်ဘဏီပေါင်း၊ မြေကြီးစောင်းမျှ၊ ရိုက်ညောင်းတုန်ဟည်း၊ ပွဲတင်ကြည်းအောင်၊ ထီးမင်းတစ်ရာ၊ ရံဝန်းလာသော်၊ မဟာလောင်းမတ်၊ ဇောဓိသတ်သည်၊ ဇောတိရတ်ဝင်၊ မြက်မြတ်ရှင်ဖြင့်၊ တိုင်းခွင်ပဥ္စာ၊ ကေဝဋ္ဋာကို၊ ချာချာပတ်လွှင့်၊ အောင်ပွဲတင့်သို့၊ ဆင်မင့်သခင်၊ ကျွန်တော်ပင်လည်း၊ ပုံယင်နည်းတူ၊ ထပ်မျှယူ၍၊ ခုမူအခါ၊ ဖြစ်ပွားလာသည်၊ ဂန္ဓာလစံ၊ တရုတ်သံကို၊ နှုတ်လှံဖြင့်သိမ်း၊ ရန်မီးငြိမ်းအောင်၊ ကြိမ်းပအားမြှောက်၊ ခြင်္သေ့ဟောက်သို့၊ ပျောက်ပျောက်စေဌာ၊ ဉာဏ်တေဇာနှင့်၊ မင်္ဂလာဇေယျ၊ ဖြစ်စေတုံအံ့၊ ရွှေဘုံအမရ သမ္ဗတဟု၊ နာထသရဖူ၊ ပြည့်မှန်ကူသည်၊ သီတဂူဘုံ၊ စန်းရိပ်လှုံလျက်၊ ကြိုင်ထုံသင်းပြန့်၊ သရက်ခန့်နှင့်၊ နံ့သာနီဖြူ၊ လိမ်းတော်မူ၍၊ မွှေးကြူလှိုင်ကြွယ်၊ ရှင်စံပယ်လော့၊ သွယ်သွယ်ဝဝ၊ ဟူသမျှ၌၊ ပဝရဘုန်းလူ၊ အေးကြောင်းယူမည်။ ဇမ္ဗူလုံးနတ်ရေးတော်ကို။ တွေးမျှော်ကြည့်ရှုစားတော်မူနှင့်ဘုရား။”

ဤကား နယပိစိတြဆန်းနှင့်အညီ စာဆိုတတ်သော အမတ်, စကားတောင်စားအမတ်တို့၏ ပရိယာယ်ဖြင့် ဘုန်းတော်ဘွဲ့ရွှေနားတော်သွင်း လူးတားဖြင့် မိမိအလိုရှိရာစကားကို မတင်လျှောက်မီရှေ့အဖို့၌ ကျူးသီမြွက်ဆိုရိုး ထုံးစံနှင့်အညီ တင်လျှောက်ခြင်းဖြစ်ချေသည်။

ဤသို့ ၁၁-လုံးချခြင်းကား “အာသာဝတီ ဝတ်ဆံချ”ခြင်းတည်း၊ ဂုဏ်ပုဒ်၌ နှစ်ထပ်ကျော့ချီနည်းကား ဘုန်းပွင့်သရဘူချီနည်းတည်း။ (ဤကား အမှာစကားချပ်။)

http://www.dhammadownload.com



ဤသို့ အမတ်ကြီးဦးပေါ်ဦးသည် ကွန့်မြူးထက်မြက်သော ဉာဏ်ဖြင့် ကြံုးဝါးကြိမ်းပခြင်းတည်းဟူသော အလိုတော်ပြည့် ရွှေနားတော်သွင်း လှူးတား ကို မြွက်ဆိုတင်လျှောက်သောအခါ ဘဝရှင်မင်းတရားကြီး၏ ရွှေနှလုံးတော် သည် မီးကျီစုကို အနဝတတ်ရေဖြင့် သွန်းလောင်းဘိသတဲ့သို့လည်းကောင်း၊ ကျိုက်ကျိုက်ဆူသော ရေပူဝယ်လောဟိတစန္ဒနမည်သော နံ့သာရေကျလျှင် ချမ်းငြိမ်းအေးမြခြင်းဖြစ်လေသကဲ့သို့လည်းကောင်း၊ မျက်နှာရွှင်လန်း ဝမ်းသာ အားရ ရှိတော်မူရကား ဤသို့မိန့်တော်မူ၏။

ပေါ်ဦး. . . မောင်မင်းကဲ့သို့သော သတ္တိဗလ, ဗျတ္တိဉာပက, သူရ ဝိသေသ, ဝါကျဆေကဂုဏ်နှင့် ပြည့်စုံသူမရှိအံ့။ ပြည်ကြီးတို့၏ အင်္ဂါလက္ခဏာ ကင်းပ၍ ကိုယ်တော်မြတ်နှင့်တကွသော ပြည်တော်သူ ပြည်တော်သားတို့ သည် ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်ကြဖွယ်ရာသာတည်း။

ယခုမှာမူ မောင်မင်းသွား၍ တရုတ်သံတို့ကို နှုတ်လှံဖြင့်စေ၍ ရန်ပြေ အောင် ဖြေဆိုပါမည်ဟု လျှောက်ထားသည်မှာ မောင်မင်းအလိုရှိသည်ကိုသာ ငါ့အားပြန်ကြားလျှောက်ဆိုပါလောဟု မိန့်တော်မူလေသော် အမတ်ကြီး ဦးပေါ်ဦးသည် ဤသို့သံတော်ဦးတင်၏။

'ရွှေဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်. . . ယခုအရေးကိစ္စ၌ ဘုရားရွှေဘုန်းတော်ကျွန် အလိုရှိသည်မှာ ဒိုင်ငွေမြန်မာပိသာချိန် တစ်ရာခန့်နှင့် တရုတ်ထမင်း, တရုတ် ဟင်းကောင်းစွာ ချက်ပြုတ်တတ်သော နေပြည်တော်ရှိ တရုတ်လူမျိုး ငါးဆယ် ခန့်လောက်အလိုရှိပါသည်'ဟု လျှောက်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် ဝန်ကြီး အတွင်းဝန်တို့ကို ဆင့်ဆိုစေ့စပ်စေ၍ အမတ်ကြီးဦးပေါ်ဦးအလိုရှိသည်တို့ကို ပေးအပ်ပြီးလျှင် ရန်ကင်းတောင်အနီး တရုတ်သံတို့စခန်းချရာအရပ် ဦးပေါ်ဦးသွားရာသို့ လိုက် ပို့ကြရ၏။

ရန်ကင်းတောင် သံတို့စခန်းနှင့်နီးလျှင် တဲကန္နားကြီးစွာဆောက်လုပ် စေ၍ နေပြည်တော်ရှိ အချက်အပြုတ်ကောင်း တရုတ်ငါးဆယ်တို့ကို နေ့စဉ် ကောင်းစွာ ချက်ပြုတ်စေ၍ ဂန္ဓာလရာဇ်ပြည့်ရှင် ဘုရင်ချင်းလုံးဥတည်မင်းက

http://www.dhammadownload.com



စေလွှတ်သည့် သံအမတ်လျှောင်းတူရဲ့ ကွန်းကျူရဲ့ စက်တျူလျှောင်းရဲတို့နှင့် တကွသော နောက်ပါလူတို့ကို နေ့စဉ်ကျွေးမွေးပြီးလျှင် စကားသွေးနှော၍ ပြောဆိုခြင်းပြုလေ၏။

ဤသို့ အကြောင်းသင့်အောင် သွေးဆောင်မိတ်ဖွဲ့ခြင်းကိုပြု၍ တစ်ဆယ့်ငါးရက်ခန့်ရှိလျှင် အမတ်ကြီးဦးပေါ်ဦးက သံတို့ကိုပြောဆိုသည်မှာ ယခုအမရပူရရွှေပြည်တော်ကြီးရှင် ဆဒ္ဒန်ဆင်မင်းသခင် နေထွက်ဘုရာမင်းမြတ်၏ ရွှေဖဝါးတော်အောက်သို့ ပဏ္ဏာလက်ဆောင်တော်အများနှင့် ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းက အဆက်အသလာစေကောင်းသော သံအမတ်တို့ကို ရွှေဖဝါးတော်ရိပ်သို့ ကျရောက်မှ အချိန်မှဲ့အခါ သူဆိုးပရက္ခရာတို့ လုယူတိုက်ဖျက်လာ၍ ပါခဲ့သောပဏ္ဏာတော်များနှင့်တကွ အဝယ်တော်ပြုလုပ်ရန် ငွေတော်ရှစ်သိန်း, လားကောင်ရေ ခုနစ်ထောင်ကျော်များ ပျောက်ဆုံးသည့်အရာဝယ် ဘဏ္ဍာတည်ထား အစားပေးလျော်ပြုတော်မူပါဟု လျှောက်ထားသံတော်ဦးတင်သည်မှာ အမင်းမင်းတို့၏သခင် ဖြစ်တော်မူသော ကျွန်ုပ်တို့နေထွက်ဘုရင် မင်းတရားကြီးဘုရားသည် ဘုရားဆုကိုရမူဧကန်ပန်တော်မူသည်နှင့်အညီ အဇ္ဈတ္တိ၊ နဝင်္ဂ၊ ဒသင်္ဂအစရှိသောအလီလီသော သီလတော်မြတ်များကို ခံယူဆောက်တည်၍ ယာယီစာတ်နန်း ဥပုသ်တော်ခန်းသို့ ထွက်စံတော်မူလျက်ရှိသည်ကို သံမင်းတို့ အသိပင်ဖြစ်တော့သည်။

ထိုသို့ ထွက်စံတော်မူသောကာလ ခါသမယဟူသမျှတို့၌လည်း နဂရဂုတ္တိအဖြစ်ဖြင့် ရွှေကိုယ်တော်စား တရားရာဇဝတ်လွှတ်တော် ရုံးတော်နှင့်တကွ လုံးဝဥဿုံ ကျွန်ုပ်ကိုပင် စုပုံလွှဲအပ်၍ထွက်တော်မူသည် ချည်းပင်တည်း။

ဤသို့လွှဲအပ်ခန့်ထား ရွှေကိုယ်တော်စားဖြစ်သော ကျွန်ုပ်ကိုသာ သံမင်းတို့သည် ပျောက်ဆုံးသော ပစ္စည်းပစ်ယံများကိုသော်လည်းကောင်း၊ သို့မဟုတ် လူဆိုး, ဓားမြတို့ကိုသော်လည်းကောင်း လျော်ပါ အပ်ပါဟူသော စကားကို လျှောက်ထားတောင်းခံခြင်း ပြုခွင့်ရှိပါသည်။ ယခုမှာမူ ဇမ္ဗူသခင် ဘုရင်မင်းမြတ်နေနတ်နာ်ထ ပဝရတုလွှတ် တမွတ်မကုဋ လောကသရဖူ ဖြစ်တော်မူသော ဆင်ဖြူတကာတို့ထက် မြတ်သော ဆဒ္ဒန်ဆင်မင်းသခင်

http://www.dhammadownload.com



ဘဝရှင်မင်းတရားကြီးသည် ဘုရားနှလုံး ယူသုံးမြဲစွဲ အားခဲအင်တန်ဆုကြီးကို ပန်တော်မူလျက် ပျို့အန်နံ့ညီ တောဝသီတွင် လောကီကို အီတော်မူသောကြောင့် ရွှေထီးရွှေနန်းနှင့်တကွသော ရွှေပြည်တော်ကြီးကို ဥပေက္ခာပါရမီ ဖြစ်စေရန် မုတ္တစာဂီပြုတော်မူ၍ စံနေသောရက်အတွင်းမှာ ရွှေနားတော်ကြား သံမင်းတို့လျှောက်ကြားခြင်းသည် ပြည်ကြီးသားတို့ အင်္ဂါဝယ် "ယဉ်ကျေးလိမ္မာ၊ အရာသိမြောက်၊ ချင့်ထောက်ပိုင်းခြား၊ အကင်းပါလော့"ဟူသော စကားအရမှ ကင်းပရှိသည်သာမက ဘုရားရွှေနှလုံးတော် ညှိုးချုံးပင်ပန်း စိတ်နွမ်းကိုယ်ကြေ ဖြစ်တော်မူအောင် ပြုလုပ်ကြခြင်းသည် 'သံမင်းတို့၏ နိုင်ငံသားများကို ပြည်ထောင်တကာ မင်းများစွာတို့ ကြားသော် များစွာရယ်ဖွယ်ရာသာတည်း'ဟု အမတ်ကြီးဦးပေါ်ဦးက ပြောလေ၏။

ထိုအခါ တရုတ်သံအမတ်တို့သည် ဤသို့တောင်းပန်ခြင်းကို ပြုကြကုန်၏။ အမရပူရ အာဒိကမ္မိက သမ္မတဘုန်းလူ မနောဇမ္ဗူတက်တော်မူသော တစ်ဆူဥက္ကင်္ဂ သမ္ဘိန်နတ်ကိုယ်ပွား မတ်ဖျားတံခွန် ဉာဏ်ရောင်ချွန်လှသော ရေတော်ဝိုင် ဝန်မင်းကြီး. . . ခရီးကျော်နင်း ဖောက်ထွင်းကျူးလွန်ရှိခဲ့ပြီးသည်များကို ကျွန်ုပ်တို့အား သည်းခံခြင်းတရားနှင့်အညီ ခန္တီပါရမီဖြည့်တော်မူပါ။ ကျွန်ုပ်တို့ကပင် ကျော်လွှားရာရောက်ပါပေသည်။ သို့ဖြစ်သည့်အတွက် တိုင်းကြီးနှစ်တိုင်း ပြည်ကြီးနှစ်ပြည် ချစ်ကြည်ကြလျက် နှစ်ရှည်လကြာရှိခဲ့ပြီးသည်ကို မေတ္တာတုံ့လည် နောက်ဆုတ်ဖြိုခြင်း မရှိရအောင် ဤသို့ပျောက်ဆုံးသော ပစ္စည်းပစ်ယံများကိုသော်လည်းကောင်း၊ သို့မဟုတ် သူခိုးဓားမြတို့ကိုသော်လည်းကောင်း အရေးတော်ပိုင်ဖြစ်တော်မူသော ဝန်မင်းကြီးသည် ကျွန်ုပ်တို့အား ရွှေဖဝါးတော်အောက်မှ နေ့ရက်မကြာ အမြန်သွားရစေခြင်းအကျိုးငှာ ပေးအပ်တော်မူပါ'ဟု တရုတ်သံတို့က လျှောက်ထားလေသော် အမတ်ကြီးဦးပေါ်ဦးက ဤသို့ဆို၏။

သံမင်းတို့ ယခုပြောသော စကားသည် ပေးလျော်သင့်သော အရေးဖြစ်ပေသည်။ ဤသို့ပေးလျော်သင့်သော အရေးဖြစ်သည်နှင့် လျော်ညီစွာ ကျွန်ုပ်တို့ကပေးလျော်တော့မည်ဟူသော စကားကိုသာ သံမင်းတို့အရှင်ဖြစ်သော ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းသို့ သံတော်ဦးတင်လျှာ ဆက်သွင်းကြပါတော့ဟူ၍ဆိုလျှင် အမတ်ကြီးဦးပေါ်ဦး စကား

http://www.dhammadownload.com



အတိုင်း တရုတ်သံတို့သည် ချင်းလုံး ဥတည်မင်းထံသို့ စာ ဆက်သွင်းကြလေ၏။

ဤသို့ သံတော်ဦးလွှာ ဆက်သွင်းသောအခါ ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းထံမှ အမိန့်တော်စာပြန်လာသည်မှာ 'အမရပူရပြည်ကြီးရှင် နေထွက်ဘုရင်မင်းမြတ်နှင့် ငါတို့သည် အကြည်တော်ချင်း ဆက်သွင်းမေတ္တာရှိကြပြီးသည်နှင့် လျော်ညီစွာ ယခုဖြစ်ပွားသော အရေးအရာတွင် ဘဏ္ဍာတည်ငြား အစားပေးလျော်ပြုခဲ့သော်ကား ကျယ်ပွားရှုပ်ထွေး အရေးတစ်ခုပြု၍ ပြောဆိုခြင်းမရှိစေနှင့်၊ နှစ်၊ လ မကြာပြန်လည်လာရောက်စေ' ဟူသောစကားဖြင့် အမိန့်တော်စာ လာသော် တရုတ်သံတို့သည် အမတ်ကြီးဦးပေါ်ဦးသို့ ၎င်းစာကိုပြကြရလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက ပြောဆိုသည်မှာ 'ယခု ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းက စေလွှတ်လိုက်သောအမိန့်တော်စာကို တွေ့မြင်ရသဖြင့် အကြောင်းမျိုးစုံကိုလည်း ကြားသိရပေပြီ။ ဤသို့ ကြားသိရသည့်အတိုင်း ကျွန်ုပ်တို့က ပေးလျော်ပါတော့မည်။ သံမင်းတို့ ပျောက်ဆုံးသော ပစ္စည်းရပ်များကိုသာ နောင်ခါကျန်ပါသေးသည်ဟူ၍ ထပ်မံပြောဆိုခြင်းမရှိရ။ ယခုတစ်ခါတည်း လုံးဝဥဿုံ ထမင်းစားသောတူကိုမျှ မချန်မချွင်း အကုန်အစင် အဖိုးထား၍ ငွေသင့်သမျှကို စာရင်းတင်ပြကြပါ'ဆိုလျှင် တရုတ်သံတို့က 'အဝယ်တော်အဖြစ်နှင့် စေလွှတ်လိုက်၍ ပါလာသောငွေတော်ရှစ်သိန်း မိမိတို့ပိုင် ကိုယ်ဆောင်ငွေနှင့်သော် တွက်ရေကိုးသိန်းခွဲနှင့် ပျောက်ဆုံးပါသည်'ဟု လျှောက်ထားလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက ပြောဆိုသည်မှာ 'ယခုသံမင်းတို့လျှောက်ထားသောအရေးမှာ ကျွန်ုပ်တို့က ပေးလျော်ရုံမျှသာ ရှိတော့သည်။ သံမင်းတို့က ပြောရန်စကားလည်း အရေးကုန်ခြင်းသို့ရောက်သောကြောင့် နောက်ထပ်ပြောရန်မရှိကြပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့က ပြောရန်စကားမျှသာ လိုတော့သည်။

ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းက စေလွှတ်၍ သံမင်းတို့ ယခုရွှေဖဝါးတော်အောက်သို့ လာရောက်ကြသည့် အခါမှာ ကျွန်ုပ်

http://www.dhammadownload.com



တို့၏သခင် ဘဝရှင်မင်းတရားကြီးသည် သမ္မာသမ္ဗုဒ္ဓဆုကြီးကို ပန်တော်မူသည်နှင့်လျော်ညီစွာ နိဗ္ဗာနသစ္စိကရဏဖြစ်စေခြင်းငှာ မင်းဝံတောင်ဦးတွင် မင်းကွန်းဘုရားကြီးကို ကိုယ်တော်တိုင် ကာယကံမြောက် ကြီးကြပ်၍ တည်တော်မူလျက် နန်းတော်ကျွန်း စံနန်းတော်တွင် ဥပုသ်တော်ယူပြီးလျှင် ယာယီ ဓာတ်နန်း စံမြန်းတော်မူ၍ နေသည်ကိုလည်း သံမင်းတို့အသိပင်ဖြစ်တော့သည်။

အမရပူရ ရွှေပြည်တော်ကြီး၌ အုတ်မြို့တော်အတွင်းရှိ ရွှေနန်းတော်ကြီးနှင့်တကွသော လွှတ်တော်၊ ရုံးတော်၊ ရွှေတိုက်၊ ငွေတိုက်၊ ပစ္စင်ရင်တား၊ အမှုထမ်းသားတို့၏ အိမ်ရာဟူသမျှတို့ပါ တစ်စမကျန် တရုတ်တန်းကြီးနေ တရုတ်လူမျိုး 'ငရွှေကြည်' ခေါက်ဆွဲဖိုက မီးထလောင်ကျွမ်း၍ ပြည်နွမ်းကိုယ်ကြေရှိနေကြသည်ကိုလည်း သံမင်းတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ချေသည်။

ဤသို့လောင်ကျွမ်း ပြည်နွမ်းကိုယ်ကြေရှိရခြင်း၏ အစမူလ မီးရှင်ဖြစ်သော တရုတ်လူမျိုး 'ငရွှေကြည်'ကို ကျွန်ုပ်တို့လက်သို့ အပ်စေလိုပါသည်။ ၎င်း'ငရွှေကြည်'သည် ကျွန်ုပ်တို့လက်ဝယ်သို့ ရောက်ပါလျှင် သံမင်းတို့ ပျောက်ဆုံးသော ငွေကိုးသိန်းကို ရှေ့ပတ္တမြား ရှေ့နဂါးပြုလုပ်၍ ပေးလျော်ပါမည်ဟု အမတ်ကြီးဦးပေါ်ဦးကဆိုလျှင် တရုတ်သံတို့သည် နိုင်ငံတကာ မြို့ပြည်ရွာတို့၌ သတင်းနာ၍ရှာဖွေသော်လည်း ၎င်း'ငရွှေကြည်'ကို မတွေ့မရှိ ကြရကား ဤသို့သောစကားဖြင့် အမတ်ကြီးဦးပေါ်ဦးသို့ ပြန်ကြားပြောဆို၏။

'နဂရဂုတ္တိ မည်ရှိထင်လင်းဝန်မင်း. . . အမရပူရပြည်ကြီးကို မီးသင့်လောင်ကျွမ်းခြင်း၏ အရင်းမူလဖြစ်သူ 'ငရွှေကြည်'ကို အကျွန်ုပ်တို့ ပြည်ရွာရှိ ဘုံအိမ်များစွာတို့၌ သတင်းနာ၍ရှာစေပါသော်လည်း ၎င်း'ငရွှေကြည်' ကိုဖြင့် မတွေ့မမိချေပြီ။ သို့ဖြစ်သည်ကြောင့် ဤအရာဝယ် အဘယ်ကဲ့သို့သို့သော စကားဖြင့် ကျွန်ုပ်တို့အား မိန့်ကြားတော်မူလိုပါသနည်း'ဟု လျှောက်ထားကြပြန်လျှင် အမတ်ကြီးဦးပေါ်ဦးက ပြန်ကြားမိန့်မြွက်တော်မူသည်မှာ. .

'သံမင်းတို့. . . သံမင်းတို့သခင် ချင်းလုံးဥတည်မင်းနှင့် ကျွန်ုပ်တို့အရှင် နေထွက်ဘုရင်မင်းတရားကြီးဘုရားသည် အကြည်တော်ချင်း နောင်ရင်းညီသို့ဖြစ်သည်နှင့်လျော်ညီစွာ နှစ်တိုင်းနှစ်ပြည်ချစ်ရည်သွန်းဘိတ် မဟာမိတ်ကြီး

http://www.dhammadownload.com



ဖြစ်ကြသည်ကား နှစ်ရှည်လများရှိကြပြီ။ သို့ဖြစ်လျက် မိတ်မပျက်စေခြင်း အကျိုးငှာ ထွက်ပြေးတိမ်းရှောင်သော တရုတ်လူမျိုး ငရွှေကြည်တစ်ယောက် ကိုသာ အပ်ပါဟူ၍ပြောဆိုသည်ကိုပင် ရှာဖွေ၍မရသဖြင့် မအပ်နိုင်ပါဆို သည်မှာ များစွာအံ့သြဖွယ် ဖြစ်ချေသည်။ ကျွန်ုပ်တို့ထံ၌ သံမင်းတို့ပြောဆို တောင်းရမ်းသော ဓားမြတို့မှာ လူများစွာဖြစ်သည်အတွက် အဘယ်မှာ ရှာကြ ၍ အပ်နိုင်ပါအံ့နည်း။ ပေးလျော်စေလိုကြောင်းနှင့် တောင်းဆိုသော ငွေကိုး သိန်း ဆိုသည်မှာလည်း ကျွန်ုပ်တို့သခင် နေထွက်ဘုရင် ဘဝရှင်မင်းတရား ကြီးမှာ ၎င်းတရုတ်လူမျိုးငရွှေကြည်၏ မီးအတွက် ပျက်စီးသော ရွှေထီး ရွှေနန်း လွှတ်တော် ရုံးတော် ရွှေတိုက်တော် ငွေတိုက်တော်တို့မှစ၍ စာရင်း အင်းချေပေါင်းရုံးတွေသော် ကုဋေငါးဆယ်မျှမက ရှိချေသည်။

ဤသို့ ပျက်စီးဆုံးရှုံးပါသော်လည်း ဘဝရှင်မင်းတရားကြီးဘုရားသည် နှစ်ပြည်တစ်ပြည်လည်း အကြည်တော်မပျက် ရှိစေကြခြင်းငှာ ပျက်စီးသမျှ တို့ကို သဒ္ဒါရစမွသို့ ချတော်မူ၍ သမ္မာသမ္ဗုဒ္ဓဆုကြီးကိုသာ သိုမှီးဖြည့်ကျင့်၍ လျော်ငွေရလိုကြောင်းကို သံမင်းတို့သခင် ဘုရင်ချင်းလုံးဥတည်မင်းထံ တစ် ခွန်းတစ်ပါဒမျှ တောင်းခံခြင်းအမှုကို မပြု။ ယခုသံမင်းတို့အရှင် ဘုရင် ချင်း လုံးဥတည်မင်းက ကျွန်ုပ်တို့ထံတွင် ပျောက်ဆုံးသောငွေ စာရင်းဖွေသော် တွက်ရေနည်းပါး ကိုးသိန်းခန့်လောက်မျှနှင့် တရားရှောင်ကင်း တောင်းခံ ခြင်းပြုသည်မှာ ပြည်ထောင်တကာ မင်းများစွာတို့ ကြားခါစင်စစ် ရယ်ဖွယ် ကြီးဖြစ်ချေသည်။

သို့ဖြစ်၍ ရှက်ဖွယ်များပြား ဤတရား၌ စဉ်းစားတော်မူကြပြီးမှ တောင်းခံသင့်ကြောင်းကို ဤအဓိပ္ပာယ်အတိုင်း မဆိုင်းမြန်စွာ ဂန္ဓာလရာဇ် ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းထံသို့ သံတော်ဦးတင်လွှာ ဆက်သွင်း ပါ'ဟူ၍ အမတ်ကြီးဦးပေါ်ဦးက ပြောဆိုလေ၏။

ထိုအခါ တရုတ်သံအမတ်တို့သည် အမတ်ကြီးဦးပေါ်ဦး ပြောဆို သောစကားကို ချင်းလုံးဥတည်မင်းထံသို့ ပြန်ကြားလျှောက်ထားကြလေသော် ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းထံက 'အကြည်တော်ချင်း မိတ်ရင်းမပျက် ဆက်လက်မေတ္တာရှိခဲ့ပြီးဖြစ်သည်နှင့် လျော်ညီစွာ ဤအရာ

http://www.dhammadownload.com



ဝယ် ငါ၏အကြည်တော် နေထွက်ဘုရင်မင်းတရား၌ စိတ်ဝမ်းမချမ်းမသာ ဖြစ်လောက်သော စကားကိုပြောဆိုတောင်းရမ်းခွင့် မသင့်သောအခါဖြစ်ချေသည်။ သံအမတ်တို့သည် လ၊ ဖင့် ရက်ကြာမရှိစေနှင့် အမိန့်တော်စာ ဖတ်နာရလျှင် အမြန်လာကြစေ'ဟူ၍ ခေါ်တော်မူသောကြောင့် တရုတ်သံတို့သည် ဂန္ဓလရာဇ်ပြည်ကြီးသို့ ပြန်သွားကြလေ၏။

ယင်းသို့အမတ်ကြီး ဦးပေါ်ဦး ပြောသည့်အတွက် တရုတ်သံတို့ စကားပြေအေး လျော်ကြေးတောင်းခံမရှိဘဲ ပြန်သွားကြောင်းကို ဘဝရှင်မင်းတရားကြီး ကြားသိတော်မူလျှင် လွန်စွာအားရနှစ်သက်တော်မူ၍ မိန့်တော်မူသည်မှာ 'မောင်မင်းများ ဦးပေါ်ဦးသည် ဤမျှသော ဉာဏ်နန္တရမျှနှင့် မသင့်ချေ။ 'သတိုးမင်းကြီးမဟာ မင်းလှနော်ရထာ'ဟူသော ဘွဲ့နှင့်ယောလေးမြို့ကို အစားသနားတော်ခံစေ'ဟု အမိန့်တော်မူလိုက်၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် သံတို့နှင့် ပြောဆို၍ ပြန်လည်ရာ ကိုယ်လက်မကျန်းခန့်သည်နှင့် ရွှေနန်းတော်ကြီးသို့ မဝင်နိုင်ရှိသောအခါ ဖြစ်၍ နာခံ, သံဆင့်စသောသူတို့သည် အမတ်ကြီးဦးပေါ်ဦးထံသို့ မြန်စွာ လာပြီးလျှင် ယောလေးမြို့စား 'သတိုးမင်းကြီးမဟာမင်းလှနော်ရထာ'ဟူသော ဘွဲ့ သနားတော်မူစေအမိန့်တော်ကြီး မှတ်ပါကြောင်းကို လျှောက်ထားကြလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက ဤသို့ဆိုလေ၏။ 'သံတော်ဆင့်မင်းများ ရွှေနန်းတော်ကြီး၌ ခစားကြသော မှူးကြီးမတ်ငယ် အသွယ်သွယ်တို့တွင် လိမ္မာသောသူ တစ်ဦးတစ်ယောက်မျှ မရှိကြပြီဟု ငါ၏သဘောမှာ မှတ်မိ, ထင်မိတော့သည်'ဟူ၍ ဆိုလေ၏။

ထိုအခါ သံတော်ဆင့်များက လျှောက်ထားသည်မှာ 'ကျေးဇူးရှင်ဘုရား မိန့်တော်မူသော စကားတော်သည် အဘယ်အလို့ငှာ မိန့်တော်မူပါသနည်း'ဟု လျှောက်ထားကြပြန်သော် အမတ်ကြီးဦးပေါ်ဦးက ပြောသည်မှာ 'သံတော်ဆင့်မင်းများ. . . ရွှေနန်းတော်ကြီး၌ ခစားသော မှူးကြီးမတ်ငယ် အသွယ်သွယ်တို့တွင် လိမ္မာရေးခြားသောသူ မရှိလှ၍သာ ငါ့အားဤမျှ သူကောင်းပြုတော်မူခြင်း ဖြစ်သည်။ ယခုခန့်အပ်တော်မူပြီးသော အတွင်းဝန်

http://www.dhammadownload.com



အဖြစ်ကိုပင် ဌာနန္တရကြီးလွန်းသည်ဟု ငါထင်သည်ကို ယခုသတိုးဘွဲ့ကြီးများနှင့် စားကျေးမြို့ရွာ ထပ်မံ၍ ချီးမြှောက်တော်မူပြန်သည်ဟု ကြားသိရခြင်းသည် ရွှေနန်းတော်ကြီး၌ ငါမှတစ်ပါး လူလိမ္မာမရှိ၍သာ ငါ့အားသူကောင်းပြုတော်မူတော့သည်ဟု ထင်မှတ်တော့သည်'ဟူ၍ မိန့်တော်မူ၏။

ဤစကားကို နန်းတော်ကြီးနှင့်တကွသော ပြည်သူပြည်သားတို့ ကြားလျှင် အမတ်ကြီးဦးပေါ်ဦးသည် ပညာရှိစင်စစ်လည်း ဖြစ်ပေသည်။ မိမိကိုယ်ကို နှိမ့်ချခြင်းတည်းဟူသော နိဝါတမင်္ဂလာနှင့်လည်း ညီညွတ်ပြည့်စုံပေသည်ဟု အုတ်အုတ်ကျက်ကျက် ချီးမွမ်းပြောဆိုကုန်၏။

အမှာ. . . ဤအရာ၌ ဓားမြဟူ၍ ဖရသောအရာဝယ် အချို့သော သူတို့ကား လက်နက်ဟော သတ္တဟူသော ပါဠိကို ထောက်၍ထားပြဟု ဒုတိယက္ခရာ ထဆင့်ထူးနှင့် "ပထမက္ခရာ"ပကို အရစ်ပြကာ ရေးကြသည်။ အချို့ကလည်း "စတုတ္ထက္ခရာ" ဓ အောက်ချိုက်နှင့် "ပဉ္စမက္ခရာ"မကို အရစ်ပြ၍ ဓားမြဟုရေးကြသည်။

ဤသို့ထားပြ, ဓားမြ ရေးကြခြင်းသည် အလျှင်းမဆိုင်သော အရာဖြစ်သည်။ အဘယ့်ကြောင့်နည်း ဟူမူကား. . . ငါတို့ သုံးလူ့ထွတ်ထား ရှင်ဂေါတမမြတ်စွာဘုရားကို နှောင့်ယှက်လေ့ရှိသော မာရ်နတ်သည် ပရနိမ္မိဝသဝတ္တီနတ်ပြည်အလုံးကို အစိုးရသော ဝသဝတ္တီနတ်မင်းကြီးအစစ်မဟုတ်၊ ရွာကိုဖျက်ဆီးလေ့ရှိသော မင်းသားဆိုး, မင်းသားပျက်ကဲ့သို့ ကျွန်သင်းများစွာဖြင့် ဆိုးသွမ်း၍နေသော မာရ်ကြမ်းနတ်ငယ် ဟူ၍သာ မှတ်အပ်ကြောင်းကို မဇ္ဈိမနိကာယ်တွင် မူလပရိယာယသုတ်အဖွင့် အဋ္ဌကထာ၌ ရှိချေ၏ဟု ပြဆွန်းတော်မူသော သာရတ္ထသင်္ဂဟဆရာသည်. . .

ဝသဝတ္တိမာရောပန၊ ဝသဝတ္တီ နတ်မင်းသည်ကား။ ပရနိမ္မိတဝသဝတ္တိ ဒေဝလောကေ၊ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၌။ ဝသတိ၊ နေ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ တတြ၊ ထိုပြည်၌။ ဝသဝတ္တီရာဇာ၊ ဝသဝတ္တီ နတ်မင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေသိ၊ ပြု၏။ မာရော၊ မာရ်နတ်သည်။ ဧကသ္မိံပဒေသေ၊တစ်ခုသော အရပ်၌။ အတ္တနော၊ မိမိ၏။ ပရိသာယ၊ ပရိသတ်၌။ ဣဿရိယံ၊ အစိုးရ

http://www.dhammadownload.com



ခြင်းကို။ ပဝတ္တေန္တော၊ ဖြစ်စေလျက်။ ရဋ္ဌပရိယန္တေ၊ ပြည်၏အပိုင်းအခြား၌။ ဒါမရိက ရာဇပုတ္တောဝိယ၊ ရွာကိုဖျက်ဆီးသော မင်းသားကဲ့သို့၊ ဝသတိ၊ နေ၏။ မဇ္ဈိမနိကာယေ၊ မဇ္ဈိမ နိကာယ်ကျမ်း၌။ မူလပရိယာယသုတ္တဝဏ္ဏနာယံ၊ မူလပရိယာယ သုတ်အဖွင့် အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်အပ်၏။

ဆိုသောကြောင့် လည်းကောင်း "ဒါမရိက ရာဇပုတ္တောဝိယ" ဟူသော ပါဠိကို ထောက်လျှက် 'ဒမြ'ဟူ၍ တတိယက္ခရာ 'ဒွေး'မအက္ခရာ ရရစ်နှင့်ရေးမှ သင့်သည်။ 'သတ္တ'ဟူသော ပါဠိမှ လက်နက်ဟောကိုရည်၍ 'ထားပြ'ဟု ရေးသားခေါ်ဝေါ်သူတို့စကားမှာ သံပိုင်းကျောက်စာ ရှေးရေးစာဟောင်း အခိုင်အခန့် အကိုးအကားမရှိချေ။ ဒါမရိကသဒ္ဒါ၊ ရွာကိုဖျက်ဆီးသော ရွာဖျက်ခိုးသူကြီး မင်းသားဟု အနက်အဓိပ္ပာယ်ရသည်။ ဝိနယသင်္ဂဟ ဝိနည်းသင်္ဂြိုဟ်တွင်. . .

သမ္ပတ္တဿ ဒါမရိက စောရဿပိ၊ ဣဿရိယဿပိ ဒါတဗ္ဗော။

ဆိုသည်။ သာရတ္ထဒီပနီဋီကာ၌လည်း. . .

ဒါမရိက စောရဿာတိ ရဋ္ဌပတ္ထယ မာနဿ ပါကဋ စောရဿ။

ဟု ဖွင့်သည်။

ဤသို့ အဋ္ဌကထာ ဋီကာစသော ကျမ်းကြီး ကျမ်းခိုင်တို့၌လာသော 'ဒါမရိက'ဟူသောပါဠိကို မပြတ်နှလုံး စွဲယူသုံး၍ 'ဒမြ'ဟု ရေးသားကြလေကုန်။ ဤသည်လျှင် စကားအလျဉ်းသင့်၍ အထူးမှတ်ဖွယ်ကောင်းသော အသုံးရ အရေးရများသောအရာဖြစ်၍ ဂရုပြုကာ ရေးထည့်လိုက်သည်။ ဤကား အမှာစကားချုပ်တည်း။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသည် တရုတ်သံတို့နှင့် စကားစစ်ထိုးသော အခန်းပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## ဂိဇ္ဈကုဋ်တောင် အကြောင်းကိုမေးတော်မူရာ ဦးပေါ်ဦး တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် သုတ္တနိပါတ် အဋ္ဌကထာ၌ ပဗ္ဗဇ္ဇသုတ်အဖွင့်ကို ကြည့်ရှုတော်မူရာတွင် အနော်မာမြစ်မှ ယူဇနာသုံးဆယ်ကွာသော ရာဇဂြိုဟ်ပြည်မြတ်သို့ မြတ်စွာဘုရားအလောင်းတော် ဆွမ်းခံကြွတော်မူကြောင်းကို ဆိုရာဝယ် ရာဇဂြိုဟ်ပြည်ကြီးတွင် ပဏ္ဍဝ, ဂိဇ္ဈကူဋ, ဝေဘာရ, ဣသိဂိလိ, ဝေပုလ္လဟူသော တောင်ညိုငါးလုံးတို့သည် နွားခြံကဲ့သို့ ကာရံသည့်နေရာ၌တည်သောကြောင့် ဂီရိဗ္ဗဇမည်သော ရာဇဂြိုဟ်ပြည်လို့ ဆိုသည်ကို အကြံတော်ဖြစ်ပွား၍ မေးတော်မူသည်မှာ 'မောင်မင်းများတို့. . . ရာဇဂြိုဟ်ပြည်ကြီးကို ကာရံသော တောင်ညိုငါးလုံးတို့တွင် ဂိဇ္ဈကုဋ်တောင်ဟု ခေါ်ဝေါ်ခြင်းသည် ထိုတောင်၌ 'လင်းတ'တို့သည် အခါခပ်သိမ်းနေစမှတ်ပြု၍ပင် ခေါ်ဝေါ်သလော။ သို့မဟုတ် ထိုတောင်သည် 'လင်းတ'နှင့်တူသောကြောင့် ခေါ်ဝေါ်သလော။ ဧသချာစွာ သိတော်မူလိုသည်။ ဗျူပွတ်ရှာ၍ အခိုင်အခန့် နန်းစဉ်မူတော်ဖြစ် တင်လျှောက်ထားကြရမည်'ဟု မှူးမတ်တို့အား မိန့်တော်မူ၏။

ထိုအခါ ဝန်ကြီး အတွင်းဝန်တို့သည် မိမိတို့စွမ်းအားအလျောက် ပုဒ်ပါဠိသင့်ရာ ဗျူပွတ်ရှာ၍ အသီးသီးအဝဝ တင်လျှောက်ကြကုန်၏။ ဤသို့ တင်လျှောက်ကြကုန်သော် အမတ်ကြီးဦးပေါ်ဦးသည်လည်း သံတော်ဦးတင် အံ့သောငှာ ဤသို့အလင်္ကာတော် ရေးစီခြင်းကိုပြု၏။

ထီးမျှော်သရဖူ၊ ရာဆူဆူကို၊ ဘက်ပြူမရှိ၊ တေဇိဒ္ဓိနှင့်၊ ဣန္ဒြိတမူ၊ သိမ်းပိုက်ယူသော်၊ လွယ်ကူခဏ၊ သမ္ဘာရကြောင့်၊ ဦးချကုန်လျက်၊ ပြည်နန်းဆက်သည်၊ မဟာဂ္ဂါဟ၊ လောကဥက္ကဋ္ဌ၊ စောနတ်ပရမ၊ သားမျှော်တန်ဆောင်၊ အခေါင်မဟာ၊ ပွင့်လျာမှန်ဘိ၊ လောင်းဗောဓိ။ သိတော်မူရှင်၊ လျှောက်ဆိုတင်အံ့၊ ပဒါ်ရ၊ သဒ္ဒတ္ထမှာ၊ ပါဠိပြပျက်ဟန်၊ မြန်မာသံကို၊ ရှိပန်၍ဝပ်တွားဆက်မည်ဘုရား။ (မဏိဆံကျင်ချခြင်းတည်း။) ဤကား ရတု။

ဘူမိပါလ နရမောဠိ လောကိဦးသျှောင် ရွှေတောင်သခင် အရှင်မန္တာတ် မနောနတ်ဘုန်းလူ မိန့်တော်မူသော အမေးတော်မြတ်မှာ ဂိဇ္ဈကူဋ

http://www.dhammadownload.com



သဒ္ဒါကိုအစွဲပြု၍ 'ဂိဇ္ဈကုဋ်'ဟု မြန်မာလို ခေါ်ဝေါ်ပါသည်။ ဂိဇ္ဈကူဋ သဒ္ဒါကို ပုဒ်အရ ဝစနတ္ထမှာ-

ဂိဇ္ဈ သကုဏာဝိသေသာ အဿ ကူဋေ ဝသန္တိ၊ ဂိဇ္ဈသဒိသ ကူဋယုတ္တ တာယဝါ ဂိဇ္ဈကူဋော။

ဟု အဘိဓာန်ဋီကာ ဖွင့်ပါသည်။

**အနက်ကား. . .** အဿ၊ ထိုတောင်၏။ ကူဋေ၊ အထွတ်၌။ သကုဏာဝိသေသာ၊ ငှက်အထူးဖြစ်ကုန်သော။ ဂိဇ္ဈာ၊ ငှင်းတတို့သည်။ ဝသန္တိ၊ နေကုန်၏။ ဝါ၊ တစ်နည်းကား။ ဂိဇ္ဈသဒိသကူဋ ယုတ္တတာယ၊ ငှင်းတနှင့်တူသော တောင်ထွတ်ရှိသောကြောင့်။ ဂိဇ္ဈကူဋော၊ ဂိဇ္ဈကူဋမည်၏။

ဟူသည်ကိုထောက်သဖြင့် ဗျုပ္ပတ်အထူး ရှာရန်မရှိ။ သူ့အမည်နှင့်သူပင် လုံလောက်ပြီးဖြစ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟူ၍ သံတော်ဦးတင်လွှာ ဆက်သလေ၏။

ဘဝရှင်မင်းတရားကြီးနှင့် တကွသော မှူးကြီး မတ်ငယ် အသွယ်သွယ်တို့သည် ဂုဏ်ဦးပေါ်ဦး ဆက်သသော သံတော်ဦးတင်လွှာတွင် 'လင်းတ'ကို ငှကြီးနှင့်ရေး၍ ဆက်လိုက်သည်ကို မြင်သဖြင့် တစ်နန်းတော်လုံး အုန်းအုန်းကျက်ကျက်စကားဖြစ်ပွား၍ အမတ်ကြီးဦးပေါ်ဦးသည် ဆရာစဉ်ဆက် မရေးသားဖူးသောအရာတွင် 'လင်းတ'ကို ငှကြီးနှင့်ရေးသားလိုက်ခြင်းသည် သတ်ပုံထူး အက္ခရာခွဲထားအထူးကို တွေ့သောကြောင့်သာလျှင် ရေးဟန်ရှိ၏ဟု ပြောဆိုခြင်းပြုကြရာ ဘဝရှင်မင်းတရားကြီးသည် ထိုခဏ၌ပင်လျှင် ဗိုလ်ထုမကွဲမီ အမတ်ကြီးဦးပေါ်ဦးကို ရှေ့တော်သို့ခေါ်တော်မူ၍ 'လင်းတ'ကို 'ငှကြီး' နှင့်ရေးသားခြင်းသည် အဘယ်မှာအက္ခရာခွဲထား အထူးကိုတွေ့၍ ရေးသနည်းဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည်မှာ. . . 'လင်းတ'ကို 'ငှကြီး'နှင့်ရေး၍ ဆက်သွင်းသည့်အရာဝယ် အက္ခရာခွဲထားအထူးကို ဘုရားကျွန် ဝန်ငပေါ်ဦးသည် အဘယ်မှာမှ မတွေ့ဖူးပါ။ သို့သော်လည်း 'ငှကြီး'နှင့်ရေးခြင်းသည်လည်း လွန်မြောက်ခြင်းမရှိပါ။ အဘယ်ကြောင့်

http://www.dhammadownload.com



ဆိုသော် လငယ်ငူကြီးတို့သည် ရေးသားခြင်း၌ မထူးကြောင်းကို ရှုပသိဒ္ဓိ၌ "လင္ဂာနံ၊ လငယ်, ငူကြီးတို့၏၊ အဝိသေသော၊ အထူးမရှိ"ဆိုသည်ကို ထောက်တော်မူဘုရား။

သံတော်ဆင့် မဟာစည်သူလည်း ထိုစကားကို နှစ်သက်သဖြင့် 'ကလုန်'ဟူ၍ 'ကကြီး' 'လငယ်'နှင့်ရေးပါသည်ဘုရား။ ဤသို့ကျမ်းဂန်၌ 'လငယ်' 'ငူကြီး'မထူးကြသည်ထက် ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦး၏ သဘောအရမှာ သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် အစဉ်တစိုက်လိုက်၍ ကြည့်ရှုပြန်သော် ဂုဏ်ဖြူကြီးအက္ခရာသည် အရေးရလည်းခက်ပါသည်။ အမြင်အားဖြင့်လည်း အခြားတစ်ပါးသော အက္ခရာတို့ထက် အရုပ်ဆိုးပါသည်။ သဏ္ဌာန်အားဖြင့်လည်း 'လင်းတ'ငှက်မျှ စိုးစဉ်းမျှတူပါသည်။ 'လင်းတ'ငှက်သည်လည်း ငှက်အပေါင်းတို့တွင် ရုပ်ဆင်းသဏ္ဌာန် အညံ့ဆုံးအမြင်အဆိုးဆုံးဖြစ်ပါသည်။

သို့အတွက် 'လငယ်' 'ငူကြီး'တို့တွင် မထူးသောအက္ခရာချင်းဖြစ်သည်နှင့် လျော်ညီစွာ အရုပ်အဆိုးဆုံးငှက်နှင့် အရုပ်အဆိုးဆုံးသော အက္ခရာဖြစ်သောကြောင့် တော်သင့်၏ဟု သဘောရ၍ ရေးသားလိုက်ပါကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်ထားလေသော် ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးကြီး မတ်ငယ်တို့သည် သဲသဲရုတ်မျှ ရယ်မောခြင်းကို ပြုကြရကုန်၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသည် 'လင်းတ'အကြောင်းကို တင်သွင်းဆက်သသော အခန်းပြီး၏။

❖ ❖ ❖

## ဘဝရှင်မင်းတရားကြီး ဥပုသ်တော်ယူရာမှအပြန်တွင် အချိန်မဲ့ဖြစ်၍ မြို့တံခါး ပိတ်ထားခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီး ဦးပေါ်ဦးသို့ နဂရဂုတ္တိပြုလုပ်စေ၍ ရွှေနန်းတော်ကြီးနှင့်တကွသော ရွှေမြို့တော်ကြီးကို အပ်နှံ၍ထားခဲ့ပြီးလျှင် နန်းတော်ကျွန်း စံနန်းတော်သို့ ဥပုသ်တော်ယူ

http://www.dhammadownload.com



ထွက်တော်မူ၏။ ခုနစ်ရက်လည်လျှင် ပြည်တော်သို့ ဝင်တော်မူအံ့သောငှာ ဗိုလ်ထု တပ်ထုနှင့်တကွ ရွှေစကြာဖြန့်ချီတော်မူခဲ့ရာ အခါမသင့်အချိန်တော် လင့်၍ ညဉ့်လေးချက်တီးကျော် နှစ်မောင်းပေါ်ခန့်တွင် ရွှေမြို့တော် တံခါးသို့ ဆိုက်ရောက်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် မြို့လေးမျက်နှာ ဓာတ်တံခါး တို့ကို လုံခြုံစွာပိတ်ဆို့လျက် နန်းမြို့တော်အတွင်းရှိ အမှုထမ်းသားတို့ကို ဓား၊ လက်နက်ကိုင်စွဲပြီးလျှင် ဓားကွပ်လျက် စောင့်နေစေ၏။

ထိုသို့ မြို့တော်တံခါးကို မဖွင့်ရဘဲဆို့ပိတ်လျက် ထားသောအခါ တပ် တော်ဦးမှ ချီတက်၍လာသော ဝန်ကြီး အတွင်းဝန်တို့သည် မြို့တော်တံခါးကို ဖွင့်စိမ့်သောငှာ ဘဝရှင်မင်းတရားကြီးဘုရားသည် ချီတက်တော်မူလာကြောင်း ကို အတန်တန်ပြောဆိုကြ၏။

ယင်းသို့ ပြောဆိုသော်လည်း တံခါးဗိုလ်, တံခါးမှူးတို့သည် အမတ် ကြီး ဦးပေါ်ဦးကဖွင့်ရန် အမိန့်မပေးသည်နှင့် ဆို့ပိတ်လျက်ထားရကား ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တော်တိုင်ပင်လျှင် ဤသို့မိန့်တော်မူ၏။ 'ဟဲ့ပေါ်ဦး ငါကိုယ်တော်အရှင်မြတ် ဝင်တော်မူလာသည်။ မြို့တော်တံခါးကို အဘယ့် ကြောင့် မဖွင့်သနည်း'ဟု မိန့်တော်မူသော် အမတ်ကြီးဦးပေါ်ဦးသည် ဘဝရှင် မင်းတရားကြီး အသံတော်ကြားလျှင် အုတ်မြို့တော်တံခါးရင်တားနှင့် ရဲခို တိုင်ခြား ပစ္စင်ဝဌတင်ထားသော ရဲညွှန့်ရန်နိုင် အမြောက်ကြီးနားမှာနေ၍ ဤသို့ မေးလေ၏။

'ဟဲ့ပေါ်ဦး. . . ငါပါဟဲ့ ဖွင့်ပါဆိုသူသည် အဘယ်သူနည်း၊ ငါတို့၏ အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် ဥပုသ်တော် ယူရန် ထွက်စံတော်မူစဉ်အခါ မြို့နန်းတော်ကြီးကို လုံခြုံစွာစောင့်ရစ်ရမည်ဟု အလွန်ယုံကြည်တော်မူသဖြင့် လွှဲအပ်၍ထားတော်မူခဲ့သည်။ ယခုမချိန်မဟုတ် သောအခါတွင် ဟဲ့ပေါ်ဦး ငါကိုယ်တော်အရှင်မြတ် ဝင်တော်မူလာသည်၊ မြို့တံခါးကို ဖွင့်ရမည်ဆိုခြင်းသည် အသံတူနှင့် လူတူမရှား များလှသည်။ 'ငါ'ဆိုတိုင်း မြို့တံခါးကို ဖွင့်၍ပေးရလျှင် ဤကဲ့သို့သော 'ငါ'မျိုးသည် တစ်နေ့ လျှင် တစ်ရာ၊ ကိုးဆယ်လာ၏။ မှုမှန်သောငါဖြစ်ခဲ့မူကား အချိန်အခါနှင့်

http://www.dhammadownload.com



လာသင့်သည်။ ယခုကား အချိန်ကာလမဟုတ်၍ တံခါးကိုဖွင့်ခွင့်မရှိ'ဟူ၍ ဆိုလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် ရွှေမြို့တော်တံခါးကို မဖွင့်သည်နှင့် တပ်တော်လှည့်၍ နန်းတော်ကျွန်းစံနန်းတော်ရောက် ညဥ့်ချင်းပင်လျှင် ပြန်လည်၍ စံတော်မူရချေသည်။ စံနန်းတော်ရောက်ကာလ ဗိုလ်ရှုညီလာခံရာတွင် ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူသည်မှာ'မောင်မင်းများ. . . ပေါ်ဦးကို မြို့စောင့်ထားခဲ့ရခြင်းသည် များစွာစိတ်ချရပေသည်။ သူပြောသော စကားလည်း အရေးဟုတ်သော စကားပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ငါပါဟဲ့ပေါ်ဦး၊ မြို့တံခါးကိုဖွင့်ပါဆိုတိုင်း ဖွင့်ရလျှင် တစ်နေ့အတွင်းပင်လျှင် ဤကဲ့သို့သောငါမျိုးသည် တစ်ရာ၊ ကိုးဆယ်လာ၏။ မှုမှန်သော ငါပါဖြစ်မှုကား အချိန်အခါနှင့်လာသင့်သည် ဆိုခြင်းသည် ဆိုသင့်လှပေသည်။ အဘယ့်ကြောင့်ဆိုသော် ငါပါဟဲ့ဆိုတိုင်း မြို့တော်တံခါးကို ဖွင့်၍ပေးမူကား အခြားသူတစ်ပါးတို့ဝင်လျက်ကြံသော် ကိုယ်တော်မြတ်၏ အကျိုးတော် ပျက်ဖွယ်ရာသာတည်း။ ယခုချီတက်တော်မူ၍ ဝင်တော်မူစဉ်လည်း ဘုရင်ဇာကရာဇ်မင်းမြတ်တို့ဝင်တော်မူသော အချိန်လည်းမဟုတ်ချေ။ မြို့တော်တံခါးကို ပိတ်ဆို့ရာမှ ဖွင့်လှစ်ရသော အချိန်အခါလည်းမဟုတ်ပေ။ ဤသို့ ငပေါ်ဦး ပြောဆိုခြင်းသည် ငါကိုယ်တော်အရှင်မြတ် ကျေးဇူးတော်ဖြစ် အကျိုးတော်ဆောင်မှန်ပေသည်'ဟု မိန့်တော်မူပြီးလျှင် နန်းတော်ကျွန်း စံနန်းတော်၌ပင် ခုနစ်ရက်ခန့်စံတော်မူပြီးမှ ရှစ်ရက်မြောက်၌ နံနက်နေတက်မင်္ဂလာတစ်ချက်တီးကျော်အခါ ဖောင်တော်နှင့် စုန်တော်မူ၍ နေ့နှစ်ချက်တီးကျော်ရှိ အချိန်တွင် ဗိုလ်ထုတပ်ထုနှင့်တကွ မဟာသုဒဿနစကြာမင်းသည် ပုန်းတောင်စကြာဖြင့် လေးကျွန်းလုံးကိုလှည့်လည်၍ပြန်ရာ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗိုလ်ပါပရိသတ်နှင့် ကုသဝတီရွှေပြည်ကြီးသို့ ဝင်တော့်မူသည်နှင့် မခြားမနား အလားတူစွာဖြစ်စေဌာကို ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် နန်းမြို့တော်အလုံးကို ကျက်သရေဖြင့် လွှမ်းဖုံးစေ၍ခြိမ့်အုန်းသောညာ တူရိယာတို့ကိုကောင်းစွာ တီးမှုတ်စေရန် စီမံခမ်းနားဆန်းပြား ကြီးကျယ်စွာ မြို့တန်ဆာကိုဆင်ယင်ကျင်းပ၍ ကြိုတော်မူရကား ဘဝရှင်မင်းတရားကြီးလည်း အားရတော်မူသည်နှင့် ဝမ်းမြောက်ဝမ်းသာ မြို့နန်းတော်သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသည် နန်းမြို့တော်တံခါးကို ဆို့ပိတ်၍ထားသော အခန်းပြီး၏။

❖ ❖ ❖

## ခရမ်းသီး၏ ဓာတုရသကို လျှောက်ထားခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ခရမ်းသီးကို ပွဲတော်တည်လိုရကား အမတ်ကြီးဦးပေါ်ဦးကို ဤသို့မေးတော်မူ၏။ 'ပေါ်ဦး. . . ကိုယ်တော်မြတ်သည် ပွဲတော်တည်၍ မြိန်ရှက်တော်မမူသည်မှာ နှစ်ရက်သုံးရက်ခန့်ရှိပြီ။ သို့ဖြစ်၍ ပွဲတော်စာကို စဉ်းစားတော်မူသော် 'ခရမ်းသီး'ကို ကြော်၍ ပွဲတော်တည်ရသော် မြိန်ရှက်တော်မူအံ့ ထင်သည်။ အာသာချင်ခြင်းလည်း လွန်စွာဖြစ်တော်မူသည်။ သလိပ်ထ၍ ချောင်းဆိုးတော်မူသည်မှာလည်း သက်သာတော်မူကာမျှ ဖြစ်သောကြောင့် ပွဲတော်မတင်ဝံ့ ရှိချေသည်။ သို့ဖြစ်၍ ယခုအခါ ခရမ်းသီးကိုပွဲတော်တည်သော် သင့်မည်, မသင့်မည်ကို ဥတုသမယကာလ ပရိယန္တ ဓာတုရသသဘာဝမွေအလိုက် ရာသီကြိုက် မကြိုက်တိုင်းထွာ၍ သိတော်မူလိုသည်'ဟု မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက အလိုတော်ရှိ တင်လျှောက်သည်မှာ ရွှေဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် အထူးကိုသံတော်ဦးတင်ဦးအံ့ဘုရား။ ခရမ်းသီး၏ သဘောမှာ အဘိဓာန်ကျမ်းတွင် 'ဝါတိင်္ဂဏော၊ ခရမ်း။ ဘဏ္ဍာကီ၊ ခရမ်း'ဟူ၍ ပရိယာယ်နှစ်ပုဒ်ဖြစ်ပါသည်။ အဘိဓာန်ဋီကာယ်တွင် 'ဒွယံ ဝါတိင်္ဂဏေ ဝါတ ဟရတ္တေန ဂဏီယတေတိ ဝါတိင်္ဂဏော၊ ဘဏ္ဍာ ပရိဘာသနေ၊ ဏ္ဍုနဒါဒိ၊ ဋ္ဌကာရကရဏော၊ ဘဏ္ဍာကီပိ'ဟူ၍ ဖွင့်သည်။

အနက်ကား. . . ဒွယံ၊ ၂-ပုဒ်သည်။ ဝါတိင်္ဂဏော၊ ခရမ်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဝါတဟရတ္တေန၊ လေကိုဆောင်တတ်ခြင်း အနက်ဖြင့်။ ဂဏီယတေ၊ ရေတွက်အပ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါတိင်္ဂဏော၊ ဝါတိင်္ဂဏမည်၏။ ဝါတိင်္ဂဏော၊ ခရမ်းသီး။ ဘဏ္ဍာ၊ ဘဏ္ဍာသဒ္ဒါသည်။ ပရိဘာသနေ၊ ဆဲရေးခြင်း, ရေရွတ်ခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဏ္ဍု၊ ဏ္ဍုပစ္စည်းတည်း။ နဒါဒိ၊ နဒါဒိဂိုဏ်း

http://www.dhammadownload.com



တည်း။ ၎ကာရကရဏော၊ ၎သန်လျှင်းချိတ်ပြုရာ၌။ ဘဏ္ဍာကီဝိ၊ ဘဏ္ဍာကီ ဟူ၍လည်း၊ ဝုစ္စတိ၊ ဆိုအပ်၏။

ဋီကာအလိုငှာ ဘဏ္ဍာကီမှာ ဤသရ ၎-သန်လျှင်းချိတ်နှစ်ပါးပင် သင့်သည်ဟု မှတ်တော်မူ။

ဤဆိုအပ်ပြီးသော အဓိပ္ပာယ်အရကား လေကိုအားကြီးစေတတ် သည်ဟု ရပါသည်။

အကယ်၍လေကိုအားကြီးစေ၍ ဥဒ္ဒံဝါတ ဆောင်ပြန်ပါကလည်း သလိပ်သည် ထကြွဆန်တက်၍ ချောင်းဆိုးတော်မူခြင်းမှ သက်သာတော်မူ ခွင့်ရရှိနိုင်ပါသည်။ ဤသို့ အစရှိသဖြင့် အာဟာရတို့၏အကြောင်းတို့၌ ကပဋိ ကာရာဟာရ မည်သည်ကား ဘုတ်လေးပါးတို့၏ အစိုင်အခဲသာတည်း။

ထိုသို့ ဆန်းကြယ်စွာလျှင် မဟာဘုတ် ဥပါဒါန်ရုပ်တို့၏ အဝိနိဗ္ဘောဂ သဘောရှိသည်ဝယ် မဟာဘုတ်သည် ပဓာနဖြစ်၍ ဝတ္ထုအပေါင်းတို့၌လည်း အဆင်းသဏ္ဍာန် အနံ့အရသာမတူ ကွဲလွဲခြင်း၏အကြောင်းမှာကား ဘူတဂံ, ဗီဇဂံ နှစ်ပါးဖြင့်တည်သော သစ်ပင်တို့သည်လည်းကောင်း၊ သတ္တဝါတို့၏ အသားသည်လည်းကောင်း၊ ပုပ်သိုး ဆွေးမြည့်လွယ်သောကြောင့် ဥပဓာတ် မည်၏။

ဆားယမ်းစသော အာကာသတို့သည် ဆွေးမြည့်သည်ဖြစ်၍ ဓာတ် လတ်မည်၏။

ရွှေ ငွေ၊ ကြေး၊ သံစသော ဓာတ်'မ'သည် မဟာဓာတ်မည်၏။ ထိုသို့ ဓာတ်တို့ မတူကြခြင်းသည်ကား ဘုတ်လေးပါးတို့အဖို့ အဆမတူသောကြောင့် ကွဲလွဲခြင်းဖြစ်သည်ကို နာနာဓာတုဟု ဟောတော်မူသည်။

ထိုထိုဓာတ်တို့၏ အကျိုးကို ခံစားသောနည်းသည်လည်း မရေတွက် နိုင် များခြင်းကြောင့်လည်း နာနာဓာတုမည်ခြင်း၊ ထိုမျှဆန်းကြယ်သော မဟာ ဘုတ်တို့၏ သဘော၌ အာဟာရပြုလုပ်သော အဘိညာဏ်ရ ရသေ့ပညာရှိ တို့သည် စားဖွယ်ဖြစ်သော သစ်ပင် ငါးသားတို့၌ အရသာမှအခြေပြုလျက် ဓာတ်အဖို့အဆမတူသည်ကို ပြ၏။

http://www.dhammadownload.com



ပြဟာန်ကား. . . ရသာခြောက်ပါးသည် ကေဝါရနည်း ခြောက်ပါး, ရသာနှစ်ပါးစပ်သော ဒုကဝါရ တစ်ဆယ့်ငါးပါး, ရသာသုံးပါးစပ်သော တိကဝါရနှစ်ဆယ်, ရသာလေးပါးစပ်သော စတုက္ကဝါရ တစ်ဆယ့်ငါးပါး, ရသာငါးပါးစပ်သော ပဥ္စကဝါရခြောက်ပါး, ရသာခြောက်ပါးစပ်သော ဆက္ကဝါရ တစ်ပါး ပေါင်းခြောက်ဆယ့်သုံးပါးရ၏။

ထိုဝယ် ချိုမြိန်သော ဖန်သောရသာနှစ်ပါးကို ပထဝီအဖို့ အဆလွန်သည်ဟူ၍ လည်းကောင်း၊ ငန်သောအရသာသည် အာပေါဟူ၍လည်းကောင်း ထို၌ ပကတိရေ၏ အရသာကိုဆိုသည်။ အချဉ်နှင့်အစပ်သည် တေဇောဟူ၍ လည်းကောင်း၊ အခါးကို·ဝါယောဟူ၍ လည်းကောင်း၊ ဘုတ်လေးပါးဖြင့် ဝေဖန်ရာဝယ် မိဿကအရသာတို့ကို မူလရင်းအတိုင်းဖြင့်သာလျှင် ဆုံးဖြတ်အပ်တော့သည်။

ထိုရသာ၌ အထူးကား အနည်းငယ်သာ ချဉ်သောဝတ္ထု, အနည်းငယ်သာ ချိုမြိန်သောဝတ္ထုတို့ကိုလည်း သည်းခြေကိုပွားစေတတ်သည်ဟု ဆိုခြင်း၊ ကောင်းသော အနံ့ရှိကလည်း သည်းခြေကို ကြည်လင်စေသည်ဟု ဆိုခြင်း၊ မကောင်းသော အနံ့ရှိ၍ သွေးသက်စေတတ်သည်ကို အပုပ်အာဟာရများစွာပွားစေသည်ဟုဆိုခြင်း ဤမျှသာလျှင် ထူးသောသဘောရှိပါသည်။

ခဲခက်သော သဘောဟူရာ၌ ထိုထိုခြောက်ဆယ့်သုံးပါးတို့တွင် အဆမတူသော ဘုတ်တို့၏သဘောကြောင့် ပြားသည်ကား စားသောကာလရသောအကျိုးသည် တိက္ခမည်၍ ထက်သောအတကျိုး(၁)။ မန္ဒမည်၍ နုန့်သောအကျိုး (၂)။ လုခမည်၍ တက်သောအကျိုး (၃)။ သိနိဒ္ဓမည်၍ သက်သောအကျိုး (၄)။ ဂရုမည်၍ ကြေခဲသောအကျိုး (၅)။ လဟုမည်၍ ကြေလွယ်သောအကျိုး (၆)။ သုဂန္ဓမည်၍ ဝတ္ထု၌လျှင် ကောင်းသောအနံ့ရှိသောဝတ္ထု (၇)။ ဒုဂ္ဂန္ဓမည်၍ မကောင်းသောအနံ့ရှိသော ဝတ္ထု (၈)။ သုရသမည်၍ ကောင်းသောအရသာရှိသော ဝတ္ထု (၉)။ ဒုရသမည်၍ မကောင်းသော အရသာရှိသောဝတ္ထု (၁၀)။ ပစ္ဆိလမည်၍ ပြစ်ချွဲသောဝတ္ထု (၁၁)။ ဝိသဒမည်၍ ကြည်လင်သောအရည်ရှိသောဝတ္ထု (၁၂)။ ကက္ခဠမည်၍ ကြမ်းသောဝတ္ထု (၁၃)။ သုခုမမည်၍ နူးညံ့သောဝတ္ထု (၁၄)။ ဝေမည်၍ အရည်

http://www.dhammadownload.com



များသောဝတ္ထု (၁၅)။ သုက္ခမည်၍ အရည်ခြောက်သောဝတ္ထု (၁၆)။ အာသုကာရီမည်၍ စားသောအခါ အကျိုးပေးမြန်သော ဝတ္ထု (၁၇)။ ဝိကာသိမည်၍ နှေးသောအကျိုးရှိသော ဝတ္ထု (၁၈)။ ဗျဝါယမည်၍ စားသောအခါ ပျံ့နှံ့သောဝတ္ထု (၁၉)။ သိလက္ခဏမည်၍ မနှံ့သော ဝတ္ထု (၂၀)။ ဤသည်လည်း စားဖွယ်တို့၌ ထင်ရှားတည်ရှိသော ဂုဏ်နှစ်ဆယ်ဘုရား။

ထိုမှတစ်ပါး စားသောအခါ အေး၍အေးသော အကျိုးကိုပေးတတ်သော ငှက်ပျော, သဘော်, လိမ္မော်သီးစသော သီတဓာတု သုတဝုမမည်၍ ဓာတ်အေး အခိုးအေးသောဓာတ်၊ စားသောအခါ အေး၍ပူသောအကျိုးကို ပေးတတ်သော ထောပတ်, ဒူးရင်းသီး, ဩဇာသီးစသော သီဂါဓာတု၊ ဥဏှဝုမမည်၍ ဓာတ်အေးလျက် အခိုးပူသောဓာတ်၊ စားသောအခါပူ၍ ပူသောအကျိုးကိုပေးတတ်သော ငရုတ်၊ ပိတ်ချင်း၊ ချင်းစသော ဥဏှဓာတု၊ ဥဏှဝုမမည်၍ ဓာတ်ပူအခိုးပူသောဓာတ်၊ စားသောအခါပူ၍ အေးသောအကျိုးကို ပေးတတ်သော ပရုတ်, ဘုမ္မသိမ်စသော ဥဏှဓာတု သီတဝုမမည်၍ ဓာတ်ပူလျက် အခိုးအေးသောဓာတ်။

ထိုသို့ဆိုအပ်ခဲ့ပြီးသော အာဟာရသဘော၌ ခြောက်ဆယ့်သုံးပါးသော အရသာ၏ ပရိကံ'ဂုဏ်နှစ်ဆယ်' အခိုးလေးပါး, ဤရှစ်ဆယ့်ခုနစ်ပါးတို့ကို သဘောသဘာဝတို့၌ သေချာစေ့စပ်သဖြင့် သိမြင်ပြီးမှ စီရင်အပ်သော ရှေးထုံးဥပဒေသတို့ကို စီစစ်ရာသည်။

ရှေး၌အနာကုနည်းဟူသည်ကား အနာ၏ ရန်ဘက်ဖြစ်သောဆေးဖြင့် ကုပေး၍ အနာကိုငြိမ်းစေရာသည်ဟူသော ဤစကား၌ သူမိုက်တို့သည် ဗေဒင်ကျမ်း၌ ဂြိုဟ်တို့ဟောကိန်း ပရိယာယ်၌ ဤဂြိုဟ်နှင့် ဤဂြိုဟ်ကား ရန်, ဤသည်ကား မိတ်ဟုပညတ်တစ်ခုထား၍ ကောင်းမကောင်း အကျိုးကို ဟောသောနည်းကို ဆေးကုပညာလည်း ဗေဒင်ကျမ်းကရန်၊ မိတ်နည်းစပ်နည်းဖြင့် မဟာဘုတ်လေးပါးကို ကိုးပါးဖြစ်အောင် ပထဝီ, အာပေါ, တေဇော, ဝါယော, သည်းခြေ, အာဟာရ, အာကာသ, ဓာတ်မီးဓာတ်သုံးဟု ဂဏန်းစဉ်နှင့် ထားမှတ်လျက် ဆေး အာဟာရကိုလည်း 'က-ခ-ဂ-ဃ-င' တနင်္လာဟု မှတ်သော ဗေဒင်ပညတ်ဖြင့် တည်ကိန်း စားကိန်းပြုလျက် အကြွင်း ဂဏန်းကို

http://www.dhammadownload.com



ခတ်ကောက်ယူ၍ ပေးသောအခါ အနာကိုလည်း အသက်ကို တည်၍ အမျိုးမျိုးသော မြောက်ကိန်း စားကိန်းတို့ဖြင့် အနာကိုရှာခြင်း၊ နက္ခတ် ၂၇လုံးကိုလည်း အထွေထွေအပြားပြား စိတ်ကူး၍ရတိုင်းလျှင် အနာရှာလျက် တစ်ဦးနှင့်တစ်ဦး မတူကွဲလွဲသောနည်းတို့ဖြင့် ပြောမိပြောရာ ဆိုမိဆိုရာ မြန်မာလူမျိုးတို့၏ ဆေးကုပညာဟု ကျိုးကြောင်းမရှိ ပြောကြသောစကားသည် ပရမတ္ထရုပ်အား လူမိုက်တို့သည် ဆင်ကိုစမ်းသော စက္ခုအလင်းမရှိသော သူတို့သာတည်း။

ဤအရာဝယ် လူတို့၌ရောက်သော အနာကို "ကောပရိယာ ယောတိ ယာစ ကမ္မဇတေဇောဓာတု"ဟု အဋ္ဌကထာဖွင့်ဆိုသောကြောင့် လည်းကောင်း၊ ပဒါနိယင်မေ့ကို ဟောတော်မူရာ၌ "နာတိသီတာနစ္စုဏှာယ ပဓာနက္ခမာယ သမဝေပါကိနိယာ ဂဟဏိယာသမ္ပန္နာဂတော' ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ ပါစကတေဇောဓာတ်၏ လွန်, ယုတ်နှစ်ပါးတို့ကြောင့်အနာဟူသော ဘေးရန်ဖြစ်၏ဟု မှတ်တော်မူရမည်။

ထို့ကြောင့် ဝမ်းမီးသည် တောက်လွန်းက ကိသ, နုန့်လွန်းက မန္ဒဖြစ်၍ ကျင်ချေးအခိုးထ၍ သလိပ်, သည်းခြေ, လေဟူသော ဒေါသသုံးပါးတို့၌ အထွေထွေအပြားပြားသော အနာမျိုးတို့ကို လောကီဆရာတို့က စိတ်ကူးရတိုင်း အနာ၏အမည်ကို ဆိုကြသည်၌ စရကရသေ့သည် သာရကောမုဒီကျမ်း၌ အနာ(၁၄၇၀)ဟု ပြပါသည် ဘုရား။

အနာ၏ ရန်ဘက်ဟူသည်ကား ပူသောအနာအား အေးသောဆေး၊ တက်သောအနာအား သက်သာဆေးဟု အပြန်ယူသည်ကိုအနာနှင့် ပဋိပက္ခဖြစ်၍ ဆန့်ကျင်ဘက်ကို ရန်ဆိုပါသည်။

အနာ၏ သဘောမှာကား ပူအေးကား တေဇောနည်းများတည်း၊ တက်သက်မှာလည်း ဝမ်းမီးကိုရှုရပါသည်။ ထိုအခါတို့၌ သလိပ်, လေ, သည်းခြေဟူသော ဒေါသဆုံးပါးတို့အား ကျင်ချေးအခိုးထိခိုက်၍ နည်းများရှိခြင်း၊ ထိုသို့ ရောက်သောအနာသည် နိယာမ, ဇင်မဟု သဘောနှစ်မျိုး မှတ်တော်မူဘုရား။ နိယာမအနာသည် ပဋိသန္ဓေပါသောအနာ, ပဝတ္တိ၌ဖြစ်သောအနာ နှစ်ပါး ဟု မှတ်တော်မူဘုရား။

http://www.dhammadownload.com



ဆေးဟူရာ၌ ဖော်လုပ်နည်းကား. . . ပထဝီအဓိကဆေးမြစ်, အာပေါအဓိကဆေးမြစ်စသည် လေးပါးစေ့အောင် ညီမျှအောင် တိုင်းထွာပြီးမှ ဆေးရင်းလုပ်၍ အနာကိုတွေ့သောအခါ အလိုရှိသောအမြစ်ကို ထည့်စွက်၍ တိုက်ကုခြင်းကား ဗိန္ဓောနည်းတည်း။

အသိဉာဏ်ရှိပြီးသောသူသည် အနာကိုလည်းကောင်း, ဆေးကိုလည်းကောင်းသိ၍ ဆေးမဖော်ဘဲ အာဟာရစသည်ဖြင့်လည်းကောင်း, တမြစ် နှစ်မြစ်စသည်ဖြင့်လည်းကောင်း ပြီးငြိမ်းစေသည်သာဘုရား။

အထူးသတိထားတော်မူရန်မှာ ပရမတ္ထ သဘာဝဖြစ်သော ရုပ်ဓမ္မသည် ရုပ္ပနလက္ခဏာရှိ၏ဟူရာ ပြီးလွယ်သောစကားဖြင့်ပြသော စကားသာဘုရား။

အဘယ့်ကြောင့်နည်း ဟူအံ့။ ဖောက်ပြန်သောအာကာရသည် မဆုံးမကုန်နိုင်အောင် ကျယ်ဝန်းသောကြောင့်တည်း။

အဘယ်သို့ ကျယ်ဝန်းသနည်း ဟူအံ့။ ဇာတ်မ, နိယာမ, ပယောဂ, သုဒ္ဓ, မိဿက, တနုက, ပက, ဖေဂ္ဂုသာရ, ဝမန, ဟာယန, ဇုဋ္ဌရ, မူလ, ဝိပရိ, ကာလ, သာကာလ ဤ ၁၅ပါးတို့သည် ဖောက်ပြန်သော အာကာရတို့တည်း။

ထို့ကြောင့် ဆေးကုအတတ်ဟူရာ၌ ဓာတုအခေါ်ဘဖြစ်၍ အနာရောက်ပါသော်လည်း ပဋိသန္ဓေကာလမှစ၍ တစ်ဦးနှင့်တစ်ဦး မတူကြသော ရုပ်ရှိခြင်း၊ အရွယ်အားဖြင့်လည်းကောင်း၊ နေထိုင်ရာ ဌာနအားဖြင့်လည်းကောင်း၊ စားသောက်သော ဘောဇဉ်အားဖြင့်လည်းကောင်း၊ မျိုးဇာတ်အားဖြင့်လည်းကောင်း၊ မိန်းမ၊ ယောကျ်ား၊ ပဏ္ဍုက်၊ ဥဘတောဗျည်းအားဖြင့်လည်းကောင်း မတူကွဲလွဲသောသူ၏ အနာမျိုးတူသော်လည်း ရုပ်ချင်းမတူသည်ကို သတိထားတော်မူဘုရား။

သစ်ပင်, သားငါး စသည်တို့မှလည်း ဒေသ, ကာလမိုးနည်းများကို ရှုတော်မူပါဘုရား။ တစ်ရံရောအခါ အနာကင်းလို၍ ပုဏ္ဏား တစ်ဦးက ဘုရားသခင်ကိုလျှောက်သည်မှာ "လဟုဋ္ဌာနံ အနာဗာဓိကံ ကိံစရေယာမ ပဋ္ဌုဟိဂေါတမ" ဤစကားဖြင့် လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်က

http://www.dhammadownload.com



မိန့်တော်မူသည်မှာ "ကောသနိကော ပြာဟွဏာလဟုဋ္ဌာနံ အနာဗာဓိကန္တိ ဝဒါမိ"ဟု မိန့်တော်မူသောကြောင့် မိမိကိုယ်ကို အစာမကျေအောင် ကျင့်သောသူသည် အနာရောက်၏ဟု မှတ်တော်မူဘုရား။

သို့ဖြစ်၍ ဤဆေးဝါး, အနာ, ဓာတ်စာ အစရှိသည်တို့နှင့် ပတ်သက်သောအရာ၌ ယခုအခါ ဘဝရှင်မင်းတရားကြီးဘုရား မေးတော်မူသော 'ခရမ်းသီး'သည် စဉ်းငယ်ချိုမြိန်ခြင်းတစ်ပါး, ပူစပ်ခြင်းတစ်ပါး, ခါးခြင်းတစ်ပါးရှိ၍ တိကဝါရဆေးမျိုးဟု မှတ်တော်မူဘုရား။

ထိုတိကဝါရဆေးမျိုးဖြစ်သော 'ခရမ်းသီး'သည် အထက်သို့ပျံ့အန်သော ဥဒ္ဓံဝါတအနာကိုလည်းကောင်း, ချောင်းဆိုးကုတ်ဟီးနာကို လည်းကောင်း, အကြောသို့သွားသော သံထရဏာသွေး အသွားနှေး၍ကိုက်ခဲသော အနာကိုလည်းကောင်း, အင်္ဂမင်္ဂလေ မလျှောက်သော ပက္ခဃာတ သွာချာဗာဓနာကိုလည်းကောင်း ငြိမ်းစေတတ်သော လဟုဘောဇဉ်ဖြစ်ပါသည်။

သို့ဖြစ်၍ ဆေးဝါးကုသခြင်းအရာဝယ် လျှာထက်လိမ္မာသော ဆရာရသေ့မရှိဟု မှတ်တော်မူ၍ ဓာတ်ဆောင်ကိုသိတော်မူပါလိမ့်မည်။ အကြင်အစာသည် ဇိဏ္ဏာဖြစ်လောက်၏ဟု ထင်တော်မူအံ့။ ထိုအစာသည် သင့်ပြီဟု မုချမှတ်တော်မူသဖြင့် ယခုအခါ ချင်ခြင်းဖြစ်သော 'ခရမ်းသီး'ပွဲတော်စာသည် လွန်စွာသင့်လျော်လှပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား'ဟု လျှောက်လေ၏။

ဘဝရှင်မင်းတရားကြီးဘုရားသည် စားတော်ဝန် စားတော်ကဲတို့ကို 'ခရမ်းသီး'ကြော် ပွဲတော်တည်လိုကြောင်းနှင့် အမိန့်တော်ရှိသဖြင့် ညဦးပွဲတော်စာတွင် 'ခရမ်းသီး'ကိုကြော်၍ ဆက်သလျှင် ချင်ခြင်းအာသာဖြစ်တော်မူသည်နှင့် လျော်ညီစွာ နှစ်သက်အားရ ရောင့်ရဲနိုင်သမျှ ပွဲတော်တည်တော်မူ၏။

ဤသို့ပွဲတော်တည်ပြီးသော် ညဦးအခါ စက်တော်ဆောင်သို့ ဝင်၍ စက်တော်ခေါ်ရာ ဥဒ္ဓံဝါတလှုပ်ဆော်ကြွ၍ သလိပ်ထပွ အဇိဏ္ဏာကြောင့် ပါစကမဖြစ်ဘဲ လွန်ကဲသည်းထန်စွာ ချောင်းဆိုးတော်မူရကား တစ်ခဏမျှ စက်တော်မခေါ်ရရှိချေသဖြင့် ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီးဦးပေါ်ဦး

http://www.dhammadownload.com



သို့ လွှန်စွာမျက်တော်မူရကား နံနက်ညီလာခံသို့ တိုင်ရောက်လျှင် အမတ်ကြီး ဦးပေါ်ဦးအခစားဝင်လာသည်နှင့် ဘဝရှင်မင်းတရားကြီး မိန့်တော်မူ သည် ကား. . . 'ဟဲ့ ပေါ်ဦး. . ငါသည်လွှန်စွာ ချောင်းဆိုးတော်မူသည်တွင် 'ခရမ်း သီး'ကို ပွဲတော်တည်တော်မူလိုသည်။ သင့်လျော်လျှင် သင့်လျော်ကြောင်း၊ မသင့်လျော်လျှင် မသင့်လျော်ကြောင်းကို တင်လျှောက်ရမည်ဟု အမိန့်တော် ရှိသည်ကို ဟုတ်မှန်သည်အတိုင်း မတင်မလျှောက် ရောက်တတ်ရာရာ ဓာတု ဗေဒ ဩဇာသေတ္တူ ဥတုသမယ နေ့, လ နက္ခတ်ကြိုက်လတ် ထုံသောဓာတ် ကျသောနှင့် မောင်မင်းပြောခြင်းသည် မောင်မင်းအား သတ်သင့်လှပြီ မဟုတ် လော'ဟု မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ ဘုရားရွှေ ဘုန်းတော်ကျွန် ဝန် ငပေါ်ဦးသည် ယခုတည်နေရသော ရာထူးဌာနန္တရနှင့် နေထိုင်စားသောက်ရခြင်းမှာ 'ခရမ်းသီး'က ခန့်ထားသောရာထူးမဟုတ်ပါ။ ဘဝရှင်မင်းတရားကြီးဘုရားက သူကောင်းပြု၍ ခန့်ထားသော စည်းစိမ်ဖြစ် ပါသည်။ သို့အတွက် ခရမ်းသီးကျွန်မဟုတ်သောကြောင့် ခရမ်းသီး၏ အလိုကို မလိုက်မူ၍ ဘုန်းတော်ကျွန်ပြီပြီ တင်လျှောက်ရပါကြောင်းကို ရွှေဖဝါးတော် မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်လေသော် ဘဝရှင်မင်းတရားကြီးဘုရားသည် ရွှေမျက်နှာညိုတော်မူရာမှ ပြုံးတော်မူ လျက် 'ခွေးမသား ငါသတ်ပစ်လျှင် သေတော့မည်'ဆို၍ အတွင်းဆောင်တော် သို့ ဝင်တော်မူ၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံး
တစ်ချက်ပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## ဤဇမ္ဗူဒီပါတောင်ကျွန်း၏ အလယ်တည့်တည့်ကို မေးတော်မူရာ တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီး ဦးပေါ်ဦးသို့ မေးတော်မူသည်မှာ 'ပေါ်ဦး. . . ယခုငါတို့တည်ရာဖြစ်သော ဇမ္ဗူဒီပါတောင်ကျွန်းဝယ် အဘယ်အရပ်သည် အလယ်တည့်တည့်ဖြစ်မည်နည်း။ ဘုရားပွင့်တော်မူရာ မဟာဗောဓိမဏ္ဍိုင်ပင်လျှင် အလယ်ဖြစ်မည်လော၊ ငါစဉ်းစားတော်မူသော်လည်း တွေးတောဆင်ခြင်၍ မရရှိသည်ကို မောင်မင်း အဘယ်သို့ သဘောရသနည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ. . . 'ဣမဿ ဇမ္ဗူဒီပ မဟီတလဿ မဇ္ဈိမဌာန အမရပူရေကုန်းဘောင်သမတ ဆဋ္ဌမေ ရာဇဂေဟေ'ဟူသော တခ်ဏုပ္ပတ္တိဋီကာ လာသည်ကိုထောက်သဖြင့် ကုန်းဘောင်သမတဆဋ္ဌမမြောက် ဖြစ်တော်မူသော ဘဝရှင်မင်းတရားကြီး ဘုရား၏ ရွှေနန်းတော်ကြီးသည် ဤဇမ္ဗူဒိပ်မြေပြင်၏ အလယ်တည့်တည့် ဖြစ်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား'ဟု လျှောက်သော် ဘဝရှင် ဧကရာဇ်မင်းမြတ်သည် ပြုံးတော်မူလျက် ဤသို့မိန့်တော်မူပြန်သည်။

'ဟဲ့ ပေါ်ဦး. . တော်စွာ လျော်စွာရောက်တတ်ရာရာ စကားဖြင့် ငါ၏ ရွှေနန်းတော်သည် ဇမ္ဗူဒိပ်မြေပြင်၏ အလယ်ချက်ချာဖြစ်လေတုံသော တခ်ဏုပ္ပတ္တိဋီကာ လာရှိတုံသောဟု မဟုတ်မဟတ်စကားဖြင့် တင်လျှောက်ခြင်းသည် မောင်မင်းစကား အများရယ်ဖွယ်ရာသည်တည်း' ဟူ၍ မိန့်တော်မူချေ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦး တင်လျှောက်သောစကားကို ဘဝသခင် အရှင်မင်းတရားကြီးဘုရား ယုံကြည်တော်မမူသည်ဖြစ်အံ့၊ ဘုရာ့ကျွန်ဝန် တင်သည့်အတိုင်း ချင့်နှိုင်းသိသာတော်မူရန် ခုနစ်တောင်တာဖြင့်သော် လည်းကောင်း၊ ဆယ်တောင်တာဖြင့်သော်လည်းကောင်း ယုံကြည်တော်မူလောက်သော မှူးမတ်များကို စေလွှတ်၍ တာထိုးပြီး တိုင်းစေတော်မူပါမည့်အကြောင်း သံတော်

http://www.dhammadownload.com



ဦး တင်ပါသည်ဘုရား’ဟု လျှောက်ပြန်သော် ဘဝရှင်မင်းတရားကြီးဘုရား နှင့်တကွသော မှူးကြီး မတ်ငယ်တို့သည် လွန်စွာရယ်မောခြင်း ဖြစ်ကြရ လေသတည်း။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသည် ဘဝရှင်မင်းတရားကြီး သို့ အပျော်တော်ဆက်၍ လျှောက်သော စကားတစ်ပုံပြီး၏။

❖ ❖ ❖

## ပတ္တမြားအကြောင်းကို ကျမ်းအမျိုးမျိုးကိုးကား၍ လျှောက်တင်ခြင်း

တစ်ရံရောအခါ ဂန္ဓာလရာဇ်တရုတ်ပြည်ကြီးရှင် ဘုရင်ချင်းလုံး ဥဘည်မင်းထံက လောကီပညာဖြင့် ကျိုချက်၍ဖြစ်သော ကျောက်ကို အမရ ပူရပြည်ကြီးရှင် ဘုရင်နေထွက်ဘုရင် မင်းတရားကြီးထံသို့သွား၍ ပတ္တမြား ပြုလုပ်ပြီး ရောင်းချစေရမည်ဟု လျှောက်တျူရင့်ရဲ, လျှောင်းတျံလောရဲ, လျှောင်းရဲစုံတို့ကို အကြီးခန့်၍စေလွှတ်လိုက်သဖြင့် အမရပူရ ရွှေပြည်တော် သို့ ဆိုက်ရောက်ရာ ဘဝရှင်မင်းတရားကြီးဘုရားသို့ ပတ္တမြားအသားကောင်း အမျိုးမှန်အစစ်ရောင်းချရန် ပါလာကြောင်းကို လျှောက်ထားသံတော်ဦးတင် လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် သံတည်း၌ရှိသော တရုတ်သံ အမတ်တို့ထံတွင် ရောင်းချရန်ပါလာသော ပတ္တမြားကိုမည်မျှ အဖိုးတန် သည်ဟု သိတော်မူလိုရကား ကျောက်ပွဲစား၊ ရာပြတ်စသည်တို့နှင့် ဝန်ကြီး အတွင်းဝန်တို့ကို ကြည့်ရှုချေရမည်ဟု အမိန့်တော်မြတ် မှတ်တော်မူ၍ ကြည့်ရှု ကြရာ လွန်စွာချီးမွမ်းထောမနာပြု၍ ပြည်တန်သော ပတ္တမြားပင်တည်းဟု ပြတ်ဆိုလျက် မိမိတို့မြင်တိုင်း ထင်တိုင်းကို ဘဝရှင်မင်းတရားကြီးသို့ ပြန် ကြားလျှောက်ဆိုကြရာ ယင်းသည့်တရုတ်သံအမတ်တို့ကို ပတ္တမြားနှင့်တကွ ရွှေတော်သို့ဝင်စေဟူ၍ အမိန့်တော်မြတ် မှတ်တော်မူပြီးလျှင် ရွှေတော်သို့ အခစားဝင်ကြလေ၏။

ထိုအခါ မှူးကြီး မတ်လတ်အစုံအညီတို့ရွှေတွင် ဘဝရှင်မင်းတရား

http://www.dhammadownload.com



ကြီးသည် အမတ်ကြီးဦးပေါ်ဦးသို့ မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . ယခု ဂန္ဓာလရာဇ်တရုတ်ပြည်ကြီးရှင် ချင်းလုံးဥတည်မင်းက အရောင်းစေလွှတ်လိုက်သော ဤပတ္တမြားကို အဖိုးမည်မျှထိုက်သည်ဟု မောင်မင်းတင်လျှောက်ရမည်။ ဤပတ္တမြားကို မောင်မင်းကြည့်ရှုလော'ဟု မိန့်တော်မူပြီးလျှင် ဦးပေါ်ဦးသို့ ပေးအပ်လိုက်၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ထိုကျောက်ကို ကြည့်ပြီးလျှင် တရုတ်အမတ်တို့ကို အလေးချိန်မည်မျှရှိသနည်းဟု မေးရာငါးမတ်သားရှိကြောင်းကို လျှောက်သဖြင့် ရှေ့တော်တွင်ချိန်ရာ ငါးမတ်မျှသာရှိချေရကား တရုတ်အမတ်တို့ကို အမတ်ကြီးဦးပေါ်ဦးက မေးပြန်သည်မှာ သင်တို့၏ကျောက်ကို ရေဝယ်သို့ချ၍ကြည့်လိုသည်။ သင်တို့ခံဝံ့မည်လောဟု မေးလျှင် တရုတ်တို့က ခံနိုင်ကြောင်းကိုလျှောက်သော် ဘဝရှင်မင်းတရားကြီးရှေ့တော်တွင် ယင်းသည့်ကျောက်ကို ရေဝယ်ချရာ တစ်နာရီခန့်ရှိက ဆယ်ယူ၍ထပ်မံပြီးလျှင် ချိန်ပြန်သော် တစ်ကျပ်ငါးပဲရှိ၍နေချေသဖြင့် သင်တို့ကျောက်သည် ငါးမတ်သားမှ တစ်ပဲတိုးလာခြင်းသည် ပတ္တမြားစစ်မဟုတ်ချေ။ ပျားရည်ခွက်တစ်ဆယ်တွင် ဘော်, ဘင်, ပေါက်သုံးမူးပဲနှင့် တရုဏာဆီ တစ်မတ်သားထည့်ပြီးလျှင် ငါးမတ်သားတင်အောင်ချက်လုပ်၍ထားသော ပျားရည်မှဖြစ်သောကျောက် မဟုတ်လောဟုမေး၏။

ထိုအခါ တရုတ်တို့က ဟုတ်ကြောင်းကိုလျှောက်ထားကြလေသော် ဘဝရှင်မင်းတရားကြီးသည် လွန်စွာနှစ်သက်အားရတော်မူရကား အမတ်ကြီးဦးပေါ်ဦးသို့ ချီးမွမ်းတော်မူသည်မှာ 'မောင်မင်းများ ပေါ်ဦးသည် အရပ်ရပ်သော အမေးပုစ္ဆာဟူသမျှတို့ကို တစ်မုဟုတ်ချင်း တင်လျှောက်နိုင်ခြင်းတည်းဟူသော ဇဝနဉာဏ်, စူးရှထက်မြက်ခြင်းတည်းဟူသော တိက္ခဉာဏ်, ထိုးဖောက်ခွဲထွင်း၍ နက်နဲစွာ သိနိုင်ခြင်းတည်းဟူသော ဂမ္ဘီသာရပဋိဘာဏဉာဏ်, ကြံစည်တွေးဆ၍ သိနိုင်တတ်သော စိန္တာမယဉာဏ်နှင့် ပြည့်စုံ၏။ ဤသို့ သဗ္ဗတ္ထဉာဏစွယ်စုံ အမုံရင့်မာသော ဉာဏ်သာဂရနှင့် ပြည့်စုံသူရှိမှပင် တိုင်းပြည်၏ကျက်သရေသည် တက်သစ်သောနေသမျှ ဆန်းသစ်လ ပမာရှိနိုင်ရာသည်သာတည်း'ဟု လွန်စွာချီးမွမ်းတော်မူပြီးလျှင် တရုတ်အမတ်တို့

http://www.dhammadownload.com



ရှေ့တွင်ပင် အမတ်ကြီးဦးပေါ်ဦးသို့ ရွှေကောင်းတစ်ပိသာဆု ပေးတော်မူ၏။

ဤသို့ ဆုပေးပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူပြန်သည်မှာ 'ပေါ်ဦး. . . မဏိသျှတ္တရအလာ ကျောက်ကောင်းရတနာတို့ကို သေချာစွာခွဲခြား၍ မောင်မင်း နားလည်သမျှကို ငါ့အား တင်လျှောက်ဦးလော'ဟု မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ- 'ရွှေနားနာတော်မူဘုရား။ "သေလေသေလေ နမဏိကံ"ဟု ရှေးကျမ်းဆရာတို့ မိန့်တော်မူရင်း အာဘော်တော်မြတ်သည် အမှန်ပင်ဖြစ်ပါသည်ဘုရား။ အဘယ့်ကြောင့်နည်း ဟူငြားအံ့။ သေလေသေလေဟူသော ဝိဏ္ဏာအနက်၌ သေလေသည် မြေဓာတ် ပထဝီတည်း။ ထိုမြေဓာတ်ကိုဆိုသော သဒ္ဒါဖြစ်ရကားကျောက်မှဖြစ်သော ပတ္တမြားမျိုး, ဥဿဖယားမျိုး, ဝဇိရက္ခာမျိုး, ဣန္ဒနီလာမျိုး စသောအားဖြင့် တစ်ရာ့ရှစ်ပါးသော ကျောက်မျိုးတို့တွင် ပတ္တမြားနီမျိုးကို ဆိုလိုပါသည်။

အဘယ့်ကြောင့် ဟူငြားအံ့ လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းတို့သုံးဆောင်ရသော ပတ္တမြားသည် နှစ်မျိုးတည်း၊ နှစ်မျိုးဟူသော်ကား အကန့်တစ်ထောင်ရှိသော စကြာပုန်းတောင်း၏ အဆင်းသည် သုံးနှစ်ရှိပြီးသော ဝါး၏အဆင်းနှင့်တူကြောင်းကိုလည်းကောင်း၊ နန်းကြမ်းပြင်၌ အလင်းကိုယူလိုသောအခါ တည်ထားသော ပတ္တမြား၏မီးကျီးစု၏အဆင်းနှင့် တူကြောင်းကိုလည်းကောင်း၊ မဟာသုဒဿသုတ် အဋ္ဌကထာ၌ အကျယ်ဖွင့်ပြလေပြီ။ ထိုစကား၌ အထက် "သေလေသေလေ နမဏိကံ"ဟူသော နီတိကျမ်းဆရာ၏အလိုတော်အာဘော်သည် စကြာမင်း၏ နန်းအိမ်၌မီး၏ အရာထားသော ပတ္တမြားနီမျိုး, ပတ္တမြားပြောက်မျိုးတို့ကို ဆိုလိုသည်။

အဘယ်ကိုထောက်၍ သိရသနည်းဟူခြားအံ့။ ဥမင်္ဂဇာတ်၌ အကောက်တစ်ထောင်ရှိသော ပတ္တမြားကို မဟောသဓာလုလင်ငယ်အား ကြိုးသစ်တပ်စေဟူသောစကားတို့ကို ထောက်ထား၍ သိအပ်၏။ ထို့ကြောင့် နီတိကျမ်းရင်းဆရာ ဆိုသောစကား၏ အရကား မနောမယမည်သော စကြာမင်း

http://www.dhammadownload.com



တို့သုံးသော ပတ္တမြားကိုမရအပ်။ စကြာမင်းတို့သုံးဆောင်သော ပတ္တမြားမှာ မူကား စကြာပုန်းတောင်းနှင့်တကွပင်လျှင် အရှေ့သမုဒ္ဒရာမှ စကြာမင်းတို့၏ နန်းအိမ်သို့အလိုလိုရောက်လာ၍ စကြာမင်းတို့ ကွယ်လွန်က အရှေ့သမုဒ္ဒရာအရပ်သို့ ပြန်၍ရောက်ကြောင်းကိုလည်း မဟာသုဒဿနသုတ် အဋ္ဌကထာ၌ဆိုလေပြီ။

ထို့ကြောင့် ယခုလူတို့သမုတ်၍သုံးသော ပတ္တမြားကို ပတ္တမြားစစ်မဟုတ်ဟု ကျမ်းရင်းဆရာ၏ အလိုအာဘော်လာပါသည်။

လူတို့က ပတ္တမြားနှင့်တူသော ဝဏ္ဏာယတနကိုစွဲ၍ ပတ္တမြားဟုသမုတ်အပ်သောကျောက်၏ အကြောင်းပဝတ္တ, အရှေ့သမုဒ္ဒရာ၌ရှိသော အလိုကိုပေးတတ်သော မနောမယပတ္တမြားတို့၏ ပဝတ္တတို့ကို ရှေးသောကာလ၌ ကျမ်းရိုးလေးဆယ်ရှိသော ပျောက်ကွယ်လေပြီးသော ကျမ်းဆရာတို့၏ စကားကို လင်္ကာဒွေါပဒေသဆရာ၏ လက်ဆုပ်ကိုရသည်နှင့် ပတ္တမြားတို့၏ အကြောင်းကို အကျယ်ဆိုဦးအံ့။

ဤသြကာသ လောကအလုံးသည် မဟာဘုတ်လေးပါး၊ ဘူတရုပ်လေးပါးမျှသာရှိပါသော်လည်း ဘုတ်တို့၏ အဖို့အဆ မညီခြင်းကြောင့် လည်းကောင်း၊ ဒေသ၏အပူအအေး မညီခြင်းကြောင့်လည်းကောင်း၊ အဆင်း, အနံ့, အရသာ ဩဇာမညီ ကွဲပြားသောရုက္ခမျိုး၊ ကျောက်မျိုးတို့၏လည်းကောင်း၊ ကာလ၊ ဒေသ၊ ပယောဂဟူသော ပဝတ္တနိမိတ်တို့၏ များပြားဆန်းကြယ်ခြင်းရှိရကား "သေလေသေလေ နမဏိကံ" ဟူသောစကား၌ လူတို့သမုတ်အပ်သော ပတ္တမြားစသောကျောက်မျိုးတို့၏ ပဝတ္တစကား၌ ဓာတ်၏သဘောသည် ဩဠာရိကဓာတ်, သုခုမဓာတ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သေလာပထဝီ၌ သဲကျောက်သည် ပသာဒလက္ခဏာရှိသော သံကျောက်အားသမန္တပါသာဒိက အဋ္ဌကထာ၌ ဖလ္လိကဓာတ်ဟုဆို၍ ရဟန်းတို့အား ပုဂ္ဂလိကဖြင့် သုံးစွဲခြင်းငှာ မထိုက်ကြောင်းကို ဖွင့်ဆို၏။

အဓိပ္ပာယ်ကား လူတို့၌ "မဟာရဟာ"ဖြစ်၍ အဖိုးထိုက်ဟု သမုတ်သောကြောင့်တည်း။

http://www.dhammadownload.com



ထိုသဲကျောက်ကို အမှုန့်ပြု၍ သလွဲမည်းနှင့် အလေးတူစပ်၍ ယမ်းနှင့်မီးတွင် ခြောက်ရက်ချက်ကျိုကလည်း ဖလ္လိကဖြစ်၏။

ကမ္ဘာ့ဓလေ့ဖြစ်သော ကျောက်၏သန့်ရှင်းကြည်လင်သော ဖလ်သည် အမာဖြူလည်းမည်၏။

ထိုအမာဖြူမည်သော သဲကျောက်အကြောင်းကို ပဝတ္တအာကာရတို့ကို အစိတ်အမြွက်မျှ ပြဆိုလိုက်ဦးအံ့။

ကမ္ဘာ့ဓမ္မတာ မဟာဓာတ်, ဥပဓာတ်ဟု ရှေးသူဟောင်းတို့ သမုတ်အပ်သောစကား၌ သလွဲမည်း, သလွဲဖြူ, ရွှေ, သွတ်, ဒန်, အရည်ပတား, ဂွတ်စသော ထိုဓာတ်တို့သည် ဆွေးမြည့်ခဲသောအကြောင်း ပဝတ္တကိုစွဲ၍ မဟာဓာတ်မည်၏။

ထိုမှကြွင်းသော ယမ်း, ဆား, ဆပ်ပြာ, ရုက္ခစသော အမျိုးတို့သည် ဆွေးမြည့်လွယ်သောကြောင့် ဥပဓာတ်မည်၏။

ထိုစကား၌ မဟာဓာတ်၏ အမာဖြူမည်သော သဲကျောက်နှင့်ပေါင်းဖက်၍ အမျိုးမျိုးသော ဝဏ္ဏာယတနဖြစ်သည်ကိုဆိုဦးအံ့။

သံရှိသောတောင်၌ အမာဖြူမည်သော သဲကျောက်တွင်းသို့ ဝင်၍စွဲငြိသောအခါ ပဋ္ဌမဦရွှေသောအဆင်းရှိ၍ ဂေါမုတ္တဟု ကမ္ဘာဦးသူတို့ သမုတ်ပြဋ္ဌာန်းလေ၏။ ထိုဂေါမုတ္တသည် နှစ်၊ လကြာ၍ ရင့်ခြင်းသို့ရောက်ပြန်က ပန်းရောင်, ဇီးရောင်, အရည်တဲ့ရောင်, အရည်ကြီးရောင်, အမည်းရောင်စသည်အထွေထွေ ဝေါဟာရပြု၍ လူတို့သုံးစွဲကုန်၏။

ဤကဲ့သို့ သဲကျောက်ကိုစွဲငြိခြင်းသည် ပတ္တမြားနီမျိုး ရှစ်ပါး၊ ပတ္တမြားပြောက်မျိုးခြောက်ပါးအရင်းထား၍ သိအပ်သည်။ ဤကားသံ၏အခိုးသည် သဲကျောက်တွင်းသို့ဝင်၍ စွဲငြိသောအာကာရ အခြင်းအရာတည်း။

တစ်နည်းလည်း ထိုသဲကျောက်သည် ကြေးနီရှိသော ကျောက်မြေစသည်တို့၌ တည်ပါမူကား ကြေးနီ၏အခိုးစွဲငြိသဖြင့် မောင်းသောစိမ်းသောအဆင်းသို့ရောက်၍ မြမျိုးရှစ်ပါးတို့သည် ဖြစ်လေကုန်၏။ တစ်နည်းလည်း ဣန္ဒနီလာ လေးမျိုးတို့သည် ဖြစ်လေကုန်၏။ ဤကားကြေးနီ၏ စွဲငြိဟန်အာကာရတို့တည်း။

http://www.dhammadownload.com



တစ်နည်းလည်း ကြောင်မျိုး၊ မဟူရာမျိုးစသော အထွေထွေအပြားပြားရှိသော ဝဏ္ဏာယတနတို့သည် ဆိုအပ်ပြီးသော ကိုးပါးသောဓာတ်တို့၏ မိဿကရောစပ်ခြင်းဖြင့် ကြည်လင်သော သဲကျောက်တွင်းသို့ စွဲငြိသည်ကို လှပတင့်တယ်သော အရောင်ရှိကလူတို့က အဖိုးထိုက်ပြု၍ သုံးစွဲလေတော့သည်။

ဤသဘောဖြင့် "သေလေသေလေနမဏိကံ"ဟူသော ကျမ်းရင်းဆရာစကား၌ ပဋိရူပကဖြစ်သော အရောင်အဆင်းကို 'မဏိဇောတ'အမည်ဖြင့် တင်စား၍ ဧကဒေသူပစာနည်းကို ဥပစာပြု၍ဆိုသောစကားဟုမှတ်။

ဤကား "သေလေသေလေ နမဏိကံ"ဟူသော မဏိသဒ္ဒါ၏ဟောအပ်သော ပတ္တမြားအမည်တည်း။

ထိုစကား၌ မဏိ၏ ပဋိရူပကဖြစ်သော ပတ္တမြား၏အကြောင်းကို ဆိုပြီး၍ အစစ်အမှန်ဖြစ်သော "မဏိဇောတ"မည်သော ပတ္တမြား၏ အကြောင်းပဝတ္တ အာကာရဟူသော်ကား. . . နီဖလံခေါ်သော ရွှေအကျပ်တစ်ရာကို သူဝဏ္ဏသာရ ဆေးနှင့်ထုံ၍မီး၌ ချက်လှော်သည်ဖြစ်အံ့၊ 'ရှစ်ဆယ့်သုံးကျပ် တမူးသုံးရွေး'တင်က သုဝဏ္ဏသာရရွှေဖြစ်၏။ ထိုသုဝဏ္ဏသာရ ရွှေမှ တစ်ကျပ်ယူ၍ 'ဘော်၊ ဘင်၊ ပေါက်' တစ်ပိဿာ၌ ထည့်၍ချက်က ထိုဘော်၊ ဘင်၊ ပေါက် တစ်ပိဿာသည် နာယကာမည်သော ရွှေဖြစ်၏။

ထိုသုဝဏ္ဏသာရရွှေကို ရာဂီငါးပါးနှင့်ထုံ၍ ထိုရာဂီတို့ကို တစ်ဖန်ကုန်စေခြင်းငှာ မီးဖြင့်ချက်လှော်အံ့ သုဝဏ္ဏရာဂီရွှေဖြစ်၏။

ထိုသုဝဏ္ဏရာဂီရွှေကို ပေထက်၌တင်၍ တူစသည်တို့ ထုခြင်းငှာ အခွင့်မရ၊ တူပေတို့တွင် ပျားဖယောင်းကဲ့သို့ ပျော့ပျောင်းသောကြောင့် သုဝဏ္ဏရာဂီမည်တော့သည်။

ထိုသုဝဏ္ဏရာဂီရွှေကို ပတ္တမြားနီမျိုး၊ ပတ္တမြားပြောက်မျိုး၊ ဝဇီရကျောက်မျိုး၊ ဂေါမုတ္တမျိုး၊ ဣန္ဒနီလာမျိုး၊ ပုလဲမျိုး၊ သလွဲမျိုး၊ ကြေးမျိုးစသောအားဖြင့် တစ်ရာ့ရှစ်ပါးသော ကျောက်မျိုးတို့ကိုထုံ၍ လှော်ချက်ပြန်က သုဝဏ္ဏရတ္တမည်သော ရွှေဖြစ်၏။

http://www.dhammadownload.com



ထိုသုဝဏ္ဏရတ္တရွှေသည် နီမောင်းသောအဆင်းရှိ၍ နေနှင့်တူသော အလင်းကိုပေးနိုင်သဖြင့် သုဝဏ္ဏရတ္တမည်လေတော့သည်။ ထိုသုဝဏ္ဏရတ္တရွှေကို ပြဒါးအခဲသော၊ အရည်သေတို့နှင့် ကျိုချက်ပြန်က အလွန်ကြီးသော အရောင်အဝါရှိ၍ စကြာမင်းတို့ သုံးဆောင်သောအလိုကိုပေးတတ်သော 'မနောမယပတ္တမြား'ကဲ့သို့ဖြစ်၍ သုဝဏ္ဏမဏိမည်လေတော့သည်။

ဤသည်သာလျှင် အလိုကိုပေးတတ်သော ပတ္တမြားဖြစ်ကြောင်းကို ရှေးကျမ်းဟောင်း လေးဆယ်တို့၌ ချက်နည်းလုပ်နည်းနှင့်တကွ ရေးပြထားကြောင်းကို ပေါက္ကံမြို့ပွဲကျောင်းဆရာ ရှင်မထီးရေးသားသော လောကီ ကန္တာရအတတ်၌ 'ဓနအမျိုး၊ စုံပြည့်ဖြိုးသည်၊ ကျမ်းရိုးလေးဆယ် အမှန်တည်း' ဆိုသောစကားကိုထောက်၍လည်းကောင်း၊ ရှေးကျမ်းဟောင်းတွင် ရွှေမျိုးနှစ်ဆယ်ကိုပြရာ စကား၌ 'ဘော်၊ဘင်၊ပေါက်'မှဖြစ်သော ရွှေလေးမျိုး၊ ကမ္ဘာမြေမှဖြစ်သော ရွှေလေးမျိုး၊ နဂါးပြည်၌ဖြစ်သော ရွှေလေးမျိုး၊ လူတို့ချက်လုပ်သုံးစွဲသောရွှေလေးမျိုး၊ ရသေ့မှဖြစ်သောရွှေလေးမျိုး။ ဤသို့ အမျိုးနှစ်ဆယ်တွင် ရသေ့မှဖြစ်သော ရွှေလေးမျိုး၌ လူတို့သုံးစွဲသော နီဖလံခေါ်သော ရွှေအကျပ် တစ်ရာကို လှော်ချက်၍ ပထမ "သုဝဏ္ဏသာရ" ရွှေဖြစ်ခြင်း၊ ဒုတိယ"သုဝဏ္ဏရာဂီ"ရွှေဖြစ်ခြင်း၊ တတိယ"သုဝဏ္ဏရတ္တ"ရွှေဖြစ်ခြင်း၊ စတုတ္ထမှာ "သုဝဏ္ဏမဏိ"ရွှေဖြစ်၍ ထိုရွှေသည်ပင်လျှင် အရောင်၊ အလင်းကို ဆောင်နိုင်ခြင်း၊ စိတ်အလိုကိုပေးနိုင်ခြင်း သတ္တိဂုဏ်ထူးရှိ၍ 'သုဝဏ္ဏမဏိ'ဟု အမည်တွင်လေတော့သည်။

ထိုမဏိသည် အလုံးစုံသော ဓာတ်တို့၏ အနှစ်သာရဖြစ်လေပြီး တကား၊ အဏုမြူခန့်မျှသော်လည်း ထိုဝတ္ထုကို အဘိညာဏ်ရသောလောကီရသေ့တို့သည် သဘောကိုထောက်ထား၍ "ဘာရဇာကတ္တန"ဟု အမည်ပေး၍ ခေါ်ဆိုသမုတ်ကြကုန်၏။ အဘယ်ကြောင့် "ဘာရဇာကတ္တန"ဟု ဆိုရလေသနည်းဟူမူ ဗီဇငံဖြစ်သောသစ်ပင်တို့သည် အသီး၏အတွင်း၌တည်၍ အကံ့ရမည်သော အညှာက်သည်အကြောင်းရင်းဖြစ်လျက် အမြစ်၊ ပင်စည်၊ ရွက်သေး၊ ခက်မစသည်တို့ကိုဖြစ်စေတတ်သော အကြောင်းရင်းတစ်ပါးဖြစ်ခဲ့တပြီးကား ထိုအကံ့ရသည်"ဘာရဇာကတ္တန"မည်၏။

http://www.dhammadownload.com



အဓိပ္ပာယ်ကား ကြေးခေတ်ဟူသော "ရဇကတ္တန"ကြေးဖြစ်ကြောင်း ဟူသော "ရဇကတ္တန"ဤသို့ သဘောနှစ်ပါးဖြစ်လေသကဲ့သို့ 'သုဝဏ္ဏမဏိ' သည်လည်း ရွှေ ငွေကိုဖြစ်စေခြင်း၊ စိတ်အလိုကိုပေးခြင်းလက္ခဏာရှိ၍ 'ဘာရ ဇာကတ္တန'ဟု ရှေးဆရာတို့ ခေါ်ဆိုသမုတ်ပညတ်တင်လေသည်။

ထိုစကားကို သိမှတ်စေရာ ပညာလိုလား အမျိုးသားတို့၏ အလို့ငှာ အဓိပ္ပာယ်သံခေပဖြင့် ပြဆိုတင်လျှောက်ဦးအံ့ဘုရား။ ဤလူ့ပြည်လောကဌ် ပုညဒဗ္ဗသမ္ဘာရ အဆောက်အဦရှိကုန်သော စက္ကဝတ္တိမင်းတို့သည် အပြားအား ဖြင့် ငါးမျိုးရှိကုန်၏။

ငါးမျိုးဟူသော်ကား. . . လက်နက်ကို အစိုးရသော အဇာတသတ္တု မင်းကဲ့သို့သော 'အာဝုဓ စက္ကဝတ္တိရာဇာ'တစ်မျိုး။

ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကောဏ္ဍစသော သူဌေးကြီးတို့၏ ဆိတ်ရုပ်၊ ကျီးရုပ်၊ ရွှေတောင်ထမင်းအိုး၊ စလည်တောင်း စသောပွားခြင်း အဆုံးမရှိသည်ဖြစ်၍ သမုဒ္ဒရာလေးစင်းကိုပင် ပို့အောင်ဖို့နိုင်လောက်ကြသော ဥစ္စာရွှေငွေ ဆန်ရေစပါးပေါ်များကြွယ်ဝကုံလုံသော သူဌေးကြီးတို့ကဲ့သို့ 'ပုညဝန္တ စက္ကဝတ္တိ'မင်းတစ်မျိုး။

အဝိဉာဏ ဝတ္ထုဖြစ်သော ရွှေခြေကျဉ်းကိုစေလွှတ်၍ မဒ္ဒဝပြည်ကို အစိုးရသော ကာလနဂါးမင်းအား ခြေကျဉ်းဖြင့်ခတ်၍ မိမိရှိရာအရပ်သို့ ခေါ် ဆောင်နိုင်သော သီရိဓမ္မာသောကမင်းကဲ့သို့သော 'အာဏာစက္ကဝတ္တိရာဇာ' တစ်မျိုး။

မဟာသုဒဿန စကြာမင်း၊ ကာလိက်ဗောဓိ စကြာမင်းစသော မင်းတို့၏ ဖွားစကာလဌ်ပင်လျှင် ခြေဌ်စကြာပုန်းတောင်းအမှတ်ရှိခြင်းကြောင့် ကျွန်းကြီးလေးကျွန်းတို့ကိုလည်းကောင်း၊ ယုဂန်မိုရ်တောင်၏ အထက်ငါးဆင့် သော အာလိန်ဌ်ရှိသော နတ်တို့ကိုလည်းကောင်း၊ အစိုးရလတ္တံ့ဟု သိစေ အပ်သော လူအာဇာနည်မည်သော စကြာမင်းတို့ကဲ့သို့ 'ပုညပဒစက္ကဝတ္တိ ရာဇာ'တစ်မျိုး။

ယခင်ဆိုပြီးသော သုဝဏ္ဏမဏိ ပတ္တမြား၏ချက်လုပ်နည်းတို့ကို အစ အလယ် အဆုံးဆရာမြတ်တို့ထံမှ သိနားလည်၍ပြီးမြောက်အောင် ချက်လုပ်

http://www.dhammadownload.com



နိုင်၍ ခဲ၊ သံ၊ ကြေးနီစသည်တို့အား ရွှေငွေဟူသောရတနာဖြစ်အောင် ချက်လုပ်နိုင်ခြင်း၊ ကောင်းကင်ပျံခြင်း၊ စိတ်အလိုအတိုင်း ပြီးခြင်းစသည်တို့ကို ဖြစ်စေနိုင်သော အရှင်ပိလိန္ဒဝစ္ဆမထေရ်တို့ကဲ့သို့ ကန္တာရအတတ်နှင့် ပြည့်စုံသော သမာပယောဂဏ္ဍဒွိဝဓနစက္ကဝတ္တိရာဇာတစ်မျိုး။

ဤငါးမျိုးတို့တွင် သမာပယောဂကန္တဒွိဝဓနစက္ကဝတ္တိရာဇာသည်လည်း နှစ်မျိုးပြားကြောင်းကို အသီတိနိပါတ်ဇာတ်တော်၌ ဝက်၏အထံမှရသော ပတ္တမြားကို ခိုးယူ၍ ဟိမဝန္တာ၌နေရသော ရသေ့သုံးဦးတို့ကို သတ်လျက် ဇမ္ဗူဒိပ်၌မင်းပြုသော ဒဓိဝါဟနမင်း၏ ဝက်ထံမှရသောပတ္တမြားသည် ချက်လုပ်သော သုဝဏ္ဏမဏိရွှေမျိုးဖြစ်၍ ထိုမဏိဖြင့် ကောင်းကင်ပျံနိုင်ခြင်းတစ်ပါး၊ ရှင်ပိလိန္ဒဝစ္ဆမထေရ်၏လျှင် ဒိသာပါမေက္ခဆရာမှ သင်ကြား၍ရအပ်သော မန္တာန်ကိုစိပ်လျက် ကောင်းကင်သို့ပျံနိုင်ခြင်းအားဖြင့် ဓာတ်ကိုချက်လုပ်သော နည်းတစ်မျိုး။ ဤသို့နှစ်မျိုးပြားလေသည် ဟူ၍မှတ်။

ထိုနှစ်ပါးလုံးကိုပင် ကန္တာရအတတ်ဟူ၍ ခေါ်ဆိုသမုတ်၏။ ထိုသို့သမုတ်ပညတ်ပါသော်လည်း ရှေးလောကီကျမ်းဟောင်းတို့၌ ကန္တာရဟူသည် ဌာနကိုစွဲသော အမည်ဟူ၍ဆိုသည်။ ယောရကန္တာရဟူသည်သာလျှင် ဌာနနှင့်တကွပေါင်း၍ ရှေ့သူတို့ခေါ်ဝေါ်လေသည်။

ထိုယောရသဒ္ဒါအား ကြမ်းကြုတ်ခြင်းကို မလိုအပ်။ ရှေးသူတို့ အာဘော်အားဖြင့် ထက်မြက်သောကြောင့် 'ဒုပ္ပတိဝိဇ္ဈာ'အရာထားလျက် သိနိုင်မြင်နိုင်ခဲသောကြောင့် ကြောက်ဖွယ်နက်နဲသော အတတ်ဆိုလိုသည်။

အပဒါန်ပါဠိတော်၌ကား စူဠကန္တာရ၊ မဟာကန္တာရဟူ၍ နှစ်ပါးပင် ရွှေနှုတ်တော်မြွက်ဆိုတော်မူသည်။ ဤအရာ၌ မြတ်စွာဘုရားရှင်၏ လောကုတ္တရာစမွသည် မဟာကန္တာရမည်၏ဟူ၍လည်းကောင်း၊ ရှင်ပိလိန္ဒဝစ္ဆမထေရ်၏ တတ်မြောက်ခဲ့သော မန္တန်အတတ်ကို စူဠကန္တာရဟူ၍လည်းကောင်း ဟောတော်မူသောကြောင့် ပရိယာယ်နည်းဟူ၍ မှတ်ယူဖွယ်ရှိသည်။

အဘယ့်ကြောင့်ဟူငြားအံ့။ မန္တန်အတတ်ဖြင့် ကောင်းကင်ပျံသော ဆရာတို့သည် အသက်ရှည်၏ဟူသော စကားဟောင်းမှ ကင်းသည်ဖြစ်၍ ဓာတ်ကိုကျိုချက်သော ဆရာတို့၏ ခုနစ်ရက်မှ ဘောဇဉ်ကိုတစ်ကြိမ်စားခြင်း၊

http://www.dhammadownload.com



တစ်လခွဲ တစ်ကြိမ်စားခြင်း၊ တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ခုနစ်လ၊ ရှစ်လစသောအားဖြင့် တစ်နှစ်မှတစ်ကြိမ် ဘောဇဉ်ကိုစားခြင်းဟူသော သဒ္ဒါကြီးကာရကဥ်ဆိုသော စကားကိုထောက်ထား၍ လောကသရဘူ ကျမ်း၊ လောကာယတကျမ်း၊ အာဒိကဂ္ဂကျမ်းဟောင်းတို့၌ ဆိုသောစကားကို ချင့်ချိန်ယူဆကလည်း ဓာတ်ကိုချက်လုပ်သော ဆရာတို့သည် ရှည်သောအသက်ကိုဖြစ်စေနိုင်၏ဟု ဆိုခြင်း၌သင့်လျော်ဖွယ် အကြောင်းတစ်ပါး။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ မနုဿာနံအာယုပ္ပမာဏ ဂဏနာယနိယမောနတ္ထိဟုလာရှိသည်။ အနက်ကား. . . မနုဿာနံ၊ လူတို့၏။ အာယုပ္ပမာဏဂဏနာယ၊ အသက်ပိုင်းအခြားကို ရေတွက်ခြင်းငှာ။ နိယမော၊ မြဲသည်။ နတ္ထိ၊ မရှိ။ ဤသို့ဖွင့်ပြတော်မူသည်ကို ထောက်သဖြင့်လည်းကောင်း၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌ အသင်္ချေယျာယုကာ ဇီဝိတပရိယန္တာဟု လာရှိသည်။ အနက်ကား. . . အသင်္ချေယျာယုကာ၊ နှစ်ပရိစ္ဆေဒ အသင်္ချေယျတမ်းဟု ဆုံးဖြတ်သောအသက်အပိုင်းအားဖြင့်။ ဇီဝိတာ၊ အသက်ရှည်ကုန်၏။ ဤသို့ ဟောတော်မူသော ဒေသနာတော်ကို ထောက်ထားသောအားဖြင့် လည်းကောင်း၊ ကမ္ဘာဦးသူတို့သည် စားမျိုးသောနတ်ကောက်သလေးမှ ရှည်သောအသက်ကိုဆောင်နိုင်ခြင်းကိုလည်းကောင်း၊ မဖောက်မပြန်သော ပစ္စုပ္ပန်၌ ကျင့်အပ်သောတရား၏ ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ရှည်သောအသက်ရှိ၏ဆိုသော လောကီဆရာတို့၏ စကားသည် သင့်လျော်လှသည်ပင်ဟု ဘုရားရှေ့ဘုန်းတော်ကျွန် ထင်ပါသည်ဘုရား။

အဘယ်ကြောင့် ဟူငြားအံ့. . . သုံးလူ့ထွတ်ထား မြတ်စွာဘုရား ပွင့်တော်မမူမီ အနှစ်တစ်ထောင်ခြောက်ရာခန့်၌ 'စက္ကာဘိယောသ'မည်သော ဆရာ၏တူ 'စရက'မည်သောဆရာသည် "သဗ္ဗလောဟာနိ ဟိရညလောဏန္တာ"ဟု မိန့်တော်မူပါသည်။ သဗ္ဗလောဟာနိ၊ အလုံးစုံသော လောဟမျိုးတို့သည်။ ဟိရညလောဏန္တာ၊ ရွှေမှုရသော ဆားအဆုံးရှိ၏ဟူသော စကား။

"မူလအာဒိ သေလာနာမ၊ မုဋ္ဌာသတိသဗ္ဗရောဂါ၊ ဗန္ဓေတိခေစရတံ မတန္တိ ဇီဝတိ"ဟု လာပါသည်။ မူလအာဒိသေလာနာမ၊ ပြဒါးမည်သည်ကား။ မုဋ္ဌာ၊ တွေဝေသည်။ သတိ၊ ရှိသော်။ သဗ္ဗရောဂါ၊ အလုံးစုံသောအနာကို။

http://www.dhammadownload.com



ဇီဝတိ၊ ပယ်၏။ ဗန္ဓေ၊ ဖွဲ့စည်းမိမှုကား။ ခေစရတံ၊ ကောင်းကင်သို့ပျံနိုင်၏။ မတံ၊ သေမှုကား။ ဇီဝတိ၊ အသက်ရှည်၏. . . ဆိုသောစကားကို ထောက်ထားသဖြင့် ရွှေကိုကျိုချက်ခြင်းအဆုံး၌ ပတ္တမြားဖြစ်ကြောင်း 'စရက'ဆရာ၏ 'လောဏန္တာ'ဟူသော ဓာတ်တို့၏အဆုံးပြာဖြစ်၏ ဆိုကလည်း ထိုပတ္တမြားပင် လျှင် ပြာဓာတ်အဆုံးရှိ၏ဟု စကားဆိုရာရောက်ခဲ့သောကြောင့် ဓာတ်တကာတို့၏ အနှစ်ဖြစ်သော ရွှေပြာကိုစားရသဖြင့် အသက်ရှည်၏ဟု ဆိုသောစကားသည် လျှောက်ပတ်သင့်လျော်လှ၏။

ပညာရှိတို့ ကြံစည်အပ်၊ ဆင်ခြင်တိုင်းထွာအပ်သော ပရမတ္ထသဘော၌ ခက်ခဲလှပါသည်ဘုရား'ဟု သံတော်ဦးတင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မေးတော်မူသည်မှာ ပေါ်ဦး. . မောင်မင်းယခုတင်လျှောက်ခဲ့ခြင်းသည်ကား လူတို့ကျိုချက်၍ ပတ္တမြား ဖြစ်နိုင်ကြောင်းတို့ကို ဆိုရုံသည်သာမက အသက်တမ်းမှပင် ပိုမိုစွန်းကယ်နိုင်သေး၏ဟူ၍ ဆိုချေသည်။

ဤအရာဝယ် ထိုသို့လုပ်ရပ်အတတ်ဖြင့် ဖြစ်ဖူးသုလုပ်ရပ်ဖြင့်တက်၍ ဖြစ်သင့်သည်ကို ထောက်ဆတော်မူရန် သက်သေသာကေပြဆို တင်လျှောက်ဦးလောဟု မိန့်တော်မူသော် အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ဖြစ်ဖူးသူနှင့် ဖြစ်သင့်သည်ကို ထောက်ဆ၍သိတော်မူလိုသည်ဖြစ်အံ့ ရွှေနားနာတော်မူဘုရား။

ထိုအတတ်၏ အကြောင်းကို သီရိခေတ္တရာပြည်ကို အစိုးရသော စူဠာသမ္ဘဝမင်းသည်လည်းကောင်း၊ သထုံပြည်၌ ဖြစ်ပေါ်သောသထုံဝိဇ္ဇာသည်လည်းကောင်း၊ ပေါက္ကံပြည် သမုဒ္ဒရာဇ်မင်း၏ဆရာ စက္ခုဂေါဏမည်သော ဆရာသည်လည်းကောင်း၊ ဘေသဇ္ဇဒိသာ မည်သောဆရာသည် လည်းကောင်း၊ ပေါက္ကံပြည်ကိုအစိုးရသော သမုဒ္ဒရာဇ်မင်းသည်လည်းကောင်း၊ ပတူသခ်ယာမည်သော ရဟန်းသည်လည်းကောင်း၊ ပင်းယသူကြီးမည်သော ရဟန်းသည်လည်းကောင်း၊ ပထမတောင်ဖီလာ ရဟန်းတော်သည်လည်းကောင်း၊ ရတနာပူရအင်းဝ ရွှေပြည်ကြီးရှင်ဘုရင် မင်းခေါင်ကြီးဆရာ 'ပင်လယ်ကျေးသယ်ရာဇာ'၏ တပည့်ရင်းဖြစ်သော အောင်ချမ်းသာရွာလျှင် ဖွားရာဇာတိရှိသော 'ဣန္ဒာစရိယ'ဆရာသည်လည်းကောင်း။

F-30A

http://www.dhammadownload.com



အမှာ. . . ဤအရာ၌ အချို့သော အပ္ပသုတ သမားတို့ကား ၎င်း 'ဣန္ဒာစရိယ'ဆရာ၏ လုပ်စဉ်စကားပြင် မှတ်စုစာကို ရရှိသောသူတို့က ကျက်မှတ်လေ့လာ၍ ရလွယ်စေခြင်းငှာ ပျို့လင်္ကာရေးစီထားရာ မိမိရေးသားသော လင်္ကာသည် မည်သည့် ခုနှစ်လရက်တို့၌ ပြီးသည်ဟု ရေးရိုးထုံးစံရှိရကား သက္ကရာဇ်တစ်ထောင်နှစ်ရာသုံးခုနှစ် ပြီးသည်ဟု ရေးထားသော လင်္ကာဆရာ၏စကားကို ဣန္ဒာစရိယဆရာ၏ စကားဟု ပြောမှားထင်မှား ရှိနေကြသည်လည်းတစ်ကြောင်း၊ အထူးသတိပြုတော်မူကြရန်ကား ရှင်ဣန္ဒာစရိယ တြိနေတြဓာတ်ပြကျမ်း၌ ဆဌကဏ္ဍကို သီကုံးဦးအံ့ဟု ချီးမြှင့်ပြထားသော သတ္တမီဩကာသအနက်ကိုထောက်၍ လင်္ကာရေးဆရာ၏ စကားမှန်ကို ထင်ရှားသိသင့်သည်လည်း တစ်ကြောင်း။

သာဓက အထူးမှာလည်း ဘုရားအဖြစ်တော် ပါရမီဖြည့်စဉ် ဒီပင်္ကရာမြတ်စွာဘုရားထံတွင် နိယတဗျာဒိတ် ခံသည်မှစ၍ ဘုရားဖြစ်တော်မူသည်တိုင်အောင် ရတနာပူရ အင်းဝမြို့ကောင်းစားစဉ် 'အရှင်မဟာသီလဝံသ' အကျော်ရေးတော်မူသော ဆုတောင်းခန်းပါရမီခန်းပျို့တို့သည် လည်းကောင်း၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ ဝတ္ထုစဉ်ကို 'အရှင်အဂ္ဂသမာဓိ' မိုးတားစားဝန်ကြီးမင်း 'နဝဒေး'တွင်းသင်းတိုက်ဝန် 'မဟာစည်သူ'စသော သူတို့သည် ကဗျာပါရဂူဖြစ်တော်မူကြသည့်အတိုင်း လွန်ခဲ့သောအနှစ်တစ်ရာကျော် နှစ်ရာကျော် သုံးရာကျော် လေးရာကျော်စသည်တို့တွင်မှ ရေးပြု၍ထားသည်ကို ထောက်သဖြင့် ဘုရားဖြစ်တော်မူသောအဖြစ်တော်ပေါင်းတို့ကား ရတနာပူရအင်းဝဆက် အမရပူရကုန်းဘောင်ဆက်တို့၌ ဧကန်မဟုတ်ကြောင်းကို သိအပ်သကဲ့သို့ လင်္ကာရေးဆရာတို့၏ ကျမ်းပြီးသက္ကရာဇ်သာဟူ၍ မှတ်တော်မူကြပါကုန်၊ စင်စစ်အားဖြင့်ကား 'ရှင်ဣန္ဒာစရိယ'ဆရာသည် အင်းဝဆက်၌ပင်တည်း။ ဤကား အမှာစကားချုပ်တည်း။

ယခုဖဝါးတော်၌ ခစားလျက်ရှိနေသော ပြည်မြို့ဆရာကြီး ဦးရွှေအောင်သည်လည်းကောင်း အစိတ်အမြွက်မျှသော စကားဖြင့် တသီးတစ်ပုံစီရေးသားကြခြင်းအရာဝယ် ကျား၊ကြောင်၊ ကြွက်၊ဟိုင်းအမည်ပေး၍ ဓာတ်မကိုးပါးတို့ကို ကျိုချက်နည်းလင်္ကာစကားပြေတို့ဖြင့် ရေးသား၍ထားတော်မူကြသည်တစ်ရပ်။

http://www.dhammadownload.com



ထိုမှတစ်ပါး အနည်းငယ်မျှ အစိတ်အမြွက်ဖြင့် ချက်လုပ်ခြင်း ကိရိယာကို ရေးသားထားသော စာစောင်ငယ်ဆရာတို့ ဝါဒသည်ကား မြန်မာပြည်ကြီး၌ မြားမြောင်ပေါပုံဖြစ်ပါသည်။

အစိပ္ပာယ်သော်ကား ဤဇမ္ဗူဒီပါကျွန်း၌ များစွာသော ပြည်ထောင်တို့သည် ငွေရတနာကို သုံးစွဲခြင်း၌ ကဟာပဏပြု၍ သုံးစွဲကြကုန်၏။ ရောဝတီမြစ်ပြင်ဝဲယာနယ်နှင့် ကမ္ဗောဇတိုင်း ဂန္ဓာရတိုင်း ဤသုံးပါးသောဌာနတို့၌ ကဟာပဏကို မသုံးမူ၍ဘော်စင်ကို ကြေးနီခဲမထည့်သွင်းလျက် တစ်ဆယ်ကဲ နှစ်ဆယ်ကဲ ဒိုင်ရွက်နီမှုတ်လုပ်၍ သုံးစွဲကြသော ပြည်ထောင်များဖြစ်လေရကား ရွှေငွေကိုချက်လုပ်တတ်သော ပညာရှိတို့၏ အစီအမံဖြင့် သုံးစွဲကြလေသည်ဟု မှတ်ယူတော်မူဘုရား။

အဘယ်ကိုထောက်၍ သိရအံ့နည်းဟူငြားအံ့။ ဓာတုဝိဘင်းပါဠိတော်၌ ခုနစ်ပါးသော လောဟာမျိုးတို့ကို ဟောတော်မူရာဝယ် 'ဝိဇာတိလောဟာ'ဟု တစ်ပါးပါသည်ကို အဋ္ဌကထာဆရာအရှင်မြတ်တို့သည် 'ဝိဇာတိလောဟာတိ နာဂနာသိက လောဟာနာမ'ဟု မိန့်တော်မူပါသည်။

'ဝိဇာတိလောဟာတိ၊ ဝိဇာတိလောဟာဟု ဟောတော်မူသော ပါဠိတော်မြတ်သည်ကား။ နာဂနာသိက လောဟာနာမ၊ နာဂနာသိက လောဟာ တည်း'ဟု မြန်မာယောဇနာဆရာသည် နာမသတ်ပြန်ဆိုအပ်သောကြောင့် ထိုနာမသတ်ပြန်သော စကား၌ သိဿာနု သိဿဖြစ်ကုန်သော ဆရာစဉ်ဆက်တို့သည်လည်း ထိုပုဂ္ဂိုလ်မကြံမစည် မေ့လျော့ကြွင်းကျန် ရှိလေတော့သည်သာဟု မှတ်ကုန်ရာ၏။

ဝိဇာတိလောဟာပုဒ်ရင်း၏အရ ဝိဝိဓအနက်နှင့် ဇာတဟူသော ဖြစ်ခြင်းအနက်ကို ဟောတော်မူသော သဒ္ဒါ၌ ဝတ္ထုဓမ္မကိုသိစေခြင်းငှာ နာဂတစ်ပုဒ်၊ နာသိကတစ်ပုဒ် ဤသို့ပြန်ဆိုသည်မှာ နာဂသည် သလွဲမည်း၏ ပရိယာယ်ပုဒ်တည်း။

ထိုသလွဲမည်း၏ ပရိယာယ်ပုဒ်သည် တိပုလည်းမည်၏။ ထို့ကြောင့် ဋ္ဌကပစ္စည်းသည် ပျက်စီးခြင်းအနက်ကို ဟောလေရကား သလွဲမည်း ပျက်ကို ရဟန်းတို့သည် အနာမာသနဟု မှတ်အပ်သောကြောင့် ရင်းသလွဲမည်း

http://www.dhammadownload.com



ပျက်ကို ရဟန်းတို့မကိုင်အပ်ဆိုလိုပါသည်။ ထိုသလွဲမည်းကိုလည်း မြန်မာမှု ခေါ်ဝေါ်ခြင်း၌ နာဟူ၍လည်းကောင်း၊ ခဲမပုပ်ဟူ၍လည်းကောင်း ခေါ်ဝေါ် ခြင်းကြောင့် ခဲမပျက်သည် ရွှေ ငွေ၏မျိုးစေ့ဟု မှတ်အပ်သင့် မှတ်တော်မူ ဘုရား။

ထိုထက်ခိုင်မာသော သက်သေသာဓကကို နာတော်မူလိုသည်ဖြစ်အံ့။ ပဥ္စင်္ဂုတ္တိုရ်ပါဠိတော်၌. . .

> ပဉ္စိမာနိဘိက္ခဝေ ဇာတရူပဿ ဥပက္ကိလေသာ၊ ယေဟိဥပက္ကို လေသေဟိ နစကမ္မနိယံ နစပဘဿရံ နစဥပေတိ၊ ကတမေ ပဉ္စ အယော လောဟံ တိပု သီလံ ရဇတံ က္ကမေ ခေါပဉ္စ ဘိက္ခဝေ ဇာတရူပဿ ဥပက္ကိလေသာ-ဟု ဟောတော်မူပါသည်။
>
> ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတရူပဿ၊ ရွှေ၏။ ဥပက္ကိလေသာ၊ ငြစ်နွမ်းကြောင်းအပြစ်ဒေါသတို့သည်။ က္ကမာနိပဉ္စ၊ ဤငါးပါးတို့ တည်း။ ယေတိ ဥပက္ကိလေသေဟိ၊ ငြစ်နွမ်းကြောင်း အပြစ်ဒေါသ တို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ငြစ်နွမ်းပြီးသော။ ဇာတရူပံ၊ ရွှေသည်။ ကမ္မနိယံ၊ လက် ကြပ်လက်ကောက်စသော အမှု၌။ နစဥပေတိ၊ မထွန်းပနိုင်။ ကတ မေပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ အယော၊ သံလည်း ကောင်း။ လောဟံ၊ ကြေးနီလည်းကောင်း။ တိပု၊ သလွဲမည်းလည်း ကောင်း။ သီလံ၊ သလွဲဖြူလည်းကောင်း။ ရဇတံ၊ ငွေလည်းကောင်း။ က္ကမေခေါပဉ္စ၊ ဤငါးပါးတို့တည်း။

ဤသို့ ဟောတော်မူသောကြောင့် ယခုလူတို့သုံးစွဲသောရွှေ၌ သံ၊ ကြေးနီ၊ သလွဲမည်း၊ သလွဲဖြူ ငွေထိုကိုးပါးတို့သည် ရွှေ၏ မိဿကဖြစ်ကြောင်း ကို လောကီဆရာတို့က ရေးသားသောစာတို့၌လည်း 'ဂဠုန်၊ ကြောင်၊ ကျား' ဟူသောအမည်ဖြင့် ထိုဓာတ်တို့ကိုပင် အဘယ်ဓာတ်နှင့် အဘယ်ဓာတ်သည် ရောစပ်အပ်၏။ အဘယ်ဓာတ်ကို ကုန်စေအပ်၏။ အဘယ်ဓာတ်ကို ကြွင်း စေအပ်၏။ သီးမျိုးစသည်ဖြင့် ချက်လုပ်နည်းကို ရေးမှာထားကြသောကြောင့် လောကီစာအပေါင်းတို့တွင်လည်း ခဲမဓာတ်ကို အဓိပတိဟူ၍ ပြဆိုသော ကြောင့် အဋ္ဌကထာဆရာအရှင်တို့ ဖွင့်ဆိုတော်မူသည်နှင့် တစ်မျိုးတည်း၊

http://www.dhammadownload.com



တစ်ထပ်တည်းရှိသောကြောင့် ရွှေငွေချက်လုပ်နည်းသည် စူဠကန္တာရ အတတ် ၏ အာဒိကမ္မိက ရှေးဦးအစဟူ၍ မှတ်တော်မူဘုရား။

ဤ၌လည်း ဘဝရှင်မင်းတရားကြီးဘုရားနှင့် တကွသော ပညာရှိ အပေါင်းတို့ သင့်မသင့်ကိုဆင်ခြင်တိုင်းထွာအပ်သော စကားပင်ဘုရား။

ထိုစူဠကန္တာရအတတ်၏ အာဒိကလျာဏဖြစ်သော အစ၏ကောင်း ခြင်း၊ မဇ္ဈေကလျာဖြစ်သော အလယ်၏ ကောင်းခြင်း၊ ပရိယောသာန ကလျာဏ ဖြစ်သော အဆုံး၏ကောင်းခြင်း ဤသုံးပါးသော ကောင်းခြင်းရှိ သော ဤကန္တာရ အတတ်သည် နိဗ္ဗာန်ရှင်ဖြစ်တော်မူသော ဘုရားရှင်တော်တို့ ပွင့် တော်မမူသော သုညကမ္ဘာ၌ မဟဂ္ဂုတ် အပ္ပနာဈာန်ကိုရသော ဈာနလာ ဘီရသေ့တို့သည်လည်းကောင်း၊ ကန္တာရအတတ်ရှင်တို့သည်လည်းကောင်း ဤလောကီ၌ သူမြတ်ဟူ၍ သမုတ်အပ်၏။

ထိုသူနှစ်ဦးတို့တွင် ဈာနလာဘီရသေ့တို့သည် ကာမဘောဂီအကျင့် ကို စွန့်မှုမိမိတို့ကသိုဏ်းဝန်းသည် မြဲမြဲစွာတည်လေဘိသကဲ့သို့ ကန္တာရ အတတ်ရှင်၏ ချက်လုပ်သောပတ္တမြားသည်လည်း ကာမဘောဂီဖြစ်က ထို သူ၏လက်၌ မတည်ပျောက်ပျက် လေတော့သည်ဟူ၏။

ထို့ကြောင့် ပထမကာမဘောဂီအကျင့်ကို စွန့်ရခြင်းသည် အာဒိ ကလျာဏမည်၏။

ဒုတိယတောအရပ်၌ တစ်ယောက်ထီးတည်း မိမိဆေးကိုစား၍ အနာ ကင်း၍ မကောင်းမှုမှ ကြဉ်ရှောင်၍နေရခြင်းသည် လည်းကောင်း၊ ကောင်း ကင်ပျံခြင်း စိတ်အလိုရှိတိုင်းကို ပြီးစီးခြင်းတို့သည် မဇ္ဈေကလျာဏမည်၏။

တတိယကုသိုလ်ကို ပွားများလျက် ကြီးရင့်သောဉာဏ်အဖြစ်သို့ ရောက်၍ သူတော်ကောင်းတို့၏ လားရာဂတိသို့ လားရောက်ရခြင်းသည် ပရိယောသာနကလျာဏမည်၏။

ထို့ကြောင့် သာမန်ဘုန်းပါရမီရှိသောသူနှင့် မထိုက်တန် ကြီးသော ပါရမီသမ္ဘာရ အဆောက်အဦရှိသော သူတို့နှင့်သာ ထိုက်တန်သည်ဟူလို။

ထိုစကား၌ အာဒိကလျာဏနှင့် ထိုက်တန်သောသူတို့အား ချက်

http://www.dhammadownload.com



လုပ်နည်း ဥပဒေကို ထင်လှားစွာမဆိုစအပ်။အဘယ့်ကြောင့်နည်း ဟူမူကား ဝိလုပ္ပန္တရကာလဖြစ်၍ သူတစ်ပါးတို့ လုယက်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သီလမရှိသောသူတို့သည် တတ်မြောက်ချေကလောကကို ဖျက်ဆီးအံ့ စိုးသောကြောင့်လည်းကောင်း၊ ရှေးရှေးမြန်မာ ပညာရှိတို့သည် ခုနစ်ပါးသော ပညတ်မျိုးတို့ကို ထင်ရှားဖြစ်စေခြင်းငှာ စာပေရေး၍ ထားကြသည်ဟု မှတ်တော်မူဘုရား။

ခုနစ်ပါးသော ပညတ်ဟူသည်ကား. . . 'ကတိ၊ ခဇော၊ ဂဟောပဋ္ဌ' ဟူ၍ ထဆင်ထူးတိုင်အောင် တစ်ခုစီတိုးလျက် ဒထွေးမှပြန်၍ တဝမ်းပူတိုင်အောင် နှစ်ကြောင်းနှစ်ထပ် ရေးမှတ်ထားသောအက္ခရာပုံသည် ပေါက္ကပညတ်မည်၏။

'ဂဠုန်ကား က၊ ကျားကား ခ၊ ဂကား ခြသေ့်'စသည်ဖြင့် ၈ျမြင်ဆွဲတိုင်အောင် ဓအောက်ချိုက်မှသည် ရကောက်တိုင်အောင် တစ်ကြောင်း၊ လငယ်မှသည် အမ်းအဆုံးဖြစ်လျက် အာကိုဆက်၍ ဤတိုင်အောင် တစ်ကြောင်း၊ ဥမှသည် အားတိုင်အောင်တစ်ကြောင်း၊ ကွက်လပ်ကြက်ခြေထည့်လျက် အက္ခရာပုံရေးထားသော တစ်ကောင်းပြည့်၌ ပညာရှိတို့ ရေးသားပြုစီရင်အပ်သော တကောင်းပညတ်။

'တစ်ကား ဂဠုန် ယူတုံနာယမ်း' စသည်ဖြင့် ဓာတ်ကိုးပါး၊ ဂဏန်းကိုးလုံး၊ အာကာသဓာတ်တို့နှင့်တကွ ရွက်တိုင်ရွက်ကြိုး ပွဲတက်ပြုလုပ်၍ သင်္ဘောပုံသဏ္ဌာန်နှင့်ထားသော သထုံပညတ်။

'ကာဒိ၊ ဋာဒိ၊ ယကာရာဒိ၊ နဝသချာပကာသိတာ' စသည်ဖြင့် ထားအပ်သော ပိဋကတ်ပညတ်။

'ကခဂဃင' တနင်္လာစသည်ဖြင့် ထားအပ်သော ဗေဒင်ပညတ်။

'အယောလောဟာ'ဟု စသည်ဖြင့် ခေါ်ဝေါ်သော မာဂဓပညတ်။

'သံဂ္ဂျတ်ဘင်နာ'ဟု ခေါ်ဝေါ်သော မြန်မာပညတ်။

ဤသို့ ခုနစ်ပါးသော ပညတ်ဖြင့် ဝှက်သိုထားသည်၏ အဖြစ်ကြောင့် အများနှင့် မဆက်ဆံ၊ ပညာအဆက်ကိုရသော သူမှသာလျှင် ခုနစ်ပါးသော

http://www.dhammadownload.com



ပညတ်တို့ဖြင့် ဝေဖန်၍ ဓာတ်၏သဘောကိုသိလျက် ချက်လုပ်တတ်ပါသည်ဘုရား။

ထိုစကား၌ ပရမတ္ထ သဘာဝဓမ္မလိုရင်းသဘောသည်ကား အလုံးစုံသော ဤသြကာသလောကသည် လေးပါးသော မဟာဘုတ်ဟူ၍ မြူတို့၏ သဘောသာမှတ်တော်မူ။ ထိုသို့ဖြစ်ပါသော်လည်း ဖေဂ္ဂုသာရဟူသော သဘောနှစ်ပါးဖြင့် လက္ခဏာရှိ၍ အကာ၊ အနှစ်ဟူသော သဘောဖြင့် တည်၏။

ဤသို့တည်ရာ၌ ငါးပါးသော နိယာမတို့တွင် ဥတုနိယာမ၊ ဗီဇနိယာမ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဗီဇနိယာမဟူသော သဘော၌ ဗီဇဟူသော မျိုးစေ့၏ငါးပါးသော အင်္ဂါတို့ဖြင့်ဖြစ်ခြင်းရှိ၏။

ငါးပါးဟူသော်ကား အကုံရဟူသော အညှောက်တစ်ပါး၊ အကုံရ၏ တည်ရာ သမ္ဘာရဖြစ်သော အသားတစ်ပါး၊ အကုံရသမ္ဘာရဖြစ်သော အခွံတစ်ပါး၊ အမျိုးဇာတ်တစ်ပါး အလုံးစုံကိုစွတ်စို၍ တည်သော အာပေါဓာတ်တစ်ပါး၊ ထိုငါးပါးတို့၏ ပြည့်စုံခြင်းဖြင့် အသစ်ဖြစ်လတ္တံ့သော အပင်၏ အကြောင်းရင်းဖြစ်၍ ဗဟိဒ္ဓဖြစ်သော မြေ၊ ရေ၊လေ၊နေ ထိုအကြောင်းလေးပါး ပြည့်စုံရာ၌ ဆိုအပ်ပြီးသော အင်္ဂါငါးပါးတို့တွင် အကုံရမည်သော အညှောက်ကြီးပွားခြင်းသို့ရောက်၍ ထိုအညှောက်သည် အမြစ်ဖြစ်လျက် ကြွင်းသောဝတ္ထုသည် အကိုင်း၊ အခက်၊ အရွက်၊ အပွင့်တိုင်အောင် အသစ်ဖြစ်သော မြူလည်း တစ်ပါးမှလာသည်မဟုတ်။

ဗဟိဒ္ဓဖြစ်သော ရေမြေနှစ်ပါး၏ ရသတည်းဟူသော မြူကိုဆောင်၍ ကြီးသောမျိုးစေ့ဖြစ်လျှင် ကြီးသောအလျှောက်၊ ငယ်သောမျိုးစေ့ဖြစ်လျှင် ငယ်သောအလျှောက် ကောင်းကင်၌ပျံ၍ တည်ဘိသကဲ့သို့ အရည်ကျို၍ ရကောင်းသောလောဟာမျိုးတို့သည်လည်း သံ၊ သွတ်၊ ခဲမစသည်တို့ကို ချက်လုပ်တတ်သောသူတို့သည်လည်း ချက်လုပ်ပါက အလုံးစုံသောဓာတ်တို့၏ အနှစ်ရွှေဖြစ်ခြင်း၊ ထိုရွှေ၏ အနှစ်သည် ပတ္တမြားဖြစ်ခြင်းတို့ကို ပါဠိတော် အဋ္ဌကထာဋီကာတို့၌ အရိပ်အမြွက်ပြဆိုခြင်း၊ မြန်မာတိုင်းပြည်၌ မြန်မာပညာရှိတို့ကား ပတ္တမြားချက်နည်း၏ အာဒိကမ္မိကအစဖြစ်သော စကားကို

http://www.dhammadownload.com



မြန်မာတို့ဘာသာလက်ာစကားပြေတို့ဖြင့် ကျား၊ ကြောင်၊ ကြွက်၊ ဟိုင်း စသည် ဖြင့် သမိုင်းရာဇဝင်ပါ မင်းပညာရှိတို့သည် ရေးမှတ်ထားသောကြောင့် ရှေးမှ တက်၍ သုဝဏ္ဏပဏ္ဏာဗောတ ပတ္တမြားဟူသည်ကား ချက်လုပ်၍ဖြစ်ကောင်း သော သဘောရှိကြောင်း၊ မနောမယ ပတ္တမြားမှာမူကား အရှေ့သမုဒ္ဒရာ၌ သာရှိ၍ ကမ္ဘာ့မေ့တာစကြာမင်းတို့သုံးဆောင်သည်ဟု ကျမ်းဂန်လာသော ကြောင့် အထက်ဆိုခဲ့ရင်း နီတိဆရာ၏ "သေလေသေလေ နမဏိကံ"ဟူသော စကားသည် မနောမယပတ္တမြားနှင့်တူသော ကျောက်သည်တောင်ဟူသမျှ တို့၌ မရှိဟုဆိုလိုပါသည်။ သာမန်ဝေါဟာရ ပတ္တမြားမျှသာရှိနိုင်ပါသည်။

သို့ဖြစ်၍ မဟာမုနိန္ဒ လောကသင်းကျစ် ဓမ္မရာဇ်ထွတ်ထား မြတ်စွာ ဘုရားအလောင်း မင်းကောင်း မဟောသဓာဇာတ်တော်ကြီး အဋ္ဌကထာ၌ လာသော အကောက်တစ်ထောင်ရှိသော ပတ္တမြားသည် စင်စစ်အားဖြင့် မနောမယပတ္တမြား မဏိဇောတပတ္တမြားမဟုတ်။

ယခုလူတို့ သုံးစွဲသော သလွဲမည်းပျက် ကျောက်တောင်မြေတွင် အောက်သံရှိ၍ သံ၏အခိုးဝင်စွဲသဖြင့် ပထမရှေးသော အဆင်းနှင့် ဂေါမုတ္တာ ဖြစ်ပါသည်။

နောက် ရင့်ကြာသော် ပန်းရောင်ဆီးရောင် အရည်ကြီးရောင် အရည် တဲရောင်အစရှိသဖြင့်ဖြစ်သော ယခုမိုးကုတ်တောင်မှထွက်သော ပတ္တမြားခေါ် လုံးကြီးလုံးလှမျှသာ မှတ်တော်မူဘုရား။

ဤစကားသည် ဆရာအများတို့လည်း ကြိုက်နှစ်သက်တော်မူကြ ကုန်၏။

အဘယ့်ကြောင့် ဥမင်္ဂဇာတ်တော်၌လာသော ပတ္တမြားသည် ယခု လူတို့သုံးစွဲသော ကျောက်တောင်မှရကောင်းသော ပတ္တမြားစင်စစ်ဖြစ်ကြောင်း ဆိုဘိသနည်းဟူငြားအံ့။ ထိုပတ္တမြားသည် လူတို့၏ အလိုကိုပေးသည်ဟု မရှိ မတွေ့။ အလုံးလှအရည်ကောင်းမျှသာပင်ဟု မှတ်တော်မူဘုရား။

ပြကတိဖြစ်သော စင်စစ်မနောမယလူတို့ ကြိုချက်၍ရကောင်းသော မဏိဇောတတို့မူကား လူတို့အလိုကိုပေးနိုင်ခြင်း၊ ကောင်းကင်သို့ ပျံနိုင်ခြင်း

http://www.dhammadownload.com



ဟူသော ဂုဏ်ပြည့်စုံ၏။ ဤကိုထောက်သော် ဒမိဝါဟန ဇာတ်တော်ဝယ် ဝက်ထံမှရသော ပတ္တမြားသည် ကောင်းကင်သို့ပျံနိုင်သော လက္ခဏာကို ထောက်သဖြင့် လူတို့ချက်လုပ်သော သုဝဏ္ဏမဏိဇောတ စင်စစ်ဟူ၍သိတော်မူဘုရား။

ထိုပတ္တမြားတို့သည်ကား မဟာဝါ အဋ္ဌကထာ သုဒဿနသုတ်တော်ဝယ် အကျယ်ဖွင့်ပြ၍ သေချာစွာလာသောအရှေ့သမုဒ္ဒရာမှရသော မနောမယ၊ အထက်ပြဆိုပြီးခဲ့သော စူဠကန္တာရအတတ်ဖြင့် လူတို့ချက်လုပ်၍ ရကောင်းသော သုဝဏ္ဏမဏိဇောတဟူ၍ နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် ဂုဏ်ထူးခြပ်သတ္တိ ဝိသေသသည် အဘယ်သို့ ထူးခြားကွဲလွဲရှိကြကုန်သနည်း ဟူငြားအံ့။ ဘုန်းကြီးသောစကြာမင်းတို့ထက် အရှေ့သမုဒ္ဒရာမှ နတ်တို့ယူဆောင်၍ဆက်သဖြင့် ရအပ်သောစကြာမင်းနှင့် တကွသော နတ်တို့သုံးဆောင်သော မနောမယပတ္တမြား၏ ဂုဏ်သည် အရောင်အလင်းကို ပေးနိုင်ခြင်း၊ ကောင်းကင်သို့ ပျံနိုင်ခြင်း၊ လူတို့၏ အလိုကိုပေးနိုင်ခြင်းဟူသော ဂုဏ်သုံးပါးနှင့်ပြည့်စုံ၏။

စူဠကန္တာရအတတ်ဖြင့် လူတို့ချက်လုပ်၍ ရွှေမှဖြစ်ကောင်းသော သုဝဏ္ဏမဏိဇောတမည်သော ပတ္တမြား၏ ဂုဏ်ထူးဝိသေသသည်ကား မနောမယပတ္တမြား၏ ဂုဏ်သုံးပါးနှင့်တူမျှသောအကျိုးကို ပေးသည်ထက် အသက်ကို ရှည်စေနိုင်ခြင်းတည်းဟူသော ဂုဏ်တစ်ပါးပိုလွန်၍ ပြည့်စုံသည်ဟု အမြဲပိုက်ကျုံး ရွှေနှလုံးတော်ရင်း သွင်းထားတော်မူ၍ စူဠကန္တာရအတတ်ဖြင့် လူတို့ကျိုချက်ကလည်း ပတ္တမြားဖြစ်သည်ကို ဧကန်မလွဲအမြဲမုချ မှတ်ယူတော်မူပါမည့်အကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား' ဟူ၍ တင်လျှောက်လေ၏။

ဘဝရှင်မင်းတရားကြီးသည် ပြည်မြို့ဆရာကြီးဦးရွှေအောင်သို့ အမတ်ကြီးဦးပေါ်ဦး တင်သည့်အတိုင်း ဟုတ်၏မဟုတ်၏ကို မေးတော်မူ၏။ ထိုအခါ ဦးရွှေအောင်ကလည်း မောင်ပေါ်ဦးတင်လျှောက်သမျှသော စကားတို့သည် အစမှသည် အဆုံးသို့တိုင်အောင် အမှန်ချည်းပင်ဖြစ်ပေသည်ဟု လွန်စွာအံ့ဩထောမနာ၍ တင်လျှောက်လေ၏။

http://www.dhammadownload.com



ဤသည်လျှင် ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် လုပ်ရပ်၏အခြင်းအရာကို အကျယ်ဖွင့်၍ တင်လျှောက်သောအခန်းပြီး၏။

❖ ❖ ❖

## ဟေမခန္တတိုင်း ပူရံမြို့မှဆက်သသည့် ကတိုးရိုးကောင် အကြောင်းကို တင်လျှောက်ခြင်း

တစ်ရံရောအခါ ဟေမန္တတိုင်း ပူရံမြို့မှ ကတိုးရိုးကောင် နှစ်ကောင်ဆက်သလာ၏။ ထိုအခါ ဘဝရှင်မင်းတရားကြီးသည် ၎င်းကတိုးရိုးနှစ်ကောင်ကို တောင်ပန်းခုံတော်အတွင်းတွင်ထား၍ ဥယျာဉ်တော်မှူးကို ကြည့်ရှုစောင့်နေစေရာ ကတိုးရိုးကောင်တို့မည်သည်ကား ပန်းပွင့်ဝတ်ဆန်စသည်ကိုသာ စားမျိုလေ့ရှိကုန်၏။

အခါတစ်ပါးသော် ထိုကတိုးရိုးကောင်သည် ဂန္ဓမာနီခေါ်သောပန်းကိုစားမိသဖြင့် မသင့်သောအစာဖြစ်ရကား မကြာမီပင်သေဆုံးလေ၏။ ဤသို့ကတိုးရိုးသေသော် စောင့်ထိန်းသောဥယျာဉ်မှူးသည် ရာဇဝတ်တော်ပေးမည်ကို လွန်စွာကြောက်လန့်ရကား တင်လျှောက်ခြင်းကို မပြုဝံ့သည်နှင့် အမတ်ကြီးဦးပေါ်ဦးလည်း နန်းတော်သို့ဝင်၍လာသည်တွင် ခြေကိုဖက်ပြီးလျှင် ကျေးဇူးတော်သခင် အရှင်မင်းဘုရား. . . ကျွန်တော်မျိုး၏ အသက်ကိုကယ်ဆယ်တော်မူပါဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက မေးသည်မှာ ဥယျာဉ်မှူးသည် အဘယ်သို့သောအကြောင်း ရှိသနည်းဟုမေးရာ ဥယျာဉ်မှူးသည် ကတိုးရိုးသေဆုံးသောအကြောင်းကို ပြန်ပြောင်း၍လျှောက်ထားသော် အမတ်ကြီးဦးပေါ်ဦးက အမိန့်ရှိသည်မှာ 'ဥယျာဉ်မှူး. . . စကားအရာ အင်္ဂါလေးတန်မကျေပွန်သော် ဤအရာ၌ အတင်အလျှောက် ခဲခက်သောအရာပင်တည်း။ အဘယ်သို့ခက်သနည်း ဟူငြားအံ့။ နန်းတော်၊ အိမ်တော်ဆိုသည်မှာ မင်္ဂလာနှင့်ဩဘာကိုသာ အလိုရှိသောနေရာဖြစ်၍ ကတိုးရိုးသေပါကြောင်းဟူ၍ သံတော်ဦးတင်ရမည်လည်း အမင်္ဂလာစကားဖြစ်၍ မင်းပြစ်မကင်းရှိတတ်သည်။

http://www.dhammadownload.com



ကတိုရ်းပြန်တော်မူပါသည်။ ကတိုရ်းနတ်ရွာစံပါသည်။ စုတေသည်။ ဘဝလွန်ပါသည် စသည်တို့ဖြင့်တင်လျှောက်ချေကလည်း အဟိတ်တိရစ္ဆာန်နှင့်မတန်သောအရာ ဖြစ်ချေသည်။

သို့သော်လည်း မောင်မင်းကို သနားသောအားဖြင့် သက်သာခွင့်ရစေမည်။ ငါ့အားတင်စားအဘယ်မျှ ပေးမည်နည်းဟုမိန့်တော်မူသော် ဥယျာဉ်မှူးသည် အသက်ဖိုးဒိုင်ငွေ သုံးပိဿာကျေးဇူးတော်မြတ်ကို ပေးဆပ်ပါမည်ဟုလျှောက်သော် အမတ်ကြီးဦးပေါ်ဦးသည် ကတိုရ်းကောင်သေသည်ကို ရင်ဝယ်ပိုက်၍ ရွှေနန်းတော်သို့ဝင်ပြီးလျှင် ဘဝရှင်မင်းတရားကြီးရှေ့တော်သို့ ခစားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဦးပေါ်ဦး ခစားသည်ကို မြင်တော်မူသဖြင့် မေးတော်မူသည်မှာ 'ဟဲ့ပေါ်ဦး. . . မောင်မင်းပွေ့ပိုက်လျက်ခစားသည်မှာ အဘယ်နည်း'ဟု မေးတော်မူ၏။

ဤသို့မေးတော်မူက အမတ်ကြီးဦးပေါ်ဦးသည် ပွင့်မြူးသော ဉာဏ်တို့ဖြင့် ရှိခိုးသံတော်ဦးတင်သည်မှာ 'ဘုန်းတော်ကြောင့် အာသံတိုင်း အာသံမင်းတို့က ဆက်သလာသော ကတိုရ်းသည် ဥယျာဉ်တော်ပန်းခုံ၌ထားရာ ဂန္ဓမာနီခေါ် သော ပန်းဝတ်ဆံကို စားသုံးမိသဖြင့် ကိုယ်လုံးတော်ကို ဆက်သပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား' ဟူ၍ သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ပြုံးတော်မူလျက် မိန့်တော်မူပြန်သည်မှာ 'အင်း. . . သေတတ်သောသဘောရှိ၍ သေပြီးသည်ကို အဘယ်မှာ တတ်နိုင်အံ့နည်း။ သို့သော် ၎င်းကတိုရ်းကောင်ကို ပန်းပေါင်းကြိတ်၍ မိဖုရားများသို့ ဆက်သလိုက်ပါမောင်မင်း'ဟူ၍ မိန့်တော်မူ၏။

ဤအရာဝယ် စကားအရာ လိမ္မာကျွမ်းကျင်သော ပညာရှိအမတ်ကြီးဖြစ်ရကား ဥယျာဉ်မှူး၌လည်း ရာဇဝတ်မှ ချမ်းသာ၍ မိမိလည်းသုံးပိဿာမျှသော ငွေကိုအကန်တော့ခံ၍ အတ္တဟိတ-ပရဟိတနှစ်ပါးမှ ပြည့်စုံရဖူးချေသည်။

အမှာ. . . ဤယခုဆိုအပ်ခဲ့ပြီးသော ကတိုရ်းကိုရကြီးသတ်၍ ရေးထုံးပြုအပ်၊ ပြုသင့်၊ ပြုထိုက်လှ၍ ရေးလိုက်သည်မှာ အဘိဓာန်ကျမ်းတွင်

http://www.dhammadownload.com



ကတ္တုရိကာ-ကာတိုရ်း၊ မိဂမဒေါ-ကတိုရ်းဟူ၍ ပရိယာယ်နှစ်ပုဒ်ပြသည်။ မြန်မာဘာသာခေါ် ဝေါ်ရေးသားကြသည်မှာ ဝိဇ္ဇာဓရ-ဝိဇ္ဇာမိုရ်၊ စမ္ပါနဂရ-စမ္ပါနဂိုရ်၊ နဂရ-နဂိုရ်၊ ထေရ-ထေရ်ဟု ရေးသားသကဲ့သို့ ကတ္တုရိကာ-ကတိုရ်း ဟူ၍ခေါ် ဝေါ်သည်။ 'ကတ္တုသိလာဃာယံ'ဟူ၍ အဘိဓာန်ဋီကာ ဖွင့်သည်။

အမရကောသ၊ အဘိဓာန်ကျမ်း စသည်တို့၌ မိဂနာဘိ သဒ္ဒါလည်း ကတိုရ်းပေါဖြစ်ကြောင်းကိုပြသည်။ သို့ဖြစ်၍ ဤယခုသေသော ကတိုရ်း ကောင်တွင် ဖျက်၍ ကြည့်မှ ဒိဋ္ဌအားဖြင့် ကတိုရ်းတို့မည်သည် ချက်တိုင်၊ ချက်ပွင့်မှ မွှေးကြောင်းကိုသိရာသည်။

အချို့သောသူတို့မှာ ကတိုရ်းမည်သော သား၏ ဇေးဥအဏ္ဍာမှဟူ၍ လည်းကောင်း၊ ခွာအစရှိသည်တို့မှသော်လည်းကောင်း မွှေးသည်ဟု ထင်မှတ် ပြောဆိုကြ၏။

ဤသို့ပြောဆိုသော သူတို့သည်ကား ပညာသိမ်သေး ဉာဏ်မှေးမှုက်စိ ရှိလှ၍သာဟူ၍ မှတ်ကုန်ရာသည်။ ဤသည်လျှင် စကားအလျဉ်းသင့်၍ မှတ်ဖွယ်၊ သိဖွယ်ကောင်းလှသော အရာဖြစ်၍ ထည့်သွင်းရေးသားလိုက် သည်။ ဤကား အမှာစကားချပ်တည်း။

ဤသည်လျှင် ကတိုရ်းသေ၍ တင်လျှောက်သောစကားတစ်ရပ် အပြီးသတ်တည်း။

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးသည် မိမိကိုယ်ကို နှိမ့်ချခြင်း

တစ်ရံရောအခါ အမတ်ကြီးဦးပေါ်ဦးသည် သာသနာပိုင်ဆရာတော် ဘုရားကြီး အထံတော်၌ သီလခံယူ၍ ကျောင်းတော်တွင်ပင်လျှင် ဥပုသ် ဆောက်တည်၍နေ၏။ ထိုအခါ သံဃရာဇ်ဖြစ်တော်မူသော ဆရာတော် ဘုရားကြီးသည် အမတ်ကြီးဦးပေါ်ဦးနှင့် အထူးထူးသော ဓမ္မဝါစက အာလာပ သလ္လာပတို့ကို ပြောဆိုနှီးနှောကြရာ အမတ်ကြီးဦးပေါ်ဦးက စကားအလျဉ်း သင့်၍ ဤသို့လျှောက်ထားလေ၏။

http://www.dhammadownload.com



ပထမတောင်ဖီလာအကျော် ဆရာတော်ကြီးရေးသားတော်မူသော 'ဝိနယာလင်္ကာရဋီကာ'သည် ဋီကာဟူသမျှတို့ကို တပည့်တော်ကြည့်ရှုဖူးသည်သာ များပါသည်။ ဤဋီကာကဲ့သို့ ဝါကျအသွားအလာ ဖျင်းသောစာသည် ဘယ်မှာမှ မတွေ့ဖူးချေ။ သဒ္ဒနယဝါကျရှုပ်ထွေးသည်သာ မဟုတ်။ သိက္ခာပုဒ်တို့ကိုဆုံးဖြတ်ရာ၌လည်း ခိုင်မာလုံလောက်အောင် မရေးနိုင်ရှာ။ ဤစာများသည် စာမှားစင်စစ်မှတ်ရာ၏ဟု လျှောက်ထားလိုက်သော် အမတ်ကြီးဦးပေါ်ဦး၏အပါး၌ရှိသော သာသနာပိုင်ဆရာတော်နှင့် ပေါက်ဖော်မကင်းဆွေရင်းမျိုးချာ တောမြို့ရွာမှ ဆရာတော်ကိုကန်တော့လာသော တကာနှစ်ယောက်တို့က ပြောဆိုသည်မှာ 'ပေးမောင်ရင်. . . မောင်ရင်ပါမှန်းသိ၍ ခအရဆရာတော်ကြီးများ ရေးသားစီရင်သော ဋီကာကြီးများကို မှားလေတုံသော၊ မှန်တုံသောနှင့် သဘောထင်တိုင်း ပြောရဘိသနည်း။ မောင်ရင်နှင့် အဖက်တန်သလော'ဟုမေးရာ အမတ်ကြီးဦးပေါ်ဦးက မည်သို့သော စကားတစ်ခွန်းကိုမျှ ပြန်လှန်၍ပြောလည်းမပြော။ ပြကတိသော မျက်နှာလည်း မပျက်။ ဆရာတော်နှင့်သာ စကားဆက်လက်၍ ပြောမြဲတိုင်းသာလျှင် ပြောဆို၍နေသည်။

ထိုအခါ ဆရာတော်ဘုရားကြီးသည် မိမိတပည့်တကာတို့သည် နောက်ထပ်တစ်ဖန် အမတ်ကြီးဦးပေါ်ဦးသို့ မတော်မလျော်သော စကားဖြင့် ပြောဆိုမိမည်ကို စိုးရိမ်သဖြင့် စကားပြောရာမှထတော်မူ၍ စကြံသွားဟန်ပြုပြီးလျှင် မိမိ၏တပည့်တကာတို့ ဝပ်တွား၍နေရာလက်ကို ခြေဖြင့်နင်း၍ မပြောစေခြင်းငှာ အရိပ်အမြွက်ပြခဲ့၏။

ထိုအခါ ဆရာတော်ဘုရားကြီးက အရိပ်အမြွက်ပြသည်ကို သိသဖြင့် တကာနှစ်ယောက်တို့သည် ကြောက်လန့်တကြားရှိရကား နောက်သို့လွန့်၍ တွန့်ဆုတ်ပြီးကာ နေကြရာကို အမတ်ကြီးဦးပေါ်ဦးမြင်သည်နှင့် ပြောဆိုသည်မှာ 'ကျောင်းတကာကြီးတို့. . . ရှေ့တိုး၍ထိုင်တော်မူကြပါ။ မင်းကြီးမောင်ပေါ်ဦးဆိုသူသည် ကျွန်ုပ်ပင်ဖြစ်ပါသည်။ သို့သော်လည်း ကြောက်ခြင်းထိတ်လန့်ခြင်းအမှုကို ပြုဖွယ်ရန်ကိစ္စမရှိပါ။ ကျွန်ုပ်သည်လည်း ကျောင်းတကာကြီးတို့နှင့် အတူတူပင်ဖြစ်ပါသည်။ စင်စစ်တရားကိုယ်အားဖြင့်သော်လည်း ကောင်း၊ ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ အနှောင်အဖွဲ့ဘုတ်လေးပါးတို့၏

http://www.dhammadownload.com



ပြုပြင်ရာ ဒွတ္တိံသာကာရ အစုအဝေးမျှဖြစ်၍ ပညတ်အားဖြင့်သာ ကိုယ်ဟူသော အရေအတွက်သို့ရောက်ပါသည်။ ထိုသို့ အနတ္တသဘာဝဓမ္မကိုပင် အတ္တဘောနှင့်နေကြသူချည်းပင် ဖြစ်ကြပြန်သော်လည်း ကျွန်ုပ်တို့အတ္တဘောနှင့် ကျောင်းတကာကြီးတို့၏ အတ္တဘောသည် ပူတိကပရိစ္ဆေဒကိုပြဆိုရလျှင် ကျောင်းတကာကြီးတို့၏ ကိုယ်ခန္ဓာထက် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာသည် နေ့ရက်မရှည်မကြာခင် အလျင်သာပုပ်ခြင်းသဘောသို့ ရောက်ဖွယ်ရာသာတည်း။

အဘယ့်ကြောင့်နည်း ဟူငြားအံ့။ ကျောင်းတကာကြီးတို့သည် တောရွာအလျောက် စားသောက်နေထိုင်ကြသော အစာထက် ကျွန်ုပ်တို့ နေ့စဉ်စားသောက်သော အစာသည်ဆိမ့်အိမ့်ညှိဟောက်သော ဂန္ဓ၊ ရသ သြဇာသေတ္တုရှိ၏။ ထိုအစာကိုစားသည်နှင့်လျော်ညီစွာလည်း ကိုယ်ခန္ဓာသည် ဆူဖြိုးဖွံ့ထွား၏။ သေသောတစ်နေ့သို့ ရောက်အသာအခါလည်း ထိုသို့ ဆူဖြိုးဖွံ့ထွားသောသူသည်ပင် အလျင်ပုပ်နံခြင်းသို့ရောက်ရာ၏။

ဤသို့အပုပ်ကောင်စင်စစ်ဖြစ်ကြရာဝယ် ကျွန်ုပ်တို့သည်သာလျှင် ကျောင်းတကာကြီးတို့၏ အလျင်ပုပ်ခြင်းသို့ရောက်မည်ဧကန် အမှန်မလွဲဖြစ်ပါလျက် အပုပ်ကောင်အချင်းချင်း အတူယှဉ်ပြိုင်ထိုင်လျက် နှီးနှောစကားပြောကြသည်ကို အဘယ့်ကြောင့် ထိတ်လန့်ရွံ့ကြောက် နောက်သို့တွန့်ဆုတ်ခြင်းပြုဘိသနည်း။ ရှေ့သို့ပင်တိုး၍ အကျိုးအကြောင်းကြံဆပြီး အာလာပ သလ္လာပ ပဋိသန္ထာရဓမ္မကိုသာ ပြောဆိုတော်မူကြပါ ကျောင်းတကာ'ဟူ၍ ပြောဆိုပြီးလျှင် အတန်ကြာသော် အမတ်ကြီးဦးပေါ်ဦးသည် ရွှေကွန်အုပ် ဘုရားရှင်အရံအတွင်း ဘုရားအရုဏ်ခံ ရွှေတန်ဆောင်းတော်သို့ ကြွသွားလေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦး ကျောင်းတော်မှဆင်း၍ သွားလျှင် ဆရာတော်ဘုရားကြီးက တကာနှစ်ယောက်သို့ မိန့်တော်မူသည်မှာ မင်းကြီးမောင်ပေါ်ဦးဆိုသူသည် ထိုသူပင်တည်း။ မင်းတို့လူစု စကားပြောပုံသည် သတိထား၍ စဉ်းစားဆင်ခြင်ပြီး ပြောခြင်းမရှိ။ အလွတ်မဲ့ပြောကြသည်သာတည်း။ ယခုခေတ် သမယအခါတွင် အမရပူရရွှေပြည်တော်ကြီး၌ ဘုရင်ဧကရာဇ်မင်းမြတ်နှင့် အထူးချစ်ကျွမ်းဝင်သော ရာဇဝလ္လဘော်အမတ်သည်

http://www.dhammadownload.com



ထိုသူမှတစ်ပါးမရှိသည်သာ မဟုတ်ချေသေး။ ကျမ်းဂန်အရာ၌ ပြောရေးဆို ခွင့်ကြုံကြိုက်ပြန်မူကား ထိုသူထက် လွှမ်းမိုးနိုင်သောသူမမြင်သေး။ သည်းခံခြင်းအရာ၌လည်း ထိုသူ၏လွန်ခဲ့သောအသက်တွင် တစ်စုံတစ်ယောက်သောသူအား မည်သည့်အခါက မည်သူကိုနှိပ်စက်ကလူ မတရားပြုဖူးသည်ဟူ၍မျှ ကြားရဖူးသည်မရှိ။ သူတစ်ထူး၏အသက်ကို ကယ်ဆယ်သည်ကိုသာ ကြားဖူးသည်။

ဤသို့ သူတော်ကောင်းစင်စစ် ပြည်ချစ်ယောကျ်ားတရားရှိ အမတ်ဖြစ်၍သာ တော်ချေသည်ဟူ၍ မိန့်တော်မူသော် တကာနှစ်ယောက်တို့ကလည်း ဆရာတော်ဘုရားကြီး စကြာကြွသွားတော်မူ၍နေစဉ် မိမိတို့ကို စကားနီးနှောပြောကြရန် ရှေ့သို့တိုး၍ထိုင်ကြပါ။ ပုတိကာယ၊ ဇေဂုစ္ဆချည်းဖြစ်သောဒွတ္တိံသ အစုအဖွဲ့ချင်းမျှသာဖြစ်သောကြောင့် တစ်ယောက်နှင့် တစ်ယောက်ကို ကြောက်ခြင်း၊ ရွံ့ခြင်း၊ ထိတ်လန့်ခြင်းဖြစ်ဖွယ်အမှုမရှိကြောင်းကို ပြောဆိုသွားပါသည်'ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်မှာ လိမ္မာသူမှန်က ဓမ္မောဇ၊ ကဝိလဋ္ဌ၊ သဋ္ဌနဂုဏ်ကိုယုန်ရေးတံဆိပ်ကဲ့သို့ ခတ်နှိပ်လျက်ချည်းဖြစ်တော့သည်။ မာနတည်းဟူသော မှန်ကင်းအထွက်ကို ချခြင်းအရာ၌ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၏ သဘောတော်သည် မိမိကိုယ်ကို ခြေသုတ်ကြိုးဝန်းကဲ့သို့ ထင်မှတ်တော်မူလေ့ရှိသည်ဟု ဆိုသောစကားကဲ့သို့ မင်းကြီးမောင်ပေါ်ဦးသည်လည်း တစ်ပြေးတမျဉ်းတည်း ညီညွတ်လှပေသည်ဟု ဆရာတော်ဘုရားကြီးသည် ချီးမွမ်းတော်မူလျက် သာဓုခေါ်တော်မူ၏။

တကာနှစ်ယောက်တို့သည်လည်း မိမိတို့နေရပ်သို့ပြန်၍ ရောက်သောအခါ အမတ်ကြီးဦးပေါ်ဦး၏ နှုတ်ထွက်စကားနှင့် ၎င်းအမတ်ကြီး၏ဂုဏ်ကို နဖူးလက်တင်စဉ်းစားမိတိုင်းပင် ကြက်သီးမွေးညှင်းထ၍ ခေါင်းနပန်းကြီးသောဟူ၏။ ရွှေမြို့တော် လေးပြင်ရှိ တံဆိပ်တော်ရ ဆရာတော်ဘုရားတို့လည်း တစ်ဆင့်စကားကြား၍ များစွာချီးမွမ်းတော်မူကြကုန်၏။

ဤသည်လျှင် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် မိမိကိုယ်ကို နှိမ့်ချခြင်းအခန်းပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## ဘဝရှင်မင်းတရားကြီးက ဝန်ဇင်းမင်းရာဇာကို ချီးမွမ်းရာ ဦးပေါ်ဦးလျှောက်တင်ခြင်း

အခါတစ်ပါးသော် ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီး ဦးပေါ်ဦးသို့ မိန့်တော်မူသည်မှာ 'ပေါ်ဦး. . . ယခုအခါ ငါတို့တိုင်းနိုင်ငံ တော်တွင် ဝန်ဇင်းမင်းရာဇာတို့ကဲ့သို့သော ပညာရှိအမတ်ရှိခဲ့ပါမူကား အကြံ တော်ရှိသမျှကို အလိုတော်ပြည့်ဖွယ်ရာသာ၊ ရွှေစိတ်တော် မချမ်းမြေ့ကလည်း နှလုံးတော်၌ ဖွေ့လောက်သောစကားကို တရားသဖြင့် လျှောက်ထားဖြေဆို နိုင်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာသော ကျမ်းဂန်တို့၌လည်း လွန်စွာ တတ်ကျွမ်းပွန်သူ တစ်ယောက်ဖြစ်သည်နှင့်လျော်ညီစွာ ဥဒါဟရုဏ်ပုံသာဓက သက်သေပြအရာဝယ် လွန်စွာရှင်းလင်းအောင် တင်လျှောက်နိုင်ပေသည်'ဟု ချီးမွမ်းထောမနာ၍ မိန့်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ 'ဘဝရှင် မင်းတရားကြီးဘုရားသည် ဝန်ဇင်းမင်းရာဇာမျှသော ကြည်းတောမွေး၊ မြို့ကြီး၊ နှုတ်သီးနီ-စကားတတ်၊ ဇာတ်နိပါတ် ရာဇဝင်ကလေးများကို စာတင်ပြီး ပြောနေသူကို ဤမျှလောက်ပင် ချီးမွမ်းတော်မူနေခြင်းသည် အဘိဓမ္မာရေး၊ သဒ္ဒါရေးကိုထောက်ထွေး မြော်သိပညာရှိမြတ် ကဝိတတ်တစ်ဆူ ပြုလုပ်၍ နေသူ 'မဏိဒီပ'နောက်ပိုင်းအလှိုင်းတကြီး ပြိုင်းပြိုင်းကြီးသီးလျက် ပုတီးရွှဲလုံး၊ သီကုံး သောပမာအဓိပ္ပာယတ္ထ၊ ကျနစွာရှိ၊ အဘိဓမ္မတ္ထ သဘာဝ၌ ယှူဆ သော အခြင်းအရာတွင် ပဉ္စာကင်းစင် သုတ်သင်ပြုစုတော်မူပေသော လူပြန် သော် 'မောင်းထောင်းဆရာကြီး'ကဲ့သို့သောသူနှင့် ကျွန်တော်မျိုးကဲ့သို့သော သူကိုလည်းကောင်း၊ သို့မဟုတ် မိုးတားစား အမတ်ကြီးနှင့် ဘုရားကျွန် ဝန် ပေါ်ဦး ကဲ့သို့သောသူကိုလည်းကောင်း၊ ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသော ထိုထိုသော အမတ် ကြီးသုံးဦးတို့ကို ဘဝရှင်မင်းတရားကြီးဘုရား ချီးမွမ်းတော် မူလိုပါ လျက် ချီးမွမ်းရန်ကုန်နိုင်မည်မထင်၍ ချီးမွမ်းဖွယ်ကုန်လွယ်စေခြင်းငှာ ဝန်ဇင်း မင်းရာဇာသို့ အလျင်ချီးမွမ်းတော်မူသည်ဟု ထင်ပါကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား'ဟု တင်လျှောက်လျှင် ဘဝရှင်မင်းတရားကြီးသည် ပြုံး တော်မူ လျက် အတွင်းဆောင်တော်သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံးတစ်ခန်းပြီး၏။

❖ ❖ ❖

## ဘိက္ခုနီပါတိမောက်နှင့် စပ်လျဉ်း၍မေးတော်မူရာ တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် ဖျင်းရိငြီးငွေ့တော်မူသည်နှင့် အမတ်ကြီးဦးပေါ်ဦးကို ခေါ်တော်မူပြီးလျှင် မေးတော်မူသည်မှာ 'ပေါ်ဦး. . ငါသည် ဝိနယပိဋက အာဏာဒေသနာတော်ကို လိုက်နာတော်မူကြသော ရဟန်း သံဃာတော်တို့၏ ဂုဏ်ကိုလွန်စွာ ကြည်ညိုသည်နှင့် ၎င်းသံဃာတော်တို့၏ စောင့်ထိန်းတော်မူကြရသော သိက္ခာပုဒ်တော်တို့သည် မည်မျှကျပ်တည်း ကျဉ်းမြောင်းပါသနည်းဟု သိတော်မူလိုသောကြောင့် စာကြည့်တော်မူရာ ဘိက္ခုနီပါတိမောက်သို့ရောက်က ဘိက္ခုနီမများကို ဆုံးမတားမြစ်သော သိက္ခာပုဒ်များမှာ လွန်စွာညစ်ညမ်း ကြမ်းတမ်းသည်။ ဤအရာဝယ် ငါတို့ထွတ်ထား ဂေါတမရှင်တော်ဘုရား ဟောတော်မူသည်မှန်ကလည်း ဤမျှလောက်သော ကုပ်ကပ်ညစ်ညမ်းခဲခက်သော လမ်းတို့ ကို ဟောတော်မူမည်မထင်။ ၎င်းဘိက္ခုနီပါတိမောက်၏ ကျမ်းပြီး၌ လည်း ဘုရားဟောတော်မူသည်ဟူ၍ လည်းကောင်း၊ သို့မဟုတ် မည်သူပြုစုသည့် ကျမ်းဟူ၍လည်းကောင်း မပါမရှိချေ။ သို့ဖြစ်၍ ငါ၏သဘောအရမှာ ၎င်းစာသည် ဘုရားဟောမဟုတ်။ တော်စွာလျော်စွာဖြစ်သော အညတရပုဂ္ဂိုလ်များပင် ရေးသားထားခဲ့လေသလောဟု ဝိစိကိစ္ဆာ ကင်္ခါမကင်းယုံမှားခြင်းဖြစ်တော့သည်။ မောင်မင်းသည် အဘယ်ကဲ့သို့ သဘောရသနည်း'ဟု မေးတော်မူ၏။

အမှာ. . . ဤသို့ မေးတော်မူခြင်းကား ဘဝရှင်မင်းတရားကြီးသည် ဘုရားဟောမှန်းမသိ၍ မေးသည်မဟုတ်၊ ဝိနည်း ငါးကျမ်းပါဠိတော်တို့မှ ရဟန်းတော်တို့ ကျက်မှတ်လွယ်ရန် ပြုလုပ်၍ထုတ်နုတ်ထားသော ဘိက္ခုနီပါတိမောက်ဟု သိတော်မူ၏။ သို့သော်လည်း အမတ်ကြီးဦးပေါ်ဦး၏ အပျော်တော်ဆက်ဟန် ဖြေကြားဟန်ကို အလိုတော်ရှိ၍ မေးတော်မူခြင်းဖြစ်သည်။ ဤကား အမှာစကားချပ်တည်း။

http://www.dhammadownload.com



ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ရွှေနားနာတော်မူဘုရား။ ဘုရားရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦး၏ စိတ်သည်လည်း ဘဝရှင်မင်းတရားကြီးဘုရားနှင့် တစ်ပြေးတစ်မျဉ်းတည်းပင် ကဒ်ါမကင်း ယုံမှားခြင်းရှိလှသဖြင့် ၎င်းဘိက္ခုနီပါတိမောက်ကို ရေးသောပုဂ္ဂိုလ်ကိုသိလို၍ ထောက်လှမ်းစုံစမ်းမေးမြန်း၍ ရှာဖွေရာ ရတနာပူရ ရွှေဝသေဌ်နင်း"ရာဇာမဏိစူဠာ"စေတီတော်ကြီး၏ ဒါယကာ သာလွန်မင်းတရားကြီးဆောက်လုပ်ကိုးကွယ်တော်မူသော စစ်ကိုင်းမြို့မြောက် ဝတ်ချက်ရွာတောင်၌ ဝေဇယန္တာ ရွှေကျောင်းနေ "ဇမ္ဗုဒီပဓဇ" ဆရာတော်လက်ထက်က ပေစာငယ်တစ်စောင်သည် ဟောင်းနွမ်းကျိုးပဲ့လျက်ရှိပါသည်။ ၎င်းစာမှာ အဆုံးကမ္ပတ် အပြီးသတ်ပလ္လင်တို့၌ပါလာသော အမည်ကား 'သက္ကရာဇ်တစ်ထောင်ပြည့်နှစ် နယုန်လဆန်း ခြောက်ရက် တနင်္လာနေ့ညနေ သုံးချက်တီးကျော်အချိန်တွင် ကိုရင်ဒီပရေး၍ပြီးသည့်စာ ပု၊ ဒိ၊ အာနှင့် ပြည့်စုံပါလို၏'ဟု ဆုတောင်းနှင့်တကွတွေ့ရှိပါ၍ ဤစာကိုတွေ့သည်တွင်မှ 'ကိုရင်ဒီပ'ရေးသောစာဖြစ်ကြောင်းကို သေသေချာချာကွဲကွဲပြားပြား သိရှိရကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟု လျှောက်ထားလေလျှင် ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးကြီးမတ်ငယ်တို့သည် လွန်စွာရယ်မောခြင်းဖြစ်ကြရလေ၏။

ဘဝရှင်မင်းတရားကြီးလည်း 'ဩော်. . . ပေါ်ဦး-ပေါ်ဦး'ဟု အာမေဍိတ်ပြု၍ မိန့်တော်မူပြီးလျှင် အတွင်းဆောင်တော်သို့ ပြုံးတော်မူလျက် ဝင်တော်မူ၏။

အမှာ. . . ၎င်းကိုရင် ရှင်ဒီပရေးသည်ဆိုသည်မှာ ပေရေးသင်၍ အခြားမူမှ မိမိပေပေါ်သို့ကူးယူရေးသား၍ ပြီးသည့်နေ့ကို သက္ကရာဇ်နေ့စွဲပြုလုပ်၍ထားသည်ဟု သိကြလေ။ အောက်နိုင်ငံသား တို့မှာ ပေရေးသင်သော 'မောင်ရှင်သာမဏေ'နည်းပါး၍ စက္ကူစာအုပ်ကို အသုံးများသောကြောင့် နောက်သားနောင်လာတို့ နားလည်ရန် ခဲယဉ်းမည့်အတွက် မှာထားသော စကားချပ်ပြီး၏။

http://www.dhammadownload.com



ဤသည်လျှင် ဘိက္ခုနီပါတိမောက်ကို တင်လျှောက်သောအခန်း ပြီး၏။

❖ ❖ ❖

## ပိဋကတ်တော်များကို မီးတိုက်လိုဟန် မိန့်တော်မူခြင်းကို လျှောက်တင်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် ပျင်းရိတော်မူသည်နှင့် အမတ်ကြီးဦးပေါ်ဦး၏ အပျော်တော်ဆက်သည်ကို အလိုဟော်ရှိရကား ဤသို့ မိန့်တော်မူ၏။

'ပေါ်ဦး. . . ငါတို့အထွတ်တမွတ်မောဠိ တိဘဝိသာရ ပရမဥက္ကဋ္ဌ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရွှေကိုယ်တော်စားထင်ထားတော်မူခဲ့ သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တို့ကို ပထမသင်္ဂါ ယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာ စသည်တို့၌ နှုတ်တက် အာဂုံ အကုန်အစင် စုံလင်စေ့ငှရတော်မူကြသော ရဟန်းသံဃာအရိယာတို့သည် များးစွာရှိကြသည်။ ယခုငါတို့ လက်ထက်တော်များမှာ နှုတ်တက်ရသူ၊ ဆောင် ရွက်နိုင်သူ မပြုမပေါ်ကြည့်ရှုနိုင်သော ပုဂ္ဂိုလ်မျှကိုပင် အကျော်ပြု၍ နေကြ ရတော့သည်။

ထို့ကြောင့် ပိဋကတ်သုံးပုံကို နှုတ်ငုံမဆောင်ရွက်နိုင်ကြက ပေဖြုန်း ငွေဖြုန်းသာဖြစ်အောင် ပြုလုပ်၍နေကြသကဲ့သို့ရှိတော့သည်။ ဤသို့ ပေဖြုန်း ငွေဖြုန်းသာဖြစ်ပြန်ပါက အထားရခက်၊ အသိုရခက် မရှိကြရအောင် စေတီ ပေါက်ရောက်ရာ အတွင်းရှိပိဋကတ်တို့ကို မီးပူဖော်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းကို ပြုလိုက်လျှင် ကောင်းမည်ထင်သည်။ ဤအရာဝယ် မောင်မင်းသဘော၌ အဘယ်သို့ ရသနည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ဘုန်းတော် ကြောင့် ဘုရားမုခပါဌ်ပိဋကတ်တော်တို့ကို မီးသင်္ဂြိုဟ်တော်မူလိုသော ဆန္ဒ တော်အတိုင်းပြုလုပ်တော်မူလိုသည်ဖြစ်အံ့ ယခုသွန်းလုပ်တော်မူသော စန္ဒ မုနိရုပ်ရှင်တော်မြတ်ကို ဧရာဝတီမြစ်တွင် အလျင်တင်ကူး၍ ရေချတော်မူပြီး

http://www.dhammadownload.com



မှ ပိဋကတ်တော်များကို မီးသဂြိုဟ် သင့်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်'ဟု လျှောက်ထားလေသော ဘဝရှင်မင်းတရားကြီးနှင့် တကွသော မှူးတော်မတ်တော်တို့သည် လွန်စွာ ရယ်မောခြင်း ပြုကြရလေ၏။

ဤအရာ၌ ပညာရှိအမတ်ကြီး "ဦးပေါ်ဦး"သည် ဘဝရှင်မင်းတရားကြီးသို့ စန္ဒမုနိဘုရားရှင်အား ရေဝယ်ချသင့်ကြောင်းကို တင်လျှောက်ခြင်းကား ပိဋကတ်တော်များမရှိက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာတော်ဂုဏ်စသည်တို့ကို မည်သူမျှသိတော့မည်မဟုတ်၊ သို့အတွက် ဘုရားရှင်ရုပ်ပွားတော်များကိုပင် ဘုရားဂုဏ်ကိုမသိသူတို့က ပိဋကတ်တော်ကွယ်သည့်နောက် နတ်ရုတ်လော လူရုတ်လောဟု တွေးတောမခန့်ရှိကြတော့မည်ကိုရည်၍ ရေချသင့်ကြောင်းဖြင့် တင်သည်ဟု မှတ်ကြလေ။ ဤကား အမှာစကားချပ်တည်း။

❖ ❖ ❖

## မြေးတော်ကြီး အိမ်ရှေ့မင်းနှင့် သာယာဝတီမင်းတို့ကို မှာတော်မူခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် အညာသီဟတော့ဘုရားမှပြန်လာ၍ ကျန်းမာတော်မမူသည်နှင့် မြေးတော်ကြီး အိမ်ရှေ့မင်း သာယာဝတီမင်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ 'ဘိုးတော်မှာ ဇရာပိဋ္ဌန-ဝေလညကြောင့် ပြောင်းကြွနတ်နန်း စံမြန်းတော်မူလှပြီ၊ နံနက်ပွဲတော် ညဥ့်ပွဲတော်တို့လည်း တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်သဖြင့် တစ်ဆုပ်ခန့်မျှသာ ပွဲတော်တည်တော်မူနိုင်တော့သည်။

သို့ဖြစ်သည်ကြောင့် မောင်တို့ နောင်ညီနှစ်ပါးကို ဘိုးတော်ဘုရားမှာထားမိန့်တော်မူခဲ့မည်။ ဘိုးတော်ဘုရားနတ်ပြည်သို့ မြန်းတော်မူသည်ရှိသော် မောင်တို့ ညီနောင်နှစ်ဦးသည် ရှေ့သို့တစ်ဦးကိုတစ်ဦး စိတ်နှလုံးနှောင့်ယှက်ခြင်းကို မဖြစ်စေနှင့်။ အရှည်သဖြင့် ချစ်ခင်မြဲမြဲ ယုံကြည်ကြစေ။ မောင်အိမ်ရှေ့မင်းသည် ညီတော်သာယာဝတီမင်းကို 'ညီဟူ၍လည်းမှတ်။

http://www.dhammadownload.com



သားဟူ၍လည်းမှတ်။ ကျွန်ဟူ၍လည်းမှတ်' ညီတော် သာယာဝတီမင်းက လည်း မောင်အိမ်ရှေ့မင်းကို 'အစ်ကိုဟူ၍လည်းမှတ်၊ အဖဟူ၍လည်းမှတ်၊ သခင် ဟူ၍လည်းမှတ်'။ မင်းဆွေမျိုးကျေးကျွန်တို့စကားနှင့် မောင်တို့နှစ်ဦး တွင် တစ်စုံတစ်ရာ နှလုံးထူးထွေရှိကြလျှင် ငါတို့ ဘိုးတော်မင်းတရားကြီး ဘုရား မှာထားတော်မူခဲ့သော စကားသည် အလွန်ဖြစ်ခဲလှသည်တကား။ ဘိုးတော် ထင်ရှားရှိတော်မူစဉ်သာ မိန့်တော်မူနိုင်သော စကားဖြစ်ပေသည်ဟု နှောင့်ယှက်ခြင်းကို ဖြေဖျောက်၍ အထူးချစ်ခင် ယုံကြည်ရမည်။ သို့မှ အရှည် ကောင်းရစ်ကြမည်။ မောင်အိမ်ရှေ့မင်းသည် ထီးနန်းကို အလိုမရှိသော်လည်း ကောင်း၊ သွေးနှင့်သားနှင့် ကိုယ်ဖြစ်၍ ဓာတ်လေးပါးပြုပြင်သဖြင့် ချုပ်သော် လည်းကောင်း၊ ညီတော် သာယာဝတီမင်းသည် ဆက်ခံစိုးစံရစ်စေ။ ဘိုးတော် ဘုရားချုပ်တော်မူသော် မောင်အိမ်ရှေ့မင်းသည် ဘိုးတော်ရိုက်ရာကို ခံတော် မူ၍ ညီတော် သာယာဝတီမင်းကို ဥပရာဇာဘိသိက် စာတမ်းရှိအတိုင်း နှင်း အပ်ရမည်။

**အထူးမှာရန်ကား. . .** ဘိုးတော်ဘုရားလွန်တော်မူသည့်နောက် မောင် အိမ်ရှေ့မင်းသည် ပေါ်ဦးကိုအလေးဂရုပြု၍ ရာကြီးထူးကြီး ခန့်အပ် ချီးမြှင့်ရစ်ရမည်။ အရေးကိစ္စဟူသမျှတို့၌လည်း ပေါ်ဦးကိုတိုင်ပင်၍ ပေါ်ဦး ပြောသောစကားကို ဘိုးတော်စကားကဲ့သို့ မှတ်ထင်နာယူကြရမည်။ ငါ၏ လက်ထက်တော်မူကား ပေါ်ဦးကိုမှူးကြီးချုပ် ခန့်အပ်ခြင်းမပြုခဲ့သည်မှာ စိတ်နေမြင့်မည်ကို စိုးသောကြောင့်သာ ခန့်အပ်တော်မမူခဲ့။ ဤသို့ ဘိုးတော် မှာထားသောစကားကို မြေးတော်နှစ်ပါးသည် ပယ်ရှားခြင်းမရှိ။ ပြကတိ အတိုင်း တည်ကြရမည်'ဟု မိန့်တော်မူခဲ့၏။

ဤအရာ၌ "မောင်အိမ်ရှေ့မင်း"ဟု ဘိုးတော်ခေါ်တော်မူသည် ကား ရေဝတီပြည်မှ မဟာမြတ်မုနိဘုရားကြီးကို ပင့်ဆောင်တော် မူခဲ့သော နတ်ရွာစံအိမ်ရှေ့မင်းကြီး၏သား၊ စစ်ကိုင်းမြို့စား ဖလ်နန်း ရှင်တည်း။ ညီတော် သာယာဝတီမင်းဆိုသည်ကား ကုန်းဘောင်းမင်း ဟုခေါ်သောရွှေဘိုမင်းကို ဆိုလိုသည်။ ဤကားအမှာ စကားချုပ် တည်း။

http://www.dhammadownload.com



မြေးတော်ကြီးနှစ်ပါးသို့ ဘဝရှင်မင်းတရားကြီးဘုရား အမှာတော်စာတမ်းကို ပြသောအခန်းပြီး၏။

## အမရပူရ ပထမမြို့တည်နန်းတည်ဖြစ်တော်မူသော ဘိုးတော်မင်းတရား ကြီးလက်ထက်တော်၌ အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သောအခန်း ပထမတွဲပြီး၏။

❖ ❖ ❖

## ဖလ်နန်းရှင် မင်းတရားကြီးသည် ဘိုးတော်ဘုရားရိုက်ရာကို ခံစံတော်မူရာ အမတ်ကြီးဦးပေါ်ဦး ဆက်သွင်းသော မင်္ဂလာရတုပိုဒ်စုံ

သက္ကရာဇ် တစ်ထောင်တစ်ရာ့ရှစ်ဆယ်တစ်ခုနှစ် နယုန်လဆန်း တစ်ဆယ့်ငါးရက်နေ့ ရွှေနန်းတက်တော်မူသော မြေးတော် ဖလ်နန်းရှင်မင်းတရားကြီးလက်ထက်၌ အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သောအခန်းကို ဆိုဦးအံ့။

သက္ကရာဇ် ၁၁၈၁ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့စစ်ကိုင်းမြို့စား မြေးတော် အိမ်ရှေ့မင်းသည် ဘိုးတော်ဘုရား ရိုက်ရာတော်ကို ခံစံတော်မူ၍ ရွှေနန်းတက်တော်မူသော်လည်း အခါတော်မကြိုက်သည်နှင့် ၁၁၈၅ ခုနှစ်မှ ထီးဆောင်မင်္ဂလာ မဟာဦးကင်သ ဖွင့်တော်မူ၍ သီရိတြိဘဝနာဒိတျ ပဝရ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာဟု တံဆိပ်နာမံ ခံတော်မူ၍ ဘိသိက်တော်ပန်း ဆင်မြန်းတော်မူရာတွင် 'သတိုးမင်းကြီး မဟာမင်းလှနော်ရထာ'ဘွဲ့ခံပညာရှိ အမတ်ကြီးဦးပေါ်ဦးသည် ဩဘာတော်ဆက်သသော ရွှေနားတော်သွင်း မင်္ဂလာရတုကား-

တောင်ကျွန်းကျက်သရေ. . . တက်ဖြိုးဝေသား၊ ပရမေဉက္ကဋ် နွယ်နေနတ်သည်၊ မန္ဓာတ်တစ်နွန်း၊ ရန်ပယ်ဖြုန်း၍၊ ကျင့်ထုံးအညီ၊ မြတ်ဝသီ ဖြင့်၊ မဟီတလေ၊ ရေနှင့်မြေကို၊ အောင်ဗျေဟိတ်၊ အောင်ဘိသိက်တွင်၊ အောင်နိမိတ်ယူ၊ အောင်တော်မူ၍၊ ရိပ်ဖြူစိုးဖွင့်၊ တန်ခိုးလွှင့်လျက်၊ ဖြိုးမြင့် စံခန်း၊ ဘိုးတော်နန်းထက်၊ တက်မြန်းလွယ်ကူ၊ ရိုက်ရာထူက၊ မပူချမ်းမြေ့ ကြာရေတွေ့သို့၊ မြေ့စက္ကဝါ၊ ကျွန်းလက်ယာတွင်၊ သာသနာရောင်ရှိန်၊ ပြောင်

http://www.dhammadownload.com



ပြောင်ထိန်၍၊ မမှိန်တိုးဆင့်၊ တစ်မျိုးတင့်လျက်၊ မိုးမြင့်အယုဠ္ဌ၊ မသတ္တနှင့်၊ မုချမဆိုင်း၊ တုဆွယ်တိုင်းဖြစ်၊ အံ့နှိုင်းတည်တည်၊ ကြံ့သိုင်းလည်သည်။တက်မည် **ရွှေတောင်နန်းမို့လေး၊ ထက်ပြည်ခေသောင် တျွန်းသို့လေး။** (ဤသို့ ၇-လုံးထပ်ချခြင်းကား ခိုင်ညွှတ်ခက်ဖြာချခြင်းတည်း။)

**အောက်ညွှန့်ချက်ပွေ့ . . .** ကနက်မြေတွင်၊ ဆက်စေရွှေဗျာ၊ မိန့်တော်လာနှင့်၊ မဟာအမရ နန်းဌာနထက်၊ ပဝရမန္ဒာတ်၊ ဘိုးတော်နတ်၏၊ ပရမတ်ရိတ်ငြိမ်၊ မြတ်စည်းစိမ်ကို၊ လက်အိမ်စန်းမြူ ယူတော်မူ၍၊ ပြည်သူအေးကြောင်း၊ ညောင်ရေလောင်းလျက်၊ မင်းကောင်းမင်းလျာ၊ ဓမ္မတာဖြင့်၊ မသာမပို၊ မလိုစေပ၊ နာယကနှင့်၊ သတ္တမသရဘူ ပြုတော်မူသည်။ ကြံစိတ်ရည်ကြောင့်၊ ဇမ္ဗူဒီပေ၊ ဤကျွန်းမြေမှ၊ လေးထွေမယုတ်၊ မြစ်သမုဒ်ကို၊ ပတ်ကုတ်လှည့်လည်၊ လေးကျွန်းတည်အောင်၊ ရွှန်းကြည်ဆင့်လောင်း၊ မြင်စေကြောင်းဖြင့်၊ ထီးဆောင်းမင်္ဂလာ၊ မဟာသဘင်၊ ခါကြီးယင်သော်၊ ဥကင်ဘင့်ရာ၊ ဘွဲ့တော်မှာမူ၊ နာမာမည်ဘိ၊ အညှိညှိသား၊ 'သီရိတြိဘဝနာ'၊ အစသာလျက်၊ 'မိရာဇာကြီး'၊ အဆုံးမှီး၍၊ ဘုန်းမီးတောက်ထိန်၊ တအာဟိန်သည်၊ ရာဇိန်မောင်ဋ္ဌိ၊ တလောကိ၌၊ စောဇိသာနာ၊ ဒါယကာဟု၊ ကျေညာတုံညောင်း၊ ဝသုန်စောင်းမျှ၊ ဂုဏ်လျှောင်းဝေးနီး၊ တော်ရိုက်တီးမြည်၊ သွက်သွက်လည်သည်။ **ခက်ရည်ဝေမှောင် ထွန်းလို့လေး။ စက်ခြည်နေရောင် ရွှန်းသို့လေး။**

**ထောင်ကွန့်ထွက်ဝေ . . .** တက်သည့်နေသို့၊ ချက်ပွေ့အောင်ချာ၊ စိုးသည်မှာကား၊ နှစ်ဖြာဇကော၊ ထောင်ရာစ၍၊ အငှစွန်းဝယ်၊ တစ်ခုကာယသော်၊ အံ့ဖွယ်မကုန်၊ လမေထုန်တွင်၊ စန်းယုန်ပုဏ္ဏာ၊ တိထီခါ၌၊ နရာသဘာ၊ နရိန္ဒလျှင်၊ နန်းရဇမ္ဗူ စိုးတော်မူလည်း၊ မယူဘိသိက်၊ မနှိပ်ရွှေဘွဲ့၊ အခါငဲ့၍၊ ထင်ပြဲမျှော်ရှု စွန်းငါးခုမှ၊ ခရုသုံးထွေ၊သဘန်းပွေထက်၊ ရေမုဒ္ဒါညွှန်း၊ ဦးထိပ်သွန်းလျက်၊ တင့်ရွှန်းမပျက်၊ စာတမ်းထွက်နှင့်၊ လှမ်းဆက်ပန်ဆင်၊ ပွဲကြီးယင်သော်၊ မြေပြင်ကြည်းခတ်၊ ဥပါလွှတ်၍၊ သံဝဋ္ဋထိုထို၊ ပျက်ပြုန်းပြိုသို့၊ မြင့်မိုရ်ရစ်ဆိုင်း၊ တင်းကြမ်းမှိုင်းသား၊ အံ့နှိုင်းစံရာ၊ မမြင်ပါအောင်၊ ဝလာရိုက်တီး၊ ပဇ္ဇုန်းဟည်းလျက်၊ ဘုန်းမီးတော်ရောင်၊ ဖြာဖြာလောင်မျှ၊ ထိန်ပြောင်ရွှန်း

http://www.dhammadownload.com



ကြည်၊ ထက်ဝန်းလည်သည်။ ဆက်ဆည့် ရဝေဆောင် ကွန်းသို့လေး။ ကျွတ်သရေ ဇွေလောင်ထွန်းသို့လေး။

(ဤသို့ ရှစ်လုံးချခြင်းကား ဇမ္ဗူတန်ဆောင်ချနည်းတည်း။)

ဤသည်လျှင် ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဖြစ်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် ဘိုးတော်မင်းတရားကြီးဘုရား၏ ရိုက်ရာတော်ကိုခံတော်မူ၍ မနောဇမ္ဗူ တက်တော်မူပြီးလျှင် ဘိသိက်တော်ပန်း ဆင်မြန်းတော်မူရာဝယ် ဘုန်းတော်ဘွဲ့ဖြစ်သာ 'မဟော ဘာသ မင်္ဂလာရတုဖြင့်' သတိုးမင်းကြီးမဟာမင်းလှနော်ရထာဘွဲ့ခံ အမတ်ကြီးဦးပေါ်ဦး ဆက်သသော ရွှေနားတော်သွင်းရတု သုံးပုဒ်ပြီး၏။

❖ ❖ ❖

## မိုးတားစားအမတ်ကြီးနှင့် စပ်လျဉ်း၍ တင်လျှောက်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရားသည် အမတ်ကြီး ဦးပေါ်ဦးသို့ မိန့်တော်မူသည်မှာ 'မင်းကြီး. . . မိုးတားစားအမတ်ကြီးသည် ပညာ ဂုဏ်ဖြင့် လွန်စွာမာန်စွယ်ပြသည် ထင်တော်မူသည်'ဟု မိန့်တော်မူသည်။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ဘုန်းတော် ကြောင့် ဘုရားကျွန်ဝန် တင်ဦးအံ့။ မိုးတားစား၌ ပညာတည်းဟူသော အမြီး ပေါက်ခြင်းသည် ဥပမာဆိုသော် ခွေးများမှာပေါက်သော အမြီးနှင့်တူ၏။ အခြားသူတို့၌ပေါက်သော ပညာတည်းဟူသော အမြီးမှာ ဆင်၊ မြင်း၊ ခြသေ့် စသော သတ္တဝါတို့၌ပေါက်သော အမြီးနှင့်တူ၏။ အဘယ်ကြောင့်နည်း ဟူငြားအံ့။ ဆင်၊ မြင်း၊ ခြသေ့်စသည်တို့၌ပေါက်သော အမြီးသည် မှက်၊ ခြင်၊ ယင်ရဲတို့ကိုလည်း ခြောက်ရ၏။ မိမိတို့၏ အင်္ဂါစပ်ကိုလည်း ဖုံးလွှမ်း ရ၏။ ခွေး၌ပေါက်သောအမြီးမှာ မှက်၊ ခြင်၊ ယင်ရဲစသည်တို့ကိုလည်း မခြောက်ရ။ မိမိအင်္ဂါစပ်ကိုလည်း မဖုံးလွှမ်းရ၍ မလုံဘဲရှိချေသည်။ ထို့အတူ မိုးတားစားသည် ပညာဖြင့်လုံလောင်သူ မှန်ပါလျက် မိမိအရှက်ကိုလည်း မဖုံးလွှမ်း။ သူတစ်ထူးတို့မှ လာလတ္တံ့သောအရေးကိုလည်း ကာကွယ်တားဆီး

http://www.dhammadownload.com



ခြင်းကို မပြုသည့်ပြင် ခွေး၏အပြီးကဲ့သို့ ပညာတည်းဟူသော မာန်မြီးကို တစ်ထောင်ထောင်နှင့် နေခြင်းသည်ပညာရှိတို့ ရယ်ဖွယ်သာဖြစ်ပါကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား'ဟူ၍ တင်လျှောက်လျှင် ဘဝရှင်မင်းတရားကြီးနှင့်တကွသော မင်းပရိသတ်တို့သည် လွန်စွာ ရယ်မောကြကုန်၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးတင်လျှောက်သော
စကား တစ်ပုံ ပြီး၏။

❖ ❖ ❖

## ကျောက်ကုန်သည် 'ငမြတ်ကြီး' အား ရာဇဝတ်ဘေးမှ ကယ်ဆယ်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးဘုရား သင်းကျစ်တော်တွင် စီခြယ်သော အဖိုးခုနစ်သိန်းဖြင့် ရာပြတ်တို့ပြဋ္ဌာန်းတင်လျှောက်ရင်းရှိသော ပတ္တမြားတစ်လုံးသည် ကျွတ်၍ကျရာတွင် နန်းတွင်းသားတစ်ယောက်သည် ကောက်၍ရချေသဖြင့် တပ်မြို့တော်ကြီးအပြင်သို့ ထုတ်ဆောင်ခဲ့ပြီးလျှင် ကျောက်ကုန်သည် ငမြတ်ကြီးဆိုသူအိမ်သို့သွား၍ ဒိုင်ငွေခွက်သုံးဆယ်နှင့် ရောင်းချခဲ့လေ၏။

ထိုအခါ သင်းကျစ်တော်တွင် ပတ္တမြားမရှိသည်ကို ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးတော်၊ မတ်တော်၊ ဝန်ကြီး၊ အတွင်းဝန်တို့သိကြရကား စုံစမ်းရှာဖွေ၍ အထောက်တော်တို့နှင့် မေးမြန်းထောက်လှမ်းဖန်များသဖြင့် ကျောက်ကုန်သည်ငမြတ်ကြီး လက်တွင်ရှိကြောင်းကို သတင်းကြားသိသည်နှင့် ဖမ်းဆီးရှာဖွေကြည့်ရာ ထိုငမြတ်ကြီးကို မြို့ဝန်မြို့ကွပ်တို့ ချည်နှောင်ပုတ်ခတ်၍ ဆွဲငင်ပြီးလျှင် ရာဇဝတ်ထောင်တော်ကြီးတွင် ထားလေ၏။

ဤသို့ ချည်ကွပ်ချုပ်နှောင်၍ထားသည်ရှိသော် ထိုကျောက်ကုန်သည် ငမြတ်ကြီး၏ မိဘဆွေမျိုးတို့သည် အမတ်ကြီးဦးပေါ်ဦးထံသို့ ဆည်းကပ်ပြီးလျှင် ကျေးဇူးတော်ရှင် အရှင်ဝန်ကြီးမင်းဘုရား ကယ်တော်မူပါမှ ငမြတ်ကြီးသည် ချမ်းသာရာရပါတော့မည်။ ကျေးဇူးတော်ရင် အရှင်ဝန်ကြီးမင်းသည်

http://www.dhammadownload.com



ကိုးကွယ်ရာဖြစ်တော်မူပါဘုရားဟု လျှောက်လာ၍ အမတ်ကြီးဦးပေါ်ဦးက မိန့်တော်မူသည်မှာ ဤအရာဝယ်ကယ်ဆယ်နိုင်ရန် အခွင့်ကိုမြော်ချင့်ကြည့်ရှုရန် လွန်စွာခဲယဉ်းသည်။

အဘယ့်ကြောင့် ခဲယဉ်းသနည်း ဟူငြားအံ့။ ထိုပတ္တမြားကျောက်၏ အရှင်ကလည်း ဘဝရှင်မင်းတရားကြီး ပျောက်ဆုံး၍ရှာဖွေရာလည်း ငမြတ်ကြီး၏ လက်ဝယ်ထပ်ကြပ်မိလျက်ဖြစ်သည်။ သို့သော်လည်း ငါသည်နှုတ်ဖြင့်သွန်သင်၍ပေးလိုက်အံ့။ မြို့ဝန် မြို့ကွပ်တို့က စစ်ဆေးသောအခါ ကျွန်တော်သည် ထိုပတ္တမြားကို မခိုးယူပါ။ ဤမည်သော မိန်းမတစ်ယောက်လာ၍ ရောင်းချသောကြောင့် ဒိုင်ငွေကျပ်ငါးဆယ်နှင့် ဝယ်ယူရရှိပါသည်ဟု အစစ်ခံရမည်။ ထိုအခါ ဒိုင်ငွေကျပ်ငါးဆယ်နှင့် ရောင်းလာသည်ဆိုသောမိန်းမကို ဖမ်း၍စစ်ဆေးအံ့။ ထိုမိန်းမကလည်း ဤသို့အစစ်ခံစေ။ ကျွန်တော်မျိုးမသည် ထိုပစ္စည်းကိုမခိုးမယူပါ။ ကျွန်တော်မျိုးမမှာ ညဉ့်အခါသော်လည်းကောင်း၊ နေ့အခါသော်လည်းကောင်း ပြည်ကြီး၏ဖွယ်ရာပြုလုပ်၍လာသမျှသော ဧည့်သည်တို့ကို လက်ခံပျော်ပါးစေ၍ ရှာဖွေစားသောက်ရပါသည်။ သို့ဖြစ်ပါ၍ ထိုပတ္တမြားရတနာသည် အကာလအခါ အမည်မသိလူတစ်ယောက်သည် လောကီသားတို့ ဘာဝအလျောက်ယင်္ဂမျိုးကို သောက်စားလျက် လာရောက်ပျော်ပါးရာ ကျွန်တော်မျိုးမသို့ တစ်ညတာမျှ ပျော်ပါးပြီးလျှင် အခကြေးငွေမပေးဘဲ ၎င်းကျောက်ကို အခကြေးငွေပြု၍ပေးသွားပါသည်။ သို့အတွက် အဖိုးတန်သည် မတန်သည်ကို ကျွန်တော်မျိုးမသည် နားမလည်ပါ။ သုံးရာမဲ့အခါဖြစ်၍ ကျောက်ကုန်သည် 'မောင်မြတ်ကြီး'သို့ ဒိုင်ငွေကျပ်ငါးဆယ်နှင့် ရောင်းချသုံးစွဲပါကြောင်းဖြင့် အစစ်ခံစေရမည်။

ဤသို့အစစ်ခံစေရန်လည်း ပြည်ကြီးဖွယ်ရာ ဥစ္စာရှာသော ရုပ်ဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော မိန်းမတစ်ယောက်ကို ငါ့ထံသို့ခေါ်လာခဲ့ရမည်ဟု မိန့်တော်မူသည်။

ထိုအခါ အမတ်ကြီးဦးပေါ်ဦး မိန့်တော်မူတိုင်းပင် ပြည်ကြီးဖွယ်ရာ အဖြစ်ဖြင့် အသက်မွေးသော ရုပ်ဆင်းသဏ္ဌာန်ကြန်အင်္ဂါကောင်းလှသော 'မိကျော့'ဆိုသူကို အမတ်ကြီးဦးပေါ်ဦးရှေ့သို့ ခေါ်ဆောင်ခဲ့လျှင် အမတ်ကြီး

http://www.dhammadownload.com



ဦးပေါ်ဦးက မိန့်တော်မူသည်မှာ ဤပတ္တမြားကို 'ငမြတ်ကြီး'သို့ နင်ရောင်းချသည်ဟူ၍ အစစ်ခံသော် နင့်အားဒိုင်ငွေကျပ်ငါးဆယ် ငါပေးမည်။ အဏုမြူခန့်မျှသော ဘေးလည်းမရှိစေရ။ ငါမှာတိုင်းအစစ်ခံရမည်ဟူ၍ အထက်နည်းအတိုင်း အစစ်ခံရန်ကို သင်ကြားလိုက်လျှင် ၎င်း'မိကျော့'လည်း ကောင်းပါပြီဟု ဝန်ခံ၍ မိမိအိမ်သို့ပြန်လေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် ကျောက်ကုန်သည် ငမြတ်ကြီး၏ မိဘဆွေမျိုးတို့ကို ငမြတ်ကြီးရှိရာသို့သွား၍ ပြောဆိုသင်ကြားစေ၏။ ဤသို့သင်ကြား၍ ထားသဖြင့်လည်း မြို့ဝန်မြို့ကွပ်တို့သည် ငမြတ်ကြီးကို ရာဇဝတ်ရုံးသို့ခေါ်၍စစ်မေးရာ အထက်သင်ကြားရင်းအတိုင်း 'မိကျော့' ဆိုသော မိန်းမတစ်ယောက်သည် ဒိုင်ငွေကျပ်ငါးဆယ်နှင့် ရောင်းချလည်၍ ဝယ်ယူကြောင်းကို အစစ်ခံချေသော် 'မိကျော့'ကိုပင် ဖမ်းပြန်၍ မြို့ဝန်မြို့ကွပ်တို့က စစ်မေးမြဲစစ်မေးပြန်၏။

အမတ်ကြီးဦးပေါ်ဦး သင်ကြားမှာထားသည့်အတိုင်း အစစ်ခံထွက်သဖြင့် ရာဇဝတ်ဆိုင်ရာတရားသူကြီးတို့သည် ရွှေနားတော်ကြား အစစ်ခံထွက်ချက်ကို လျှောက်ထားသံတော်ဦးတင်ကြရလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ မောင်မင်းများ. . . ကျောက်ကုန်သည်ငမြတ်ကြီးဆိုသူလည်း ဝယ်ယူရခြင်း၏ အရင်းဖြစ်သော ရောင်းချလာသူကို ဖော်ပြပေပြီ။ ဖော်ပြလာသည်အတိုင်း ရောင်းလာသူ မိကျော့ဆိုသူကို စစ်မေးရာ အကာလအခါ အမည်မသိ လူတစ်ယောက်လာ၍ မိမိ၏ပျော်ကြေးကိုပေးဆပ်၍သွားသည်ဆိုချေသည်။ ဤအဆိုသည် ရှေ့ကိုဆက်လက်၍ တရားခံတစ်ဦး တက်နိုင်ရန် အချက်မရှိ။ ဤတွင်ပင်လျှင် စကားလမ်းဆုံး တရားလမ်းတုံးဖြစ်ချေသည်။ ဤသို့ မိကျော့ဆိုသူကိုပင် တရားထိုက်သက်ရာ စီရင်အံ့၊ ထို 'မိကျော့'ဆိုသူသည် ပြည်ကြီးသူတို့၏ ဖွယ်ရာပြည့်တန်ဆာဖြစ်သည်လည်းတစ်ကြောင်း၊ တရားရင်းမှာ ဘုရင်ကေရာဇ်မင်းမြတ်နှင့် ပတ်သက်သောအမှုဖြစ်သောကြောင့် တစ်ပါးသော တိုင်းနိုင်ငံတို့က ကြား၍ပင် သင့်လျော်နိုင်ဖွယ်မရှိ။

သို့ဖြစ်ဘိ၍ ပတ္တမြားရတနာကို ပြန်၍ရသည်သာ ပဓာနပြုဖြစ်သော

http://www.dhammadownload.com



ကြောင့် 'ငမြတ်ကြီး'နှင့် 'မိကျော့' ဆိုသူ အမှုသည် နှစ်ဦးတို့ကို ရာဇဝတ်တော်မှ လွတ်ကင်းချမ်းသာခွင့်ကို ပေးတော်မူသည်ဟူ၍ မိန့်တော်မူသောကြောင့် အထက်အဆိုပါ တရားခံနှစ်ဦးတို့သည် ရာဇဝတ်တော်ဘေးမှ လွတ်ကင်း ချမ်းသာရာ ရကြလေ၏။

ကျောက်ကုန်သည် 'ငမြတ်ကြီး'ကလည်း အမတ်ကြီးဦးပေါ်ဦးသို့ ဒိုင်ငွေ ခုနစ်ပိဿာနှင့် ဘောင်းဝတ်ဖြူ မြင်းတစ်စီးကို ကျေးဇူးဆပ်သောအားဖြင့် ပို့ဆက်လာ၏။

ဤသည်လျှင် ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် ဒီဃာယုက သံဃနိကအကျိုးကိုလိုလား တောင့်တတော်မူသည်နှင့် လျော်ညီစွာ လောကီ လောကုတ္တရာနှစ်ဖြာသောလမ်း ကျွမ်းကျင်ရင်း ပရိယာယ်ဖြင့် ကယ်ဆယ်သော အခန်းပြီး၏။

❖ ❖ ❖

## တရုတ်ပြည်မှဆက်သသော မြင်းပျံနှင့်စပ်လျဉ်း၍ လျှောက်တင်ခြင်း

တစ်ရံရောအခါ ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ထောက်ကွန်ဥတည်မင်းက ရမ့်တာလောရဲ၊ ရင့်ဆင်းရဲတို့ကို သံအကြီး၊ စောလောစုံ၊ တုံလောစုံ၊ လဆင်းရဲတို့ကို သံလတ်ခန့်ထားပြီးလျှင် ရွှေပေရာဇသံစာ ပဏ္ဏာလက်ဆောင်တော်များနှင့် မြင်းပျံတစ်စီး ဆက်ရောက်လာ၏။ ရာဇသံစာမှာမူကား မာသာကြောင်းမျှသာပါသည်။

ထိုအခါ အသုံကြန္တအရာ လိမ္မာပွန်းတီးသော မှူးမတ်ပညာရှိတို့နှင့် မြင်းကြန်ဖတ်ရှုစေရာ အမြီးကား မန်ကျည်းစေ့ရောင်၊ ကိုယ်ကား အုန်းခွံရောင်၊ ခွာကြီး လည်အိုင့်ရှိရကား အများသော မှူးမတ်တို့သည် မြင်းကောင်း၊ မြင်းမြတ်ဟူ၍လည်း မတင်လျှောက်ဝံ့။ မြင်းဖျင်း မြင်းညံ့ဟူ၍လည်း မဆိုသာဖြစ်၍ ကြံမှိုင်ကာနေကြရကား အမတ်ကြီးဦးပေါ်ဦးသို့ ချဉ်းကပ်၍ မြင်းကဲ မခတ်တတ်ကြောင်းကို ပြောဆိုတိုင်ပင်ပြုကြကုန်၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက မိန့်တော်မူသည်မှာ 'ဝန်မင်းတို့. . .

http://www.dhammadownload.com



ယခုထောက်ကွန်ဥတည်မင်းထံမှ ဆက်သသော မြင်းသည်ဇာတိမမှန် ထင်လှသည်။ သို့ဖြစ်သည်ကြောင့် ဤအရာဝယ် သေချာစွာ သိရစေခြင်းအကျိုးငှာ ကျွန်ုပ်စုံစမ်းဦးအံ့'ဟု ဆိုပြီးလျှင် မြင်းစီးကောင်းလှသော မြင်းတော်ခံကိုခေါ်၍ ဒုဋ္ဌဝတီမြစ်မှ ခွဲသောတံတားဦး မြစ်ပေါက်ကမ်းဦးတွင် စိုင်းနှင်စီးပြင်းစေ၏။ မနည်းကြာ စီးမိသော်မြင်းသည် လွန်စွာမောပန်းရကား မြစ်ကမ်းပါးမှ ရေထဲသို့လဲ၍အိပ်လေ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက မိန့်တော်မူသည်မှာ ဤယခုဆက်သလာသောမြင်းသည် မိစစ်ဖစစ်မြင်းမဟုတ်။ အမိကားမြင်း အဖကား ကျွဲဖြစ်တန်ရာ၏။ အဘယ့်ကြောင်းနည်း ဟူငြားအံ့။ မြင်းတို့၏သဘောသည်အဘယ်မျှမောသော်လည်း ရင်ကွဲ၍လဲသော်လည်း လဲရာ၏။ ရေညွန်အစရှိရာသို့မဆင်းရာ၊ ကျွဲနှင့်ရောစပ်၍သာလျှင် ရေညွန်ရှိရာသို့ ဆင်းသည်ဟုမှချယူရာသည်။ ကျွန်ုပ်ထင်သည့်အတိုင်း ဟုတ်မည်လောဟု တရုတ်သံတို့ကိုမေးသော် ဟုတ်ကြောင်းကို လျှောက်ထားကြလေ၏။

ယင်းသို့သောအကြောင်းကို ဘဝရှင်မင်းတရားကြီးဘုရားသို့ သံတော်ဦးတင်လျှင် မင်းတရားကြီးသည် အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူသည်မှာ 'မင်းကြီး. . . စင်စစ် မြင်းပျံမြင်းကောင်းမဟုတ်သည်ကို မြင်းပျံမြင်းကောင်းပြုလုပ်၍ မင်္ဂလာမှုကင်းပသောအရာဖြင့် ဆက်သလာခြင်းသည်အဘယ်သို့ သဘောရသနည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် မင်းတရားကြီး စိတ်တော်မချမ်းမြေ့သည်ကို မင်းရိပ်မင်းခြည်သိနားလည်လှသည်နှင့် မင်းမျက်တော်'ပ'စေခြင်းငှာ ဤသို့တင်လျှောက်လေ၏။

'ဘုရားကျွန်ဝန် တင်လျှောက်ဦးအံ့ဘုရား။ ရှေးရှေးသော တိုင်းကြီးပြည်ကြီးရှင်တို့သည် တစ်ပြည်နှင့်တစ်ပြည်သည် မှူးမတ်ကောင်းထွန်းကားသည် မထွန်းကားသည်ကိုသိလို၍ ပုစ္ဆာဖြင့်သော်လည်းကောင်း၊ တစ်ခုခုသော ပစ္စည်းဝတ္ထုဖြင့်သော်လည်းကောင်း၊ ပြည်ကြီးအင်္ဂါ ပညာဂုဏ်နှံ့ကိုသိလို၍ စုံစမ်းကြကြောင်းကို ထုံးဟောင်းရာဇဝင်တို့၌ အထင်ထင်ရှိပါသည်။

ဥမင်္ဂဇာတ် အဋ္ဌကထာတွင် ဝိဒေဟရာဇ်မင်းကြီးသည် ဘုရား

http://www.dhammadownload.com



အလောင်းတော် မဟောသဓာ သုခမိန်သို့ စုံမမ်းတော်မူရာ မြွေနှစ်ကောင်ကိုပို့၍ အထီးအမ ခွဲစေခြင်း၊ ရှားလုံ့ဒဏ်ကို အရင်းအဖျားခြားနားစေခြင်း၊ ပုစ္ဆာကြံ၍မေးတော်မူခြင်း အစရှိသည်တို့ဖြင့် များစွာစုံစမ်းပါသည်။

ထိုမှတစ်ပါးလည်း ဇာတ်နိပါတ်တို့၌ များစွာလာပါသည်။ ရတနာပူရ ရွှေအင်းဝ၌လည်း 'ရှင်ရဋ္ဌသာရ'အကျော်ဆရာတော်နှင့် တောင်တွင်းမြို့ဇာတိ ကဝိမြတ်ကျော် 'ရှင်သီလဝံသ' ဆရာတော်တို့သည် မျိုးမည်ကိုသိလို၍ စုံစမ်းရာ 'ရှင်သီလဝံသ'အကျော် ဆရာတော်က တစ်ခုသောမြွေရှင်ငယ်ကို အုပ်ဝယ်ထည့်သွင်း၍ မြွေရှင်တော်ပါဘုရား'ဟု ရှင်ရဋ္ဌသာရ'လက်သို့ ဆက်လေဟုစေရာ ဆရာမှာတိုင်းဆို၍ ရှင်သူငယ်သည် 'ရှင်ရဋ္ဌသာရ'ထံသို့ပို့၏။

ထိုအခါ 'ရှင်ရဋ္ဌသာရ'သည် ဦးသုံးကြိမ်ချ၍ အုပ်ကိုဖွင့်လျှင် မြွေရှင်တော်ဓာတ်မဟုတ်။ အဟိတ်တိရစ္ဆာန်မြွေရှင်ဖြစ်၍ မြွေသည်အမျက်ချောင်းချောင်းထပြီးလျှင် ပါးပျဉ်းဖုံးအုပ်၍နေသည်ကို 'ရှင်ရဋ္ဌသာရ'သည် ရုတ်တရက်မြင်သဖြင့် 'အုပ်ရာဝေး'ဟူသော တလိုင်းဘာသာဖြင့် ကြားတော်မူ၍ 'ရှင်ရဋ္ဌသာရ'ကား မွန်လူမျိုးစင်စစ်ဖြစ်ချေသည်ကို သိရသည်ဆိုသောစကားကို ထောက်သဖြင့် ပညာရှင်တို့လည်း အဟိတ်တိရစ္ဆာန်မြွေနှင့်ပင် ပညာစမ်းကြောင်း ထင်ရှားလှပါသည်။

ဤမှတစ်ပါးလည်း ဘဝရှင်မင်းတရားကြီးဘုရား၏ ဘိုးတော်ဖြစ်တော်မူသော အမရပူရ ပထမမြို့တည် နန်းတည်မင်းတရားကြီးဘုရား ရွှေလက်ထက်တော်အခါစဉ် ဂန္ဓာလရာဇ်ပြည်ကြီးရှင် ဘုရင်ချင်းလုံးဥတည်မင်းထံက လက်ဖက်ဆီသေတ္တာတွင် စာလုံးအက္ခရာနှိပ်၍ အလိုစမ်းအံ့သောငှာဆက်သခြင်း၊ ထို့နောက် ပျားရည်ဖြင့်ချက်၍ရကောင်းသော ပတ္တမြားကို ပြည်တန် ပတ္တမြားပြု၍ဆင်သခြင်းများတွင် ဘုရားကျွန်ပင် ဖြေဆိုလျှောက်ထားရဖူးပါသည်။

ယခုမူကား အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး မရှိသည်နောက် ဘဝရှင်မင်းတရားကြီးဘုရား နန်းစံသုံးနှစ်၊ ဂန္ဓာလရာဇ်ပြည်ကြီးရှင် ချင်းလုံးဥတည်မင်းမရှိသည့်နောက် ၎င်းမြေးတော် ထောက်ကွန်ဥတည်မင်း ဆက်ခံရာ နန်းစံတစ်နှစ်တွင် ဆက်သလာရောက်သော မြင်းပျံ

http://www.dhammadownload.com



ဆိုသည်မှာ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်ထက်တော်ကဲ့သို့ မြန်မာနေထွက်ဘုရင် ရွှေနန်းသခင် စံတော်မူသော တိုင်းပြည်ကြီးဝယ် ပညာဂုဏ်နဲ့ ထုံပြန့်ကြိုင်လှိုင် ရှိသေး၏လောဟု သိလိုသည်နှင့် စုံစမ်းဟန် ရှိပါသည်။ မြင်းပျံဟူ၍ သမုတ်ပြီးလျှင် ဆက်သလိုက်ခြင်းကား အကြင်တိုင်းပြည်၌ ပညာရှိများသည်ဖြစ်အံ့။ ငါ၏မြင်းအကြောင်းကို သိသဖြင့်ထိုတိုင်းပြည်တွင် မထားပေရာ။ ငါ၏အထံသို့ပြန်၍ ပို့ဖွယ်ရာသာဟု သဘောထား၍ မြင်းပျံဟု သမုတ်ပြီးလျှင် ဆက်သလိုက်သည်ဟု သဘောရပါသည်။

ဤအရာ၌ ထောက်ကွန်ဥတည်မင်းသို့ အပြစ်မယူသာ၊ ပြည်ကြီးတို့၏ ဖွယ်ရာမှာ 'သာမဥပါယ် ဗေဒဥပါယ် ဒနဥပါယ် ဒဏ္ဍဥပါယ်'အစ ရှိသော ဥပါယ်တံမျဉ်တို့ဖြင့် စုံစမ်းရိုးထုံးစံရှိသောကြောင့် ထောက်လှမ်းစုံစမ်းဟန် ထင်ပါသည်။

သို့ဖြစ်ပါ၍ အကြည်အသာ ပဏ္ဏာလက်ဆောင်စီစဉ်၍ ထောက်ကွန်ဥတည်မင်းသို့ ဤမြင်းနှင့်တကွ တုံ့ပြန်လိုက်သင့်ပါသည်'ဟု သံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် သဘောတော်ကျေအေး၍ အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သည့်အတိုင်း မြင်းနှင့်တကွသော လက်ဆောင်အများ တုံ့ပြန်လိုက်၏။

**ဤသည်လျှင် ဂန္ဓာလရာဇ်ပြည်မှ ဆက်သောမြင်းကို အမတ်ကြီး ဦးပေါ်ဦး စုံစမ်းသောအခန်းပြီး၏။**

❖ ❖ ❖

## ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာပန္နလ ဓနုဖြူတွင် ကျဆုံးရာ အမတ်ကြီးဦးပေါ်ဦး လျှောက်တင်ခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ရှစ်ဆယ့်ခြောက်ခုနှစ် နှောင်းတန်ခူးလဆန်း တစ်ဆယ့်လေးရက်နေ့ ဓနုဖြူတပ်တွင် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာပန္နလသည် ပုံးလက်နက်သင့်၍ ဘဝလွန်တော်မူသည်။

ထိုအခါ ဗိုလ်မှူးဝန်ကြီးညီ မင်ထင်မင်းခေါင်လည်း ဓနုဖြူမြို့တပ်တွင်းရှိ ဗိုလ်ရဲမက်အပေါင်းတို့ မသိစေရ၊ အကြောင်းသင့်လူတို့ကို တိတ်တ

http://www.dhammadownload.com



ဆိတ် ခေါ်ဆောင်တိမ်းရှောင်ထွက်သွားသဖြင့် စစ်ကဲကြီး အတွင်းဝန်ကြီး မဟာမင်းလှရာဇာ၊ မြို့လတ်ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်တို့လည်း ခနုဖြူ တပ်တွင် ဗိုလ်မှူး ဝန်ကြီးသတိုးသုဓမ္မမဟာဇန္ဒုလကျသည်နှင့် ခနုဖြူတွင် တပ်ပျက်ပြားဆုတ်ခွာရကြောင်း၊ ဗိုလ်မှူး ဝန်ကြီးညီ မင်းထင်ခေါင်လည်း အကြောင်းအရာသင့်ရာ အမှုထမ်းလူတို့နှင့် တပ်ကတိမ်းရှောင်ထွက်ပြေး ကြောင်းများကို မြို့စာရေး နေမျိုးဇေယျသူကို စေလွှတ်လျှောက်ထားကြား သိတော်မူရာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးလည်း မင်းထင် ခေါင်ငယ်သည် ဗိုလ်မှူးဝန်ကြီးညီဖြစ်လျက် မိမိ၏အစ်ကို၏ အသရေကို လည်း မငဲ့။ ဗိုလ်မှူးဝန်ကြီးမရှိလျှင် ခန့်ထားတော်မူသည့် တပ်အရာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ရဲမက်လက်နက်ကိုင်အမှုထမ်းတို့ကို အုပ်ချုပ်ထမ်းရွက်ရမည့် ကျေးဇူးသစ္စာတော်ကို မစောင့်။ သူ့ရန်သူနှင့် တိုက်ခိုက်ရာ ဆင်ဦး၊ မြင်းဦး တွင် သေရမည့်ဘေးဘယကိုကား ကြောက်သည်။ ငါကပေးတော်မူမည့် ရာဇ ဝတ်တော် သေဘေးကိုကားမကြောက်။ တပ်ကတိမ်းရှောင်ထွက်လာသူဖြစ် သည် အမိန့်တော်ရှိပြီးလျှင် ကွပ်မျက်တော်မူ၏။

ထို့နောက် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီကြောင်းချီ တပ်များမှာ ဗိုလ်မှူးဝန်ကြီးသတိုးသုဓမ္မ မဟာဇန္ဒုလ မရှိလျှင် ဗိုလ်မှူး တပ်မှူးတို့ကိုအုပ်ကွပ်၍ ရှေ့ဦးရှေ့ဖျား စွန့်စားထမ်းရွက် စေရန် ပုခန်းကြီးမြို့ဝန်မင်းကြီး မင်းခေါင်ကျော်ကို ဝန်ကြီးမင်းကြီး သီရိ မဟာဥဇနာနှင့်ဖက်၍ ဝန်ကြီးခန့်တော်မူပြီးလျှင် ဟံသာဝတီတွင် အရေး ပြက်ပြက် ထင်တော်မူသည်အတိုင်း ငွေတော်ယူဘုန်းတော်ဖြစ် အမှုထမ်းသား လူနှစ်သောင်းကျော်တို့ကို တပ်မှူးတပ်အုပ် ခန့်ထားပေးအပ်၍ ဟံသာဝတီ ကြောင်းချီတက်ရမည် ခန့်ထားတော်မူသည်ကို အရေးကို မြော်တွေး၍ ဆော ဆော လျင်လျင်မချီမတက်၊ ချီတက်မည့်နေ့ရက်ကိုလည်း အဖြောင့်မတင် မလျှောက်။ လူသုံးသောင်းကျော်ရမှ ချီတက်ထမ်းရွက်ပါမည် တင်လျှောက် ရှိနေသည်။

မှူးတော်၊ မတ်တော်တို့ကလည်း ဟံသာဝတီကြောင်းချီတက်စေရန် ခန့်တော်မူသည့် ဝန်ကြီး မင်းကြီး မင်းခေါင်ကျော်သည် အမှုတော်ကို

http://www.dhammadownload.com



အဖြောင့် အရိုးထမ်းရွက်မည် မကြံမစည်။ တပ်ပါ ရဲမက် လက်နက်ကိုင် အမှုထမ်းလူတို့တွင်လည်း အကြောင်းသင့် လူငယ်တို့ကိုသာ အအုပ်အချုပ်ခန့်ထားကြောင်းများနှင့် လျှောက်ထားကြားသိတော်မူသည်တွင် ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဦးပေါ်ဦးသို့ တိုင်ပင်တော်မူသည်မှာ 'မင်းကြီး. . . ငမှိုင်းငယ်သည် အမိန့်တော်မြတ်ကို လွန်ဆန်တန့်စားသည်ထင်သည်။ ရှေ့သို့ကို အမှုတော်ကို အဖြောင့်အမတ် ထမ်းရွက်မည့်သူမဟုတ်ဟု သဘောတော် ရတော်မူသည်။ မင်းကြီး ဘယ်သို့သဘောရသမည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ. . . ဘုရားကျွန်ဝန် ပုံဆိုဦးအံ့။ ဥမင်္ဂဇာတ်တော်ကြီး အဋ္ဌကထာတွင် ဝိဒေဟရာဇ်မင်းကြီးသည် ပုတ်သင်ငယ်လည်ဝယ် တစ်ပဲသားမျှလောက်သော ရွှေကိုဆွဲ၍ပေးခါ မျှနှင့် သွေးကြွ၍ မလေးမစား ပမာမမူပြုဖူးပါသည်။

တစ်ရံရောအခါ ဗာရာဏသီပြည်တွင် တစ်ဦးသောအမျိုးဝယ် သားတစ်ယောက်ရှိ၏။ ထိုသူငယ်၏အမည်ကို မိဘတို့မမှည့်မီပင် အရပ်အိမ်နီးရှိတို့သည် 'စဏ္ဍိက္က'ဟူ၍ ခေါ်ဆိုကြသဖြင့် အသက်ကြီးသည့်တိုင်အောင်ပင် စဏ္ဍိက္ကဟူ၍ တွင်လေ၏။

အခါတစ်ပါးသော် ပညာသင်အံ့သော အချိန်အရွယ်သို့ ရောက်သည်နှင့် အသပြာတစ်ထောင်ပေး၍ တက္ကသိုလ်ပြည်သို့ လွှတ်လိုက်ရာ အခြားသောပညာကိုကား မသင်ကြား။ မျက်ခုံးမျက်စ ချီနည်း၊ ချနည်းဖြစ်သော မျက်စပစ်ပညာကို ဝါသနာအလျောက် သင်ကြား၍ပြန်လာလျှင် အိမ်သို့ရောက်၍ အမိထံသို့ဝင်လျက် လက်အုပ်ချီပြီးလျှင် အခြားနေရာ၌ သုံးရမည့်ပညာကို တစ်ပါးသောနေရာမှာမသုံး၊ မိခင်ဖြစ်သူကို အလျှင်အဦးသုံးပြီး မျက်စပစ်သောကြောင့် ထိုစဏ္ဍိက္ကဆိုသူကို မြေမျိုဖူးပါသည်။

တစ်နည်းလည်း ဟံသာဝတီပြည်ကြီးရှင် ဘုရင်ဆင်ဖြူရှင်မင်း၏ သားတော် 'ဗညားနွဲ့'သည် ဒဂုံသို့ထွက်တော်မူစဉ်အခါ ဆင်ဖြူရှင်မင်းတရားကြီးနှင့် ရတနာဒေဝီတို့၏ ကျွန်ယုံတော်ဖြစ်သော အမတ်ကြီး'ဇိတ်ပြဲ'ဆိုသူသည် ဟံသာဝတီမှ ဒဂုံသို့ထွက်တော်မူသော မင်းသားဗညားနွဲ့ကို တိုက်စေ

http://www.dhammadownload.com



လို၍ စေလွှတ်ရာ ဒဂုံသို့ရောက်က တိုက်ရမည်ကိုကား မတိုက်၊ မင်းသား ဗညားနွဲ့၏သစ္စာကိုခံ၍ တိုက်ရန်အခွင့်မရှိသကဲ့သို့ပြုလုပ်၍ ဟံသာဝတီသို့ ပြန်လာဖူးချေသည်။

တစ်နည်းလည်း ဘေးလောင်းတော် မင်းခေါင်ကြီးလက်ထက် ရာဇာဓိရာဇ်နှင့်အရေးတော်ဖြစ်ပွားစဉ် တလိုင်းမင်း ရာဇာဓိရာဇ်သည် မင်းခေါင်ကြီး၏ညီတော် စစ်ကိုင်းစား 'ရှင်သိဒ္ဓတ်'ကိုယုံကြည်၍ ဆင်တော် 'ပကာအမတ်' တွင် ကုန်းလယ်စီးစေပြီးလျှင် လက္ခဏ်းအိမ်နှင့် တွဲဖက်၍သူရဲများစွာနှင့် စေလွှတ်တိုက်ခိုက်၍ အထွေးထွေးရှိကြရာ စစ်ကိုင်းစား ရှင်သိဒ္ဓတ်သည် တလိုင်းမင်းလက်တွင် မိမိကိုယ်ကိုထား၍ စိတ်နှလုံးမှာ အစ်ကိုဖြစ်သူ မင်းခေါင်ကြီးတွင်ထားပြီးလျှင် အမှုထမ်းချေသောကြောင့် မင်းခေါင်ကြီးကို နိုင်အံ့သောအရေးချွတ်၍ တလိုင်မင်းကျွန် လက္ခဏ်းအိမ်တပ်ပျက်ဖူးချေသည်။

သို့ဖြစ်သည်ကြောင့် ဤကိုရည်၍ ကန်တော်မင်းကျောင်းဆရာသည် ကျောင်းတော်ဒါယကာ ပင်းယမြို့စား၏တူတော် ဒုတိယမင်းခေါင်သို့ ဆက်သွင်းသော စာတမ်းတွင်. . .

'စားရသော်ကား ဝမ်းသာ၊ စေပါသော်ကား မျက်လို၊ ကိုယ်ကား ကျွန်တုံး၊ နှလုံးထဲက ခွေးမြီးလားသို့၊ စားလှည့်ခါ သော် အော်အော် ပြေးချီ၊ လုပ်လှည့်ခါ သော် ငုံ့မျှော်တန့်တီး မနီးစေအပ် မကပ်စေ ကောင်း မပေါင်းစေဘဲ ကျွန်စဉ်းလဲကို စောရဲလူ့ထွတ် ပတ်ပတ်ရှာဖွေ သိလှစေ'ဟူသည်လည်းတစ်ကြောင်း၊ 'ပညာရှိကိုပေါင်း သမားကောင်းကိုဖက် သူပျက်ကိုခွာ ဆရာကိုကပ် အရပ်ကိုမျှ လံ့လအပင်ဆင်ခြင်အမျက် ရန်ဘက်ကိုမျှော် သူတော်ကောင်းကိုချစ် ခင်ပွန်းပစ်ကိုရှောင် သူလောင်ကိုရှေ့ ဆင်ဝေ့ကိုချီ ကြံစည်မပြတ် အတတ်ရံခါ ပညာကိုရှေ့ ဥစ္စာကိုနောက် အလျောက်ပေကမ်း ချီးမွမ်းတန်သည် လူရည်ကိုရှု ပေးမှုအရာ သိလှစေ။'

ဟူသည်လည်း တစ်ချက်။ ဤသို့ရေးသား ဆက်သွင်းသောစကားကို ထောက်ထားသဖြင့် မြှောက်စားခြင်း၊ ချီးမြှင့်ခြင်းအရာဝယ် လွန်စွာမြော်ရှု၍ ပြုစုသင့် မပြုစုသင့်ကို အမှု၌ထောက်ချင့်၍ မြှောက်စားပေးကမ်းဖို့ အခွင့်ရှိပါသည်။

http://www.dhammadownload.com



စဉ်းလဲကောက်ကျစ် ဆိုဖြစ်ကြမ်းကြုတ် စရိုက်ယုတ် သေးနုပ်သော ဉာဏ်ဖြင့် အကောက်ကြံလျက် ကျေးဇူးသစ္စာတော်ကို ဖောက်ပြန်မည့်သူမှန်က သူနှင့်မတန်သော အရည်အရောင်ကို နုတ်သိမ်းမှ သင့်လျော်မည်ဖြစ်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား' ဟုလျှောက်တင်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူသည်မှာ 'မင်းကြီး. . . ဤသို့ သစ္စာသွေလှန် ဖောက်ပြန်ကောက်ကျစ်သော အကြံကိုကြံခြင်းသည် ကိုယ်တော်မြတ်၏ အကျိုးသာပျက်စီးဖွယ်ရာဖြစ်သည်မဟုတ်၊ တိုင်းကျိုး ပြည်ကျိုး သာသနာတော်၏အကျိုးများကိုပင် ဖျက်ဆီးရာရောက်တော့သည်။ သို့ဖြစ်သည်ကြောင့် ကြောင်တစ်ကောင်အတွက် ကြွက်တစ်မြို့ကို ငဲ့ရာသည် ဆိုသကဲ့သို့ 'ငမှိုင်းငယ်'သည် ရှေ့သို့ကို အဖြောင့်အမတ် ထမ်းရွက်မည့်သူ မဟုတ်ဖြစ်သည်။ ယခုကပင်လျှင် အမိန့်တော်ကို အမိန့်တော်မမှတ်၊ တိုင်းပြည်မြို့ရွာ မငြိမ်သက်အောင်ပြုသူပင်ဖြစ်သည်။ နောင်သာ၍ ခက်ရာသည်။

'မင်းထက်အမတ် အားရှိလတ်မူ ခက်တတ်သည်သာ မှတ်တို့ရာ၏ ဟူသောစကားရှိသည်'ဟု မိန့်တော်မူပြီးလျှင် ထိုသက္ကရာဇ် နယုန်လဆန်း တစ်ဆယ့်ငါးရက်နေ့ 'ငမှိုင်းငယ်'ကို ကွပ်မျက်တော်မူ၏။

**ဤသည်လျှင် အမတ်ကြီး ဦးပေါ်ဦးလျှောက်ထုံးတစ်ချက်ပြီး၏။**

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးကို ဗိုလ်မှူးဝန်ကြီးချုပ် ခန့်အပ်တော်မူကြောင်း

ဗိုလ်မှူးဝန်ကြီး 'သတိုးသုဓမ္မမဟာဗန္ဓုလ' ခနေဖြူတွင် ဗုံးလက် နက်သင့်၍ ဘဝလွန်လျှင် စစ်မက်ရေး၌ သတ္တိဗလ ဗျတ္တိဉာဏ်ပကာသူရဝိသိဋ္ဌ ပုရိသဇာနည်သင့်ညီ ပြည့်စုံသူကိုရွေးကောက်၍ ဗိုလ်မှူးခန့်သင့်သည်ဟု တိုင်ပင်တော်မူကြရာ အမတ်ကြီးဦးပေါ်ဦးသို့ နှစ်ခြိုက်လိုက်လျော သဘောမျှညီတော်မူသည်နှင့် ဗိုလ်မှူးဝန်ကြီးချုပ်ခန့်တော်မူ၏။

http://www.dhammadownload.com



ဟံသာဝတီကြောင်းချီ မိုးနဲဗိုလ်မှူး ဒွါရာဝတီမင်းသားတို့ မလွန်မြို့သို့ရောက်လျှင် မလွန်မြို့တွင် တပ်မြေကတုတ်အဖြီးအခိုင် လုပ်ဆောင်ရပ်နေ၍ ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ကို ဗိုလ်မှူး၊ အတွင်းဝန် မင်းလှရာဇာ၊ ဝန်ထောက်မဟာမင်းကျော်သခ်ယာတို့ကို စစ်ကဲခန့်၍ စုကြီးသေနတ်အမှုထမ်းပါရဲမက်လက်နက်ကိုင် အမှုထမ်းလူရှစ်ထောင်ကျော် ပေးအပ်ပြီးလျှင် ဧရာဝတီမြစ်အရှေ့ဘက် မြေထဲမြို့ကတပ်စွဲရပ်နေစေ၏။

စားတော်ဝန် မင်းလှမင်းခေါင်ကို အောင်ပင်လယ် လမိုင်းအစု အမှုထမ်း သေနတ်အစုအမှုထမ်း လူသုံးထောင်ကျော်ပေးအပ်၍ မြစ်အနောက်ဘက် စစ်ကိုင်းအရပ်က တပ်စွဲရပ်စေ၏။

မဟာနေမျိုးဗိုလ်ကို ကျော်စဉ်တိုက်ဝန်၊ မဟာနန္ဒရာဇ် ဘုန်းတော်ဖြစ်ဗိုလ် မင်းခေါင်သခ်ယာတို့ကို စစ်ကဲခန့်၍ ရှမ်းပြည်စော်ဘွား မြို့စားတို့နှင့် အစုအမှုထမ်းလူတစ်သောင်းကျော် ပေးအပ်ပြီးလျှင် ကြည်းကြောင်း အရှေ့ဘက် မြေထဲမြို့ကျေး မိုးကောင်း ကုန်းတောအရပ်က တပ်စွဲရပ်နေစေ၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးသို့ ဝန်ကြီးချုပ် ခန့်တော်မူ၍ ဒွါရာဝတီမင်းသားကြီးသည် တပ်ကြီး သုံးကြောင်း စီမံသည့် **အခန်းပြီး၏။**

❖ ❖ ❖

## မဟာသကျသီဟ ရုပ်ပွားတော် သွန်းလုပ်ကိုးကွယ်ခြင်းနှင့် စပ်လျဉ်း၍ ရတုဆက်သွင်းခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ ရှစ်ဆယ့်ခြောက်ခုနှစ်ကစ၍ မြတ်စွာဘုရား ရုပ်ပွားတော် သွန်းလုပ်ရန် မြေပုံကိုင်ပြီးပြေလျှင် ဆဋ္ဌန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း သက်တော်ထင်ရှား ဘုရားကိုယ်တော်အတု ပီသစွာပြုလုပ်ခြင်းငှာ သိကြား၊ ဗြဟ္မာပင်သော်လည်း မတတ်စွမ်းနိုင်ရာ။ ကိုယ်တော်ပမာဏအားဖြင့် တူကာမျှကို ပြုနိုင်အံ့ဟု ဆင်ခြင်တော်မူမိသော်လည်း မေတ္တေယျဘုရားရှင်အတိုင်း ပမာဏတော်ကို အဋ္ဌကထာဆရာများဆိုသည်ကိုထောက်၍ ပဥ္စလောဟာ ရတနာအပေါင်းတို့ဖြင့် မြတ်စွာ

http://www.dhammadownload.com



ဘုရားရုပ်ပွားတော် သွန်းလုပ်ရန် မြေပုံဖယောင်းပုံ ထုတ်နုတ်ပြီးပြေသည်ကို သက္ကရာဇ် တစ်ထောင့်တစ်ရာ့ရှစ်ဆယ့်ရှစ်ခု တပေါင်းလပြည့်ကျော် သုံးရက်နေ့အခါတော်အတိုင်း ကြေးနီ၊ သလွဲ၊ ကြေးစင်ပိဿာ တစ်သောင်းခြောက်ထောင်၊ ငွေသပြာတစ်သောင်း၊ ရွှေသပြာတစ်ထောင်၊ စုစုပဥ္စလောဟာ ချိန်ဝန်ပိဿာချိန်တစ်သောင်းခြောက်ထောင် တစ်ရာ့တစ်ဆယ်၊ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးလည်း စေတနာတော် ထက်သန်လှသည်ဖြစ်၍ ရွှေသားကလပ်ပါ သောက်တော် ရွှေဖလား၊ ရွှေသားကလပ်ပါ ရွှေကြုတ်တော်များကို ထည့်သွင်းတော်မူသည်။

မင်းမိဖုရား မင်းညီမင်းသား မှူးတော်၊ မတ်တော်တို့ကလည်း ရွှေဖလား ရွှေကလပ်၊ ရွှေအုပ်ဆောင်း၊ ရွှေထုံးဖူးတော်များကို အသီးသီး ထည့်သွင်းကြပြီးလျှင် ရွှေနန်းတော်အတွင်း မင်းညီမင်းသား မှူးတော်၊ မတ်တော်၊ သူဌေး၊ သူကြွယ် ပန်းတဉ်းဝန် ပန်းတဉ်းအစုအမှုထမ်းတို့ကို ကြီးကြပ်စေပြီးလျှင် ဖိုတစ်ထောင်ဖြင့် တစ်ပြိုင်နက်ကျိုချက်စေ၍ သဘင်ပွဲလမ်း မင်းခမ်းမင်းနား ကြီးကျယ်စွာ ခင်းကျင်းပြီးလျှင် ကိုယ်တော်တိုင် ရှေးဦးစွာ သွန်းလောင်းပြီးနောက် မင်းညီမင်းသား၊ မှူးတော်၊ မတ်တော်တို့ သွန်းလောင်းကြရသည်။

အမြင့် ပမာဏတော်ကိုးတောင်နှစ်မိုက်၊ ထက်ဝယ်အချင်းပမာဏတော် ခုနစ်တောင်တစ်မိုက်လေးသစ်၊ စမ္ဗခဏ်နေရာတော် အချင်း ရှစ်တောင်တစ်မိုက်လေးသစ်၊ အမြင့် နှစ်မိုက်လေးသစ်၊ မောင်းတော်လုံးပတ်သုံးတောင်နှစ်မိုက်လေးသစ်၊ လက္ခဏာတော်ကြီးငယ်တို့ဖြင့် ထင်ရှားတင့်တယ်သော ဘုရားကိုယ်တော်မြတ် သဏ္ဌာန်တော်ကို သွန်းလုပ်အောင်မြင်ပြီးပြေသည်။

အပြစ်အလျှောက် ထောင်တန်း အကျဉ်းခံနေရသူတို့ကိုလည်း မဟာကုသိုလ်တော်ကြီး ပြုသည့်မင်္ဂလာအခမ်းအနားနှင့် ကြိမ်ကြိုက်သည့်အခါ ဖြစ်၍ ဘေးမဲ့ချမ်းသာပေးတော်မူပြီးလျှင် အကျဉ်းကလွတ်တော်မူ၏။

သွန်းလုပ်တော်မူသည့်နေ့ကစ၍ ပြီးပြေသည့်တိုင်အောင် သုံးရပ်ပတ်လုံး မိုးအုံ့မှိုင်းခြင်း၊ တိမ်လွှာတိမ်ထပ် တစ်ခဲနက်တက်ခြင်း၊ မုန်တိုင်း

http://www.dhammadownload.com



လေပြင်း ကင်းသဖြင့် လေညှင်းလေပြည်လာခြင်း၊ ပေါက္ခရဝဿမည်သော မိုးကဲ့သို့ မိုးသေး မိုးဖွဲရွာခြင်း၊ ပြည်သူသတ္တဝါအပေါင်း ရွှင်လန်းချမ်းသာခြင်း၊ နတ်လူအပေါင်းတို့ ကောင်းချီးပေးသောအသံ၊ စည်သံ၊ ခရုသင်းသံ၊ မြေကြီး လျှောင်ပဲ့တင်ရိုက်ဟည်းသောအသံတို့သည် တစ်ပြိုင်နက် အုတ်အုတ်ကျက် ကျက်ရှိခြင်းစသော အံ့ဖွယ်သရဲထင်ရှားစွာဖြစ်၏။

မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကိုလည်း မဟာသကျသီဟ ကမ္ဘည်း မော်ကွန်း တပ်တော်မူ၍ ရွှေနန်းတော်က နံတော်သင့်မြတ်ရာ မဟာမြတ် မုနိစေတီတော်အနောက် လေးထပ်ကျောင်းရာတွင် ကိန်းဝပ်တော်မူရန် ဘုံ ခုနစ်ဆင့်ရှိသော အုတ်ပြာသာဒ်လုပ်ဆောင်ပြီးလျှင် ပန်းရန်တော် အကျော် အမော်တို့ကို အတုမရှိ ဆန်းကြယ်စွာ ကျောက်ဖြူပလ္လင်တော်ထုလုပ်စေ၍ ပင့်ဆောင်ပူဇော်ကိုးကွယ်တော်မူ၏။

ထိုအခါ ဝန်ကြီးဦးပေါ်ဦးက စာဆိုဆက်သွင်းသည်မှာ. . .

**ပွင့်မြူးမင်္ဂလာ. . .** မြင့်ဖြူးသာစိမ့်၊ သပြေညာတိုက်၊ ဇေယျာသိုက် ဖြင့်၊ မကိုင်ရှိမြန့်ပေါင်၊ ကြင့်နှန်းထောင်သည်၊ ကုန်းဘောင်မန္တာတ်၊ ဘေးတော် မြတ်မှ၊ နေနတ်လွန်တင့်၊ ခုနစ်ဆင့်တွင်၊ စုံပွင့်သမ္ဘာ၊ မုံရင့်မာ၍၊ ရိုက်ရာ တော်ဆက်၊ စောဘုန်းတက်လျှင်၊ ရံလက်ယာနေ၊ ညာမဟေနှင့်၊ အောင် ဘိသေပန်း၊ ဘွေသဘန်းဝယ်၊ ရေဖျန်းခံယူ၊ စံတော်မူသည်၊ ဇမ္ဗူလုံးဖျား၊ မင်းနှစ်ပါးတို့၊ ပွားကုသိုလ်တော်၊ အဟိုမြော်၍၊ သုံးဘော်ထွတ်ထား၊ မြတ် ဘုရား၏၊ ကိုယ်စားနိမ္မ၊ ရောင်ရှိန်ကြွအောင်၊ ပဥ္စလောဟာ၊ ရတနာကို၊ ကောဇာသက္က၊ ခေါ်ဝေါ်ကြသား၊ ကေနှစ်ဖြာ၊ အဋ္ဌာနှင့်အင်၊ ရောင်လက်မိန၊ ဖဂ္ဂုဏာတွင်၊ ပြည့်ထကျော်တက်၊ စွန်းသုံးရက်ဝယ်၊ ကျိုချက်သွန်းဆောင်၊ ဖို တစ်ထောင်ဖြင့်၊ ဘုန်းခေါင်သမ္ဘိန်၊ ပြီးကြောင်းချိန်သည်။ နိမ္မေလူ့ထွတ် သျှောင် ပန်းတည်း။

**တင့်ထူးသမ္ဘာ. . .** ရင့်ကျူးဖြာပိမ်၊ မဟာစက္ကဝတ်၊ တို့စောထွတ် သည်၊ ဇောညွတ်ဖရဏာ၊ ပီတိဖြာ၍၊ သဒ္ဓါနေရောင်၊ တောက်ထွန်းဆောင် သား၊ ရွှန်းပြောင်ရှိန်ကြည်၊ ရွှေသီဂီနှင့်၊ ကြေးနီသလွဲ၊ သာခွါကဲလျှင်၊ တွက် မြဲသချာ၊ စဉ်အလာမူ၊ ပိဿာတစ်သောင်း၊ ခြောက်ထောင်ဆောင်း၍၊ စွန်း

http://www.dhammadownload.com



နှောင်းတစ်ရာ၊ တစ်ဆယ်သာတည့်၊ ဟာပဏာနွန်း၊ ဖိုးထိုက်ကြိုးသော်၊ သုံးကုဋေကျော်၊ တွက်ရေးပေါ်၏၊ ဘုန်းမော်မြတ်စွာ၊ ဉာဏ်တော်မှာကား၊ အမြင့်အားဖြင့်၊ မှတ်သားနောက်နောင်၊ တန်ခိုးဆောင်သည်၊ ကိုးတောင်နှစ်မိုက်၊ ထက် ဝယ်နိုက်မူ၊ အချင်းယူက၊ ပမာဏမှာ၊ ဆယ်ငါးထွာပင်၊ မဟာစမ္ဘဏ်၊ နေရာလွန်ကို၊ မှန်ကန်ကျန၊ စနစ်ပြသော်၊ အဌအဌာ၊ အမြင့်မှာကား၊ စွန်းသာ လေးသစ်၊ နှစ်မိုက်ဖြစ်၏။ သင်းကျစ်ပရမေ၊ မြတ်စိန္တေဟု၊ သုံးထွေ ဦးသျှောင်၊ ငါးမာရ်အောင်လည်း၊ ထွန်းပြောင်လက္ခဏာ၊ ဗာတ္တိံသာဝယ်၊ အံ့ဩဖွယ်နှင့်၊ ရှစ်ဆယ်မမှား၊ လွန်ထင်ရှားလျက်၊ ဝင်စားသမာပတ်၊ ဝိသုဒ်နတ်စစ်၊ ဓမ္မရာဇ် သို့၊ ရွှန်းသစ်ထိန်ဝေ၊ စံတော်နေသည်. . . **စိန္တေတုလွတ်အောင်ခန်း တည်း။**

**ဆင့်ကြူးကမ္ဘာ. . .** ကပ်လုံးကြာပိမ့်၊ မဟာကုသလ၊ မြတ်ပုညကို၊ နှိုင်းဆအံ့ရာ၊ မယှဉ်သာသား၊ ပမာရည်တူ၊ ပုံနှုန်းယူသော်၊ သုံးလူထွတ်ထား၊ တို့ဘုရားသည်၊ လေးပါးသစ္စာ၊ ငါးဖြာဥေ ယျ၊ ပွင့်မည်စသော်၊ အပ္ပရာဇေ ပလ္လင်ဗွေ၌၊ စံတော်ကြိုက်ဝယ်၊ မုန်းအိုက်တင်းခက်၊ မာရ်မင်းထွက်၍၊ စစ်ဖက်မည်သာ၊ သေနင်္ဂါနှင့်၊ ဗာဟုံသဟာယ်၊ ဗိုလ်ခြေပတ်လျက်၊ နတ်အာဇာနီ၊ နာဠာဂီကို၊ စာမီရောင်တင့်၊ စိတ်ချွန်းဖွင့်က၊ ထွန်းဝင့်ခါညီ၊ ပါရမီကြောင်း၊ လေးလီသောင်းနေ၊ နှစ်သိန်းမြေမှ၊ ဟိန်းဝေတုန်ချီ၊ သုန္ဒရီသည်၊ ကုန္ဒဒီမျှ၊ ပမာဏသို့၊ ဖြာစွာ့ရေစက်၊ ဖွင့်တိုးထွက်သော်၊ စစ်မက်ဗျူဟာ၊ ပျက်ပြုန်းရာဖြင့်၊ ဝလာအမွှန်၊ ပိုက်လွှမ်းခြုံ၍၊ ပဋ္ဌန်အံ့မှိုင်း၊ လေမုန်တိုင်းလည်း၊ ဆိုင်းလင့်မနေ၊ တိုက်လွင့်ချေက၊ သဗ္ဗေသတ္တာ၊ နတ်မသမာ၏၊ နောက်ပါတရထည်၊ ပြိုပျက်သည်တည့်၊ နှိုင်းယှဉ်တူစွာ၊ ယခုမှာလည်း၊ အခါတော်ထွက်၊ ထိုသုံးရက်တွင်၊ ချွန်းလျက်ဝိုင်းကာ၊ ဝတိန်သာမှ၊ ဣန္ဒာမိန့်တိုင်း၊ သိမ့်သိမ့်လှိုင်းသား၊ ရစ်ဆိုင်းလှည့်လည်၊ လေပြည်လေညှင်း၊ ပူဇော်ခြင်းနှင့်၊ မိုးမင်းစွေဝှန်၊ ဖျန်းကာသွန်လျက်၊ ဟေမဝန္တ၊ ကဲ့တမျှလောက်၊ ပေါက္ခရဝဿန်၊ ပုံနှုန်းရန်ဖြင့်၊ နတ်သန်နုဘော်၊ တုမပေါ်အောင်၊ အဟော်အစ္ဆရိ၊ အံ့ဖွယ်ရှိစွ၊ အတိပရမ၊ ဇိနာထတွင်၊ ကိဋ္ဌာနသဘင်၊ သာခုယင်သော်၊ မြေပြင်ဖြိုးဖြိမ့်၊ ထိုးတလိမ့်နှင့်၊ မိုးသိမ့်သိမ့်ခါ၊ စက္ကဝါဠ်၌၊ လက်ယာရစ်ခွေ၊ ခရုငွေဖြင့်၊ ပြပျှေပြဟ္မာ၊ ကောင်း

http://www.dhammadownload.com



ကြီးညာ၍၊ "မဟာသကျသီဟ"၊ ကမ္ဘည်းသလျက်၊ ကာလနာဂတော၊ တွင် ကြောင်းချွေသည်. . . သိန်းမြေထုညွှတ် လောင်ထွန်းတည်း။

ငင်းရတုသုံးပုဒ်ကို အမတ်ကြီးဦးပေါ်ဦးက ဆက်သွင်းလျှင် ဘဝရှင်မင်းတရားကြီးသည် လွန်စွာနှစ်သက် ဝမ်းမြောက်တော်မူ၏။ ဤသည်လျှင် တင်ချက်တစ်ခန်းပြီး၏။

❖ . ❖ ❖

## ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်နှင့်စပ်လျဉ်း၍ ရတုဆက်သွင်းခြင်းနှင့် ဝန်ကြီးချုပ်ခန့်အပ်ခြင်း

တစ်ရံရောအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် မြတ်စွာဘုရားရုပ်ပွားတော် ထုလုပ်ရန်ကျောက်တော်ကြီးကို မင်းကွန်းစံနန်းတော်ရောက် ထွက်စံကြွယူတော်မူမည်မှာ အလောင်းစည်သူမင်းကြီးသည် ကျွန်းဦးဇမ္ဗူသပြေပင်သို့ ထွက်တော်မူ၍ တစ်ခဲနက်ကျောက်အတိပြီးသော ရှင်ဖြူရုပ်ပွားတော်ကို ပင့်ဆောင်သောအခါကဲ့သို့ ထွတ်တော်မမူမီ တစ်ရက်နေ့တပ်ဦးတော်က သာသနာပြုဆရာတော် အမှူးရှိသော တံဆိပ်တော်ရဆရာတော် တစ်ကျိပ်နှစ်ပါးနောက်ပါရဟန်း သာမဏေသုံးကျိပ်လေးပါးတို့ကို အလုပ်အကျွေး အကြီးအကြပ်များနှင့် ဖောင်တော်သုံးစင်းတွင် တင်ဆောင်ကြွသွားစေပြီးမှ သက္ကရာဇ် တစ်ထောင့်တစ်ရာ့ကိုးဆယ်နှစ်ခု ကဆုန်လပြည့်ကျော်နှစ်ရက်နေ့ ကြည်းကြောင်းဆင်၊ မြင်း၊ ရထား၊ ခြေသည် စစ်အင်္ဂါလေးပါးနှင့် ရေကြောင်း ဖောင်တော်၊ ရွှေလှေ၊ ရွှေလောင်း၊ သမ္ဗန်တော်မှစ၍ အသိန်းမကသော သားလှေ၊ ငှက်လှေ၊ ရွှေလှေ၊ ရွှေလောင်း၊ မြစ်ကြောင်းပြည့်မျှ မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်အပေါင်း ခြံရံ၍သိကြားနတ်မင်း အသရေကိုဆောင်တော်မူလျက် မင်းကွန်းစံနန်းတော်ရောက် ထွက်တော်မူ၏။

ရေအား၊ ကြည်းအား၊ ထွက်တော်မမူမီ ကဆုန်လဆန်းငါးရက် တနင်္လာနေ့ မြေကြီးလျှောင် ပြင်းစွာလှုပ်၏။ ယင်းသည့်ကဆုန်လပြည့်ကျော် တစ်ရက် သောကြာနေ့ည လေးချက်တီးအချိန် မင်းကွန်းစံနန်းတော်

http://www.dhammadownload.com



အနောက်တောင်ထောင့် တောင်ယံထိပ်တွင် ဆောက်လုပ်တော်မူသော လက်ဝဲဆရာတော် သီတင်းသုံးနေသည့်ကျောင်းကို မိုးကြိုးနတ်စက်ပြ၏။

ယင်းသည့်အကြောင်းအရာကိုလည်း ဦးပေါ်ဦးအစရှိသော ပညာရှိတို့က ဘေးလောင်ဆုတ် ဒေဝါနံပိယတိဿမင်းလက်ထက် ထူပါရုံစေတီတော်၌ ဌာပနာရန် ဓာတ်တော်များကို သုမနသာမဏေဆောင်ယူရောက်ကာလ မိုးကြီးသည်းထန်စွာ ရွာကြောင်း မိုးကြိုးနတ်စက်ပြကြောင်းများကို ကျမ်းဂန်ထွက်ရှိသည်နှင့်အညီ ရွယ်ရည်တော်မူသမျှ အကြံတော်အတိုင်း ပြည့်စုံမည်ဖြစ်ပါ၍ ထက်သန်သော သဒ္ဓါတော် ဇောအဟုန်ကို ကောင်းကျိုးပေးသော အခြင်းအရာဖြင့် နတ်စက်မိုးကြိုးပြခြင်း၊ မဟာပထဝီမြေ လှုပ်ခြင်းစသော နတ်ကောင်း၊ နတ်မြတ်တို့ပြသော အံ့ဩဖွယ် တိတ်နိမိတ်ဖြစ်ကြောင်းများနှင့် မင်္ဂလာရတုလျှောက်ထားကြ၏။

### အမတ်ကြီးဦးပေါ်ဦးဆိုသည့် အဖြည့်ခံရတုနှစ်ပုဒ်

မြူးကွန့်မင်္ဂလာ. . . မျှို့ထူးစွာသား၊ မဟာပရဘူး၊ မပဟိန်မှူးသည်၊ တိမ်ဦးရဝိ၊ တောက်ထွန်းဘိသို့၊ ဇာတိပဘာ၀၊ ဇာတ်ကိုပြသော်၊ သမ္ဘဝစဉ်လာ၊ ထင်သမ္ဘာနှင့်၊ ဥက္ကာကရာဇ်၊ ဝေဖြိုးလှစ်၍၊ နေမြစ်ကွန့်လှိုင်း၊ ညွန့်သွယ်ဆိုင်းသည့်၊ ဂိုဏ်းသူရင္လ၊ အာဒိကဟု၊ သာကီယန္ဒယ်၊ ဆက်သွယ်ပြန့်ရှောင်း၊ တကောင်းနန်းရိုး၊ သတိုးမဟဂ္ဂ၊ ခေတ္တရဆက်စံ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်းပင်းယ၊ အဝကုန်းဘောင်၊ ဘုန်းရောင်လွှံ့ပတ်၊ ဘေးတော်နတ်မှ၊ မပြတ်အလျဉ်၊ အစဉ်သဖြင့်၊ ဖြူဝန်းဖွင့်လျက်၊ ခုနစ်ဆင့်မြောက်စွာ၊ မဟာစက္ကဝတ်၊ အထွတ်ဘုန်းလူ၊ မနောဘူသည်၊ သူမတူမှတ်၊ တစ်ဆူနတ်မို့၊ ရေဓာတ်မြေဓာတ်၊ ထုတ်ခတ်စက္ကဝါ၊ ဘီလာပတ်ဝန်း၊ ကျွန်းစတုရန်၊ ဟိမဝန်မှ၊ တသွန်လောက၊ ဩကာသ၌၊ ချမ်းမြကြည်၊ ရစ်ဆိုင်းလည်အောင်၊ မွေးရည်ပျံ့ကြွယ်၊ ရန့်သယ်ထား၊ သွတ်လှယ်ခေါက်တင်၊ နတ်သဘင်ဖြင့်၊ စံရွှင်ကျင်းပ၊ ဌာဝရဝယ်၊ သာသနာ့သိုက်၊ ကာလကြိုက်၍၊ အကိုက်ပွားညွန့်၊ ထားထားကွန့်လျက်၊ အခွန့်ရှည်စွာ၊ တည်စိမ့်ငှာဖြင့်၊ ကျမ်းလာထိမ်းမှတ်၊ ကိန်းဓာတ်ဂြိုဟ်နတ်၊ နက္ခတ်အလို၊ ဗဟိုရ်မဏ္ဍလာ၊ ရတနာပူရ ပြည်ရွှေဝဟု၊ မြစ်ရာစူ၊ မြန်ဇမ္ဗူထက်၊ အံ့သူမာလိ၊ ထွန်းရောင်ညီလျှင်၊ ဇာတိတော်မြတ်၊ ဣဒ္ဓိပါဒ်ကြောင့်၊ မဟတ္တဂုဏ်၊ မိုးလုံး

http://www.dhammadownload.com



တုန်သည့်၊ ထက်ဘုံအယုဇ္ဈ၊ နန်းဌာနမှ၊ မာယက္ကန္ဒာ၊ မနေသာ၍၊ သေလာ သေဋ္ဌာ၊ အနှစ်စုနှင့်၊ အမြဲတေရောက်၊ သလင်းကျောက်ကို၊ ဝင်းတောက် သကျင်၊ တောင်တော်ခွင်၌၊ ရုပ်ရှင်နိမ္မိ၊ သွန်းထုဘိ၍၊ မိပတိဘုန်းမို၊ ပူဇော် လိုက၊ လူဗိုလ်မပန်း၊ ပြည်မန္တမ်းနယ်၊ အလွယ်တသာ၊ ရလိမ့်ဌာဟု၊ ဒေဝရာ မောင်၊ လျှောက်ထားဆောင်သည့်. . . ဘုန်းရောင်တက်နေ ပွင့်တော့သည်။ (ခိုင်ညွတ်ခက်ဖြာချနည်းဟုမှတ်)။

ဖူးညွန့်စီခြာ. . . ပွင့်မျိုးဖြာသား၊ ရာဇာအာဟိန်၊ နရာသိဟ်ကို၊ ပံမာ ချိန်ဆ၊ နှိုင်းစံပြသော်၊ ပဝရဘုန်းလူ၊ လောင်းစည်သူသည်၊ ဇမ္ဗူသပြေ၊ ပင်ရိပ် ဝေသို့၊ ဗိုလ်ခြေဝှမ်းဆူ၊ ထွက်တော်မူ၍၊ ရှင်ဖြူဘုရား၊ ပင့်သောလားနှင့်၊ မခြား ခုသာ၊ တူလှစွာတည့်၊ မဟာပထဝိ၊ မဟီတလေ၊ ဤမြေတုန်ဟည်း၊ သိမ့် သိမ့်တီး၍၊ ကြီးကျယ်လွန်စွာ၊ လှုပ်ပြီးကာပင်၊ တော်လျှောင်နှင့်၊ ပဲ့တင်ရိုက် ကျိုး၊ နတ်စက်ပြိုး၍၊ မိုးကြိုးကျလာ၊ အကြောင်းမှာမူ၊ ဒေဝါနံစ၊ မင်းပိယဟု၊ တိဿရာဇာ၊ လက်ထက်ခါ၌၊ ထူပါရုံခေါ်၊ စေတီတော်တွင်၊ ပူဇော်ရန်သာ၊ ဌာပနာဖို့၊ မဟာဇိန၊ သရီရမှ၊ အတိပဝရဓာတ်၊ ဓာတုမြတ်ကို၊ အရဟတ္တဓဇ၊ သမဏဟု၊ သကျသာကီ၊ ပင့်ဆောင်သည်တွင်၊ မှိုင်းရည်ပြိုက်ပြိုက်၊ မိုးစည် ရိုက်၍၊ တိုက်စက္ကဝါ၊ သွန်းဖြိုးရွာလျက်၊ စက္ကာသနိ၊ ကြိုးဘိထစ်ချုန်း၊ ခြိမ့်အုန်း နတ်စက်၊ ရပ်ဆယ်မျက်ဝယ်၊ ကောင်းဖွယ်အံ့အာ၊ မင်္ဂလာဖြင့်၊ ခါခါချက်ချက်၊ ကန်တော့ဆက်၏၊ မပျက်တူစွာ၊ ယခုမှာလည်း၊ ဥပမာယ၊ သာကေသို့၊ သမ္မတ ဘုန်းမော်၊ ကုသိုလ်တော်ဝယ်၊ အထက်နယ်မှ၊ ဘဝဂ်ကယ်ရာ၊ သွက်သွက် ခါပင်၊ ဒေဝါနမိန်၊ သံရှိန်ဩဘာ၊ တွန်ကြွေးငြာ၍၊ နဘာတုန်အောင်၊ ဘိသိက် ဆောင်သည့်. . . ကုန်းဘောင် ကျက်သရေ ဆင့်တော့သည်။ (ဇမ္ဗူတန် ဆောင် ချနည်းဟုမှတ်။)

ရင်းမင်္ဂလာစကား အဖြည့်ခံမင်္ဂလာရတုနှစ်ပုဒ်ကို သက္ကရာဇ် တစ် ထောင်တစ်ရာကိုးဆယ့်နှစ်ခု၊ ကဆုန်လပြည့်ကျော် နှစ်ရက်နေ့တွင် အမတ် ကြီးဦးပေါ်ဦးသည် ဘဝရှင်မင်းတရားကြီးသို့ ဆက်သွင်းရာ လွန်စွာနှစ်သက် တော်မူသည်နှင့် ရွှေသားချိန်နှစ်ဆယ့်ငါးကျပ်ရှိ ကွမ်းခွက်တော်တစ်ခုနှင့် ငွေကောင်းသုံးပိဿာ ဆုပေးတော်မူ၏။

http://www.dhammadownload.com



ယင်းသည့်သက္ကရာဇ် ကဆုန်လပြည့်ကျော် တစ်ဆယ့်လေးရက်နေ့ အမတ်ကြီးဦးပေါ်ဦးသို့ ဘဝရှင်မင်းတရားကြီးဘုရား မိန့်တော်မူသည်မှာ 'ဘိုးတော်ဘုရား နတ်နန်းမစံမီ မှာတော်မူခဲ့သည်မှာ ငါလွန်တော်မူလျှင် မောင်အိမ်ရှေ့မင်းသည် ပေါ်ဦးစကားကို ငါ့စကားကဲ့သို့ နားထောင်ရမည်။ ငါ၏လက်ထက်တော်မူကား မာန်တက်ကြွခြင်းဖြစ်မည်ကိုစိုး၍သာ ဌာနန္တရအထူးမှူးကြီးချုပ်ခန့်အပ်တော်မမူသည်။ ငါလွန်တော်မူလျှင် ရာကြီးထူးကြီးနှင့် သူကောင်းပြုရမည်' ဤသို့ မှာတော်မူခဲ့သည်ဟု မိန့်တော်မူပြီးလျှင် အမတ်ကြီးဦးပေါ်ဦးကို 'သတိုးမင်းကြီးမဟာမင်းလှနော်ရထာ'ဘွဲ့နှင့်ပင် ပယာလေးမြို့နှင့်လဲ၍ ဇလွန်မြို့ကို အစားသနားတော်မူသည်။

**ဤသည်လျှင် ကျောက်တော်ကြီးပင့်ခန်းနှင့် အမတ်ကြီး ဦးပေါ်ဦးသို့ ဝန်ကြီးချုပ်ခန့်သော အခန်းပြီး၏။**

❖ ❖ ❖

## သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်းနှင့် စပ်လျဉ်း၍ လျှောက်တင်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးအုရားသည် စာကြည့်တော်မူရာတွက် ဓာတုဝင်နှင့် ဒါဌဓာတုပကာသနီကျမ်းတို့ကို ဖတ်တော်မူမိသဖြင့် အကြံတော်ဖြစ်ပွားသည်မှာ ငါတို့သုံးလူ့ထွတ်ထား ဘုရားမြတ်စွာ၏ သွားတော်ဓာတ်၊ စွယ်တော်ဓာတ်တို့သည်ကား အပြားအားဖြင့် မည်မျှဟူ၍ ဋီကာဆရာတို့လည်း ထင်ရှားစွာဆိုသည်ဟူ၍ မတွေ့စဖူး။ ဂဏ္ဌိဆရာတို့ကလည်း မခွဲခြားခဲ့ကြ၍ ကွဲပြားမရှိ။ သို့ဖြစ်ဘိ၍ သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်းဟု ပြောထုံးရှိသည်တွင် သွားတော်လေးဆယ်ကား တခြားသပ်သပ်၊ စွယ်တော်လေးချောင်းကား တခြားသပ်သပ်ဖြစ်ခဲ့ပါမူ ဘုရားသခင်၏ ရွှေကြာကုမုဒ်တော်၌ လေးဆယ်လေးချောင်းရှိဘိသကဲ့သို့ ဖြစ်ချေသည်။

ဤသို့ လေးဆယ်လေးချောင်း ယူတော်မူပြန်ကလည်း စွယ်တော်ဆိုသည်ကား သွားတော်ပင်တည်း။ သွားတော်ဟူကလည်း သွားတော်လေးဆယ်ဆိုသည်ကို အမှန်ယူရခြိမ့်မည်ဟု ဝိစိကိစ္ဆာတရားဖြစ်တော်မူ၍ နံနက်ညီလာ

http://www.dhammadownload.com



အခါတွင် များစွာသော မှူးမတ်ပညာရှိတို့စုံညီသော် ထိုအကြောင်းကို အဓိမောက္ခတရား ဖြစ်တော်မူလိုလှသည်နှင့် ကွဲပြားအောင် တင်ကြရမည်ဟု မိန့်တော်မူ၏။

ထိုအခါ များစွာသော မှူးမတ်ပညာရှိတို့သည် မိမိတို့သဘော အလျောက် နှစ်ခြိုက်ရာရာ သွားတော်လေးဆယ်၌ စွယ်တော်လေးချောင်း ပါပြီးဖြစ်ပါသည်ဟု တင်သူကလည်း တင်လျှောက်ကြကုန်၏။

အချို့သော မှူးမတ်တို့ကလည်း သွားတော်လေးဆယ်ကား တခြား၊ စွယ်တော်လေးချောင်းကား တခြားဟူ၍ တင်လျှောက်ကြရကား ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဦးပေါ်ဦးသို့ မေးတော်မူသည်မှာ 'မင်းကြီး. . ယခုအသီးသီးအ၀၀ တင်လျှောက်ကြသည်တွင် အဘယ်သို့သဘောရပါသနည်း။ အဘယ်ကို အမှန်ယူရမည်နည်း'ဟု မေးတော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သည်မှာ 'ရွှေနားတော်မူဘုရား. . . ဓာတုဝင်ဋီကာ အစရှိသော ကျမ်းအစောင်စောင်တို့၌ လာသည်မှာ 'သမစတ္တာလီသ"ဟု မိန့်တော်မူကြပါသည်။

ဂင်း "သမစတ္တာလီသ"ဟူသော ပါဠိ၌ကြီးငယ်မထင် ညီညွတ်သော လေးဆယ် အတိုင်းအရှည်ရှိသောသူဟူသည့် စကားကို မနှစ်ခြိုက်ကြမူ၍ လေးဆယ့်လေးချောင်း ဖြစ်သည်ဟုယူတော်မူကြသော မင်းပရိသတ်လည်း တစ်ရပ်။

သွားတော်လေးဆယ်၌ စွယ်တော်လေးချောင်းပါပြီးဟူ၍ ယထာဘူတအယူရှိကြသော မင်းပရိသတ်လည်း တစ်ရပ်။

ဤသို့နှစ်ဆိုင်း နှစ်ဝိုင်း နှစ်ဂိုဏ်းကွဲပြားရှိကြသည့်အရာဝယ် မျက်နှာကြီးငယ်ကို မလိုက်သာသော အရေးဖြစ်ပါ၍ သွားတော်လေးဆယ်အပြင် စွယ်တော်လေးချောင်းကားတခြား သပ်သပ်ဟူကလည်း များလွန်းပါသည်။ စွယ်တော် လေးချောင်းသည် သွားတော်လေးဆယ်၌ အကျုံးဝင်၍ လေးဆယ်တွင် ငုပ်သည်ဟု ယူတော်မူကြသော မင်းများ၏ အယူကလည်း နည်းလွန်းသည် ထင်ပါသည်။

http://www.dhammadownload.com



သို့အတွက် လေးဆယ်လည်းမက လေးဆယ့်လေးချောင်းလည်း မကျဖြစ်စေရန် လေးဆယ့်နှစ်ချောင်းဟု ဖြန်တရားပြု၍ယူတော်မူသင့်ပါ ကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား'ဟု လျှောက်ထားသော် ဘဝရှင်မင်းတရားကြီးနှင့်တကွသော မှူးမတ်အပေါင်းတို့သည် သောင်းသောင်းရုတ်မျှ ရယ်မောကြကုန်၏။

ဘဝရှင်မင်းတရားကလည်း 'အိမ်း- မင်းကြီးကိုမေးလိုက်ရမှ ရှင်းရှင်းလင်းလင်းရှိပေသည်'ဟူ၍ မိန့်တော်မူပြီးလျှင် ပြုံးတော်မူလျက် အတွင်းဆောင်တော်သို့ ဝင်တော်မူ၏။

**ဤသည်လျှင် သွားတော်လေးဆယ် စွယ်တော်လေးချောင်းအစိက ရှုဏ်းကို ဖြေဆို၍ အပျော်တော်ဆက်သော အခန်းပြီး၏။**

❖ ❖ ❖

## ဆရာတော်ဦးဗုမ်ကို သာသနာပြုလွှဲအပ်ရန် လျှောက်တင်ခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာရှစ်ဆယ့်ကိုးခု တပို့တွဲလဆန်း တစ်ဆယ့်သုံးရက်နေ့ ရွှေစေတီတိုက်အတွင်း တောင်နန်းတော် မိဖုရားခေါင်ကြီးကတည်လုပ်သည့် ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းတောင်ကြီး ပြီးပြေရှိသည်ကို ကျောင်းတော်အနောက် မြေလပ်တွင် မင်းတည်းကြီးစွာ ဆောက်လုပ်စေ၍ အရှင်နှစ်ပါး ထွက်စံတော်မူပြီးလျှင် မင်းပွဲသဘင် ကြီးကျယ်စွာဖြစ်စေလျက် အရညဝါသီ၊ ဂါမဝါသီပုဂ္ဂိုလ် တံဆိပ်တော်ရ မရ ဆရာတော်သံဃာတော်တို့အား လှူဒါန်းရန် ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်ပဒေသာပင်ရေ တစ်ရာကျော် လှူဒါန်းပြီးလျှင် ကျောင်းတော်ကို 'အောင်မြေဘုံစံ' ကမ္ပည်းတပ်တော်မူ၍ 'ပုညာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'ဟူသော မင်းစံတံဆိပ် ခတ်နှိပ်လှူဒါန်းခြင်းကို ခံရသည့် ညောင်ကန်ဆရာတော် 'ဦးဘိုး'အားရေစက်သွန်းချ တင်လှူတော်မူ၏။

ကုသိုလ်တော် အခမ်းအနားတွင်လည်း အရပ်ရှစ်မျက်နှာမှ လာရောက်သူတို့ကို အဝတ်အစား၊ အသုံးအဆောင်များစွာ စွန့်ကြဲပေးကမ်းတော်မူပြီးလျှင် ပွဲသဘင်ကြီးကျယ်စွာ ခံတော်မူ၏။ အပြစ်အလျောက် ထောင်

http://www.dhammadownload.com



တန်းအကျဉ်းခံနေရသည့် လူခြောက်ဆယ့်ရှစ်ယောက်တို့ကိုလည်း ဘေးမဲ့ချမ်းသာပေးတော်မူ၍ အကျဉ်းက လွှတ်တော်မူ၏။

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ကိုးဆယ့်တစ်ခု နှောင်းတန်ခူးလဆန်းတစ်ဆယ့်ငါးရက်နေ့ နန်းမတော် မိဖုရားခေါင်ကြီးက ဆောက်လုပ်ကိုးကွယ်သည့် အောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် ပုညာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဟု တံဆိပ်မင်းစံအလျှုတော်ကို ခံရသော ညောင်ကန်ဆရာတော် ဦးဘိုးပျံလွန်တော်မူသည်ကို အမရပူရ ပထမမြို့တည် နန်းတည်ဘိုးတော်မင်းတရားကြီး လက်ထက် မင်းအိုဆရာတော်ဘဝပြောင်းရာ သင်္ဂြိုဟ်သည့်နည်း အခမ်းအနားကြီးကျယ်စွာ လုပ်ဆောင်စေ အမိန့်တော်အရ မင်းမိဖုရား သားတော် သမီးတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်တို့သည် အသီးသီးပွဲသဘင် ဆင်ယင်ကျင်းပ၍နေကြစဉ် လေးပြင်လေးရပ်တံဆိပ်ရ မရဆရာတော်တို့သည် ယင်းသည့် အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးထက်တွင် စည်းဝေးတိုင်ပင်၍နေကြရာ ပညာရှိအမတ်ကြီးဦးပေါ်ဦးသည် တောင်မြောက်စသည်ကို လှည့်လည်ကြည့်ရှုလာသည်နှင့် တံဆိပ်ရမရ ဆရာတော်အပေါင်းတို့ တိုင်ပင်၍နေကြသည်ကိုမြင်လျှင် ကိုင်းရှိုင်းသောကိုယ်ဖြင့် လျှောက်ထားလိုက်သည်ကား. . . 'ဆရာတော်အရှင်မြတ်များ. . အဘယ်စကားများကို တိုင်ပင်ခြင်းပြုကြပါသနည်း'ဟု လျှောက်၏။

ဤသို့လျှောက်သော အမတ်ကြီးဦးပေါ်ဦး၏အသံကို ကြားတည့်လျှင်ဆရာတော် အများတို့ကပင် တကာတော် ဝန်ကြီးမင်း ခေတ္တမျှ လာပါဦးဟုခေါ်၍ မိမိတို့တိုင်ပင်သောအကြောင်းကို ဤသို့ပြန်ကြားကြသည်၊ "ယခုဆရာတော်တို့ တိုင်ပင်ပြောဆိုကြသည်ကား အခြားကိစ္စမဟုတ်၊ ရတနာပူရ ရွှေပြည်တော်ကြီး၏ ထက်ဝန်းကျင်ဝယ် ကြီးကျယ်ထူးမြတ်သော သတ္တိဗလ ဇျတ္တိဉာဏကနှင့်ပြည့်စုံလှသည့် ပရိယတ္တိ ဝိသာရဒ နာနာနယနိပုဏ ဂန္ထန္တရပါရဂူဖြစ်တော်မူသည့် ဆရာတော်ကြီး ပျံလွန်တော်မူချေပြီ။ ဤသို့ ပျံလွန်တော်မူသော ဆရာတော်ဘုရားကြီး၏ နေရာတော်သည်လည်း အလွန်ကြီးမြင့်သောနေရာဖြစ်သည်။ ကိုးကွယ်တော်မူရင်းဖြစ်သော ကျောင်းတော်ကြီး၏ ဒါယိကာမဖြစ်တော်မူသော ရှင်မိဖုရားခေါင်ကြီးကလည်း ဘုန်းခေါင်ဘုန်းဖျား ဖြစ်ချေသည်။ ဤသို့ ဘုန်းခေါင်ဘုန်းဖျား မိဖုရားခေါင်ကြီး၏ ကိုးကွယ်ခြင်းကို

http://www.dhammadownload.com



ခံခြင်းငှာထိုက်လျှောက်မည့် ပျံလွန်တော်မူသော ဆရာတော်ဘုရားကြီးနှင့် မခြားထပ်တူ ဓုက်ဆူကိတ္တိဂုဏ်ထူးရှိသော ပုဂ္ဂိုလ်သည် အဘယ်မှာရှိမည် နည်း။ ဤနေရာ၌ အဘယ်ဆရာတော်နှင့် တော်မည်နည်းဟု စည်းဝေးဆွေး နွေးခြင်းပြုသည် တကာတော် ဝန်ကြီးမင်း"။

ဤသို့ဆရာတော်တို့က မိန့်ကြားတော်မူကြလျှင် အမတ်ကြီးဦးပေါ်ဦး က လျှောက်ထားပြန်သည်မှာ 'ဤအရာဝယ် ဆရာတော်တို့သည် စိုးရိမ် မကင်း ပူပန်ခြင်းမှကင်းတော်မူကြကုန်။ အဘယ်ကြောင့်နည်း ဟူငြားအံ့။ သတ္တလောကဟူသမျှတို့တွင် ဇာတိခေတ်၌ အကျုံးဝင်သော ဤဇမ္ဗူဒိပ် မြေ အပြင်သည် မထင်တတ် မမြင်တတ်ကုန်သော ဝိစိကိစ္ဆာအမှုမျိုးကို ပယ်ချိုး နှိမ်နင်းနိုင်ရန် အတိတ်၊ နိမိတ်၊ တဘောင်၊ စံနည်းဟူသည်တို့၏ တည်ထွန်း ရာ ကျွန်းကြီးဖြစ်ပါသည်။ ဤသို့ဖြစ်သည်ကိုလည်း နောက်နောက် သတိ ကြပ်ကြပ်ချပ်တော်မူကြပါကုန်။ အကြောင်းမူကား ယခုပျံလွန်ချုပ်ကွယ်တော် မူသော သံဃရာဇာမဟာထေရ်အကျော် ဆရာတော်ဘုရားကြီးသည် ကြာသ ပတေးသား ဖြစ်တော်မူသည်။ ကိုးကွယ်တော်မူသော ကျောင်းတော်ကြီး ဒါယိကာမလည်း အရှင်မိဖုရားခေါင်ကြီးဖြစ်တော်မူသည်နှင့်အညီ နေပြည် တော်အတွင်းရှိ သူငယ်တို့သည် ကျူးသီမြွက်ဆိုစမှတ်ပြု၍ ယခုပေါ်လာသော 'တဘောင်'သီချင်းသည် ဤအရာဝယ် တိုင်ပင်ဖွယ်မရှိ။ အပြီးအစီးဖြစ်ပါ သည်'ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်တို့က မေးကြပြန်သည်မှာ တကာတော်ဝန်ကြီး မင်း. . . တဘောင်သီချင်း ဘယ်သို့ပေါ်ရှိပါသနည်းဟု ဆိုလျှင် အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည်မှာ 'ရွှေနားတော်မူကြဘုရား'-

မိုးကြီးချုပ်လို့ ဗုဓ်ကြီးမြည် ပူစီတဲ့ဘုန်း။ သာသနာ ဝါယမာ
တစ်ဖန်ထုတ်ဖို့ ရွှေပုဓ်မယ့် ဆံထုံးမှာ နားလှည့်ပါအုံး။

ဟူ၍ 'တဘောင်' ပေါ်လာပါသည်'ဟု လျှောက်ထားလျှင် ဆရာတော် ဘုရား နှင့်တကွ မင်းညီမင်းသား မင်းဆွေစိုးမျိုး မှူးတော်မတ်တော် စသော ပရိသတ် တို့သည် ယင်ပျားခတ်မျှ အမတ်ကြီးဦးပေါ်ဦး၏ စကားကိုရသည်နှင့် အုတ် ကျက်သောင်းသဲ ဖရဲဖရိုပြောဆိုကြကုန်၏။

http://www.dhammadownload.com



ဤသို့အများ ပြောဆိုပြီးလျှင် သိမ့်ကျော်ပြန့်ပွား ဘဝရှင်မင်းတရားကြီးနှင့် အရှင်မိဖုရားခေါင်ကြီးတို့ ကြားသိတော်မူရကား ပြည်သူတို့ ကျူးသီသော တဘောင်သီချင်းကို အမတ်ကြီးဦးပေါ်ဦး ကြားရသည်ဆိုသည်မှာ လွန်စွာဝမ်းမြောက်ဖွယ် ရှိပေသည်။ အဘယ့်ကြောင့်နည်း ဟူပြားအံ့။ နေပြည်တော်၌ ရှိသည့် တံဆိပ်ရ မရဆရာတော်တို့သည် ဤကျောင်းတော်ကြီးတွင် မည်သည့်ဆရာတော် ပုဂ္ဂိုလ်ကျော်နှင့် တော်၏ မတော်ဟူသောစကားပို တစ်ခွန်းတစ်ပါဒမည် မပြောမဆိုသာကြပြီ။ ဤဂိုဏ်း၌ရှိသည့် သံဃာတို့ပင် ဤကျောင်းတော်ကြီးနှင့် စပ်ဆိုင်သည့်အရာနှင့်ပတ်သက်၍ ဂဏာမိကရဏဖြစ်ဖွယ်ရာမရှိ။ ပြကတိအလိုအလျောက် သူ့သဘောနှင့်သူလာပေသည်။ ထို 'ဦးဗုဓ်' ဆိုသော ပုဂ္ဂိုလ်ကျော်သည်လည်း ယခုပျံလွန်တော်မူသော ငါတို့ဆရာတော် ဘုရားကြီး၏ ညီတော်ပင်တည်း။ ဤသို့ညီတော်ဖြစ်သည်နှင့် လျော်ညီစွာ နောင်တော်ရိုက်ရာတော်ကို ခံသင့်လှပေသည်ဟု ဘဝရှင်မင်းတရားကြီးနှင့် အရှင်မိဖုရားခေါင်ကြီးတို့က မိန့်တော်မူပြီးလျှင် ပဒုံမြို့နယ်ပါညောင်ကန်ရွာတွင် သီတင်းသုံးတော်မူသော ငယ်မည် 'ဦးဗုဓ်'ရဟန်းတော်ဘွဲ့ 'ဦးစက္ကိန္ဒ'ကို ရတနာပူရ ရွှေမြို့တော်ရောက် ပင့်ဆောင်ပြီးလျှင် စက္ကိန္ဒာဘိသီရိပဝရာ လင်္ကာရ သဒ္ဓမ္မပါလကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဟူသော မင်းစံတံဆိပ် တော်ကြီးဖြင့် ခတ်နှိပ်တော်မူ၍ အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို တင်လှူတော်မူ၏။

ထိုဆရာတော်ဘုရားကြီးကား ပေဋကောပဒေသ ဆေကတည္ဇူမဥ္ဇူနေရုတ် သံပျတ်ငိုကာ မုတ္တာဝလိ နီတိထောမအမြကောသလ် မောဂ္ဂလ်ရုပ်သိဒ်ချာသ်နိဒ်နှင့် သာဝိဗျက္ခုန် ဗျာကြဏ်တောဒည်း ကစ္စည်းဝိနိုရ် ဂန္ထန္တိုရ်တစ်ဆူဖြစ်တော်မူသည်နှင့်အညီ လောကီ လောကုတ်သိမ်းချုပ်ကုတ်ကော်လိမ္မာတော်မူရကား တိပိဋကဓရေ လင်္ဂီပေသလ သိက္ခာကာမ သီလဝန္တအကျော်ဆရာတော်ကြီး စင်စစ်ဟူ၍လည်း မြေကြီးစောင်းမျှ ဥက္ကောဋ္ဌေယျထင်ပေါ်ကျော်စော၏။

ပရိယတ္တိအရာဝယ် ချွတ်ယွင်းတိမ်းစောင်း လမ်းကြောင်းပျက်ပြား

http://www.dhammadownload.com



အမိပွာယ်မှားတို့ကို ဖြေဖွင့်သားစေ၍ သေချာတည်းပြတ်များစွာပင်လျှင် သုတ်သင်တော်မူလတ်ရကား နောက်အဋ္ဌကထာဆရာဟူ၍လည်း ခေါ်ဝေါ်စမှတ်ပြုကြကုန်၏။

ဤသို့ 'စက္ကိန္ဒာဘိ သီရိပဝရာလင်္ကာရ သဒ္ဓမ္မပါလ ကဝိဇဗမဟာဓမ္မရာဇာဓိ ရာဇဂုရု'ဟူသော ဆရာတော်ကြီးသို့ ယင်းသည့်အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို တင်လှူတော်မူ၍ သာသနာပြုအရာ လွှဲအပ်တော်မူသည့်နေ့ကစ၍ သာသနဝေပုလ္လ သာသနာဓိပဋ္ဌောတဖြစ်ခြင်းသည်ကား. . အာဒိကပ္ပ မဆွရှေးအခါ ကမ္ဘာတည်ထွန်းစကာလက ဖဂ္ဂုဏာမာသပုဏ္ဏမီ တိထိရက်မြတ်ဝယ် နေ၊ လ၊ အရောင်အလင်းကိုရသော ကပ်ဦးသူတို့ကဲ့သို့ လင္ဒီပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်ထောင်း အားရဝမ်းသာစေလျက် နေအရုဏ်တက်သောအခါ ခင်ပုပ်ငှက်ငယ်တို့ကဲ့သို့ အလဇ္ဇီပုဂ္ဂိုလ်တို့ကို ပုန်းလျှိုးကွယ်ထောင့် ဖျောက်စေသဖြင့် သုံးလူ့မြတ်စွာ ဘုရားရှင်သာသနာတော်သည် အဇ္ဇောကာသ ကောင်းကင်၌ လဗိမာန်ကဲ့သို့ အလွန်ထွန်းတောက်ပကြောင်းကို အားပမ်းထုတ်၍ ပြုစုတော်မူ၏။

ဤသည်လျှင် ဆရာတော် ဦးပုဓ်ကိုသာသနာပြုလွှဲအပ်တော်မူခန်းပြီး၏။

ရတနာပူရ စတုတ္ထမြို့တည် ဖလ်နန်းရှင်ဟု ခေါ်ဝေါ်သမုတ်ကြသော နောင်တော်ကြီး မင်းတရားလက်ထက်အမတ်ကြီး ဦးပေါ်ဦးတင်သော အခန်းတည်း။

## ဤသည်လျှင် ဒုတိယတွဲပြီး၏။

❖ ❖ ❖

## ညီတော်ကုန်းဘောင်မင်းတရား ထီးနန်းဆက်ခံ စိုးစံတော်မူခြင်း အကြောင်း

ကုန်းဘောင်မင်းတရားကြီး လက်ထက်တော်တွင် အမတ်ကြီးဦးပေါ်ဦး တင်လျှောက်သည့်အခန်းကို ပြဆိုအံ့။

http://www.dhammadownload.com



ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီးနှင့် ၎င်းညီတော် ကုန်းဘောင်မင်းတရားကြီးသည် စိတ်ဝမ်းကွဲပြား၍ ညီတော်မင်းတရားသည် သက္ကရာဇ် တစ်ထောင့်တစ်ရာ့ကိုးဆယ့်ရှစ်ခု တပေါင်းလပြည့်ကျော် ခြောက်ရက် သောကြာနေ့ ဓာတ်နံကြိုက်ညီရာ မြို့မြောက်မျက်နှာနောက်စွန်း တနသ်ာရီတံခါးမှ ရတနာသီခမြို့သို့ ထွက်တော်မူရာပါခဲ့ရင်း ပါရမီသမ္ဘာရ တော်ကြောင့် နောင်တော်မင်းတရားကြီးဘုရား၏ စစ်သည်တော်သားများ သည် သိကြားမင်း၏ ဗျူဟာကိုမြင်သဖြင့် အသူရာ၏တပ် လန့်သကဲ့သို့ မခံ မရပ်ရှိသည်နှင့် အတိမန္တဇေယျမင်္ဂလာကမ္ဘာမြေကြီး ရိုက်ဟည်းစောင်းထောင် အံ့သို့ အောင်ခြင်းကြီးဖြင့် အောင်တော်မူ၍ ရတနာပူရ ရွှေပြည်တော်သို့ ချီတက်တော်မူခဲ့ရာ အောင်မြေကိုနင်းတော်မူပြီးလျှင် စံနန်းတော်သို့ ရောက် သဖြင့် ညီလာသဘင် ခံတော်မူလျက် စံနေတော်မူ၏။

ထိုအခါ ကုန်းဘောင်မင်းတရားကြီးလည်း စလင်းစားနှင့် မှူးမတ် ပြသူတို့ တိုင်းကျိုးပြည်ကျိုးကို မမြော်မထောက် မသင့်မတင့်သောအကြံ အစည်ဖြင့် တိုင်းနိုင်ငံသူ ပြည်သူသတ္တဝါအပေါင်းတို့ကို ညှဉ်းပန်းနှိပ်စက် ပြီးလျှင် အမှုကြီးစွာရှာကြံပြုလုပ်၍ နောင်တော်မင်းတရား စိတ်နှလုံးတော် နှောင့်ယှက်ခြင်းမကင်းဖြစ်လေအောင် လျှောက်ထားကြသည်များကို အပြစ် ဝန်လွတ်ကင်းချမ်းသာအောင် ထပ်မံလျှောက်ထားခွင့်ရသည်နှင့် နောင်တော် မင်းတရား ရာဇဝတ်တော်အရေးကို ကြောက်ရွံ့စိုးရိမ်ခြင်း မကင်းဖြစ်ပါသော ကြောင့် ရတနာသီခမြို့သို့ ထွက်သွားပြီးလျှင် ကိုယ်မှစ၍သားမယား ဆွေမျိုး ကျေးကျွန်တို့၌ လာရောက်သမျှသော ဘေးအန္တရာယ်တို့ကို တားဆီးစောင့် ရှောက်သဖြင့် နိုင်နင်းအောင် ဆီးဆို့ရပ်ခံရပါသည်။ နောင်တော်မင်းတရား ကြီးကို စွန်းငြိသော နှလုံးဖြင့်ရပ်တန့်ခုခံတိုက်ခိုက်သည် မဟုတ်ပါ။

ယခုမှာ ရန်အပေါင်းကိုအောင်မြင်ပြီးဖြစ်ပါ၍ နောင်တော်မင်းတရား ရာဇဝတ်တော်ဘေးမှ လွတ်ကင်းချမ်းသာရာ ရပါသောကြောင့် ကိုယ်တော် မကျန်းမမာတော်မူသည်ကို ဆေးဝါးဆက်သ စောင့်ရှောက်ထမ်းရွက်နေပါ မည်။ ရွှေဘုံ ရွှေနန်းထက်ချမ်းသာစွာ စံတော်မူပါမည့်အကြောင်းများနှင့် သားတော် အရှေ့ဘက်ကြောင်းချီ ဗိုလ်မှူး'သတိုးမင်းဖျား' ဘထွေးတော်

http://www.dhammadownload.com



မလွန်မြို့စား မင်းသားကြီးနှင့်ဝန်ကြီး 'မင်းကြီးမဟာမင်းလှကျော်ခေါင်'တို့ကို နောင်တော်မင်းတရားထံ အမိန့်တော်နှင့် လျှောက်ထားစေ၏။

ဤသို့လျှောက်ထားသောအခါ နောင်တော်မင်းတရားလည်း ယခုဖြစ်ပွားကြသည့်အမှုမှာ အစိုးရသော မင်း မှူးမတ် စသည်တို့၏ အကျိုးအကြောင်းသာမဟုတ်ချေ။ အစိုးရသော မင်း မှူးမတ်စသည်တို့ကို အမှီပြု၍ တိုင်းနိုင်ငံအတွင်း၌ ရှိနေသမျှ ရဟန်းရှင်လူပြည်သူသတ္တဝါအပေါင်းတို့ အရေးလည်း တရေတယှက်တည်းပင် ဖြစ်ချေသည်။ ကံကြမ္မာအလျောက် သတ္တဝါအပေါင်းတို့လည်း သေကြေပျက်စီး ဆင်းရဲပင်ပန်းစွာ တွေ့ကြုံကြ ရချေသည်။ တိုင်း၊ ခရိုင်နိုင်ငံကို စိုးအုပ်သောမင်းကေရာဇ်တို့မည်သည်လည်း ကျန်းခန့်သာယာစွာ တိုင်းနိုင်ငံကို မပြတ်ကြည့်ရှုစိုးအုပ်နိုင်မှ သာသနာတော်မြတ်အကျိုးစီးပွား၊ တိုင်းနိုင်ငံတို့၏ အကျိုးစီးပွား များရာသည်။ ယင်းသို့ဖြစ်၍ ငါလည်း ကျန်းကျန်းသာသာ ရှိတော်မမူ။ မကျန်းမာတော်မူသည်ကို ဆေးဝါးဆက်သ၍ ရွှေဘုံရွှေနန်းထက် ချမ်းသာစွာ စံနေတော်မူပါဆိုသော်လည်း တိုင်းခရိုင်နိုင်ငံကို ထိန်းသိမ်းစိုးအုပ်တော်မမူလို။ ကိုယ်အန္တရာယ်ကင်းငြိမ်းသဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကိုသာ အလိုရှိတော့သည်။ ရွှေထီးရွှေနန်းမှစ၍ တိုင်း နိုင်ငံအလုံးကိုပင် ငါ့ညီတော်အား လွှဲအပ်တော်မူပြီးလျှင် မင်းအဖြစ်ကို ဆောင်နှင်းတော်မူတော့မည်။

ငါတမူကား ကုသိုလ်တော် 'မဟာသကျသီဟ'ဘုရားအနီး စံနန်းတော်တွင် စံနေတော်မူမည့်အကြောင်းများနှင့် သားတော် 'သတိုးမင်းဖျား' မလွန်မင်းသားတို့တွင် အမိန့်တော်ရှိလိုက်သည်များကို ပြန်ရောက်လျှောက်ထား ကြားသိတော်မူလျှင် ညီတော်မင်းတရားလည်း ယင်းသည့်အကြောင်းအရာများကို မင်းညီမင်းသား မင်းဆွေစိုးမျိုး မှူးတော် မတ်တော်တို့အစုံအညီတွင် အမိန့်တော်ရှိသည်ကား. . . ယခုနောင်တော်မင်းတရားကြီး ကျန်းခန့်တော်မမူသောကြောင့် ရွှေထီးရွှေနန်းတိုင်းကား နိုင်ငံတော်အပေါင်းကို ကြည့်ရှုတော်မမူလိုကြောင်းနှင့် လွှဲအပ်ရှိသည်မှာ နောင်တော်မင်းတရားက အလွန်ချစ်ကြည်တော်မူသဖြင့် သမုဒ္ဒရာဆုံးရှိသော လေးကျွန်းလုံးကိုစိုးမိုးပိုင်သရာသော မန္ဓာတ်စကြာမင်းစည်းစိမ် ချမ်းသာတော်ဖျော် စံတော်မူခြင်းကို ဆောင်

http://www.dhammadownload.com



နှင်းလွှဲအပ်တော်မူနိုင်လင့်ကစား တိုင်းခရိုင် နိုင်ငံအရိုက်အရာကို လွှဲအပ် ထိန်းသိမ်းဆက်ခံရသည်ဆိုသည့်အရာသည် မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟ တရားလေးပါး၊ အပရိယာနိယတရား ခုနစ်ပါးစသည်များကို ထိန်းသိမ်းကျင့် ဆောင်တော်မူလျက် ကြောင့်ကြမဲ့မဖြစ်စေမူ၍ ရဟန်းရှင်လူ ပြည်သူ သတ္တဝါ အပေါင်းတို့အား တားမြစ်စောင့်ရှောက် လုံခြုံစေရာသောအကြောင်းကို နှလုံး တော်သွင်းရာဖြစ်၍ ရှေးလွှဲနည်းစသည်များကို လောကဓမ္မကျမ်းဂန် စာ ဟောင်းစာတမ်းထွက်ရှိသည့်အတိုင်း စာဆက်သွင်းလျှောက်ထားရမည်ဟု ဇလွန်မြို့စားအမတ်ကြီးဦးပေါ်ဦးသို့ စေခိုင်းတော်မူ၍ အမိန့်တော်ကြီးအရ လျှောက်ထားသည်ကား. . .

## ထီးပြောင်းနန်းလွှဲနှင့်စပ်လျဉ်း၍ လျှောက်တင်ခြင်း

စောထီးနေနတ် လောင်းမင်းမြတ် မှတ်တော်မူရှင် လျှောက်ဆိုတင် အံ့။ ယခင်ရှေးအခါ ပြည်ဗာရာဒ္ဓ မဟာဗြဟ္မဒတ္တ နရိန္ဒသည် စိုးရပိုင်းချုပ် မင်းပြုလုပ်တော်မူ၏။ ထိုရှေးအခါ များစွာသောဗိုလ်ပါရဲမက် စစ်သည် အပေါင်းတို့နှင့် ခုနစ်ပြည်ထောင်မင်းတို့ ဗာရာဏသီပြည်အလုံးကို ရန်စစ်ပြု မည်ဟု ဝန်းဝိုင်းကာရံ၍ နေကြသည်များကို ဘုရားအလောင်း နောင်တော် အသဒိသမင်း လေးအဲတတ်ဖြင့် နှိမ်နင်းအောင်မြင်တော်မူသည်တွင် ဗြဟ္မဒတ် မင်းလည်း နောင်တော် အသဒိသမင်းအား ဗာရာဏသီပြည်အလုံးကို ထိန်း အုပ်စိုးစံတော်မူပါမည့်အကြောင်းနှင့် လွှဲအပ်ရာနောင်တော်အသဒိသမင်း သည် လက်တော်သို့ ရောက်ပြီးသော ဗာရာဏသီပြည်ကြီးနှင့်တကွသော ရွှေနန်းစည်းစိမ်တော်ထက် မစံလိုသဖြင့် ညီတော်ဗြဟ္မဒတ်မင်းအား ထပ်မံ လွှဲအပ်ပြီးနောက် ပြည်မှထွက်သွားပြီးလျှင် တရားကိုဖြည့်ကျင့်ရွက်ဆောင်ပါ သည်။

ဝိဇယပူရမည်သော ပင်းယပြည်၌ စကားခုနစ်ကျောင်း ဒါယကာ ဥဇနာမည်သောမင်းသည် ဆင်ဖြူငါးစီးရှင် ညီတော်ကျော်စွာမင်းအား ဝိဇယ ပူရ ပင်းယပြည်ကြီးနှင့်တကွ တိုင်းကားနိုင်ငံအလုံးကို လွှဲအပ်တော်မူသည်ကို ထိန်းအုပ်စိုးစံတော်မူ၍ မင်းစည်းစိမ်ကိုယူတော်မူပြီးလျှင် နောင်တော်ဥဇနာ မင်းကြီးအား ခမည်းတော်အမှတ်ဖြင့် ချမ်းသာစွာ ကိုးကွယ်ပြုစုတော်မူ

http://www.dhammadownload.com



ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန်ရာဇဝင်တွင် အထင်အရှားများစွာ လာရှိပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား’ ဟူ၍ တင်လျှောက်လျှင် ညီတော်မင်းတရားသည် လွန်စွာနှစ်သက်ဝမ်းမြောက်တော်မူရကား အမတ်ကြီးဦးပေါ်ဦးသို့ ပတ္တမြားငါးတန် ပုလဲစက်ဝန်းသွင်းကျောက်စီတောင်ဝေး၊ အချိန်ခြောက်ဆယ့်ငါးကျပ်ရှိ ရွှေသားထွေးခံတစ်ဆု ပေးတော်မူ၏။

ဤသည်လျှင် ရှေ့ထုံးစံအလုံးစုံတို့နှင့် ထီးပြောင်းနန်းလွဲ အခမ်းအနားတွင် တင်လျှောက်ခြင်းတည်း။

❖ ❖ ❖

## ကုန်းဘောင်မင်းတရားကြီး မြို့နန်းကို သိမ်းမြန်းတော်မူခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ ကိုးဆယ့်ကိုးခု နယုန်လဆန်း တစ်ဆယ့်နှစ်ရက် တနင်္လာနေ့ နံနက် လေးချက်တီးကျော် ငါးနာရီနှစ်ပါဒ်ဆယ်ဗိဇနာပြန်ပြည့်ခရာပြည့် ပြိဿလက်တွင် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကုံတွင် စန်း၊ သိဟ်တွင်အင်္ဂါ၊ ကရကင်္ကတွင် ကြာသပတေး၊ ပြိဿတွင် သောကြာ၊ သူတွင်စနေ၊ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားဘုရား အရှင်မိဖုရားခေါင်ကြီးဘုရား မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူးတပ်မှူး အပေါင်းနှင့်တကွ ကြည်းဘက်ရေဘက် စစ်အင်္ဂါလေးပါး ခင်းကျင်းပြီးလျှင် ရတနာပူရမြို့သို့ ကူးတော်မူ၍ လောကီအဘိသေက သိဟပူရာဏ် သင်္သကရိုင်ကျမ်းဆရာအလိုအားဖြင့် အသံဟတသမင်း၏သား၊ သာသနာတော်ကျမ်း အလိုအားဖြင့် ကပ်ဦး မဟာသမ္မတမင်းမှ ငါးဆက်မြောက်ဝရကလျာဏမင်း၏သား၊ မန္ဓာတ်မင်းသည် ရာဇဂြိုဟ်ပြည်ကြီးကို တည်ထောင်ဖန်ဆင်း၍ မြို့နန်းသိမ်းတော်မူသကဲ့သို့ လွှတ်တော်သို့တက်ပြီးလျှင် ရတနာပူရ ရွှေမြို့နန်းကိုသိမ်းတော်မူမည်။ ရွှေနန်းတော်အတွင်း တန်ဆောင်းသုံးထပ်နှင့် ကောင်းမွန်စွာ နောင်တော်မင်းတရားကိုးကွယ်တော်မူသော ရှင်ဖြူဘုရား၊ ရှင်လှဘုရား၊ ကွမ်းရွာရွှေတံ့တစ်ဘုရား၊ သီဟတောဘုရားရှင်များကို လွှတ်တော်တွင် စင်ယှဉ်နှင့် ကောင်းမွန်စွာ ပင့်ထား၍ ရှိခိုးပူဇော်တော်မူသည်။

http://www.dhammadownload.com



ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ မင်းရုပ်တုတော်များကိုလည်း လွှတ်တော်တွင် မြတ်သောသီဟာသနပလ္လင်ထက်တင်၍ ရှိခိုးပူဇော်တော်မူပြီးလျှင် သိကြားမင်း၏ အသရေကိုဆောင်တော်မူလျက် စကြာမင်း၏ ပရိသတ်နှင့်တူသော ဗိုလ်ပါပရိသတ်တို့၏ အဖူးအမြော်ကိုခံတော်မူလျက် စံပယ်တော်မူရာဝယ် ဘိုးတော်ဘုရား ရွှေလက်ထက်တော်မှသည် နောင်တော်မင်းတရားကြီးဘုရား ရွှေလက်ထက်တော်တိုင် မှူးကြီးချုပ် ခန့်အပ်ချီးမြှင့်တော်မူသည်ကို ခံရသော ဇရွှမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှနော်ရထာဘွဲ့ခံ ပညာရှိအမတ်ကြီး ဦးပေါ်ဦးနှင့်တကွ သဗ္ဗတ္ထကဉာဏစွယ်စုံလောက်လုံပြည့်ဝသော ပါရမီသမ္ဘာရနှင့် ပြည့်စုံစွာသော အာဇာနီမွန် ဘုန်းနော်ကျွန်အမတ် ဝက်မစွတ်မြို့စား မင်းနဝဒေးနှင့် စာဆိုတော်အကျော် ဘိုးသူတော်ဦးမင်း၊ လူဦးမင်းတို့က စာဆို၍ ဆက်သွင်းကြသည်မှာ. . .

## သတိုးမင်းကြီး မဟာမင်းလှနော်ရထာဘွဲ့ခံ အမတ်ကြီး ဦးပေါ်ဦးဆို ဘုန်းတော်ဘွဲ့ရတု

သတိဒဠ္ဌ၊ ဝိပုလနှင့်၊ တကွနက္ခ၊ မျှို့ထူးရှိသည်၊ ရိပုံဖျော့တု၊ မင်္ဂလာသော်။ (ဤပလ္လင်ခံရတုချခြင်းကား မဏိဆံကျင်ချခြင်းတည်း။)၊ ဘုန်းတော်ရောင်ရှိန်၊ တုလွတ်ထိန်သား၊ အတာဟိန်စစ်၊ ဣန္ဒရာဇ်သည်၊ ရဝိန်လှစ်ရောင်၊ ခြည်တထောင်ဖြင့်၊ တန်ဆောင်ထွန်းတည်၊ လေးကျွန်းလည်သို့၊ ရွှန်းကြည်ဝေဆာ၊ ရွှေတေဇာနှင့်၊ မြေချာဘဝဂ်၊ စုန်ဆန်တက်အောင်၊ တုန်သွက်သွက်ခါ၊ စက္ကဝါတွင်၊ အချာပဝရ၊ နရာနပ္ပု၊ နာထသရဘူ၊ ဖြစ်တော်မူ၍၊ ဆူဆူဥက္ကဋ်၊ ရာထီးနတ်တို့၊ ရှိညွှတ်ပူဇော်၊ ခံအံ့သော်လျှင်၊ ဘေးတော်ရွှေတောင်၊ ပြည်ကုန်းဘောင်မှ၊ ဘုန်းရောင်ဖြန့်ခါ၊ ထွက်မြန်းရာကား၊ ကောဇာသက္က၊ ခေါ်ဝေါ်ကြသည်၊ ကပ္ပဓမ္မော၊ နှစ်သချာတွင်၊ နရာယုဂ၊ နယုန်လဟု၊ ဇုဏှာပက္ခာ၊ ဒွါဒသာတွင်၊ ဖေယျာသိဒ္ဓိ၊ စန်းလက်မိ၍၊ ဣစ္ဆိတဗ္ဗာ၊ ပြည့်စုံစွာနှင့်၊ ရတနာပူရ၊ ပြည်ရွှေဝကို၊ ပိုင်သထင်ထင်၊ လွှတ်ကွန်းယင်သော်၊ မြေပြင်ခတ်တီး၊ တော်ရိုက်ဟီးလျက်၊ ကောင်းကြီးစတေး၊ ပေးတုံချေသည်။

ပရမေဥဿျောင် အောင်ခန်းသောဝ်။ ဇမ္ဗူစောင်းထောင် ဘနန်း

http://www.dhammadownload.com



သောဝ်။ (ဤရှစ်လုံးတစ်ပိုဒ် ခုနစ်လုံးတစ်ပိုဒ်ထပ်၍ ချခြင်းကား နတ်သက်ရောင် လျှံချခြင်းတည်း။)

**ဝက်မစွတ်မြို့စား စာဆိုတော်နဝဒေးဆို ရဲတင်းမော်ကွန်းအရ**

ကိုးဆယ့်ကိုးနှစ်၊ ထောင်ရာဇကော်ဟု၊ သက္ကရာဇ် နယုန်၊ ကျော်ဟုန်ဆန်းတက်၊ ဆယ့်နှစ်ရက်၌၊ သန်လျက်ကျွန်းဦး၊ ကူးပြန်သဘင်၊ ထွက်စံရှင်သည်. . . ရင်ပြင်လွှတ်ညာ လျှံညီးတည်းဟူ၍ ဆိုသည်။ (ခိုင်ညွှတ်ခက်ဖြာ ချနည်းတည်း။)

ဤအရာ၌ အကျယ်ကိုလိုမူ ဂုင်းနဝဒေးရေးသားဆက်သွင်းသော ရဲတင်းမော်ကွန်း၌ ရှုတော်မူကြကုန်။

❖ ❖ ❖

ဆမွန်းကြီးရွာလျှင် အသုံးကံကျွေးပေးတော်မူ၍ ချီးမြှင့်ခြင်းကို ခံရသော (ဣန္ဒောဘာသဇ)ဟု နာမလွှဲပေါ် ပြည်လုံးကျော်သည့်-

**ဘိုးသူတော်ဦးမင်း ဆက်သွင်းသော ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း ရတုသုံးပိုဒ်တား**

ထွန်းဝင့်တေဇိန်. . . တွတ်နရိန်လည်း၊ လွတ်ချိန်မရာ၊ သာထက်သာသည်၊ ပဝရာတမွတ်၊ မန္တာတ်သေင်း၊ သီးရင်းရန်အောင်၊ ကုန်းဘောင်နွယ်မြစ်၊ ရှစ်ပွင့်မုံအာ၊ ထောင့်တစ်ရာနှင့်၊ နောမှာနှစ်လီ၊ ခါအညီမူ၊ ရာသီဂိမ္ဗ၊ နယုန်လတွင်၊ ပက္ခဆန်းတက်၊ ဆယ့်နှစ်ရက်၌၊ ထက်ဘဝင်္ဂတိုင်၊ ကောင်းကြီးလှိုင်သား၊ ဦးကိုင်စံလွတ်၊ လျှံပတ်တန်ခိုး၊ ဘုန်းမိုးစွေရွာ၊ ရတနာပူရ၊ ရွှေအင်းဝတွင်၊ ခွန်သဇေယျာ၊ ရှစ်ပြဟ္မာတို့၊ သံသာညောင်းငြိမ့်၊ နတ်မနိမ့်အောက်၊ ခြောက်ဆယ်လေးလီ၊ ကောင်းကြွန်ညီသား၊ မေ့သီရတနာ၊ ပမာလနေ၊ မျှို့ ဦးချွေသည်. . . မွန်းဝေဘေရီ မည်တော့သည်။ ။ (ခိုင်ညွှတ်ခက်ဖြာ ချနည်း။)

ရွှန်းတင့်ထွေရှိန်. . . ဧကရိန်လည်း၊ ဒေဝိန်နှင်နှင်၊ ရန်လုံးတွင်သား၊ သေနင်ထူးလည်၊ နတ်စစ်သည်နှင့်၊ တရထည်ကိုယ်ရံ၊ များကျုံကျုံလျှင်၊

http://www.dhammadownload.com



ကြံတော်သာသာ၊ ရတနာသိခ၊ အောင်မြေမှလည်း၊ တမျှနတ်တူ၊ လှမဥ္ဇူနှင့်၊ ထွက်ပြူနေလ၊ ယှဉ်ပြိုင်ပသို့၊ ဝန်းခ-ခပင်း၊ ရာပြည့်မင်းနှင့်၊ ခင်းကျင်းလေအင်၊ ပြည်တော်ဝင်သား၊ ပျောက်စင်ရန်မြူ ပြည်သူရေကြော၊ ချမ်းသာကောင်းထွေ၊ ဘေးမဲ့စေသည် . . . ညွန်းချွေခွန်းညီ တည်တော့သည်။ ။(ခိုင်ညွတ်ခက်ဖြာချနည်းတည်း။)

ကွန်းမြင့်ဝေထိန် . . . မျက်စုံရှိန်လည်း၊ ဣန္ဒကောဝိ၊ မရှိခြားမှတ်၊ သောင်းလုံးနတ်မူ၊ သတပတ်မုံနှယ်၊ လှမျိုးကယ်နှင့်၊ သည်ဝယ်တပြေး၊ မီးကုန်သွေးကို၊ မတ်လေးချစ်ကြည်၊ သက်နှင့်တည်၍၊ ရွှေပြည်အင်းဝ၊ အမရဝယ်၊ နှစ်ဌာနနန်း၊ စံခန်းသာယာ၊ မဟာဒါန၊ သီလမမေ့၊ လွှေ့လွှေ့ချစ်ဘက်၊ ရေစက်တူချွေ၊ ပရမေသည် . . . ထွန်းဝေကျွန်းအီ တည်တော့သည်။ ။(ခိုတ်ညွတ်ခက်ဖြာချနည်း။)

❖ ❖ ❖

## စိန္တကျော်ထင်ဘွဲ့ခံ ကန်ပြင်ရွာစား စာဆိုတော်ဦးမင်းဆက်သွင်းသော ဘုန်းတော်ဘွဲ့ရတု

မင်္ဂလာသိရိန်၊ တောက်ထွန်း ထိန်သား၊ အာလိန် ငါးခြာ၊ ရံဝန်းကာသည်၊ မဟာအယုဇ္ဈ၊ နန်းဌာနတွင်၊ မစလဘုန်းလူ၊ စံတော်မူက၊ သိမ်းယူလွယ်ကာ၊ မခဲစွာသို့၊ နရာဓိပ၊ သမ္မတဟု၊ အဌမရန်ငူး၊ ကပ်လုံးမှူးလည်း၊ ပွင့်မြူးသမ္ဘာ၊ အောင်ဇေယျာ၌၊ ရိက္ခာမကုန်၊ ဗိုလ်ပုံမပမ်း၊ ပြည်နွမ်းမနယ်၊ လှံစွယ်မညွတ်၊ ဓားမချွတ်ဘဲ၊ တုလွတ်ဘုန်းရှိန်၊ ကြီးတေဇိန်ကြောင့်၊ မဟိန္ဒနတ်၊ စောဥက္ကဌ်သည်၊ ပြည်မြတ်မဟာ၊ ရတနာပူရ၊ ရွှေအင်းဝကို၊ ကေနှစ်ဖြာ၊ နဝါနှစ်လီ၊ သညီတွက်စစ်၊ သက္ကရာဇ်၌၊ ဇေဌမာသ၊ ဆန်းပက္ခမူ၊ ရက်ရေဒွါဒသ်၊ ခါကြီးသတ်လျက်၊ နန်းလွှတ်ဇမ္ဗူ သိမ်းတော်မူသည်၊ ပစ္စူပဝရလျှံထိန်လေ။ ။ ရှစ်ဆူ သမ္မတသမ္ဘိန်လေ။ ။ (ဇမ္ဗူတန်ဆောင်ချနည်း။)

ဤသည်လျှင် ကုန်းဘောင်းမင်းတရားကြီးသည် ရတနာပူရ ရွှေပြည်နန်းကို သိမ်းမြန်းတော်မူရာတွင် ပညာရှိအမတ်ကြီးဦးပေါ်ဦး အမှူးရှိ

http://www.dhammadownload.com



သော စာဆိုတတ်သောအမတ်၊ စာဆိုတော်တို့ ဆက်သွင်းကြသော ဘုန်းတော်ဘွဲ့ ရွှေနားတော်သွင်း ရတုများပြီး၏။

❖ ❖ ❖

## ရှေးမင်းတို့ ကျင့်ရိုးအတိုင်းကျင့်သင့်ကြောင်း လျှောက်တင်ခြင်း

တစ်ရံရောအခါ ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီး ဦးပေါ်ဦး အမှူးရှိကုန်သော များစွာသော မှူးမတ်တို့ အစုံအညီတွင် အင်္ဂနိ့တော်ရှိသည်ကား 'မင်းကြီးတို့ ကိုယ်တော်သည် ပါရမီဒဗ္ဗသမ္ဘာရအလျောက် အလိုတော်ပြည့်မြောက်တော်မူ၍ ရွှေထီးရွှေနန်းထက် စံမြန်းတော်မူရသည်။ ဤသို့ စံမြန်းတော်မူရသော ငါ၏ရွှေလက်ထက်တော်၌ ရှေးရှေးမင်းကောင်း ဘေးလောင်းတော်တို့တပဲမလွဲစေရ ရာဇဓမ္မနှင့်အညီ ပြုလုပ်ကျင့်ကြံရမည်ဖြစ်သည်။ ထိုသို့ ဘေးလောင်း မင်းကောင်းဓမ္မရာဇ်တို့ လစ်လပ်ကျန်ကြွင်းသော အရာ ရှိချေပါကလည်း ငါ၏လက်ထက်တော်တွင် အသစ်ထွင်၍စီရင် ဆုံးဖြတ်တော်မူလိုသည်။ တိုင်းပြည်တော်အတွင်း၌လည်း တင်း, တောင်း, စလည်, စသည်တို့ခေါ်ဝေါ်ခြင်းသည် ရှေးခေါ်မကျ ဖြစ်ချေ၍ ရှေးထုံးနိသျရည်း နည်းရင်းသို့အရောက် ခေါ်ဝေါ်စေဟု ပညတ်တော်မူရလျှင် ကောင်းမည်ဟု ထင်တော်မူသည်'ဟု မိန့်တော်မူ၏။

ထိုအခါ မည်သည့် မှူးမတ်တစ်ဦးတစ်ယောက်မျှ အလျှောက်အထား မရှိကြရကား အမတ်ကြီးဦးပေါ်ဦးသည် ဤသို့တင်လျှောက်လေ၏။

'အသမ္ဘိန္န ခတ္တိယဝံသာ မိရာဇာဟု မဟာပရဘူးကမ်းလုံးမှူးသည် ကျွန်းဦးစောင့်နတ် တို့စောထွတ်။ မှတ်တော်မူရှင် ရွှေနားဆင်လော့။ ယခင်ရှေးခါ မြတ်စွာဘုရားအလောင်းသည် လှည်းသားပေါင်း ငါးရာနှင့်လှည်းမှူး ပြုလုပ်၍ အမြို့မြို့အရွာရွာသို့ ကုန်သွယ်ကာ စားသောက်၍နေပါသည်။ ဒေဝဒတ်၏ အလောင်းလှည်းမှူးသည်လည်း ထိုနည်းတူစွာ ကုန်သွယ်ကာဖြင့် ရှာဖွေစားသောက်နေပါသည်။ ထိုသို့နေရာ တစ်ရံရောအခါ ဘုရားအလောင်းတော်၏ ငယ်သားတို့နှင့် ဒေဝဒတ်အလောင်း၏ ငယ်သားလှည်းသမားတို့

http://www.dhammadownload.com



သည် ငါတို့ကား ရှေ့မှသွားမည်။ သင်တို့ကား နောက်မှလိုက်လောဟု ရှေ့သွားခရီးကိုလုကြသဖြင့် အချင်းချင်းခိုက်ရန်ဖြစ်ကြကုန်၏။ ဤသို့သော အဓိကရုဏ်းကို ငြိမ်းစေခြင်းငှာ မြတ်စွာဘုရားအလောင်းတော် လှည်းမှူးသည် မိမိ၏တပည့် လှည်းသမားတို့ကိုခေါ်၍ ဆုံးမတော်မူသည်မှာ အို. . . အမောင်တို့ အဘယ်ကြောင့် ရှေ့မှခရီးကိုလုခြင်းတည်းဟူသော ဝိဝါဒ ကလဟအမှုကို ပြုကြဘိသနည်း။ ရှေ့သွားခရီးကို ဆောင်သောသူတို့သည် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးမှ ဆုတ်ယုတ်နတ်မြုပ်တတ်သည်သာတည်း။ သူတစ်ထူးတို့ကို ရှေ့သွားပြု၍မိမိတို့ကား နောက်မှလိုက်ရခြင်း အကျိုးသည် လောကီ၊ လောကုတ္တရာနှစ်ဖြာ တင့်တိုးဖွံ့ဖြိုးသက်သာလှသည် သာတည်း။

အကယ်တမူကား ရှေ့သွားခရီးကိုရအံ့ လမ်းစခန်းကို တီထွင်၍ ကြည်းကုန်းတို့ကို ပြေပြစ်စေရခြင်း၊ ပိတ်ဆီးလျက်ရှိသော သစ်ပင်တို့ကို ခုတ်လှီးရခြင်း၊ ဖိုခုံလောက် မြက်၊ ထင်း၊ ရေတို့ကိုစူးစမ်းရှာဖွေရခြင်း၊ တစ်မြို့သို့ ရောက်ကလည်း မိမိတို့၌ပါသောကုန်တို့ကို ပေါက်ဈေးဟောင်းမရှိသော ကြောင့် ကုန်သစ်ဖြစ်၍ လောဘသားအလျောက် ငါးကျပ်တန်ကို တစ်ဆယ် ပြု၍ရောင်းချရခြင်းသည် အသက်ကိုချသည်နှင့်တူကြောင်းကို ကျမ်းဂန်များ၌ ရှိပေသည်။

ထို့ကြောင့် အမောင်တို့ ငါတို့သည် နောက်မှလိုက်ခြင်းကို အလိုရှိကြကုန်လော။ နောက်မှလိုက်ရခြင်း၏ အကျိုးတို့သည်ကား ရှေ့သွားလူတို့၏ ပြုပြင်သွားသော ချောမွေ့ပြေပြစ်သော ခရီးကောင်းကိုရခြင်း၊ ချင်းတို့၏ ထင်းကျန်၊ ဖိုခုံလောက်၊ မြက်ခြောက်၊ မြက်စိုကိုရခြင်း၊ ချင်းတို့ပြုလုပ်ပြီးဖြစ်သော လှည်းစခန်းကို သက်သာစွာနားနေရခြင်း၊ ရေရှိသောစခန်းကို လွယ်လင့်စွာရခြင်း၊ သူတစ်ထူးတို့ အသက်ကိုချသည်နှင့်တူသော ငါးကျပ်တန်ကို တစ်ဆယ်တန်ပြု၍ မတရားသဖြင့် ဈေးသစ်တီထွင်ခြင်းအမှုကို မပြုရဘဲ ချင်းတို့ ရောင်းချသွားပြီးသော မြို့ပေါက်ဈေးဟောင်းသို့လိုက်၍ ရောင်းချရခြင်း အစရှိသော အကျိုးထူးတရားတို့ကို ရသဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော လမ်းတင့်လျှမ်းတိုးတက်ရမည်သာတည်းဟု ဘုရားအလောင်းတော် လှည်းမှူးသည် မိမိငယ်သား လှည်းသမားတို့ကို ဆုံးမတော်မူသော

http://www.dhammadownload.com



သာဓကကို ထောက်ထား၍ ဘဝရှင်မင်းတရားကြီးသည် ဥပဒေခရီးသစ် မထွင်မူ၍ ရှေးဘေးလောင်းတော် ဘိုးလောင်းတော်တို့ တီထွင်ပြီးဖြစ်သော ခရီးစဉ်အတိုင်းကိုသာ မပင်မပန်း ချမ်းသာစွာလိုက်၍ ကျင့်တော်မူပါမည့် အကြောင်းကို ရွှေ ဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား' ဟူ၍ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်လေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးသည် လွန်စွာနှစ်သက်တော်မူသဖြင့် မိန့်တော်မူသည်ကား မင်းကြီးနှင့်တကွ တိုင်ပင်တော်မူမိ၍သာ ကိုယ်တော် သက်သာခွင့်ရတော်မူပေသည်ဟု မိန့်တော်မူ၍ အတွင်းဆောင်သို့ ဝင်တော် မူ၏။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦးက ဥပဒေသစ် မထုတ်သင့် ကြောင်း ရှေးမင်းမြတ်တို့အတိုင်း လိုက်နာအုပ်ချုပ်သင့်ကြောင်းကို တင် လျှောက်သော အခန်းပြီး၏။

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦးနှင့်တကွ စာဆိုပညာရှိတို့ တစ်ဆယ့်နှစ်ရာသီဘွဲ့များ သီကုံးဆက်သခြင်း

သက္ကရာဇ် တစ်ထောင့်တစ်ရာ့ ကိုးဆယ်ကိုးခု နှောင်းတန်ခူးလပြည့် ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ သင်္ကြန်ကျသည်။ ယင်းသည့်လပြည့်ကျော် လေး ရက် သောကြာနေ့ အတာနှစ်သစ် သက္ကရာဇ် တစ်ထောင့်နှစ်ရာပြည့်နှစ်သို့ တက်သည်။ သင်္ကြန်ပြောင်းချိန်တွင် ရွှေမြို့တော်လေးရပ် ဓာတ်တံခါးများက အမြောက်သံပေးမြံပေးရသည်။ အခါသုံးရက်အတွင်းမှာလည်း ရတနာသုံးပါး သမာဒေဝနတ်မှစ၍ ရှေးအစဉ်လှူဒါန်းပသမြဲ အဖွယ်အရာစသည်တို့ကို လည်း ရွှေပြည်တော်မြို့တွင်း မြို့ပြင်ပြည်သူပြည်သားတို့ကို ခိုက်ပွားရန်စစ် မဖြစ်စေရ။ အမွှေးနံ့သာရေ စသည်တို့ဖြင့်သာ ဖျန်းပက်၍ ကစားကြရ၏။ စံနန်းတော်တွင်လည်း မင်းခမ်းတော်ကြီးကျင်းပ၍ နှစ်သစ်ကန်တော့ခံ ပွဲ ထွက်တွင် မင်းတရားတို့၏ ကန်တော့ခြင်းကို ခံတော်မူလျက် စံပယ်တော်မူ၏။

http://www.dhammadownload.com



ဤသို့ ထွက်စံတော်မူရာတွင် ပညာရှိအမတ် စာဆိုတတ် အကျော်လွှန်ထင်ပေါ်သည့် အမတ်ကြီး ဦးပေါ်ဦးနှင့် ဘိုးသူတော်ဦးမင်း စာဆိုတော်ဦးမင်းတို့က တစ်ဆယ့်နှစ်ရာသီ၌ ဥတုအလိုက်အခါကြိုက်ပန်းနှင့် မွှန်းတည့်နက္ခတ်ဖဝါးရှိနာရီထို့ကို သုံးဦးပြိုင်ဆိုင်စာဆို၍ ဆက်သွင်းကြရမည်ဟူသော အမိန့်တော်စာတမ်း ဗျာဒိတ်ပန်းကို ဆက်မြန်းပန်ဆင်ကြရသည်နှင့်အညီ ၎င်းတစ်ဆယ့်နှစ်ရာသီကို ဘွဲ့စီရေးသား၍ ဘဝရှင်မင်းတရားကြီးရွှေလက်တော်သို့ ဆက်သွင်းလျှောက်ထားကြသည်။

## ပညာရှိအမတ်ကြီး ဦးပေါ်ဦးဆက်သွင်းသော တန်ခူးလဘွဲ့ တေးထပ်

ဆယ့်နှစ်လီဒွါရမှာ ခါမိဿရာသီ၊ ယင်းအစဦးချီသည် လတွင် မည်တန်ကူး။ ။စိတြကြယ်ပြောင်ရယ် ညဥ့်သန်းခေါင်ကျခါမှမြူး။ ။နေ့နှင့်ညနာရီဝယ် သုံးဆယ်စီမကြူး၊ နှစ်လုံးညီတစ်ပါဒ်ကူးလို့ နှစ်သစ်ဦးအခါ။

ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့ ဖူးပွင့်ချပ်စီလို့သာဖြာ။

တည့်သုံးဖဝါး ရိပ်ဆာယာမှာ၊ တူမကွာ မောင်မယ်နွဲ့လို့၊ မြတ်သည့်ပွဲ သကြန်တော်၊ တီးခြိမ့်ခြိမ့်ကျော်။

ထီးကမ္ဘူရိပ်ပျော်ငယ် ခေါင်းလျှော်တော်မူမြဲထင့်လေး။

## စာဆိုတော်ဦးမင်းဆက်သွင်းသည့် တန်ခူးလဘွဲ့သဖြန်

ဟောင်းရွက်ညှာ ခါလှစ်လို့ တာသစ်တဲ့နံ့ကြိုင်။ သုတ်ဖြူးလေဆော်က ပန်းကံ့ကော်ဝတ်မှုန်ကျင်း သင်းတဲ့လို့လှိုင်။

ကြယ်နှစ်ဆိုင်ဆွယ်ပြိုင်ပဝင်း။

စိတြယ်နှင့်ငွေလသော်တာတို့ ယုဂန်ချာတောင်တော်စွန်းမှာ ထွန်းထိန်လို့လင်း။

## ဘိုးသူတော်ဦးမင်း ဆက်သွင်းသော တန်ခူးဘွဲ့လွမ်းချင်း

ထပ်ထပ်သာစောတော့ မြကြောယ်ရစ်သီ။ ကိုင်း့ဖူးယ်စီ ပွင့် သီကီ ရွှေရင်ခတ်ကယ်တို့ ရှစ်ရပ်ကယ်နယ်တခိုက စိုလှတယ်လေး။

http://www.dhammadownload.com



နွေခါမို့ဝယ် ရာသီမိသ ဂိမ္ဗန္တမို့ စိတြကြယ်တိမ်ခိုးလယ်မှာ စံပယ်ကွန့်ခါ ဗွေအာကာတွင် ဒေသစာလှမ်း လှည့်လည်ငယ်မြန်းလို့ နှစ်ဆန်းငယ်သကြံန်သစ်သစ်သာ ဖန်တော့တယ် နိုင်ငံကြော့ပြည်သူမှာ ပန်ဆူယု တာရေသွန်းချိန်မို့ လွန်းလှတယ်လေး။

## အမှတ်ကြီးဦးပေါ်ဦးဆို ကဆုန်လဘွဲ့တေးထပ်

ခါပြီသော ကဆုန်လမှာ ဝိသာခယှဉ်မို့။ ဗာတ္တိသနေ့နာရီမှာ အင်္ဂစမို့ ညဥ့်ကူး၊ လေးလုံးပြည့် နှစ်ပါဒ်လွန်သည် မေယဝန်မိုးသံကဖြူး။

ပန်းပိတောက် မာလာငယ် ရွှေစကဝိပွင့်ဖူး။ ခိုင်ညွှာတံ ယှက်ကူးလို့ ဆွတ်ခူးစို့ မောင်မယ်။ မြတ်စိန္တေရှင်တော်ဖျားမှာလ ဝတ်တွားလို့ရှိ ပန်ဆင်ရှယ်။

ဖဝါးနှစ်စွန်းကယ်သည်သွင်နတ်နွယ်ခင်လေးနှင့် မွေးနိုင်မျှ မေတ္တာရေ သွန်းလို့မပြေ။ ။ နွေရွန်းသစ် ဂိမ္ဗဝယ် သွန်းညောင်ရေ ပွဲပေထင့်လေး။

## စာဆိုတော်ဦးမင်းဆို ကဆုန်လဘွဲ့သဖြန်

စကားဝါငုံသင်းလို့ ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်ဗွေမှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ချိန်ခါ။
စုံကန္တာဟေမာမြိုင်ထဲက။
ရွှေကျေးပျံသင်လို့ စံပျော်ရှင် သည်ဟိုကူးလို့ငယ် မြူးကြစမြဲ။

## ဘိုးသူတော်ဦးမင်းဆို ကဆုန်လဘွဲ့လွမ်းချင်း

မြူခြေငယ် စွန်းပါလို့ နေဝန်းငယ်စက်ရှိန် တောက်လောင်ငယ်ထိန် ဖလ်သူရိန် တေဇာကြောင့် ပူဗျာပါကဲတဲ့ လကိုလေး။

ရာသီကယ်ပြီသ မဟေသီရွှေညီခလို့ ပန်းမြစကဝါ ဝိသာခါနှင့် တာရာခြံရံ စန်းငွေယုန် ဖန်သည့်နှယ် ဆဒ္ဒန်ပိုင့် သံဗွေမှာ လကဆုန် ညောင်ရေပွဲမို့ သဲလှတယ်လေး။

http://www.dhammadownload.com



## အမတ်ကြီးဦးပေါ်ဦးဆို နယုန်လဘွဲ့တေးထပ်

လနယုန် မေထုန်ကျ ကြယ်ဇေဋ္ဌစဉ်လာ။
ခြောက်လုံးနှင့်သုံးပါဒ်ဖြာသည် ဆစမ္ဗာညဥ့်တွင်း။
ဇောတြိနေ့နာရီမှာ ဉာဏ်ဇာနည်မျိုးမှန်က-လင်း။
မြတ်လေးပွင့် ငွေစံပယ်ငယ် ရှစ်ရပ်နယ်ပျံ့သင်း။
ရိပ်ဆာယာ ကေကြွင်းမို့ မြတ်ရှင်ရင်းသံယာ။
သုဓမ္မာ သာလာယမှာတဲ့ မေးဖြေကြ သူ့ထက်ငါသာ။

သည်တော့မှ မြည္ဘာငယ် ရွှေဖူးစာခိုင်ခိုင်မြဲရအောင် စာပွဲတော်သည် သဘင် ဦးရှိပန်ဆင်။

နတ်မာယသေနင်ငယ် ပြင်ဆင်တော်မူမြဲထင့်လေး။

## စာဆိုတော်ဦးမင်းဆို နယုန်လဘွဲ့သဖြန်

ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့စံပယ်။
မေထုန်ဆို ရာသီကူးလို့ ပွင့်ဖူးဝတ်မှုန်နဲ့ သင်းပျံ့တော့တယ်။
ကောင်းကင်လယ် ထက်ဝယ်ဘုံက။
ဇေဋ္ဌခေါ် ရွှေကြယ်မင်းငယ် လင်းတဲ့ချိန်ပ။

## ဘိုးသူတော်ဦးမင်းဆို နယုန်လဘွဲ့ လွမ်းချင်း

နတ်စည်ငယ်-ရွှမ်းပါလို့ ရိုက်မွှမ်းယ်သံစုံ ကမြူးငယ်ခုံသည် လနယုန် သည်ချိန်မို့ မြူတိမ်လွှာ-ဆိုင်းပြန်တော့တယ်လေး။

ရာသီမေခ ဆယ့်နှစ်လမို့ ဇေဋ္ဌပြောင်ရှိန် တောက်လောင်ငယ် ထိန် သည်ရာဇိန္ဒနတ် ပိဋကတ်မှာ မပြတ်ကယ်ထွက်စံ စာညီလာခံသောအခါ ဗိုလ် ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူ မလေးက-မွှေးလှတယ်လေး။

http://www.dhammadownload.com



## အမတ်ကြီးဦးပေါ်ဦးဆို ဝါဆိုလဘွဲ့ တေးထပ်

လဝါဆို မည်နာမ ကရကဋ်ရာသီ။ ကိုးလုံးပြည့် ပါဒ်သုံးမှီသည် ဇောစမ္မိည၌ကူး။

ဆတ္တိံသ နေ့နာရီမှာ အာသဠီမိုးလယ်ကမြူး။ ဘဝါးသုည မပေါ်ပါသည် ပဋ္ဌင်းလျှာအထူး။

ဉာတ်ကမ္ဘဝါယှဉ်ပူးလို့ သိမ်တော်ဦးအလယ်။

သာသနာဆင့်ဆင့်တိုးအောင်လို့ ကြိုးစားကြ မြတ်သာကီနွယ်။

ရဝေကြော့ဘုံလယ်မှာ ရင်စံပယ်ပင်ကိုထွားငယ်တို့ မြိတ်ဘားဘား ဆံကေသွယ်ကာ ရုံးတင်လို့သာ။ ပုန်းညက်ပွင့်မာလာငယ် ဆင်တော်ရာ-ရွှေပန်းပလေး။

## စာဆိုတော်ဦးမင်းဆို ဝါဆိုလဘွဲ့သဖြန်

ပြုဗ္ဗာသဠ်ကြယ်ထွန်းလို့ လဝန်းတဲ့ သော်တာ။
သည်အချိန်ကို ယုဂန်ဖျား နှစ်ပါးရောင်ခြည်ဆိုက် လင်းခိုက်မို့သာ။
ရန့်ငယ်ဖြာညှာတံကငုံဖူး။
ပုန်းညက်ကယ် ခိုင်မင်းက သင်းပျံ့လို့ကြူး။

## ဘိုးသူတော်ဦးမင်းဆို ဝါဆိုလဘွဲ့လွမ်းချင်း

ကိုးခွင်ငယ်မှိုင်းပါလို့ မြင်တိုင်းမှာတဲ့ ဆိုင်းလို့ညို။ လဲ့လဲ့ငယ်စို ယုဂန္ဓိုရ်ရဲ့တောင်မဟာက ပြုဗ္ဗာသဠ် ထွန်းတဲ့လကိုလေး။

ဆင်တာရာငယ် ခါညီကြဉ်ရှု နဂိန္ဒာလဲ တောင်ညာနတ်နှင့် ဖိုလ်မြတ်ကဲ့နိဗ္ဗူ အောင်ဆုယူလို့ ရှစ်ဖြူရိပ်ပျံ ပဋ္ဌင်းတော်ခံသောခါ ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညို မာလာမင်းက သင်းလှတယ်လေး။

## အမတ်ကြီးဦးပေါ်ဦးဆို ဝါခေါင်လဘွဲ့တေးထပ်

သိဟ်ရာသီ ဝါခေါင်လမှာ သရဝဏ္ဏတူညီ။ ဆယ့်တစ်လုံး တစ်ပါဒ်ချီသည် ဆသမ္မိည၌ကူး။

http://www.dhammadownload.com



ဇေတဝိန်နေ့နာရီမှာ သံစုံချိမိုးတွေကမြူး။ ခတ္တာပန်း မိုးစွေငယ် ညှာတံပွင့်ရွှေဖူး။

ရိပ်ဆာယာကော်ကြူးလို့ ပွဲတော်ဦးသဘင်။

စာရေးတံစိမ်ကြ ဆန်းနိုင်မျှ သည်ရာသီတွင်။ လေးနန္ဒနယ်ခွင်မှာ တို့မခင်စံပြိုင်သူမို့ စာဖွဲ့လို့မပြည့်စုံ နန်းကြာရိပ်လှုံ။

မိုးဝဿအမျှန်ငယ် မာန်တဂုဏ်ပျိုးလိုက်လှလေး။

## စာဆိုတော်ဦးမင်းဆို ဝါခေါင်လဘွဲ့သဖြန်

ထက်အာကာဘုံစွန်းက တောက်ထွန်းလို့ ထိန်ဝါ။

သရဝဏ်ရွှေကြယ်မင်း လင်းတဲ့ချိန်ခါ။

လေညှင်းငယ်လာ သိဟ်ရာသီမို့။ ရှုတိုင်းငယ် ဘယ်ညာက ပန်းခတ္တာ ဝတ်မှုန်ကျင်းတယ် သင်းပျံ့လှိုင်လို့။

## ဘိုးသူတော်ဦးမင်းဆို ဝါခေါင်လဘွဲ့ လွမ်းချင်း

မျှော်ရောင်သာပန်းတော့ သောင်ကမ်းတဲ့ပြည့်လျှံ။ နဒီငယ်ခြိသည် ပြည်မင်းစံရွှေဘုံက အကုန်ထူးတဲ့ လကိုလေး။

ရာသီသိဟ်ဝယ် နေမိန္ဒရ ဝါခေါင်လမို့ တောင်မြထွတ်စွန် သရဝဏ်လည်း ရောင်ဝှန်တေဇာ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ တိုင်းပြည်သူတို့ လှူစာရေးတံ သဘင်စုံခံဆဲမို့ လွမ်းရန်ဘွဲ့သည်ချိန်ကို ဒေဝရိန်မှူးငယ်က မြူးလှတယ်လေး။

## အမတ်ကြီးဦးပေါ်ဦးဆို တော်သလင်းလဘွဲ့ တေးထပ်

ကန်ရာသီအမည်ရ သစ်ဆင်းလမာသာ။ သတ္တဗိသ္သျကြယ်မဟာငယ် တူမကွာယှဉ်သုံး။

ဇာတ္တိသနေ့နာရီမှာ အင်ဒြစမ္ဘိ ညဉ့်မှန်ငဲ့ဘုန်း။ ဆယ့်သုံးလုံး နှစ်ပါဒ် လွန်သည် စည်ပုစွန်ဆော်တုန်း။ ပန်းရင်းမာ ညှာချီရှုန်းလို့ ပွင့်ကြတုန်းအခါ။

တေးတျာသံပြိုင်ချီပါလို့ ဟည်းတိုက်ကြသူထက်ကားငါ။

http://www.dhammadownload.com



ဘဝါးနှစ်စွန်းခါဝယ် များသေနာဗိုလ်ပေါင်းနှင့် အောင်မောင်းစည်တော်စဉ် တီးခြိမ့်ခြိမ့်ပင်။

လေးကျွန်းလုံး ထိပ်တင်ငယ် ရေသဘင်စံမြို့ရှင့်လေး။

**စာဆိုတော်ဦးမင်းဆို တော်သလင်းလဘွဲ့သဖြန်**

ကန်ရာသီချိန်တွင်းမို့ ရွှေရင်းတဲ့မာငုံ။

မြိုင်ဟေမာသာနန်းက သုတ်ဖျန်းလေယူဖြန့် သင်းပျံ့ပျံ့ထုံ။

တိန်စွန်ဘုံ ရောင်ဟုန်လျှံပ။ လမင်းသော်တာနှင့် အဇ ဒွါဆိုရွှေကျိုးငယ် နီးသည့်ကာလ။

**ဘိုးသူတော်ဦးမင်းဆို တော်သလင်းလဘွဲ့ လွမ်းချင်း**

ရေကြည်စမ်းငယ်နှင့် သောင်ကမ်းငယ်ပြည့်လျှံ။ မြစ်လုံးငယ်ညံသည် လှော်တက်သံမြိုင်မြိုင်နှင့် လှေပြိုင်ကျင်းတဲ့ လကိုလေး။

ကန်ရာသီငယ် ခါမှီသင့်စွာ ပွဲအာကာတွင်ပြုဗ္ဗာပရပိုက် ကြက်ညီနောင် တောင်တဝိုက် ရေလိုက်တဲ့သဘင် စံပယ်ရှင်သောခါ မြိုင်ခွင်လုံးကန္တာမှာ ရွှေရင်းမာ ပန်းတော်မင်းငယ်က သင်းလှတယ်လေး။

**အမတ်ကြီးဦးပေါ်ဦးဆို သီတင်းကျွတ်လဘွဲ့တေးထပ်**

သောင်းဒီပါ ထိန်ငြိုးအောင် ထွန်းဆီမီးရောင်ညီ။ သီတင်းကျွတ်တူရာသီမှာ အဿဝဏီကြယ်မင်း။

နေ့နှင့်ညနာရီမှာ သုံးဆယ်စီမြဲမှန်ဘိခြင်း။

ဆယ့်ငါးလုံး သုံးပါဒ်မှီတွင် ကြာငါးမည်ကြိုင်သင်း။ ရာထီးပိုင်ဘုရင်မင်းတို့ မြေနန်းရင်းဗဟိုရ်။

ရွှေမြင့်မိုရ်တောင်တော်ပွဲကိုတဲ့ ခြိမ့်သဲအောင်ထွက်စံမြဲကို။

တည့်သုံးဘဝါး ရိပ်ခိုဝယ် ရင်စလိုရွှေခါးချပ်ကယ်နှင့် အသားမြတ်ခိုင်နှစ်စုံ ပန်းကြာပွင့်ငုံ။ မြင်ရသူ ဆတ်ဆတ်တုန်သည် မသေရုံကျန်ခဲ့ရှင့်လေး။

http://www.dhammadownload.com



### စာဆိုတော် ဦးမင်းဆို သီတင်းကျွတ်လဘွဲ့ သဖြန်

ကြင်းမည်ကြိုင်သင်းလို့ လျှံဝင်းတဲ့ပြောင်ထိန်။

ရွှေမန်းတောင်တော်ဦးမှာလ ကွန့်မြူးမြင့်မိုရ်မီး ညီးတဲ့ခါချိန်။

ရှိဦးငယ်နှိမ် သုံးကြိမ်ရိုပြောင်း။

သက္ကစ္စဂါရဝါနှင့် စဉ်အလာပူဇော်ပွဲပေမို့ကွယ် န္တွဲကြပုံမောင်း။

### ဘိုးသူတော်ဦးမင်းဆို သီတင်းကျွတ်လဘွဲ့ လွမ်းချင်း

လှိုင်လို့သာသင်းတော့တယ်ကန်မင်းငယ်နန္ဒာ။ လျှံဝင်းငယ်ဖြာသည် ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့ လကိုလေး။

တူရာသီငယ် အဿဝဏီကြယ်မြတ် ကျိုးမင်းသိန်လဲ ရောင်ရှိန်လျှပ် လို့ သုဒဿကဲ့နန်းလို မီးမြင့်မိုရ်နှင့် ဘက်ဆိုကင်းလွတ် သီတင်းကျွတ်မို့ ဘုံထွန်း ကယ်ဦးကင် ပွင့်စံပယ်ရွှင်သောခါ တိုင်းခွင်ကြီး အောင်ချာမှာ ဆီမီးရောင် ထိန်ဝါဝင်းလို့ လင်းလှတယ်လေး။

### အမတ်ကြီးဦးပေါ်ဦးဆို တန်ဆောင်မုန်းလဘွဲ့ တေးထပ်

မိုးဝသန် ချိန်ဆုံးလို့ တန်ဆောင်မုန်းပြီဆွာ။ ဘဝါးနှစ်စွန်းကာဝယ် ကြတ္တိကာကြယ်မင်း။

ခဝဲပွင့်မာလာငယ် သည်ချိန့်ခါ မွှေးထုံပျံ့သင်း။

ဗာတ္တိသည၌နာရီမှာ အင်္ဂစမ္ပီနေ့သွင်း။

မြောက်လေပြေဆော်ညှင်းလို့ အမင်းမင်းရာဇာ။

ညတ်ကထိန် ခါသမယပေမို့ မဟာဒါနပြုကြပေရှာ။

ဆယ့်ရှစ်လုံး ပါဒ်သုညာမှာ သံသရာနောက်အရေးကိုလှ ထောက် တွေးကြံဆင်ခြင် ကင်းလွတ်ကြောင်းအင်။ မြတ်ပုည အပေါင်းဆင်သည် ကောင်းစွာပင် ပျော်ပွဲပလေး။

http://www.dhammadownload.com



## စာဆိုတော်ဦးမင်းဆို တန်ဆောင်မုန်းလဘွဲ့သဖြန်

လျှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ ဆုပန်ရွှယ်။

သည်ချိန်ကိုဝတ်မှုန်ကြလို့ ခဝဲရွှေညာရင်းမှာ သင်းရနံ့ကြွယ်။

ကောင်းကင်လယ်ထက်ဝယ်ဘုံဦး။

ရွှေလစန္ဒာနှင့် ကြတ္တိကာကြယ်ပြောင်ရွှန်းငယ် ထွန်းထိန်လို့မြူး။

## ဘိုးသူတော်ဦးမင်းဆို တန်ဆောင်မုန်းလဘွဲ့ လွမ်းချင်း

မြောက်လေငယ် သွင်းပါလို့ မြူနှင်းငယ်စိုစို။ မြင်တိုင်းငယ်ပျိုသည် ရွှေကျီးညိုတာရာနှင့် ကြတ္တိကာ ထွန်းတဲ့လကိုလေး။

တန်ဆောင်ငယ်မာသ ဆယ့်နှစ်လတွင် ချမ်းမြရေင် ဗြိတ္တာခွင်သို့ ရက်ဝင်ပြောင်းခွာ ခဝဲညာလဲ ခိုင်လွှာဝတ်မှုန် ရနံ့သာထုံတော့တယ် ဘုန်းဂုဏ်ကြော့သမ္တိန်မှာ လျှူကထိန်သဘင်ခင်းလို့ ကျင်းကြတယ်လေး။

## အမတ်ကြီးဦးပေါ်ဦးဆို နတ်တော်လဘွဲ့ တေးထပ်

ဆောင်းဟေမန် ခါအလုမှာ မြတ်ခနုရာသီ။ နတ်တော်လသီဂီဝယ် ဆစမ္ဗိနေ့ကူး။

ဇောတြိညဥ္စနာရီမှာ မိဂသီမိုးလယ်ကမြူး။ နှစ်ဆယ်က တစ်ပါဒ် မှီသည် ဘဝါးငါးလီရိပ်ကြူး။

ရွှေသဇင်ပင်ပေါ်ဦးက ပွင့်ဖူးစစီစီ။

နတ်ဒေဝီဆိုသည်ပွဲကိုလ ခြိမ့်သဲအောင်ပြုပြန်တော့သည်။

နှင်းသတ်တဲ့ကြာချည်မှာ တစ်ကိုယ်ရည် အကုန်ဆွေးစေဖို့ နတ်ရေးတဲ့ ရွှေဖူးစာ လွဲချက်ကနာ။ စက်မယ့်သူဝေးကွာသည် ရှေးကြမ္မာ ကံဟောင်းထင့်လေး။

## စာဆိုတော်ဦးမင်းဆို နတ်တော်လဘွဲ့ သဖြန်

ရှစ်ခွင်မှာ မြူဆင်းလို့ ငွေနှင်းတဲ့နုစို။

http://www.dhammadownload.com



ဂမုန်းသဇင်တို့ စုံခွင်မှာ လေချိုညှင်းက သုတ်သွင်း ဘယ်ညာနှင်း သင်းပျံ့သကို။

ယုဂန္ဓိုရ်တောင်မိုထိပ်ဖျား။

ရွှေလစန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်မြန်းကြွတူသွား။

## ဘိုးသူတော်ဦးမင်းဆို နတ်တော်လဘွဲ့လွမ်းချင်း

ရှုလေတိုင်းကိုတဲ့ ဝေမှိုင်းငယ်ဖြာဖြာ။ လေညှင်းငယ်လာသည် ဖော်မပါတူမစုံလို့ လွှာချို့ ဧပြန်တော့တယ်လေး။

ဆယ့်နှစ်ဖြာငယ်ရာသီမနေ ရွှေဟသ်ာလည်း တာရာပြုလို့ ဇေယျငယ် ပြာဟွ ပေမန္တာမို့ မဟာပိန္နဲနတ်မင်းပွဲမှာ ကျွေးမြပူဇော် လနတ်တော်ကို ရှုမြော်တိမ်ဆီ မိဂသီလဲ ခါညီညဉ့်လယ် ထွန်းရောက်ခြည်ခြယ်သောခါ နယ် အမရဦးကင်မှာ ဂမုန်းအင်သဇင်မင်းငယ်က သင်းလှတယ်လေး။

## အမတ်ကြီးဦးပေါ်ဦးဆို ပြာသိုလဘွဲ့တေးထပ်

လပြာသို မကာရမှာ ကြယ်ဖုသျှယှဉ်လာ။ ဒွါဝိသပါဒ်နှစ်ဖြာဝယ် ရိပ်ဆာယာခြောက်ဖဝါး။ ဆတ္တိသ ညဉ့်နာရီမှာ ဇောစမ္ပိနေ့မှန်လျက်သား။

ထီးတစ်ရာ့ဥသျှောင်ငယ် အာဏာရောင်စက်သွား။ ရန်မာရ်ကိုပယ်ရှား၍ တိမ်ညွန့်စားမြင်းပျံ။ ရိန္ဒမာလုံကိုစွဲလို့ မြင်းခင်းပွဲသဘင်တော်ခံ။

စုံတောဝမြိုင်ယံမှာ ဖူးပွင့်ညှာညီရှုန်းလို့ မှင်ကေကုံးဆင်ပါဆို ပန်းမြခွာညို။ ကြင့်နှမ်းမြင့် နန်းတင့်တဲ့ပျိုရယ် ပန်းပွင့်ကိုယူစမ်းပလေး။

## စာဆိုတော် ဦးမင်းဆို ပြာသိုလဘွဲ့သဖြန်

ငွေသော်တာ စန္ဒရနှင့် ဖုသျှတဲ့လမ်းဆုံ။

တိမ်လွှာရောင်ဝါကျင်းပါလို့ ထိန်ဝင်းစွာ တူပြိုင်ပတယ် မြန်းကြွခိုက်ကြုံ။

ဘရဂုဏ်ပြိုင်စုံမြနန်း။ နုစိမ်းစိုစိုနှင့် ပန်းခွာညို ငုံတံထူးတယ် ဖူးပွင့်ချက်ဆန်း။

http://www.dhammadownload.com



## ဘိုးသူတော်ဦးမင်းဆို ပြာသိုလဘွဲ့ လွမ်းချင်း

တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို။ လပြာဆိုနွယ်ခွာညို ကြိုင်ကြိုင်နှင့် လှိုင်လှိုင်သင်းတဲ့လကိုလေး။

ရောင်သိင်္ဂီငယ် ကြယ်ညီဖုသျှ မကာရမို့ အမရဦးကင် နန်းရင်ပြင်မှာ လှံ့ရင်မြင်းခင်းသဘင်ကျင်းလို့ ရာမင်းထွက်စံ ဗိုလ်ညီလာခံသောအခါ ဆဒ္ဒန်ပိုင့် ပြောင်မွန်မှာ အောင်တံခွန်တေဇာမြူးပါလို့ ထူးလှတယ်လေး။

## အမတ်ကြီးဦးပေါ်ဦးဆို တပို့တွဲလဘွဲ့တေးထပ်

ကုံရာသီယှဉ်နွဲလို့ တပို့တွဲမာသာ။ ဇောဝီသ ပါဒ်သုံးဖြာသည် ဖဝါးပဉ္စာရိပ်ကြူ။ ပေါက်လဲပွင့် မာလာငယ် သည်ချိန်ခါ သင်းပျံ့ပျံ့မြူ။

ဆတ္တိသ ညဥ့်နာရီမှာ ဇောစမ္ဗိနေ့ကူး စည်ခရာတံမြှာကျူး အလှူထူးသဘင်။ နှစ်အစဉ် သွေမလွဲပြီဘု မီးပုံပွဲ သည်ရာသီဘွင်။

ကြယ်မာဃ မြူးရွှင်သည် စန်းငွေစင်သော်တာလနှင့်။ မြနီစွတူမကွာ ပူးယှဉ်လျက်ပါ။ သန်းခေါင်ညဉ့် ချိန်ခါဝယ် ရှိန်အဝါ ထွန်းပါဘိလေး။

## စာဆိုတော် ဦးမင်းဆို တပို့တွဲလဘွဲ့သဖြန်

ရာသီချိန်ခါရောက်လို့ လဲပေါက်ကယ်တဲ့ ပွင့်ညီ။

ပန်းရွှေဖီနံ့သာနှင့် ခြောက်ရောင်ဝါ စေတီရင်းမှာ ဆယ်စင်းလက်စုံ ကြူးဦးမြှောက်လို့ချီ။

ငွေနှင်းရယ်စီ သုံးလီသမယ။ ရောင်ဖြိုးဝေစွာပမြင့်မြတ်ကယ် သချ်ာနှင့် ယုဂန်သာ တောင်တော်စွန်းမှာ ထွန်းလိမ့်မာဃ။

## ဘိုးသူတော်ဦးမင်းဆို တပို့တွဲလဘွဲ့ လွမ်းချင်း

ညံသို့သာ သဲတော့်တယ် ပေါက်လဲငယ်ပွင့်ရဲ ထိန်ထိန်ငယ်လျှံသည် ဆက်ရက်သံစာစာနှင့် ငှက်ညီလာ ကျင်းတဲ့လကိုလေး။

ကုံဟောမာန်ငယ် သကြိန်သွင်းမြဲ တပို့တွဲမို့ မင်းပွဲရွှင်ပျော် ယာဂုတော်

http://www.dhammadownload.com



နှင့် ကြွေးကြော်ဆင်ပြင် လွမ်းဖို့သာမြင်တော့တယ် ကောင်းကင်မြင့် တိမ်ဆီမှာ ကြယ်မာယီရောင်စုံကျင်းလို့ လင်းလှတယ်လေး။

## အမတ်ကြီးဦးပေါ်ဦး ဆက်သွင်းသော တပေါင်းလဘွဲ့ တေးထပ်

မိန်ရာသီခါပြောင်းလို့ လတပေါင်းတူညီ။ ကြယ်ပြုဗ္ဗ ဘရဂုဏ္ဏိငယ် ရောင်စုံချိရှက်သန်း။ သတ်ဝိသပါဒ်သုညာမှာ ဖဝါးဆာယာလေးခုသို့ မြန်း။

ဟတ္ထိသ ညဉ့်နာရီမှာ အင်္ဂစမ္ပိနေ့မှန်း။ ဖူးတံစီ ထွေဆန်းလို့ အင်ကြင်းပန်းရွှေဖီ။ သဲစေတီ တည်စမြဲပေပ သဘင်ပွဲ ဤလရာသီ။

ပထပိုဒ်အစချီသည် မကိုင်ရှိညီဘုမ္မစိုးငယ်နှင့် မြေနှင့်မိုးအလုံးစုံ သိမ်းပိုက်လို့ခြုံ။ လာဘ်လာဘ ပြည့်စုံသည် ဇာနည်ဂုဏ် ဉာဏ်မျိုးရှင့်လေး။

## စာဆိုတော်ဦးမင်း ဆက်သွင်းသော တပေါင်းလဘွဲ့ သဖြန်

ပန်းရွှေဖီ ကြိုင်လှောက်လို့ ပိတောက်ကယ်တဲ့သင်းချို။ ဥတ္တရာဘရဂုဏ်က တိမ်ဘုံမှာ ရောင်ခြည်လင်းလို့ လမင်းသော်တာနှင့် တူမကွာ ထိန်ဝါတဲ့ ထွန်းတဲ့ခါကို။ သောင်သဲငယ်မို ရေညိုရစ်သည်မို့။ လေးညှင်းငယ်လာ စုံဟေမာမြိုင်ထဲက ဝမ်းဘဲရွှေဇင်ရော်တို့ တကြော်ကြော် မောင်နှံကြူးတယ် မြူးပျော်ကြလို့။

## ဘိုးသူတော်ဦးမင်း ဆက်သွင်းသော တပေါင်းလဘွဲ့ လွမ်းချင်း

မြိုင်ချေငယ်သင်းပါလို့ အင်ကြင်းငယ်ရွှေဖီ ဝတ်မှုန်ငယ်စီသည် မြစ်နဒီ သောင်တခိုက မောင်မယ်ညီ မြူးပြန်တော့တယ်လေး။

ရာသီမိန်ငယ် ဂိမ္ဘန်ရက်ပြောင်း လတပေါင်းမို့ ရွက်ဟောင်းကြွေကာ ဥတ္တရာနှင့် ပြုဗ္ဗာပရပိုက် လေးချက်ချိန်ကို တိမ်ခြေဆိုက်လို့ စရိုက်ကယ်ဖွေရှာ ကိုတငါလဲ ဘာသာသောင်တင် ပျော်မြူးကာရွှင်တော့တယ် သဘင်လခါမို့ကို သဲစေတီငွေသောင်ကမ်းက လွမ်းလှတယ်လေး။

တစ်ထောင့်နှစ်ရာပြည့်နှစ်သို့ နှစ်သစ်တက်သော တန်ခူးလပြည့် ကျော်လေးရက် ဗုဒ္ဓဟူးနေ့ကစ၍ အမတ်ကြီးဦးပေါ်ဦး အမှုးရှိသော အထက်

http://www.dhammadownload.com



အမည်ပါ စာဆိုတော်တို့ ရေးသားဆက်သွင်းကြသည့် တစ်ဆယ့်နှစ်ရာသီဘွဲ့တို့သည် ဤသည်လျှင်ပြီး၏။

❖ ❖ ❖

## အမတ်ကြီးဦးပေါ်ဦး မှာထားသောစကားများနှင့် ဘဝလွန်ခြင်းအကြောင်း

အခါတစ်ပါးသော် အမတ်ကြီးဦးပေါ်ဦးသည် ကိုယ်လက်ကျန်းခန့်တော်မမူသည်နှင့် မိမိကိုယ်ကိုပင်လျှင် မိမိအားမရ ရှိတော်မူရကား မိမိ၏ မယားကိုလည်းကောင်း၊ သားဖြစ်သူကိုလည်းကောင်း၊ နှမမှ ဖွားသော တူဖြစ်သူ ရေနန်းချောင်းမြို့စား ယင်းတောဝန်ကြီး 'သတိုးမင်းကြီးမဟာကျော်ထင်' ဘွဲ့ခံ ဦးတုတ်ကြီးကိုလည်းကောင်း အပါးရောက်ခေါ်၍ မှာခဲ့သည်မှာ 'ငါသည် အသက်အရွယ်လည်း ကြီးပြီ။ ဤရောဂါမှ ထမြောက်နိုင်အံ့ဟုမထင်။ သို့ဖြစ်၍ ငါလွန်သည်ရှိသော် မြို့သူမြို့သားတို့၏ ထုံးစံကို မလွန်မြောက်နိုင်ရကား လက်မကြိုး ခြေမကြိုးတို့ကို ချည်ခုနစ်မြှင်တို့ဖြင့် စည်းရချိမ့်မည်။ ဤသို့ စည်းသည်ရှိသော် မြို့ထုံးကိုလည်း မပျက်စေခြင်းငှာ ခြေမကြိုးတို့ကို သူတစ်ထူးတို့ကဲ့သို့ စည်းနှောင်၍ 'လက်မကြိုးမှာမူကား' လက်ဝဲလက်မနှင့် လက်ယာတစ်တောင်ဆစ်ကိုပူး၍ ချည်နှောင်ရစ်ကြကုန်။

လက်ယာလက်ဝါးကိုမူကား အမိန့်တော်ခံ၍ ခေါင်းတွင်လက်ယာနံပါးမှဖောက်၍ အပြင်သို့ထုတ်၍ ထားကြရမည်။

ငါလွန်သည့်နောက်ကိုလည်း ရက်ရှည်စွာ မထားကြလင့်။ ပုပ်သောအနံ့မလှိုင်မီ ငါ၏လက်ဝါးကိုကြည့်၍ လက်ဝါးကားကားရှိအောင် ယောင်သော် သင်္ဂြိုဟ်ရစ်ကြကုန်'ဟု မှာပြီးလျှင် ဇရာပီဠန နှိပ်စက်သဖြင့် သန္တပ္ပနဒဟတေဇော ရွှေ့လျှောကမ္မဇချုပ်တုံရကား သက္ကရာဇ် (၁၁၂၁)ခု တစ်ထောင့်တစ်ရာ့နှစ်ဆယ့်တစ်ခု တပေါင်းလပြည့်ကျော် နှစ်ရက် တနင်္ဂနွေနေ့ မွန်းမတ်မတ်တည့်သော မဇ္ဈန္တိကအချိန်တွင် စဉ်နက္ခတ်တစ်ဆယ့်နှစ်လုံး၊ အဓိပတိတွင်နှစ်လုံး၊ မိဿတွင်လက်၊ ကန်တွင်စန်း၊ မကာရတွင် တနင်္ဂနွေ၊ ဓနုတွင် ရတနာပုဉ် နက္ခက်နှစ်ဆယ် အဿဝဏီ ပထမစီးနက္ခတ်ဝါယောဓာတ်ဒုတိယပါဒ် မွန်းတည့်လျက်ဖွားသော ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် အသက်

http://www.dhammadownload.com



(၈၄)နှစ် (၁၂၀၅)ခု တစ်ထောင့်နှစ်ရာငါးခုနှစ် တပို့တွဲလဆန်း(၈)ရက်၊ အင်္ဂါနေ့တွင် ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့ပင် ဖြစ်လင့်ကစား မလွန်ဆန်သာသော လမ်းကန္တာရကြီးဖြစ်၍ အနိစ္စနိုင်ငံသို့ လိုက်စံပြောင်းကြွတော်မူ၏။

ထိုအခါ သားမယား စသောသူတို့သည် အမတ်ကြီးဦးပေါ်ဦး မှာခဲ့သည့်အတိုင်း ဘဝရှင်မင်းတရားကြီးသို့ သံတော်ဦးတင်၍ အမိန့်တော်ခံပြီးလျှင် လက်တစ်ဖက်ကို ခေါင်းပြင်သို့ထုတ်၍ထားပြီးလျှင် သုံးရက်ခန့်ရှိသောအခါ ခေါင်းအပြင်သို့ ထုတ်၍ထားသော လက်ဝါးသည် ကားကားဖြန့်လျက်ယောင်သဖြင့် သင်္ဂြိုဟ်မည်ပြုကြရာ ဘဝရှင်မင်းတရားကြီးဘုရားကလည်း ငါ၏နိုင်ငံတော်အတွင်း အလွန်ထင်ပေါ် ကျော်စောသောကျက်သရေဆောင်ဝန်ကြီးဖြစ်ပေသည်။ တိုင်းပြည်အကျိုး၊ သာသနာတော်အကျိုးကိုလည်း တက်တိုးအောင် ကြံဖန်လှုံ့လပြုလေ့ရှိသော ပညာရှိအမတ်ကြီး တစ်ပါးဖြစ်ရကား ဝိဇယာပူရမည်သော ပန်းယပြည်တွင် စတုရင်္ဂဗလအမတ်ကြီးကို သင်္ဂြိုဟ်သည့်နည်း၊ ရတနာပူရ ရွှေအင်းဝတွင် ဝန်ဇင်းမင်းရာဇာကို သင်္ဂြိုဟ်သည့်နည်း၊ အမရပူရနေပြည်တော်ကြီးတည် ဘိုးတော်မင်းတရားကြီးသည် ဘထွေးတော် မင်းသန့်စင်ကို သင်္ဂြိုဟ်သည့်နည်း။ ဤသို့ဆိုခဲ့ပြီးသောသူတို့၏ သင်္ဂြိုဟ်ခြင်းသည် တပြေးတမျဉ်းတည်းဖြစ်ပေသည်။ ထိုသူတို့ကို သင်္ဂြိုဟ်သည့်နည်းကဲ့သို့ ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်စေဟု အမိန့်တော်မြွက် မှတ်တော်မူ၍ တော်ကြီးပိုင်းတစ်ဖက်၊ မှူးကြီးပိုင်းတစ်ဖက်စီ စဉ်စီပြီးလျှင် ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ရ၏။

ဤသို့ သင်္ဂြိုဟ်ရာဝယ် အမတ်ကြီးဦးပေါ်ဦး၏ အလောင်းသည် ခေါင်း၏အပြင်သို့ လက်ထုတ်ထားသည်ကို မြင်ကြကုန်သော မင်းဆွေစိုးမျိုး မှူးတော် မတ်တော်အစရှိကုန်သော တိုင်းနိုင်ငံသူ ရှင်လူအများတို့သည် ပညာပဏ္ဍိ ကဝိထင်ပေါ်အလွန်ကျော်သော အမတ်ကြီးသည် ခေါင်း၏ အပြင်သို့ လက်တစ်ဖက်ထုတ်၍ထားရမည်ဟု မှာခဲ့သောစကားသည် အကြောင်းဘယ်သို့ပင် ထင်ကြသနည်းဟု အုတ်ကျက်သောင်းလဲ ပြောဆိုခြင်းပြုကြရကား ဘဝရှင်မင်းတရားကြီးသည် ထိုအကြောင်းကို ကြားသိတော်မူသည်နှင့်ကိုယ်တော်နှင့်တကွသော ပြည်သူတို့၏ ဝိစိကိစ္ဆာအမှုကို ဖျောက်ပ၍ အဓိမောက္ခဖြစ်စေခြင်းငှာ ကျမ်းဂန်တတ်အကျော် ဆရာတော်တို့ကိုရွှေနန်းတော်

http://www.dhammadownload.com



သို့ ပင့်၍မေးလျှောက်ရသော် ကောင်း၏ဟုအကြံတော်ဖြစ်ပွားသည်နှင့် ရွှေမြို့တော်လေးပြင်လေးရပ်ရှိ ကျမ်းဂန်တတ်အကျော် တံဆိပ်ရ မရဆရာတော်တို့ကိုပင့်ပြီးလျှင် အမတ်ကြီး ဦးပေါ်ဦး၏အလောင်းတွင် လက်တစ်ဖက်ထုတ်၍ ထားခြင်း၏အကြောင်းကို လျှောက်ထားရာ မည်သည့်ဆရာတော်ကမှ တစ်ခွန်းတစ်ပါဒမျှ မိန့်ဆိုတော်မမူရကား မဟာအောင်မြေဘုံစံ အုတ်ကျောင်းဆရာတော် စက္ကိန္ဒာဘိ သီရိပဝရာလင်္ကာရ သဒ္ဓမ္မပါလ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ပထမလျှုမင်းစံတံဆိပ်၊ ဇမ္ဗူဒီပဓဇအတုလာဓိပတိ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဒုတိယလျှု မင်းစံဘံဆိပ် ဤသို့တံဆိပ်တော်နှစ်ထပ် ခတ်နှိပ်လျှုဒါန်းခြင်းကို ခံတော်မူရသော ညောင်ကန်ရွာလျှင် ဖွားရာဇာတိရှိတော်မူသော ဆရာတော်ဘုရားကြီး ဦးဗုဓ်က ဤသို့မိန့်တော်မူသည်။

"တကာတော်မင်းမြတ်. . . ယခုဘဝလွန်သော ပညာရှိမွန် ဒါယကာဝန်ကြီးသည် ကျမ်းဂန်လည်း လွန်စွာတတ်မြောက်၏။ လောကီဥလည်း လွန်စွာ လိမ္မာ၏။ စိတ်နှလုံးလည်း လွန်စွာနူးညံ့၏။ အရှင်အရေး ပြည်အရေးကိုလည်း ထောက်တွေးရှုမြော်လေ့ရှိ၏။ အတ္တဟိတ၊ ပရဟိတအရာဝယ် ဘဝလွန်သည်တိုင်အောင် မျှတလေ့ရှိ၏။

ယခုလွန်ရာတွင် လက်တစ်ဖက်ကို ခေါင်း၏အပြင်သို့ ထုတ်၍ထားသည့်အဖြစ်ကို သိတော်မူလို၍ ဆရာတော်တို့သို့ လျှောက်သည့်အရာမှာ ဤသို့မှတ်တော်မူ။ အမတ်ကြီးဦးပေါ်ဦး၏ နှလုံးထားသည် ငါလွန်သော်မောဃကာလ တုစ္ဆခဏမဖြစ်စေဘဲ အရှင့်အကျိုး ပြည်အကျိုးကိုဆောင်ရွက်၍ပင် လွန်စေအံ့ဟု ရှင်သန်သော စိတ်ထားဖြင့်ခေါင်းတလားအပြင်သို့ လက်ထုတ်၍ထားစေသည်။

အဓိပ္ပာယ်ကား ဖြစ်ခြင်းပျက်ခြင်းကို မကင်းနိုင်ကြသေးသော သင်္ခါရဘုံသားဖြစ်ကြကုန်သော သူအပေါင်းတို့သည် နိဗ္ဗာန်ရွှေပြည်မြတ်သို့ မရောက်သေးသမျှ ကာလပတ်လုံးလေးကျွန်းနှင့် တမြင့်မိုရ်ကို စိုးပိုင်တော်မူနိုင်သော ပုညသမ္ဘာရ မဟိဒ္ဓိကမန္ဓာတု စကြဝတေးမင်းရွှေဆိတ်ရုပ်၊ ရွှေကျီးရုပ်တို့သည် မြေမှ အလိုအလျောက် ပေါ်ပေါင်သော ရွှေတောင်ဘုံဗိမာန်ရဖြစ်ကုန်သော 'မေဏ္ဍက' 'ကာကောဏ္ဍ' 'ဇဋိလ' ဇောတိက'ဟူကုန်သော ပုညဝဓနဘောဂ

http://www.dhammadownload.com



သမ္ဘာရစက္ကဝတ္တိရာဇာ အစရှိကုန်သောသူတို့သည်လည်း မစ္ဆရာဇ ဇေယျ မင်္ဂလာဖြစ်စေဌာကို ဗျူဟာကျင်း၍ စစ်ခင်းဖြိုဖျက်ခြင်း၊ သိန်းသန်းကုဋေ ရွှေငွေဥစ္စာဖြင့် လက်ဆောင်ထိုး၍ အောင်စေခြင်းအစရှိသော ဒဏ္ဍဥပါယ်၊ ဓနဥပါယ်တို့ဖြင့် မစွမ်းနိုင်ကြရကား မိမိတို့၏ဥစ္စာစည်းစိမ်ရိပ်ငြိမ်ခမ်းဝါတို့ ကို ပစ်စွန့်၍လိုက်ကြရသည်သာပင်။

ယခုအခါ ပညာရှိမြတ် ငါအမတ်သည်လည်း အစိုးရသခင် အရှင် မင်းတရားကြီးနှင့် အဓိရဌဖြစ်တော်မူသော ဥပရာဇာသခင် အရှင်မင်းတရား တို့ကို ခြွင်းခဲ့သော် ဤတိုင်းတော်ပြည်တော်၏ အတွင်းဝယ် ဆင်၊ မြင်း၊ ကျွဲ၊ နွား အစရှိသော သဝိညာဏကဝတ္ထု၊ လယ်ယာမိုးမြေ၊ ရွှေငွေပတ္တမြား အစ ရှိသော အဝိညာဏကဝတ္ထု ဤသို့အစုစုအရပ်ရပ် သတ်မှတ်ပြိုင်ယှဉ်သော် တစ်ဦးတစ်ယောက်သော မှူးမတ်သူဌေးပင်လျှင် ငါကဲ့သို့ ပေါ်များကြွယ်ဝအံ့ ဟု မထင်သည်သာတည်း။

ထိုကဲ့သို့ ပေါ်များသော အမတ်ကြီးတစ်ပါး ဖြစ်လင့်ကစား ဘဝ တစ်ပါးပြောင်းသွားသောအခါ အဏုမြူခန့်သော ဥစ္စာကိုမျှ ယူဆောင်ခြင်းငှာ မစွမ်းရာသဖြင့် မပါလက်ချည်းသာ သွားရသည်ကို နေပြည်တော်ရှိ လူတစ် လွှားတို့သည် ငါ့အားကြည့်၍ သတိသမ္ပဇညတရား ရှိရစ်ကြစေလိုဟူ၍ လက် ဝါးကိုပြပြီးလျှင် တရားသံဝေဖြစ်ရစ်စေသည်သာ'ဟု ဆရာတော်ဘုရားကြီး ဦးပုဏ်ကမိန့်တော်မူ၏။

ထိုအခါ ဘဝရှင်ဧကရာဇ်မင်းတရားကြီးနှင့်တကွသော ပြည်သူလူ အပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ်ကျက်ကျက် အံ့ဩ ထောမနာလျက် သာဓုခေါ်ကြသောအသံသည် ပွဲတင်းဟီးမျှ ပြည်ကြီးသိမ့် သိမ့်ငြာသတည်း။

ဤသည်လျှင် အမတ်ကြီးဦးပေါ်ဦး၏ စဆုံးသတ်မှတ်လျှောက်ထုံး အရပ်ရပ်တို့သည် ပြီးပြည့်စုံခြင်းသို့ ရောက်သတည်း။

**တတိယတွဲပြီး၏။**

❖ ❖ ❖

http://www.dhammadownload.com

# နိဂုံး

အမရပူရ-နာမာဒိကမ္ဗိကာဿ၊ မဟာဓမ္မ ရာဇဿ ဥရသိဇာတံ။ ရာဇဝံသဓဇူပမော၊ မလွန်နဂရဘောဇကဿ။ ပါကဋ္ဋလဉ္ဆာ နိလဒ္ဓတော မဟာရာဇပုတ္တောတိ။

ရတနာပုရံနာမ ရာဇဓာနီ၊ စတုတ္ထမာပေန္တဿ မဟာဓမ္မရညောကာလေ။ ဆဗ္ဗာသီတျာဓိက-သတဧကသဟဿ သက္ကရာဇေ အာသဝီသာလျ ယုဒ္ဓယဒွါရမဇ္ဈေဝတီ မဏိပုရကုသာလိပူရာဒယော။ နာနာပုရေ သဟပဥ္စ နာနဂရေန ပဋိစ္ဆန္နနဂရတော၊ ပဝတ္တအယာဒယော ဘောဇကဿ၊ ဗလနာယက မဟာမတ္တသတ္တိ သုဓမ္မမဟာဗန္ဓုလတိဝှယဿ။ မဟာသေနာပတိဿ၊ ယုဒ္ဓိတွာဂဏှန္တဿ၊ အင်္ဂလိရာဇေန၊ သင်္ဂရဝိမိဿျနတော၊ ဒေါင်းနုဖြူတိချနဂရေ။ စတုရင်္ဂိနိယာ သေနာယ ဌတွာ၊ ပစ္စာမိတ္တံယုဒ္ဓန္တဿ၊ တသ္မိံ သမယေ ဟံသာဝတီနဂရတော ဌတွာ၊ သင်္ဂရန္တေ။ ဗာဋ္ဋဂီလာနေန ဟိသိတွာ။ ရာဇပါဒသမီပံပုနာ ဂစ္ဆန္တေ။ တသ္မိံ သက္ကရာဇေ မာဃမာသကာလ ပက္ခဆဋ္ဌမေ။ ကဏှဂေါဂဏ ပတိဋ္ဌာနနဂရေ၊ စဝမာနဿ။ ညောင်ရမ်းနဂရဘောဇကမဟာမတ္တဿ၊ မဟာမတ္တဿတွဲ မဟာသေနာပတိနော။ ဘာဂိနိယာ ဇာတော မိတရံတဿ အာနေတွာ လဒ္ဓါနုတော။ အမရပုရ-ရာဇဓာနီ၊ ဒုတိယမာပေန္တဿဆဒ္ဒန္တသာမိနော ကာလေ။ မဟာသီရိသုဓမ္မရာဇာတိ လဉ္ဆိတလဒ္ဓေန၊ မလွန်နဂရသဟ-မက္ခရ နဂဘုဥ္စက ဇေဋ္ဌရာဇကုမာရေန ယောဇေတွာ။ အဉ္ဇုဝိနိစ္ဆယဋ္ဌာနေ။ ဓမ္မနိဝိစ္ဆယ မဟာမတ္တဘာဝံ နိယျာတလဒ္ဓေါ ကောင်း တုံတိချနဂရဘောဇကမဟာမတ္တ သတွရာဇ သူရရာဇာတိ လဉ္ဆိတနာမေန၊ အနုဂ္ဂတိတော အမစ္စ သောဝဏ္ဏပုတ္တောတိ။

http://www.dhammadownload.com



အပရံပန-ရတနပုရံ၊ စတုတ္ထံ မာပေန္တော မဟာဓမ္မ ရာဇသဿ သမယေ။ ကောလင်းတိပ္ပယ-နဂရဘောဇကေ မဟာမတ္တ (သီရိမဟာဥစ္စနာ) တိနာ မကော၊ မဟာမစ္စေဒုဝေကိရ အတ္တိမိတာ။ တာသု ဇေဋ္ဌဓီတရံ၊ ဆဒ္ဒန္တ သာမိက မဟာဓမ္မရာဇာ။ ရာဇဘောဂနိဘာဝေန အာနေတွာ၊ သီရိသင်္ဂါ မဟေတိ။ လဉ္ဆိတနာမံ အနုဂ္ဂဟေသိ။

တတောပရံ အမရပုရရာဇဋ္ဌာနီ၊ ဒုတိယမာပေန္တော မဟာဓမ္မ ရာဇဿကာလေ။ ပုနာနုဂ္ဂဟေတွာ၊ သုပဒရ-နိဂမ ဘောဇကာ (ကောလင်း) နဂရံ ပုနုဂ္ဂယှ၊ လဒ္ဓိယုဏှိသနာမံ-နိယျာဒေသိ။ တဿဘဂိနီမဏ္ဍန္တေ ပုရမဟော ရောဓံ၊ (ဟန်လင်ကြီး) နဂရဘောဇကံ။ သုသီရိစန္ဒိတိဟိ မာ လဉ္ဆိတာ နုဂ္ဂ ဟိတလဒ္ဓိ၊ သုသုကာလေ(ခင်ငွေဥ)တိ၊ နာမဝိသုတံ။ ကုမာရိယထာဝုတ္တာ နုဂ္ဂဟိတေန၊ တေနမဟာဝံသ ရာဇာသောဏ္ဍာပုတ္တေန ဝါရေတိ၊ တေပမိုန္စ တိနဝုတျေက၊ သတကေသဟဿဝဿေ။ ပုတ္တောဇာ ယတိ၊ သောပဌမံ နဒီသု န နဂရ ဘောဂ္ဂမင်္ဂလဟတ္ထ ပရာမ သပမုခ။ သုဝဏ္ဏသတ္တက ဗလနာယက ဘာဝေန၊ နေမျိုးမင်းလှမင်းထင်ကျော် တိပ္ပယံ ပဋိဂ္ဂဏှာတိ။

ဒုတိယေ ဥပရာဇအနုစရက ဒီပယနဂရ ဘောဂ္ဂဥပရာဇ မဟာမတ္တံ၊ မင်းကြီးမင်းလှ မဟာဓမ္မရာဇ သကြိတိနာမံ ပုနာလတိ။

တတိယေ ဆတ္တဂုဟနဂရဘောဂ္ဂ ကုမာရာရက္ခက ဇေဋ္ဌာရက္ခ မဟာမတ္တံ၊ မင်းကြီးမင်းလှဥစ္စနာတိ အနုဂ္ဂဟိတနာမံ ပဋိလဘိ။

တဿပိလဝါဘိညာ နာမဿနုတောဟံ၊ ဦးပေါ်ဦး တိနာမေန အဂ္ဂ မဟာသေနာပတိနာ။ တိတံရာဇူနံ ကာလေဘာသိတာ။ အန္တေပူရဝစနက္ကမာ၊ ဒီဃကာလန္တရေန အပါကဋာ ဟုတွာဒါနိသုတေသန ကုလပုတ္တာနမတ္ထာယ တံဝစနံ သက်ရိတွာ ကတော အယံဂန္ထော သုနိဋ္ဌိတော ဈာတက္ခယသံဝစ္ဆရေ ကတ္တိကနိယုတ္တာ မာသဿ ကာလပက္ခပဉ္စမေ သူရဇ္ဇဒိဝသေ သာယဏှကေ ခဋ္ဌိကာလေ နိဋ္ဌယာနိရူပ္ပဒ္ဒဝါ တထေဝသဗ္ဗပါဏိနံ သီယံသိဗ္ဗန္တု၊ ကလျာဏာ သက်ပွါတိ။

http://www.dhammadownload.com



အမရပူရ နာမာဒိကမ္ဗိကဿ၊ အမရပူရ အမည်ရှိသော ရွှေပြည်တော်ကြီးကို ပထမတည်ထောင်တော်မူသော။ မဟာဓမ္မရာဇဿ၊ မြတ်သော မင်းတရားကြီး၏။ ဥရသိဇာတံ၊ ရွှေရင်တော်နှစ်သားတော်ချစ်လည်း ဖြစ်ထသော။ ရာဇဝံသဓဇူပမော၊ မင်းမျိုးတို့၏ တံခွန်မှန်ကင်းသဖွယ်လည်း ဖြစ်ထတော။ မလွန်နဂရ ဘောဇကဿ၊ မလွန်မြို့ကိုလည်း စားရထသော။ ပါကဋလည္ဆိလဒ္ဓတော၊ မင်းရဲနန္ဒမိတ်ဟူသောဘွဲ့ သတိုးမင်းလှကျော်စွာ ဟူသောဘွဲ့ဖြင့်ထင်ရှားကျော်စောသော။ ဥဏှိသကဗ္ဗရာ၊ ဘွဲ့တံဆိပ်အဆင့်အဆင့်တို့ဖြင့် မြှောက်စားတော်မူခြင်းကိုလည်း ခံရအပ်ထသော။ မဟာရာဇ ပုတ္တော၊ မင်းသားကြီးတည်း။ ဣတိ၊ ဤသည်လျှင် တစ်ပိုင်းတည်း။

(ယင်းသည့်မင်းသားကြီးသည် ရွှေဘိုမင်းတရားလက်ထက်တော်သို့ ရောက်သောအခါ မလွန်မြို့နှင့်တကွ မက္ခရာမြို့ကိုစားရ၍ 'မဟာသီရိသုဓမ္မရာဇာ'ဘွဲ့ မည်တော်ခံသော မက္ခရာမင်းသားကြီးပင်တည်း။ အမရပူရ မြို့တည်နန်းတည်မင်းတရားကြီးလက်ထက်တော်၌ကား မလွန်မြို့စားအဖြစ်နှင့် အထက်အဆိုပါ ဘွဲ့နာမံတော်များကိုသာ သနားတော်မူခြင်းခံရသေးသည်။ ဤကား အမှာစကားချပ်တည်း။)

ရတနာပုရံနာမ၊ ရတနာပူရအမည်ရှိသော။ ဝါ၊ အင်းဝ မြို့ဟု ထင်ရှားပြီးဖြစ်သော။ ရာဇဋ္ဌာနိ၊ မင်းနေပြည်ကို။ စတုတ္ထ မာပေန္တဿ၊ လေးကြိမ်မြောက် ဖန်ဆင်းတည်ထောင်တော်မူသော။ မဟာဓမ္မရာဇဿ၊ မြတ်သော မင်းတရားကြီး၏။ ကာလေ၊ လက်ထက်တော်၌။ ဆဋ္ဌာသီတျေက သတကေ သဟဿသက္ကရာဇေ၊ သက္ကရာဇ်တစ်ထောင့်တစ်ရာ့ရှစ်ဆယ့်ခြောက်ခုနှစ်၌။ အာသံဝိသာလျ ယုဒ္ဓယဒ္ဓါရ ဧဉဝတီ မနိပုရကုသာလိပုရာဒယော၊ အာသံပြည်၊ ဝေသာလီပြည်၊ အယုဒ္ဓယဒ္ဓါရာဝတီပြည်၊ ဧဉဝတီပြည်၊ မဏိပူရပြည်၊ ကောသာလီပြည် အစရှိကုန်သော။ နာနာပုရေ၊ အထူးထူးသောပြည်တို့ကို။ သဟပဉ္စုစ္စနာနဂရေန၊ အမြင့် ငါးမြို့နှင့်တကွ။ ပဋ္ဌိစ္ဆန္ဒနဂရတော၊ အလုံမြို့မှ။ ပဝတ္တအယာဒယော၊ ထွက်သောအခွန်အတုတ်တို့ကို။ ဘောဇကဿ၊ စားရသော။ ဗလနာယက မဟာမတ္တသတ္တိ သုဓမ္မာမဟာဗန္ဓုလဝှယဿ၊ ဗိုလ်မှူးမင်းကြီး 'သတိုးသုဓမ္မမဟာဗန္ဓုလ'ဟူသော အမည်ရှိသော။ သေနာ ပတိဿ၊ စစ်သူကြီး၏။ ယုဇ္ဈိတွာဂဏှန္တဿ၊ စစ်ထိုး၍ ယူတော်မူစဉ်။ ဝါ၊ တိုက်သိမ်း၍

http://www.dhammadownload.com



ယူတော်မူစဉ်။ အင်္ဂလိရာဇေနေ၊ အင်္ဂလိပ်မင်းနှင့်။ သက်ရဝိဓိ ဝဈနတော၊ စစ်ထိုးရအံ့သော အစိအရင်ဖြစ်ပြန်သောကြောင့်။ ဝါ၊ စစ်အခင်း ဖြစ်ပွားပြန်၍။ ဒေါင်းနုဖြူတိချ နဂရေ၊ ဒေါင်းနုဖြူအမည်ရှိသောမြို့၌။ ဝါ၊ ဒေါင်းဖြူမြို့၌။ ဝါ၊ ဒေါင်းရွှေသမားတို့ နေရာဖြစ်သောမြို့၌။ ဝါ၊ ဓနုလူမျိုး၊ ပြူလူမျိုးတို့၏ နေရာဖြစ်သော မြို့၌၊ ဝါ၊ ဓနုဖြူမြို့မဘက်မှ။ စတုရင်္ဂိနိယာ သေနာယဋ္ဌတွာ၊ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ရပ်တန့်၍။ ပစ္စာမိတ္တံ၊ ရန်သူမင်းကို၊ ယုဇ္ဈန္တသ၊ စစ်ထိုး၍ ခုခံစဉ်။ တသ္မိံသမယေ၊ ထိုခုခံသောအခါ၌။ ဟံသာဝတီ နဂရတော၊ ပဲခူးဟံသာဝတီမြို့မှ။ ဌတွာ၊ တပ်စွဲရပ်တန့်၍။ သက်ရန္တေ၊ ခုခံ စဉ်တွင်။ ဗာဋ္ဌဂိလာနေနဟိသိတွာ၊ သည်းစွာသော အနာဖြင့်နှိပ်စက်၍။ ဝါ၊ ကျန်းမာတော်မမူ၍။ ရာဇပါဒ သမိပံပုနာဂစ္ဆန္တေ၊ မင်း၏ခြေတော်အနီးသို့ တစ်ဖန်ပြန်လာသည်ရှိသော်။ ဝါ၊ ရွှေဖဝါးတော် အောက်သို့ ဆန်တက်ပြန်ရာ။ တသ္မိံသက္ကရာဇ မာဃမာဃ ကာလပက္ခ ဆဋ္ဌမေ၊ ထိုသက္ကရာဇ် တပို့တွဲ လပြည့်ကျော် ခြောက်ရက်နေ့၌။ ကဏ္ဍဂေါဂဏ ပတိဋ္ဌာန နဂရေ၊ နွားမည်း အပါင်းတို့ တည်ရာဖြစ်သောမြို့၌။ ဝါ၊ မဖြူနက်ပြား နွားမည်းတစ်သင်း နေတုံးလျှဉ်းသောမြို့တွင်။ ဝါ၊ ရမည်းသင်းမြို့တွင်။ စဝမာနသ၊ စုတိပြောင်း ကြွေ သေလွန်သော။ ညောင်ရမ်းနဂရဘောဇက မဟာမတ္တသ၊ ညောင်ရမ်း မြို့စားဝန်ကြီးဖြစ်သော။ မဟာမတ္တသတ္တိ သေနာ ပတိနော၊ 'ဝန်ကြီးသတိုး မဟာသေနာပတိ'၏။ ဘရိနိယာ၊ မယ်မိုးအမည်ရှိသော 'နှမ'မှ။ ဇာတော၊ ဖွားသော။ ဓိတရံ၊ 'မယ်ဆက်'အမည်ရှိသော သမီးကို။ (ဓိတရံ-ကိုမဟာရာဇ ပုတ္တော့နှင့်ပြန်၍စပ်။ 'တဿ'ကား မဟာရာဇ ပုတ္တောကိုဆောင်၍ အနက် သမ္ဗန်သည်)။ တဿ၊ ထိုဆိုအပ်ခဲ့ပြီးသော မလွန်မြို့နှင့်တကွ မက္ခရာမြို့ကို စားရသော 'မင်းရဲနန္ဒမိတ် သတိုးမင်းလှ ကျော်စွာ ရွှေဘွဲ့သာသော မင်းသား ကြီးနှင့်။ အာနေတွာ၊ ဆောင်နှင်း၍။ လဒ္ဓေါ၊ ရအပ်သော။ နုတော၊ ရွှေရင် တော်နှစ် သားတော်စစ်ကို။ အမရပုရ ရာဇဋ္ဌာနီ၊ အမရပူရ မင်းနေပြည်ကို။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ မာပေန္တသ၊ ဖန်ဆင်းတည်ထောင်တော်မူသော။ ဆဒ္ဒန္တသာမိနော၊ ဆဒ္ဒန်ဆင်မင်းသခင် ကုန်းဘောင်မင်းတရားကြီး၏။ ဝါ၊ ရွှေဘိုမင်းတရားကြီး၏။ ဝါ၊ ဥက္ကလာသ မင်းတရားကြီး၏။ ကာလေ၊ ရွှေလက် ထက်တော်၌။ ဝါ၊ ရွှေလက်ခက်တော်တွင်။ မဟာသီရိသုဓမ္မရာဇာတိလည္ဆိတ

http://www.dhammadownload.com



လဒ္ဒေန၊ 'မဟာသီရိသုမ္မေရာဇာ'ဟု ဘွဲ့သင်းကျစ်ရတော်မူသော။ ဝါ၊ ရွှေဘွဲ့အမည် သနားတော်မူသည်ကို ရတော်မူသော။ မလွန်နဂရသဟ မကွာရံနဂရဘုဥ္စက ဇေဌရာဇကုမာရေန၊ မလွန်မြို့နှင့်တကွ မကွာရာမြို့ကိုစားရသောမင်းသားကြီးနှင့်။ ဝါ၊ ရွှေဘိုရှင်ဘုရင်၏ ဘထွေးတော် မလွန်၊ မကွာရာနှစ်မြို့ကို စားရသော မင်းသားကြီးနှင့်။ ယော ဇေတွာ၊ ယှဉ်တွဲ၍။ ဝါ၊ တွဲဖက်၍။ အဥ္စပိနိစ္ဆယမဟာမတ္တဘာဝံ၊ တိုင်းမှုပြည်မှုကို ဆုံးဖြတ်ရာ ရွှေလွှတ်တော်မှု၌။ ဓမ္မပိနိစ္ဆယမဟာမတ္တဘာဝံ၊ တိုင်းမှုပြည်မှုကိုဆုံးဖြတ်သော ဝန်ကြီးချုပ်၏အဖြစ်သို့။ နိယျာတလဒ္ဓေါ၊ ဆောင်နှင်း သည်ကို ရအပ်သော။ ဝါ၊ လွှဲအပ်စီရင်စေသော။ ကောင်းတုံတိချ နဂရဘော ဇက မဟာမတ္တသတ္တ ရာဇသူရရာဇာ့တိလဥ္စိတနာမေန၊ ကောင်းတုံအမည်ရှိသော မြို့ကိုစားရသော 'ဝန်ကြီးသတိုးမင်းရဲရာဇာ'ဟု ရွှေဘွဲ့တံဆိပ် ခတ် နှိပ်သောအမည်ဖြင့်။ အမစ္စသောဝဏ္ဏပုတ္တော၊ 'မင်းရွှေသား'ကို။ အနုဂ္ဂဟိတော၊ ချီးမြှောက်အပ်သည်တည်း။ ဝါ၊ ချီးမြှောက်တော်မူခြင်းကို ခံရသော 'သခင်မင်းရွှေသား'ဟု ခေါ်ဝေါ်အပ်သော။ နုတော။ ရွှေဘိုမင်းတရားကြီး၏ 'ဘထွေးတော်' မလွန်မြို့နှင့်တကွမကွာရာမြို့ကို စားရသောမင်းသားကြီး၏ သား်တော်ပင်တည်း။ (ပြန်၍စပ်)ဣတိ၊ ဤသည်လျှင် တပိုင်းတည်း။

အပရံပန၊ ထိုမှတစ်ပါးကို ဆိုပေအံ့။ ရတနာပုရံ ရတနာပူရ ရွှေပြည်တော်ကြီးကို။ စတုတ္တံ၊ လေးကြိမ်မြောက်။ မာပေန္တဿ၊ ဖန်ဆင်းတည်ထောင်တော်မူသော။ မဟာရာဇဿ၊ မြတ်သောမင်းကြီး၏။ သမယေ၊ လက်ထက်တော်အခါ၌။ ကောလင်းတိဝှယနဂရဘောဇက မဟာမတ္တ သီရိမဟာ ဥစ္စနာတိ နာမကော၊ 'ကောလင်း'အမည်ရှိသောမြို့ကိုစားရသော ကောလင်းဝန်ကြီး 'မင်းကြီးသီရိမဟာဥစ္စနာ'အမည်ရှိသော။ မဟာမစ္စေ၊ အမတ်ကြီး၌။ ဝါ၊ ဝန်ကြီး၌။ ဒုဝေ၊ နှစ်ယောက်ကုန်သော။ ဓိတာ၊ သမီးတို့သည်။ အတ္ထိသန္တိကိရ၊ ရှိကုန်သတတ်။ တာသု၊ ထိုသမီးနှစ်ယောက်တို့တွင်။ ဇေဌဓိတရံ၊ သမီးကြီးကို။ ဆဒ္ဒန္တသာမိက မဟာဓမ္မရာဇာ၊ ဆဒ္ဒန်ဆင်မင်းသခင်ဖြစ်တော်မူသောဖလ်နန်းရှင်မင်းတရားကြီးသည်။ ရာဇဘောဂျနိဘာဝေန၊ မိဖုရားအဖြစ်ဖြင့်။ အာနေတွာ၊ ဆောင်နှင်းတော်မူ၍။ ဝါ၊ သိမ်းပိုက်တော်မူ၍။ သီရိသဒ္ဒါ

http://www.dhammadownload.com



မဟေတိ လည္ဆိုတနာမံ၊ "သီရိသင်္ဃမဟေ"ဟူသော ရွှေဘွဲ့ကို။ အနုဂ္ဂဟေသိ၊ ချီးမြှင့်တော်မူ၏။

တတောပရံ၊ ထိုမှနောက်၌။ အမရပုရရာဇဓာနီ၊ အမရပူရမင်း နေပြည်ကြီးကို။ ဒုတိယ မာပေန္တဿ မဟာဓမ္မရာဇဿ၊ နှစ်ကြိမ်မြောက် ဖန်ဆင်းတော်မူသော မင်းတရားကြီး၏။ ကာလေ။ လက်ထက်တော်၌။ ပုနာ နုဂ္ဂဟေတွာ၊ နောက်ထပ်တစ်ဖန် ဆက်ခံချီးမြှင့်တော်မူပြန်၍။ သုပဒရ နိဂမဘော ဇကာ၊ (ဆီးပင်လှ)တိုက်စားအဖြစ်မှ။ ကောလင်းနဂရံ၊ ကောလင်း မြို့ကို။ ပုန ဂ္ဂယှ၊ ပြောင်းလွှဲချီးမြှင့်တော်မူပြန်၍။ လဒ္ဓိယုဏ်ိသနာမံ၊ ဖလ်နန်း ရှင်မင်းတရားကြီးလက်ထက်မှ ရခဲ့ပြီးဖြစ်သော 'သီရိသင်္ဃမဟေ'ဟူ၍ ရွှေနဖူး စည်းတန်ဆာ၌ တပ်အပ်သောဘွဲ့အမည်ကို။ နိယျာဒေသိ၊ ဆောင်နှင်းပေး သနားတော်မူပြန်သတည်း။ တာယ၊ ထိုကောလင်းမြို့စား မိဖုရား၏။ ။ (ဤ၌ တာယကို ရှေ့၌ဆိုလတ္တံ့သော ဘဂိနီတွင်စပ်)။ မဏ္ဍာန္တေပုရ မဟော ရောဓံ၊ မှန်နန်းအပျိုတော်ကြီးဖြစ်ထသော။ ဟန်လင်းကြီး နဂရဘောဇကာ၊ ဟန်လင်းကြီးမြို့ကိုစားရသော။ သုသီရိစန္ဒီဘိတိ မာလည္ဆိုတနုဂ္ဂဟိတလဒ္ဓိ၊ သုသီရိစန္ဒီ ဟု ရွှေဘွဲ့တံဆိပ်ခတ်နှိပ်ချီးမြှောက်တော်မူခြင်းကို ရအပ်သော။ သုသုကာ လေ၊ ငယ်စဉ်အခါကာလ၌။ ခင်ငွေဥတိနာမဝိသုတာ၊ ခင်ငွေဥဟု အမည်ထင်သော။ ကုမာရီ၊ သတို့သမီးလည်းဖြစ်ထသော။ (ဘဂိနီ-ကို နောက်၌ဆိုခဲ့ပြီးသော တာယနှင့်ပြန်၍စပ်။) ဘဂိနီ၊ မှန်နန်းအပျိုတော်ကြီး ဟန်လင်းကြီး မြို့စား၊ သုသီရိစန္ဒီအမည်ရှိသောညီမကို။ ယထာဝုတ္တာ နုဂ္ဂဟိတေန၊ အကြင် အကြင်ဆိုအပ်ခဲ့ပြီးသော ကောင်းတုံမြို့စားဝန်ကြီး သတိုးမင်းရဲရာဇာ ဘွဲ့ခံ ဝန်ကြီးချုပ်လည်းဖြစ်သော။ တေန မဟာဝံသ ရာဇသောဏ္ဍပုတ္တေန၊ မဟာ ဝံသခတ္တိယနွယ်လာ မလွန်၊ မက္ခရာနှစ်မြို့စား မင်းသားကြီး၏ သည်းချာရင် နှစ် သွန်းသစ်ရွှေသား ကဲ့မခြားသော ထိုမင်းရွှေသားနှင့်။ ဝါရေတိ၊ ထိမ်းမြား ၏။ တော၊ ထိုသခင်မင်းရွှေသား ခင်ငွေဥတို့ကို။ ပဋိစ္စ၊ စွဲ၍။ တိနဝုတျောက သတ ဧက သဟဿဝသော၊ တစ်ထောင့်တစ်ရာ့ကိုးဆယ့်သုံးခုနှစ်၌။ ယောပု တ္တော၊ အကြင်သားသည်။ ဇာယတိ၊ ဖွားမြင်၏။ သောပုတ္တော၊ ထိုသားသည်။ ပထမံ၊ ရှေးဦးစွာ။ နဒီသုန

http://www.dhammadownload.com



နဂရဘောဂ္ဂမင်္ဂလ ဟတ္ထပရာမသ ပမုခ သုဝဏ္ဏ သတ္တက ဗလနာယက ဘာဝေန၊ မြစ်သားမြို့စားမင်္ဂလာ လက်သုံးတော်ခေါင်း ရွှေဓားဗိုလ်မှူး အဖြစ်နှင့်။ နေမျိုမင်းလှမင်းထင်ကျော်တိဝှယ်၊ နေမျိုးမင်းလှ မင်းထင်ကျော် ဟူသောအမည်ကို။ ပဋိဂ္ဂဏှာတိ၊ ခံရသတည်း။ ဒုတိယေ၊ နှစ် ကြိမ်မြောက်၌။ ဥပရာဇအနုစရက ဒီပယနဂရဘောဂ္ဂ ဥပရာဇမဟာမတ္တ၊ အိမ်ရှေ့တော် ဆိုင်ရာ ဒီပဲယင်းမြို့စား ဥပရာဇ်ဝန်ကြီးဟု ဆိုအပ်သော။ မင်းကြီး မင်းလှမဟာ ဓမ္မရာဇသင်္ကြိန်တိနာမံ၊ မင်းကြီးမင်းလှ မဟာဓမ္မရာဇသင်္ကြိန် ဟူသောအမည် ကို။ ပုနာလဘိ၊ တစ်ဖန်ရပြန်၏။ တတိယေ၊ သုံးကြိမ်မြောက် ၌။ ဆတ္တဂူဟ နဂရဘောဂ္ဂကုမာရာ ရက္ခကဇေဋ္ဌာရက္ခမဟာမတ္တ၊ ထီးလှိုင် မြို့စားမင်းသား အုပ်အကြီးချုပ်ဝန်ကြီးဖြစ်သော။ မင်းကြီးမင်းလှမဟာ ဉစ္စနာ တိအနုဂ္ဂတိနာမံ၊ မင်းကြီးမင်းလှမဟာဉစ္စနာဟူ၍ ချီးမြှောက်ခန့်ထားသနား တော်မူအပ်သော အမည်ကို။ ပဋိလဘိ၊ သုံးကြိမ်တိတိ ချီးမြှင့်ခြင်းကိုခံရ၏။ ပိလဝါဘိည နာမဿ၊ ယယ်မည်(ဦးပေါ်ထင်)အမည်ရှိသော။ တဿ၊ ထိုထီး လှိုင်မြို့စားမင်း သားအုပ် အကြီးချုပ်ဝန်ကြီး၏။ နုတော၊ ရင်ဝယ်ပွားလစ် သား ရင်းစစ်ဖြစ် သော။ အဟံ၊ ငါသည်။ (တစ်နည်းကား) အဟံ၊ ဘေးဘိုးကာစ ဘ လက်ထက် တိုင် မယိုင်မယိမ်း တိမ်းစောင်းမရှိ ကဝိမျိုးရိုး သတိုးဘွဲ့ရ လေးဆက်ကျ အောင် အဂ္ဂမဟာသေနာပတိ ဖြစ်ကြဘိ၍ ငါ၏မိခင် ငါကိုပင်လျှင် ဖွားမြင် တုံလျှင်း ဖွားမြောက်ခြင်းတွင် ရွှေတိုက်တော်တွင်း (ရွှေစာရင်း ဖြင့် တင်သွင်း ဆက်သရသော)ငါသည်။ ဝါ၊ လူမည် (မောင်အောင်) ရဟန်းဘောင်၌ ဉာဏ် ရောင်မှိန်ဝါ ထိန်ထိန်ဖြာ၍ (ဣန္ဒာစရိယ) အမည်သလျက် နာမဆန်းစွာ ရဟန်းငါသည်။ ဦးပေါ်ဦးတိ နာမေန၊ ဦးပေါ်ဦးအမည်ရှိသော။ အဂ္ဂမဟာ သေနာပတိနာ၊ မြတ်သော အမတ်စစ်သူကြီးသည်။ တိရာဇူနံ၊ ဘိုးတော်မင်း တရားအစ ကုန်းဘောင်မင်းတရားအဆုံး ပေါင်းရုံးမပျက် မင်း သုံးဆက်တို့၏။ ကာလေ၊ လက်ထက်တော်၌။ ဘာသိတာ၊ လျှောက်ထား ဖြေဆိုရာဖြစ်သော။ အန္တပူရဝစနက္ကမာ၊ နန်းတွင်းလက်သုံး ထုံးတစ်ခုတွင် စကားအစဉ်သည်။ ဒီဃကာလန္တရေန၊ ကာလမြင့်ကြာ ရှည်လျားပါသဖြင့်။ အပါကဋ္ဌာ၊ ပုရပိုက် ဖြူမူတော်တင်ထား စကားပေါင်းရုံး နန်းတော်သုံးဟု လျှောက်ထုံးစဉ်လာ

http://www.dhammadownload.com



တိမ်မြုပ်ခါပင် စင်ကွာလွင့်ပါး မထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍။ ဒါနိ ဣဒါနိ၊ ယခုအခါ၌။ သုတေသနကုလပုတ္တာနံ၊ သုတကိုရှာမှီးကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏။ အတ္ထာယ၊ အကျိုးငှာ၊ တံဝစနံ၊ ထိုတစ်ပိုင်းတစ်စ ရှာမရသော စကားစုကို။ သင်္ကရိတွာ၊ ရှာဖွေစေ့ငှာ ပေါင်းရုံးစု၍။ ဝါ၊ သိဖူးသမျှ ကိုယ်သုတနှင့် တစ်စမကျန် မှန်ကန်စုတွဲ လုံးအခဲပင် သုံးစွဲစေရာ ရွှေနန်းစာကဲ့သို့ စဉ်လာဖြစ်မှု ပေါင်းရုံးစု၍။ ကတော၊ အသစ်သုတ်သင် ပြုစီရင်အပ်သော။ အယံဂန္ထော၊ ဤတင်စဉ်စာတမ်း ရွှေနန်းတော်ကြီးလက်သုံး အမတ်ကြီးဦးပေါ်ဦး၏ လျှောက်ထုံးဖြစ်သော 'ကဝိသေတ္တု မဥ္ဇူသာ' အမည်ရှိသော ကျမ်းသည်။ ဝါ၊ ပညာရှိတို့၏ အဆီထည့်ရာ သေတ္တာသဖွယ် ဖြစ်သော ကျမ်းသည်။ ဈာတက္ခယသံဝစ္ဆရေ 'တစ်ထောင့်နှစ်ရာ့ခြောက်ဆယ်ကိုးခု'နှစ်၌။ ကတ္တိကနိယုတ္တမာသဿ၊ ကြတ္တိ ကာနက္ခတ်နှင့် ယှဉ်သော တန်ဆောင်မုန်းလ၏။ ကာလပက္ခပဥ္စမေ၊ လပြည့် ကျော်ငါးရက်။ သုရဋ္ဌဒိဝသေ၊ တနင်္ဂနွေနေ့။ သာယဏှကေခဋီကာလေ၊ နေတက်မင်္ဂလာ တစ်ချက်တီးကျော်အခါ၌။ နိဋ္ဌာယာ၊ ဘေးရန်ခပ်သိမ်း မင်းငြိမ်းသည်ဖြစ်၍ လည်းကောင်း၊ နိရုပဒ္ဒဝါစ၊ ဉပဒ္ဒဝေါ မရှိသည်ဖြစ်၍ လည်းကောင်း။ သုနိဋ္ဌိတော၊ ကောင်းစွာ ပြီးပြီ။ တထေဝ၊ ထို့အတူသာလျှင်။ သဗ္ဗပါဏီနံ၊ အလုံးစုံကုန်သော သတ္တဝါ အပေါင်းတို့၏။ ကလျာဏာသင်္ကပ္ပါ၊ ကောင်းသောအကြံတို့သည်။ သီဃံ၊ လျင်စွာ။ သိဇ္ဈန္တု၊ ပြီးပြည့်စုံစေကုန်သတည်း။ ဣတိ၊ ဤသည်လျှင် နိဂုံးကမ္ပတ်အပြီးသတ်တည်း။

အမတ်ကြီး ဦးပေါ်ဦးလျှောက်ထုံးဖြစ်သော

ကဝိသေတ္တုမဉ္ဇူသာကျမ်း

ဤတွင်ပြီး၏။

❖ ❖ ❖

http://www.dhammadownload.com



## သူဌေးကြီး ဗိဠာလပဒက အမည်ရပုံ

ထိုအခါ နိဗ္ဗာန်ဆောင်ရသောကျွန်ုပ်ကို သူဌေးသည် မိမိ၏ရှေ့ ဆိုင်တံခါး [illegible] ရောက်လာသည်ကို မြင်ရလျှင် ဤသူသည် မိမိ ခွင့်ပြုနိုင်သမျှ ရှုဟန် [illegible] မပင့်ဖိတ်မူ၍ တစ်ရွာလုံး ကို နိုးဆော်လျက် လှည့်လည်လာဘိ၏ ဟု သိ၍ အမျက် ထွက်လျက် သင် ယူခဲ့သောခွက်ကို ဆောင်ခဲ့ဟု ဆို၍ [illegible] ယူ၍ အနည်းငယ်သော ဆန်တို့ကို ပေး၏ [illegible] ထိုအတူ ပေးလေ၏။ ထို့ကြောင့် [illegible] ဗိဠာလပဒက (ဗိဠာလ+ပဒက = ကြောင်+ခြေရာ။ [illegible]) [illegible] ဖြစ်လေ၏။ [illegible] ယူခဲ့လေ၏။

### ဗိဠာလပဒက၏ ရိုင်းစိုင်းသော အကြံ

[illegible] ကျွန်ုပ်ယူ [illegible] မြင်ရ၏။ [illegible] ကြည့်လျှင် [illegible] ဆို [illegible] ယူခဲ့၏။ ခွင်း၊ မုန့်တို့၏ [illegible] နောက်ပွဲတွင် [illegible] ကိုလည်း ကောင်း [illegible] လည်းကောင်းလေ၏။ ကျွန်ုပ်ယူ အလုပ် အကျွေးပေးသည် ပြီးနောက် [illegible] ရှုလျှင် သူဌေး သည် [illegible]

ပ၀၀၁၃ ၀၀၀၀၀၀ 106 A

http://www.dhammadownload.com